၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၁) ၂၀၁၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် ၊ ကြာသပတေး၊ (မတ် ၈ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS

# မကြာမီဖွင့်မည်

## ကြီးမားသောအခွင့်အလမ်းများ ကြီးမားသောပြဿနာများ စောင့်ကြိုနေသည့် မြန်မာပြည်

**ရဲမင်း**

“ကမ္ဘာပေါ်က တတ်ကြွမှုအရှိဆုံး ဒေသတစ်ခုမှာ လူဦးရေ သန်း ၆၀ ရှိတဲ့နိုင်ငံတစ်နိုင်ငံက စီးပွားရေး လုပ်ကိုင်ခွင့်တွေ ရုတ်တရက်ဖွင့်ပေးလိုက်တာဟာ နေ့စဉ်အဖြစ်အပျက်မဟုတ်ပါဘူး” ဟု စင်ကာပူနိုင်ငံမှ အတိုင်ပင်ခံတစ်ဦးဖြစ်သူ မစ္စတာဟန်းစ်ဗရီးယန်းစ်က ဆွေးနွေးငြင်းခုံသည်။ မစ္စတာယန်းစ်က မြန်မာနိုင်ငံ အလားအလာများအကြောင်းကို ပြောပြနေခြင်းဖြစ်သည်။

ကျွန်းသစ်၊ ရေနံ၊ သဘာဝ တွင်းထွက်များ၊ ဓာတ်ငွေ့များနှင့် အခြားကုန်ပစ္စည်းအများအပြား ပေါကြွယ်ဝသော မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ် ပေါင်း ၅၀ ကျော်ခန့်ကဒေသတွင်း၌ အများတကာထက် ပိုမိုချမ်းသာကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

**အချပ်ပို(IV)သို့**

ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ၂၃ ရက်သာလို

# ဝန်ထမ်းလစာတိုးရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကျပ်သန်း၅၅၀၀ စရိတ်ဖြတ်တောက်သုံးစွဲနိုင်

**ထူးသန့်**

**နေပြည်တော်၊ မတ် - ၅**

နိုင်ငံတစ်ဝန်းရှိ အစိုးရဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ အထူးစိတ်ဝင်တစား မျှော်လင့်လျက်ရှိသော ဝန်ထမ်းများ လစာတိုးပေးရေးအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ၎င်း၏ စီမံကိန်းများအနက် အချို့ကိုရွှေ့ဆိုင်း၍ ငွေကျပ်သန်း ၅,၅၀၀ ကို ဝန်ထမ်းများ လစာတိုးပေးရန် စရိတ်ဖြတ်တောက် သုံးစွဲနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကပြောကြားသည်။

“လစာတိုးပေးရန်အတွက် သုံးစွဲမည်ဆိုပါက စာပိုဒ်(၃)‘က’မှ‘စ’အထိဖြတ်တောက်နိုင်သည့် ငွေကျပ်သန်း ၅,၅၀၀ ကို သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်”ဟူ၍ဦးအောင်မင်းက ယနေ့ ကျင်းပပြုလုပ်သော ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရထားလမ်းစီမံကိန်းလေးခု၊ ရောတံတားချဉ်းကပ်ရထားလမ်းစီမံကိန်းနှစ်ခုနှင့် စက်ခေါင်းသစ်၊ **အချပ်ပို(IV)သို့**



# မြန်မာ့ဆက်သွယ်ရေးက ဖုန်းဈေးနှုန်းများ လျှော့ချပေး

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်-၅**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၎င်းတို့၏ မိုဘိုင်းဖုန်းများဖြစ်သော ဂျီအက်စ်အမ်၊ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟတ်ဇ်၊စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်နှင့် ဒဗျူစီဒီအမ်အေဖုန်းများ၏ ကနဦးတပ်ဆင်ခများကို လျှော့ချသတ်မှတ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**စာ(၁၂)သို့**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်မြို့လယ်တွင် မိုဘိုင်းဖုန်းအသုံးပြုနေသော အမျိုးသမီးတစ်ဦး**

# ငွေလဲကောင်တာများတွင် FEC ရောင်းရန်မရှိ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မတ် - ၃**

နေပြည်တော်ရှိ ကျောက်မျက်မြေကွက်များကို အက်ဖ်အီးစီဖြင့်သာ အဓိက ဝယ်ယူကြသဖြင့် ငွေလွှဲကောင်တာများတွင် အက်ဖ်အီးစီရောင်းရန် မရှိတော့ကြောင်း သတင်းရရှိသည်။

နေပြည်တော်ရှိ ကျောက်မျက်မြေကွက်များကို ရောင်းချရာတွင် အက်ဖ်အီးစီ၊ ပြည်ပပို့ကုန် ရငွေတို့ဖြင့် ရောင်းချသည်။ သို့သော်ဝယ်ယူသူများအဖို့ အက်ဖ်အီးစီဈေးက သက်သာခြင်း၊ နိုင်ငံတော်ကလည်း အက်ဖ်အီးစီးကို ပြန်လည်သိမ်းယူလိုခြင်းတို့ကြောင့် ခွင့်ပြုထားခြင်းဖြစ်နိုင်ကြောင်း ပြည်ပပို့ကုန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ **အချပ်ပို(IV)သို့**

စာပတ်ပရိသတ်များ၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် 7Day News ဂျာနယ် (၁၀)နှစ်ပြည့်အထိမ်းအမှတ် “ဆယ်နှစ်တာလည်ပြန်” စာမျက်နှာ(၂၀)ပါ အထူးအချပ်ပိုကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

# မြန်မာနိုင်ငံ လူသားရင်းမြစ် ဖွံ့ဖြိုးမှုညွှန်းကိန်း ပထမအကြိမ် ထုတ်ပြန်နိုင်ရန် စီစဉ်နေ

**ကိုကိုကြီး**

**ရန်ကုန်၊ မတ် - ၄**

နိုင်ငံတစ်နိုင်ငံ၏ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာတွင်အထောက်အကူဖြစ်စေမည့်လူသားရင်းမြစ်ဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများ (Human Development Report) ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ထုတ်ပြန်နိုင်ရန် စီစဉ်နေကြောင်း ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

“နိုင်ငံတော်အကြံပေးတွေနဲ့ တိုင်ပင်ပြီးတော့ ထုတ်ပြန်ဖို့စီစဉ်နေပါတယ်။ ရှိသင့်တယ်။ အရင်တုန်းက ၂၀၀၃ ခုနှစ်လောက်ကလုပ်တယ်”ဟု၎င်းကပြောသည်။ ယခုလ ၄ရက်က ကုန်သည် စက်မှုအသင်းချုပ်ရုံးတွင် ကျင်းပသည့်စီးပွားရေးဆိုင်ရာ ဟောပြောပွဲတစ်ရပ်တွင်၎င်းကအထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ **စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.11, No.1 ▪ MARCH 8 , 2012

## မက်စ်အချိုရည်ဈေးကွက်ထိခိုက်မှုမရှိဟုဆို

**ကောလာဟလများနှင့်ပတ်သက်၍ မက်စ်အချိုရည်ရှင်းလင်း**

ဝတ်ရည်အောင်

ရန်ကုန်၊ မတ်-၃

မက်စ်အချိုရည်နှင့်ပတ်သက်သည့် ကောလာဟလများ ထွက်ပေါ်နေသော်လည်း ဈေးကွက်အတွင်း ရောင်းအားထိခိုက်ကျဆင်းခြင်း မရှိကြောင်း ကုမ္ပဏီတာဝန်ရှိသူက ပြောကြားသည်။

မက်စ်အချိုရည်ထုတ်လုပ်စဉ် ခုခံအားကျဆင်းမှုရောဂါကူးစက်ခံထားရသည့် ဝန်ထမ်းတစ်ဦး မတော်တဆမှုကြောင့် လက်ပြတ်ထွက်သွားပြီး ထိုလက်မှာအချိုရည်များအတွင်း ပါဝင်သွားသည်ဟူသော သတင်းများ လွန်ခဲ့သည့် တစ်လခန့်မှ စတင်ထွက်ပေါ် လာပြီးနောက် အင်တာနက်စာမျက်နှာများတွင်ပါ ပျံ့နှံ့ခဲ့သည်။

“ဒီသတင်းက လုံးဝမဟုတ်ပါဘူး။ ဒါကလည်း အချိုရည်ထုတ်လုပ်တဲ့ နည်းအဆင့်ဆင့်ကို မသိလို့ ဒီလို ကောလာဟလတွေ ထွက်လာတာပါ။ အချိုရည်ထုတ်လုပ်တဲ့အခါ သကြားရည်ဖျော်ပြီးတဲ့အချိန်ကနေ ပုလင်းထဲရောက်တဲ့အခါ အပြင်လေနဲ့ ထိတွေ့လို့မရတဲ့အတွက် စက်ပစ္စည်းတွေနဲ့လူတွေလုပ်ပြီး မတော်တဆ ဖြစ်စရာအကြောင်းအရာမျိုးတွေလည်း လုံးဝမရှိပါဘူး” ဟု မက်စ်အချိုရည်စက်ရုံမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။ စက်ရုံအနေဖြင့်လည်း ထိုကဲ့သို့အလားတူ မတော်တဆမှုမျိုး ဖြစ်ပွားမှုမရှိခဲ့ကြောင်း သိရသည်။

အချိုရည်ရောင်းအားသည်လည်း ပူပြင်းလာသည့်အချိန်ပုံမှန်အရောင်းတက်သည့် အချိန်ဖြစ်နေပြီး ဈေးကွက်အတွင်းရှိ လက်လီ၊ လက်ကား ရောင်းချသည့်ဆိုင်များတွင်လည်း ရောင်းအားထိခိုက်မှု မရှိကြောင်း ဈေးကွက်မှ သိရှိရသည်။

စာ(၁၂)သို့

# ဥပဒေပြုရာတွင် လွှတ်တော်၏ လုပ်ပိုင်ခွင့် ပိုမိုပြတ်သားလာ

မြတ်စုမွန်

ရန်ကုန်၊ ဖေဖော်ဝါရီ-၂၇

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ညှိနှိုင်းရွေးချယ်ရန် သမ္မတ၏ တင်ပြချက်အစား လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရန် လွှတ်တော်က ဆုံးဖြတ်၍ ဥပဒေပြဋ္ဌာန်းလိုက်ခြင်းသည် လွှတ်တော် ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်နှင့် အစိုးရအဖွဲ့ လုပ်ပိုင်ခွင့် တို့အကြား ပို၍ ပြတ်သားကွဲပြားလာသည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း တရားလွှတ်တော်ချုပ်ရှေ့နေ ဦးသန်းမောင်(စစ်တွေ)က ပြောသည်။

“အခု လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်အသွေးတွေကတဖြည်းဖြည်း မြင့်တက်လာပြီ။ အချုပ်အခြာ အာဏာပိုင်မှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာတွေရဲ့ ပီပြင်မှုကို အရင်ထက်စာရင် နားလည်လာကြပြီလို့ ပြောနိုင်တာပေါ့”ဟု ဦးသန်းမောင်(စစ်တွေ)က 7Day News သို့ပြောသည်။

၁၉၀၇ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြို့အက်ဥပဒေနှင့် ကျေးရွာအက်ဥပဒေကို ပယ်ဖျက် အစားထိုးသည့်ဥပဒေသစ်ကိုနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လက်မှတ်ထိုးကာ ဖေဖော်ဝါရီ ၂၄ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

ပြည်သူ့လွှတ်တော်က နိုင်ငံတော်သမ္မတထံပေးပို့သော ဥပဒေမူကြမ်းတွင် နိုင်ငံတော်သမ္မတက လျှို့ဝှက်မဲပေးသည့် စနစ်အား ညှိနှိုင်းရွေးချယ်သည့် စနစ်ဖြင့် အစားထိုးရန် သဘောထား မှတ်ချက်ပေးခဲ့သည်။ ယင်းမှတ်ချက်ဖြင့် ပြန်လာသော ဥပဒေကို လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရာ လွှတ်တော်က အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ဥပဒေသစ်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီ အင်အားစုမှ နိုင်ငံရေးဦးဆောင်သူ ဦးခင်မောင်ဆွေက “ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေကို လျှို့ဝှက်မဲပေးပြီး ရွေးရမယ်ဆိုတော့ ကောင်းတယ်။ ဘယ်သူ့မျက်နှာမှ ထောက်စရာမလိုတော့ဘူးပေါ့။ ဒါက ဒီမိုကရေစီကျင့်စဉ်ဆိုတော့ ဒီမိုကရေစီအကျင့် အတိုင်းကျင့်ရင် ဘာမှပြောစရာမရှိပါဘူး”ဟု 7Day News သို့ ပြောသည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှ ဒေသခံဦးရွှေတင်ကလည်း “ဒါဒီမိုကရေစီရဲ့ ကောင်းကျိုးတွေပေါ့။ ဒီမိုကရေစီကျတဲ့ အများသဘောတူညီချက်ဆိုတာ ပါလာတယ်။ ကျေနပ်စရာ ကောင်းတယ်။ အရမ်းကျေနပ်ပါတယ်” ဟု ပြောသည်။

ဒီမိုကရေစီ အုတ်မြစ် စတင်ခြင်းဖြစ်၍ လူထုကလည်း မိမိ၏ အရည်အသွေးနှင့် ဆုံးဖြတ်ပိုင်ခွင့်ကို မှန်မှန်ကန်ကန် အသုံးချရန် လိုအပ်ကြောင်း ရှေ့နေဦးသန်းမောင်(စစ်တွေ)က ပြောသည်။

“အရင်ကလို သူကြီးခေတ် မဟုတ်တော့ဘူး။ သူကြီးသားက အစဉ်အဆက် သူကြီးရာထူးကို ရတယ်ဆိုတာ ပုံပြင်ထဲမှာပဲ ကျန်ခဲ့ပြီ။ လူထုကလည်း အရင်ကလို ပေါ့ပေါ့ဆဆမနေတော့ဘဲ ကိုယ့်ရဲ့ အခွင့်အရေးကို ကိုယ်မှန်မှန်ကန်ကန် အသုံးချတတ်ဖို့ကတော့ လိုတာပေါ့”ဟု ၎င်းကဆက်လက်ပြောသည်။ ထိုဥပဒေအသစ်သည် ၂၀၁၂အတွင်း ပထမဆုံးထွက်ပေါ်လာသော ဥပဒေသစ်တစ်ရပ်ဖြစ်သည်။


ဓာတ်ပုံ-သီဟ



# ကျန်းမာရေးကြောင့် မိန့်ခွန်း နှစ်ပိုင်းခွဲပြောခဲ့ရသည့် ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ်

**သီဟ၊ ဥက္ကာကိုကို၊ ညီညီဇော်**

**မန္တလေး၊ မတ် - ၃**

**ယခင် မဲဆွယ်စည်းရုံးရေးခရီးစဉ်များနှင့် ကွာခြားမှုများပြားခဲ့သည့် ခရီးစဉ်တစ်ရပ်ပင်ဖြစ်သည်။ ဒေါ် အောင်ဆန်းစုကြည်ထံမှ ကတိစကား တစ်ခွန်းကို မန်းရွှေမြို့တော်ဒေသခံများရရှိခဲ့သည့် ခရီးစဉ်လည်းဖြစ်သည်။**

ဒေါ်အောင်ဆန်းစုကြည်သည်နံနက် ၈နာရီ မိနစ် ၄၀တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာလာခဲ့ရာ သောင်းနှင့်ချီသော လူထုက ကြိုဆိုခဲ့သည်။

ပုံမှန်အားဖြင့် လေဆိပ်နှင့် မန္တလေးမြို့သို့ တစ်နာရီဝန်းကျင်သာ မောင်းနှင်ရမည့်ခရီးတွင် ခြောက်လမ်းသွားလမ်းမကြီးပေါ်နှင့် မြို့တွင်းတစ်လျှောက်လုံး လူလှိုင်းလုံးကြီးက ပြည့်နှက်နေပြီး ဆိုင်ကယ်များ၊ ကားများ၊ ကြိုဆိုနှုတ်ဆက်ကြသူများကြောင့် လူထုသို့ မိန့်ခွန်းပြောမည့် အောင်ပင်လယ်ကွင်းသို့ နေ့လယ် ၁ နာရီခွဲအချိန်တွင်မှရောက်ရှိလာသည်။

တံတားဦးလေဆိပ်မှ မန္တလေးမြို့အထိ ခြောက်လမ်းသွားလမ်းပေါ်တွင်ယာဉ်ကြောနှစ်ဖက်စလုံး အရှိန်ပြင်းစွာမောင်းနှင်ကြသည့် ဆိုင်ကယ်များမှာ အန္တရာယ်များပြားလွန်းလှသည်။ ကားများကလည်း လမ်းဘေး မြေနီလမ်းမှ ဆင်းကာ အရှိန်အဟုန်ဖြင့်မောင်းနှင်ကြသည့်အတွက်ဖုန်တထောင်းထောင်းထခဲ့ရပြန်သည်။

လမ်းတစ်လျှောက်လုံးတွင် ဆိုင်ကယ်တိုက်မှုများ၊ တစ်စီးနှင့်တစ်စီး ချိတ်မိခြင်းများအပြင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုများကို တွေ့မြင်ရသဖြင့် ယခင်ခရီးစဉ်များနှင့်မတူဘဲ ထိခိုက်နာကျင်မှုများရှိခဲ့သည့် ခရီးစဉ်တစ်ရပ်ဖြစ်ခဲ့သည်ဟုဆိုရမည်ဖြစ်သည်။

မတ်လ၃ရက်တွင် တိုက်ဆိုင်မှုမှာ မိုးရွာသွန်းခဲ့၍ ကြိုဆိုသူများ မိုးရေများရွှဲခဲ့သည်။

နံနက် ၉ နာရီတိတိတွင် ဟောပြောပွဲစတင်မည်ဟု ကြေညာထားခဲ့သော်လည်း လမ်းတစ်လျှောက်လုံး ပိတ်ဆို့နေမှုများကြောင့် ဒေါ်အောင်ဆန်းစုကြည်မှာ အောင်ပင်လယ်ကွင်းသို့ မွန်းလွဲ ၁ နာရီခွဲတွင်မှ ရောက်ရှိလာခဲ့သည်။



**ရောဝတီတံတား(ရတနာပုံ) တံတားပေါ်မှ လူထုနှင့် ဒေါ်အောင်ဆန်းစုကြည်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သောင်းနှင့်ချီသည့် ဆိုင်ကယ်စီးလူထုကြီးမှာ ယာဉ်ကြောနှစ်ဖက်စလုံးမှ တိုးဝှေ့ကာ မောင်းနှင်ကြသဖြင့် အချိန်အတော်ကြာအောင် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။

နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဒေါ်အောင်ဆန်းစုကြည်သည် တံတားဦးလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာလာရာ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် ခွပ်ဒေါင်းအလံများနှင့် မျက်စိတစ်ဆုံး လူထုကြီးကို ဆိုင်ကယ်ကိုယ်စီဖြင့် မြင်တွေ့နေရသည်။ Mandalay Bike Adventure ဟုခေါ်သည့်မန္တလေးရှိအပျော်စီးတောင်တက်စက်ဘီးအသင်းကလည်း ပြိုင်ဘီးအစီး ၄၀ ခန့်ဖြင့် NLD တံဆိပ်ပါ အားကစားအင်္ကျီ အနီရဲရဲများ၊ ခေါင်းစည်းအနီများကို ဝတ်ဆင်ကာ လာရောက်ကြိုဆိုခဲ့ကြသည်။

"ကျွန်တော်တို့ချစ်တဲ့ အမေစုကို ကျွန်တော်တို့ချစ်တဲ့ စက်ဘီးတွေနဲ့ လာကြိုတာပါ"ဟု ယင်းအသင်းမှ အသင်းဝင်တစ်ဦးက ပြောသည်။

မန္တလေးသည် ဆိုင်ကယ်မြို့တော်ဖြစ်သည်နှင့်အညီ ဆိုင်ကယ်ဖြင့် အပြိုင်အဆိုင်ကြိုဆိုကြရင်း ထိခိုက်လဲပြိုမှုများကို ကြိုဆိုသည့်လမ်းတစ်လျှောက် မကြာခဏမြင်တွေ့ရသည်။ သို့သော် ယခင်က ဆိုင်ကယ်ချင်းတိုက်မိလျှင် လက်သီးလက်မောင်းတန်းခဲ့ကြသော မန္တလေးသားများ ယခုအချိန်တွင် ပြုံးရွှင်စွာလက်ခံပြီး ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်းနောက်ကိုသာ ဖုတ်ဖက်ခါ ကုန်းထ၍ဆက်လိုက်ကြပြန်သည်။

နေ့လယ် ၁၁ နာရီခန့်တွင် မိုးသားများ အုံ့ဆိုင်းလာခဲ့ပြီး ၁၂ နာရီခန့်တွင် မိုးသည် ခပ်ဖွဲဖွဲလေး စတင်ရွာသွန်းလာသည်။ မန္တလေးမြို့တွင်း၌ လမ်းပိတ်ဆို့ကာ ဖြည်းဖြည်းချင်းရွေ့ကာ လာနေသော ယာဉ်တန်းမှ ဒေါ်အောင်ဆန်းစုကြည်သည် ကားအမိုးပေါ်မှ တစ်လမ်းလုံး နှုတ်ဆက်လက်ပြလာရင်း မိုးမိနေပြီဖြစ်သကဲ့သို့ အောင်ပင်လယ်ကွင်းအတွင်း စောင့်ဆိုင်းနေကြသည့် သိန်းနှင့်ချီသည့်လူထုကြီးမှာလည်း အမိုးအကာမဲ့သော ကွင်းပြင်ထဲတွင် မိုးသီးပေါက်များကြား မထတမ်းထိုင်နေကြဆဲဖြစ်သည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# ကျောက်မီးသွေးတွင်းထဲ၌ အောက်ဆီဂျင်ပြတ်၍ လူသုံးဦးသေဆုံး

မောင်ထီလာ

မိတ္ထီလာ၊ ဖေဖော်ဝါရီ- ၂၉

မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ယင်းမာပင်ရဲစခန်းပိုင်တွင် ဖေဖော်ဝါရီလ ၂၃ရက်က ကျောက်မီးသွေးတွင်းအတွင်း လူများ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သတင်း ရရှိသည်။

သေဆုံးသည့်နေရာမှာ ကြက်စခန်းကျေးရွာအရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာ YCDCကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းပိုင် ကျောက်မီးသွေးတွင်းထဲတွင်ဖြစ်ပြီး ရွှာင်မြို့နယ် ဝက်ကဒူးကျေးရွာနေ မောင်ငယ်(၂၅နှစ်)၊ အောင်ပန်းမြို့နေ အောင်လင်း(၂၃နှစ်)နှင့် ရွှေညောင်မြို့၊ အောင်သပြေရပ်နေ မြင့်သန်းထွန်း(၄၀နှစ်)တို့သည်ပြင်ပဒဏ်ရာမရှိဘဲ ကျောက်မီးသွေးတွင်းအတွင်း အောက်ဆီဂျင်ပြတ်၍ သုံးဦးစလုံး သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိကြသည်။ အဆိုပါသေဆုံးမှုကို ယင်းမာပင်ရဲစခန်းက သေမှုသေခင်း ၁/ ၂၀၁၂ ဖြင့် အမှုဖွင့်ထားသည်။

# အရန်ဆန်အတွက် မိုးစပါးဝယ်ယူမှု မတ်လ၁၀ ရက် ရပ်နားမည်

ပြည်သိမ်း

ရန်ကုန်၊ မတ်-၃

နိုင်ငံတော် အရန်ဆန်အတွက် မိုးစပါးဝယ်ယူမှုကိုမတ် ၁၀ ရက်တွင် ရပ်နားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

လက်ရှိ နိုင်ငံတော်အရန်ဆန်အတွက် မိုးစပါးဝယ်ယူမှုသည် ငွေကျပ် ၄ ဘီလီယံ (ငွေကျပ်သန်း ၄၀၀၀) ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ပြောသည်။ သို့သော် အရန်ဆန်အတွက် နွေစပါးဝယ်ယူမှုကို မတ် လ၁၅ရက်တွင် စတင်မည်ဖြစ်ကြောင်းလည်း ဒေါက်တာစိုးထွန်းက ဆက်လက်ပြောသည်။



ဆန်ဂိုထောင်အတွင်း လုပ်ငန်းခွင်ဝင်နေသော လုပ်သားများကိုတွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"ဈေးနှုန်းနဲ့ ဘယ်ဒေသက ဘယ်လောက်ဝယ်မယ်ဆိုတာကိုတော့ ညှိရဦးမယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အရန်ဆန်ဝယ်ယူမှုကို ယခုနှစ် ဇန်နဝါရီမှစတင်၍ တန်ချိန်တစ်သိန်းအတွက် ဘီလီယံ၃၀ ကျပ် (ကျပ်သန်းပေါင်း ၃၀၀၀၀) ဖြင့် စတင်ခဲ့သည်။ နိုင်ငံတော်က ၁၀ဘီလီယံ၊ သမဝါယမက ၁၀ ဘီလီယံနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ၁၀ဘီလီယံ ပါဝင်သည်။

အရန်ဆန်အတွက် စပါးဝယ်ယူရာတွင် ၂၅မှတ်ဆန်ကြိတ်ခွဲရသည့် စပါး ၄၆ ပေါင်နှုန်းဖြင့် တစ်တင်းလျှင် ၃၃၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့သည်။ ထို့ကြောင့် ပြင်ပဈေးကွက်တွင် စပါးဈေးမှာ တစ်တင်းလျှင် ၂၅၀၀ ကျပ်မှ ၃၃၀၀ ကျပ်ထိ ဈေးပြန်မြင့်တက်လာသည်။

"ဒီရက်ပိုင်း ရန်ကုန်ဈေးကွက်မှာ စပါးဈေးက သုံးသိန်းအောက်ပြန်ဆင်းနေတယ်။ ပြည်တွင်းဆန်ဈေးပြန်ကျတာလည်း ပါတယ်" ဟု လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ယခုရက်ပိုင်းတွင် လစာတိုးမည့် သတင်းများကြောင့် မြဝတီ၊ မြိတ်စသည့် နယ်စပ်ထွက်ပေါက်များကို ထိန်းထားသဖြင့် ရန်ကုန်ဈေးကွက်တွင် ဆန်ဈေးမှာ တစ်အိတ်လျှင်ကျပ်၅၀၀ဝန်းကျင်ဈေးနှုန်းပြန်ကျလာသည်။ ဖေဖော်ဝါရီလလယ်ပိုင်းက ဆန်ကြမ်းတစ်အိတ်လျှင် ၁၃၆၀၀ကျပ် ဝန်းကျင်ရှိရာမှ လကုန်ပိုင်းတွင် တစ်အိတ်လျှက် ၁၃၀၀၀ကျပ်ထိပြန်ကျလာကြောင်းကိုလည်း မော်တင်ဈေးကွက်မှ သတင်းရရှိသည်။

# CB ဘဏ်က မလေးရှားဘဏ်နှင့် ပူးပေါင်းငွေလွှဲလုပ်ငန်းလုပ်ကိုင်ရန် ကြိုးပမ်း

ပြည်သိမ်း

ရန်ကုန်၊ မတ်-၃

မလေးရှားနိုင်ငံမှ မေဘဏ်(May Bank)နှင့် ငွေလွှဲဝန်ဆောင်မှုလုပ်ငန်း ပူးပေါင်းလုပ်ကိုင်ရန် သမဝါယမဘဏ်လီမိတက်က ဗဟိုဘဏ်သို့ တင်ပြတောင်းဆိုထားကြောင်း အုပ်ချုပ်မှုဒါရိုက်တာဦးဖေမြင့်ကဆိုသည်။

ယင်းသို့ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်မည်ဆိုပါက မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် သီးသန့်ဆောင်ရွက်ရမည်ဖြစ်သည်။ ငွေလွှဲမှုကို တစ်ကြိမ်လျှင် (ရင်းဂစ် ၁၀၀၀၀)နှင့်ညီမျှသည့် ဒေါ်လာ ၃၀၀၀ ဝန်းကျင်ကို သာ မလေးရှားနိုင်ငံက ခွင့်ပြုကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"ဒါက အလုပ်သမားတွေအတွက်ပဲ သီးသန့်လုပ်ပေးတာ၊ သူဌေးတွေ ငွေလွှဲတာကတော့ သူ့နည်းသူ့ဟန်နဲ့ပဲပေါ့" ဟုဦးဖေမြင့်က ဆိုသည်။

စာ(၁၂)သို့




# CRIME မှုခင်းသတင်း CORNER

## အမူးသမားက ဓားနှင့်ခုတ်၍ အမျိုးသမီးတစ်ဦး သေဆုံး

မင်းသိန်းအောင်

ကျောက်ဖြူ၊ ဖေဖော်ဝါရီ- ၂၉

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဘယာကျေးရွာတွင် အရက်သေစာသောက်စားမူးယစ်ထားသူက ဓားနှင့်ခုတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရီရီရွှေ(၃၂နှစ်)သည် ညီမဖြစ်သူ ရီရီအေး(၂၂နှစ်)နှင့်အတူ နေအိမ်ထဲ၌ အိုးလုပ်နေစဉ် တစ်ရွာတည်းနေ အရက်သေစာ သောက်စားမူးယစ်ပြီး ရောက်ရှိလာကာ စကားများအချေအတင် ပြောဆိုကြသည်ဟုဆိုသည်။ အဆိုပါအမျိုးသားက အသင့်ပါလာသောဓားနှင့်ခုတ်ရာ မရီရီအေး၏ ဦးခေါင်းဝဲဘက်ပြတ်ရှဒဏ်ရာတစ်ချက်ရရှိပြီး ကျောက်ဖြူမြို့နယ် ခနဲတိုက်နယ်ဆေးရုံသို့သယ်ဆောင်ယူလာစဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်ဖြူရဲစခန်းမှ (ပ) ၂၄/ ၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ဖြင့်အမှုဖွင့်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## အမျိုးသမီးအဆောင်ရှေ့ ဂစ်တာလာတီးသူတစ်ဦး အရိုက်ခံရ၍ သေဆုံး

ရန်နိုင်ကျော်

မုံရွာ၊ ဖေဖော်ဝါရီ- ၂၈

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ မုံရွာတက္ကသိုလ်အနောက်ပေါက်အနီး ရင်ခွင်သစ် အမျိုးသမီးဘော်ဒါဆောင်ရှေ့တွင် ဖေဖော်ဝါရီ ၂၇ ရက်ညက ဂစ်တာတီးနေသူ ၄ဦးအား ဆိုင်ကယ် ၅စီးဖြင့်ရောက်ရှိလာသော လူ ၁၀ဦးထဲမှ အချို့က ရိုက်နှက်မှုကြောင့် ဒဏ်ရာများ အပြင်းအထန်ရရှိကာ နောက်တစ်ရက်တွင် တစ်ဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ယခုနှစ် ဖေဖော်ဝါရီလ ၂၇ရက် ည ၁၁နာရီ ၁၅ မိနစ်အချိန်ခန့် မောင်အောင်နိုင်ဝင်း၊ မောင်ကျော်ဇေယျ၊ မောင်သန်းလှိုင်တိုး၊ မောင်သန်းလှိုင်စိုး ညီအစ်ကို ၄ဦးသည် မုံရွာမြို့၊ သလ္လာရပ်ကွက်၊ မုံရွာတက္ကသိုလ် အနောက်ပေါက်အနီးရှိ ရင်ခွင်သစ်အမျိုးသမီးအဆောင်ရှေ့တွင် ဂစ်တာတီးခတ်နေစဉ် ဆိုင်ကယ်၅စီးနှင့်လူ၁၀ဦးရောက်ရှိလာပြီး ထိုအထဲမှ အချို့ကအကြောင်းမဲ့တုတ်နှင့် ရိုက်နှက်ကာ ဆိုင်ကယ်များစီးနင်းထွက်ခွာသွားခဲ့သည်။ မောင်အောင်နိုင်ဝင်းနှင့်အဖွဲ့သည်ဒဏ်ရာများရရှိခဲ့သဖြင့် မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူခဲ့ကြောင်း သိရှိရသည်။ ဂစ်တာတီးခတ်သူများအနက် မောင်သန်းလှိုင်တိုးသည် ရရှိထားသောဒဏ်ရာဖြင့် ဆေးဝါးကုသမှုခံယူခဲ့ရာမှ ဖေဖော်ဝါရီ (၂၈)ရက်၊ နံနက်၄နာရီခွဲအချိန်တွင် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ရိုက်နှက်ထွက်ပြေးတိမ်းရှောင်သူများအား အရေးယူပေးပါရန် သက်ဆိုင်ရာ မုံရွာမြို့နယ်၊အမှတ်(၂) ရဲတပ်ဖွဲ့စခန်းသို့ မောင်အောင်နိုင်ဝင်းက တရားလိုပြုလုပ်တိုင်ကြားခဲ့ကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်ကိုမုံရွာမြို့နယ်၊ အမှတ်(၂)ရဲ တပ်ဖွဲ့စခန်း၊(ပ)အမှတ်-၉၅/ ၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၂၅/၁၁၄)ဖြင့် အမှုဖွင့်ခဲ့ပြီး လူသေဆုံးမှုရှိခဲ့သဖြင့် ပုဒ်မ(၃၂၅/ ၁၁၄) အစား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၀၂)သို့ပြောင်းလဲအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုဂံမြို့သစ်ရှိ စရနတီဟိုတယ်ကို ACE ကုမ္ပဏီ လွှဲပြောင်းယူ



ဓာတ်ပုံ - travelmyanmar.com

*ပုဂံမြို့သစ်ရှိ စရနတီဟိုတယ်ကို တွေ့ရစဉ်*

**အောင်သူရ**

**ရန်ကုန်၊ မတ်- ၃**

ပုဂံမြို့သစ်မှလေးမိုင်ခန့်ကွာဝေးပြီး ချောက်မြို့သို့သွားသောလမ်းပေါ်ရှိစရနတီဟိုတယ်အား ACE ကုမ္ပဏီက လွှဲပြောင်းရယူလိုက်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ယခုရက်ပိုင်းအတွင်း ဟိုတယ်နှင့်မြေကွက်များ အရောင်းအဝယ်ပြန်ဖြစ်လာရာ ရွှေနဂါးဟိုတယ်၊ ငွေသော်တာဟိုတယ်တို့အရောင်းအဝယ်ဖြစ်ခဲ့ပြီး သဇင်ဂါးဒင်းဟိုတယ်နောက်ဘက်ရှိမြေကွက်များပါအရောင်း အဝယ်ဖြစ်လာကြောင်း သတင်းရရှိသည်။

"ဒီရက်ပိုင်းမြေဈေးလည်းပြန်တက်လာတယ်။ သိန်း ၇၀ တန်ဆိုတာမရှိတော့ဘူး။ ၁၀၀ အထက်ကြီးပဲ"ဟုပုဂံ ဒေသခံတစ်ဦးက ပြောသည်။ ACE ကုမ္ပဏီသည် ချောင်းသာကမ်းခြေရှိ ချောင်းသာဦးဟိုတယ်အား လွန်ခဲ့သော ၂ နှစ်ခန့်က ဝယ်ယူထားခဲ့ပြီး ဟိုတယ် ACE နာမည်ဖြင့် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။

# ACE ကုမ္ပဏီက မိုးစပါးများ အရှုံးခံရောင်းထုတ်

**ထူးသန့်**

**နေပြည်တော်၊**

**မတ် - ၂**

နေပြည်တော်ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီးရှိလယ်မြေ ၂၈ ကေခန့်တွင် စိုက်ပျိုးခဲ့သောပြည်ထောင်စုဝန်ကြီးတစ်ဦး၏ မိုးစပါး စိုက်ခင်းများမှာ တစ်ဧကပျမ်းမျှတင်း ၅၀ နီးပါး ထွက်ရှိခဲ့ပြီးယခုအချိန်တွင်တင်း ၁၀၀ လျှင်သုံးသိန်းကျပ်နှုန်းဖြင့် ထုတ်ရောင်းလျက်ရှိကြောင်းဒေသခံကုန်သည်နှင့် လယ်သမားများက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ဒေသခံလယ်သမားများထံမှတစ်ဧကလျှင် ကျပ် ၁၅ သိန်းမှ သိန်း ၂၀ ကျော်အထိပေး၍ ဝယ်ယူထားခဲ့သော အဆိုပါလယ်ကွက်များမှာ ACE ကုမ္ပဏီပိုင် လယ်မြေများဖြစ်ကြောင်း ဒေသခံလယ်သမားများက ပြောသည်။

ထိုစိုက်ခင်းများကို ပုံမှန်လေ့လာခဲ့သော ဒေသခံစိုက်ပျိုးရေးပညာရှင်တစ်ဦးဖြစ်သူဦးနေစိုးကမူ "အထွက်နည်းတာက စပါးစိုက်ရက် နောက်ကျသွားတာလည်းပါပါတယ်"ဟု၍ မှတ်ချက်ပေးပြောဆိုသည်။

အဆိုပါစပါးမျိုးများမှာ ရွှေသွယ်ရင်မျိုးများဖြစ်ပြီး အဖျင်းစေ့များ ပါဝင်နေသည့်အတွက် အလေးချိန် (တစ်တင်း = ၄၆ ပေါင်) ဖြင့်ဝယ်ယူလျက်ရှိရာ ယခင်တင်းအရေအတွက်ထက် ထပ်မံလျော့နည်းသွားရန်ရှိကြောင်းကိုလည်း "ဒီနေ့ပဲချိန်ပြီး ပြန်လာတယ်။ အဖျင်းတွေပါနေတော့ တင်းနဲ့မချိန် ဘဲပေါင်နဲ့ချိန်တာ။ လျော့သွားတာပေါ့။ တင်း ၁၀၀ ကို ၁၀ တင်းလောက်တော့လျော့သွားမှာပဲ" ဟု၍ ဝယ်ယူခဲ့သူ ကုန်သည်တစ်ဦးကပြောသည်။

စပါးတစ်ဧကလျှင် သွင်းအားစုစရိတ်အဖြစ် နှစ်သိန်းကျော်ထည့်သွင်း ရင်းနှီးစိုက်ပျိုးခဲ့သော အဆိုပါ လယ်ကွက်များ၌ ပျမ်းမျှတင်း ၅၀ အောက်သာထွက်သည့်အပြင်၊ အခြားစပါးများကျပ်လေးသိန်း ဈေးပေါက်နေချိန်၌အောက်ဈေး(ကျပ်သုံးသိန်း)ဖြင့်သာ ထုတ်ရောင်းနေရသောကြောင့် တစ်ဧကလျှင်ကျပ်ငါးသောင်းဝန်းကျင် အရှုံးပေါ်ခဲ့သဖြင့်ဒေသခံလယ်သမားများအတွက်လည်း စိတ်ဝင်စားဖွယ်ရာဖြစ်ခဲ့သည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.1 · MARCH 8 , 2012

## ကမ္ဘာတစ်ဝန်းမှ လူငယ်လုပ်ငန်းရှင်များနှင့် ဦးစိုးသိန်း တွေ့ဆုံဆွေးနွေး

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၃**

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ကျော်မှ လုပ်ငန်းရှင် ၁၈,၀၀၀ ဦးနှင့် ဖွဲ့စည်းထားသည့် YPO (Young Presidents' Organization) အဖွဲ့နှင့် မြန်မာနိုင်ငံရင်း နှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌဦးစိုးသိန်းတို့ မတ်လ၁ရက်တွင် ရန်ကုန်မြို့ရှိGovernor's Residence ၌ တစ်နာရီခန့်တွေ့ဆုံခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အား ဂျပန်နိုင်ငံမှ ပညာရှင်တစ်ဦး ခေါ်ယူရေးဆွဲနေပြီး ယခု လွှတ်တော်တွင် အတည်ပြုချက်ရရှိနိုင်ကြောင်း လုပ်ငန်းရှင်များအား ပြောကြားခဲ့သည်။

ထို့အပြင် ဦးစိုးသိန်းက "ကျွန်တော်တို့နိုင်ငံသားတွေကို အလုပ်အကိုင်အခွင့်အလမ်း များများပေးနိုင်တဲ့ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေ စိုက်ပျိုးရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတွေမှာ ပိုပြီးရင်းနှီးမြှုပ်နှံမည့် မည်သည့်နိုင်ငံသားမဆို ကြိုဆိုပါတယ်" ဟုပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် တက်ရောက်လာသော လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ သိလိုသည်များအား မေးမြန်းခဲ့ကြသည်။

"ရင်းနှီးမြှုပ်နှံမှုဥပဒေမထွက်မချင်းတော့လာလုပ်ဖြစ်မှာမဟုတ်သေးပါဘူး။ ဒါ ထွက်ပြီးလေ့လာ ပြီးမှ ဆုံးဖြတ်မှာပါ"ဟု YPO အဖွဲ့မှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။ YPO အဖွဲ့သည် ၂၀၀၅ခုနှစ်တွင်မြန်မာနိုင်ငံသို့လာရောက်၍ ပုဂံဒေသ၌လေ့လာခဲ့ပြီး ယခုဒုတိယအကြိမ်လာရောက်ခြင်းဖြစ်သည်။

## စင်ကာပူ၊ တရုတ် (တိုင်ပေ) ပညာရှင်များ ရခိုင်ကမ်းရိုးတန်းဒေသရှိ ရွှံ့မီးတောင်များကို လေ့လာမည်

**မင်းသိန်းအောင်**

**စစ်တွေ၊ ဖေဖော်ဝါရီ- ၂၉**

ဘင်္ဂလားပင်လယ်အော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းဒေသကျွန်းစုများရှိ ရွှံ့မီးတောင်များကို မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များက စင်ကာပူနှင့် တရုတ်(တိုင်ပေ) နိုင်ငံများမှပညာရှင်များနှင့်ပူးပေါင်းကာ မကြာမီသွားရောက်လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တရုတ်(တိုင်ပေ)ရှိ National Taiwan University၊ စင်ကာပူနိုင်ငံရှိEOSနှင့်မြန်မာနိုင်ငံမှ ဘူမိဗေဒပညာရှင်များပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွန်းစုများရှိမြေတွင်းလှုပ်ရှားမှုများကို Driling တွင်းတူး၍ လေ့လာခြင်းများ အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပညာရှင်များအဖွဲ့သည် ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက် ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း၊ စိုင်တင်၊ ကလားပါကျွန်း၊ ရဲကျွန်းစသည့်ကျွန်းစုများ၌ လေ့လာမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရခိုင်ကမ်းရိုးတန်းတစ်လျှောက်မှာ ရွှံ့မီးတောင်တွေ အများအပြားရှိပါတယ်။ ကုန်းပတ်တွေပေါ်မှာထက် ပင်လယ်ထဲမှာဆိုရင် ပိုများတယ်။ အရင်နှစ်တုန်းကဆိုရင် ပင်လယ်ထဲမှာ မီးတောင်တွေပေါက်ကွဲတဲ့အတွက်ရေထဲက ကျောက်ဆောင်ကြီးတွေ၊ ကျောက်တန်းကြီးတွေ ရေပြင်ထက်ကို မြင့်တက်လာတာတွေရှိခဲ့တယ်။ ဒါပေမဲ့ ရေထဲမှာဆိုတော့ ဒေသခံတွေအတွက် သိပ်ပြဿနာမရှိလှပါဘူး။ ကုန်းပတ်ပေါ်မှာ ပေါက်ကွဲတာမျိုးဆိုရင် ချော်ရည်တွေကြောင့် အနီးအနားက စိုက်ခင်းတွေ ပျက်စီးကုန်ပါတယ်"ဟု ရမ်းဗြဲကျွန်းမှ ဒေသခံတစ်ဦးဖြစ်သူ ဦးသိန်းရွှေကပြောသည်။

## စားအုန်းဆီတင်သွင်းသည့်ကုမ္ပဏီ အနည်းငယ်သာကျန်ရှိ

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်-၂**

ပြီးခဲ့သည့် နှစ်အတွင်း ပြည်တွင်းစားအုန်းဆီဈေးကွက်သို့တင်သွင်းနေသည့် ကုမ္ပဏီ ၂၀ ကျော်ရှိရာမှ လက်ရှိကာလတွင် ကုမ္ပဏီ ၁၀ ခုအောက်သာ ဆက်လက်တင်သွင်းလျက်ရှိကြောင်း စားအုန်းဆီလုပ်ငန်းရှင်များကပြောသည်။

မူလက ပြည်တွင်းဈေးကွက်သို့ ထူးထရေးဒင်းကုမ္ပဏီသာ တင်သွင်းနေရာမှ ပြီးခဲ့သည့်နှစ်မေလဆန်းမှ စတင်ပြီး ကုမ္ပဏီအစုအဖွဲ့များဖွဲ့စည်းကာပုဂ္ဂလိကလုပ်ငန်းရှင်များကို တင်သွင်းခွင့်ပြုချိန်တွင် လုပ်ငန်းရှင်များ စိတ်ဝင်စားမှုများခဲ့သော်လည်း လက်ရှိတွင်စိတ်ဝင်စားမှု လျော့နည်းသွားခြင်းဖြစ်သည်။

"အကျိုးအမြတ် မရှိလို့ပေါ့။ စားအုန်းဆီသွင်းတာကို ဖွင့်ပေးလိုက်တော့ အရင်လို ဈေးနှုန်းတွေ ခြယ်လှယ်လို့မရတော့ဘူး"ဟု စားအုန်းဆီတင်သွင်းနေသည့် ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာတစ်ဦးက ပြောသည်။



**စားအုန်းဆီအရောင်းဆိုင်တစ်ဆိုင်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထို့ပြင် ပြည်တွင်းစားအုန်းဆီတင်သွင်းသည့် ဆီသိုလှောင်ကန်များသည် တန်ချိန် ၃,၀၀၀၀ အထက်သိုလှောင်နိုင်ခြင်းမရှိခြင်းကြောင့် တင်သွင်းသည့် ကုမ္ပဏီများပြားချိန်တွင် ပင်လယ်ဝတွင် စောင့်ရသည့်ရက် အနည်းဆုံး ၁၀ ရက်မှ အများဆုံးတစ်လပေါ်မူတည်ပြီး တစ်တန်လျှင် တစ်ရက်တစ်ဒေါ်လာနှုန်းဖြင့် တင်သွင်းသည့် ပမာဏ ၃,၀၀၀မှ ၄,၅၀၀ အလိုက် ဒေါ်လာသောင်းကျော်ထိ ပေးဆောင်ရသည့် ကုမ္ပဏီအချို့လည်းရှိကြောင်း ၎င်းဒါရိုက်တာက ပြောသည်။

"တချို့ကုမ္ပဏီတွေ အဲဒီလို ရှုံးတဲ့အတွက် စိတ်မဝင်စားတော့တာ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် နှစ်ကုန်ခါနီးတွင် တင်သွင်းလျက်ရှိသည့် ဆီအမျိုးအစားအားသက်ဆိုင်ရာက Cloud Point 10 မှ Cloud Point 8 သို့ ပြောင်းလဲတင်သွင်းရန် သတ်မှတ်ပြီးနောက်တွင်ပြည်တွင်းဈေးကွက် အရောက် တစ်ပိဿလျှင် ကျပ် ၂၀ မှ ၃၀ အတွင်း တက်ရိပ်ရှိပြီး တစ်တန်လျှင် ဆိပ်ကမ်းအရောက် တန်ဖိုးသည်လည်း အမေရိကန်ဒေါ်လာ ၂၀ ဝန်းကျင်ကွာဟချက်ရှိကြောင်း သိရသည်။

"တင်သွင်းတဲ့ ကုမ္ပဏီလျော့နည်းသွားတဲ့အတွက် ပြည်တွင်းဈေးနှုန်းကတော့ တက်တော့ မတက်နိုင်ဘူး။ တစ်ယောက်နဲ့တစ်ယောက်နဲ့ သူသွင်းမလား၊ ငါသွင်းမလား အခြေအနေစောင့်ကြည့်ရင်းနဲ့ပြတ်သွားတဲ့အချိန်မှာ ဈေးတက်ကောင်း တက်မှာပေါ့။ ဒါကလည်း ကာလတိုပဲဖြစ်မှာ"ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့်လအထိတင်သွင်းခဲ့ပြီး ယခုလအရောက်တွင် ဆက်လက်မတင်သွင်းသည့်ကုမ္ပဏီတစ်ခုမှ လုပ်ငန်းရှင်တစ်ဦးကလည်း "ရှုံးတဲ့အတွက် မသွင်း တော့တာ။ မကိုက်ဘူး။ ကိုက်ရင်အလုအယက်သွင်းကြမှာ"ဟုပြောသည်။

ပြီးခဲ့သည့် နှစ်ပတ်မှ တရုတ်နိုင်ငံမှ နယ်စပ်မှ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာသည့် စားအုန်းဆီများက မလေးရှားမှ တင်သွင်းသည့်ဆီသည့် ဈေးနှုန်းသက်သာမှုရှိခြင်းကြောင့်လည်း တင်သွင်းသည့် ကုမ္ပဏီလျော့နည်းသွားခြင်းဖြစ်ကြောင်း ၎င်းဒါရိုက်တာက ပြောသည်။

စားအုန်းဆီ တင်သွင်းလျက်ရှိသည့် ကုမ္ပဏီတစ်ခုမှ လုပ်ငန်းရှင်တစ်ဦးက "ဈေးကွက်ထဲမှာ Supply များသွားတော့ပြီးခဲ့တဲ့နှစ်လကျော်မှာ ရပ်ထားတာ။ အခုပြန်သွင်းဖို့လုပ်နေတယ်" ဟု ပြောကြားသည်။

ပြည်တွင်း စားအုန်းဆီလိုအပ်ချက်မှာ တစ်လလျှင် တန်ချိန် ၂၅,၀၀၀ နီးပါးရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မေလမတိုင်မီတွင် စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၃,၀၀၀ ဝန်းကျင်ပေါက်ဈေးရှိခဲ့ပြီး ကုမ္ပဏီ အများအပြား စတင်သွင်းသည့် ကာလအတွင်း တစ်ပိဿာဈေးနှုန်းသည် ကျပ် ၂,၀၀၀ စွန်းစွန်းထိကျ ဆင်းသွားပြီး ယခုအပတ်အတွင်း ဈေးကွက်ပေါက်ဈေးသည် တစ်ပိဿာလျှင် ကျပ်၁၈,၀၀ဝန်းကျင်သာရှိကြောင်း သိရသည်။

ဈေးကွက်တွင် စားအုန်းဆီအတက်အကျသည် ကမ္ဘာ့ဈေး၊ ငွေဈေးနှင့် ကုန်ပစ္စည်းဝင်ရောက်မှုပေါ် မူတည်ပြီး ကွဲပြားသွားကြောင်း သိရသည်။

## ထိုင်းနိုင်ငံမှ ဆန်တင်ပို့သည့် ထိပ်တန်းကုမ္ပဏီကြီးတစ်ခု မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

**ကိုကိုကြီး**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၉**

ထိုင်းနိုင်ငံမှဆန်တင်ပို့သည့် Asia Golden Rice ကုမ္ပဏီကြီးတစ်ခုက မြန်မာ့လယ်ယာကတွင် စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည့်အဆင့်ထိ ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြောင်း သတင်းရရှိသည်။

၎င်းကုမ္ပဏီသည် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့သည့် ဦးဆောင်ကုမ္ပဏီ ၅ ခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် စတင်အခြေပြုခဲ့ခြင်း ဖြစ်သည်။

၎င်းကုမ္ပဏီမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အဖွဲ့ဝင်များနှင့် ဖေဖော်ဝါရီ ၂၉ ရက်တွင် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

"လောလောဆယ်မှာ ပြည်ပက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မယ်သူတွေ အနေနဲ့ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံဖို့ မဖြစ်နိုင်သေးဘူး။ ပြည်တွင်းလုပ်ငန်းရှင် တစ်ဦးဦးနဲ့ စပ်တူလုပ်ကိုင်နိုင်တဲ့ အဆင့်ကိုသာ ခွင့်ပြုထားသေးတယ်။ သူတို့ကတော့ လာရောက်လုပ်ကိုင်ဖို့ စိတ်ဝင်စားမှုရှိတယ်"ဟု ဆန်တင်ပို့သည့်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ထိုင်းနိုင်ငံတွင် ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်အစိုးရတက်ပြီးနောက်ပိုင်း လယ်သမားများ စပါးဈေးအား အာမခံပေးပြီး ဝယ်ယူခြင်းကြောင့် စပါးဈေးမြင့်ပြီး တစ်တန်ပေါ်တွင် ထုတ်လုပ်သည့် ကုန်ကျစရိတ် တက်သွားကြောင်း၊ ထို့အတွက် နိုင်ငံတကာဈေးကွက်တွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပြီး ရောင်းနိုင်ရန် ခဲယဉ်းသွားသည့်အတွက် ပြည်ပတင်ပို့မှုအပိုင်းတွင် ကျဆင်းသွားကြောင်း ၎င်းလုပ်ငန်းရှင်ကပြောသည်။

"ထိုင်းလုပ်ငန်းရှင် အများစုက မြန်မာနိုင်ငံမှထွက်တဲ့ ဆန်ကိုဝယ်ပြီး သူတို့ရဲ့ဖောက်သည်တွေဆီ ပို့နိုင်ဖို့ အခြေအနေတွေ ကြည့်နေတာရှိတယ်"ဟု ၎င်းက ပြောသည်။

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# အစိုးရအတွင်း အပျော့ဂိုဏ်း အမာဂိုဏ်းမရှိဟု သမ္မတပြောကြား

သီဟ

နေပြည်တော်၊ မတ်-၁



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းတို့ နှုတ်ဆက်နေစဉ်

"ကျွန်တော်တို့ အစိုးရသည် အများပြောနေကြသလို ခေါင်းမာဂိုဏ်းနဲ့ အပျော့ဂိုဏ်းဆိုပြီး ကွဲပြားနေတာ မရှိပါဘူး။ လူတစ်ဦးချင်းစီရဲ့ ဗီဇ၊ စရိုက်၊ အမူအကျင့်တွေပေါ်မှာ မူတည်ပြီး စီမံခန့်ခွဲမှု ကွဲပြားခြားနားတာကလွဲလို့ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ မူဝါဒကို ကျွန်တော်တို့ မမိုတ်မသုန် ယုံကြည်စွာဆောင်ရွက်နေကြတာ ဖြစ်ပါတယ်"ဟုနိုင်ငံတော်သမ္မတဦးသိန်းစိန်ကယနေ့ ပြောကြားသည်။

သမ္မတနှင့် တကွ ဒုတိယသမ္မတ နှစ်ဦး၊ တပ်မတော်ခေါင်းဆောင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင် ဘက်မှတာဝန်ရှိများအားလုံးသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအား မြှင့်တင်ပေးလိုသည့် စိတ်ဆန္ဒတစ်စိတ်တည်း တစ်ဝမ်းတည်းပဲရှိနေကြောင်း သမ္မတက ပြောကြားသွားသည်။

ယနေ့အချိန်သည် ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းရုံသာမက မြန်မာ့လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးအား ဒီမိုကရေစီလူ့အဖွဲ့အစည်းကြီးအဖြစ် ပြောင်းလဲပုံဖော်နေကြသည့် အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ခိုင်မာအားကောင်းတောင့်တင်းနေရန် အရေးကြီးကြောင်း သမ္မတက ပြောကြားသွားသည်။

"ဒီကနေ့ ကျွန်တော်တို့ အစိုးရကိုနေရာအနှံ့က အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောကြားနေကြတာတွေလည်း ကျွန်တော်တို့သိရှိထားပါတယ်။ အပြုသဘောမဆောင်တဲ့ ကောလာဟလတွေလည်း ကျွန်တော်တို့ ကြားသိနေပါတယ်"ဟု သမ္မတကပြောကြားသွားသည်။

သမ္မတက ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် အထူးမိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

# ဝန်ထမ်းများအတွက် ထောက်ပံ့မှု တိုးမြှင့်ဆောင်ရွက်ရေးကို ခြုံငုံစဉ်းစားပေးမည်

သီဟ

နေပြည်တော်၊ မတ်-၁

မြန်မာတစ်နိုင်ငံလုံးတွင် အစိုးရဝန်ထမ်းအရေအတွက်မှာ ၃ ဒသမ ၃ ရာခိုင်နှုန်းခန့်သာရှိပြီး ကျန် ၉၆ ဒသမ ၇ ရာခိုင်နှုန်းမှာ သာမန်လက်လုပ်လက်စား လူတန်းစားများဖြစ်သည်ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

ထို့ကြောင့် ဝန်ထမ်းများအား လစာတိုးမြှင့်ပေးလိုက်ပါက အစိုးရဝန်ထမ်းမဟုတ်သည့် ကျန်ပြည်သူ ၅၈ သန်းသည် လစာတိုးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ ကြုံတွေ့ရမည်ဖြစ်သည်ဟု သမ္မတကြီးကပြောကြားသည်။

"အခုဆိုရင် လစာတိုးပေးရေးဆွေးနွေးမှုတွေကြောင့် အရပ်ရပ်ကုန်ဈေးနှုန်းတွေ ရုတ်တရက်တက်လာတာကိုလည်း တွေ့ရှိရပါတယ်"ဟုသမ္မတကြီးကပြောသည်။ ထို့ကြောင့် အစိုးရယန္တရားတစ်ရပ်တည်းကိုသာ အလေးပေးစဉ်းစားရန်မဖြစ်သည့်အချိန်တွင် လစာမဟုတ်သည့် ထောက်ပံ့ကူညီမှုများတိုးမြှင့်ထောက်ပံ့နိုင်ရန် ခြုံငုံစဉ်းစားသွားမည်ဖြစ်ကြောင်းပြောကြားသွားသည်။

မြန်မာနိုင်ငံတွင် အစိုးရဝန်ထမ်း ၃ ဒသမ ၃ ရာခိုင်နှုန်းသာရှိသည်ဆိုခြင်းနှင့်ပတ်သက်၍ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်က "၃ ဒသမ ၃ ရာခိုင်နှုန်းကို မှီခိုနေတဲ့သူတွေက သန်းပေါင်း မနည်းဘူး၊ ၃ ဒသမ ၃ မှာ တစ်အိမ်ထောင်ကို ၁၀ ယောက်နဲ့တွက်ဦး ၃၃ သန်းမှီခိုနေရတာ"ဟု ပြောကြားသည်။

လက်ရှိလစာကြောင့် ဝန်ထမ်းများ စားဝတ်နေရေးမလုံလောက်မှုနှင့်ပတ်သက်၍လည်း "ဝန်ထမ်းတွေက အခုစားဝတ်နေရေးမလုံလောက်ဘူး၊ မလုံလောက်တဲ့အတွက် သီလမစောင့်နိုင်ကြဘူး၊ တချို့မိသားစုအခြေအနေက အင်မတန်မှရုန်းကန်နေရတယ်၊ အဲဒီလိုအခြေအနေမျိုးမှာတော့ လစာနှုန်းထားတစ်စုံတစ်ရာတိုးပေးရေးဟာ ဒီနေ့လူထုပြဿနာဖြေရှင်းရေးမှာ လုပ်ရမယ့်ကိစ္စတစ်ခုပဲ"ဟုသဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။

*အချုပ်ပို့(D) သို့*



7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

## ကျေးဇူးဥပကာရ တင်ရှိခြင်း

၂၀၀၂ ခုနှစ်မတ်လ ၇ ရက်တွင် စတင်ထုတ်ဝေခဲ့သော 7Day News ဂျာနယ်သည် ၂၀၁၂ မတ်လ ၇ ရက်တွင် (၁၀) နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။ ၁၀ နှစ်တာခရီးကို အောင်မြင်စွာဖြတ်သန်းလာနိုင်ရန်အတွက် ဖတ်ရှုအားပေး၊ ဝေဖန်အကြံပြုခဲ့သော စာဖတ်ပရိသတ်များအားလည်းကောင်း၊ တာဝန်သိသိ၊ သတ္တိရှိရှိဖြင့်သတင်းအချက်အလက်များပေးခဲ့သော သတင်းအရင်းအမြစ်များအားလည်းကောင်း၊ သတင်းဆောင်းပါး၊ သတင်းနှင့်ကာတွန်းများပေးပို့ပေးသော ဆောင်းပါးရှင်များ၊ နယ်သတင်းထောက်များနှင့်ကာတွန်းဆရာများအားလည်းကောင်း၊ ဂျာနယ်ကိုအဆင်ပြေအောင်ဖြန့်ချိပေးကြသောဖြန့်ချိရေးကိုယ်စားလှယ်များအားလည်းကောင်း၊ ပုံနှိပ်ပေးသော ပုံနှိပ်တိုက်လုပ်ငန်းရှင်များအားလည်းကောင်း၊ စီးပွားရေးကြော်ငြာများ ထည့်သွင်းကြသော ကြော်ငြာရှင်များအားလည်းကောင်း၊ ဂျာနယ်မူကြမ်းကိုစိစစ်တည်းဖြတ်ပေးသောစာပေစိစစ်ရေးအားလည်းကောင်း၊ ဂျာနယ်ကိုခေါက်ပေးသောဦးမျိုးသန့်ဂျာနယ်ခေါက်လုပ်ငန်းအားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း 7Day News က မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

■ 7Day News ဂျာနယ်မိသားစု

## ၂၀၁၂ မတ် ၇ မှ ၁၃ ရက်ထိ

### မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာ ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတလျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်း အနည်းငယ်သာရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ၁ ပေ မှ ၁ ပေခွဲခန့်အထိသာရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ (၂၄)ရက်မှ မတ်လ(၁)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများနဲ့တောင်ပိုင်း စွန်းဒေသတွေမှာ မိုးရေချိန် ၀. ၂လက်မ မှ ၁. ၈ လက်မအထိ ထစ်ချုန်းမိုးအနည်းငယ်ရွာသွန်းခဲ့ကြပါတယ်။ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ အနောက်လေစီးကြောင်းများအတွင်းမှာ မျောပါလာမယ့် လေဖိအားနည်းချိုင့်ဝှမ်းများကြောင့် မိုးအနည်းငယ် (၃)ရက်ခန့်ရွာသွန်းနိုင်ပြီး တောင်ပိုင်းစွန်းဒေသများမှာတော့ အပူရှိန်မြင့်မားလာမှုနဲ့အတူ လေထုမငြိမ်သက်မှုများကြောင့် ထစ်ချုန်းမိုးအနည်းငယ်(၃)ရက်မှ(၄)ရက်ခန့် နေရာကွက်ကျားရွာသွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးမှာ အများအားဖြင့် သာယာပါ့မယ်။

**ညအပူချိန်များ**

မတ်လဆန်းမှစတင်ကာ နွေရာသီကာလကိုရောက်ရှိလာပြီဖြစ်တဲ့အတွက် ညအပူချိန်များအစားနေ့အပူချိန်များနဲ့အစားထိုးထုတ်ပြန်ကြေညာတော့မှာ ဖြစ်ပါတယ်။ လာမယ့်မတ်လကစတင်ပြီး နေ့အပူချိန်များ တစ်နေ့ထက်တစ်နေ့မြင့်တက်လာတော့မှာဖြစ်ပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ နေ့အပူချိန်များအနေနဲ့ကတော့ ကချင်ပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွေမှာ 15 C မှ 18 C ခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေမှာ 20 C မှ 28 C ခန့်၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ကယားပြည်နယ်တို့မှာ 30 C မှ 33 C ခန့်၊ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသတွေမှာ 36 C မှ 37 C ခန့်၊ မြေလတ်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာတော့ 37 C မှ 38 C ခန့် ရှိနိုင်ပါတယ်။ တောင်ပိုင်းဒေသတွေမှာ ဖြစ်မြဲအောက်လျော့ပြီး အပူလျော့နိုင်ပါတယ်။

**မြူအခြေအနေ**

မတ်လပထမ(၁၅)ရက်ခန့်အထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှာ နံနက်ပိုင်းအချိန်အခါများမှာ မြူများကျဆင်းနိုင်ပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် တို့မှာ (၃)ရက်မှ(၄)ရက်ခန့်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း တွေမှာ (၄)ရက်မှ (၅)ရက်ခန့်၊ ကျန်ဒေသတွေမှာ (၂)ရက်မှ(၃)ရက်ခန့် နံနက်ပိုင်းအချိန်အခါများမှာ မြူများဆိုင်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်း ရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက်သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင်ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကုန်ကာနီးမှစတင်ကာ မုန်တိုင်းများ စတင်ဖြစ်ပေါ် နေပြီဖြစ်ပါတယ်။ ဒါကြောင့် နောက်ပိုင်းရက်များမှာ မုန်တိုင်းအခြေအနေကို စောင့်ကြည့်နေဖို့လိုအပ်ပေမယ့် အခုရက်သတ္တတစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့ မရှိသေးဘူးလို့ခန့်မှန်းရပါတယ်။

**အယ်လ်နီညို-လာနီညာအခြေအနေ**

လက်ရှိဖြစ်ပေါ် နေတဲ့ လာနီညာရာသီဥတုဟာ မတ်လအကုန်မှာပြီးဆုံးတော့မယ်လို့ခန့်မှန်းရပါတယ်။ ထူးခြားမှုတစ်ခုအနေနဲ့ ၂၀၁၂ ခုနှစ်ဟာ နေအမည်းစက်အများဆုံးနှစ်ဖြစ်နေပါတယ်။ နေအမည်းစက်အများဆုံးနှစ်တွေမှာ အယ်လ်နီညိုနှစ်ဖြစ်လာပါက အလွန်ပူပြင်းခြောက်သွေ့တတ်တဲ့အတွက် ၂၀၁၂ ရဲ့ လက်ကျန်ကာလတွေမှာ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ် နိုင်မှုကိုစောင့်ကြည့်ဖို့အရေးကြီးနေပါတယ်။

**ဒေါက်တာထွန်းလွင်**

## ပြည်တွင်းလေယာဉ်လက်မှတ်ခ မတ်လ ၁၅ ရက်မှစ၍ ဆီဖိုးတိုးကောက်မည်



**အောင်သူရ**
**ရန်ကုန်၊ မတ်-၁**

စွမ်းအင်ဝန်ကြီးဌာနက လေယာဉ်ဆီဈေးနှုန်းအားနှုန်းရှင် သတ်မှတ်ရောင်းချခြင်းကြောင့် ပြည်တွင်းလေယာဉ်လက်မှတ်ခများအား မတ်၁၅ရက်မှစ၍ တိုးမြှင့်ကောက်ခံတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဝယ်ပြီးသားသူတွေကိုမတ် ၁၅ ရက်ထိ မကောက်ဘူး။ ၈ ရက်ကစပြီး ဝယ်တဲ့လူတွေကိုတော့ ဆီဖိုးအပိုဆောင်းငွေစကောက်မယ်။ လေကြောင်းလိုင်း အားလုံးက ခရီးသည်တွေအတွက် ၁၅ ရက်စာအနစ်နာခံလိုက်တာပါ" ဟု အဲကမ္ဘောဇလေကြောင်းလိုင်းမှ လက်ထောက်အထွေထွေ မန်နေဂျာဦးမြတ်သူက ပြောသည်။

ထို့ကြောင့် မတ် ၈ ရက်မှစ၍ ဝယ်ယူသူများမှာ ပြည်တွင်းခရီးသွားများအတွက် ခရီးတိုတစ်ကြောင်းလျှင် ၇,၀၀၀ ကျပ်၊ ခရီးလတ် ၁၂,၀၀၀ ကျပ်နှင့် ခရီးရှည်အတွက် ၁၈,၀၀၀ ကျပ်ဖြစ်ပြီး နိုင်ငံခြားသားများအနေဖြင့် ခရီးတိုအတွက် ၁၀ ဒေါ်လာ၊ ခရီးလတ် ၁၅ ဒေါ်လာနှင့် ခရီးရှည်အတွက် ၂၅ ဒေါ်လာထပ်မံပေးရမည်ဟု သတင်းရရှိသည်။

ထိုကဲ့သို့ တိုးမြှင့်လိုက်သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားတစ်ဦးလျှင် ဒေါ်လာ ၅၀ ခန့် ပိုမိုကုန်ကျတော့မည်ဖြစ်သည်။

ယခုနှစ်တွင် အမေရိကန်ဒေါ်လာလဲနှုန်းကျဆင်းနေခြင်းနှင့်ဟိုတယ်ဈေးနှုန်းများ တက်နေခြင်းတို့ကြောင့် ခရီးစဉ်ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိသည်။

ယခင်က စွမ်းအင်ဝန်ကြီးဌာနကလေယာဉ်ဆီ(Jet-Al)အား တစ်ဂါလန်လျှင် ၂,၅၀၀ ကျပ်ဖြင့် ရောင်းချပေးခဲ့သော်လည်း မတ် ၁ ရက်မှစ၍ ၃,၀၀၀ ကျပ်အထက် နှုန်းရှင်ဖြင့် ရောင်းချလာသည်။

## တက္ကသိုလ်၊ ကောလိပ်များ ပညာသင်နှစ်တစ်နှစ်တိုးရန် အတည်ပြု

**နေလင်းထွန်း**
**ရန်ကုန်၊ မတ် - ၂**

ပြည်တွင်းရှိတက္ကသိုလ်၊ ကောလိပ်များ၏ ဘွဲ့ကြိုသင်တန်းပညာသင်နှစ်များကို တစ်နှစ်စီ တိုးမြှင့်သင်ကြားရန် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီမှ အတည်ပြုလိုက်ကြောင်း သတင်းရရှိသည်။

လာမည့် ပညာသင်နှစ်မှစတင်၍ တက္ကသိုလ်များ၏ ပညာသင်နှစ်ကို တိုးမြှင့်ရန် အတည်ပြုလိုက်ခြင်းဖြစ်ပြီး တက္ကသိုလ်၊ ကောလိပ်အသီးသီးရှိ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီအစည်းအဝေးတက်ရောက်ခဲ့သော ပါမောက္ခချုပ်တစ်ဦးက ပြောကြားသည်။

"တက္ကသိုလ်ပညာသင်နှစ်တွေ တစ်နှစ်စီတိုးဖို့ အတည်ပြုလိုက်တယ်။ သက်ဆိုင်ရာ တက္ကသိုလ်တွေအလိုက် သင်ရိုးညွှန်းတမ်းတွေ ပြင်ဆင်ရေးဆွဲနေကြတယ်။ လာမယ့်နှစ်ကစပြီး တစ်နှစ်စီတိုးမှာပါ"ဟု ၎င်းကပြောသည်။ တက္ကသိုလ်ပညာသင်နှစ်များကို လွန်ခဲ့သော ဆယ်နှစ်ကျော်မှစတင်၍ တစ်နှစ်စီလျှော့ချခဲ့ပြီးနောက် ယခုအခါ ပညာသင်နှစ်များ ပြန်လည်တိုးမြှင့်ရန် အတည်ပြုလိုက်ခြင်းဖြစ်သည်။

တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၇ ရက်တွင် ကျင်းပခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဘွဲ့ကြိုသင်တန်းများတွင် ပညာသင်နှစ် တစ်နှစ် တိုးမြှင့်သင်ကြားရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို တင်သွင်းကြမည်ဖြစ်ရာ နိုင်ငံတော်ရှိ တက္ကသိုလ်အသီးသီး၌ ကမ္ဘာ့အဆင့်မီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများဖြင့် သင်ကြားရမည်ဖြစ်သဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားမှုအတွက် အားတက်ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်းပြောကြားခဲ့သည်။

လက်ရှိပညာသင်နှစ်မှစတင်၍ ကွန်ပျူတာတက္ကသိုလ်များ၏ ပညာသင်နှစ်ကို သုံးနှစ်မှ လေးနှစ်သို့ တိုးမြှင့်ထားခဲ့ပြီးဖြစ်ကာ အခြားတက္ကသိုလ်၊ ကောလိပ်များတွင် လာမည့်ပညာသင်နှစ်မှစ၍ ဘွဲ့ကြိုသင်တန်းတက်ရောက်ကြမည့် ကျောင်းသားများအနေဖြင့် ဘွဲ့ဒီဂရီရရှိရန် တစ်နှစ်ပိုမိုကြာမြင့်၍ ပညာသင်ယူရမည်ဖြစ်သည်။

Life
7 Day News Journal
Vol.11, No.1 • MARCH 8 , 2012



နွေရာသီမုန့်ဖိုးရှာနေသော ကလေးငယ်များ

# နွေကျောင်းပိတ်ရက်များနှင့် ကလေးတို့ချစ်တဲ့ မုန့်ဖိုး

ညီညီဇော်

မန္တလေးမြို့ရဲ့ တပေါင်းလ နေ့လယ်ခင်းအပူကိုကောင်လေးတစ်ဦး ဂရုမစိုက်ဘဲ အလုပ်ရှုပ်နေသည်။ သူက ပီပါခွံထဲမှာရှိနေတဲ့ ဆီအကပ်လေးတွေကို တုတ်ချောင်းထိပ်မှာ ဖော့တုံးချီထားသော တုတ်နဲ့ ပီပါခွံထဲထိုးပြီး ဖော့တုံးလေးထဲပါလာတဲ့ ဆီတွေကိုညှစ်လိုက် ပလတ်စတစ်ပုံးလေးထဲ ထည့်လိုက်လုပ်နေသည်။

သင်္ဘောပေါ်မှာရှိသော ပီပါခွံများထဲမှ ဆီအကပ်ကို စုပ်ယူပြီးသွားတော့ သူ့ပုံးလေးထဲမှာ ဒီဇယ်ဆီတွေ တော်တော်များများ ရနေပြီဖြစ်လေသည်။ ရလာတဲ့ ဒီဇယ်ဆီတွေကို ဆီကုန်သည်ဆီမှာ သွားသွင်းကြမည်ဖြစ်ပြီး တစ်နေ့ကို သုံးလေးထောင် အနည်းဆုံးရသည်ဟု မန္တလေးမြို့က ဧရာဝတီမြစ်ဘေးမရမ်းခြံဆိပ်ကမ်းမှာ ဆီစစ်တယ်လို့ခေါ်သည့် ဆီအကပ်ကောက်နေသော အသက်(၁၂)နှစ်အရွယ် မောင်ဟိန်းမင်းဝင်းက ပြောလေသည်။

“သားက ဒီဆိပ်ကမ်းနားကထင်းဝင်းရပ်ကွက်မှာ နေတာ။ ကျောင်းက ခြောက်တန်းဖြေထားတယ်။ ကျောင်းဖွင့်ရင် ခုနစ်တန်းတက်ရမယ်။ ကျောင်းပိတ်တုန်းခဏလာလုပ်တာ။ ကျောင်းတက်နေရတုန်းကလည်း စနေ၊ တနင်္ဂနွေ ရက်တွေဆို လာလုပ်တယ်။ ခုပိုလုပ်ဖြစ်တာပေါ့။ ကျောင်းပိတ်တော့”ဟု ဆီစုပ်တုတ်တံလေးကို ကိုင်ကာပြောသည်။ သူ့အသားအရောင်က နေလောင်ထားသဖြင့် ညိုတိုတိုဖြစ်နေသည်။

သူက ဒီဆီစစ်တဲ့အလုပ်က နေရလာတဲ့ ပိုက်ဆံအကုန်လုံးကို အဖေနဲ့ ကွဲနေတဲ့ အမေ့ကိုပဲ အပ်ဖြစ်သည်ဟုပြောလေသည်။ အမေကတော့ ဒီဆိပ်ကမ်းမှာပဲ ရရာ အလုပ်ဝင်လုပ်သည်။ သူ့အသားအရောင်က နှစ်ပေါင်းများစွာ နေလောင်ထားသဖြင့် ညိုမည်းမည်းရောင် ဖြစ်နေသည်။ “ကျွန်တော့် သူငယ်ချင်း အမြွှာညီအစ်ကိုကတော့ နွေကျောင်းပိတ်ရက်မှာ ဖိနပ်ချုပ်တဲ့ဆီကို သူ့အဖေက ပို့ထားတယ်။ ကျွန်တော်တို့ကတော့ ဒါပဲလုပ်တတ်တော့ ကျောင်းပိတ်တိုင်း ဒါပဲလုပ်ဖြစ်တယ်”ဟု ဆိုသည်။ အသက်(၇)နှစ်အရွယ် မောင်မင်းထက်သာကတော့ သူငယ်တန်းဖြေထားပြီး ကျောင်းပိတ်ချိန်တွင် မိသားစုအတွက် အပိုဝင်ငွေရအောင် ဆီစစ်တဲ့လုပ်ငန်းကိုလာလုပ်ရခြင်းဖြစ်သည်ဟုဂုဏ်ယူစွာ ပြောသည်။ “အမေ့ကိုပဲ အပ်တာ။ သား ဘာမှမသုံးဘူး။ နေပူလို့ အရမ်းအိပ်ချင်လာတယ်ဆိုရင်တော့ အိမ်ပြန်အိပ်တယ်” ဟု ဆိုလေသည်။

“တစ်ခါတုန်းက ကားပေါ်ကနေ ဆီစစ်ဖို့ ဆီပီပါခွံတွေ တင်ထားတဲ့ကားနားကပ်နေတာ။ အပေါ်ကနေ ဆီပီပါခွံကြီးတစ်လုံးပြုတ်ကျလာလို့ ခြေထောက်လိမ်သွားတာ၊ ဆေးရုံတက်လိုက်ရသေးတယ်”ဟု မောင်ဟိန်းမင်းဝင်းက သူ၏ လိမ်ဖည်ဖည်ဖြစ်နေသော ခြေထောက်ကို ဘောင်းဘီလေးဆွဲတင်ကာ မပြရင်း ပြောသည်။

“သားသူငယ်ချင်းတွေထဲမှာ တချို့က ဗုဒ္ဓဘာသာသင်တန်းတို့ ဘာတို့ တက်ကြတယ်။ သားကတော့မတက်နိုင်တော့ပါဘူး။ အဲဒါတက်ရင် ပိုက်ဆံရှာတဲ့ အလုပ်မလုပ်နိုင်တော့ဘူးလေ။ သားသာသင်တန်းတက်လို့ရမယ်ဆိုရင် ကွန်ပျူတာ သင်တန်းတက်ချင်တယ်” ဟု မောင်ဟိန်းမင်းဝင်းက မြစ်ဆိပ်သင်္ဘောပေါ်မှ ဆီပီပါခွံများကို ကြည့်ရင်းပြောသည်။

စာ(၁၁)သို့

## မန်ကျည်းသီး ဘာလချောင်ကြော်

ဒီတစ်ပတ်တော့ အရန်ဟင်းတစ်ခွက်ချက်ဖို့ စီစဉ်ထားပါတယ်။ မီးနေသည်ဟင်းလို့လည်း ပြောကြတဲ့ငါးကျည်းခြောက်မန်ကျည်းသီး ဘာလချောင်ကြော်ပဲဖြစ်ပါတယ်။

အဲဒီဘာလချောင်ကြော်ဖို့ ငါးကျည်းခြောက် နှစ်ကျပ်ခွဲသား၊ မန်ကျည်းသီးမှည့် လက်တစ်ဆုပ်ခန့်နဲ့ကြက်သွန်ဖြူ နီ၊ ငရုတ်သီးခွဲခြမ်းတို့ပဲလိုပါတယ်။

ပထမဆုံး ငါးကျည်းခြောက်ကိုအရိုးဖယ်ပြီး အသားလေးတွေကို နွှာ၊ ဒါမှမဟုတ် ကတ်ကြေးနဲ့ အပိုင်းသေးလေးတွေဖြစ်အောင် ညှပ်ထားပါ။ မန်ကျည်းသီးမှည့်ကို တော့ရေစိမ်ပြီးအနှစ်တွေပဲ ရအောင် ဆန်ခါနဲ့တွန်းလိုက်ပါ။

တခြားဘာလချောင်ကြော်တွေလိုပဲ ကြက်သွန်ဖြူ အရင်ကြော်၊ ကြက်သွန်ပါးပါးလှီးထားတာကိုကြော်၊ ပြီးရင် အဲဒီနှစ်မျိုးစလုံးကို ဆယ်ပြီး ဘေးဖယ်ထား။ ကျန်တဲ့ဆီထဲကို မန်ကျည်းသီးနှစ် ထည့်မွှေပေါ့မယ်။ မန်ကျည်းနှစ်ဆီပူထိုးပြီးတာနဲ့ ငရုတ်သီးခွဲခြမ်းထည့်ပါ။ ကြက်သားမှုန့်လည်း ထည့်ပါမယ်။ ပြီးရင်တော့ ငါးကျည်းခြောက်တွေ ထည့်မွှေရုံပါပဲ။ အမယ်တွေက ဆီစုပ်တာကြောင့် ဆီကို ခပ်များများလေး ထည့်ဖို့လိုပါတယ်။ မန်ကျည်းနှစ်နဲ့ငါးကျည်းထည့်မွှေလို့နှံ့စပ်သွားပြီး မွှေးလာရင်ချလို့ရပါပြီ။ ချပြီးမှ ကြော်ထားတဲ့ ကြက်သွန်ဖြူနီတို့ကို ရောမွှေပေးလိုက်ရုံပါပဲ။

ချဉ်ချဉ်စပ်စပ်နဲ့ မန်ကျည်းမှည့်ကြော်လေးက ဒန့်သလွန်ရွက်ဟင်းချိုလေးနဲ့ဆိုရင် အလွန်လိုက်ဖက်တာပါပဲ။

## အိုးလေးချက်ကြရအောင်

ဝိုက်ဝိ





ဓာတ်ပုံ - SST

ဈေးဝယ်ထွက်မယ်

## သကြၤန်မှာဆံပင်ပုံစံ အမိုက်စား ဖြစ်ချင်လား...





ဓာတ်ပုံ - ဝေယံ





အိဖြူလွင်

ဒီတစ်လကုန်ရင်ဖြင့် မြန်မာနိုင်ငံက လူကြီးလူငယ်မရွေး အားလုံး မျှော်လင့်စောင့်စားနေကြတဲ့ သင်္ကြန်ပိတ်ရက်ရှည်နဲ့နှစ်သစ်ကူးပွဲတော်ကိုရောက်တော့မှာပါ။

ဒီလိုချိန်ခါရောက်လာတိုင်း လူငယ်တိုင်းက ပွဲတော်ကို ရင်ခုန် စွာမျှော်လင့်ရင်း စိတ်ကူးနဲ့ ပြင်ဆင်လေ့ရှိတာ အစဉ်အလာပါ။

လူငယ်တွေအများစုဟာ သင်္ကြန်နားနီးရင်ဖြင့် အားလုံးထက်ပိုပြီး ဦးစားပေးပြင်ရတာတစ်ခုက ဆံပင်ပါ။ ဆံပင်က အလန်းစားပုံစံမျိုးစုံနဲ့ရော အလန်းစားကာလာမျိုးစုံနဲ့ရောလည်း သင်္ကြန်အတွက်ကို ပြင်ကြရတာပါ။

ရေကစားချိန် ရေတွေစိုနေရင်တောင် ဆံပင်ပုံစံတွေ အမိုက်စားဖြစ်အောင် ပြင်ဆင်လိုတဲ့ လူငယ်တွေ အားလုံးအတွက် ဒီတစ်ပတ်မှာ ဆံပင်ဆိုးဆေးတွေ အမျိုးစုံကို တစ်နေရာတည်းမှာရနိုင်တဲ့ဆိုင်ကိုညွှန်ပေးလိုက်ပါတယ်။

ဒီဆိုင်မှာက ဆံပင်ဆိုးဆေး အမျိုးအစားစုံသလို ထုတ်လုပ်တဲ့ နိုင်ငံကလည်း စုံလင်ပါတယ်။ ပြီးတော့ ဈေးနှုန်းသက်သာတာကနေ ဈေးကြီးတာထိ အမျိုးအစား သင့်တင့်တာကနေ အမျိုးအစားအကောင်းဆုံးအထိ ရနိုင်ပါတယ်။

Revlon, L'oreal, Lolane, Cru-set, Deoproce, Kgora, Schwarz-koff, Garnier, Z-Cool စတဲ့တံဆိပ်မျိုးစုံကိုလည်း ရနိုင်ပြီး ခေါင်းလျှော်ရင်ပြန်ပျက်သွားတဲ့ တစ်ခါသုံးပုံစံ၊

စာ(၁၁)သို့

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012




# အယ်ဒီတာ့ထံ ပေးစာ

## ကိုယ့်တာဝန်ကို အရင်ကျေပွန်ပါစေ

ယနေ့ ရန်ကုန်မြို့လမ်းများပေါ်တွင် လူကူးမျဉ်းကျားမှ မကူးသော လမ်းသွားလမ်းလာများကို လမ်းစည်းကမ်းထိန်းသိမ်းရေး မော်တော်ယာဉ်က လိုက်လံဖမ်းဆီးကာ ခေါ်ဆောင်သွားသည်။ လူကူးမျဉ်းကျားက မကူးခြင်းသည့် လမ်းစည်းကမ်းဖောက်ဖျက်ခြင်းဖြစ်သဖြင့် အရေးယူခြင်းကို မည်သို့မျှ မပြောလိုပါ။ သို့သော် လူကူးမျဉ်းကျားများသည် လမ်းသွားလမ်းလာအတွက် လုံလောက်ပြည့်စုံစွာ ရှိပါရဲ့လား။ ရှေ့မှာလူကူး မျဉ်းကျားရှိသည်ဆိုသော လမ်းညွှန်ဆိုင်းဘုတ်များ ပြည့်စုံစွာရှိပါရဲ့လား။ မရှိပါ။ ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးက လူကူးမျဉ်းကျားသည် အရှေ့ဘက်ခြမ်းပဲ ရှိ၍ အနောက်ဘက်ခြမ်းက မရှိပါ။ လမ်းပြင်လို့ ပျက်သွားပြီး ပြန်လည်ရေးဆွဲခြင်း မရှိခဲ့ပါ။ ရန်ကုန်မြို့ အနော်ရထာလမ်းပေါ် လမ်းမတော်လမ်းနှင့်ဘုန်းကြီးလမ်းကြားက လူကူးမျဉ်းကျားသည် လုံးဝပျက်နေပြီး အရာပဲရှိပါသည်။ ခရီးသွားမမြင်နိုင်ပါ။ လူကူးမျဉ်းကျားအဖြစ် အဝါရောင်မှာ မရှိတော့ပါ။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ယခင်ရှမ်းလမ်း)ပေါ် အလက(၆)ရှေ့ရှိလူကူးမျဉ်းကျားတွင် အဝါရောင်အားလုံး ပျောက်နေပါပြီ။ လူကူးမျဉ်းကျားပင် မဟုတ်တော့ပါ။ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမကြီးပေါ်တွင် ကမ်းနားလမ်းနှင့် ကုန်သည်လမ်းအကြား ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းအကြားများတွင် လူကူးမျဉ်းကျားတစ်ခုမှမရှိပါ။ မရှိလို့ လမ်းဖြတ်ကူးပြန်တော့ အဖမ်းခံရပြန်သည်။

ရှေးယခင် ၂၀၀၄-၂၀၀၅ ခုနှစ်ခန့်က ရန်ကုန်မြို့ ဆူးလေဘုရားတောင်ဘက်မုခ်အနီး စကြံပေါ်တွင် ရှေ့မှာလူကူးမျဉ်းကျားရှိ သည်ဆိုသော လမ်းညွှန်ဆိုင်းဘုတ် ရှိခဲ့သည်။ ကားကဝင်တိုက်သွားတော့ ခါးလယ်က ကွေးသွား၏။ တစ်ယောက်ကလူသွားစကြံပေါ်တင်ထားလိုက်သည်။ နောက်ပျောက်သွားသည် မဟာဗန္ဓုလလမ်းပေါ် ဆိပ်ကမ်းသာလမ်းအနီးမှာ ယင်းကဲ့သို့ ရှေ့မှာ လူကူးမျဉ်းကျားရှိသည် ဆိုင်းဘုတ်ရှိခဲ့ဖူးသည်။ ယခုမတွေ့ရတော့ပါ။ လမ်းစည်းကမ်းနှင့် မညီသည်ကို အရေးယူပါ။ သို့သော် လမ်းသွား သူလမ်းကူးလွယ်ကူစေဖို့ လူကူးမျဉ်းကျားများကို ထင်ရှားအောင် အမြဲပြင်ဆင်ရေးဆွဲပေးပါ။ လမ်းညွှန်းဆိုင်းဘုတ်များထားပေးပါ။ မိမိတို့လုပ်ရမည့် အလုပ်ကိုပြီး ပြည့်စုံအောင် အရင်လုပ်ပါဦး။ ဘတ်စ်ကားမှတ်တိုင်တွင် လူကူးမျဉ်းကျားထားသည်။ ယင်းကို ဘတ်စ်ကားက ခွရပ်ထားသည်။ လူကူးမျဉ်းကျားကနေ မည်သို့မျှ ကူး၍မရတော့ပါဘူး။

**တစ်ဖက်သို့**






## ကိုယ့်တာဝန်ကို အရင်ကျေပွန်ပါစေ မှ

မရ၍ တခြားနေရာက ကူးပြန်တော့ အဖမ်းခံရဦးမည်။ မျဉ်းကျားပေါ်တွင် ရပ်ခွင့်မရှိသော ဘတ်စ်ကားက ဥပဒေ ချိုးဖောက်ပြီး မျဉ်းကျားပေါ် ရှိ ရပ်ထားခြင်းကိုမူ အရေးမယူပါ။

ယနေ့ ရန်ကုန်မြို့၏ လမ်းများပေါ်တွင် ရှေ့လိုင်စင်နံပါတ်ပြား မပါသော၊ နောက်လိုင်စင်နံပါတ်ပြားမပါသော ကိုယ်ပိုင်ကားအသစ်များ မင်္ဂလာယူပြီး မောင်းနေကြပါသည်။ ကျွန်တော့်တစ်သက် တစ်ခါဖူးမျှ ရန်ကုန်မြို့တွင် မမြင်ခဲ့ဖူးပါ။ သို့သော် ယခုမြင်တွေ့ရပါပြီ။ ကျွန်တော်သည် ရန်ကုန်မြို့ ကမ်းနားလမ်းရုံးကြီး(ယနေ့တိုင်း တရားရုံး) တွင် ၁၄နှစ်တာ အလုပ်လုပ်ကိုင်ခဲ့သည်။ ယခင်က ဆိပ်ကမ်းသင်္ဘောပေါ်မှ ချသော ကားအသစ်သည် အနီးဆုံး မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း) ထိပ်ရှိ ကုန်းလမ်းညွှန်ကြားရေးမှူးရုံးမှာ ယာယီနံပါတ် ထုတ်ရသည်။ ယာယီနံပါတ်ပြားချက်ချင်း တပ်ရသည်။ ယခုကားတွေသည် မည်သည့်အတွက် ယာယီနံပါတ်မတပ်သည်ကို မသိပါ။ နံပါတ်ပြားမပါသည့် ကားက တိုက်ပြေးသော် မည်သည့်နံပါတ်ဟု ပြော၍ မရနိုင်ပါ။ ခရီးသွားအတွက် အန္တရာယ်များလှသည်။ တချို့ကားက ရှေ့မှန်၊နောက်မှန်တွင် နံပါတ်ရေးထားသည့် စက္ကူကပ်ထားသည်။ မလုံလောက်ပါ။ ယာယီနံပါတ်တို လိုင်စင်နံပါတ်ပြား ထားသည့် နေရာတွင်ထင်ရှားစွာ ကပ်ထားရမည်။ ဥပဒေချိုးဖောက်သော တန်ဖိုးကြီးယာဉ်ပိုင်ရှင်ကိုမူ အရေးမယူဘဲ လမ်းဖြတ်ကူးသူကိုသာ အရေးယူခြင်းသည် မျက်နှာကြီး ရာ ဟင်းဖတ်ပါနေလေရော့ သလားဟု စဉ်းစားဖွယ်ဖြစ်ပါသည်။

နောက်ရှိပါသေးသည်။ စတစ်ကာ အမည်းကပ်သော ကားများ အရေးယူမည်ဟု သတင်းစာမှာ မကြာခဏဖတ်ရသည်။ ပြောပေါင်းများလို့ ရိုးနေပါပြီ။ ကားပေါင်းများစွာတွင် ယနေ့အခါ စတစ်ကာအမည်းများ ကပ်နေကြပါသည်။ ဥပဒေဟူသည်သူဌေးကျတော့ အရေးမယူ၊ ဆင်းရဲသားကျမှ အရေးယူသည်ဟူ၍ မဖြစ်ကောင်းပါ။ ဥပဒေနှင့်ငြိစွန်းသည်ရှိသော်လမ်းစည်းကမ်းမလိုက်နာသူကိုအရေးယူသကဲ့သို့ ယာဉ်စည်းကမ်း မလိုက် နာသူကို အလျှော့ပေးထားခြင်းသည် အများပြည်သူကြားလို့မှ မကောင်း၊ မြင်လို့မှ မတော်ပါ။ လူကူးမျဉ်းကျားတွေလုံလောက်အောင်ထားမပေးဘဲ၊ ရှိသည့်လူကူးမျဉ်းကျားတွေ ထင်ရှားပြတ်သားစွာ ရေးဆွဲမထားဘဲ အရေးယူခြင်းသည် ကိုယ်လုပ်ရမည့် အလုပ်ကို ဦးစွာတာဝန်မကျေပွန်ဘဲ အရေးယူနေခြင်းသာဖြစ်ပါသည်။

**ကိုဝမ်း**



# ဓမ္မ

အသိတစ်လုံးအပြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



## မေတ္တာဖြင့် နိုးထ၍ နေ့သစ်ကို စတင်ပါ

အရုဏ်ဦးအချိန်ကာလသည် နေ့တစ်နေ့၏ အစဖြစ်၏။ ထိုအချိန် ကာလတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် မေတ္တာဖြင့် နိုးထ၍ နေ့တစ်နေ့ ကိုစတင်သင့်၏။ သတ္တဝါမှန်သမျှ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေဟု မေတ္တာပို့ခြင်းသည် အလွန်မွန်မြတ်သောအလုပ်ဖြစ်၏။ လောကကို မေတ္တာဖြင့် ရှုမြင်ခြင်း၊ အကောင်းမြင်အမြင်ဖြင့် စတင်နိုးထခြင်းဖြစ်ပေ၏။ ဘာသာတရားကိုထိန်းသိမ်း၍ သူတော်ကောင်းဘဝဖြင့် တစ်နေ့တာ ဆက်လက်ရပ်တည်အသက်ရှင်ခြင်းလည်း မည်၏။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရခြင်း စသောမင်္ဂလာတရားနှင့်လည်းညီ၏။

လူ့လောကတွင် စိတ်ထားဖြူစင်ဖြောင့်မတ်မှန်ကန်မှသာ ယုံကြည်မှု အားကောင်းစေမည်ဖြစ်၏။ အကြင်သူသည် အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌ အလိမ္မာရှိ၏။ သီလနှင့်ပြည့်စုံ၏။ သိမ်မွေ့နက်နဲသောဉာဏ်ပညာရှိ၏။ နှိမ့်ချခြင်းရှိ၏။ ခက်ထန်ခြင်းမရှိ။ ထိုဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော သူသည် ကျော်စောမှုကိုရ၏။ အကြင်သူသည် ထကြွလုံ့လရှိ၏။ ပျင်းရိ ခြင်းမရှိ။ ဘေးရန်ဖြစ်လျှင် မတုန်လှုပ်၊ မပြတ်အားထုတ်အပ်သော အသက်မွေးမှုရှိ၏။ အရာအားလျော်စွာ သိတတ်သောပညာရှိ၏။ ထိုသို့သောသူသည် ကျော်စောမှုကိုရ၏။ အကြင်သူသည် ချီးမြှောက်တတ်၏။ အဆွေခင်ပွန်းကောင်းကိုရှာတတ်၏။ ကျေးဇူးတရားကိုသိတတ်၏။ ဝန်တိုမှုမရှိ၊ အကျိုးဆောင်တတ်၏။ ကျိုးကြောင်းပြ၍ ဆုံးမတတ်၏။ ခေါင်းဆောင်တတ်၏။ ထိုသို့ သဘောရှိသူသည် ကျော်စောမှုကိုရ၏။

အကြင်သူသည် ဥစ္စာပျက်ပြီး စည်းစိမ်ဥစ္စာတို့၌ တပ်မက်မှုကြီးမား၏။ မင်းမျိုး၌လည်းဖြစ်၏။ ထိုသူသည် မင်းအဖြစ်ကို လိုချင်တောင့်တ၏။ ထိုသူ၏ ထိုအကြောင်းသည် ပျက်စီးဆုတ်ယုတ်ခြင်းကို ဦးတည်၏ဟု မြတ်ဗုဒ္ဓဟောကြားတော်မူသည်။

ရည်ညွှန်း-'ဗုဒ္ဓဘာသာကောင်းတစ်ယောက်' သာသနာတော်ထွန်းကာပြန့်ပွားရေးဦးစီးဌာန

## မတ်နှင့်ဧပြီလအတွင်း အင်္ဂါဂြိုဟ်ကို ကြီးမားစွာမြင်တွေ့ရမည်

ဥက္ကာကိုကို

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၆**

မတ်လနှင့် ဧပြီလအတွင်း မြန်မာ့မိုးကောင်းကင်တွင် အင်္ဂါဂြိုဟ်ကို တစ်နေ့ထက်တစ်နေ့ ပိုမို အရွယ်ကြီးမားလာသည်ကို မြင်တွေ့ရမည်ဖြစ်ပြီး လာမည့် မတ်လ ၄ ရက်နေ့တွင် အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့်အနီးဆုံးဆုံမှတ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့မှ သိရသည်။

ယခုကဲ့သို့ အင်္ဂါဂြိုဟ်နှင့် ကမ္ဘာ နီးကပ်လာခြင်းဖြစ်စဉ်သည် အင်္ဂါဂြိုဟ်ဖောက်ပြန်ခြင်း ဖြစ်စဉ်နှင့်တွဲဖက်ဖြစ်ပေါ်မည်ဖြစ်ပြီး ၃၂ နှစ်တွင်မှ တစ်ကြိမ်ဖြစ်ပေါ်တတ်ကြောင်းသိရသည်။

အင်္ဂါဂြိုဟ်ဖောက်ပြန်ခြင်း ဖြစ်စဉ်သည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၅ ရက်နေ့တွင် စတင်ခဲ့ပြီး ဧပြီ ၁၄ ရက်နေ့အထိ ဖြစ်ပေါ်မည်ဟု သိရသည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၁၉၄၈ ခုနှစ် ဇူလိုင် ၄ ရက်နေ့အတွင်း မွေးဖွားခဲ့သူများ အနေဖြင့် အထူးသတိပြုရမည်ဖြစ်ပြီး ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၉၈၀ ခုနှစ်ဇွန်လ ၂၈ ရက်အတွင်း မွေးဖွားခဲ့သူများ အနေဖြင့်မူ အင်္ဂါဂြိုဟ်၏ အစွမ်းသတ္တိလွှမ်းမိုးမှုရရှိချိန်ဖြစ်ကြောင်း ယင်းကဆိုသည်။

အင်္ဂါဂြိုဟ်ကို လာမည့် မတ်လ ၄ ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် ၂နာရီ ၃၂ မိနစ်တွင် ကမ္ဘာနှင့်အနီးဆုံးဆုံမှတ်သို့ ရောက်ရှိမြင်တွေ့ရမည်ဖြစ်ပြီး ကမ္ဘာမြေနှင့် မိုင်ပေါင်း ၆၂ ဒသမ ၈၁ သန်း အကွာအဝေးတွင် တည်ရှိမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်က မိုင်ပေါင်း ၃၅သန်းအထိ နီးကပ်ဖူးကြောင်း သိရသည်။

မတ်လ ၄ ရက်နေ့ ည၉ နာရီမှစတင်ကာ အရှေ့ဘက် မိုးကောင်းကင်တွင် အင်္ဂါဂြိုဟ်ကို နီရဲလုံးဝန်းသော ကြယ်ပွင့်ကြီးအသွင်မြင်တွေ့ရမည်ဖြစ်ပြီး အရုဏ်တက်ချိန်တွင် အနောက်ဘက် မိုးကောင်းကင်၌မြင်တွေ့နိုင်ကြောင်း သိရသည်။

## စာ-၉၊ နွေရာသီကျောင်းပိတ်ရက်များနှင့် ကလေးတို့ချစ်တဲ့ မုန့်ဖိုး မှ

တစ်ခါတစ်ရံ ဆီလုပ်သားကြီးများ၏ မာန်မဲမှုသည်လည်း သူတို့ပျော်စရာပင်ဖြစ်နေသည်ဟု ဆိုကြသည်။

ပွက်ရည်ကောက်သည်ဟု ခေါ်သည့်ပီပါများထဲမှဖိတ်ကျလာသော သကာရည်များကို ကောက်ကာပြန်ရောင်းသည့် အသက်၁၁ နှစ် အရွယ်ရှိ တရုတ်ကြီးဟု ခေါ်သူကလေးကတော့ "ကျွန်တော်တို့ကျတော့ နပန်းရိုက်တာ ခံရတယ်။ ပုံးတွေဘာတွေ လွှင့်ပစ်တာ ခံရတယ်။ ဒါပေမဲ့မကြောက်ပါဘူး။ ပိုက်ဆံရဖို့လုပ်တာပဲ"ဟု ပြောပြရင်း ရယ်ကြသည်။ သင်္ဘောပေါ်တွင် ဆီစုပ်ရင်း ပီပါညှပ်ခြင်းသည် သူတို့အမြတ်မကြုံနေရသောကိစ္စတစ်ခုပင်ဖြစ်သည်ဟု ဆိုသည်။ "ဆီရလို့ရှိရင် အရမ်းပျော်တယ်"ဟုအသက်အငယ်ဆုံး ဆီကောက်သမားလေး မင်းထက်သာက သွားကျိုးလေးများပေါ်အောင် ရယ်ရင်း ပြောသည်။ မြစ်ဆိပ်ရှိ ပီပါခွံများကို သင်္ဘောပေါ်သို့ ထမ်းသည်ပို့ပေးနေရသည့် လေးတန်းကျောင်းသားတစ်ဦးကတော့ တစ်ပီပါလျှင် ၂၀ ကျပ်ခန့်ရပြီး တစ်နေ့လျှင် ပီပါအလုံးရေ ၆၀၀၊ ၇၀၀ ခန့်ထိ သယ်ပို့ပေးရသည်ဟု ဆိုသည်။

အမရပူရမြို့ရှိ ကလေးငယ် အချို့ကတော့ နွေရာသီကျောင်း ပိတ်ရက်ကို ဒေသလုပ်ငန်းဖြစ်သော အထည်များပေါ်တွင် ပန်းပုံများ၊ ချိတ်ဒီဇိုင်းများဆွဲရသော ဆေးဆွဲလုပ်ငန်းကို လုပ်ကိုင်ကြလေသည်။

"ကလေးတွေ တော်တော်များများ ဆေးပန်းချီဆွဲနေကြတာ။ အလုပ်က လက်ဖက်ရည်တိုက်တယ်။ မုန့်ကျွေးတယ်။ မုန့်ဖိုးလည်း ပေးတော့ သူတို့ကျောင်းဖွင့်ချိန် ကျောင်းစရိတ်ရအောင် စုကြတယ်။ ပန်းချီသင်တန်းတို့ ဘာတို့တောင် သီးသန့်တက်စရာ မလိုတော့ဘူး"ဟု အမရပူရမြို့မှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

"ကလေးတွေအတွက် ဆိုပေမယ့် သူတို့တွေရလာတာတွေကိုလည်းမိဘတွေကမချောင်လည်တော့ သုံးလိုက်ကြရတာပါ ပဲ"ဟု ထိုအမျိုးသမီးကသုံးသပ်သည်။

ဆီစစ်သည်ဟုခေါ်သည့်ဆီအကပ်များကောက်သည့်ကလေးငယ်များရော၊ ပွက်ရည်ကောက်သည့် ကလေးများပါ တူညီသည့်ဆန္ဒကတော့ အခြား ကလေးများလို နွေကျောင်းပိတ်ရက်တွင် သင်တန်းများ စိတ်အေး ချမ်းသာစွာ တက်လိုခြင်းဖြစ်သည်။ ကွန်ပျူတာသင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများကို တက်လိုကြပြီး ရေကူးသင်တန်းတော့ မတက်လိုပါဟု ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် မြစ်ဘေးတွင်ကြီးပြင်းရသဖြင့်ရေကူးတတ်ပြီး ဖြစ်သောကြောင့်ဟုဆိုလေသည်။ နွေကျောင်းပိတ်ရက်တွင် ငွေကြေးပြည့်စုံသော သားသမီးများ သင်တန်းမျိုးစုံကို အေးချမ်းပျော်ရွှင်စွာ တက်နေကြမည်ဖြစ်သလို မင်းထက်သာတို့လို နွေအပူကို အန်တုရင်း နွေကျောင်းပိတ်ရက်တွင် လုပ်ငန်းခွင်ကိုဖြတ်သန်းနေကြသူများလည်း ရှိနေဦးမည်ဖြစ်ပါတော့သည်။

## ဒေါက်တာအောင်ဝင်းမောင် ကွယ်လွန်ရခြင်းအကြောင်း မိသားစုရှင်းလင်း

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၆**

မော်လမြိုင်မြို့တွင် ရုတ်တရက် ကွယ်လွန်သွားသည့် ဒေါက်တာအောင်ဝင်းမောင် သေဆုံးရခြင်း အကြောင်းအရင်းအား မိသားစုက ရှင်းလင်းပွဲတစ်ခု ဟသ်ာတ အသင်းတွင်ပြုလုပ်ခဲ့သည်။

ထိုရှင်းလင်းပွဲအား ရုတ်တရက်သေဆုံးရခြင်းအတွက် ဖြစ်ပေါ်လာသည့်တချို့ကောလာဟလများနှင့်နေအိမ်သို့ဖုန်းဆက်သတင်းမေးကြသည့်သူများ သိရှိစေရန် ပြုလုပ်ခြင်းဖြစ်ပြီး ဒေါက်တာအောင်ဝင်းမောင်သည် မော်လမြိုင်မြို့တွင် ဂျက်စကီးမော်တော်ဘုတ်စီးရင်း သေဆုံးခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာအောင်ဝင်းမောင်သည် ဂျက်စကီးမော်တော်ယာဉ်ကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းနှင့် ထိုင်းနိုင်ငံဖူးခက်ကမ်းခြေများတွင်လည်း ကျွမ်းကျင်စွာစီးနင်းနိုင်သူဖြစ်သည်။ ယခုဖြစ်စဉ်၌ မော်လမြိုင်ဆိပ်ကမ်းတွင် စတင်စီးစဉ် ပထမအခေါက်၌ ကျွမ်းကျင်နည်းပြဖြင့် စိတ်ကြိုက်စမ်းသပ်ပြီး နောက်တစ်ကြိမ် ဇနီးဖြစ်သူနှင့် စီးစဉ် မော်တော်မှောက်၍ ရေနစ်ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

"ရေနစ်တဲ့အချိန်က အများဆုံးတစ်မိနစ်ပဲ။ ဆေးရုံရောက်တဲ့အချိန်ကလည်း ၁၅ မိနစ်အတွင်း ရောက်သွားတာပါ။ ဆေးရုံရောက်တော့ ဆရာဝန်က သေဆုံးသွားပြီလို့ မှတ်ချက်ပေးတယ်"ဟု အဆိုပါဖြစ်စဉ်တွင်ပါဝင်ခဲ့သည့်ဒေါက်တာအောင်ဝင်းမောင်၏ တပည့်ဦးစောသက်ဦးက ပြောသည်။

ဆရာဝန်၏ သေဆုံးရခြင်း ဆေးမှတ်ချက်နှင့် ဒေါက်တာအောင်ဝင်းမောင်ကဲ့သို့ဂျက်စကီးကျွမ်းကျင်သူတစ်ယောက် ယခုကဲ့သို့ မတော်တဆဖြစ်မှုအပေါ် အမြင်အား မေးမြန်းရာ ဦးစောသက်ဦးက သိရှိခြင်းမရှိပါဟု ပြန်လည်ဖြေကြားခဲ့သည်။

"ဖြစ်စဉ်မှာ အတူတူပါခဲ့တဲ့ ဒေါက်တာအောင်ဝင်းမောင်ရဲ့ ဇနီးလည်း အခုဆေးကုသမှု ခံယူနေတယ်။ သူပြောတာကတော့ သူလည်း ကွေ့လိုက်တာပဲ သိလိုက်တယ်။ ပြီးတော့ ရေထဲပြုတ်ကျသွားတယ်"ဟု အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲနှင့် အောက်မေ့လွမ်းဆွတ်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့်ဟသ်ာတမြင့်ငွေကပြောသည်။

ဒေါက်တာအောင်ဝင်းမောင်သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီကျော်ခန့်တွင် ကွယ်လွန်ခဲ့ပြီး ဆေးဝါးထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ ဆောင်ရွက်သူတစ်ဦးဖြစ်ကာ ဟသ်ာတအသင်း၏ အတွင်းရေးမှူးတစ်ဦးလည်းဖြစ်ကြောင်းသိရသည်။

### စာ -၉၊ သကြၤန်မှာ ဆံပင်ပုံစံ အမိုက်စားဖြစ်ချင်သလား မှ

spray type ပုံစံဆံပင်ဆိုးဆေးတွေလည်း အရောင်စုံရနိုင်ပါသေးတယ်။

ဆိုးဆေးကြောင့် ဆံပင်ပျက်စီးမှာစိုးသူတွေအတွက်ဆို ဆံပင်ပျော့ဆေး၊ ပေါင်းဆေးတွေပါရနိုင်သေးတဲ့အတွက် ဆိုးရမယ့်အရောင်ကို စိတ်ကြိုက်ရွေးချယ်ရင်း ဆံပင်ထိန်းသိမ်းဖို့ လိုအပ်တဲ့ ပစ္စည်းတွေကိုပါ တစ်ခါတည်း ဝယ်လာနိုင်ပါသေးတယ်။

ဆံပင်ဆိုးဆေးအရောင်မျိုးစုံ၊ တံဆိပ်မျိုးစုံကိုပါ တစ်နေရာတည်းမှာ ရနိုင်တဲ့ဒီဆိုင်ရဲ့ လိပ်စာက ဒဂုံမြို့နယ် နဝဒေးလမ်းထဲမှာရှိတဲ့ Easy shop မှာပါလို့ သတင်းပေးရင်း . . . . ။

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

## မျက်နှာဖုံး - မြန်မာ့ဆက်သွယ်ရေးက ဖုန်းဈေးနှုန်းများ လျှော့ချပေး မှ

ထိုသို့လျှော့ချသတ်မှတ်လိုက်သည်ဆိုရာတွင် ဂျီအက်စ်အမ်ဖုန်းများကိုကျပ်နှစ်သိန်း၊ CDMA ၈၀၀ MHz နှင့် WCDMA ဖုန်းများကို ကျပ်နှစ်သိန်းငါးသောင်းနှင့် CDMA 450 MHz ဖုန်းများကို ကျပ်နှစ်သိန်းသို့လည်းကောင်း ပြင်ဆင်သတ်မှတ်ပြီး ရောင်းချသွားမည်ဖြစ်ကြောင်း မကြာသေးမီ အချိန်ပိုင်းအတွင်း အင်တာနက်ပေါ်ရှိ ဆိုရှယ်ဆိုက်များသို့ တက်လာခဲ့သည့်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ကြေညာချက်အရသိရသည်။

ထိုအစီအစဉ်နှင့်ပတ်သက်၍နေပြည်တော်တွင် မြန်မာ့ဆက်သွယ်ရေးအပါအဝင် ၄င်းနှင့် ပူးပေါင်းမည့် ပုဂ္ဂလိက မိုဘိုင်းဖုန်းကုမ္ပဏီမှ တာဝန်ရှိသူများက မတ်လ၅ရက်တွင် အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ အစိုးရက ဈေးနှုန်းများကို မူလဈေးနှုန်းများထက် လျှော့ချပေးလိုက်သည့်အထက်ပါမိုဘိုင်းဖုန်းများ၏ နှုန်းထားအသစ်များကို ယခုလ ၁၄ မှစတင်ကာဝယ်ယူနိုင်တော့မည်ဟုယင်းကြေညာချက်တွင် ဖော်ပြထားသည်။

အထက်ပါ နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းများကိုမတ်လ၁၄ရက်နေ့တွင် ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးမှအပ ပြည်နယ်အားလုံး၌စတင်ရောင်းချမည်ဖြစ်သည်။ မတ်လ ၂၈ရက်နေ့တွင်မူ နေပြည်တော်ခရိုင်နှင့် တိုင်းဒေသကြီးခုနစ်ခု၌ (ရန်ကုန်၊ မန္တလေးမှအပ) ရောင်းချမည်ဖြစ်သည်။ ဧပြီလ၉ရက်နေ့တွင်မူ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်စတင်ရောင်းချသွားမည်ဖြစ်သည်။ မတ်လ၁၄ရက်နေ့တွင်ချထားမည့် နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများမှာလာမည့်မေလပထမပတ်မှသာ နေရာဒေသမရွေးသို့သယ်ဆောင်အသုံးပြုနိုင်မည်ဖြစ်သည်။

ဧပြီလ ၉ရက်နေ့တွင်ပင် ရန်ကုန်၊ မန္တလေးမှအပ ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတွင် WCDMAဖုန်းများကိုကျပ်နှစ်သိန်းဖြင့်စတင်ရောင်းချမည်ဖြစ်သည်။ ဧပြီ၂၃တွင်ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတွင် အဆိုပါWCDMA ဖုန်းများကိုစတင်ရောင်းချမည်ဖြစ်သည်။ စီဒီအမ်အေ ၄၅၀နှင့် ၈၀၀ ဖုန်းများမှာမူ လိုင်းအင်အား ပြည့်သွားပြီဖြစ်သဖြင့် ဈေးနှုန်းများလျှော့ချထားသော်လည်း လောလောဆယ်တွင် ရောင်းချနိုင်ခြင်းမရှိသေးပေ။

မြန်မာ့ဆက်သွယ်ရေးအနေဖြင့်၄င်းတို့၏ တန်ဖိုးနည်းမိုဘိုင်းဖုန်းစီမံကိန်းဖြစ်သော ဂျီအက်စ်အမ်သန်းသုံးဆယ်၏ ပထမအသုတ်ကို ကျပ်နှစ်သိန်းဖြင့်ရောင်းချပေးသွားမည့်အပြင် ယခင်ရောင်းချနေသည့် ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းအမျိုးအစားများကိုပါ ထပ်မံလျှော့ချရောင်းချပေးရခြင်း မှာ နိုင်ငံတော်သမ္မတ၏ မတ်လ ၁ ရက်က တရားဝင်ပြောကြားခဲ့သည့် မိန့်ခွန်းတွင်ပါရှိသည့် ဆက်သွယ်ရေးနှင့်သက်ဆိုင်သည့် လမ်းညွှန်ချက်ကြောင့်ဟုသိရသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံ လူသားရင်းမြစ်ဖွံ့ ဖြိုးမှုညွှန်းကိန်းကို ပထမအကြိမ် ထုတ်ပြန်နိုင်ရန် စီစဉ်နေ မှ

“တစ်ကမ္ဘာလုံးအတွက် Report တစ်ခုရှိတယ်။ မြန်မာပြည်မှာအတွက်လည်း ကိုယ်ကိုယ်တိုင် တစ်ခုလုပ်ရမှာပေါ့။ တခြားနိုင်ငံတွေမှာလုပ်နေတယ်။ ဒီမှာပဲ မလုပ်ရသေးတာ။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အားလုံးကိုလုပ်နေတာ။ ၂၀၁၂ မှာထုတ်ပြန်နိုင်မယ်လို့ထင်တယ်” ဟုၚင်းက 7Day News သို့ပြောသည်။ “တစ်ကမ္ဘာလုံးနဲ့ယှဉ်ပြီး စဉ်းစားရမယ့်ကိစ္စဖြစ်တဲ့အတွက် ကိန်းဂဏန်းတွေကို ဖြစ်ကတတ်ဆန်းလုပ်လို့ မရတော့ဘူး။ ဂဏန်းတွေကသိပ်ပြီး မသေချာဘူး။ အဲဒါတွေအားလုံးကို စုစည်းပြီးရင် အခြေအနေတစ်ခုတော့ရလိမ့်မယ်ထင်တယ်” ဟုၚင်းက ဆက်လက်ပြောသည်။

“ဒီရီပို့က နိုင်ငံရဲ့အခြေခံပဲ။ ဒီဟာကိုသိရင် ဘာတွေစဉ်းစားလို့ရမလဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာပေါ်လာမယ်” ဟုၚင်းကပြောသည်။

## စာ-၃၊ ကျန်းမာရေးကြောင့် မိန့်ခွန်း နှစ်ပိုင်းခွဲပြောခဲ့ရသည့် ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ် မှ

မိန့်ခွန်းပြောရာ ကွင်းထဲရှိ ဆောင်းဘောက်ကြီးများ ထားရှိသောစင်အောက်တွင်မှီးခိုနေသည့် အသက်၉၀အရွယ် အဘိုးအိုတစ်ဦးက ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို နားထောင်လိုသဖြင့် အနည်းငယ်လှမ်းသည့်ရွာတစ်ရွာမှ အဖော်မပါ တစ်ကိုယ်တည်း လမ်းလျှောက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

နေ့လယ် ၁ နာရီခွဲတွင် မိုးအနည်းငယ်စဲသွားခဲ့ရာမိုးရွာထား၍ ရွှံ့နွံများထသောလမ်းကြားအတိုင်းဝင်ရောက်လာခဲ့သောဒေါ်အောင်ဆန်းစုကြည်က “၁၉၈၈ နောက်ပိုင်း ဒီလောက်ကြီးတဲ့ပရိသတ် တစ်ခါမှမတွေ့ဖူးဘူး” ဟု စောင့်ဆိုင်းနေသော လူထုကြီးအားစတင်နှုတ်ဆက်လိုက်သည်။

သူမသည် ယခုမဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း မန္တလေးမြို့တွင် နှစ်ရက်နေထိုင်ဦးမည်ဖြစ်သည်ကို “မန္တလေးမှာ နှစ်ရက်နေမယ်။ စည်းရုံးရေးခရီးမှာ ဘယ်မြို့မှ အဲဒီလောက်ကြာကြာမနေဖူးပါဘူး။ မန္တလေးကို အလေးထားပြီး နေတာဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီလိုမိန့်ခွန်းတစ်ခုနဲ့လည်း ပြည်သူတွေကို ကျေးဇူးကိုဆပ်နိုင်တာ မဟုတ်ပါဘူး။ ဒီလို မိန့်ခွန်းတစ်ခုနဲ့လည်း ကျွန်မတို့နိုင်ငံရဲ့မျှော်မှန်းချက်တွေကိုအားလုံးရှင်းပြနိုင်မှာ မဟုတ်ပါဘူး။ အခုလိုလာပြီး မိန့်ခွန်းပြောရတာဟာ ပြည်သူတွေနဲ့ ကျွန်မတို့ဟာတစည်းတလုံးတည်း ဖြစ်ပါတယ်ဆိုတာကို ပြဖို့ပဲဖြစ်ပါတယ်”

ဒေါ်အောင်ဆန်းစုကြည်၏ လူထုဟောပြောပွဲပြုလုပ်ရာအောင်ပင်လယ်ကွင်းသည် သာမန်လက်လုပ်လက်စား လူတန်းစားများ နေထိုင်ရာ ရပ်ကွက်ကြီးတစ်ခုဖြစ်ပြီး ဟောပြောပွဲကြောင့် ရပ်ကွက်နေ လူတန်းစားအချို့ ယနေ့တွင် အဆင်ပြေခဲ့သည်။ လာရောက်အားပေးသည့် ဆိုင်ကယ်စီးရေများပြားလွန်းသည့်အတွက် ဆိုင်ကယ်တစ်စီးလျှင် ငါးရာကျပ်နှုန်းဖြင့် ရပ်ကွက်အတွင်း နေအိမ်အချို့က အစီးရေများစွာသိမ်းဆည်းပေးခဲ့ကြပြီး ကွမ်းယာဆိုင်၊ မုန့်နှင့်အသုပ်ဆိုင်များလည်း ရောင်းအားကောင်းခဲ့ကြသည်။

ယခု ဟောပြောပွဲကို လာရောက်နားထောင်ကြသည့် ပရိသတ်မှာ သိန်းနှင့်ချီပြီး ယခင်မဲဆွယ်စည်းရုံးရေးခရီးစဉ်များထက် စံချိန်တင်များပြားခဲ့သည်။ ဆိုင်ကယ်စီးရေများပြားလွန်းပြီး မျက်စိတစ်ဆုံး မြင်တွေ့နေရသဖြင့် ခန့်မှန်း၍မလွယ်ကူခဲ့ပေ။

“၈၈ တုန်းကတော့ အများဆုံးပေါ့။ ဒါကတော့ ၈၈ ပြီးရင် အများဆုံးပါပဲ။ လာအားပေးတဲ့ လူထုကိုလည်းတော်တော်အားရပါတယ်”ဟု မန္တလေးမြို့ခံ ကုန်သည်တစ်ဦးက သူမ၏အမြင်ကို ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးသူ၊ မန္တလေးသားများကို ကတိတစ်ခုပေးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တကယ့်ကို ဒီမိုကရေစီရပြီဟု အောင်ပွဲခံနိုင်သည့်အချိန်တွင် မန္တလေးသို့ပြန်လာပြီး ကျန်းကျန်းမာမာနှင့် ကျေးဇူးဆပ်ပါမည်ဟု ပြောသွားခဲ့သည်။

“ကျွန်မ ကတိကိုလွယ်လွယ်မပေးတတ်ဘူး။ တော်ကြာ ကိုယ့်ကတိ ကိုယ်မတည်ရင် မကောင်းဘူး။ မန္တလေးပြည်သူတွေကိုကတိတစ်ခုတော့ ပေးသင့်တယ်ထင်လို့ ကျွန်မပေးပါမယ်။ အခုလို ကျွန်မတို့ကို နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲကြိုဆိုတဲ့ကျေးဇူးကို ကျွန်မ ဆပ်ရမယ်။ နောက် ကျွန်မတို့တွေ တကယ့်ကို ဒီမိုကရေစီရပြီလို့ အောင်ပွဲခံနိုင်တဲ့အခါ ကျွန်မ မန္တလေးကိုပြန်လာပြီးတော့ သေသေချာချာ ကျန်းကျန်းမာမာနဲ့ ကျေးဇူးဆပ်ပါ့မယ်လို့ ပြောချင်ပါတယ်”ဟု ပြောသွားခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးခရီးစဉ်တွင် အတိုဆုံးဟုပြောရမည့် မိန့်ခွန်းကိုပြောကြားသွားခြင်းဖြစ်ပြီး ထိုသို့ဖြစ်ရသည်မှာ သူမ၏ ကျန်းမာရေးအခြေအနေကြောင့်ပင်ဖြစ်သည်။ သူမသည် အောင်ပင်လယ်လူထုအား မိန့်ခွန်းစတင်ပြောကြားပြီး ၁၁ မိနစ်အကြာတွင် ကျန်းမာရေးအခြေအနေကြောင့် ငါးမိနစ်ခန့် ခေတ္တရပ်နားခဲ့ရကာ ထိုငါးမိနစ်တွင် ဦးဝင်းတင်က ခေတ္တစကားပြောပေးခဲ့ရသည်။ ငါးမိနစ်အကြာတွင် သူမသည် လူထုရှေ့သို့ ပြန်လည်ထွက်ရှိလာပြီး ခုနစ်မိနစ်သာ ဆက်လက်ပြောကြားနိုင်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေကို သူမ၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက သူမသည် နံနက်ခင်းက မိုးရွာထဲတွင် လမ်းတစ်လျှောက် လာကြိုသူများကို နှုတ်ဆက်လာခဲ့သောကြောင့် မိုးမိပြီး အနည်းငယ်အအေးမိသွားကာ အနည်းငယ်မူးဝေခဲ့သော်လည်း ယခုအခါ သက်သာသွားပြီဖြစ်ပြီး ညပိုင်းတွင် ပြုလုပ်မည့် ညစာစားပွဲသို့တက်ရောက်ရန်ပင် ပြင်ဆင်နေပြီဖြစ်ကြောင်း ပြောကြားသည်။ ယခုခရီးစဉ်အတွင်း မန္တလေးသား အဆိုတော် လင်းလင်းက ကားဘေးမှ လိုက်ပါကူညီပေးခဲ့ပြီး ပြီးခဲ့သည့် ရှမ်းပြည်နယ် ကလော၊ အောင်ပန်း၊ ဟဲဟိုးမြို့ခရီးစဉ်တွင်လည်း သရုပ်ဆောင်ရဲတိုက်က လိုက်ပါကူညီပေးခဲ့သည်ကိုတွေ့ရသည်။

လူထုဟောပြောပွဲ ပြုလုပ်နေစဉ်အတွင်း မန္တလေးမြို့လယ်တွင် ဆိုင်ကယ်အသွားအလာမှာ ယခင်ကထက် နည်းပါးခြောက်ကပ်သွားခဲ့ကြောင်း မြို့ခံသတင်းထောက်တစ်ဦးကဆိုသည်။ ဒေါ်အောင်ဆန်းစုကြည်သည်မိန့်ခွန်းပြောကြားပြီး ပြန်လည်ထွက်ခွာသွားနေစဉ် ပရိသတ်များမှာလည်း ကွင်းအတွင်းမှ တဖွဲဖွဲပြန်လည်ထွက်ခွာသွားခဲ့ကြရာ အောင်ပင်လယ်ကွင်းကြီးမှာ ရွှံ့ဗွက်များ သောသောထလျက်ကျန်ရစ်ခဲ့လေသည်။

မန္တလေးမြို့ မဲဆွယ်စည်းရုံးရေးခရီးစဉ် မတ်လ ၃ ရက်သည် ယခင် မဲဆွယ်စည်းရုံးရေးခရီးစဉ်များနှင့် ကွာခြားကာ ပရိသတ်သိသာများပြားခဲ့သည့်ခရီးစဉ်တစ်ရပ်ဖြစ်ပါသည်။

## စာ-၆၊ ထိုင်းနိုင်ငံမှ ဆန်တင်ပို့သည့် ထိပ်တန်းကုမ္ပဏီကြီးတစ်ခု မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား မှ

လက်ရှိတွင်လည်း ထိုင်းနိုင်ငံမှဆန်တင်ပို့သည့်Suwannaphum ကုမ္ပဏီက ပြည်တွင်းဆန်တင်ပို့သည့် ရွှေဝါဟသာ်ကုမ္ပဏီထံမှ ၂၅ မှတ် ဆန်တန်ချိန် ၂၀,၀၀၀ ဝယ်ယူရန်ရှိကြောင်း ၎င်း ကုမ္ပဏီမှ သိရသည်။

“သူတို့တွေက ကုန်သွယ်မှုတစ်ခုတည်းမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုပါလာရောက်လုပ်ကိုင်ချင်တာဖြစ်တယ်။ ကုန်သွယ်မှုဆိုရင် ပြည်တွင်းက ကုမ္ပဏီတွေက အကျိုးအမြတ်တစ်ခုရှိမှ ရောင်းမှာဖြစ်တဲ့အတွက် သူတို့က စိုက်ပျိုးထုတ်လုပ်တာကနေ တင်ပို့တဲ့အထိ အကျိုးအမြတ်အားလုံးကို အောက်ခြေကနေတစ်ဆင့် ယူချင်တာဖြစ်တယ်” ဟု ၎င်းကပြောသည်။

“ရင်းနှီးမြှုပ်နှံမှု လုပ်မယ်ဆိုရင် ပြည်တွင်းဆန်တင်ပို့နေသူတွေအပေါ်မှာ ထိခိုက်သွားနိုင်တယ်”ဟု ၎င်းလုပ်ငန်းရှင်က ဆက်လက်သုံးသပ်ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ အဖွဲ့ဝင်တစ်ဦးကလည်း “ဆန်စပါးဆိုင်ရာ အများပိုင်ကုမ္ပဏီလုပ်ရင် ဆိပ်ကမ်းဆောက်လုပ်တဲ့ပရောဂျက်တွေမှာ ရင်နှီးမြှုပ်နှံဖို့စိတ်ဝင်စားမှုရှိတယ်”ဟု ပြောသည်။ ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်းလယ်ယာကဏ္ဍတွင်ပြည်ပတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုမရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်တာကာ-လအတွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုပေါင်း ၇ ခုဖြင့် အမေရိကန်ဒေါ်လာ ၁၇၃ သန်းရှိကြောင်း သိရသည်။

“သူတို့ လုပ်ချင်တယ်ဆိုတာ ကို တောင်းဆိုတာပဲရှိတယ်။ ကိုယ့်ဘက်က လက်သင့်ခံသင့်၊ မခံသင့် ကို သက်ဆိုင်ရာကစဉ်းစားမှာ ပေါ့” ဟု ၎င်းက ပြောသည်။

နိုင်ငံတကာ ဆန်ဈေးကွက် တွင်မြန်မာ့ဆန်သည် တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၃၃၀ (FOB) ဝန်းကျင်ပေါက်ဈေး ရှိ ကြောင်း သိရသည်။

## စာ-၂၊ မက်စ်အချိုရည်ဈေးကွက် ထိခိုက်မှုမရှိဟုဆို မှ

မြို့ပြထက် ကျေးလက်ဒေသများတွင် အဆိုပါ ကောလာဟလများပျံ့နှံ့နေပြီး လူအချို့က ယုံကြည်လျက်ရှိကြောင်း သတင်းရရှိသည်။

“အချိုရည်က ရောင်းအားကောင်းရုံတင်မဟုတ်ဘူး။ သင်္ကြန်နားနီးတော့ပိုတောင်တက်လာသေးတယ်။ နယ်အမှာလည်းမကျပါဘူး” ဟု သိမ်ကြီးဈေးရှိ အချိုရည်လက်ကားဖြန့်ချိသည့် ဆိုင်တစ်ဆိုင် က ပြောသည်။

ခုခံအား ကျဆင်းမှုရောဂါသည် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊ ရောဂါပိုးပါရှိသည့် သွေးသွင်းမိခြင်း၊ ရောဂါပိုး ကူးစက်ခံထားရသည့် မိခင်မှကလေးသို့ ကူးစက်ခြင်း နည်းလမ်းများဖြင့် ကူးစက်ပျံ့နှံ့လေ့ရှိသည်။

အဆိုပါ ရောဂါပိုးသည် လူ့ခန္ဓာကိုယ်အတွင်းတွင်သာ အသက်သေစေသည့် ရောဂါအဖြစ် ဖြစ်နိုင်သော်လည်း ခန္ဓာကိုယ်ပြင်ပတွင် စက္ကန့်ပိုင်းအချိန်တွင်းသာ အသက်ရှင်နိုင်သော်ကြောင့် ထိုကဲ့သို့ အချိုရည်များအတွင်းပါဝင်ပြီး ပျံ့နှံ့နိုင်သည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း HIV/AIDS ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ပညာရှင်များက ပြောကြားသည်။

## စာ-၄၊ CB ဘဏ်က မလေးရှားဘဏ်နှင့် ပူးပေါင်းငွေလွှဲလုပ်ငန်းလုပ်ကိုင်ရန် ကြိုးပမ်း မှ

လက်ရှိ မလေးရှားနိုင်ငံရောက် ဝန်ထမ်းများ မြန်မာနိုင်ငံသို့ ငွေလွှဲရာတွင် ဟွန်ဒီစနစ်ဖြစ်သာ အသုံးပြုရသည့်အတွက် လုံခြုံစိတ်ချရမှုမရှိခြင်း၊ နိုင်ငံခြား ငွေများပြည်တွင်းသို့ ဝင်ရောက်ရာတွင်လည်း၊ အကန့်အသတ်မလုပ် နိုင်သဖြင့် ပြည်တွင်းငွေလဲနှုန်းကိုပါ ထိခိုက်မှုများရှိခဲ့သည်။

မလေးရှားနိုင်ငံရောက် အလုပ်သမားများ တရားမဝင်ငွေလွှဲလုပ်ငန်းများမှ ပေးပို့ခြင်းထက် ငွေလွှဲခ သက်သာမည့်အပြင် ဘဏ်များမှ တရားဝင်ရရှိသည့် ငွေလွှဲခများမှ လုပ်ငန်းခွန်ပေးဆောင်ခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်ဝင်ငွေ ပိုမိုရရှိနိုင်သည်ဟု သိရသည်။ မြန်မာနိုင်ငံနှင့်ငွေလွှဲလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက်မလေးရှား မေဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးတို့သည် ဖေဖော်ဝါရီ ၂၈ရက်တွင် နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

# Health

7DAY NEWS JOURNAL

Vol.11, No.1 · MARCH 8 , 2012




## ဒေါက်မြင့်ဖိနပ်များကြောင့် ခြေစွယ်ငုပ်၍ နာကျင်မှုဖြစ်ပေါ်နိုင်

**အီလီနွိုက်၊ ဖေဖော်ဝါရီ - ၂၈**

ဒေါက်မြင့်ဖိနပ်များစီးခြင်းများ ခြေစွယ်ငုပ်ခြင်းဖြစ်ပေါ်သည့် အဓိကအကြောင်းအရာဖြစ်ပြီး အထူးသဖြင့် ခြေမခြေစွယ်ငုပ်ခြင်းမှတစ်ဆင့်ရောဂါပိုးဝင်ခြင်းအဆင့်အထိ ဖြစ်နိုင်ကြောင်း အမေရိကန်ခြေထောက်နှင့် ပတ်သက်သည့် အထူးကုဆရာဝန်များကပြောကြားလိုက်သည်။

ခြေစွယ်ငုပ်ခြင်းမှာ ဒေါက်မြင့်ဖိနပ်များ စီးခြင်းကြောင့် ဖြစ်ပေါ်သည့် အဓိကပြဿနာဖြစ်ကြောင်းနှင့် ခြေချောင်းလေးများအား အတူတကွပူးကပ်နေခြင်းများလာသောအခါ ခြေမကဲ့သို့ ခြေချောင်းမှ ခြေသည်းများအတွင်းသို့ ငုပ်ဝင်သွားကြောင်း လိုယိုလာတက္ကသိုလ်မှခြေထောက်နှင့်ခြေချောင်းဆေးပညာပါမောက္ခ ရော့ဒနီစကပ်ကပြောသည်။

"ခြေစွယ်ငုပ်တာဟာ အလွန်နာကျင်တက်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအဆင်မပြေမှုကိုသည်းခံပြီး အမျိုးသမီးတွေက ဒေါက်မြင့်ဖိနပ်တွေ ဆက်စီးနေကြပါတယ်"ဟုပါမောက္ခကြီးက ကြေညာချက်တွင် ဖော်ပြသည်။ ယင်းကို မကုသဘဲထားပါက ခြေသည်းများ လုံးဝပျက်စီးသွားနိုင်ကြောင်း ၎င်းကပြောသည်။

ခြေစွယ်ငုပ်ခြင်းမှကာကွယ်ရန်အကြံပေးချက်များတွင်မိမိ၏ ဖိနပ်ဟောင်းများကို ကတ်ထူစက္ကူဖြင့်တိုင်း၍ ဖိနပ်အသစ်ဝယ်ခြင်း၊ အလွန်ကျပ်သော အသားကပ်ခြေအိတ်များကို မဝတ်ဆင်ခြင်း၊ ဒေါက်မြင့်ဖိနပ်စီးချိန်ကို လျှော့ချခြင်း၊ ဒေါက်မြင့်ဖိနပ်စီး၍ အချိန်ကြာမြင့်စွာ မတ်တတ်ရပ်ခြင်းနှင့် လမ်းလျှောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ခြေသည်းများကို ညီညီညာညာ တိဖြတ်ခြင်း၊ ခြေချောင်းများကို ပိုးသတ်ဆေးအနည်းငယ်ပါသော ရေဖြင့် ဆေးကြောခြင်းတို့ ပါဝင်သည်။

—Ref: UPI



## ကုသဖို့ခက်တဲ့ အမြင်အာရုံလွှာကွာခြင်း

**မေဝင်းမွန်**

**ကောင်းမွန်သော အမြင်အာရုံပိုင်ဆိုင်နိုင်ခြင်းသည် လူတစ်ယောက်ဖြစ်တည်မှုအတွက် အရေးကြီးဆုံး လိုအပ်ချက်များတွင်တစ်ခုအပါအဝင်ဖြစ်သည်။ အသက်ငယ်ရွယ်စဉ်က မည်သို့ပင်အမြင်အာရုံကောင်းခဲ့သော်လည်း အသက်အရွယ်ရလာသည့်အခါတွင် အမြင်အာရုံချို့တဲ့လာကာ မျက်စိမှုန်လာသည့်အနေအထားကို လူတိုင်းကြုံတွေ့ကြရသည်။**

အမြင်အာရုံနှင့်ပတ်သက်ပြီး ဖြစ်ပွားသည့် မျက်စိရောဂါများအနက် အသက်အရွယ်ကြီးသူများတွင် ရုတ်တရက် ကြုံတွေ့နိုင်သည့် အမြင်အာရုံလွှာကွာခြင်း (Retinal Detachment) မှာ အထူးဂရုပြုရန် လိုအပ်သည့်အခြေအနေတစ်ခုဖြစ်သည်ဟုသိရသည်။

အမြင်အာရုံလွှာ(Retina) ဟူသည် မျက်လုံး၏အနောက်ဘက်အတွင်းပိုင်းတွင်ရှိ အလွန့်အလွန် သေးငယ်ပါးလွှာသော တစ်ရှူးဖြစ်သည်။ အမြင်အာရုံလွှာကွာခြင်းအမျိုးမျိုးရှိသည့်အနက် အဓိကအဖြစ်များဆုံးမှာ အမြင်အာရုံလွှာစုတ်ပြဲခြင်း(Retinal Break)မှတစ်ဆင့်ဖြစ်ပွားသည့် အမြင်လွှာကွာခြင်းအပြင် အမြင်လွှာစုတ်ပြဲခြင်းမရှိဘဲ အမြင်အာရုံလွှာကွာခြင်းလည်း ဖြစ်ပွားတတ်ကြောင်းသိရသည်။

"လူရဲ့မျက်လုံးထဲမှာ ဂျယ်လီရည်လိုမျိုးအရည် (Vitreous) တွေရှိပါတယ်။ အသက်ကြီးလာတာနဲ့အမျှ အဲဒီဂျယ်လီရည်လိုမျိုး အရည်တွေက မစေးပျစ်ဘဲ ပိုပြီး အရည်ဆန်(Liquification)လာပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အမြင်အာရုံလွှာအနည်းငယ်စုတ်ပြဲသွားရင်အပြဲရာကတစ်ဆင့်အရည်တွေဟာ ဝင်ရောက်သွားပြီး အမြင်အာရုံလွှာကွာကျတတ်ပါတယ်။ အမြင်အာရုံလွှာပေါ်မှာအကြောင်းအမျိုးမျိုးကြောင့် အမြှေးပါးလေး ဖြစ်ပေါ်လာပြီး အဲဒီအမြှေးပါးလေးကဆွဲလို့လည်း ကွာတတ်ပါတယ်။ နောက်တစ်ခုက အရည်ပျစ်တဲ့စနစ် ချို့ယွင်းမှုကြောင့် အရည်တွေစုလာပြီးအမြင်လွှာကွာတတ်ပါတယ်"ဟုမျက်စိအထူးကုဆရာဝန်တစ်ဦးကပြောသည်။

အမြင်အာရုံလွှာကွာခြင်းမှာ များသောအားဖြင့် အသက်ကြီးသူများတွင်အဖြစ်များပြီး မျက်စိအဝေးပါဝါမျက်မှန်တပ်ဆင်ရသူများ၊ မျက်စိအတွင်းတိမ်ခွဲစိတ်ထားသူများ၊ မျက်စိအတွင်းမှန်ဘီလူးအမြှေးပါးထူခြင်းကိုလေဆာဖြင့် ဖောက်ထားသူများသည် အခြားသူများထက်ဖြစ်နိုင်ခြေများတတ်သည်ဟုသိရသည်။ ၎င်းအပြင် မျက်စိကိုတုံးသောအရာဝတ္ထု(ဥပမာ-တင်းနစ်ဘောလုံး)နှင့် ပြင်းပြင်းထန်ထန်ထိခိုက်မိခြင်း၊ လက်နှင့်ရိုက်မိခြင်း၊ ချွန်ထက်သောအရာဝတ္ထုနှင့် ထိခိုက်မိခြင်း၊ အိတ်ချ်အိုင်ဗီရောဂါပိုးကြောင့်မျက်စိတွင် ဆိုက်တိုမိုင်ဂလို ဗိုင်းရပ်စ်ပိုးကြောင့်သော်လည်းကောင်း၊ အခြားသော ရောဂါစုများကြောင့်သော်လည်းကောင်း အမြင်အာရုံလွှာကွာခြင်းများ ဖြစ်ပွားတတ်သည်ဟုဆိုသည်။

အမြင်အာရုံလွှာကွာခြင်းမှာ ရုတ်တရက် ဖြစ်ပွားနိုင်သည့်အတွက် တချို့သူများမှာအမြင်လွှာ ကွာမှန်းမသိမှုများ ရှိပြီး အမြင်အာရုံလွှာကွာပြီဆိုပါကမြင်ကွင်းထဲတွင်အမှုန်များ ရွေ့နေခြင်း၊ လျှပ်စီးလက်သကဲ့သို့မြင်ရခြင်း၊ မြင်ကွင်းပြောင်းလဲခြင်း၊ အမြင်အာရုံကျခြင်းများဖြစ်တတ်သည်ဟုသိရသည်။

အမြင်အာရုံလွှာကွာခြင်းကို လေဆာဖြင့်ကုသခြင်း (Photocoagulation)၊ အအေးဓာတ်ဖြင့်ကုသခြင်း(Cryotherapy)၊ ရာဘာကွင်းကဲ့သို့သောကွင်းလေးများဖြင့် မျက်လုံးအိမ်ကိုပတ်၍ကုသခြင်း(Scleral Buckling) ဂက်စ်ထည့်၍ကုသခြင်း (Pneumoretinopaxy) များဖြင့် ကုသနိုင်သည်ဟုသိရသည်။

**စာ(၁၄)သို့**

## ဆေးကုသမှုခံယူသော သက်လတ်ပိုင်း အမျိုးသမီးများတွင် သိုင်းရွိုက်ရောဂါ အတွေ့များ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မတ်-၃**

ဆေးရုံသို့တက်ရောက်ဆေးကုသမှု ခံယူသည့် လူနာများတွင် သိုင်းရွိုက်ရောဂါသည် အသက်အုပ်စု ၃၀-၄၀ နှစ် အမျိုးသမီးများ၌ ပိုမိုတွေ့ရှိရကြောင်း နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် ပြုလုပ်ခဲ့သည့် လေ့လာခြင်းသုတေသန ဖော်ပြထားသည်။

၂၀၀၈မှ ၂၀၁၀ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် အဆိုပါသိုင်းရွိုက်ခွဲစိတ်မှုများ သုတေသနတွင် ထိုအချိန်တွင်း လူနာနှစ်ထောင်ကျော် ဆေးကုသမှုခံယူခဲ့ပြီး၊ အသက်အုပ်စု ၄၁-၅၀နှစ်အတွင်း လူနာအမျိုးသမီးများသည် ဒုတိယအများဆုံးဖြစ်ကာ အသက်အုပ်စု ၂၁-၃၀ နှစ် အတွင်းရှိ အမျိုးသမီးလူနာများမှာ တတိယအများဆုံးဖြစ်ကြကြောင်း နား၊နှာခေါင်းလည်ချောင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းထွန်း၏ သုတေသနတွင် ဖော်ပြထားသည်။

ရောဂါအမျိုးအစားများအရ အများစုသည် လုံးချင်းလည်ပင်းကြီး ရောဂါဖြစ်ပြီး၊ လုံးများလည်ပင်းကြီးရောဂါ ၃၀ ရာခိုင်နှုန်းကျော်နှင့် အကျိတ်လူနာ ၁၀ ရာခိုင်နှုန်းကျော်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း ဒေါက်တာသိန်းထွန်းကပြောသည်။

သိုင်းရွိုက်ဟော်မုန်းသည် ခန္ဓာကိုယ်မှ အသုံးပြုသော စွမ်းအင်များအား ထိန်းချုပ်ခြင်း လုပ်ငန်းများ၊ ခန္ဓာကိုယ်အတွင်း ပရိုတိန်းထုတ်လုပ်ခြင်းအား ထိန်းချုပ်ခြင်းများနှင့်ခန္ဓာကိုယ်အတွင်း အခြားထွက်ရှိသည့်ဟော်မုန်းများ၏ တုံ့ပြန်သည့် စနစ်များကိုလည်း ထိန်းချုပ်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

သိုင်းရွိုက်ဂလင်းမှ ဟော်မုန်းများ အလွန်အကျွံ ထုတ်လုပ်ပေးခြင်းနှင့် လိုအပ်သလောက် မထုတ်လုပ်ပေးခြင်းမှာ သိုင်းရွိုက်ရောဂါများ ဖြစ်ပွားစေခြင်း၏ အဓိကပြဿနာများဖြစ်ကြောင်းလည်း သိရသည်။




7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# ဂျပန်ထမင်းလိပ်များတွင် အီးကိုလိုင်ပိုးနှင့် အခြားပိုးများ တွေ့ရှိ

ဝတ်ရည်အောင်

ရန်ကုန်၊
မတ်-၃

ရန်ကုန်မြို့တွင် ရောင်းချနေသည့် ဂျပန်ထမင်းလိပ်များတွင် အီးကိုလိုင်ပိုးနှင့် အခြားဘက်တီးရီးယားရောဂါပိုးများ ပါဝင်နေကြောင်း သုတေသနပြုလုပ်ချက်များအရ သိရသည်။

အဆိုပါသုတေသနအား စားသောက်ဆိုင်ကြီးများ၊ ထမင်းလိပ်သီးသန့်ရောင်းသော ကောင်တာများ၊ အစားအသောက်ရောင်းသော စူပါမားကက်များမှ ဝယ်ယူ၍ ဘက်တီးရီးယားပိုးပါဝင်မှုကို လေ့လာခဲ့ခြင်းဖြစ်သည်။



အဆိုပါ သုတေသနတွင် စူပါမားကက်များ၌ ရောင်းချသည့် ထမင်းလိပ်များသည် သန့်စင်မှု အားနည်းပြီး အီးကိုလိုင်ရောဂါပိုး ပါဝင်မှုများပြားကာ ပင်လယ်စာများ ပါဝင်သော ထမင်းလိပ်များအထူးသဖြင့်ဝက်ပေါင်ခြောက်ကဲ့သို့ ပြုပြင်ထားသည့် အသားများပါဝင်သော ထမင်းလိပ်များတွင် အီးကိုလိုင်ပိုးမွှားပမာဏမြင့်မားစွာပါဝင်နေကြောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)မှ ပညာရှင် ရှစ်ဦးတို့က သုတေသနပြုထားသည်။

ထမင်းလိပ်တွင် ထည့်သွင်းအသုံးပြုသည့် ပစ္စည်းများသန့်ရှင်းမှု အားနည်းခြင်း၊ ပြင်ဆင်ရာတွင် သန့်ရှင်းမှုမရှိခြင်းစသည့် အကြောင်းအရာများကြောင့် ပိုးများပါဝင်ပြီး သိုလှောင်ရောင်းချသည့်နေရာတွင်ပိုးမွှားများ မပေါက်ဖွားစေရန် လုံလောက်သော အအေးဓာတ် မရှိခြင်းကလည်း ပိုးများပါဝင်မှု များပြားခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း သုတေသနပြုလုပ်ခဲ့သူပညာရှင်တစ်ဦးကပြောသည်။

သုတေသနတွင် အီးကိုလိုင်မျိုးစိတ်များ EAEC သည် ၄၀ ဒသမ ၆ ရာခိုင်နှုန်း၊ EIEC သည် ၂၇ ရာခိုင်နှုန်း၊ EPEC သည် ၂၅ ရာခိုင်နှုန်း၊ EHEC ၅ ရာခိုင်နှုန်းနှင့် ETEC ၁ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးပါဝင်နေပြီး အခြား Staphylococcus aureus နှင့် Bacillus cereus ပိုးမွှားများလည်း ပါဝင်ကြောင်း သိရသည်။

ထမင်းလိပ်များတွင် ပိုးများပါဝင်မှု နည်းပါးစေရန် သန့်ရှင်းမှုကို အလေးပေးခြင်းနှင့် လုံလောက်သော အအေးပေးစနစ်များ အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

အီးကိုလိုင်ရောဂါပိုးသည် ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားပါက ဝမ်းလျှောခြင်း၊ အန်ခြင်း အပြင် အသက်ပါသေဆုံးစေသည့် ရောဂါများ ဖြစ်ပွားစေနိုင်သည်အထိ အန္တရာယ်ကြီးမားကြောင်း ကျွမ်းကျင်ဆရာဝန်များကလည်း သတိပေးပြောကြားထားသည်။

# ကြော်လှော်ထားသော အစားအသောက်များကြောင့် အမျိုးသမီးကြီးများတွင် လေဖြတ်ရောဂါဖြစ်နိုင်ခြေများ

ဝါရှင်တန်၊
မတ် - ၂

အကင်များနှင့် ဆီကြော်မုန့်များတွင်တွေ့ရသောအဆီများကိုစားသုံးမှုများသော အမျိုးသမီးကြီးများသည် အခြားအဆီလျှော့စားသော အမျိုးသမီးများထက် လေဖြတ်ရောဂါဖြစ်နိုင်ခြေပိုများကြောင်း အမေရိကန်နိုင်ငံတွင်ပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ခုက တွေ့ရှိခဲ့သည်။

အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်မှ သုတေသီများသည် အသက် ၅၀ မှ ၇၉ နှစ်ကြား သွေးဆုံးပြီးသော အမျိုးသမီးပေါင်း ၈၇,၂၀၅ ဦးကို လေ့လာခဲ့ပြီး ၎င်းတို့၏ စားသောက်ပုံအလေ့အကျင့်များကို လေ့လာခဲ့သည်။

တစ်နေ့လျှင် ဖက်တီးအက်ဆစ် ၆ ဒသမ ၁ ဂရမ်အထိပါဝင်သော အစားအစာများကို စားသုံးသော အမျိုးသမီးကြီးများသည် ဖက်တီးအက်ဆစ် ၂ ဒသမ ၂ ဂရမ်ခန့်သာ စားသုံးသော အမျိုးသမီးကြီးများထက် နှလုံးသွေးကြောပိတ်၍ လေဖြတ်နိုင်ခြေ ၃၉ ရာခိုင်နှုန်းပိုများကြောင်း သုတေသီများကတွေ့ရှိခဲ့သည်။

သို့သော် ယင်းသို့ လေဖြတ်ရောဂါဖြစ်နိုင်သည့်အခြေအနေကို အက်စပရင်ဆေးဝါးသောက်သုံးခြင်းဖြင့် ထိန်းချုပ်နိုင်ကြောင်း သုတေသီများက ဆက်လက်ပြောကြားသည်။

"သွေးဆုံးပြီး အမျိုးသမီးကြီးတွေမှာ အသွင်ပြောင်းနိုင်တဲ့အဆီဓာတ်တွေကြောင့် လေဖြတ်ရောဂါဖြစ်နိုင်ခြေပိုများတယ်ဆိုတာ ကျွန်တော်တို့ရဲ့ တွေ့ရှိချက်က အတည်ပြုပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း အက်စပရင်ဆေးသောက်ပြီး မလိုလားအပ်တဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို ကာကွယ်နိုင်ပါတယ်"ဟု သုတေသနကို ဦးဆောင်ခဲ့သူက ပြောကြားသည်။

—Ref: AFP

# ဆေးဝါးအချို့ကြောင့် ကိုယ်အလေးချိန် ပြောင်းလဲမှုဖြစ်နိုင်

ဟူစတန်၊ ဖေဖော်ဝါရီ - ၂၈

ကိုယ်အလေးချိန်တက်ခြင်း၊ ကျခြင်းမှာ အစားအစာလျှော့စားခြင်း(သို့မဟုတ်)လေ့ကျင့်ခန်းလုပ်ခြင်းများကြောင့်သာ ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ အချို့သော ဆေးဝါးများကြောင့်လည်း ယင်းသို့ဖြစ်နိုင်ကြောင်း အမေရိကန်ဆေးဝါးကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားသည်။

ဆေးဝါးအချို့ကြောင့် သိသာသောကိုယ်အလေးချိန်ပြောင်းလဲမှုဖြစ်ပေါ်နိုင်ကြောင်း ဟေးရစ်ခရိုင်ဆေးရုံမှ ဆေးဝါးဆိုင်ရာ အရာရှိချုပ် ရိုင်ယန်ရော့စ်က ပြောသည်။ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် စိတ်ရောဂါများအတွက် သုံးစွဲသော ဆေးဝါးများမှာ ကိုယ်အလေးချိန်ကို ပြောင်းလဲစေနိုင်သော ဆေးဝါးများဖြစ်ကြောင်း သိရသည်။

ကိုယ်အလေးချိန်တက်လာခြင်းနှင့် ပတ်သက်သောအစွဲများကြောင့်ပင် လူနာများမှာ ၎င်းတို့၏ဆရာဝန်များကို အသိမပေးဘဲ ဆေးအတိုးအလျှော့လုပ်နေကြကြောင်း၊ သို့သော်ယင်းမှာ ၎င်းတို့၏ကျန်းမာရေးကို ပိုမိုဆိုးရွားသွားနိုင်ကြောင်း မစ္စတာရိုင်ယန်ရော့စ်က ပြောကြားသည်။

ဆေးသောက်နေချိန်တွင် ကိုယ်အလေးချိန် အပြောင်းအလဲဖြစ်ပေါ်လာပါက မိမိတို့၏ ဆရာဝန်များနှင့် ဖွင့်ဟတိုင်ပင်သင့်သည်ဟု အမေရိကန်ဆေးဝါးကျွမ်းကျင်ပညာရှင်က အကြံပြုသည်။

—Ref: UPI

## စာ-၁၃၊ ကုသဖို့ခက်တဲ့ အမြင်အာရုံလွှာကွာခြင်း မှ

အမြင်အာရုံလွှာကွာခြင်းကို ကုသရာတွင် ကျွမ်းကျင်သူမျက်စိ အထူးကုဆရာဝန်မှာနည်းပါးသည့်အရေအတွက်သာရှိပြီး စက်ပစ္စည်းများ၏အကူအညီလည်းလိုအပ်သည်ဟုသိရသည်။

"အမြင်အာရုံလွှာ အပေါ်ပိုင်းကွာတယ်ဆိုရင်အောက်ဘက်ကိုမမြင်ရတော့ဘူး။ အောက်ပိုင်းကွာတယ်ဆိုရင် အပေါ်ဘက်ကို မမြင်ရတော့ဘူး။ မျက်စိအမြင်တွေ ပုံမှန်မဟုတ်တာကိုသတိထားမိတာနဲ့ ကျွမ်းကျင်တဲ့မျက်စိဆရာဝန်နဲ့ အမြန်ဆုံးပြသသင့်ပါတယ်။ စောစောကုသခံလေကောင်းလေဖြစ်ပါတယ်။ အမြင်လွှာကွာပြီဆိုတာ စောစောသိပြီး စောစောကုသနိုင်ရင် ရလဒ်လည်းကောင်းနိုင်ပါတယ်။ အကြာကြီးထားတယ်ဆိုရင် မျက်စိလုံးဝ ကွယ်သွားတဲ့အထိဖြစ်တတ်ပါတယ်" ဟုအဆိုပါမျက်စိအထူးကုဆရာဝန်ကပြောကြားသည်။

မျက်စိအမြင်အာရုံကောင်းစေရန်အတွက် ဗီတာမင်အေဓာတ်ကြွယ်ဝသောအစိမ်းရောင်အသီးအနှံ များ၊ မုန်လာဥနီ၊ ရွှေဖရုံသီးစသည်များကိုများများစားပေးရန်လိုအပ်သည်။

အမြင်အာရုံလွှာသည် ဦးနှောက်အာရုံကြောနှင့်တိုက်ရိုက် ဆက်စပ်နေသဖြင့် ကုသရန်ခက်ခဲသည့်အနေအထားရှိပြီး လူငယ်များတွင်အမြင်လွှာကွာခြင်းဖြစ်မှုမှာ စိတ်သောက(Trauma)ကြောင့်လည်း ဖြစ်ပွားတတ်သည်ဟု သိရသည်။

လူဦးရေတစ်သောင်းတွင် တစ်နှစ်လျှင်တစ်ဦးသာ ဖြစ်ပွားနိုင်သည့် အနေအထားရှိသည်ဟု နိုင်ငံတကာစစ်တမ်းများ၌ ဖော်ပြထားသည့် ဖြစ်တောင့်ဖြစ်ခဲအမြင်အာရုံလွှာကွာခြင်းမှာ မြန်မာနိုင်ငံတွင်လည်း ဖြစ်ပွားနေမှုရှိသဖြင့် အမြင်အာရုံပိုင်းချို့ယွင်းမှုဖြစ်သည်နှင့် အချိန်မီကုသနိုင်ရန်အတွက် ကျွမ်းကျင်ဆရာဝန်နှင့်အမြန်ဆုံး တိုင်ပင်ကုသရန် အရေးကြီးလှပေသည်။

သို့/
နိုင်နိုင်ကျော်ထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေး

တို့အုပ်စု ပြီးခဲ့တဲ့အပတ်က မောင်ရင်တို့ဆိုင်ကိုရောက်တယ် . . .
တို့အုပ်စုဆိုတာ အငြိမ်းစားကြီးတွေပေါ့ . . . ။
ကျောင်းအုပ် ၊ ဆရာဝန် ၊ စစ်ဗိုလ်၊ ပါမောက္ခ ၊ ညွှန်ချုပ်၊ အကုန်ပါတယ် . . . ။
မြန်မာကြက်မှစားတဲ့သူ၊ မွေးမြူရေးငါးရှူမစားတဲ့သူ၊ ငါးမြင်းစစ်စစ်
ပဲဆီသန့်သန့်မှ စားချင်တဲ့သူ . . .
အချိုမှုန့်ကြောက်တဲ့သူ . . . အားလုံးလူစုံပဲ . . . ။
အိမ်ချက်လက်ရာ စားချင်တယ်၊ သန့်သန့်နေရာမှာ ကောင်းကောင်းစားချင်တယ်ဆိုလို့
မောင်ရင်တို့ဆိုင်ကို ရွေးခဲ့တာ။ အဆင်ပြေတယ်ဟေ့ ! အားလုံးကြိုက်ကြတယ် . . .
ကျေးဇူးတင်လို့ စာရေးလိုက်တာ . . . ။
ကိုးများတဲ့တို့အုပ်စု မောင်ရင်တို့ဆိုင်မှာပြန်ဆုံဖို့ ချိန်းထားတယ် . . . စန္ဒရားချစ်ဆွေသီချင်းတွေ ရှာထားပေးပါအုံး။
ဆိုင်(၁) - အမှတ်(၄၂/က)ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီကုံးကျော်တံတားကြီးအနီး။
ဆိုင်(၂) - အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းမီးပွိုင့်အနီး၊
ဖုန်း ၀၉-၅၁၅၉၀၀၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၇၃၀၀၆၄၂၂ ကြီးပွားတိုးတက်ကြပါစေ။
ဆိုင်(၃) - Gandamar Wholesale၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)၊ အငြိမ်းစားကြီးများ

မွန်မြတ်ဆေးခန်း ဗိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
သွေးတိုးနှင့်ဆက်နွယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။
အစာအိမ်အူလမ်းကြောင်းနှင့် ဝမ်းချုပ်ရောဂါကုသခြင်း ( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )
အစာအိမ်အူလမ်းကြောင်းရောဂါအမျိုးမျိုးနှင့် ဝမ်းချုပ်ရောဂါကို (၇)ရက်အတွင်း သက်သာစေပြီး (၁)လအတွင်း ပျောက်ကင်းစေနိုင်ရန် အစွမ်းအာနိသင်ထက်သည့်ဆေးကို အသုံးပြုကုသပေးပါသည်။
လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၅၁၉၆၅၁၈

Regional

7 DAY NEWS JOURNAL

Vol.11, No.1 • MARCH 8 , 2012

# မန္တလေးကျုံးရေ မြေသားများ ပေါ်သည်အထိ ရေနည်းလာ



ရေနည်းနေသော မန္တလေးကျုံး

စိုင်းသာအောင်

မန္တလေး၊ မတ် - ၂

မန္တလေးသင်္ကြန်ပွဲတော် နီးကပ်လာသော်လည်း မတ်လဆန်းအထိ ကျုံးအတွင်းရေနည်းနေသဖြင့် မန္တလေးသင်္ကြန်ပွဲတော်အတွက် ရေအခက်အခဲဖြစ်မည်ကို မြို့လူထုစိုးရိမ်လျက်ရှိသည်။

မန္တလေးမြို့တွင် နွေဦးရောက်လာ၍ ရေသုံးစွဲမှုများပြားပြီး ကျုံးရေနည်းလာသဖြင့် ကျုံးရေကိုသာ အဓိကထားအသုံးပြုသောရပ်ကွက်များ၌ ရေအခက်အခဲတွေ့နေရကြောင်း နန်းရှေ့ဒေါနဘွားရပ်ကွက်မှ အိမ်ရှင်မတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် ကျုံးရေနည်းလာပြီး ရေများဖြန့်ဝေပေးနိုင်ခြင်း မရှိသောကြောင့် နန်းရှေ့ဒေါနဘွားရပ်ကွက်၊ အောင်တော်မူရပ်ကွက်၊ မြောက်ပြင်ဥပုသ်တောင်ရပ်ကွက်၊ အနောက်ပြင်ပြည်လုံးချမ်းသာရပ်ကွက်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်တို့တွင် ရေဝယ်သုံးနေကြရသည်။ တစ်နေ့လျှင် မြို့လူထုသို့ ကျုံးရေ ဂါလန် နှစ်သန်းဖြန့်နေသော်လည်း ယခုအခါ ကျုံးရေနည်းပါးမှုကြောင့် တစ်နေ့လျှင် ရေဂါလန်ငါးသောင်းသာဖြန့်ဝေပေးနိုင်ကြောင်း သိရသည်။ မတ်လ ၂၀ ရက်အထိ ကျုံးရေမဖြည့်နိုင်ပါက မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရေကစားရန် အခက်အခဲဖြစ်မည်ကို မြို့လူထုက စိုးရိမ်မကင်းဖြစ်နေခြင်းဖြစ်သည်။

# ကော်ဖီမစ်ဖိုး လိုက်လံကောက်ခံစဉ် ကျပ်သိန်း ၁၀၀ ပျောက်ဆုံးမှုဖြစ်ပွား

ကျော်ဇေယျ

နေပြည်တော်၊ ဖေဖော်ဝါရီ- ၂၉

ကော်ဖီမစ်ကုမ္ပဏီဝန်ထမ်းများက ကော်ဖီမစ်ဖိုးများ လိုက်လံကောက်ခံစဉ် ကားခေါင်းခန်းထဲထည့်ထားသော ငွေကျပ်သိန်း ၁၀၀ ရှိ ငွေထုပ်တစ်ထုပ် ပျောက်ဆုံးသွားသဖြင့် ရဲစခန်းသို့ အမှုဖွင့်ခဲ့ရသော ဖြစ်စဉ်တစ်ခုသည်ဖေဖော်ဝါရီလ ၂၈ရက်က နေပြည်တော်တွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော်ဖီမစ်ကုမ္ပဏီ၊ စီမံရေးရာကြီးကြပ်ရေးမှူးတစ်ဦးသည် ဖေဖော်ဝါရီ ၂၈ ရက်မွန်းလွဲ ၂နာရီခန့်က အခြားဝန်ထမ်းနှစ်ဦးနှင့်အတူ နေပြည်တော်ပျဉ်းမနားမြို့အတွင်း ကော်ဖီမစ်ဖိုးများအား လိုက်လံကောက်ခံခဲ့သည်။

စာ(၁၈) သို့

# လင်မယားရန်ဖြစ်သည်ကို ဝင်ရောက်ဖျန်ဖြေသူ ဓားထိုးခံရ

ကြီးမြင့်နိုင်

လှိုင်ကော်၊ ဖေဖော်ဝါရီ- ၂၉

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်တွင် လင်မယားနှစ်ယောက်စကားများနေသည်ကို ဝင်ရောက်ဖျန်ဖြေသူတစ်ဦး ဓားထိုးခံရသောဖြစ်ရပ်တစ်ခု ယခုလ ၁၀ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ ည ၇ နာရီ ၁၀ မိနစ်ခန့်က လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်နေ မအေးမြင့်ဆွေ (၃၀ နှစ်) သည် ၎င်း၏ခင်ပွန်းဖြစ်သူကိုမျိုးဝင်း (၂၈ နှစ်) နှင့်အတူနေအိမ်၌ ရှိနေစဉ် ခြံဝင်းတစ်ခုတည်းတွင်နေထိုင်သော ယောက်မတော်စပ်သူ မမြင့်မြင့်ဦးနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဆန်းအောင်(၃၃ နှစ်)တို့ စကားများ ရန်ဖြစ်နေကြ၍ မအေးမြင့်ဆွေ၏ခင်ပွန်း ကိုမျိုးဝင်းက သွားရောက် ဖျန်ဖြေခဲ့သည်ဟုဆိုသည်။

ထိုကဲ့သို့ သွားရောက်ဖျန်ဖြေရာတွင် ကိုမျိုးဝင်းနှင့် ၎င်း၏ယောက်ဖဖြစ်သူ ဆန်းအောင်(ခ) ချစ်ဆန်းအောင်တို့ လုံးထွေးသတ်ပုတ်ကြသည်ဟုဆိုသည်။

လုံးထွေးသတ်ပုတ်ကြစဉ်ဆန်းအောင်က အရိုးအသွား ၁၈ လက်မခန့်ရှိဓားနှင့်ထိုးလိုက်သောကြောင့် ကိုမျိုးဝင်းမှာ နောက်ကျောယာဘက်ပြတ်ရှဒဏ်ရာ၊နောက်ကျောဝဲဘက်ပြတ်ရှဒဏ်ရာနှင့် ဝဲဘက်လက်မောင်းအရင်းပြတ်ရှဒဏ်ရာများ ရရှိခဲ့၍ လွိုင်ကော်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရသည်ဟုဆိုသည်။

ထိုဖြစ်ရပ်အပေါ် တရားဥပဒေအရ အရေးယူဆောင်ရွက်ရန် မအေးမြင့်ဆွေက ဖေဖော်ဝါရီ ၁၀ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာ လွိုင်ကော် ရဲစခန်းက (ပ) ၂၉/ ၂၀၁၂၊ ပြစ်မှု ပုဒ်မ ၃၂၄/ ၃၂၆ အရ အမှုဖွင့်စုံစမ်းစစ်ဆေးကြောင်း သိရသည်။

# သံတွဲမြို့ ယာယီဈေးအတွက် ဈေးသူ၊ ဈေးသားများထံမှ ကောက်ယူထားသော ငွေများပြန်ပေး



သံတွဲဈေး မီးလောင်ပြီးမြင်ကွင်းအား တွေ့ရစဉ် ဓာတ်ပုံ - စည်သူအောင်(သံတွဲ)

အိဖြူမွန်၊ မြတ်စုမွန်

ရန်ကုန်၊ မတ်-၁

သံတွဲမြို့၊ ဒွါရာဦး ယာယီဈေးတည်ဆောက်ရေးအတွက် ဈေးသူဈေးသားများထံမှ အခန်းအမျိုးအစားအလိုက် တစ်ခန်းလျှင် ကျပ်တစ်သိန်းကျော် ကောက်ယူထားသောငွေများ ပြန်ပေးမည်ဖြစ်ကြောင်း သံတွဲမြို့ဈေးသာယာရေးကော်မတီဥက္ကဋ္ဌဦးစိုးသန်းက ပြောသည်။

ယခင်က ယာယီဈေးတည်ဆောက်ရေးအတွက် ငွေကြေးကောက်ခံခဲ့မှုအပေါ် ဈေးသူဈေးသားများက မကျေနပ်၍ သမ္မတသို့ လိပ်မူ၍ တိုင်ကြားခဲ့သည်။ ယင်းတိုင်ကြားမှုပြုလုပ်ပြီး တစ်ပတ်အတွင်း ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး ခရီးစဉ်နှင့် ရောက်ရှိလာရာတွင် ယာယီဈေးတည်ဆောက်ရေးအတွက် ကောက်ယူထားသော ငွေကိုပြန်လည်ပေးအပ်ခိုင်းပြီး ငွေကျပ်သိန်း ၃၃၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ထိုငွေဖြင့် ယာယီဈေးတည်ဆောက်မည်ဖြစ်သည်။

"ဒီပိုက်ဆံတွေ ရသွားရင်တော့ ဒေသခံတွေဆီက ကောက်ချင်မှ ကောက်တော့မယ်။ လိုအပ်မှ သောင်းဂဏန်းလောက် အနည်းအပါးလောက်ပဲ ကောက်ချင်ကောက်မယ်။ မလိုအပ်ရင်လည်း မကောက်တော့ဘူးပေါ့။ လူကြီးတွေ ပေးသွားတဲ့ ပိုက်ဆံနဲ့ အဆင်ပြေချင်လည်း ပြေသွားနိုင်တယ်လေ" ဟု ရခိုင်ပြည်နယ် စည်ပင်ဝန်ကြီးဦးလှဟန်က ပြောသည်။

ဈေးယာယီတည်ဆောက်ရေးအတွက် ငွေကျပ် ၄၈၈ သိန်း ကုန်ကျမည်ဖြစ်ပြီး ၄၈ ဆိုင်ခန်းပါ ၁၂ ရုံတည်ဆောက်ပေးမည် ဖြစ်ကြောင်း၊ ဆိုင်ခန်း တစ်ခန်းအတွက် ၈၀,၀၀၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း ယင်းဆိုင်ခန်းများအားမီးသင့်ခံရသည့် ဈေးသူဈေးသားများကို ရောင်းကုန်အုပ်စုတူအဖွဲ့လိုက်မဲနှိုက်ရမည်ဖြစ်ကြောင်း ဈေးကော်မတီဥက္ကဋ္ဌက ပြောကြားသည်။ ယာယီဈေး တည်ဆောက်ရေးအတွက် ကျပ် ၄၈၈ သိန်းတွင် လိုအပ်သောငွေကျပ်၁၅၈သိန်းကို လူမှုအဖွဲ့အစည်းနှင့် ဒေသခံ အလှူရှင်များ၏ အလှူငွေနှင့် မီးသင့်ဈေးဟောင်းမှ ပစ္စည်းဟောင်းများ လေလံပစ်ထားသည့် ရငွေဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း ကော်မတီက ပြောကြားသည်။

စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# လားရှိုးမြို့အနီးတစ်ဝိုက် ကျေးလက်ဒေသခံများ ဆိုင်ကယ် ဝယ်စီးနိုင်သူများလာ

ယုဇနကိုကို

လားရှိုး၊ ဖေဖော်ဝါရီ- ၂၆

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင် ဆိုင်ကယ်များကို ယခင်ကထက် ပိုမိုအသုံးပြုလာကြောင်း ယင်းဒေသရှိ ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

လားရှိုးမြို့မှ အချိန်လေးနာရီခန့် ကားဖြင့် သွားလာနိုင်သည့် အဆိုပါကျေးရွာများတွင် ယခင်နှစ်များအတွင်းက ဆိုင်ကယ်များကို လူတန်းစားအနည်းစုသာ အသုံးပြုနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်မှစတင်ကာ ဆိုင်ကယ်အသုံးပြုမှု သိသိသာသာ တိုးတက်လာခဲ့ကြောင်း ယင်းဒေသရှိဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းအချို့မှ စုံစမ်းသိရှိရသည်။

"ဒီမှာဆိုင်ကယ်တွေ အရမ်းဝယ်လာတာပဲ။ အရင်က ဒီလောက်တောင်မစီးနိုင်ကြဘူး။ အရင်ကဆိုင်ကယ်မရှိတဲ့အိမ်ဆို အခုနှစ်စီးသုံးစီးလောက်ရှိတယ်။ အရင်နည်းနည်းရှိရင် အခုလေးငါးစီးလောက်အထိရှိလာတယ်" ဟု တန့်ယန်းမြို့ခံအမျိုးသားတစ်ဦးကဆိုသည်။

"ဟင်းသီးဟင်းရွက်နဲ့စပါးစိုက်လို့ရတဲ့ရာသီစာရောင်းရငွေက စားဝတ်နေရေးအတွက် ပြေလည်နေတာ။ အဲ့ဒါကြောင့် ဆိုင်ကယ်ဈေးကွက်က အလုပ်အရမ်းဖြစ်လာတာ" ဟု လားရှိုးမြို့ခံ အသက်ငါးဆယ်ဝန်းကျင်ရှိဒေသခံရှမ်းတိုင်းရင်းသားအမျိုးသမီးတစ်ဦးက ပြောသည်။

# စက်သုံးဆီဈေး မြင့်တက်လာသော်လည်း ခရီးသည်ယာဉ်များ လက်မှတ်ခဈေးမတက်

မျိုးမင်းဦး

မုံရွာ၊
ဖေဖော်ဝါရီ- ၂၉



ဓာတ်ပုံ-အောင်အောင်

မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကြီးများတွင် ယခုနှစ်ဖေဖော်ဝါရီလကုန်ရက်ပိုင်းတွင် ဒီဇယ်ဈေးစံချိန်တင်မြင့်တက်ခဲ့သော်လည်း ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ သတ်မှတ်ဈေးနှုန်းနှင့်အညီ ပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရသည်။

"မုံရွာမြို့ပေါ်မှာ ဖေဖော်ဝါရီ ၂၅ ရက်မှာ ဒီဇယ်ဈေးက စံချိန်တင်ဈေးတက်တဲ့ချိန်မှာ မအူဆီတန်းမီးလောင်မှုဖြစ်တာပဲ။ အရင်ဇန်နဝါရီလ အတွင်းတုန်းက ဒီဇယ်ဈေးတစ်ဂါလန်ကျပ် ၃,၃၀၀ ကနေ ၃,၅၀၀ အထိ ဈေးတက်သွားတယ်။ ဖေဖော်ဝါရီလဆန်းမှာ တစ်ဂါလန် ၃,၅၀၀ ကနေ ၃,၈၀၀ အထိ ဈေးတက်လိုက်ကျလိုက်နဲ့ မငြိမ်ဘူး။ ဖေဖော်ဝါရီ (၂၅) ရက်ကစပြီး ဒီဇယ်ဈေးက ၄,၀၀၀ ကျော်သွားတယ်။ လက်ရှိဒီဇယ်ဈေးကလကုန်အထိ ၄,၁၀၀ ဈေးနဲ့ရောင်းနေတယ်။ ဓာတ်ဆီဆေးကတော့ အစိုးရဆိုင်ကနေ ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပေးတဲ့ဆိုင်တွေမှာ ဖေဖော်ဝါရီလဆန်းမှာ ၃,၅၀၀ ကနေ ၃,၇၀၀ အထိ ဈေးတက်သွားတယ်။ အပြင်ပုဂ္ဂလိကဆီဆိုင်တွေမှာတော့ ၄,၀၀၀ ကနေ ၄,၂၀၀ ဝန်းကျင်အထိ ဈေးငြိမ်နေတယ်"ဟု မုံရွာဒေသခံ ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင်တာဝန်ခံတစ်ဦးက ပြောသည်။

"ဒီဇယ်ဈေးက အရင်နှစ်တုန်းကသကြၤန်မတိုင်မီဈေးတက်တယ်ဆိုပေမယ့်တစ်ဂါလန်၃,၅၀၀ ဈေးလောက်ရှိတယ်။အခုဒီနှစ်သကြၤန်မရောက် သေးခင်မှာ တစ်ဂါလန် ၄,၂၀၀ အထိဈေးခုန်တက်သွားပြီ။စက်သုံးဆီဈေးတက်လို့ ခရီးသည်တင် ယာဉ်လိုင်းတွေ ယာဉ်စီးခဈေးတက်လေ့ရှိပေမယ့် အခုဒီဇယ်ဈေးတက်ချိန်မှာ သတ်မှတ်ဈေးနှုန်းအတိုင်းပြေးဆွဲဖို့ခရီးသည်တင် ယာဉ်လိုင်းတာဝန်ရှိသူတွေ ကသတိပေးနေတယ်။ ဒီလိုသာ ဒီဇယ်ဈေးဆက်တက်နေမယ်ဆိုရင် ခရီးသည်ယာဉ်စီးခတွေ တက်ရင်သိပ်မကိုက်ဘူး။ လမ်းကြေးတံတားကြေးရော စက်သုံးဆီဈေးရောတက်ပြီးရင်းတက်နေရင် ယာဉ်လိုင်းတွေလည်းမကိုက်တော့ဘူး" ဟုမုံရွာ-မန္တလေးခရီးသည်တင်ယာဉ်လိုင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မုံရွာမြို့ပေါ်ရှိပြင်ပပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီသန့်(ပန့်ဆီ)တစ်ဂါလန်လျှင် ကျပ် ၃,၃၀၀ ဈေးဖြင့်ရောင်းချချိန်တွင် အစိုးရမှပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုသောစက်သုံးဆီ အရောင်းဆိုင်များတွင် ဒီဇယ်ပန့်ဆီတစ်ဂါလန်လျှင်ကျပ် ၃,၉၀၀ ကျပ်နှုန်းဖြင့်ရောင်းချသဖြင့် အဆိုပါ စက်သုံးဆီအရောင်းဆိုင်များတွင်ဒီဇယ် ရောင်းချမှုနှုန်းနည်းပါးခဲ့ကြောင်းမုံရွာမြို့ခံယာဉ်ပိုင်ရှင်များကပြောသည်။






7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# လေးမြို့ဒေသ သဘာဝပတ်ဝန်းကျင် လေ့လာမှုပြုလုပ်သွားမည်

**မင်းသိန်းအောင်**

**မြောက်ဦး၊ ဖေဖော်ဝါရီ- ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလုပ်ဆောင်နေသည့် လူငယ်အဖွဲ့မှ လေးမြို့မြစ်ဖျားပိုင်းဒေသရှိသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုများကို မကြာမီ သွားရောက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"လေးမြို့မြစ်ဟာ ရခိုင်တွေရဲ့ အရေးပါတဲ့ မြစ်တစ်စင်းဖြစ်ပါတယ်။ လေးမြို့ဒေသရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုတွေကို အရင်ကပြုလုပ်ခဲ့တာတွေ မရှိခဲ့ပါဘူး။ ကျွန်တော်တို့က ခုလက်ရှိအခြေအနေမှာ လေးမြို့ဒေသရဲ့ သဘာဝပတ်ဝန်းကျင်ပြောင်းလဲနေမှုအခြေအနေတွေနဲ့ ဒေသခံတွေရဲ့ အနေအထားတွေကိုအဓိကသွားရောက်လေ့လာမှာဖြစ်ပါတယ်။ ပြီးတော့ မြစ်ဖျားပိုင်းက ဒေသခံတွေနဲ့ မေးမြန်းချက်တွေ၊ သူတို့ရဲ့ လူနေမှုဘဝတွေကို ဗီဒီယိုမှတ်တမ်းဓာတ်ပုံမှတ်တမ်းတွေ ပြုလုပ်သွားဖို့စီစဉ်ထားပါတယ်။ ခရီးစဉ်က မတ်လ ၁၆ ရက်စတင်မယ်လို့စီစဉ်ထားပါတယ်" ဟု အဆိုပါ အဖွဲ့ကို ဦးဆောင်သူ ကိုကျော်စိန်သန်းက ပြောသည်။

လေးမြို့ဒေသသည် ဥယျာဉ်ခြံနှင့် ကိုင်း-ကျွန်းစိုက်ပျိုးရေး လုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးမှုများပြုလုပ်ပေးရန်မှာ ဒေသခံများအတွက် လိုအပ်နေသော ကွက်လပ်တစ်ခုဖြစ်ကြောင်းဖင်းကဆက်လက်ပြောသည်။

"လေးမြို့ဒေသဟာ အရင်ကထက်စာရင် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာတာတွေများလာနေပါတယ်။ ဒါကို ဘယ်လို ထိန်းသိမ်းရမယ်ဆိုတာကို ဒေသခံတွေ နားလည်သဘောပေါက်အောင် ပြောပေးဖို့က ကွက်လပ် တစ်ခုလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ လူငယ်အဖွဲ့က ကိုယ်တတ်နိုင်တဲ့ဘက်က လိုအပ်ချက်တွေ ဖြည့်ပေးသွားဖို့လည်း စီစဉ်ထားပါတယ်"ဟု ဖင်းကဆိုသည်။

လေးမြို့မြစ်သည် မြောက်ဦးမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိပြီး မြစ်ဖျားပိုင်းဒေသများသို့ ကမ္ဘာလှည့်ခရီးသွားများနှစ်စဉ်လာရောက်လည်ပတ်လျက်ရှိသည်။

# မုံရွာမြို့ပေါ်ရှိ အင်တာနက်ဆိုင်များ ဝင်ငွေသိသိသာသာ လျော့နည်းလာဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၉**

မုံရွာမြို့ပေါ်တွင် အင်တာနက်ဆက်သွယ်မှုစနစ်တွင်တွင်ကျယ်ကျယ်အသုံးပြုသူပိုမိုများပြားလာသည့်အချိန်တွင်နေ့ရောညပါအင်တာနက်ဝန်ဆောင်မှုအပြည့်အဝပေးသည့်အင်တာနက်ဆိုင်များ ယခုနှစ်ဖေဖော်ဝါရီလကုန်ရက်ပိုင်းကစ၍ အင်တာနက်ဆက်သွယ်ရေးလိုင်းများချို့ယွင်းချက်ကြောင့် အသုံးပြုသူလျော့နည်းလာသဖြင့် ဝင်ငွေလျော့နည်းလာကြောင်း မုံရွာဒေသခံအင်တာနက်ဝန်ဆောင်မှုလုပ်ငန်းရှင်များပြောပြချက်အရ သိရှိရသည်။



"မုံရွာမြို့ပေါ်မှာ အင်တာနက်ဝန်ဆောင်မှုဆိုင်တွေအားလုံးက DASL(မြန်နှုန်းမြင့်)၊ Sky Net, Ip Starစတဲ့အင်တာနက်စပ်ဆက်ပစ္စည်းတွေနဲ့ အသုံးပြုတာပိုများတယ်။ဖေဖော်ဝါရီလဆန်းကစပြီး အင်တာနက်လိုင်းတွေကျနေတာ ညသန်းခေါင်အချိန်ကနေနံနက် ငါးနာရီလောက်တော့ အင်တာနက်လိုင်းတွေက ကောင်းတယ်။ နေ့ခင်းကနေညပိုင်းအထိကတော့ လုံးဝ သုံးမရတဲ့အခြေအနေဖြစ်လိုက်၊ တက်လာလိုက်နဲ့ အင်တာနက် သုံးသူတွေက နည်းသွားတယ်။ ဝန်ဆောင်မှုပေးတဲ့ဆိုင်တွေတောင်အင်တာနက်လိုင်းကနှေးတော့ ဝိုင်ဖိုင်စနစ်နဲ့ သုံးတဲ့အင်တာနက်လိုင်းတွေက နှေးလွန်းလို့ သုံးသူတွေ စိတ်ပျက်လာပြီ" ဟုမုံရွာမြို့ အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"အင်တာနက်လိုင်းတွေနှေးတာကမုံရွာမြို့အဝင်မှာမြေအောက်ဖိုက်ဘာဆက်ကြောင်းတွေ တိုးချဲ့တပ်ဆင်နေလို့ ပြောသံကြားတယ်။အင်တာနက်လိုင်းတွေကျနေတာများတော့မုံရွာမြို့ပေါ်က အင်တာနက်ဆိုင်တွေဝင်ငွေသိသိသာသာလျော့တယ်။ဝိုင်ဖိုင် စနစ်နဲ့လပေးယူသူတွေက နောက်လကစပြီးနားတော့မယ်ဆိုတော့ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတွေအရှုံးနဲ့ရင်ဆိုင်ရတော့မယ်။ အချို့အင်တာနက်ကဖေးတွေမှာ အင်တာနက်လိုင်းကျချိန် ကွန်ပျူတာဂိမ်းကစားသူတွေနဲ့ဝင်ငွေပြန်ရှာနေရတာတွေရှိတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာမြို့တွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အိုင်ပီစတား အသုံးပြုအင်တာနက်စနစ်စတင်အသုံးပြုခဲ့ပြီး ၂၀၀၃ ခုနှစ်တွင်အင်တာနက်ဆိုင် ၃ ဆိုင်ရှိခဲ့ရာမှ ယခုနှစ်တွင်အင်တာနက်ဝန်ဆောင်မှုဆိုင် ၂၀ ကျော်ရှိပြီး ဝိုင်ဖိုင်စနစ် ဖြင့်အင်တာနက်ဝန်ဆောင်မှုများ ၂၀၁၁ ခုနှစ်အတွင်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာသဖြင့် အင်တာနက်သုံးစွဲသူသုံးသောင်းကျော်ရှိကြောင်းသိရှိရသည်။

မုံရွာမြို့သည်စီးပွားရေးလုပ်ငန်း ကုမ္ပဏီများ တိုးချဲ့လုပ်ကိုင်လာသည့်နောက်ပိုင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကိရိယာအဖြစ်အင်တာနက်ဆက်သွယ်ရေးစနစ်ကိုအဓိကထားအသုံးပြုသည့်နောက်ပိုင်း အင်တာနက်ဆက်သွယ်ရေးလိုင်းများနှေးကွေးလာခြင်းကြောင့်စီးပွားရေးလုပ်ငန်း ဆက်သွယ်ရေးအခက်ကြုံတွေ့ခဲ့ရကြောင်း စီးပွားရေးလုပ်ငန်းရှင်များ ပြောပြချက်အရ သိရှိရသည်။

# မီးဖိုမီးအား ပေါ့ဆစွာအသုံးပြုရာမှ မုံရွာမြို့နယ် တောင်မတောကျေးရွာ၌ နေအိမ် ၁၃ လုံး မီးလောင်မှု ဖြစ်ပွား

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၉**

မုံရွာမြို့နယ်၊တောင်မတောကျေးရွာ၌နေအိမ်တစ်အိမ်ကထမင်းချက်ပြုတ်သည့် မီးဖိုမီးအား ပေါ့ဆစွာအသုံးပြုခဲ့သည့်အတွက် မီးကြွင်းမီးကျန်မှတစ်ဆင့်မီးလောင်မှု ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဖြစ်ပွားခဲ့ရာ နေအိမ် ၁၃ လုံး မီးလောင်ခဲ့ပြီးကာလတန်ဖိုးကျပ်ကိုးသိန်းငါးသောင်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

မုံရွာမြို့နယ်၊ တောင်မတောကျေးရွာ၌ ယခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက် ညနေ ၃ နာရီအချိန်ခန့်တွင် တောင်မတောကျေးရွာနေ ဦးနေဝင်းအောင်နေအိမ် မီးဖိုမီးမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀တွင်မီးညွန့်ကျိုးသွားခဲ့ပြီး ညနေ ၅ နာရီခွဲအချိန်မီးလောင်မှုအား ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဦးနေဝင်းအောင် နေအိမ် အပါအဝင် ၃ ပင် ၂ ခန်း မြေစိုက် ထန်းရွက်မိုးထန်းရွက်ကာနေအိမ်(၃)လုံး၊ ၄ ပင် ၃ ခန်းကပ်မိုးကပ်ကာ မြေစိုက်နေအိမ် (၈) လုံး၊၄ပင်၃ခန်းကပ်မိုးကပ်ကာဝါးခင်းနေအိမ်(၂)လုံး စုစုပေါင်း နေအိမ်(၁၃) လုံးမီးလောင်ခဲ့သဖြင့် ကာလတန်ဖိုး ကျပ်ကိုးသိန်း ငါးသောင်း ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

မီးပေါ့ဆစွာ အသုံးပြုခဲ့သည့် ဦးနေဝင်းအောင် (၃၅ နှစ်)၊(အဘ) ဦးကျော်ဆန်း၊ တောင်သူ၊ တောင်မတောကျေးရွာ၊ မုံရွာမြို့နယ်အားဥပဒေအရအရေးယူပေးပါရန် မုံရွာမြို့နယ်၊ အမှတ်(၂)ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဇော်လင်းအောင်က တရားလိုပြုလုပ်၍တိုင်ကြားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ မုံရွာမြို့နယ်အမှတ်(၂)ရဲတပ်ဖွဲ့စခန်း(ပ)အမှတ်-၉၂/၂၀၁၂၊ ပုဒ်မ - ၂၈၅ အရ အမှုဖွင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

မီးလောင်ဆုံးရှုံးမှုကြောင့် ကျား၊ မစုစုပေါင်း (၆၄) ဦးအိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ပြီး တောင်မတောကျေးရွာမူလတန်းကျောင်းတွင်မီးဘေးဒုက္ခသည်စောင့်ရှောက်ရေးစခန်း ဖွင့်လှစ်ထားရှိခဲ့ကြောင်း သတင်းရရှိသည်။

# ရွှေရာဇာယာဉ်လိုင်း လွိုင်ကော် - မန္တလေး ခရီးစဉ်သစ် တိုးချဲ့ပြေးဆွဲ

**ကြီးမြင့်နိုင်**

**လွိုင်ကော်၊ မတ် - ၃**

လွိုင်ကော်မြို့ အခြေစိုက်၍ လွိုင်ကော်-နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို ပြေးဆွဲလျက်ရှိသော ရွှေရာဇာခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ လွိုင်ကော်-မန္တလေး ခရီးစဉ်သစ်ကိုမတ် ၂ရက်တွင် စတင်တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေရာဇာယာဉ်လိုင်းမှ ခရီးသည်ပို့ဆောင်ရေးယာဉ်များသည် လွိုင်ကော်-မန္တလေးခရီးစဉ်၌ ယာဉ်စတင်ထွက်ခွာချိန်အဖြစ် လွိုင်ကော်မှ မန္တလေးသို့ မွန်းလွဲ တစ်နာရီတွင်လည်းကောင်း၊ မန္တလေးမှ လွိုင်ကော်သို့ ညနေ ၆ နာရီတွင်လည်းကောင်း သတ်မှတ်ထားရှိပြီး မန္တလေးမြို့သို့နောက် တစ်နေ့နံနက် ၅ နာရီတွင်လည်းကောင်း၊ လွိုင်ကော်မြို့သို့ နောက်တစ်နေ့နံနက် ၈ နာရီတွင်လည်းကောင်းအသီးသီးဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းယာဉ်လိုင်းသည် လွိုင်ကော်-နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်မှ စတင်ဖွင့်လှစ်ပြေးဆွဲခဲ့သည်။ ယခုအခါ လွိုင်ကော်-မန္တလေးခရီးစဉ်တွင် ရွှေရာဇာ၊ သိန်းသန်းကုဋေ၊ နဂါးနီ၊ သန်မြန်သူစသည့်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ အပြိုင်အဆိုင်ပြေးဆွဲကြသဖြင့် ခရီးသည်များ သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သဇင်**
Body Beauty အမျိုးသမီးများအတွက် လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊ အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း။ မျက်ဝန်းတစ်ဝိုက်အရေးအကြောင်းများကို သုံးရက်အတွင်း သိသာစေခြင်း။
၃၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-လွှာ၊
ဖုန်း - ၀၉၅၁ ၅၁၀၄၅၊ ၀၉-၇၃၀ ၂၄၆၆၅

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လုပ်ငန်းအောင်မြင်စွာ လည်ပတ်နေသော International Pre-School ရောင်းမည်။
ဖုန်း- ၀၉-၅၂၀၂၄၂၇

**ဝန်းထမ်းအလိုရှိသည်။**
**Fashion Designer F/M (1) post**
- အသက် ၂၅-၃၅ နှစ်ကြား၊
- အထည်ချုပ်လုပ်ငန်းအတွေ့အကြုံ (၃)သုံးနှစ်ရှိရမည်၊
- ဆန်းသစ်သော အမျိုးသမီးဝတ် ဒီဇိုင်းများကိုတီထွင်ဖန်တီးနိုင်ရမည်၊
- English (or) Chinese စကားပြောကျွမ်းကျင်ပြီး Passport in Hand ရှိသူဦးစားပေးမည်၊
- စိတ်ဝင်စားသူများ ကြော်ငြာပါသည့်နေ့မှ ၁၇. ၃. ၁၂ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ဆက်သွယ်လျှောက်ထားနိုင်သည်၊

**MK Trading Co., Ltd**
အမှတ်(၁၄)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၄၁၀၆၄

# ၁၄ လအတွင်း စီးတီးတက္ကစီ ၅,၄၀၀ ခန့်ကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြု

**အေးမြတ်သူ**

**ရန်ကုန်၊ မတ်-၁**

ရန်ကုန်မြို့တွင် တစ်နှစ်နှင့် နှစ်လခန့်(၁၄ လ) အတွင်း စီးတီးတက္ကစီအစီးရေ၅,၄၀၀ ခန့်ကို လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးခဲ့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့တွင်းတွင် ဖေဖော်ဝါရီ ၂၄ ရက်အထိ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီး တက္ကစီအစီးရေ စုစုပေါင်း ၂၁,၁၆၈ စီး ရှိသည်။ ၂၀၁၁ ခုနှစ်တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ကိုတက္ကစီအစီးရေ၃,၂၃၀ စီး ထုတ်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ် တစ်လကျော်ကာလတွင် အစီးရေ ၂,၁၆၆ စီးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထပ်မံထုတ်ပေးခဲ့သောကြောင့် တစ်နှစ်နှင့် နှစ်လခန့်အတွင်း ကားအစီးရေ၅,၄၀၀ ခန့်ကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

မြန်မာမီနီဆလွန်းအပါအဝင် ချယ်ရီဝက်ဘ်ဂွန်ကားအစီးရေ စုစုပေါင်း ၉၈၇ စီးအား ဖေဖော်ဝါရီ ၂၄ ရက်တွင်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခဲ့သည်။ ထိုအထဲတွင် မြန်မာမီနီဆလွန်း ၃၄၅ စီး၊ ချယ်ရီဝက်ဘ်ဂွန်ကား ၆၁၂ စီးအား ထုတ်ပေးခဲ့ပြီး အဆိုပါ ဆလွန်းကားများအပါအဝင် တက္ကစီပြုလုပ်မည့် ယာဉ်အရေအတွက် ကန့်သတ်ရန်အစီအစဉ်မရှိသေးကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

"စီးနင်းတဲ့ ခရီးသွားပြည်သူတွေအနေနဲ့ ကားအမျိုးအစားကားအဆင့်အတန်း ဝန်ဆောင်မှု



ဈေးနှုန်းတွေနဲ့ပတ်သက်ပြီးတော့ ရွေးချယ်ပိုင်ခွင့် ပိုမိုရရှိတယ်။ မကောင်းတာက တက္ကစီယာဉ်မောင်းသူတွေအနေနဲ့ ယှဉ်ပြိုင်မှုများလာတဲ့အတွက်ဝင်ငွေကောင်းဖို့အလုအယက် ကြိုးစားဆောင်ရွက်လာကြတယ်။ အဲဒါတွေကြောင့်ယာဉ်မတော်တဆမှုတွေ၊ ယာဉ်ကြောကျပ်တည်းလာတာ ဖြစ်နိုင်တယ်"ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

စီးတီးတက္ကစီအစီးရေ များလာခြင်းကြောင့် တက္ကစီများမှာ ယခင်ထက် ပို၍အလုပ်ပါးလာကြောင်း အငှားယာဉ်မောင်းအချို့ကပြောသည်။

"အခုရက်ပိုင်း ကားဆွဲရတာ အဆင်မပြေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကားတွေများလာတယ်။ ဆီကားတက္ကစီတွေများလာတယ်။ အဲဒါကြောင့်ပဲလို့ထင်တယ်။ အပ်တဲ့ကားလည်း အပ်တာပေါ့။ ဒါပေမဲ့ ဆီကားတွေကတော်တော်များလာတာ။ ကားများတဲ့အတွက် အော်ဒါတော့ နည်းနည်းပါးသွားတာပေါ့"ဟု စီအင်န်ဂျီ တက္ကစီ ယာဉ်မောင်းဦးတင်မောင်အေးကပြောသည်။

တက္ကစီယာဉ်မောင်းဦးသန်းမင်းထွေးကလည်း "လူတွေကချယ်ရီကားကောင်းတွေကို ပိုစီးကြတာပေါ့။ နောက်ပြီး ကားကျပ်တာ။ အဲဒါလည်း စိတ်ညစ်ရတယ်။ မြို့ထဲမှာတောင် မဟုတ်တော့ပါဘူး။ ဒီပြင်နေရာမှာတွေလည်းကျပ်လာကြတယ်"ဟုပြောကြားသည်။

"အခုက ကိုယ့်ကားလေးနဲ့ကိုယ်မောင်းလို့ ကိုက်နေတယ်။ အုံနာကြေးနဲ့က ဘယ်လိုမှမကိုက်ဘူး။ လမ်းကပိတ်တယ်။ ကားတွေက များတယ်။ စီအင်န်ဂျီကားတွေက ရှိတာကိုး။ အခုဟာက ဆီကားနဲ့ စီအင်န်ဂျီကားဆိုရင် ဆီကားကနည်းနည်းများပြီး စီအင်န်ဂျီကားက နည်းနေတယ်။ စီအင်န်ဂျီကားတွေက သိမ်းသွားတာလည်းပါမယ်" ဟု ချယ်ရီဝက်ဘ်ဂွန်တက္ကစီယာဉ်မောင်းဦးသူရဇော်ဦးက ပြောသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း မ (၁၀) ဦး
**Smooth E အလှကုန်**
**ဖုန်း - ၅၄၆၃၀၆၊ ၅၅၀၄၇၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Office Staff အရောင်းစာရေး ကျား၊ မ (၅) ဦး (ဘွဲ့ရ၊ လုပ်ငန်းစိတ်ဝင်စားသူ)၊ Site Engineer ကျား (၃) ဦး (အတွေ့အကြုံရှိသူ)၊ Accountant မ (၃) ဦး (LCCI-Level III)၊ Marketing ကျား/မ (၅) ဦး၊ အရောင်း (စားရိတ်ငြိမ်း) ကျား/မ (၅) ဦး၊ ဒရိုင်ဘာ ကျား(၃) ဦး
**စေတနာ၊ အမှတ် ၁၈၇၊ ၃၄ လမ်း၊**
**ဖုန်း - ၂၄၃၈၁၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing ကျား/မ (၂) ဦး (Shipping Line နှင့် Forwarding Services လုပ်ငန်းအတွေ့အကြုံရှိသူများ လျှောက်ထားနိုင်သည်။) Lay & Nyi Co., Ltd.
**Tel: 534686, 095136828**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
MANS SECURITY AGENCY တွင်တာဝန်ထမ်းဆောင်ရန် (1) Admin & Account မ (၁) ဦး (Microsoft Office 2007 ကျွမ်းကျင်ရမည်။) (2) Security Guard ကျား (၁၆) ဦး အလိုရှိသည်။ အသက် ၂၀ မှ ၅၅ နှစ်အတွင်း အခြေခံပညာအလယ်တန်းအဆင့် (လစာကောင်းကောင်းပေးမည်)။

**အမှတ် (၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။**
**ဖုန်း - ၀၉၇၃၀၈၂၂၈၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing Leader ကျား/မ (၅) ဦး၊ စာရင်းကိုင် မ (၅) ဦး၊ တရုတ်စကားပြန် ကျား/မ (၂) ဦး၊ စက်ပြင် ကျား (၃) ဦး၊ ယာဉ်မောင်း ကျား (၅) ဦး၊ စက်ရုံအထွေထွေလုပ်သား ကျား/မ (၂၀) ဦး၊ **Deluxe Formula Industrial Co.,Ltd** အမှတ် (၂၉)၊ ပန်းတဉ်းဝန် ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။
**ဖုန်း - ၆၈၅၅၂၆၊ ၆၈၅၉၈၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
**Colorstones** ဗလာစာအုပ်
- Sale & Marketing မ (၁) ဦး
အမှတ် (၂၂)၊ မြေညီထပ်၊ ၁၄၆ လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၀၉၇၃၀၇၇၂၃၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
- အရောင်းဝန်ထမ်း ကျား (၂) ဦး (အသက် (၂၅) နှစ် အောက်၊ ဂစ်တာတီးနိုင်သူအား ဦးစားပေးမည်။) -Accountant မ (၁) ဦး
**ဖုန်း - ၀၉၅၁၅၇၀၁၂**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
**Royal Beach Motel**
၁။ IT Technician (Web Design) ကျား (၁) ဦး
၂။ Driver ကျား (၁) ဦး
၃။ Office Staff ကျား/မ (၁) ဦး
အခန်းနံပါတ် (**2-H**)၊ ဒုတိယထပ်၊ ဒဂုံတာဝါ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၀၁-၅၄၄၄၈၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
- Accountant မ (၂) ဦး
- Office Staff မ (၅) ဦး
- Receptionist မ (၂) ဦး
(အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်)
အမှတ် (၄၂)၊ ရွှေသရဖီ ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ဝန်ထမ်းအလိုရှိသည်။ (မ)
Photoshop အသုံးပြုနိုင်ရမည်။
မြန်မာစာရိုက်တတ်ရမည်။
အမှတ် (၄၃)၊ ပထပ် (ဘယ်)၊ ရှင်စောပုဘုရားလမ်း၊ မြေနီကုန်း၊ **City Mart** အနီး၊ စမ်းချောင်း။
**ဖုန်း - ၀၉၄၃၀၉၇၆၃၅**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
အသက် (၃၀) အောက်
- အမျိုးသား Cutting ကျွမ်းကျင် ကျား (၂) ဦး၊ အမျိုးသား အလုပ်သင်/အကူ ကျား (၁) ဦး
- အမျိုးသမီး Cutting ကျွမ်းကျင် မ (၂) ဦး၊ အမျိုးသမီး Shampoo ကျွမ်းကျင် မ (၃) ဦး၊ အမျိုး သမီး အလုပ်သင်/အကူ မ (၁) ဦး
အသက် (၃၀) အထက်
- စိုက်ပျိုးရေးကျွမ်းကျင် ကျား (၁) ဦး။ ကြော်ငြာပါသည့်နေ့မှ (၁၀) ရက်အတွင်းဖုန်း-၀၉၇၃၁၃၇၆၃၃ သို့ ဆက်သွယ်နိုင်သည်။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Blue Ocean Travels & Tours Co., Ltd
(1) Tour Operation Manger/ Assistant Manager M/F
(2) Post
Email: snowwhitemay56@gmail.com
Closing Dat: within two weeks

-------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းအမျိုးသမီးဝန်ထမ်းများ အလိုရှိသည်။ အသက် (၁၈) နှစ်မှ (၂၈) နှစ်အတွင်း၊ ပညာအရည်အချင်း ၁၀ တန်းနှင့်အထက်။ ရုပ်ရည်ချောမော၍ အပြောအဆိုသွက်လက်ရမည်။ အရောင်းပညာကျွမ်းကျင်၍ စည်းကမ်းလိုက်နာနိုင်ရမည်။
**ဖုန်း - ၀၁ - ၆၈၂၀၉၅**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Pre-school (အဆင့်မြင့်မူကြို) တွင်တာဝန်ထမ်းဆောင်ရန် ရုံးဝန်ထမ်း (မ) များအလိုရှိသည်။ အသက် (၃၅) နှစ်ထက် မကြီးသူ၊ သင်တန်းတက်ရောက်သူမဖြစ်ရ။ computer DTP, Photoshop, Excel ကျွမ်းကျင်ရမည်။
အမှတ် (၃၅၃)၊ အခန်း (၃၀၃)၊ ရှိုင်းတာဝါ၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်။ (သိမ်ဖြူဈေးကားမှတ်တိုင်) **ဖုန်း - ၀၉၇၃၀၃၁၄၀၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
တရုတ်စကားပြန် ရေး၊ ဖတ်၊ ပြော ကျွမ်းကျင် ကျား/မ (၁) ဦး (အထည်ချုပ်လုပ်ငန်းတွင် လုပ်သက်အနည်းဆုံး တစ်နှစ်ရှိရမည်။ စက်မှုဇုန်တွင်လုပ်ကိုင်နိုင်သူဖြစ်ရမည်) ယိုးဒယားစကားပြန် ရေး၊ ဖတ်၊ ပြော ကျွမ်းကျင် ကျား/မ (၁) ဦး (ရုံးလုပ်ငန်းကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ်)
အမှတ် (၃၃) **parkroyal Yangon Hotel** အလံပြဘုရား လမ်း၊ ဒဂုံမြို့နယ်၊
**ဖုန်း - ၂၅၀၃၈၈ (လိုင်းခွဲ) ၃၅၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
U & ME
- အမျိုးသမီး ဆံပင်ညှပ်/ကောက် ကျွမ်းကျင် မ (၅) ဦး
- ခေါင်းနှိပ်လျှော်/မျက်နှာသစ် ကျွမ်းကျင် မ (၅) ဦး
- ခြေသည်း/လက်သည်းပန်းချီ ကျွမ်းကျင် မ (၃) ဦး
အမှတ် (၃၈၀)၊ မဟာဗန္ဓုလ လမ်း၊ ကျောက်တံတားမြို့နယ်။
**ဖုန်း - ၀၉၇၃၀၈၉၂၅၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ValueStar Computer Training Center
Computer Lecturer မ (၅) ဦး (Basic, DTP, Graphic, Advanced Excel သင်ကြားနိုင်ရမည်) **ဖုန်း - ၀၉၅၁၆၁၉၈၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
- ဒရိုင်ဘာ ကျား (၂) ဦး (အခြေခံပညာအထက်တန်းအဆင့်ရှိသူ၊ အသက် ၃၀ နှစ်မှ ၄၅ နှစ်ကြား၊ ဆက်ဆံရေးကောင်းမွန်သူ၊ ကျွမ်းကျင်စွာမောင်းနှင်တတ်သူ၊ နယ်ဝေးမောင်းနှင်နိုင်သူ၊ အချိန်မရွေးခရီးသွားနိုင်သူ၊ (၁၂-၃-၂၀၁၂) နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။
No.151/A, Ground floor, Waizayantar Road, Thingangyun Township, Yangon.
**Ph: 951-562252**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
25th Group Construction Co., Ltd
- Project Engineer (1) M
- HR Manager (1) M
- Site Manager (1) M
- Admin Manager (1) M
- Accountant (3) F
- Coordinator (3) F
- Driver (5) M
**Ph: 01-526648**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
- ဂိုဒေါင်းမှူး ကျား/မ (၂) ဦး
- စားရင်ကိုင် မ (၅) ဦး
- တရုတ်စကားပြန် ကျား/မ (၂) ဦး
- ယာဉ်မောင်း ကျား (၅) ဦး
**Deluxe Formula Industrial Co.,Ltd** အမှတ် (၂၉)၊ ပန်းတဉ်းဝန် ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။
**ဖုန်း - ၆၈၅၅၂၆၊ ၆၈၅၉၈၈**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL 10TH ANNIVERSARY

# ၁၀ နှစ်ပြည့် ဆုမွန်ကောင်း

7Day News ဂျာနယ်နှင့် လက်တွဲ၍ ကြော်ငြာများထည့်သွင်းပေးခဲ့ကြသော
စီးပွားရေးလုပ်ငန်းရှင်များအား ကျေးဇူးဥပကာရတင်ရှိပါသည်။
နောင်အနာဂတ်တွင်လည်း လူကြီးမင်းတို့၏လုပ်ငန်းများ ဆထက်ထမ်းပိုးအောင်မြင်ပြီး
အများအကျိုးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

TRI MEN'S AND LADIES' WEARS
GP Right Movement, Right Time
Oramin-G
Trofish SWISS MADE
WINNER FURNITURE BY MK
SMÖOTH E
SWEETY HOME BETTER LIVING SIMPLE LIFE...
PROCARD
TOSHIBA
vicee®
BANG BANG The First Korea Fashion Brand in Myanmar
Hansaplast
revicon®
Eve 500™ Evening Primrose Oil
VITA-M
CHIGO
ကုန်စာရင်းထိန်းကွန်ပျူတာစနစ် iStock®
SHINE Construction Co.,Ltd.
NIVEA
D//2® 100% Cotton
CODE 10
MDG MYANMAR DISTRIBUTION GROUP
SOGO
U Myint Lwin Advocate, LL.B, DBL Post Graduate Diploma in Legal Aspects of Marine Affairs (cardiff)
Quality of Life Hisense
Galanz AIR CONDITIONER
MY BOY
SUNSILK CO-CREATIONS
BRAND'S®
Anti Aging Formula ALODISE အလိုဒိုက်(စ်)
Ginsetin ကိုရီးယားဂျင်စင်းအားဆေး
NAING Group Construction Co., Ltd.
SUPER စူပါကော်ဖီမစ်
PWINT OO MODERN FURNITURE
SP SUPER POWER BEST LUBRICANTS MADE IN U.A.E ISO 9001 - 2000
g Giorenzo®
NASA TOTAL LUBRICATING SOLUTIONS™
kiddo ALL AROUND Womenswear & Menswear
KMZ KAUNG MYAT ZAW INT'L CO., LTD Member of Shine Group of Companies
SOLO® COLLECTION
Monkey Coffeemix
OPPLE
T.Home Ideal for your family . . .
Product of : ERA Technology Co., Ltd. www.smartmyanmar.com
Parachute ADVANCED therapie HAIR VITALISER

# Education

7DAY NEWS JOURNAL

Vol.11, No.1 • MARCH 8 , 2012


ပညာရေးသတင်းတို

## အမေရိကန်စင်တာတွင် ပညာရေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ်-၂**

Liberal Arts Education and Creating Your Own Degree အမည်ဖြင့် ပညာရေးဟောပြောပွဲကိုအမေရိကန်စင်တာတွင်ကျင်းပပြုလုပ်မည်ဖြစ်သည်။ မတ်လ ၁၀ ရက် နံနက် ၁၀နာရီမှ ၁၁ နာရီခွဲထိ ကျင်းပပြုလုပ်မည့်ပညာရေးဟောပြောပွဲသို့ အမေရိကန်ပညာရေးအကြောင်းစိတ်ဝင်စားသောကျောင်းသားများ တက်ရောက်လေ့လာနိုင်သည်။

## Edulink Australia အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန်၊ မတ်-၁**

ဩစတြေးလျနိုင်ငံသားများ သင်ကြားပို့ချမည့် EduLink Australia အင်္ဂလိပ်စာသင်တန်းကျောင်းကို မတ် ၁၈ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ သင်တန်းကျောင်းအား ကမာရွတ်မြို့နယ် ပြည်လမ်းမပေါ်ရှိ Junction Squareတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အခြေခံမှအဆင့်မြင့်ထိ အင်္ဂလိပ်ဘာသာစကားကို လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

## AIT ပညာသင်ဆု လျှောက်ထားလိုသူများအတွက် ဝန်ဆောင်မှု

**ရန်ကုန်၊ မတ်-၁**

ထိုင်းနိုင်ငံရှိ AIT တက္ကသိုလ်တွင် ပညာသင်ကြားရန်နော်ဝေးအစိုးရမှပေးအပ်သော ပညာသင်ဆုအစီအစဉ်လျှောက်ထားလိုသောမြန်မာကျောင်းသားများအတွက် OESC ပညာရေးလုပ်ငန်းမှ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသော ကျောင်းသားများ အနေဖြင့် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ မတ်လ ၁၅ ရက်နောက်ဆုံးထား၍ မြေနီကုန်း၊ မနလှိုင်တာဝါရှိ OESC ပညာရေးလုပ်ငန်းသို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် သင်္ဘောသားအရာရှိနှင့် ရေကြောင်းအတတ်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပြီး နိုင်ငံတကာ အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေလိုသော ကျောင်းသားအများစု တက်ရောက်ပညာသင်ယူလျက်ရှိသည်။ ၎င်းတက္ကသိုလ်သည် တက္ကသိုလ်ဝင်တန်းရမှတ် ၄၀၀ နှင့်အထက်ရရှိသော ကျောင်းသားများကိုသာ ကျောင်းလျှောက်ထားခွင့်ပြုမည်ဖြစ်သလို ပညာသင်ကာလအတွင်း သင်္ဘောကျင်းလုပ်သက်ရရှိရန် မိမိအစီအစဉ်ဖြင့် အခြားသင်တန်းများ တက်ရောက်ရန် သတ်မှတ်ထားသည်။



# ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးချာလီသန်းနှင့် တွေ့ဆုံခြင်း

နေလင်းထွန်း

**ရေကြောင်းပညာ တက္ကသိုလ်မှ ပညာရေးအခွင့်အလမ်းများအကြောင်း ပါမောက္ခချုပ်ဦးချာလီသန်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို ကောက်နုတ်ဖော်ပြလိုက်သည်။**

**လက်ရှိနိုင်ငံတကာ အလုပ်အကိုင်အခွင့်အလမ်းနဲ့တက္ကသိုလ်ကမွေးထုတ်ပေးနေတဲ့သင်္ဘောသားအရာရှိဘယ်လိုကွာဟချက်ရှိနေပါလဲ။**

လိုအပ်ချက် Demand နဲ့ ဆရာတို့ထုတ်နိုင်တာနဲ့က နည်းနေတယ်ပေါ့။ ဒါပေမဲ့ သူတို့လိုချင်တဲ့ Demand အတိုင်းထုတ်ဖို့အတွက် နိုင်ငံတော်က ကျောင်းသားတစ်ယောက်ကို ပေးရတဲ့ အရင်းအနှီးသိပ်များတယ်။ အဲ့ဒီအတွက်လိုတဲ့ Demand အတိုင်း လောလောဆယ် မထုတ်နိုင်သေးဘူး။ ILO က တောင်းဆိုလာတဲ့ သူတို့လေ့ကျင့်ရေး အရည်အသွေး သတ်မှတ်ချက်က သိပ်မြင့်တယ်။ အဲ့ဒီတော့ ကျောင်းသားတစ်ယောက်ချင်း ကုန်ကျစရိတ်အရမ်းများတယ်။ အကယ်၍သာ အခြားသင်္ဘောကုမ္ပဏီတွေ ဆရာတို့နဲ့ပိုပြီး ပူးပေါင်းဆောင်ရွက်လာရင် ခုနလိုအပ်ချက်တွေကိုပါဝင်ဖြည့်ဆည်းဆောင်ရွက်နိုင်မယ်ဆိုရင် ကျောင်းသားတွေ ပိုပြီးတော့ မွေးထုတ်နိုင်မှာပါ။

**သင်္ဘောကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိရင် သိချင်ပါတယ်။**

အခု လောလောဆယ် ကုမ္ပဏီနှစ်ဆယ်ကျော်လောက်နဲ့ စာချုပ်ချုပ်ပြီးတော့၊ ကျောင်းသားတွေကိုပင်လယ်ပြင် လေ့ကျင့်ရေးတွေ သူတို့က လုပ်ပေးနေတယ်။ ကျောင်းသားတွေ ပင်လယ်ပြင်တစ်နှစ်ထွက်ရတာကိုအဲ့ဒီကုမ္ပဏီတွေက တာဝန်ယူပြီး လုပ်ပေးနေတယ်။

**ရေကြောင်းပညာတက္ကသိုလ်အခုထက်ပိုအဆင့်မြင့်လာဖို့ဘယ်လိုစိန်ခေါ်မှုတွေရှိနေပါလဲ။**

ရေကြောင်းပညာတက္ကသိုလ်အဆင့်မြင့်လာဖို့ နံပါတ်တစ်က ဒီမှာသင်ကြားပို့ချပေးတဲ့ ဆရာ၊ ဆရာမတွေရဲ့ အဆင့်ကို မြှင့်ဖို့လိုတာပေါ့။ ဆရာ၊ဆရာမတွေရဲ့ အဆင့်ကိုမြှင့်ဖို့ပထမဦးစွာပြည်ပတက္ကသိုလ်ကြီးတွေကို လွှတ်ပြီးတော့ လေ့ကျင့်သင်ကြားပေးတာပေါ့။ အခုကျတော့ ဆရာ၊ ဆရာမမွေးမြူဖို့အတွက် မဟာဘွဲ့သင်တန်းတွေဖွင့်ဖို့ ပြင်ဆင်နေပါတယ်။ လာမယ့်ပညာသင်နှစ်မှာ ဖွင့်နိုင်မယ့် အနေအထားရှိပါတယ်။ အဓိကကတော့ ဆရာ၊ ဆရာမရရှိရေး၊ လေ့ကျင့်ပျိုးထောင်ပေးရေးနဲ့ သုတေသန လုပ်ငန်းတွေ လုပ်နိုင်ဖို့ပါ။

**ဆရာ၊ဆရာမအင်အားနဲ့ ကျောင်းသားဦးရေ ကွာဟချက်ရှိနေပါသလား။**

ဆရာ၊ ဆရာမနဲ့ ကျောင်းသားအချိုးကွာဟမှုက တော်တော်လေး အဓိကကျတယ်။ ဆရာ၊ ဆရာမဆိုတဲ့နေရာမှာလည်း သူနဲ့သက်ဆိုင်တဲ့ ဆရာ၊ ဆရာမရရှိဖို့က တော်တော်လေးခက်တယ်။ သင်္ဘောလိုက်တဲ့ဘာသာရပ်ကို သင်ကြားတဲ့ဆရာတွေက သင်္ဘောပေါ်မှာ လိုက်ဖူးတဲ့၊ အတွေ့အကြုံရှိတဲ့ ကပ္ပတိန်တွေ၊ သင်္ဘောအင်ဂျင်နီယာချုပ်တွေ ဖြစ်ရမယ်။ အဲ့ဒီလူတွေကျတော့လည်း ဒီမှာလာပြီးလုံးဝမလုပ်နိုင်ဘူး။ အချိန်ပိုင်းလောက်ပဲ လာလုပ်နိုင်တဲ့ အနေအထားရှိတယ်။ အဲ့ဒီမှာ တော်တော်လေးအခက်အခဲရှိတယ်။ အဲ့လိုအခက်အခဲ ရှိတဲ့အတွက် ကျောင်းသားဦးရေကို ကိုယ်လိုသလောက် မတိုးနိုင်ဘူးဖြစ်နေတယ်။

**နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေရှိရင် သိချင်ပါတယ်။**

ဆရာတို့ကတော့ နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ခဲ့တာကြာပြီ။ 

**စာ(၂၂)သို့**

## ပညာရေးအဆို ယခုတစ်ကြိမ်တွင် အောင်မြင်

**ထူးသန့်**

**နေပြည်တော်၊ မတ် - ၁**

ကျင်းပလျက်ရှိသော လွှတ်တော် အစည်းအဝေးများတွင် ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး ကိုယ်စားလှယ်အချို့က အဆိုပြုဆွေးနွေးမှုများရှိခဲ့ရာ ယမန်နေ့က တင်သွင်းခဲ့သော နိုင်ငံရေးဘာသာရပ်ကို အဓိကဘာသာရပ်အဖြစ် သင်ကြားပေးနိုင်ရန် အဆိုမှာမူ ထောက်ခံမှုများသည့်အတွက် ယနေ့အတည်ပြုခဲ့ကြောင်း ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး နဝမနေ့မှ သိရှိရသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဉာဏ်လင်း၏ ပညာရေးဝန်ကြီးဌာနအောက်ရှိဝိဇ္ဇာပညာရပ်များနှင့် သိပ္ပံပညာရပ်များ သင်ကြားပေးနေသော တက္ကသိုလ်များ၌ နိုင်ငံရေးဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ်အဖြစ် သင်ကြားပေးနိုင်ရန် အဆိုကိုယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေး၌ ကိုယ်စားလှယ် ၉ ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး အများစုကလည်း ထောက်ခံခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့အပတ်ကလည်း လွှတ်တော်အစည်းအဝေးတွေမှာ တက္ကသိုလ်တွေကို ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်အဆိုနဲ့ အမျိုးသားတက္ကသိုလ်တည်ထောင်ဖို့အဆိုတွေတင်သွင်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီအဆိုနှစ်ရပ်စလုံး မဲခွဲရာမှာတော့ ရှုံးနိမ့်သွားခဲ့ကြတယ်။ အခုတော့ပညာရေးနဲ့ပဲဆိုင်နေတဲ့ နိုင်ငံရေးဘာသာရပ်အဆို အတည်ပြုခံရသွားပြီ”ဟူ၍ လွှတ်တော် သတင်းများပုံမှန်ရယူလျက်ရှိသော အယ်ဒီတာတစ်ဦးကပြောကြားသည်။

ယခင်အပတ်ပြည်သူ့လွှတ်တော်အစည်းအဝေး၌ တင်သွင်းခဲ့သော သူရဦးအောင်ကို၏ အမျိုးသားတက္ကသိုလ်များ တည်ထောင်နိုင်ရေးအဆိုမှ မှတ်သွားဖွယ်ရာအချို့ကိုလည်း “အဲဒီအဆိုမှာ အခုထိမှတ်မိနေတာက နိုင်ငံတွေမှာ အစိုးရအပြောင်းအလဲဖြစ်ရင် တက္ကသိုလ်တွေကို တစ်နည်းနည်းနဲ့ချုပ်ကိုင်ကြတယ်။ အဲဒါကြောင့် အစိုးရတွေရဲ့ ချုပ်ကိုင်မှုတွေမှ လွတ်ကင်းပြီး ဂုဏ်ဒြပ်ရှိရှိရပ်တည်နိုင်မယ့် အမျိုးသားတက္ကသိုလ်မျိုးတည်ထောင်ဖို့ဆိုပြီးပါတယ်။ ဒါပေမဲ့ မဲခွဲတော့ စိတ်မကောင်းစွာဘဲရှုံးသွားတယ်”ဟူ၍ ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ကျောင်းသား၊ ကျောင်းသူများက နိုင်ငံရေးအသိစိတ်ဓာတ်ပြည့်ဝစေရန်၊ နိုင်ငံရေးတွေးခေါ်မှုများ ရင့်သန်လာစေရန်အတွက် နိုင်ငံရေးသိပ္ပံဘာသာရပ်ကိုအခြေခံပညာကျောင်းများတွင် သင်ကြားပို့ချသင့်ရုံသာမက တက္ကသိုလ်အဆင့်တွင်လည်း နိုင်ငံရေးသိပ္ပံဌာနကြီးတစ်ခု ဖွင့်လှစ်ပြီး သင်ကြားပို့ချသင့်ကြောင်း စသည်ဖြင့် ထောက်ခံဆွေးနွေးခဲ့ကြောင်းလည်း သိရှိရသည်။


**English (U.M.N)**

**အင်္ဂလိပ်စကားပြော (၃)လအတတ်**

5000/-Mon, Tue, Wed (8:00-9:15)

(နွေ) 9000/- Summer Course

Mon-Fri (Regular Classes/ တစ်ပတ် ၅ ရက်)

VISA, JOB INTERVIEW (အမြန်)

IELTS, SEAMEN FOR GENERAL ENGLISH

၁၅၄၊ ပ-ထပ်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။

Tel: 389173, 09-5006680

Home တစ်ဦးချင်း သီးသန့်

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

အလယ်တန်း အထက်တန်း ဘွဲ့ကြို ဘွဲ့ရများ အားလုံး အတွက်

**ဂုဏ်ထူးဦးအောင်ခိုင်**

Basic Grammar — စာအုပ်အသစ် (ထွက်ပါပြီ)

Grammar & Essay — နွေသင်တန်း (မတ်-၁၄)

၂၅၂-ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ Tel : 01-252 919, 09-430 85263

Tr. Phyllis (ENG RAY)

**SUMMER PROGRAMME FOR YOUNG LEARNERS(6-13years)**

(Both International & Government School Students)

- English 4-skills
- Myanmar History
- Myanmarsar / English Conversation Practice

Get 40 % Off With this coupon

**Adult Classes Also Available**

Mon, Tue, Thu - 10:00 to 12:00

No.16-B, Rm-16/17, Ma Kyie Kyie St., Sanchaung Township, Yangon, Myanmar. Ph-09-514 3165.

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

## စာ-၂၁၊ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးချာလီသန်းနှင့် တွေ့ဆုံခြင်း မှ

ဆရာတို့လုပ်ငန်းသဘောသဘာဝအရနိုင်ငံတကာ တက္ကသိုလ်တွေနဲ့ မချိတ်ဆက်ဘဲလုပ်လို့မရဘူး။အထူးသဖြင့် အာရှတိုက်မှာရှိတဲ့ ရေကြောင်းတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ထားပြီးသား ဖြစ်ပါတယ်။

**နှစ်စဉ်ကျောင်းသား ဘယ်နှဦးလောက် မွေးထုတ်ပေးနေပါလဲ။**

ဆရာတို့တက္ကသိုလ်က တစ်နှစ်ကို ကျောင်းသားလေးရာ့ငါးဆယ်လောက်ခေါ်ပါတယ်။အသားတင်ရတာက လေးရာ့သုံးဆယ်လောက်ပေါ့။ အဲ့ဒီထဲမှာ ကိုးဆယ်ရာခိုင်နှုန်းလောက် ဘွဲ့ရတာပေါ့။

**ရေကြောင်းပညာရပ်တွေနဲ့ပတ်သက်ပြီး အနာဂတ်အလားအလာကို သုံးသပ်ပေးပါ။**

နောင်ဖြစ်လာမယ့် အနေအထားဆိုရင်တော့ ရေကြောင်းနဲ့ပတ်သက်တဲ့ အင်ဂျင်နီယာတွေ၊ ရေကြောင်းပညာရှင်တွေ အများကြီးလိုလာမှာပါ။ ဆရာတို့တက္ကသိုလ်ကလည်း ဒါကိုကြိုတင်တွေးဆပြီးတော့ ပြင်ဆင်နေပါတယ်။

**ဆရာတို့တက္ကသိုလ်ရဲ့ အသုံးစရိတ်နဲ့ပတ်သက်ပြီး နိုင်ငံတော်က ပံ့ပိုးမှုအခြေအနေကိုပြောပြပေးပါ။**

အခြားခြားသော တက္ကသိုလ်တွေနဲ့ နှိုင်းယှဉ်ရင် ဆရာတို့တက္ကသိုလ်က တော်တော်လေးရပါတယ်။ နိုင်ငံတော်က ထောက်ပံ့အားပေးတဲ့ တက္ကသိုလ်တစ်ခုပါ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်လည်း နိုင်ငံတကာမှာ ခံ့ခံ့ထည်ထည်အဆင့်ရှိတဲ့ တက္ကသိုလ်တစ်ခုဖြစ်တယ်။ နိုင်ငံတကာက လူတွေလည်း နေ့စဉ်နဲ့အမျှ ဝင်ထွက်သွားလာနေတယ်။နိုင်ငံတကာရေကြောင်းလောကမှာလည်း နာမည်ရလာတဲ့ အနေအထားရှိပါတယ်။

**ကျောင်းသားတွေကဘွဲ့လက်မှတ်တွေသာရနေတယ်။တကယ်မတတ်ကြဘူး။ ကိုယ့်ရထားတဲ့ဘွဲ့နဲ့ လုပ်ငန်း ခွင် ဝင်ရောက်လုပ်ကိုင်ကြတာ တူညီမှုမရှိဘူးဆိုပြီး ပြောဆိုနေကြတဲ့အပေါ် ဆရာရဲ့ အမြင်လေးပြောပေးပါ။**

နိုင်ငံတကာက သုံးသပ်တာကတော့ မြန်မာနိုင်ငံက လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့ လိုတယ်ဆိုတာ။ လက်မှတ်တွေသာရှိတယ်။ တကယ်မတတ်ဘူးလို့ထင်တယ်။ အဲလိုထင်တာမှန်တယ်။ ဆရာတို့က သက်ဆိုင်ရာ ဘာသာရပ်တွေကို မသင်ခဲ့ရဘူး။အဲ့လိုဘာသာရပ်ကို တည့်တည့်သင်နိုင်ဖို့က ဘွဲ့ကြိုကာလမှာ ကျောင်းတွေမှာသင်လာရမယ်။ အဲ့လိုသင်ဖို့ ဆရာတွေရှိလားလို့ ပြန်ကြည့်လိုက်ရင်လည်း မရှိပါဘူး။ ဆရာတို့ရဲ့ အဓိကပြဿနာက အဲ့ဒါပါပဲ။ ကျောင်းသားတွေကို သင်နိုင်ဖို့က ဆရာအရင်မွေးရပါမယ်။

**အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

Myanmar Minerva Education Center
(MMEC)
တိုက်(A)၊ အခန်း (412)၊ (4) လွှာ၊ ယုဇန Highway Complex
(ယခင်ဆင်မလိုက်အဝေးပြေးဝင်း)၊ အရှိုးဆေးရုံကြီးရှေ့
ဟံသာဝတီလမ်း၊ ကမာရွတ်မြို့နယ်။
Ph: 01- 505054, 0950-94083, 0964-50626
Email: minerva-edu@myanmar.com

Myanmar Minerva Education Center (MMEC) မှ အောက်ဖော်ပြပါ ဘာသာရပ်များပါဝင်သော Development Studies (ဖွံ့ဖြိုးရေး ဘာသာတွဲ) ကို March (20) ရက်နေ့မှစတင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

1) Development Economics
2) Social Mobilization
3) Development as Freedom
4) Public Management
5) Development and Conflict
6) Environmental Problems and Sustainable Development
7) Environmental Policy and Management
8) Gender and Development
9) Social Development

- သင်တန်းမှာ စုစုပေါင်းနာရီ(၂၄၀)၊ (တစ်လခွဲခန့်) ကြာမြင့်မည်ဖြစ်ပြီး အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ အချိန်ပြည့်တက်ရောက်ရမည့် သင်တန်း ဖြစ်ပါသည်။
- သင်တန်းသားဦးရေ(၃၀)ဦးသာ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်း အပ်နှံထားနိုင်ပြီး March (20)ရက်နေ့ မတိုင်ခင်အထိ ကျောင်းအပ်လက်ခံမည်ဖြစ်ပါသည်။
- Scholarship လျှောက်ထားလိုသူများ သင်တန်းမစတင်မီ (၁၀)ရက်ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသူများအား လူတွေ့အင်တာဗျူးခေါ် ဆိုမည်ဖြစ်ပါသည်။
- သင်တန်းအတွက် အသက်ကန့်သတ်ချက်မရှိသော်လည်း ပညာအရည်အချင်း အနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရပါမည်။
- နိုင်ငံခြားတက္ကသိုလ်များမှ မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိပြီးသော သင်ကြားမှု အတွေ့အကြုံရှိ ဆရာ/ဆရာမများမှ သင်ကြားပို့ချမည်ဖြစ်ပါသည်။

## ဗီယက်နမ်တက္ကသိုလ်တွင် မြန်မာကျောင်းသား ခုနစ်ဦး ပညာသင်ဆုရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၉**

ဗီယက်နမ်နိုင်ငံရှိ Tan Tao တက္ကသိုလ်တွင် ပညာသင်ကြားရန် မြန်မာကျောင်းသား ၇ ဦး အပါအဝင် အာဆီယံနိုင်ငံများမှ ကျောင်းသား ၅၀ဦးကို ပညာသင်ဆု ပေးအပ်မည်ဖြစ်ကြောင်း ASEAN Business Advisory Council (ASEAN-BAC)ကသတင်းထုတ်ပြန်လိုက်သည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အာဆီယံဒေသတွင်းနိုင်ငံများမှ ကျောင်းသားများအား စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘွဲ့ကြိုသင်တန်းများတွင် တက်ရောက်ပညာသင်ယူရမည် ဖြစ်သည်။ ပညာသင်ဆုပေးအပ်မည့် ဘာသာရပ်များမှာ မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ၊ ကွန်ပျူတာသိပ္ပံ၊ ဘဏ္ဍာရေးနှင့်ဘဏ်လုပ်ငန်း၊ စာရင်းအင်းပညာ၊ နိုင်ငံတကာ စီးပွားရေး၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် အင်္ဂလိပ်ဘာသာစကားတို့ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆု အစီအစဉ်သည် ကျောင်းသားများ၏ အစောပိုင်းပညာသင်နှစ်အတွက် ရာနှုန်းပြည့် ပညာသင်ဆု ပေးအပ်သွားမည်ဖြစ်သော်လည်း နောက်ပိုင်းနှစ်များအတွက် ပထမနှစ်တွင် ရရှိခဲ့သော အရည်အချင်းသတ်မှတ်ချက်ပေါ် မူတည်၍ ပညာသင်ဆု ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆု လျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် မေလကုန်နောက်ဆုံးထား၍ Tan Tao တက္ကသိုလ်ကျောင်းဝင်ခွင့်ဌာနသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ ဇွန်ဒုတိယပတ်တွင် စကိုင်းပီမှတစ်ဆင့် အင်တာဗျူးမည်ဖြစ်ပြီး ဇူလိုင်တွင် ရွေးချယ်ခံရသူများကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုအတွက် အသေးစိတ်အချက်အလက်များကို www.aseanfoundation.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

## အစိုးရ ပညာသင်ဆုအစီအစဉ် စတင်တော့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁**

လာမည့်ပညာသင်နှစ်မှစတင်၍ အဆင့်မြင့်ပညာအဆင့်အတွက် ထူးချွန်ကျောင်းသား ၄၈ ဦးအား ကျပ်တစ်သိန်းမှ ကျပ်ငါးသောင်းထိ လစဉ်ပညာသင်ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီး ဦးမြအေးက ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သိပ္ပံဘာသာတွဲအုပ်စု၌ ပထမရရှိသူ ၁၄ ဦးနှင့် ဝိဇ္ဇာဘာသာတွဲအုပ်စုတွင် ပထမရရှိသူ ၁၄ ဦး စုစုပေါင်း ၂၈ ဦးကို စိစစ်ရွေးချယ်၍လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရတက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့် ၁ မှ ၁၀ အတွင်း ထူးချွန်စွာ အောင်မြင်ကြသည့် သိပ္ပံဘာသာတွဲမှ ကျောင်းသား ၁၀ ဦးနှင့် ဝိဇ္ဇာဘာသာတွဲမှ ကျောင်းသား ၁၀ ဦးတို့ကိုလည်းကောင်း တက္ကသိုလ် ပညာသင်ဆု ချီးမြှင့်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းချက်ကို ပညာရေးဝန်ကြီး၏ ဖြေကြားချက်အား မတ် ၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးတက္ကသိုလ်(သို့မဟုတ်)သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်သို့ တက်ရောက်သူအတွက် ကျပ်တစ်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်သို့ တက်ရောက်လိုသူအတွက် ကျပ်ရှစ်သောင်း၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ကျန်တက္ကသိုလ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်သူအတွက် ကျပ်ခုနစ်သောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်သူအတွက် ကျပ်ငါးသောင်း လစဉ် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး တက္ကသိုလ်ပညာသင်နှစ်စတင်ချိန်တွင်ကြိုတင်ပြင်ဆင်စရိတ် တစ်ဦးလျှင် ကျပ် တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးကဆိုသည်။

ယခုပညာသင်နှစ်အထိ အဆင့်မြင့်ပညာအဆင့်တွင် အခြေခံသိပ္ပံပညာချွန်ဆု၊ စီးပွားရေးပညာချွန်ဆုနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးဆုဟူ၍ ပညာသင်ဆုသုံးမျိုးခွဲခြားထားရာမှ လာမည့်ပညာသင်နှစ်မှ စတင်၍ အထက်ပါအတိုင်း ပြောင်းလဲကျင့်သုံးရန်ပြောကြားခဲ့ခြင်းဖြစ်သည်။

## ပြည်ပသွားရောက်သော မြန်မာကျောင်းသားအများစု ဒီပလိုမာသင်တန်းတက်ရောက်သူများ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၃**

ပြည်ပတွင်သွားရောက်ပညာသင်ယူသော မြန်မာကျောင်းသား အများစုသည် နိုင်ငံတကာ ကောလိပ်များ၌ ဒီပလိုမာအဆင့်သင်တန်းများကိုတက်ရောက်လေ့လာသင်ယူနေခြင်းဖြစ်ကြောင်း ပညာရေးလေ့လာမှုစစ်တမ်းတစ်ခုအရ သိရသည်။

မြန်မာကျောင်းသား ငါးဆယ်ရာခိုင်နှုန်းခန့်သည် ဒီဂရီဘွဲ့ဆက်လက်သင်ယူနိုင်သော ကောလိပ်များတွင် ပညာသင်ယူနေကြခြင်းဖြစ်ပြီး ထိပ်တန်းတက္ကသိုလ်များ၌ ကျောင်းသား ၁၅ ရာခိုင်နှုန်းနှင့် အလယ်အလတ်အဆင့် တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူနေသော ကျောင်းသားဦးရေမှာ ၂၅ ရာခိုင်နှုန်းရှိကြောင်း စစ်တမ်း၌ ဖော်ပြထားသည်။

ယခုနှစ်ပိုင်းများတွင် ပြည်ပနိုင်ငံများသို့သွားရောက်ပညာသင်ယူသော ကျောင်းသားဦးရေ သိသိသာသာ မြင့်တက်ခဲ့ပြီး ကျောင်းသားမိဘများသည်မိမိရင်သွေးအား ပြည်တွင်းထက် ပိုမိုကောင်းမွန်သောပညာရေးရရှိရန် ရည်ရွယ်၍ နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များသို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်ထားသည်။ မြန်မာကျောင်းသားများသည်နိုင်ငံတကာအဆင့်ပညာရေး ရရှိရန်နှင့် အဆင့်မြင့်ပညာရေး ပတ်ဝန်းကျင်တွင် နေထိုင်ပညာသင်ကြားလိုခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် အနောက်နိုင်ငံများသို့ ထွက်ခွာနေကြခြင်းဖြစ်သည်။ သို့သော်ကျောင်းသားများသည်ကျောင်းလခနှင့်နေထိုင်စားသောက်စရိတ်များကြီးမြင့်လာခြင်း၊ အရည်အသွေးနိမ့်ကျသော ကောလိပ်ကျောင်းများတွင် ရောက်ရှိ ပညာသင်ယူရခြင်း၊ ကျောင်းသားဗီဇာခက်ခဲခြင်း၊ ကျင့်ဝတ်နှင့်မညီသော ပညာရေးကိုယ်စားလှယ်အချို့နှင့် ကြုံတွေ့ရခြင်းစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။



# Technology

7 DAY NEWS JOURNAL

Vol.11, No.1 • MARCH 8 , 2012


## လိုင်းကျပ်ခြင်း ခေါ်မရခြင်းများကို ဖြေရှင်းရန် ပြည်ပအကူအညီရယူမည်ဟုဆို

**နေလင်းအောင်**

**ရန်ကုန်၊ မတ် - ၃**

မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် မိုဘိုင်းဖုန်းများလိုင်းကျပ်ခြင်း၊ လိုင်းမကြည်လင်ခြင်း စသည့်အခက်အခဲများ ပြေလည်ရန်နှင့် နောင်လာမည့် ဂျီအက်စ်အမ်သန်း ၃၀ စီမံချက်တွင် ယင်းအခက်အခဲများမရှိစေရန်အတွက် Mobile Network Optimization စနစ်ဖြင့် ဆောင်ရွက်ရန်စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါစနစ် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများ၏ အကူအညီရယူမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါစီမံကိန်းအတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ အစ္စရေး၊ အိုင်ယာလန် စသည့်နိုင်ငံများမှ ကမ်းလှမ်းထားမှုများရှိသည်။ မကြာမီကာလအတွင်း ကမ်းလှမ်းသည့်အခြေအနေများအပေါ် သုံးသပ်၍ နိုင်ငံတစ်နိုင်ငံအား လုပ်ကိုင်စေမည်ဖြစ်ကြောင်း ဆက်သွယ်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်စိုးက ပြောကြားသည်။

"အဓိကကတော့ ဒီစီမံကိန်းလုပ်ဖြစ်ရင် အခုဒီမှာကြုံနေရတဲ့ခေါ်မရတာတို့ လိုင်းကျပ်တာတို့ စတာတွေကိုဖြေရှင်းနိုင်မယ်။ ကမ်းလှမ်းတဲ့အထဲမှာ နိုင်ငံတချို့က သတ်မှတ်ထားတဲ့ကာလတစ်ခု၊ သတ်မှတ်ထားတဲ့ အကျိုးအမြတ်ပေါ် မူတည်ပြီးလုပ်မယ်ပြောတယ်။ တချို့နိုင်ငံတွေကလည်း အခမဲ့လုပ်ပေးဖို့ရှိတယ်"ဟု အဆိုပါစနစ်အတွက် ပြည်ပကမ်းလှမ်းမှုအခြေအနေများနှင့်ပတ်သက်၍ အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

စာ(၂၄)သို့



## အများပြည်သူ တောင်းဆိုနေသည့် ဖုန်းဝန်ဆောင်မှုအား နိုင်ငံတကာနှင့်အညီ ဆောင်ရွက်ပေးမည်ဟု သမ္မတဆို



**နိုင်ငံတော်သမ္မတဦးသိန်းစိန် မိန့်ခွန်းပြောကြားစဉ်** ဓာတ်ပုံ-Getty Image

**နေလင်းအောင်၊ သီဟ**

**ရန်ကုန်၊ မတ် - ၁**

ပြည်သူအများစု လိုအပ်တောင်းဆိုလျက်ရှိသည့် တန်ဖိုးနည်း မိုဘိုင်းဖုန်းကိစ္စနှင့်ပတ်သက်၍ နည်းလမ်းကောင်းများရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ၎င်း၏ သမ္မတသက်တမ်းတစ်နှစ် ပြည့်အထိမ်းအမှတ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်သို့ပြောကြားခဲ့သည့်မိန့်ခွန်းတွင် ပြည်သူအများစိတ်ဝင်စားလျက်ရှိသည့် မိုဘိုင်းဖုန်းများ ယခုထက်ပို၍ ဈေးနှုန်းသက်သာစွာသုံးစွဲလာနိုင်ရန်နှင့်ပတ်သက်၍ "ပြည်သူကြားမှာစိတ်ဝင်စားမှုအထူးပဲမြင့်တက်နေတဲ့ မိုဘိုင်းဖုန်းကိစ္စနဲ့ ပတ်သက်ပြီး လောလောဆယ်မှာ ကျွန်တော်တို့တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်နေပြီး ဒီလုပ်ငန်းတွေ ကျွန်တော်တို့ပြီးတာနဲ့အမျှ ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ နိုင်ငံတကာရဲ့ နှုန်းထားနဲ့အညီ ဆောင်ရွက်ပေးနိုင်အောင် နည်းလမ်းများရှာပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားသွားခဲ့သည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစတင်၍ ပြည်တွင်းကုမ္ပဏီတစ်ခုမှ သတင်းထုတ်ပြန်သည့် ကျပ်ငါးထောင်တန် မိုဘိုင်းဖုန်းရောင်းချနိုင်ရန် ကြေညာချက်နောက်ပိုင်းတွင် ဖုန်းကိုင်ဆောင်သုံးစွဲလိုသည့် အခြေခံလူတန်းစားများ၏တောင်းဆိုမှုများ၊ လှုပ်ရှားမှုများ သိသိသာသာများပြားလာပြီး ရန်ကုန်၊ မန္တလေးနှင့်နယ်မြို့အချို့တွင် ငါးထောင်တန်ဖုန်းရရှိရေး နှင့်ပတ်သက်၍ လှုံ့ဆော်မှုများပေါ် ပေါက်လာခဲ့သည်။

သမ္မတမိန့်ခွန်းတွင်ပါဝင်သည့် ဖုန်းကိစ္စနှင့်ပတ်သက်၍ တန်ဖိုးနည်းဖုန်းများ လေ့လာသူတစ်ဦးက "ပြည်သူတွေရဲ့ဆန္ဒကို အသိအမှတ်ပြုပြီးတော့ သမ္မတကြီးရဲ့ပြောကြားချက်ကိုတော့ကြိုဆိုရမှာပါ။ သမ္မတကြီးပြောတဲ့မိန့်ခွန်းအရ တန်ဖိုးနည်းဖုန်းမျှော်သူတွေအတွက်ကတော့ ဆက်မျှော်နေရုံပဲတတ်နိုင်ဦးမှာပဲ"ဟုဆိုသည်။

လက်ရှိတွင် ပြည်တွင်း၌ ထပ်မံချထားပေးမည့် ပထမအဆင့် မိုဘိုင်းဖုန်းလိုင်း လေးသန်းစီမံချက်အတွက် တာဝါတိုင်ပေါင်း ၇၀၀ ကျော် စိုက်ထူလျက်ရှိပြီး ထပ်မံ၍လိုအပ်သောတာဝါတိုင်ပေါင်း ၆၀၀ ကျော် ထားရှိရဦးမည်ဖြစ်သည်။ အလားတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် သုံးစွဲလျက်ရှိသည့် စက်ပစ္စည်းများစုမှာ အချိန်ကာလကြာမြင့်စွာ အသုံးပြုထားမှုကြောင့် နိုင်ငံတော်သမ္မတဆိုသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် ယင်းအခြေခံအဆောက်အအုံများကို ဖြည့်စွက်ပြုပြင်ရမည်ဖြစ်သည်။

## ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အိုင်စီတီကဏ္ဍ ပိုမိုအသုံးပြုရန် စီစဉ်

**နေလင်းအောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၉**

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေနိုင်ရန်နယ်ပယ်ကဏ္ဍအသီးသီးတွင် သတင်းအချက်အလက်နည်းပညာ အသုံးပြုမှုအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား နေပြည်တော်တွင် ယခုလကုန်ပိုင်းက ပြုလုပ်ခဲ့သည်။

"လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ"ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်များတွင် ပြုလုပ်ခဲ့ပြီး နည်းပညာနယ်ပယ် စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့်နယ်ပယ်အသီးသီးမှ ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့သည်။

စာ(၂၄)သို့





အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**

# အင်တာနက်ပေါ်တွင် ခြေရာမခံရေး အစီအစဉ် ဂူးဂဲလ်ပါဝင်မည်

**ဆန်ဖရန်စစ္စကို၊**
**ဖေဖော်ဝါရီ - ၂၈**

အင်တာနက်အသုံးပြုသူများ၏ ရှာဖွေမှုများကိုခြေရာမခံရေး အစီအစဉ်တွင်မိုက်ကရိုဆော့ဖ်၊ မော်ဇီလာနှင့် apple ကုမ္ပဏီများနှင့် အတူအမေရိကန် အင်တာနက်ရှာဖွေရေးကုမ္ပဏီကြီး ဂူးဂဲလ်လည်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်အသုံးပြုသူများအား ၎င်းတို့ရှာဖွေမှုများနှင့် ပတ်သက်၍ ရွေးချယ်မှုများပေးသော "Do Not Track" အစီအစဉ်တွင် ပါဝင်ခွင့်ရပြီး ကွန်ပျူတာလုပ်ငန်းတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် သဘောတူခြင်းအစီအစဉ်အတွက် အားရကျေနပ်မိကြောင်း ဂူးဂဲလ်၏ ကြော်ငြာဌာနဒုတိယဥက္ကဋ္ဌ မစ္စတာဆူဆန်ဝေါ့စစ်ကီး၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သို့သော် ၎င်း၏ Chrome အင်တာနက်ရှာဖွေရေးစနစ်တွင် "Do Not Track" အစီအစဉ်ကိုမည်သည့်အချိန်၌ ထည့်သွင်းမည်ကို ဂူးဂဲလ်က ကြေညာခြင်းမရှိသေးပေ။ ယင်းအစီအစဉ် ပါဝင်လာပါက အင်တာနက်ကုမ္ပဏီများအနေဖြင့် အသုံးပြုသူတစ်ဦး၏အင်တာနက်ရှာဖွေရေးရာဇဝင်ကိုအသုံးချ၍ ပစ်မှတ်ထားကြော်ငြာများထည့်သွင်းနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

ဂူးဂဲလ်၏ ကြေညာချက်မှာ အိုဘားမားအစိုးရက ပုဂ္ဂလိကအချက်အလက်များ လုံခြုံမှုရှိရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် လွှတ်တော်အမတ်များအား တိုက်တွန်းနေချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ မော်ဇီလာနှင့် မိုက်ကရိုဆော့ဖ်တို့က Do Not Track အစီအစဉ်ကို အကောင်အထည်ဖော်ထားပြီဖြစ်သည်။

*—Ref: UPI*







## စာ(၂၃) - မိုဘိုင်းဖုန်းလိုင်းများ ကောင်းမွန်ရန် ဆောင်ရွက်မည်ဟုဆို မှ

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းနှင့် ယခုနှစ်ဆန်းပိုင်းအတွင်း အများပြည်သူ သုံးစွဲသည့် မိုဘိုင်းဖုန်းအများစုတွင် ဖုန်းခေါ်ဆိုရခက်ခဲခြင်း၊ လိုင်းမမိခြင်း နက်ဝေါ့ခ်ပြတ်တောက်မှုများ သိသိသာသာဖြစ်ပေါ်ခဲ့ပြီး ယခု မတ်လအတွင်း၌လည်း သန်း ၃၀ စီမံချက်၏ ပထမအသုတ်တန်ဖိုးနည်းဖုန်းများထွက်ပေါ်လာမည်ဖြစ်ရာ ယင်းကာလတွင်လည်း ဖုန်းသုံးစွဲသူအများစုက ဖုန်းခေါ်ဆိုမှုပိုမိုခက်ခဲလာမည်ကို စိုးရိမ်လျက်ရှိကြသည်။

ယခု ဆောင်ရွက်မည့် Network Optimization စနစ်သည် ယင်းပြဿနာများကိုပြေလည်စေနိုင်မည်ဖြစ်သည်ဟုသိရပြီး မည်သည့်ကာလတွင် စတင်မည်ဆိုသည်ကိုမူ သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။

## စာ(၂၃) - ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အိုင်စီတီကဏ္ဍပိုမိုအသုံးပြုရန် စီစဉ် မှ

အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါခေါင်းစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာမှ ပညာရှင်များအား ဖိတ်ခေါ်ထားပြီး ယင်းပညာရှင်များက ၎င်းတို့နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအကောင်အထည်ဖော်ခဲ့စဉ်က ဆောင်ရွက်ပြုပြင်ရသည့် အခြေအနေများနှင့် ပတ်သက်၍ ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

ပြည်ပပညာရှင်များအနေဖြင့် အိန္ဒိယနိုင်ငံသတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန မှဒါရိုက်တာ V.L Kantha Rao ကဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အိုင်စီတီဆိုင်ရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံ JTEC မှ MR. MAKOTO HANDA က ICT For Transparency ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့ပြင် World bank မှ ပညာရှင်နှစ်ဦးဖြစ်သည့် Tenzin Dolma Norbha နှင့် Natasha Beschornes တို့က ICT for Inclusiveness ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

နှစ်ရက်ကြာပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်အဖြစ်မြန်မာနိုင်ငံတွင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအား မကြာမီကာလအတွင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်း၍ (public-private-partnership) အစီအစဉ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ICT အသုံးပြုခြင်းဆိုင်ရာ မဟာဗျူဟာနှင့်အကောင်အထည်ဖော်မည့် နည်းလမ်းကောင်းများရရှိရန်၊ လူမှုရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ICT သည် မဖြစ်မနေ အသုံးချရန် လိုအပ်သောလက်နက်တစ်ခုအဖြစ် နားလည်သဘောပေါက်စေရန်၊ အိုင်စီတီကို အသုံးချခြင်းဖြင့် အစိုးရ၏ စီမံခန့်ခွဲမှု အုပ်ချုပ်ရေးယန္တရားအားကောင်းပြီး သန့်ရှင်းသော အစိုးရမှ ကောင်းမွန်သော အုပ်ချုပ်မှု ပေးစွမ်းနိုင်ရန် အစရှိသည့် ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# မြေးလေးကို ဘယ်လိုဖြေရပါ့

ချယ်ရီတစ်ပွင့်

စာဖတ်သူများ ကလေးတွေနဲ့ အချိန်ယူပြီးစကားပြောကြည့်၊ သူတို့ရဲ့ အပြုအမူတွေကို လေ့လာပြီး အတွေးအခေါ်လေးတွေကို နားထောင်ကြည့်ရင် သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်ဆိုတာ သိကြမှာပါ။ တစ်ခါတလေ ရယ်ချင်ဖွယ်ရာအပြုအမူ အပြောအဆိုတွေနဲ့ကြုံတွေ့ရသလိုတစ်ခါတစ်ရံကျတော့လည်း လူကြီးလုပ်တဲ့လူတွေ ဘာဖြေရမှန်းမသိတဲ့ မေးခွန်းတွေလည်း မေးတတ်ကြတယ်။ စာရေးသူဟာ ကလေးတွေရဲ့ အတွေးအခေါ် အသိအမြင်ကြွယ်ဝတာကို သိပ်အားပေးတဲ့သူဖြစ်တော့ သူတို့မေးတဲ့မေးခွန်းတွေဆိုရင် ရှည်ရှည်လျားလျားတိတိကျကျ ဖြေပြရတာကို သိပ်ကျေနပ်တာပဲ။ မသိတဲ့အကြောင်းအရာဆိုရင် အဘိဓာန်ထဲ Encyclopedia ထဲက ရှာပြီးတော့ကို သေသေချာချာ ပြောပြရပါတယ်။



အထူးသဖြင့် စာရေးသူရဲ့ မြေးမလေးဟာ စာဖတ်သိပ်ဝါသနာပါတော့တွေးတောဆင်ခြင်ဉာဏ်ဟာ အရွယ်နဲ့မလိုက်အောင်ပါပဲ။ တစ်ခါတလေ သူ့ရဲ့ လက်စွဲ Young Scientist ထဲက ဒိုင်နိုဆော အမျိုးမျိုးအကြောင်း၊ ငှက်အမျိုးမျိုး အကြောင်းတွေကို စာရေးသူကို ဉာဏ်စမ်းပြီး မေးလေ့ရှိပါတယ်။ ကြာရွက်ပေါ်မှာ ငှက်တွေဟာကိုယ်ကို ဖော့ပြီး မတ်တတ်ရပ်နိုင်သလား။ ရပ်နိုင်တယ်ဆိုရင်ဘာကြောင့်လဲစသဖြင့်မေးတဲ့အခါ စာရေးသူကသိတဲ့အချက်ဆိုရင်လည်း သိတယ်ဆိုတဲ့ အကြောင်း မသိတာဆိုရင်လည်း ရှာဖွေဖတ်ရှုပြီး ပြန်ပြောမယ်ဆိုတဲ့အကြောင်း ပြောရတာပေါ့။ အဲဒီအခါမျိုးဆိုရင်မြေးလေးဟာသိပ်သဘောကျ ဂုဏ်ယူပြီး သူ့စာအုပ်လေးထဲက စာမျက်နှာလေးတွေလှန်ပြီး ပြလေ့ရှိပါတယ်။ စာရေးသူကလည်း "ဟယ် သိပ်တော်တာပဲ။ ဆက် ကြိုးစားနော်" လို့ အမြဲအားပေးရတာပေါ့။

မြေးမလေးက ပန်းချီဆွဲလည်း သိပ်ဝါသနာပါတာပဲ။ သူအထူးပြု ရေးဆွဲလေ့ရှိတာက မိသားစုပုံ၊ အိမ်နဲ့ခြံဝိုင်းနဲ့ ပန်းပင်တွေ၊ အိမ်မွေးတိရစ္ဆာန်လေးတွေပုံစသဖြင့်ပေါ့။ တစ်ခါကတော့ သူဆွဲထားတဲ့ ပုံက ထူးခြားနေလို့။ ဘာပုံပါလိမ့်ဆိုပြီး ဆွဲယူကြည့်မိပါတယ်။ လမ်းမကြီးတစ်ခုရယ်၊ တစ်ဖက်တစ်ချက်မှာ အိမ်ကြီးတွေ ဆိုင်ကြီးတွေ၊ ဟိုတယ်တွေ၊ ဓာတ်ဆီဆိုင်တွေ၊ ပန်းခြံ၊ ရေပန်း စသဖြင့်လှလှပပဆွဲထားတာတွေ့ရပါတယ်။ ကောင်းကင်မှာလည်း လေယာဉ်ပျံနဲ့ ငှက်တွေတိမ်တိုက်တွေနဲ့ပေါ့။ ဒါဘာပုံလဲလို့ မေးတော့ ဆရာမကက The Town You Live In ပုံကိုဆွဲခဲ့ပါဆိုလို့ ဆွဲထားတာလို့ဖြေပါတယ်။ သေသေချာချာကြည့်လိုက်တော့ အရောင်စုံ ခြယ်ထားတာလှလို့ပါပဲ။ ထူးခြားတာလေးတစ်ခုကတော့ အိမ်တွေ၊ ဆိုင်တွေ၊ ဓာတ်ဆီဆိုင်တွေ၊ ဟိုတယ်တွေ၊ လေယာဉ်ပျံပုံတွေ၊ အားလုံးကို Dora လို့ နာမည်ထိုးထားပါတယ်။ အဲဒါကြောင့် စာရေးသူကမြေးလေးကို "သမီးဒီပုံက သဘာဝမကျဘူးလေ။ မြို့တစ်မြို့မှာ ဒီလို Dora တစ်ယောက်တည်း နာမည်နဲ့ဆိုရင် ကာတွန်းစာအုပ်ထဲက မြို့ဖြစ်သွားမှာပေါ့။ The Town You Live In ဘယ်ဟုတ်တော့မလဲ"လို့ပြောတော့ "လူကြီးတွေက တစ်မျိုးပဲ။ သူတို့ပဲ လက်ညှိုးထိုးပြီး ဒါဘယ်သူပိုင်တယ်၊ ဒါဘယ်ဝါ ပိုင်တယ်ဆိုကြပြီးတော့ အခုကျတော့ သဘာဝမကျပြန်ဘူး။ ကာတွန်းထဲက စိတ်ကူးယဉ်ကမ္ဘာလို့ပြောပြန်ပြီ"တဲ့။ စာရေးသူက ဘာမှ ဆက်မရှင်းပြနေတော့ဘဲ စကားလမ်းကြောင်းပြောင်းလိုက်ရပါတယ်။

ကလေးတွေက သူတို့မှတ်ဉာဏ်နဲ့ သူတို့အယူအဆနဲ့ အသက်အရွယ်အလိုက် လျှော့တွက်လို့တော့ မရဘူးဆိုတာ သိကြမှာပါနော်။ မြေးနဲ့ အဘွားဆိုတာက လည်း နီးစပ်တယ်လေ။ နွေးထွေးတဲ့ ဆက်ဆံမှုရှိတော့ တတွတ်တွတ်နဲ့ပြောနေကျပေါ့။ ဒါတောင် အခုခေတ်မှာတီဗီအချိန် ဂိမ်းကစားတဲ့အချိန်တွေကိုမြေးအဘွား ဆက်ဆံရေး အချိန်ထဲက ဖွဲ့ပေးလိုက်ရလို့နှမြောလိုက်တာ။ ဒါပေမဲ့သူတို့ရလာတဲ့ ဗဟုသုတတွေး ခေါ်ဆင်ခြင်ဉာဏ် Language Use တွေကိုကြည့်ပြန်တော့လည်း ဖြေသာပါတယ်။ တွေးတတ်လွန်းလို့ သူ့အမေးတွေကို အမှတ်တမဲ့ ပေါ့ပေါ့တန်တန် မဖြေမိအောင် သတိထားရတယ်။ တစ်ခါတုန်းကလည်းစာရေးသူတို့ မြေးအဘွား သီးသန့်ရပ်ကွက်လေးတစ်ခုထဲကို ကားနဲ့ဖြတ်သွားပါတယ်။မြေးလေးက ဘာမေးသလဲဆိုတော့ "ဘွား၊ ဒီနေရာက Kings တွေ Queens တွေ၊ Presidents တွေနေတဲ့ နေရာလား"တဲ့။ စာရေးသူက "မြေးလေးရဲ့ ဒို့တိုင်းပြည်မှာ Kings တွေ၊ Queens တွေ မရှိဘူးလေ။ Presidents ရှိပေမယ့် ဒီမြို့မှာမနေဘူး"လို့ ပြောပြတော့ သူက ဘယ်လိုလူတွေက ဒီ Palaces တွေ White House တွေထဲမှာ နေတာလဲလို့ ပြန်မေးပါတယ်။ စာရေးသူကတော့ "ဒါခေတ်ရဲ့ ပြောင်းလဲလာတဲ့ အိမ်ဒီဇိုင်းပဲလို့ ပြောပြတဲ့အခါ သူကလက်ခံသွားတယ်လို့တော့ ထင်ရတာပဲလေ။

ကလေးများဟာ ခက်တော့ ခက်သားပဲ။ အမျိုးစုံပြောပြပြန်တော့လည်း သဘာဝမကျရင် ထောက်မေးတတ်တယ်။ မပြောပြပြန်တော့လည်း တွေးခေါ်ဉာဏ်မြင့်တော့ တော်ရုံအဖြေကို မကျေနပ်၊ လက်မခံပြန်ဘူး။ တစ်ခါတုန်းက အဖြစ်အပျက်လေးကို နမူနာလေးပြောပြချင်ပါတယ်။

တစ်နေ့မှာ စာရေးသူတို့ သားအမိ မြေးအဘွားတစ်တွေ မိတ်ဆွေတစ်ဦးရဲ့ အိမ်သစ်တက်ပွဲကို သွားကြပါတယ်။ အခုခေတ်ရဲ့ ကြေးရတတ်တွေရဲ့ အိမ်တွေ ထုံးစံအတိုင်းပါပဲ။ အဆောင်ဆောင် အခန်းခန်းနဲ့၊ အသုံးအဆောင်တွေကလည်း အဆင့်မြင့် ရေချိုးခန်းအိမ်သာ အစစအရာရာတိုင်းဟာ သာမန်အိမ်မှာ မတွေ့ရတဲ့အမျိုးအစားချည်းပါပဲ။ မြေးမလေးကလည်း သူ့ရွယ်တူ သူငယ်ချင်းတွေ့လို့ ခုန်ပေါက်မြူးတူးနေပါတယ်။ အဲဒီ သူ့ရွယ်တူ သူငယ်ချင်းက အိမ်ရှင်ရဲ့မြေးလေးပေါ့။ သူတို့အိပ်ခန်းထဲမှာ ဆော့လိုက်၊ အရုပ်တွေကို ကစားစရာ တွန်းလှည်းလေးထဲ ထည့်ပြီး တွန်းဆော့ကစားနေကြတာ။ ဘဝအမောပြေရယ်မောသံလွှမ်းနေတာပဲ။

အိမ်ပြန်ရောက်ပြီးလို့ အမောအပန်းဖြေ သတင်းစာဖတ်နေတဲ့ အခိုက်မှာပဲ မြေးလေး ရောက်လာပါတယ်။ လက်ထဲမှာ အရုပ်တစ်ပုံတစ်ပင်နဲ့ အဲဒါတွေ ထည့်ဖို့ကစားစရာလှည်းကလေး လာတောင်းပါတယ်။ သူ့အမေက ကစားစရာလှည်းမရှိလို့ သူ့မောင်လေးရဲ့ လှည်းထဲ ထည့်ကစားဖို့ ပြောနေသံ ကြားလိုက်မိတယ်။ အဲဒီကနေ သူ့အတွေးထဲ ဘာဝင်သွားတယ်ဆိုတာ မသိလိုက်ခင် စာရေးသူနားကို ကပ်လာပြီး ဒီလိုပြောပါတယ်။

**ဘွားဘွား၊ ဒီမနက်သွားခဲ့တဲ့ အိမ်ကလူတွေ ဘာအလုပ်လုပ်တာလဲဟင်။ သူ့ဌေးတွေနော်။**

သူတို့လည်းအရင်ကဘွားဘွားလုပ်ခဲ့သလိုဝန်ထမ်းတွေပါပဲ။

**ဘွားဘွားရယ်။ ဒါဆိုရင် ဘွားဘွားက သူတို့လို အိမ်ကြီးကြီး မပြောနဲ့။ အိမ်သေးသေးလေးတောင် မပိုင်ပါလား။ ကားအကြီးကြီးကောင်းကောင်းလည်း မရှိပါလား။ ဘွား ဘွား အလုပ်လုပ်တုန်းက ကောင်းကောင်းလုပ်ခဲ့ရဲ့လား၊ ဘွားဘွားပြောတော့ ဘာပဲလုပ်လုပ် ကြိုးစားရင် အောင်မြင်တယ်ဆို။**

မြေးလေးရေ ဘွားဘွားတို့ရတဲ့ လခနဲ့ဆိုရင် အမြင့်ဆုံးရာထူး ဆိုပေမယ့်လည်း အိမ်ပိုင်ယာပိုင် မရှိနိုင်ဘူး။ ရှိရင်တောင်မှ မြေဈေး၊ အိမ်ဈေးပေါ်ပေါ်ရရင် သင့်တင့်တဲ့ အိမ်ငယ်တစ်လုံးလောက်ပဲ ပိုင်နိုင်တယ် မြေးရဲ့။ အိမ်သားများတဲ့ ဘွားဘွားတို့လိုဆိုရင် စားနိုင်၊ သုံးနိုင်၊သားသမီးကို ပညာသင်ပေးနိုင်ရုံထက်တော့ မပိုဘူး။ ကိုယ့်လုပ်အားနဲ့ အများအကျိုး တိုင်းပြည်အကျိုးအတွက် လုပ်ခဲ့ရလို့ ဘွားဘွားကတော့ ကျေနပ်ရတယ်။

**သူတို့ကျတော့ဘယ်ကဘယ်က ပိုက်ဆံတွေရပြီး ဒီလောက်ကြီးတဲ့ အိမ်၊ ဒီလောက်ကောင်းတဲ့ ကားတွေ စီးနိုင်ရတာလဲ။ ဘွားဘွား ပြောသလိုဆိုရင် ဝန်ထမ်းတိုင်းက ဒါတွေ မပိုင်နိုင်ဘူးပေါ့နော်။**

အင်း၊ သူတို့ရဲ့ ယောက္ခမတွေဆီက အမွေအနှစ်ရလို့ ဒီလိုလုပ်နိုင်တာလို့ပြောတာပဲကွယ်။

**ဘွားကလည်း လုပ်ပြန်ပါပြီ။ ဟိုတစ်ခါမေးတုန်းကလည်း သူတို့ယောက္ခမအမွေတဲ့။ အခုလည်း ယောက္ခမအမွေတဲ့။ ထူးဆန်းလိုက်တာနော်။ သူဌေးယောက္ခမရှိတဲ့ လူမျိုးက သပ်သပ်ရှိတာလား ဘွားဘွား။ ဘယ်လိုလုပ်ရင် ချမ်းသာတဲ့ယောက္ခမဆီက အမွေရနိုင်လဲ ဘွားဘွား။စာကြိုးစားရင်ရလား။ လိမ္မာရင်ရလား။**

အော်. . ဖြေရအခက်ဆုံးအမေးကို ဘွားဘွားရင်ဆိုင်နေရပါပြီ။ သူကျေနပ်တဲ့ ရှင်းလင်းချက်ပေးနိုင်ဖို့ဘယ်လိုပြောရင်ကောင်းမလဲ။ ကလေးကို ညာတာမျိုး၊ ကြောက်သွားအောင် ဟောက်လိုက်တာမျိုးနဲ့တော့ မေးခွန်းမေးခြင်း အကျင့်ကို တန့်မသွားစေချင်ပါ။ အတုယူမှားတာမျိုးလည်း မဖြစ်စေချင်သလို တန်ဖိုးထားတာတလွဲလည်း မဖြစ်စေချင်ပါ။ လက်တွေ့မှာ မမြင်နိုင်တဲ့ နောက်ဘဝတွေနဲ့ချိပြီး လှည့်ပတ်ပြီးပဲ ဖြေရမလား။ ဝန်ထမ်းကောင်း လက်မှတ်တစ်ထပ်ကြီးကိုင်ပြီး ငိုင်နေတဲ့ စာရေးသူကို ကူညီကြပါဦး။ မြေးလေးကို ဘယ်လိုဖြေရပါ့။ ။

[redacted]
မြေးလေးရေ ဘွားဘွားတို့ရတဲ့ လခနဲ့ဆိုရင် အမြင့်ဆုံးရာထူး ဆိုပေမယ့်လည်း အိမ်ပိုင်ယာပိုင် မရှိနိုင်ဘူး။ ရှိရင်တောင်မှ မြေဈေး၊ အိမ်ဈေးပေါ်ပေါ်ရရင်သင့်တင့်တဲ့ အိမ်ငယ်တစ်လုံးလောက်ပဲ ပိုင်နိုင်တယ်မြေးရဲ့။ အိမ်သားများတဲ့ ဘွားဘွားတို့လိုဆိုရင် စားနိုင်၊ သုံးနိုင်၊သားသမီးကို ပညာသင်ပေးနိုင်ရုံထက်တော့ မပိုဘူး။ ကိုယ့်လုပ်အားနဲ့ အများအကျိုး တိုင်းပြည်အကျိုးအတွက် လုပ်ခဲ့ရလို့ ဘွားဘွားကတော့ ကျေနပ်ရတယ်။
[redacted]

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012



# အလယ်လူ အရေးကြီးသည်

ရေကြည်ချမ်းမြ

မော်နီတာ သတင်းဂျာနယ်၊ စက်တင်ဘာ ၁၈၊ ၂၀၁၁ အမှတ်-၇၀၊ အတွဲ(၁)တွင် ဆရာဇင်ဘဦး၏ “အရိုင်းထဲကအယဉ်”စာအုပ်မှ ဗိုလ်ချုပ်ရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ပတ်သက်ပြီး လေးနက်တဲ့အကြောင်းအရာ တစ်ခုကို ဆရာ မောင်သွေးချွန်က “ဗိုလ်ချုပ် အောင်ဆန်းနှင့် သမီးလေးအတွက် ရွှေ” ခေါင်းစဉ်ဖြင့် ရေးသားထားသည့် ဆောင်းပါးကိုဖတ်မိသည့် စာဖတ်ပရိသတ်တစ်ဦးအနေနဲ့ရော လက်ရှိ နိုင်ငံ့ဝန်ထမ်းနေသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးအနေဖြင့်ရော ဤဆောင်းပါးကိုဖတ်၍ လက်ရှိနိုင်ငံသစ်ဆီသို့ နိုင်ငံတော်သမ္မတမှစ၍ နိုင်ငံ့ဝန်ထမ်းများအလယ်၊ နိုင်ငံသူ နိုင်ငံသားများအဆုံး ကြိုးပမ်းတည်ဆောက်နေသည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်း(တစ်နည်း အားဖြင့်) ပြည်သူ့ဝန်ထမ်းတစ်ဦးအနေဖြင့် ထားရှိထိန်းသိမ်းစောင့်ရှောက်အပ်သော ကိုယ်ကျင့်တရား ဆိုင်ရာ အတုယူလိုက်နာသင့် သည်ကို ဆောင်းပါးဖတ်ပြီးသည့်အချိန်တွင် တွေးတောဆင်ခြင်မိပါသည်။

ဆရာမောင်သွေးချွန်၏ ဆောင်းပါးပါ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျင့်သိက္ခာနှင့်ပတ်သက်ပြီး ဆရာဇင်ဘဦး၏ စာအုပ်မှ မူရင်းစာပိုဒ်ကိုရှေးဦးစွာ ဖော်ပြလိုပါသည်။ ဆောင်းပါး(မူရင်းစာအုပ်ပါအတိုင်း)တွင် ဖော်ပြထားသည်မှာ -

တစ်နေ့မှာ တာဝါလိန်းလမ်း(နတ်မောက်လမ်း)က ဗိုလ်ချုပ်အိမ်ကို ရှမ်းအဘိုးကြီးတစ်ယောက် အဖော်လူငယ်တစ်ဦးနဲ့အတူ ရောက်လာပါတယ်။ တစ်နေ့တစ်နေ့ဗိုလ်ချုပ်နဲ့တွေ့ချင်လို့ရောက်လာတဲ့ ဧည့်သည်တွေ အလွန်ပဲ များပြားလှပါတယ်။ နိုင်ငံရေးသမားတွေ၊ သတင်းထောက်တွေ၊ ဗြိတိသျှစစ်ထောက်လှမ်းရေးအရာရှိတွေ စသည်ဖြင့် . . . ။

ဗိုလ်ချုပ်နဲ့ တွေ့ချင်လို့လာသူတွေကို ဗိုလ်ထွန်းလှက စိစစ်မေးမြန်းပြီး တွေ့ခွင့်ရအောင် စီစဉ်ပေးရပါတယ်။ ခုရောက်လာတဲ့ ရှမ်းအဘိုးကြီးကိုလည်း ဗိုလ်ချုပ်နဲ့ဘာကြောင့် တွေ့ချင်ရတာလဲလို့ မေးမြန်းကြည့်ပါတယ်။

“ဗိုလ်ချုပ်ကို လှူစရာရှိလို့ပါ”

ရှမ်းအဘိုးကြီးက မျှော်လင့်ချက်အပြည့်နဲ့ အားတက်သရော ပြောလိုက်ပေမယ့် ဗိုလ်ထွန်းလှက အလိုလိုပယ်ချပြီး ဖြစ်နေပါတော့တယ်။ ဗိုလ်ချုပ်အကြောင်း အပါးတော်မြဲ ဗိုလ်ထွန်းလှက အသိဆုံးမဟုတ်လား။ ဒီလို ကိုယ်ရေးကိုယ်တာ အလှူမျိုး (အလှူလို့ပြောပြီး လာဘ်ထိုးတာမျိုး) ဗိုလ်ချုပ်က လုံးဝလက်မခံဘူး မဟုတ်လား။ ဒါကြောင့် ဗိုလ်ထွန်းလှက ရှမ်းအဘိုးကြီးကို မေတ္တာရပ်ခံအကြံပေးပါတယ်။

“ဗိုလ်ချုပ်ရဲ့ကိုယ်စား ဖဆပလအဖွဲ့ချုပ်ကို သွားလှူပါ”

သို့သော် ရှမ်းအဘိုးကြီးသည် ဗိုလ်ထွန်းလှ၏ စကားကိုလက်မခံ၊ ၎င်း၏လွယ်အိတ်တွင်းမှ အထုတ်တစ်ထုပ်ကို နှိုက်ယူကာ ဖြေပြလေသည်။ အထုပ်ထဲမှ တဝင်းဝင်းတလက်လက်တောက်ပြောင်ပြီး အရည်အသွေးကောင်းလှသည့် ရွှေချောင်းများ ထွက်လာသည်။ ထို့နောက် အဘိုးကြီးက “ဒီလိုပါဗိုလ်ကြီး ကျုပ်က ဗိုလ်ကြီးပြောတဲ့အတိုင်း အဖွဲ့ချုပ်ကိုရောက်ပြီး ရန်ပုံငွေလှူခဲ့ပြီးပါပြီ။ ဒါက ဗိုလ်ချုပ်တို့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် လှူတာပါ။ အခု ဒီကိုလာတာ နိုင်ငံရေး ရန်ပုံငွေနဲ့ မဆိုင်ပါဘူး။ ဗိုလ်ချုပ်တို့မိသားစုမှာ ချွေတာခြစ်ခြုတ်စားသောက်နေရတယ်လို့ကြားသိရတယ်။ အခုဆိုရင် ဗိုလ်ချုပ်တပ်က ထွက်လိုက်ပြီမို့ လစာဝင်ငွေဆိုလို့ မရှိဘူးမဟုတ်လား။ ဒ့ါကြောင့် သူလွတ်လပ်ရေးရအောင်ဦးဆောင်ကြိုးစားရာမှာ နောက်ဆံမတင်းဘဲ လုပ်နိုင်အောင်လို့ သူ့မိသားစုသုံးစွဲဖို့ ဒီရွှေတွေကို ကျုပ်လှူချင်ပါတယ်။ အဲဒါတော့ ဗိုလ်ချုပ်ကို မေတ္တာရပ်ခံပေးစေချင်တယ်” ဟု စကားဆိုပြန်၏။ (ဇင် ဘဦး-အရိုင်းထဲက အယဉ်စာ -၉၆)

ဗိုလ်ထွန်းလှသည် အားနာသွားပြီး ရှမ်းအဘိုးကြီး တင်ပြတဲ့ အတိုင်း ဗိုလ်ချုပ်ကို သတင်းပို့ပါတယ်။ ဗိုလ်ချုပ်ဟာ ရုတ်ခြည်းစိတ်ဆိုးသွားပြီး “ဟိတ်ကောင် . . ငါဒါမျိုး လက်မခံဘူးဆိုတာ မင်းသိသားနဲ့။ လှူချင်ရင် ဖဆပလအဖွဲ့ချုပ်မှာ သွားလှူလို့သာပြောလိုက်”လို့ ဆိုပါတယ်။

ဗိုလ်ထွန်းလှက စိတ်ရှည်ရှည်နဲ့ အကျိုးအကြောင်းရှင်းပြပါတယ်။ ဗိုလ်ချုပ်စိတ်ပြေလာတော့မှ “ရှမ်းအဘိုးကြီးရဲ့ စေတနာကို အသိအမှတ်ပြုလက်ခံသင့်ပါကြောင်း၊ ဒီရွှေချောင်းတွေကို ဗိုလ်ချုပ်အတွက် ကိုယ်ကျိုးမသုံးဘဲ ဖဆပလအဖွဲ့ချုပ် ရန်ပုံငွေအတွက် ဘဏ္ဍာရေးမှူး မြန်မာ့အလင်း ဦးတင်ထံ အပ်နှံသွားမည်ဖြစ်ကြောင်း” စသည်ဖြင့် အကျိုး သင့် အကြောင်း သင့်တင်ပြလိုက် တဲ့အခါ ဗိုလ်ချုပ်က လက်ခံလိုက်ပါတယ်။

ဒါနဲ့ ဗိုလ်ချုပ်ဟာ ရှမ်းအဘိုးကြီးကို လက်ခံတွေ့ဆုံပြီး ကျေးဇူးတင်စကားပြောကြားပါတယ်။ ရှမ်းပြည်နယ်လွတ်လပ်ရေးအတွက်ပါ အစွမ်းကုန်ကြိုးစားမှာဖြစ်ကြောင်း ကတိပေးလိုက်ပါတယ်။ ရွှေချောင်းများ လက်ခံရရှိကြောင်းကို ဗိုလ်ထွန်းလှလက်နှိပ်စက် ရိုက်ပေးတဲ့ စာရွက်ပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းက လက်မှတ်ရေးထိုးပေးလိုက်ပါတယ်။

ယခုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ ရေးသားထုတ်ဝေလျက်ရှိကြကုန်သော ဂျာနယ်၊ စာစောင်စာအုပ်များမှာ လက်တကမ်းအကွာတွင် လွယ်ကူစွာ ဝယ်ယူငှားရမ်းဖတ်ရှုခွင့်ရနေကြသဖြင့် ဗိုလ်ချုပ်၏ စိတ်နေသဘောထား၊ ကိုယ်ကျင့်တရားနှင့်တိုင်းပြည်လွတ်လပ်ရေးရရှိရန် ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်၊ ဖြစ်ရပ်၊ သမိုင်းဖြစ်ရပ်မှန်များအား လူကြီး၊ လူငယ်မရွေး လေ့လာဖတ်ရှုခွင့်ရရှိနေသဖြင့် စာရေးသူအနေဖြင့် လည်း ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပြီးချိန်မှ မွေးဖွားလာသည့်သူဖြစ်၍ အများနည်းတူလေ့လာဖတ်ရှုမှတ်သားခွင့်ရရှိပါသည်။

> ယနေ့မြန်မာနိုင်ငံ အနေအထားမှာ နိုင်ငံတော်အဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒချမှတ်သူ အကြီးအကဲများမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဦးစီးဆောင်ရွက်နေသကဲ့သို့ ၎င်းမူဝါဒများ ပုံဖော်လာစေရန် အချိန်နှင့်အမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေသူပြည်သူ့ဝန်ထမ်း အလယ်၊ အလတ်အရာထမ်း(အလယ်လူ) များ၏ ကိုယ်ကျင့်သိက္ခာနှင့် ဆင်ခြင်ဆောင်ရွက်နိုင်စွမ်းသည် ဆောင်းပါးပါဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ (ကိုယ်ရေးအရာရှိ) ဗိုလ်ထွန်းလှကဲ့သို့ ကိုယ်ရည်ကိုယ်သွေးမျိုးရှိရန် အထူးအရေးကြီးပါကြောင်း . . .

ဤသို့ ဖတ်ရှုလေ့လာခွင့်ရသည်များမှ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ ထပ်မံညွှန်းဆိုပုံဖော်ရန် အကြောင်းထူး(စာရေးသူအနေဖြင့် ဗိုလ်ချုပ်အပေါ် ထူးခြားသုံးသပ်ရန် အခြေအနေမရှိပါ)မရှိသော်လည်း၊ ဖတ်ရှုခဲ့ရသည့် အထက်ပါဆောင်းပါးမှ ဗိုလ်ချုပ်၏ စိတ်နေသဘောထား၊ ကိုယ်ကျင့်တရားအပြင် ဗိုလ်ချုပ်၏အပါးတော်မြဲ ဗိုလ်ထွန်းလှ(ယခုဆိုလျှင် စာရေးသူ၏ အဘိုးအရွယ်ခန့်ပင် ရှိလောက်ပါမည်)၏ ကိုယ်ရည်ကိုယ်သွေးကိုပါ တစ်ပါတည်း ဖတ်ရှုဆင်ခြင်ခွင့်ရရှိသည့်အကြောင်းကို ရွေးနုတ်ဖော်ပြချင်လာပါသည်။

ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ယခုကျွန်တော်တို့မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထိုက်တန်သော နေရာတစ်ခုသို့ ပြန်လည်ရောက်ရှိရေး နိုင်ငံတော်သမ္မတမှစ၍ နိုင်ငံ့ဝန်ထမ်းများအလယ် နိုင်ငံသူနိုင်ငံသားများအဆုံး အားသွန်ခွန်စိုက် ရုန်းကန်ကြိုးစားကြရမည့် အချိန်ဖြစ်ပါသည်။

ဤအခြေအနေတွင် မျက်မှောက်ကမ္ဘာ့ရေးရာ ကူးလူးဆက်ဆံမှုများ (Globalization)အရ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးလို၍လည်းကောင်း၊ မိမိအကျိုးစီးပွားအတွက်မြန်မာနိုင်ငံအတွင်း ကဏ္ဍစုံ၌ ရင်းနှီးမြှုပ်နှံ လိုသူများသော်လည်းကောင်း အလုံးအရင်းဖြင့် တရစပ်ဝင်ရောက်လာချိန်ဖြစ်ရာ(ဖော်ပြပါဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်း မိသားစုအား ချွေတာခြစ်ခြုတ်စားသောက်ရသည်ကို ကြားသိရ၍ ရွှေချောင်းလာလှူသည့် ရှမ်းအဘိုးကြီးလိုလူမျိုးတော့ပါရှိမည် မဟုတ်ပါ။)

မိမိနိုင်ငံအတွင်းသို့ အဆိုပါရည်ရွယ်ချက်အမျိုးမျိုးဖြင့် ဝင်ရောက်သူများသည် နိုင်ငံတော်အဆင့် အကြီးအကဲများထံ သက်ဆိုင်ရာမှတစ်ဆင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခွင့်ရရှိသူများရှိနိုင် သကဲ့သို့ ဌာန/အဖွဲ့အစည်း အသီးသီးမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ အလယ်၊ အလတ်အရာထမ်းများ မှတစ်ဆင့် ထိတွေ့ဆက်ဆံဆောင် ရွက်ရမှုများ ကဏ္ဍအသီးသီးတွင် ရှိလာသည့် အခြေအနေရောက်ရှိနေပြီဖြစ်ပါသည်။

ဤအခြေအနေမျိုးတွင် ဗိုလ်ထွန်းလှကဲ့သို့ ကိုယ်ရေးကိုယ်တာ အလှူမျိုး(အလှူလို့ပြောပြီး လာဘ်ထိုးတာမျိုး)ကို လက်မခံတတ်တဲ့ မိမိအကြီးအကဲ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း၊ လာရောက်လှူဒါန်းသူ(ယခုကာလဆိုလျှင်တော့ အကူအညီပေးလိုသူနှင့် ရင်းနှီးမြှုပ်နှံလိုသူ)စိတ်ကျေနပ်မှုရှိလောက်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်စွမ်း၊ အထူးအားဖြင့် ဆောင်းပါး၏ အနှစ်ချုပ် ရသပေါ် လွင်စေသော(ဗိုလ်ချုပ်၏ စိတ်နေသဘောထားနှင့် ကိုယ်ကျင့်တရားကတော့ သိပြီးဖြစ်ကြလေရာ) အဆုံးအဖြတ်ပေးနိုင်သည့် အကြီးအကဲ၏ အနီးကပ်တာဝန်ထမ်းဆောင်ခွင့်ရနေကြသော အလယ်၊ အလတ်အရာထမ်းများ(ကိုယ်ရေးအရာရှိများ အပါအဝင်)သည် ဗိုလ်ထွန်းလှကဲ့သို့ အကျိုးအကြောင်း ဆီလျော်အောင်ဆင် ခြင်ပြီးစီစဉ်ဆောင်ရွက်နိုင်စွမ်းနှင့်(ဗိုလ်ချုပ်အောင်ဆန်း မိသားစုပင်လျှင် ချွေတာခြစ်ခြုတ်စားသောက်နေရမှတော့ ဗိုလ်ထွန်းလှသည်လည်း မည်သို့မျှ ကြွယ်ဝချမ်းသာသူမဖြစ်နိုင်သည်ကို မှန်းဆသိရှိနိုင်ပြီး) ဗိုလ်ချုပ်၏ မတော်မတရားပြုခဲ့ခြင်းမရှိဘဲ၊ မြင်သာထင်လင်းစွာကိုယ်ကျိုးမဖက် ဆောင်ရွက်နိုင်စွမ်းရှိခဲ့သည်ကို မှတ်မှတ်ထင်ထင် မြင်ကြည့်နိုင်ကြောင်း အတုယူဆောင်ရွက်သင့်သည်အား အလေးထားရွေးနုတ်ဖော်ပြလိုပါသည်။

ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ အနေအထားမှာ နိုင်ငံတော် အဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒချမှတ်သူ အကြီးအကဲများ မှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဦးစီးဆောင်ရွက်နေသကဲ့သို့ ၎င်းမူဝါဒများ ပုံဖော်လာစေရန်အချိန် နှင့်အမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေသူ ပြည်သူ့ဝန်ထမ်း အလယ်၊ အလတ်အရာထမ်း(အလယ်လူ) များ၏ ကိုယ်ကျင့်သိက္ခာနှင့် ဆင်ခြင်ဆောင်ရွက်နိုင်စွမ်းသည် ဆောင်းပါးပါဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ (ကိုယ်ရေးအရာရှိ) ဗိုလ်ထွန်းလှကဲ့သို့ ကိုယ်ရည်ကိုယ်သွေးမျိုးရှိရန် အထူးအရေးကြီးပါကြောင်း အသိပေးဖော်ပြလိုက်ပါသည်။ ။

# ပန်းပြားပင် နိုင်ငံရေး

(ဘေးမှရပ်ကြည့်သူ၏ ထင်မြင်ချက်များ)



■ ကျော်ဝင်း

### အဖွင့်

ယခုစာစုကို ဦးကုလား မဟာရာဇဝင်ကြီး(ပထမအုပ်) မှ သံဝေဂစကား တစ်ရပ်ဖြင့် ဖွင့်လိုသည်။ သံဝေဂစကားမြွက်ကြားခဲ့သူကား ပုဂံခေတ် ပညာရှိအမတ်ကြီး ရာဇသင်္ကြံ။ ဇာတ်ရည်လည်စေရန် အဆိုပါသံဝေဂ စကားလေး၏ ဗျူပွတ်ကိုဆိုပါမည်။ တစ်ခါသော်အမတ်ကြီး မင်းမျက်သင့်၍ တလ(ဒလ)သို့နယ်နှင်ခံရသည်။ လမ်းခရီးတွင် လေပြင်းလာသဖြင့် သစ်ပင်ကြီးများကျိုးပဲ့သည်ကို မြင်သောအခါ အမတ်ကြီးက ယခုလို သံဝေဂယူ၍ ဆိုသည်ဟူ၏။ "ငါသည်ရေပန်းပြားပင်ခန့်မျှမလိမ္မာချေ။ သစ်ပင်ကြီးကဲ့သို့ကျင့်၍ ဤသို့ပျက်စီးရချေသည်. . ."

### ငါ့ဒိန်ခဲ ဘယ်သူရွှေ့

ယနေ့ မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းကို ပြည်တွင်း ပြည်ပနိုင်ငံရေးအင်အားစုတော်တော်များများက သိမှတ်လက်ခံလာကြပြီထင်ပါသည်။ သို့နှင့်တိုင် 'ငါ့ဒိန်ခဲ ဘယ်သူရွှေ့'ဆိုသော ပုစ္ဆာနှင့်ပတ်သက်လျှင်မူ တစ်ကျောင်း တစ်ဂါထာရှိနေဆဲကို သာတွေ့ရသည်။ အချို့က "ငါရွှေ့တာ"ဟုပြောသည်။ အချို့က "သူ ရွှေ့တာ"ဟုဆိုသည်။ 'နိုင်ငံတကာ'ကို အမှတ်ပေးကြသည်များလည်းရှိသည်။ နာမည်ကြီးနိုင်ငံရေးဂျာနယ်တစ်ခုမှ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးကမူ ဆိုခဲ့ပါ အရွှေ့သုံးခုလုံးကို စာရင်းတင်သည့်တိုင် ၂၀၁၀ ရွေးကောက်ပွဲဝင်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တွန်းအားမပါဟု ခပ်တင်းတင်းရေးသည်။ ထားတော့. . .။

အမှန်စင်စစ် ၂၀၀၉ ခုနှစ်လောက်ကပင် ဒီမိုကရက်တိုင်ဇေးရှင်း တတိယလှိုင်းနှောင်းပိုင်းတွင် ပေါ်ထွက်လာတန်ရာသည့် အပြောင်းအလဲပုံစံတစ်ရပ်ကို ပညာအသိုင်းအဝိုင်းမှ ဖော်ထုတ်ညွှန်းဆိုပြီးဖြစ်ပါသည်။ အီတလီနိုင်ငံ ဖလောရင့်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ ဖိလစ်ပီရှမစ်တာက အဆိုပါအပြောင်းအလဲပုံစံကို သတ်မှတ်ပြဋ္ဌာန်းပြီး အပြောင်းအလဲ(Imposed Transition)ဟု အမည်ပေးသည်။ ပြောင်းလဲလာသည့် ခေတ်ရေစီးကို သိမြင်နားလည်သော တည်ဆဲ အီလစ်များကိုယ်တိုင်က အခြေအနေတစ်ရပ် သတ်မှတ်ပြီး ဦးဆောင်ပုံဖော်ကြသည်ဖြစ်၍ အပေါ်မှလာသော အပြောင်းအလဲ (Elite led Change)ဟု ဖွင့်ဆိုသည်။ ဤပုံစံမှာ ခက်ခဲသိမ်မွေ့သည်နှင့်အမျှ အချိန်မရွေး နောက်ကြောင်းပြန်နိုင်သည်ဖြစ်၍ တဖြည်းဖြည်းပြောင်းဖို့လိုလိမ့်မည် (Gradual Change)ဟု မှတ်ချက်ပြုသည်။ ပဒေသာစုံအင်အားစုများ အတူလက်တွဲကြိုးပမ်းရသည်ဖြစ်၍ ဘုံတူညီချက်(Common Ground) ရှာဖွေသွားနိုင်ဖို့ အထူးအရေးကြီးလိမ့်မည်ဟု အကြံပြုသည်။ ကြုံတွေ့လာနိုင်ဖွယ်ရာရှိသော ရယ်ဒီကယ်အန္တရာယ်နှင့် ရှော့(ခ)ရိုက်ကုထုံး ဘေးထွက်ဆိုးကျိုးများကိုလည်းသတိပေးသည်။

စာရေးသူက ပါမောက္ခရှမစ်တာ၏ ဆိုခဲ့ပါ အနုမာနကို မြန်မာ့နိုင်ငံရေးပေါ် တင်ကြည့်သည်။ ယနေ့ အပြောင်းအလဲမှာ ယခင်တပ်မတော်အစိုးရကြီးမှူးကျင်းပပေးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည်ဟုမြင်သည်။ တပ်မတော်က စဖွင့်လိုက်သော ဤအရွှေ့တွင် ဒီမိုကရက်တစ်အင်အားစုများ ပူးပေါင်းပါဝင်လာရာမှ မြန်မာပြည်ဒိန်ခဲကြီး ရွှေ့လာခြင်းဖြစ်သည်ဟုသဘောရသည်။ သို့နှင့်အမျှ ပါမောက္ခရှမစ်တာ၏ အကြံပြုချက်နှင့် သတိပေးစကားများကို နှလုံးသွင်းပြီး မြန်မာ့နိုင်ငံရေးအရွှေ့ကို စောင့်ကြည့်နေမိသည်။

### စောင့်ရဲတဲ့သတ္တိ

ယခုတစ်လော စာရေးသူ အထူးဂရုဓမ္မထား၍ စောင့်ကြည့်နေရသော ဖြစ်ထွန်းမှုနှစ်ရပ်ရှိပါသည်။ ပို၍ပို၍ အသက်ဝင်လာသော ကြားဖြတ်ရွေးကောက်ပွဲအကြို မဲဆွယ်လှုပ်ရှားမှုများ (Election Compaign)တို့ဖြစ်သည်။ အမှန်စင်စစ် အသက်ဝင်လာသော ဒီဘိတ်နှင့် ပြိုင်ဆိုင်သော မဲဆွယ်လှုပ်ရှားမှုများမှာ ဒီမိုကရက်တစ်နိုင်ငံရေးစနစ်၏ အခြေခံလက္ခဏာများပင်ဖြစ်လေရာ သဘာဝကျကျပေါ်ထွက်လာသောဖြစ်ထွန်းမှုနှစ်ရပ်ဟု အသေအချာဆိုနိုင်ပါသည်။ ဤဖြစ်ထွန်းမှုနှစ်ရပ်မှ ပေါ်ထွက်လာသော ပဒေသာစုံအမြင်များမှာလည်း ဒီမိုကရေစီ၏ အလှဟုဆိုရမည်သာဖြစ်ပါသည်။ သို့တစေ ဘက်ပေါင်းစုံနုနယ်သိမ်မွေ့ဆဲရှိသော လက်ရှိအခြေအနေတွင် ဘုံလမ်းကြောင်းတစ်ရပ် မျက်ခြည်ပြတ်မသွားစေရေးကိုလည်း မမေ့မလျော့သတိပြုကြဖို့လိုမည်ထင်သည်။ စာရေးသူအနေနှင့် 'ဒိုင်ဗာစတီ' ဘရိတ်ပေါက်ပြီး 'ယူနတီ' ပျောက်မှာ စိုးရိမ်မိသည်။

အဆိုပါ ရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုများမှ ထွက်ပေါ်လာသော အသံတစ်သံနှင့်ပတ်သက်၍လည်း ဘေးမှရပ်ကြည့်သူတစ်ဦး၏ စိုးရိမ်မကင်းဖြစ်ရသည်များကို ဖော်ပြခွင့်ပြုစေလိုသည်။ 'အခြေခံဥပဒေပြင်ဆင်ရေး' ဆိုသောအသံဖြစ်ပါသည်။ ဒီမိုကရက်တစ်နှုန်းစံများဘက်မှ ကြည့်လျှင် ဖြစ်သင့်ဖြစ်ထိုက်သော အဆိုပြုချက်ဖြစ်သည့်တိုင် ပကတိအရှိ၏ အသိမ်အမွေ့နှင့် ချိန်ထိုး စဉ်းစားဖို့လိုလိမ့်မည်ထင်သည်။ စာရေးသူ အမြင်အရ ၂၀၀၈ အခြေခံဥပဒေမှာ 'စံကိုက်ဒီမိုကရေစီ'မဟုတ်သေးသည့်တိုင် အလုပ်ထောင့်မှကြည့်လျှင် လက်တွေ့အလုပ်လုပ်၍ ရနိုင်သော'ကြားအဖြေတစ်ခု' ဟု ဆိုချင်သည်။ ဤသို့ဆိုသည်နှင့် ကြားအဖြေကို အသေဖက်တွယ်ထားရမည်ဟု မဆိုလိုပါ။ အလုပ်ဖြစ်ရေးရှုထောင့် (တစ်နည်း-မဟာဗျူဟာသဘော) အရ အဆင့်နှစ်ဆင့်ခွဲသွားဖို့လိုမည်လား စဉ်းစားမိသည်။ ပထမအဆင့်-လက်ရှိအခြေခံဥပဒေပုံမှန်လည်ပတ်စေရေး၊ ပြီးမှ ဒုတိယအဆင့် လိုအပ်သလိုပြင်ဆင်ရေး။ နိုင်ငံရေးတွင် အချိန်စောင့်ဖို့ လိုလိမ့်မည်ဟု သဘောရသည်။ စိတ်လိုက်မာန်ပါ လုပ်ကြသည်ထက် 'စောင့်ရဲတဲ့ သတ္တိ' ရှိဖို့လိုမည်လား စဉ်းစားမိသည်။

'လွှတ်တော်တွင်း နိုင်ငံရေး၊ လွှတ်တော်ပ နိုင်ငံရေး'ဆိုသော အပြောအဆိုများကိုလည်း ယခုတစ်လော ခပ်စိပ်စိပ် ကြားနေရသည်။ ဒီမိုကရက်တစ်နိုင်ငံရေးစနစ်တွင် လွှတ်တော်တွင်း နိုင်ငံရေးသည်သာ ပင်မရေစီးဖြစ်ပါလိမ့်မည်။ သို့တိုင်အောင် အရပ်ဘက်အဖွဲ့အစည်းများ၏ 'အား' လည်းလိုသည်ဖြစ်၍ လွှတ်တော်ပ နိုင်ငံရေးကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပေးရသည်များလည်းရှိသည်။ လွှတ်တော်တွင်းဖြစ်စေ လွှတ်တော်ပဖြစ်စေ အားလုံး၏ တူရူချက်မှာ ခေတ်မီဒီမိုကရက်တစ်နိုင်ငံတော်ထူထောင်ရေးပင်ဖြစ်သည်။ ဖြစ်သင့်သည်။ ဤနေရာတွင် သတိပြုကြဖို့လိုသည်မှာ လွှတ်တော်ပနိုင်ငံရေးအနေနှင့် ဥပဒေအပြင်ဘက် မြေအောက်နိုင်ငံရေးထဲ လိမ့်ကျမသွားဖို့ဖြစ်မည်ထင်ပါသည်။ 'အတွင်းအပြင်ညှပ်တိုက်ရေး'ဆိုသော အလုပ်မဖြစ်ခဲ့သည့် တစ်ခါက လက်ဝဲဗျူဟာတွေထဲ ပိတ်မိသွားမှာ စိုးရိမ်မိသည်။ စာရေးသူက သမိုင်းကို သူရဲကောင်းပုံပြင်အဖြစ်ထက် လမ်းပြမြေပုံအဖြစ် ကြည့်မြင်စေချင်သည်။ အမှားကျော့သံသရာတွေ ထပ်မလည်စေချင်။

### ဖတ်ညွှန်း

စကားအလျဉ်းသင့်လာ၍ ယခုရက်ပိုင်း ဖတ်ဖြစ်လိုက်သော စာတစ်ပုဒ်ကို ညွှန်းလိုသည်။ ၂၀၁၂ ဖေဖော်ဝါရီ ၂၀-၂၆ နေ့ထုတ် The Voice ဂျာနယ်ပါ ဒေါက်တာမင်းဇော်ဦး၏ ဆောင်းပါးဖြစ်သည်။ 'ကမ္ဘာ့ဒီမိုကရေစီရေစီးကြောင်းနှင့်ယှဉ်ပြီး မြန်မာ့ဒီမိုကရေစီအရေးကို ဘယ်လိုလက်တွေ့ကျကျ သုံးသပ်မလဲ'ဆိုသောဆောင်းပါး။ မြန်မာ့ဒီမိုကရေစီရေးအတွက် အလေးထားစဉ်းစားဖွယ်ရာများ ပါသည်ထင်၍ အကျဉ်းမျှ ညွှန်းလိုက်ရပါသည်။ ဒေါက်တာ မင်းဇော်ဦး၏ အလိုအရ ၁၉၅၅ နောက်ပိုင်း ဒီမိုကရေစီအပြောင်းအလဲများမှ ရလဒ်လေးမျိုးထွက်ပေါ်လာသည်ဟုဆိုသည်။ ဤသည်တို့မှာ-

(၁) ရင့်ကျက်ခိုင်မာသော ဒီမိုကရေစီ တည်ဆောက်နိုင်သော နိုင်ငံများ (၈၆ နိုင်ငံတွင် ၁၅ နိုင်ငံသာရှိ-၁၇ ရာခိုင်နှုန်း)

(၂)နောက်ကြောင်းပြန်သွားသော နိုင်ငံများ(နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် ဖြစ်ခဲ့သော အပြောင်းအလဲ ၄၄ ခု)

(၃) ဆူပူမငြိမ်သက်မှုများ၊ စစ်ပွဲများ ဆက်လက်ဖြစ်ပေါ်နေသည့် နိုင်ငံများ (နိုင်ငံပေါင်း ၄၀ ရှိ၊ ၅၀ ရာခိုင်နှုန်းနီးပါး)

(၄) ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်နေသော နိုင်ငံများ (နိုင်ငံပေါင်း ၂၄ နိုင်ငံရှိ)

ဤသို့ နိုင်ငံတကာ နောက်ခံကားကို ခင်းပြပြီးမှ ဆောင်းပါးရှင်က မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်သော သူ့အမြင်ကို ယခုလို တို့ထိပြသည်။ "လက်ရှိအနေအထားမှာ စစ်မှန်တဲ့ဒီမိုကရေစီကို ဘယ်လိုရမလဲဆိုတာထက်နောက်ပြန်လှိုင်းမထိဖို့ ဘယ်လိုကာကွယ်ရမလဲဆိုတာ အဓိကပါ။ မတည်ငြိမ်မှုတွေဖြစ်ပြီး ဒီမိုကရေစီကြိုးတန်းပေါ်က ပြုတ်မကျဖို့လည်းလိုပါတယ်. . ."စသဖြင့်။

မြန်မာ့နိုင်ငံရေး ပလေယာများ၊ အထူးသဖြင့် ပေါ်လစီ မိတ်ကာများ၊ စိတ်ကိုဖွင့်၍ ဖတ်ကြည့်ကြစေချင်ပါသည်။ ယခုရောက်ရှိနေသောအဆင့်မှာစိတ်လှုပ်ရှားမှုနှင့်ယှဉ်သည့် လှုံ့ဆော်နိုင်ငံရေး (Agitate Politics) မျိုးမဟုတ်တော့။ ပညာနှင့်ယှဉ်သည့်ရည်မှန်းချက်ရှိရှိ နိုင်ငံရေး (Deliberated Politics) မျိုးဖြစ်ဖို့လိုပါပြီ။ အများကြိုက် စကားတန်ဆာတွေကို ကျော်ပြီး မဟာဗျူဟာကျကျ စဉ်းစားကြဖို့လိုပြီ ထင်ပါသည်။

### အပိတ်

ဆောင်းပါးအစ အမတ်ကြီး ရာဇသင်္ကြံစကားကို ပြန်ပြောပါမည်။ 'သစ်ပင်ကြီးလို မကျင့်ရာ၊ ရေပန်းပြားပင်လို ကျင့်ရာ၏'။ ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးသမားတော်တော်များများ (အထူးသဖြင့် လက်ဝဲဆရာများ) က အမတ်ကြီးစကားကို ခံတွင်းတွေ့ကြဟန်မတူပါ။ ယုံကြည်ချက်မခိုင်မာသည့်သဘော ဟိုပင်ဒီပင်ကူးလိုသည့်သဘော စသဖြင့် ဝေဖန်ကြသည်။ ဝန်ခံရလျှင် ဤသို့ စဉ်းစားထင်မြင်ခဲ့ကြသူများထဲတွင် စာရေးသူကိုယ်တိုင်လည်း ပါဝင်ခဲ့ပါသည်။

ယခု ဤသို့မဟုတ်တော့ပါ။ 'ပေါ်လစီပျော့ပျောင်းမှုသဘော' ဟုဆင်ခြင်မိပါသည်။ လှိုင်းထန်လေထတ်ခရီးတွင် ယုံကြည်မှုခိုင်မာရုံနှင့်မပြီး။ ပေါ်လစီပျော့ပျောင်းပါမှ ထိခိုက်နာကျင်မှု အနည်းဆုံးဖြင့် လိုရာခရီးသို့ ရောက်နိုင်မည်ထင်သည်။ အထူးသဖြင့် အတိမ်းအစောင်းမခံသော လက်ရှိအလှည့်အပြောင်းတွင် အမတ်ကြီးရာဇသင်္ကြံ၏ သံဝေဂစကားကို အခြားတစ်ဖက်မှ ဆင်ခြင်ကြစေလိုသည်။ ကျွန်းပင်ကြီးတွေလို တောင့်တောင့်တင်းတင်းကြီးတွေမြင်ရတိုင်း စာရေးသူမှာ စိတ်မသက်မသာ ရင်မနေရတော့ သည်။

'ပန်းပြားပင်နိုင်ငံရေး' ကို နှလုံးသွင်းနိုင်ကြပါစေသတည်း။

*ကျော်ဝင်း*

*၂၆၊ ဖေဖော်ဝါရီ ၂၀၁၂*

မြန်မာ့နိုင်ငံရေးပလေယာများ၊ အထူးသဖြင့် ပေါ်လစီမိတ်ကာများ၊ စိတ်ကိုဖွင့်၍ ဖတ်ကြည့်ကြစေချင်ပါသည်။ ယခု ရောက်ရှိနေသော အဆင့်မှာ စိတ်လှုပ်ရှားမှုနှင့်ယှဉ်သည့် လှုံ့ဆော်နိုင်ငံရေး (Agitated Politics) မျိုးမဟုတ်တော့။ ပညာနှင့်ယှဉ်သည့် ရည်မှန်းချက်ရှိရှိ နိုင်ငံရေး (Deliberated Politics) မျိုးဖြစ်ဖို့လိုပါပြီ။ အများကြိုက် စကားတန်ဆာတွေကို ကျော်ပြီး မဟာဗျူဟာကျကျ စဉ်းစားကြဖို့လိုပြီ ထင်ပါသည်။

7 Day News Journal
Vol.11, No.1 • MARCH 8 , 2012



■ ဖိုးမြိုင်(ကိုးခရိုင်)

# မပြောင်းလဲခြင်းများနှင့် ခရီးသွားခြင်း

ကျုပ် ကားပေါ်ကို ထိုင်လိုက်တာနဲ့စပယ်ယာကောင်လေးက ဘကြီး မန္တလေးအထိလိုက်မှာဆိုရင် ရှေ့တိုးထိုင်ပါလို့ ပြောတယ်။ ကျုပ်ကလည်း “ဘကြီးက ခေါင်းမိုးတတ်လို့ပါကွာ”လို့ပြောပြီး ကားနောက်ပိုင်းအစွန်ဆုံးခုံမှာထိုင်နေလိုက်တယ်။ အချိန်ပြည့်လို့ ကားစထွက်ပြီး မြို့အထွက်ရောက်တော့ ကားပေါ်ကို တူရွင်းတစ်ချောင်းနဲ့ လူတစ်ယောက်တက်လာတယ်။ ကျုပ်အသိကိုဘမြင့်ပါ။ ကျုပ်က သူ့ကိုနှုတ်ဆက်လိုက်တော့ သူက ပြန်ပြောတယ်။

“လှော်ရေ”သွားစောင့်မလို့တဲ့။ ကျုပ်သဘောပေါက်လိုက်ပါပြီ။ တောင်သူတွေနဲ့ ခင်မင်ရင်းနှီးတဲ့ ကျုပ်ကတော့ လှော်ရေရဲ့အဓိပ္ပာယ်ကို ကောင်းကောင်းကြီးသိပါတယ်။ ကျုပ်တို့ဒေသမှာစိုက်ပျိုးမြေတွေက အများကြီးဆိုတော့ ရေကိုအလှည့်ကျ စနစ်နဲ့ပေးတာပေါ့။ ကိုယ့်အလှည့် မဟုတ်ဘဲ ရအောင်ကြိုးစားထားတဲ့ ရေကို လှော်ရေလို့ ခေါ်တယ်ဆိုတာ ကျုပ်တို့မြို့က လူတွေတော်တော်များများသိကြတယ်။ ကျုပ်တို့လူတွေဟာ ရေကို ပုံမှန်အတိုင်း အိုးထဲကပဲ ခပ်သောက်မယ်ဆိုရင် ပိုက်ဆံမကုန်ဘူးပေါ့။ ရေသန့်မှ သောက်ချင်ရင်တော့ပိုက်ဆံကုန်တာပေါ့။ တောင်သူတွေလည်း ကိုယ့်စိုက်ခင်းထဲက သီးနှံတွေအတွက် ပုံမှန်ရေလှည့်စောင့်ပြီး သုံးရင်တော့ ပိုက်ဆံမကုန်ဘူးပေါ့။ ကိုယ့်အလှည့်မဟုတ်ဘဲ လှော်ရေသုံးချင်တယ်ဆိုရင်တော့ သိတယ်မို့လား . . . ။

“ပါသေးတယ်”ဆိုတဲ့ အော်သံနဲ့အတူ ကားရပ်လိုက်တာနဲ့ ကျွန်တော့်အတွေးတွေ ရပ်သွားတယ်။ ကားပေါ်မှာပါလာတဲ့ အဖြူနဲ့အစိမ်းဝတ်ထားတဲ့ ဆရာမနှစ်ယောက်ဆင်းသွားတယ်။ ကျုပ်နာရီကြည့်လိုက်တော့ ဆယ်နာရီလေးဆယ့်ခုနစ်မိနစ်ရှိပြီ။ သူတို့စာသင်တဲ့ ကျောင်းက ဘယ်အချိန်များ ကျောင်းစတက်ပါလိမ့်လို့ စဉ်းစားမိပြန်တယ်။

ဆရာမလေးနှစ်ယောက်ဆင်းသွားလို့ ကားဆက်မောင်းပြီး မကြာပါဘူး။ “ပါသေးတယ်”ဆိုတဲ့ စပယ်ယာကောင်လေးရဲ့ အသံကြားရပြန်ပြီ။ ကားရပ်လိုက်တော့ ကားခေါင်မိုးပေါ်မှာ ပါလာတဲ့ လူငါးယောက် ဆင်းလာတယ်။ လူတစ်ယောက်က တိုက်ကြက်တစ်ကောင်ကို ပွေ့လို့၊ ဒီလမ်း၊ ဒီခရီး သွားနေကျတွေ ထင်ပါရဲ့။ စပယ်ယာက လှမ်းပြောတယ်။ “ဘော်ဒါတွေနိုင်အောင်တိုက်ခဲ့နော်။ ညနေဆိုင်မှာ ဆုံရအောင်။ ဒီနေ့ဘယ်ဝိုင်းလဲ” အဲဒီလူတွေထဲက တစ်ယောက်က ပြန်ပြောတယ်။ “ဒီနေ့ တနင်္လာကွ။ ဘယ်နေရာလဲ သိသားနဲ့။ အထူးအဆန်းလုပ်လို့” ဒီအသံတွေကြားတော့ ကျုပ်စဉ်းစားမိပြန်ပြီ။ လောင်းကစားဝိုင်းတွေမှာလည်း အချိန်ဇယားရှိတယ်ထင်ပါရဲ့။

“ရှိ”ဆိုတဲ့ ခရာမှုတ်လိုက်တဲ့ အသံကြားလိုက်တော့ ကျုပ်အတွေးတွေ ရပ်သွားပြန်တယ်။ ကားကတော့ မရပ်ဘူးဗျ။ အရှိန်မပျက်ဆက်မောင်းနေတုန်းပဲ။ ဒါပေမဲ့ ကားစပယ်ယာနဲ့ လမ်းမပေါ်ရပ်နေတဲ့ လူတစ်ယောက်ကတော့ လက်ဝါးချင်းရိုက်ပြီး နှုတ်ဆက်လိုက်တာ မြင်လိုက်ရတယ်။ သူတို့ဘာများလုပ်တာပါလိမ့်လို့စဉ်းစားကြည့်မိပြန်တယ်။ လက်ဝါးနှစ်ဖက်ကြားက ငွေစက္ကူဟာ သူတို့နှစ်ယောက်ရဲ့ ရင်းနှီးတဲ့ ဆက်ဆံရေး ခိုင်မြဲစေတဲ့ အရာတွေပါလားလို့။

“ခဏလေး”လို့ အော်လိုက်တဲ့ ကားစပယ်ယာဟာ သူ့အသံမဆုံးခင်မှာဘဲ ကားဆက်မောင်းခဲ့တယ်။ ကျုပ်ကစပယ်ယာကိုပြောလိုက်တယ်။ “မင်း ကွမ်းယာဝယ်မှန်းသိရင် ငါမှာလိုက်ပါသေးတယ်” ကျုပ်က အဲဒီလိုပြောလိုက်တော့ စပယ်ယာကောင်လေးက ကျုပ်ကို ကွမ်းတစ်ယာထုတ်ကျွေးပြီး ဘာပြောတယ်မှတ်လဲ။ “ကွမ်းယာဝယ်တာမဟုတ်ဘူး အဘရ။ အဲဒီဆိုင်ဘေးက ခုံမှာ ထိုင်နေတာဗျ။ ကားခေါင်ပေါ်မှာ မီးသွေးအိတ်တွေပါလို့ အဲဒီလိုမှ မလုပ်ရင် ပေရှည်သွားလိမ့်မယ်”တဲ့။ ကျုပ် သဘောပေါက်လိုက်ပြီ။ သိသာသိစေ မမြင်စေနဲ့ဆိုတာ ဒါပါလားလို့။

“လိုက်မယ်”ဆိုတဲ့အော်သံကြောင့် ကားရပ်လိုက်တာနဲ့ အမျိုးသမီးတစ်ယောက် ကားပေါ်တက်လာတယ်။ ပြီးတော့ နှုတ်ဆက်သံကြားလိုက်ရတယ်။ “ဟဲ့ . . တင်တင်နွဲ့၊ နင့်အမေ ပိုးကောင်ကိုက်လို့ဆို။ သက်သာရဲ့လား။ ငါလည်း ရိတ်ချိန်သိမ်းချိန်ဆိုတော့ မရောက်ဖြစ်ပါဘူးအေ။ အခု ဘယ်သွားမလို့တုံး” ကားပေါ်ပါလာတဲ့ အမျိုးသမီးကြီး တစ်ယောက်ရဲ့ အသံ။ “သက်သာပါတယ် ဒေါ်လေး။ ဆေးလေးလုံးတော့ ထိုးလိုက်ရတယ်။ ဆေးရုံက ဆင်းရတော့မှာပါ။ အလှူငွေလေး ထည့်ပါဦးဆိုလို့ အမေ့ဆွဲကြိုးလေး မန္တလေးသွားရောင်းမလို့” ကားပေါ်တက်လာတဲ့ အမျိုးသမီးက ပြန်ပြောနေတဲ့ အသံ။ “ဩော် . . အလှူငွေကလည်း ဆွဲကြိုးတောင် ရောင်းရသလား”လို့ ကျုပ်စဉ်းစားမိတယ်။ “စရိတ်မျှပေးကျန်းမာရေး” ဆိုတာ ဒါမျိုးကို ခေါ်တာထင်ပါရဲ့လို့။

ဒီလိုနဲ့ ဂိတ်တစ်ခုမှာ ခရီးသည်စောင့်တင်ရင်း ကားခဏရပ်တော့ နောက်ထပ်တက်လာတဲ့ ခရီးသည်တွေထဲက ကျုပ်နားထိုင်တဲ့ နှစ်ယောက်ကတော့ဗျာ ပြောလိုက်တဲ့ ဝမ်း၊ တူး၊ သရီးအကြောင်းစုံလို့ အရပ်ထဲမှာ ကြားရတာနဲ့ နားယဉ်နေပြီးသားဆိုတော့ သူ တို့ပြောတာတွေဟာ အဆန်းတော့ မဟုတ်တော့ဘူး။ မြန်မာ့ရိုးရာ ကစားနည်းတစ်ခုလိုဖြစ်နေပြီဆိုတော့ ဒီအကြောင်းတွေကတော့ ရိုးအီနေပါပြီ။ ဒါတွေ ပျောက်ဖို့ဆိုတာ ရေထဲအရုပ်ရေးတာထက် ခက်မယ်ထင်တယ်။ ဘောလုံးပွဲတွေနားနေတဲ့ အချိန်တွေဆိုရင်တော့ “ဝမ်း”ကတော့ ငြိမ်နေတယ်လေ။ တူးနဲ့ သရီးကတော့ ပုံမှန်ပါပဲ။

ကျုပ်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ အမျိုးသမီးနှစ်ယောက်ကတော့ ဝန်ထမ်းတွေ ဖြစ်မယ်ထင်တယ်။ ရာထူးကိစ္စ၊ အပြောင်းအရွှေ့ကိစ္စတွေ ပြောနေကြလေရဲ့။ ဝင်ပေးမယ့်လူက သေချာတယ်လို့ ပြောတဲ့အကြောင်း၊ မပါရင်လည်း ပြန်ပေးမယ့်အကြောင်း ပြောနေတာတွေဟာ တစ်ကားလုံးလောက်ကြားနေရတယ်။

နောက်ကြားရပြန်ပါပြီ။ “ခင်ဗျားချေးငွေ ထုတ်သေးလား”တဲ့။ နောက်တစ်ယောက်က ဘာပြောလဲဆိုတော့ “ထုတ်တာပေါ့ကွာ။ မထုတ်လည်း ဘာနဲ့သွားစိုက်မလဲ” “မင်းတို့ရွာတွေရော တစ်ဧကဘယ်လောက်ဖြတ်လဲ” “တစ်ဧကသုံးထောင်ဖြတ်တယ်။ ဒါပေမဲ့ မပေးရပါဘူးဆိုတဲ့အကြောင်းလက်မှတ်တော့ ထိုးရတယ်။ အပြင်မှာချေးရင် အတိုးက အများကြီးကျမှာဆိုတော့ ထိုးပေးလိုက်ရတာပေါ့ကွာ” “ငါကတော့ ဘာမှ ဦးနှောက်ခြောက်ခံမလုပ်တော့ဘူး။ တစ်ဧကနှစ်သိန်းနဲ့ ဖရဲစိုက်တဲ့ ဘောစိတွေ ငှားလိုက်တယ်။ ကိုယ်ဘာသာစိုက်ရင် စိုက်စရိတ်က မလွယ်၊ သီးနှံဈေးက မကောင်းနဲ့ အဲဒီလောက်ရဖို့မလွယ်ဘူးလေကွာ” “ငါတောင် စိတ်ဝင်စားသွားပြီ” ရုတ်တရက်ကားရပ်လိုက်တော့ သူတို့လည်း စကားပြတ်သွားကြတယ်။

“ကိုဖိုးမြိုင် ဘယ်လဲဗျ” ကြည့်လိုက်တော့ တက်လာတဲ့ ခရီးသည်က ကျုပ်မိတ်ဆွေကိုသောင်းတင်ဖြစ်နေတယ်။ “မန္တလေးသွားမလို့ဗျာ” “သားဆီအလည်သွားမလို့လား” “အလည်မဟုတ်ဘူးဗျ။ ဟိုတစ်နေ့က အိမ်ပြောင်းလို့၊ တယ်လီဖုန်းပါရွှေ့ချင်တာနဲ့ မေးကြည့်တော့၊ ငွေအတော်ကုန်ဦးမယ်ဆိုတာနဲ့ ကျုပ်သားဆီ ပိုက်ဆံသွားယူမလို့ပါ” ကျုပ်တို့နှစ်ယောက် စကာတပြောပြောနဲ့ လိုက်တာတာ ကားစပယ်ယာလေးက “အားလုံးဂိတ်ဆုံး” လို့အော်လိုက်မှပဲ မန္တလေးရောက်မှန်းသိတော့တယ်။

ကားပေါ်ကဆင်းပြီး ကျုပ်သားအိမ်ကို သွားဖို့ ဆိုက်ကားတစ်စီး လှမ်းခေါ်လိုက်တယ်။ “အဘ ငါးရာပဲပေးပါဗျာ။ ဈေးဦးမပေါက်သေးလို့ပါ”တဲ့။ ကျုပ်ဘာစကားမှလည်း မပြောချင်တော့တာနဲ့ “အေးပါကွာ” လို့ ပြောပြီး ဆိုက်ကားပေါ် တက်ထိုင်လိုက်ပါတယ်။ ဆိုက်ကားသမားရဲ့ အပြုံးတစ်ချက်ကို ကြည့်ပြီး ကျုပ်သက်ပြင်းချလိုက်မိတယ်။

“အပြောင်းအလဲ”အကြောင်းကို နေရာတိုင်းမှာ ပြောနေကျ၊ ရေးနေကျတဲ့အချိန်မှာ ကျုပ်ကတော့ မပြောင်းလဲခြင်းများစွာနဲ့ ခရီးသွားခဲ့ရပါတယ်။ အပြောင်းအလဲများစွာနဲ့ ခရီးတစ်ခုကို သွားချင်ပါသေးတယ်။ ဘယ်တော့လဲဆိုတာကို ကျုပ်အမြဲ မျှော်လင့်နေမှာပါ . . ။ ။

## JOKE

### ရည်မှန်းချက်

ဂျိမ်းစ်တစ်ယောက် အိမ်ခွဲနေရာမှ မိဘအိမ်သို့ပြန်ရောက်လာသည်။ အကြောင်းရင်းမှာ မိဘအိမ်မှာနေရင်း အိမ်ဝယ်ရန်ဟုဆိုသောအခါ ဂျိမ်းစ်၏ မိဘများမှာလည်း ဘာမှမပြောတော့ဘဲ လက်ခံထားလိုက်သည်။ တစ်နေ့တွင် ဂျိမ်းစ်၏ဖခင်က ဂျိမ်းစ်၏အခန်းထဲဝင်၍ အကဲခတ်ရာ ဖန်ပုလင်းတစ်လုံးထဲတွင် အကြွေစေ့လေး၊ ငါး၊ ရှစ်စေ့တွေ့ရပြီး ပုလင်းတွင် “ကွန်ဒိုတိုက်ခန်းဝယ်ယူရန်” ဟုရေးထားသည်ကို တွေ့ရလေသည်။

### မိတ်ဆက်စကား

အိမ်တွင်ရုံးခန်းဖွင့်ပြီး အလုပ်လုပ်နေသော မိခင်တစ်ယောက်အနေဖြင့် ဒက်ဘီသည်သူမ၏ ပုံရိပ်ကို အတတ်နိုင်ဆုံး ပရော်ဖက်ရှင်နယ်ပီသအောင်ဂရုစိုက်သည်။ သူမ၏ဖုန်းအလိုအလျောက် ပြန်လည်ဖြေကြားရေးစနစ်ကိုလည်း အထူးဂရုစိုက်ပြီး အသံပီပီသသနှင့် အတက်ကြွဆုံးအသံဖြင့် ဖြေကြားနိုင်ရန် အသံသွင်းထားလေ့ရှိသည်။ သို့သော် တစ်နေ့တွင် သူငယ်ချင်းတစ်ယောက်ထားခဲ့သောမက်ဆေ့ချ်ကြောင့်ဒက်ဘီမှာငိုရမလို၊ ရယ်ရမလိုဖြစ်သွားသည်။

“ဒက်ဘီရေ. . . ငါ. . . ဂျူဒီပါ။ မင်းရဲ့တယ်လီဖုန်းမိတ်ဆက်စကားကို အရမ်းကြိုက်တယ်ကွာ။ ဒါပေမဲ့လေ မင်းအသံနောက်ကနေပြီး ‘မေမေရေ သားအီးအီးပါချင်တယ်ဆိုတဲ့ မင်းသားလေးရဲ့အသံကတော့တစ်မျိုးကြီးပဲကွာ’ ဟုသူမ၏ သူငယ်ချင်းက ပြောသွားခဲ့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၇၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.11, No.1 • MARCH 8 , 2012

## ကြက်သွန်နီဖိုး မပေးဘဲ တိမ်းရှောင်နေသည့် ပွဲရုံပိုင်ရှင်ကို အမှုဖွင့်ရှာဖွေမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်-၃**

ကြက်သွန်ဖိုး ကျပ်သိန်း ၅၀၀ နီးပါးကို မပေးဘဲ တိမ်းရှောင်နေသည့်ပွဲရုံပိုင်ရှင်အား အမှုဖွင့်ရှာဖွေရန် ကြက်သွန်နီလုပ်ငန်းရှင်များအသင်းနှင့် ဘုရင့်နောင်ရဲစခန်းတို့မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးခင်ဟန်က ပြောသည်။

ကြက်သွန်ဖိုးမပေးဘဲ တိမ်းရှောင်နေသော ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးမှာ ပွဲရုံပိတ်၍ တိမ်းရှောင်နေသည်မှာ နှစ်လနီးပါးကြာနေပြီဖြစ်ကြောင်း ၎င်းကပြောသည်။

မြဝတီဒေသသို့တင်ပို့ရန် ဝယ်ယူရာမှ ယခုကဲ့သို့ ဖြစ်သွားရခြင်းဖြစ်ကြောင်း သိရသည်။

“ခိုးပို့တဲ့ လိုင်းလည်းဖြစ်ပြီး ရှုံးသွားတာကြောင့်လည်းပါတယ်။ သူကတော့ ဟိုဘက်ကမပေးလို့ဆိုပြီးပြောတယ်”ဟုအသင်းဥက္ကဋ္ဌက ပြောကြားသည်။

ထို့ကြောင့် ၎င်းအား ဖေဖော်ဝါရီ ၂၂ ရက်တွင် လိမ်လည်ခံရသူတစ်ဦးကလည်း ဘုရင့်နောင် ကုန်စည်ဒိုင်၌ ပုဒ်မ ၄၂၀ ဖြင့် အရေးယူရန် တိုင်ကြားမှုတစ်ခုလည်း ပြုလုပ်ထားကြောင်း ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကုန်စည်ဒိုင်အနေနဲ့ကတော့ လောလောဆယ် ဘာမှ လုပ်ပေးလို့မရသေးဘူး။ အတိုင်ခံရတဲ့သူရှိမှပဲ တိုင်တဲ့သူနဲ့ တွေ့ဆုံညှိနှိုင်းပေးတာတွေ လုပ်လို့ရမယ်။ နှစ်ဦးနှစ်ဖက်တွေ့ဆုံပြီးမှ မလျော်တာ သေချာသွားရင်တော့ အသင်းကထုတ်ပယ်တာလုပ်ဆောင်သွားမှာပါ” ဟု ကုန်စည်ဒိုင် တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော် ကြက်သွန်နီလုပ်ငန်းရှင်များအသင်းအနေဖြင့် အရေးယူရန် ဆောင်ရွက်နေပုံကို အသင်းဥက္ကဋ္ဌက “တိုင်ထားတယ်ဆိုတော့ အပြစ်ရှိသွားပြီ။ အသင်းကနေ ထုတ်ဖို့သေချာသွားပြီ” ဟု ပြောကြားခဲ့သည်။

ကြက်သွန်နီဖိုး လိမ်လည်ခံထားရသူများမှာ ၂၀ ဦးခန့်ရှိနေကြောင်း အသင်းတွင် တိုင်ကြားထားသော စာရင်းအရ သိရကြောင်းနှင့် ကြက်သွန်ဈေးကွက်တွင်း၌ ယင်းကဲ့သို့ဖြစ်ရပ်မျိုးမှာ နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ပွားလေ့ရှိရာ ယခုတစ်ကြိမ်သည် ၂၀၁၂ ခုနှစ်အတွက် ပထမဆုံးအကြိမ်ဖြစ်သော အမှုဖြစ်ကြောင်း ဦးခင်ဟန်က ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၇ | ၈၃၁ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၇ | ၈၃၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၇ | ၁၀၅၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၄ | ၂၆. ၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၆ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၆ | ၈၅၇ | ကျပ် |

၂၀၁၂ မတ် ၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၁၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၇၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၇၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၉၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၅၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၁၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၅. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၉၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၁၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၇၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၃၁၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၆၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၉၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၃၂၃၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၀၉. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၂၃. ၆၅၀ |
| ငွေ | ၁ အောင်စ | ၃၄. ၅၂၅ |
| ကြေးနီ | ပေါင် | ၃၉၀. ၃၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၄၈၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မတ် ၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## သီရိမင်္ဂလာဈေးရှိ ဈေးဆိုင်များ ရောင်းအားကျ၍ အခက်တွေ့



ပြောင်းရွှေ့ပြီး တစ်နှစ်ကြာပြီဖြစ်သော သီရိမင်္ဂလာဈေးသစ်

**အေးမြတ်သူ**

**ရန်ကုန်၊ မတ် - ၁**

သီရိမင်္ဂလာဈေးသစ်ကြီးသို့ ဈေးဟောင်းမှ ပြောင်းရွှေ့ခဲ့ပြီးနောက် တစ်နှစ်ကျော်သည်အထိ အရောင်းအဝယ်များ ဆက်လက်ကျဆင်းနေကြောင်း သီရိမင်္ဂလာဈေးသစ်ကြီးရှိ ပွဲရုံများမှ သတင်းရရှိသည်။

၂၀၁၀ နှစ်ကုန်ပိုင်းတွင် စတင်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သော သီရိမင်္ဂလာဈေးသစ်မှာ ယခင်ဈေးဟောင်းတည်နေရာနှင့် နှိုင်းယှဉ်ပါက မြို့တွင်းနှင့်အလှမ်းဝေးသောကြောင့် လူအဝင်နည်းပါး၍ ရောင်းအား ကျဆင်းနေသည်။ ထို့အပြင် အလုပ်သမားကုန်တင်ကုန်ချစရိတ်များ တိုးမြှင့်တောင်းခံခြင်းနှင့် ပျံကျဈေးသည်အရေအတွက်များပြားခြင်းကြောင့် ဈေးဆိုင်ပိုင်ရှင်များ အခက်တွေ့နေရကြောင်း သီရိမင်္ဂလာဈေးသစ်ကြီးရှိ ဆိုင်ခန်းရှင်အချို့ကပြောသည်။

“ဒီဈေးရောက်ပြီးမှ ရောင်းအားအခြေအနေအများကြီးကျတယ်။ အခုဒီမှာစားသုံးသူကလုံးဝမရှိဘူး။ ဖောက်သည်ပဲရှိတယ်။ အလုပ်သမားခ ဈေးကြီးတော့ သူတို့က မလာဘူး။ အစ်ကိုတို့တစ်ဦးတည်းမဟုတ်ဘူး။ ဆိုင်တိုင်းပဲ။ ဒီပျံကျမသိမ်းတဲ့ အခက်အခဲကတော့ အမြဲတမ်းပဲ။ ဘုရင့်နောင်လမ်းမ ထွက်မယ်ဆိုရင် အလုပ်သမားတစ်ယောက်ဆိုပစ္စည်းသေးရင် ၃၀၀၊ ကြီးရင် ၅၀၀ ပေးရတယ်။ မသိတဲ့သူဆိုရင် ၁,၀၀၀ လောက်တောင်းတယ်”ဟု ကျော်အထွေထွေကုန်စိမ်းရောင်းဝယ်ရေးမှ ဦးဇာဇာမင်းကပြောသည်။

အောင်မြန်မာ(ခရမ်းချဉ်သီး)ဆိုင်မှ မဦးကလည်း “ဈေးဟောင်းနဲ့ဈေးသစ်ယှဉ်လိုက်ရင် ဈေးသစ်ရောက်ပြီး မကောင်းတာပေါ့။ ကုန်တွေလည်းရှုံးတယ်။ နှစ်ချုပ်နဲ့တွက်လိုက်ရင် ရှုံးတယ်။ ဖောက်သည်တွေလည်းလျော့တယ်။ ပစ္စည်းတွေလည်း အရင်တုန်းက လူတစ်ရာလောက်လာတယ်။ အခု လူငါးဆယ်လောက်ပဲလာတယ်။ မကိုက်တော့ဘူး” ဟု ပြောသည်။

စာ(၃၀)သို့

စင်ထွာ
မီးလင်းကတ္တား
မှ အသစ်ထပ်မံ ထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း
- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက် မြင်နိုင်ခြင်း။
09.7300.9641, 09.731.236.36,02.788.24



7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# ရွှေတစ်ကျပ်သား ၇၆၀,၀၀၀ ကျပ် ရှိသော်လည်း ဝယ်သူရှိဆဲ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်-၁**

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်မှုကြောင့် ပြည်တွင်း အခေါက်ရွှေဈေးနှုန်းသည် တစ်ကျပ်သားလျှင် ၇၆၀,၀၀၀ ကျပ်ထိ မြင့်တက်နေသော်လည်း ဈေး ကွက်ဝယ်လိုအား ရှိနေသေးကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးတက်တော့ အပိုင်းမှာတော့ အရောင်းအဝယ်နည်းနည်းပါးသွားတယ်။ ဖြက်စနဲ့ အထည်ဈေးကွက်မှာတော့ ဝယ်လိုအားက ရှိနေသေးတယ်။ ဈေးကွက်မှာ ဈေးတက်ပေမယ့် ဝယ်လိုအား ရပ်သွားတာမျိုးတော့ မရှိသေးဘူး" ဟု ရွှေဆိုင်လုပ်ငန်းတာဝန်ခံတစ်ဦးဖြစ်သော ကိုဝင်းငယ်က ဈေးကွက်အနေအထားကို သုံးသပ်ပြောသည်။




စံချိန်တင်အမြင့်ဆုံးဈေးဖြစ်ခဲ့သည့် ကျပ် ၇၈၀,၀၀၀ အထိရောက်နိုင်ကြောင်းလည်း ခန့်မှန်းနေကြသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ တောက်လျှောက်တက်ဈေးဖြစ်နေခဲ့ရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် တစ်အောင်စလျှင် ၁,၇၈၂ ဒေါ်လာထိ မြင့်တက်ခဲ့သည်။ ထိုကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၆၀,၀၀၀ ကျပ်ထိမြင့်တက်လာသည်။

ရွှေဈေးမြင့်တက်လာမှုကြောင့် အပိုင်းပြန်ရောင်းသော ဈေးကွက်၌ယခင်ထက်ပြန်ရောင်းအား အနည်းငယ်မြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ဈေးနှုန်းအတက်အကျပေါ်တွင် မူတည်နေပြီး ပြည်တွင်းရွှေဈေးမှာ တောက်လျှောက်နီးပါးတက်ဈေးဖြင့် သွားနေသောကြောင့် အပိုင်းဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်လေ့ရှိသည့် လုပ်ငန်းရှင်များက ဈေးကွက်ကိုစောင့်ကြည့်နေသည့် အနေအထားဖြစ်နေသည်။

အထည်ဈေးကွက်အရောင်းအဝယ်ဈေးနှုန်းများလည်း တစ်ကျပ်သားလျှင် ၆၄၀,၀၀၀ ကျပ်ကျော်ထိ ရောက်ရှိနေပြီဖြစ်သည်။

# ကကတစ်ငါးဖမ်းဆီးရမှုနည်း၍ အအေးခန်းစက်ရုံအချို့ အခက်တွေ့

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၈**

မြန်မာ့ပင်လယ်ပြင်မှ ကကတစ်ငါးများ ဖမ်းဆီးရရှိမှု ပုံမှန်ထက် သုံးလစော၍ ရှားပါးသွားသောကြောင့် ကကတစ် ပြုပြင်ထုတ်လုပ်ကာ ပြည်ပတင်ပို့နေသည့် အအေးခန်းစက်ရုံများ အခက်အခဲကြုံတွေ့နေရကြောင်း ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

"ကျွန်မတို့ ပြုပြင်ထုတ်လုပ်တာ ကကတစ်ကို အဓိကထားလုပ်တယ်၊ ဘယ်အချိန်မှာ ကုန်ရှားလဲဆိုတော့ လေးလပိုင်းမှာ စပြီးရှားတယ်၊ ဒီနှစ်မှာ ကကတစ်က တစ်လပိုင်းကတည်းက စရှားတယ်။ သုံးလကိုစောပြီး ရှားနေတဲ့အတွက်ကြောင့် ကျွန်မတို့ ပြုပြင်ထုတ်လုပ်သူတွေဒီစက်ရုံတွေတော်တော်များများအနေနဲ့အလုပ်ကို ဘယ်လိုလုပ်ရမလဲ မသိဘူးဖြစ်နေတယ်"ဟုသာကေတရှိအဏ္ဏဝါဒေဝီအအေးခန်းစက်ရုံမှဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

ထို့ကြောင့် ရှစ်ရက်တွင် တစ်ရက်သာအလုပ်လုပ်နေရကြောင်း ၎င်းကပြောသည်။

အလားတူ မြန်မာ့ပင်လယ်ပြင်မှ အခြားသော ငါးများလည်း ဖမ်းဆီးရရှိမှု ကျဆင်းနေသောကြောင့် သယံဇာတထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်သင့်ကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးမဖမ်းရ ဧရိယာနှင့် ငါးမဖမ်းရရာသီ သတ်မှတ်ပေးရန်လိုကြောင်းလည်း၎င်းကပြောသည်။

ယခုကဲ့သို့ငါးကုန်ကြမ်းများပို မိုရှားပါးလာပါက ဆက်စပ်လုပ်ကိုင်နေကြရသော လုပ်ငန်းခွင်ရှိ အလုပ်သမားများ အလုပ်အကိုင်ထိခိုက်ဖွယ်ရှိကြောင်း သတင်းရရှိသည်။

စာ(၂၉) - သီရိမင်္ဂလာဈေးရှိ ဈေးဆိုင်များ ရောင်းအားကျ၍ အခက်တွေ့ မှ

"ဈေးဟောင်းလို မကောင်းဘူး။ မြင်တဲ့အတိုင်းပဲ လူမရှိဘူး။ ဟိုဈေးကဆို ရုံးသမားတွေ အပြန်ဝင်ဝယ်ကြနဲ့။ ဒီဈေးက ရောက်ကတည်းက မကောင်းတာ တစ်ယောက်တည်းမဟုတ်ဘူး။ အကုန်လုံးမကောင်းတာ။ ဝေးလို့ဆိုပြီး သံဈေးတို့၊ သူတို့နီးတဲ့ဈေးကိုပဲဝင်လိုက်ကြတာပေါ့။ ဒီမှာကျတော့ ကားခက်တာတို့၊ အဝင်နဲ့အထွက်ကိုပဲ မနည်းဝင်ရတာ။ အဲတော့ သိပ်ဒုက္ခမခံဘူးပေါ့"ဟ မိဘဂုဏ်ကုန်စိမ်းရောင်းဝယ်ရေးမှ ဒေါ်အေးကပြောသည်။

ဈေးရောင်းမကောင်းသော်လည်း ဈေးသစ်တွင် ဆိုင်ခန်းအပိုင်ရသည့်အတွက် ပြောင်းရွှေ့ရန် အစီအစဉ်မရှိကြောင်း ၎င်းတို့ကပြောသည်။

ဆုပြည့်ခရီးချဉ်သီးပွဲရုံမှ မခင်ဦးက "ပုံကျတွေအများကြီးချထားတာ။ ဒီမှာက ကိုယ့်ဆိုင်ခန်းနဲ့ကိုယ် ရောင်းနေရပြီး အဲဒီပုံကျတွေလည်း ပစ္စည်းတွေက အစုံရတယ်။ နီးနီးနားနားဖြစ်တာလည်းပါတယ်။ အဲဒီလိုဆိုတော့ ဝယ်တဲ့သူက အဲဒီနားလေးမှာဝယ်ပြီး ကားပေါ်တင်သွားကြတာ။ အဲဒီတော့ ဒီဆိုင်ကြီးသမားတွေက အရမ်းနာတယ်။ အဲလိုဖြစ်နေတာ။ ကိုယ်တွေက ပြောပိုင်ခွင့်လည်းမရှိဘူး။ နောက်ပြီး ပုံကျဦးရေက ဈေးဟောင်းထက် သုံးဆတိုးလာတယ်"ဟုပြောသည်။






7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# 7DAY BOOK REVIEW




## ■ ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ် ရုပ်ဆယ်

ပုဂံရှိ အာနန္ဒာဂူဘုရားကြီး၏ အပြင်ပတ်လမ်းတစ်လျှောက် ပုဂံခေတ်ကပင် ထုဆစ်ခဲ့သော ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်ရုပ်ဆယ်ကိုပုံတူသရုပ်ဖော်ပုံပန်းချီနှင့်တကွအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်များဖြင့် စုစည်းထားသည့်စာအုပ်ဖြစ်သည်။

ရှေးဟောင်းသုတေသန အငြိမ်းစားညွှန်ကြားရေးမှူးဦးဘိုကေနှင့် ဦးဝင်းမောင်(တမ္ပဝတီ) တို့က စုဆောင်းထားသော ဗုဒ္ဓဝင် ကျောက်ဆစ်လက်ရာကောက်ကြောင်း ပန်းချီပုံဖော်ရေးသားချက်များနှင့် ကျောက်စာဝန် Charles Duroiselle ၏ ရှားပါးဓာတ်ပုံများကို အခြေခံ၍ Myanmar Heritage စာတည်းအဖွဲ့က ကျန်အချက်အလက်များကိုရှာဖွေကာ ဂေါတမဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ် ပုဂံခေတ်လက်ရာ ရှင်းလင်းဖွင့်ဆိုချက်လည်းဖြစ်ပေရာ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုလေ့လာလိုသူများနှင့် ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ရှုသင့်သောစာအုပ်ဖြစ်ပါသည်။

ဟိမဝန္တာတောရှိ နန္ဒမူလိုဏ်ဂူကဲ့သို့ အစဉ်အမြဲအေးနေစေရန် မွန်နှင့် အိန္ဒိယဗိသုကာလက်ရာတို့ဖြင့် တည်ထားခဲ့သော အာနန္ဒာဂူဘုရားကြီးသည် ပုဂံခေတ်အနုလက်ရာများအနက် အထင်ရှားဆုံးလည်းဖြစ်သည်။

နှစ်ပေါင်း ၈၀၀ ကျော်ခဲ့ပြီဖြစ်သော ပုဂံခေတ်အနုပညာလက်ရာများကို ပုဂံမသွားဘဲ မူရင်းအတိုင်းမြင်တွေ့ရမည်ဖြစ်ပြီး ရုပ်ပုံများနှင့် ယှဉ်တွဲဖော်ပြထားသော စာအုပ်စီစဉ်သူများ၏ မှတ်ချက်ပြုမှုများသည်လည်းကျိုးကြောင်းဆီလျော်မှုရှိ၊ မရှိတွေးချင့်ဖွယ်ရာကောင်းသည့် စာအုပ်ဖြစ်သည်။

စာအုပ်ကိုတန်ဖိုး ၃,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။




## ■ ခေါင်းဆောင်နှင့် သတ္တိ (သိပ္ပံစိုးလှ)

၁၉၆၃ နိုဝင်ဘာ ၂၂ ရက်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံရရှာသော အမေရိကန်သမ္မတဂျွန်အက်ဖ်ကနေဒီ၏ ကမ္ဘာကျော်စာအုပ်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် 'ဆီးနိတ်'ခေါ် အထက်လွှတ်တော်၌မည်သည့်ပြစ်တင်ဝေဖန်မှုမျိုးကိုမှမကြောက်ရွံ့ဘဲနိုင်ငံနှင့် လူမျိုးအတွက် သစ္စာရှိရှိ၊ သတ္တိရှိရှိ ဆောင်ရွက်ခဲ့သည့် အထက်လွှတ်တော်အမတ် ရှစ်ဦး၏အကြောင်းကိုဖော်ပြထားသည်။ ထိုစာအုပ်ကို ပထမအကြိမ် မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည့် ၁၉၆၂ ကပင် အမေရိကန်သမ္မတဂျွန်အက်ဖ်ကနေဒီသည် စာအုပ်နှင့်ပတ်သက်၍ စာတစ်စောင်ကိုအိမ်ဖြူတော်မှမြန်မာနိုင်ငံသို့ရေးပို့ခဲ့ရာ ၎င်းစာ၌ အောက်ပါအတိုင်းဖော်ပြထားသည်။

'ကြီးကျယ်ထင်ရှားသည့် ဘာသာရေးနှင့် နိုင်ငံရေးအမွေအနှစ်တို့ကိုဆက်ခံထားသောမြန်မာနိုင်ငံတွင် နိုင်ငံရေး၌ ရဲစွမ်းသတ္တိထူးခြားစွာဖြင့် ဆောင်ရွက်ခဲ့သူအမြောက်အမြား ပေါ်ထွက်ခဲ့ပါပေသည်။ ထိုပုဂ္ဂိုလ်များစွာတွင် မိမိနိုင်ငံ၏ လွတ်လပ်ရေးအတွက် အောင်မြင်စွာတိုက်ခိုက်ခဲ့ပြီးနောက် လွတ်လပ်သောမြန်မာနိုင်ငံတွင်ပထမဆုံးနိုင်ငံ၏ အာဇာနည်အဖြစ် ကျဆုံးသွားရှာသော ဗိုလ်ချုပ်အောင်ဆန်းလည်း တစ်ဦးအပါအဝင်ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားမြန်မာမျိုးချစ်အာဇာနည်အပေါင်းအား ဤ'ခေါင်းဆောင်နှင့်သတ္တိ'အမည်ရှိစာအုပ်ဖြင့် လေးစားစွာဂုဏ်ပြုအပ်ပါသတည်း' **(ဂျွန်အက်ဖ်ကနေဒီ)**

ယခုစာအုပ်ကိုကွယ်လွန်သူစာရေးဆရာကြီးသိပ္ပံစိုးလှက မကွယ်လွန်မီဘာသာပြန်ဆိုခဲ့ခြင်းဖြစ်သည်။ WISDOM HOUSE စာအုပ်တိုက်ကတန်ဖိုး ၂,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ပဟုသုတ

### ငါးတွေက ဘာကြောင့်ဥတွေအများကြီးဥတာလဲ

ငါးများသည်မျိုးပွားရန်အတွက် ဥပေါင်းများစွာဥချတတ်သော ရေနေသတ္တဝါဖြစ်သည်။ ငါးမများသည် အောင်မြင်သောမျိုးဥများကို ဥဥရန်ရည်ရွယ်သည့်နေရာတွင်ဥချလေ့ရှိပြီး ငါးထီးများက ငါးသားလောင်းများ ပေါက်ဖွားနိုင်ရန်အတွက် ဥဥထားသည့်အပေါ်တွင် မျိုးရည်များကိုထုတ်လွှတ်လေ့ရှိသည်။

ဥပေါင်းများစွာဥချခြင်းမှာ ဥများမှပေါက်ပွားလာမည့် ငါးသန်၊ ငါးပေါက်များကို အခြားသောရေသတ္တဝါများက စားသောက်ခြင်းကြောင့်ဖြစ်ပြီး ရာခိုင်နှုန်းအနည်းငယ်သာ ရှင်ကျန်ပေါက်ပွားနိုင်ခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ ဥများစွာအနက် ၉၉ ဒသမ ၉ ရာခိုင်နှုန်းသောဥများမှာ အခြားသောသတ္တဝါ၏ စားသောက်ခြင်းကိုခံရပြီး အနည်းငယ်သောအရေအတွက်သာ ပေါက်ပွားခွင့်ရသည်ဟုသိရသည်။

*—Source:wiki.answers.com*






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ရန်အနှောင့်အယှက်များသည်။ အခက်အခဲများကြုံတတ်သည်။ အာမခံမှားခြင်းများဖြစ်တတ်သည်။ အကုန်အကျများမည်။ တွက်ဆမှုလွန်ကဲခြင်းကြောင့် အလုပ်စီးပွားများတွင် နှောင့်နှေးကာ လိုသလောက်ခရီးမပေါက်ဘဲရှိမည်။ တစ်ပါးသူကိစ္စများပါဝင်ပတ်သက်ရမည်။ တိမ်းရှောင်၍မရသော ရန်အနှောင့်အယှက်တွေ့ရတတ်သည်။ မနာလိုသူပေါမည်။ ဝေဖန်တိုက်ခိုက်သူများမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အကောင်းအဆိုးရောထွေးနေမည်။ အခက်အခဲအညံ့များ တစ်စတစ်စ ကင်းဝေးပြီး စိတ်ချမ်းမြေ့ဖွယ်ရာများကြုံမည်။ မိမိအပေါ် အကျိုးပြုသူများနှင့်တွေ့မည်။ မာန်မာနလျှော့၍ အရာရာချင့်ချိန်လုပ်မှ အဆင်ပြေမည်။ ယှဉ်ပြိုင်လာသူများကို အနိုင်ယူနိုင်မည်။ ပြဿနာများ၊ မိသားစုရေးရာအခက်အခဲများကို ဤကာလအတွင်း တစ်စုံတစ်ရာသော အတိုင်းအတာအထိဖြေရှင်းနိုင်မည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကောင်းမယောင်နှင့် ဆိုးသောရက်များဖြစ်သည်။ ပရိယာယ်မာယာများသောသူများနှင့်တွေ့တတ်သည်။ သနားအားနာပြီး ငွေချေးလိုက်က ထိုငွေဆုံးမည်။ လုပ်ကိုင်လျှင် အဆင်မပြေ၊ မဖြစ်နိုင်မှန်းသိလင့်ကစား မလုပ်မဖြစ်၊ လုပ်ရခြင်းကြုံနိုင်သည်။ မိသားစုအတွက် အချိန်ပေးနေရသောကာလဖြစ်သည်။ ထူးထူးခြားခြား မျှော်လင့်မထားဘဲ ငွေဝင်ခြင်းများ၊ စိတ်ကူးမထားသောကိစ္စများ အဆင်ပြေခြင်းရှိမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အပြောင်းအလဲရှိမည်။ တိုးတက်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ဖြေရှင်းရန်ခက်ခဲသော ထူးခြားဖြစ်ရပ်ဆန်းများကြုံမည်။ မိမိပေးလိုက်သောအကြံနှင့် သူတစ်ပါး တိုးတက်ခြင်းကြုံမည်။ အပြောအဆိုပါးနပ်ပါ။ သိုသိပ်မှုရှိပါ။ အမြော်အမြင်ကြီးမားစွာနှင့် လုပ်ကိုင်၍ တိုးတက်မှုရမည်။ တစ်ပါးသူလက်ရောက် မိမိပိုင်၊ မိသားစုပိုင်ပစ္စည်းများ လက်ဝယ်ရရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရည်မှန်းချက်အောင်မည်။ အလိုရှိရာပြည့်စုံမည်။ အလုပ်အကိုင်စီးပွားတိုးတက်မည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ရုတ်တရက် ဆုံးဖြတ်လုပ်ကိုင်ခြင်းမှ အောင်မြင်မှုရမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အကြံသစ်များ ဆောင်ရွက်အကျိုးပေးမည်။ အဘက်ဘက်မှအဆင်ပြေမည်။ စီးပွားဥစ္စာအလုံးစုံတိုးတက်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အရာရာ သတိနှင့်ယှဉ်ပြီးလုပ်ပါ။ မှန်းသည်နှင့်လက်တွေ့ ကွာဟမည်။ စိတ်ကူးထားသည်များ အကောင်အထည်ဖော်ခါနီး သတိနှင့်ယှဉ်ပြီးဆောင်ရွက်ရမည်။ လုပ်နေသည့်ကိစ္စများ ကြန့်ကြာမှုရှိပါက ဖြတ်လမ်းမှဖြစ်စေ၊ လမ်းကြောင်းလွှဲ၍ဖြစ်စေ လုပ်ခြင်းမပြုရ။ ထိုသို့ပြုက ပိုမိုခက်ခဲခြင်း၊ အဆင်မပြေခြင်းဖြစ်ပေါ်မည်။ ပညာအတတ်နှင့်ပတ်သက်သောဆောင်ရွက်မှုများ ထူးခြားစွာအောင်မြင်မှုရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အယူအဆကွာခြားသောသူများနှင့်တွေ့မည်။ အခက်အခဲများ ထိပ်တိုက်ရင်ဆိုင်ပြီးမှ အလိုရှိရာရောက်မည်။ အလွယ်တကူရသည်ဟူ၍မရှိ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် မူလတစ်ကြိမ်တစ်ခါမှ လက်တွဲဆောင်ရွက်ဖူးခြင်းမရှိသည့် မိတ်ဆွေသစ်များနှင့်ပူးပေါင်း၍ အကျိုးကောင်းစွာရရှိမည်။ အိမ်တွင်းရေး၌ဖြစ်စေ၊ လူမှုရေး၌ဖြစ်စေ စကားများရခြင်းကြုံမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အပြောင်းအလဲများဖြစ်မည်။ အခွင့်အရေးသစ်များ ပေါ်ပေါက်မည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ကြန့်ကြာနေသည်များ အလုံးစုံပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ မင်္ဂလာရှိသောစကားများပြောရမည်။ ကျန်းမာရေးအတွက် ဂရုစိုက်သင့်သောကာလဖြစ်သည်။ ပျို့ရွယ်သူများ မေတ္တာရေးကံကောင်းသည်။ ပညာရေးနှင့်ပတ်သက်သောကံ အထူးကောင်းသည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလုပ်အကြံအစည်အောင်မြင်ခြင်း၊ ငွေကြေးကံကောင်းခြင်းရှိမည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ မိမိရည်စူးဆောင်ရွက်လိုက်သည်များမှ ကောင်းသောအကျိုးဆက်ရမည်။ မေတ္တာရေးကံအထူးကောင်းနေသည်။ ပျို့ရွယ်သူများ စန်းပွင့်မည်၊ မြှုပ်နှံလိုက်သောငွေများမှ အကျိုးကောင်းခံစားရမည်။ ဘဝရည်မှန်းချက်အောင်မြင်ခြင်းနှင့် အလုပ်အကြံအစည်များ အောင်မြင်ခြင်းတို့ဒွန်တွဲဖြစ်ပေါ်မည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ကောင်းသောအပြောင်းအလဲများရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးခြားအကျိုးပေးမည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ကြုံတွေ့နေသောပြဿနာများ ကျော်လွှား၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ အကြီးအကဲအမျိုးသမီးဆွေမျိုးများ၏ ကျန်းမာရေးအတွက် စိတ်ပူပင်ရမည်။ အပြောအဆို အထူးဂရုစိုက်ရမည်။ အမြတ်တနိုးထားသည့် ပစ္စည်းများပျက်စီးခြင်း (သို့မဟုတ်) ပျောက်ရှခြင်းကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အခွင့်အလမ်းနှစ်မျိုး တစ်ပြိုင်တည်းပေါ်မည်။ အရည်အသွေးနှစ်မျိုးနှင့် တိုးတက်မှုကောင်းရရှိမည်။ အနှောင့်အယှက်အားလုံးကိုကျော်လွှား၍ အဆင်ပြေမှုများဖြစ်ပေါ်စေမည်။ စိတ်ကူးသစ်များအား လက်တွေ့အကောင်အထည်ဖော်သင့်သည်။ ထူးခြားသည့် အပြောင်းအလဲများ အခိုင်အမာဖြစ်ပေါ်မည်။ ရပ်ဝေးနှင့်ဆက်သွယ်ပြီး လုပ်ကိုင်သည့်ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ပြဿနာဟောင်းများ ဖြေရှင်းရမည်။ အတိုက်အခံကြားမှ တိုးတက်မှုကိုဖန်တီးရမည်။ အလွယ်တကူဖြစ်ခြင်းမရှိ၊ ရန်နှင့်ယှဉ်၍ ဆောင်ရွက်ရမည်။ အိမ်တွင်းရေး၊ လူမှုရေးအနှောင့်အယှက်များကြားမှ တိုးတက်မှုရမည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် အများနှင့်တွဲ၍ ဆောင်ရွက်က ပိုမိုအကျိုးဖြစ်ထွန်းမည်။

7 DAY NEWS JOURNAL
Vol.11, No.1 ▪ MARCH 8 , 2012




# ဖွံ့ဖြိုးမှုအားနည်းလာသော အိန္ဒိယစီးပွားရေး

**ကြည်နေဝင်းမင်း**

အိန္ဒိယနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးပတ်တာကာလအတွင်း ၆ ဒသမ ၁ ရာခိုင်နှုန်းသာရှိပြီး ယင်းမှာ သုံးနှစ်အတွင်း အားအနည်းဆုံး နှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှုနှုန်းဖြစ်သည်။ ငွေကြေးအတိုးနှုန်းများ မြင့်တက် ခြင်းနှင့် ကုန်ကြမ်းပစ္စည်းဈေးနှုန်းကြီးမြင့်နေမှုက ရင်းနှီးမြှုပ်နှံမှုနှင့် ကုန် ထုတ်လုပ်မှုကို ခက်ခဲစေသောကြောင့်ဖြစ်ပါသည်။

စိတ်ပျက်စရာကိန်းဂဏန်းများက ယိမ်းယိုင်လာသော နိုင်ငံ့စီးပွားရေးအား နှိုးဆွမှုများပြုလုပ်ရန်အာဏာပိုင်များအပေါ် ဖိအားများပြားလာစေပါသည်။ တရားဝင်ထုတ်ပြန်ထားသော ခန့်မှန်းချက်မှာ ယခုဘဏ္ဍာရေးနှစ်ကုန်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၆ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု အကောင်းမြင်ဖြင့် သုံးသပ်ထားပါသည်။

သို့သော် စီးပွားရေးနှိုးဆွမှု အစီအစဉ်များ ရှိလာပါ့မလားဆိုသည်ကို စီးပွားရေးပညာရှင်များက သံသယရှိနေကြသည်။ အကြောင်းမှာ ဘဏ္ဍာရေးအရ ဘေးကျပ်နံကျပ်ဖြစ်နေသည့် အစိုးရမှာ ရွေးကောက်ပွဲတွင် မဲရရှိရန်အတွက် ရေနံနှင့် အစားအစာများခွဲတမ်းချထားပေးနိုင်ရန် ငွေကြေးရှာဖွေရေးကို အာရုံစိုက်နေရ၍ ဖြစ်သည်။ ရေနံဈေးနှုန်းများမြင့်တက်နေခြင်းကလည်း ဗဟိုဘဏ်က အတိုးနှုန်းများအလျင်အမြန်လျှော့ချမည့်အရေးကို သတိပေးသလိုဖြစ်နေသည်။ "စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှု ကဏ္ဍတွေမှာ တိုးတက်မှုလျော့ပါးလာတာကိုထည့်တွက်ရင်၊ ဇန်နဝါရီ မတ်ကာလမှာ ဂျီဒီပီ (စုစုပေါင်းအမျိုးသားထုတ်ကုန်) ပြန်ပြီးနာလန်ထူလာဖို့ ခက်ခဲပါတယ်" ဟု မွန်ဘိုင်းမြို့အခြေစိုက် ဘဏ္ဍာရေးစိတ်ချရမှု အဆင့်သတ်မှတ်ရေး CARE အေဂျင်စီမှ စီးပွားရေးပညာရှင်မာဒန်ဆာဘာနစ်က ဆိုပါသည်။

အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဂျီဒီပီ ၆ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်ခြင်းမှာ ယင်းကာလအတွက် ပုဂ္ဂလိက စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည့် တိုးတက်မှု ၆ ဒသမ ၄ ရာခိုင်နှုန်းထက် နည်းပါးကြောင်း ကိန်းဂဏန်းများက ပြဆိုနေပါသည်။ ယင်းမှာ ဇူလိုင်-စက်တင်ဘာသုံးလပတ်ဖွံ့ဖြိုးတိုးတက်မှု ၆ ဒသမ ၉ ရာခိုင်နှုန်းမှ သိသိသာသာနောက်ပြန်လန်လာခြင်း ဖြစ်ပြီး သုံးလပတ် ခုနစ်ကြိမ်ဆက်တိုက်စီးပွားရေးနှေးကွေးလာခြင်းလည်းဖြစ်သည်။ ရှေ့လာမည့် နှစ်ပတ်အတွင်း ပြုလုပ်ရန်ရှိသည့် ဗဟိုဘဏ်ပေါ်လစီ အစည်းအဝေးနှင့် ဖယ်ဒရယ်ဘတ်ဂျက်အစည်းအဝေးအတွက် မှုန်မှိုင်းသော နောက်ခံပန်းချီကားပင်ဖြစ်သည်။

ယခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းကြားသို့ကျဆင်းသွားနိုင်ကြောင်း စီးပွားရေးပညာရှင် ဆာဘာနစ်ကပြောကြားသော်လည်း အိန္ဒိယဗဟိုဘဏ်ကမူပေါ်လစီအရဈေးငွေနှုန်းထားများကို လျှော့ချခြင်းထက် ဘဏ်လုပ်ငန်းစနစ်အတွင်း ငွေကြေးစီးဆင်းမှု အခက်အခဲမရှိရေးကိုသာ ပိုမိုအာရုံစိုက်ဖွယ်ရှိပါသည်။ "ဒါဟာ ဘာကြောင့်လဲဆိုတော့ ငွေကြေးဖောင်းပွမှုကို အာရုံစိုက်နေရလို့ ဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှုကို ရေနံဈေးနှုန်းမြင့်လာတာကလည်း တက်ဆောင့်နိုင်ပါတယ်"ဟု ဆာဘာနစ်က ဆိုသည်။ ထို့အတွက် ပေါ်လစီပိုင်း ပြုပြင်ပြောင်းလဲမှု လုပ်ရမည့်ကိစ္စမှာ အစိုးရ၏ အလုပ်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များကဆိုပါသည်။

အာရှနိုင်ငံများ၏ စီးပွားရေးမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ပထမသုံးလပတ်တွင်လည်း ထပ်မံနှေးကွေးလာမည်ဟု မျှော်လင့်ထားရာ အိန္ဒိယစီးပွားရေးမှာလည်း ရှေ့လာမည့်လများတွင် နာကျင်မှုများ ခံစားရမည်ဆိုသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ဇန်နဝါရီ-မတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း သုံးလပတ် ငါးကြိမ်ဆက်တိုက်ကျဆင်းလာမည်ဟု ခန့်မှန်းထားကြပါသည်။

အခြားအာရှ စီးပွားရေးများနှင့်မတူဘဲ အိန္ဒိယနိုင်ငံတွင် ငွေ ကြေးဖောင်းပွမှုကို ကျဆင်းအောင်ပြုလုပ်ရေး ခက်ခဲနေတတ်ပါသည်။ ထို့ကြောင့်ပင် အခြားဒေသတွင်း နိုင်ငံများ၌ ပေါ်လစီသမားများက အတိုးနှုန်းများလျှော့ချနေချိန်တွင် အိန္ဒိယဗဟိုဘဏ်က အောက်တိုဘာလမှစ၍ အတိုးနှုန်းကို သုံးနှစ်အတွင်း အမြင့်ဆုံး ၈ ဒသမ ၅ ရာခိုင်နှုန်းတွင်သာ ထားရှိခဲ့သည်။

စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ နည်းပါးခြင်းကြောင့်လည်း အိန္ဒိယနိုင်ငံသည် ရေရှည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တဖြည်းဖြည်းကျဆင်းလာခြင်းနှင့် ကြုံတွေ့ခဲ့ရပြီး ယင်းအခြေအနေကြောင့်ပင်ရင်းနှီးမြှုပ်နှံမှု အားနည်းခဲ့ရသည်။ ၂၀၀၇၊ ၂၀၀၈ အထိ သုံးနှစ်ဆက်တိုက် ပျမ်းမျှ ၉ ဒသမ ၅ ရာခိုင်နှုန်းစီးပွားရေးတိုးတက်ခဲ့သော်လည်း လွန် ခဲ့သော ဘဏ္ဍာရေး ၂ နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ၈ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့ပြီး လာမည့်မတ်လတွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွက် တိုးတက်မှုမှာ ၇ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းကြပါသည်။

ငွေကြေးဖောင်းပွမှုကို ဇက်ကြိုးသတ်နိုင်ရန် ဘဏ္ဍာရေးလိုငွေများကို လျှော့ချရေးအစိုးရအား တိုက်တွန်းထားသော အိန္ဒိယဗဟိုဘဏ်ကမူ အတိုးနှုန်းများကိုလျှော့ချရန် အဆင့်သင့်ဖြစ်နေကြောင်း ပြီးခဲ့သည့်လအတွင်း အချက်ပြခဲ့ပါသည်။ ယင်းမှာ နိုင်ငံစီးပွားရေးကို နှိုးဆွပေးရန်ဖြစ်သည်ဟု ဗဟိုဘဏ်က ဆိုပါသည်။ အိန္ဒိယနိုင်ငံ၏စားသုံးသူဈေးနှုန်းမှာ ဇန်နဝါရီလအထိ ကိန်းဂဏန်းများအရ ၇ ဒသမ ၆၅ ရာခိုင်နှုန်းရှိပြီး ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းထက် မြင့်မားနေသော်လည်း ပြန်လည်ကျဆင်းမည့် အရိပ်အယောင်များ ရှိနေရာ ဗဟိုဘဏ်အတွက် အတိုးနှုန်းလျှော့ချနိုင်ရန် နေရာလွတ်ရှိနေပါသည်။

သို့သော် မကြာသေးမီကာလအတွင်း ရေနံဈေးနှုန်းများမြင့်တက်လာမှုက ဗဟိုဘဏ်အတွက် ပူပန်စရာဖြစ်လာသည်။ ရေနံနှင့် အစားအသောက် ခွဲတမ်းချပေးရေးဖိအားများကြောင့် ဘဏ္ဍာရေးလိုငွေ တစ်နေ့တခြား မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရသည့် ဘဏ္ဍာရေးဝန်ကြီး ပရာနက်မူကာဂျီးမှာလည်း ကြီးကြီးမားမားစီးပွားရေးနှိုးဆွမှု အစီအစဉ်များကြေညာနိုင်သော အနေအထားမရှိပေ။ အစိုးရက ဘတ်ဂျက်မကြေညာမီ တစ်ရက်အလို မတ်လ ၁၅ ရက်တွင် အိန္ဒိယဗဟိုဘဏ်က ၎င်းတို့၏ ပေါ်လစီသုံးသပ်ချက်ရလဒ်များကို ထုတ်ပြန်သွားမည်ဖြစ်သည်။

စီးပွားရေးပညာရှင်များကမူ ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးသွားခြင်းအတွက် အစိုးရ၏ ပေါ်လစီအားနည်းမှု၊ တင်းခံနေသည့်ငွေကြေးဖောင်းပွမှုနှင့် အတိုးနှုန်းမြင့်ခြင်းများကြောင့်ဟု ပြစ်တင်ပြောကြားကြသည်။ ထို့အတူပင် ရေနံစိမ်းဈေးနှုန်းများ ဆက်လက်မြင့်မားနေပါကလည်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ရှေ့လာမည့် သုံးလပတ်များတွင် ၇ ရာခိုင်နှုန်းအောက်တွင်သာ ရှိမည်ကိုစီးပွားရေးပညာရှင်များက စိုးရိမ်နေကြသည်။ အိန္ဒိယနိုင်ငံသည် ရေနံလိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းကို နိုင်ငံခြားမှ တင်သွင်းနေရပြီး နိုင်ငံအတွက် လိုအပ်သော ကုန်ပစ္စည်းတင်သွင်းမှု ကုန်ကျစရိတ် သုံးပုံတစ်ပုံကိုရေနံအတွက် အသုံးပြုနေရသည်။

အိန္ဒိယဗဟိုဘဏ်ကလည်း နိုင်ငံအတွက် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်နိုင်ရန် အောက်တိုဘာလအထိ လပေါင်း ၂၀ တိုင်တိုင်အတိုးနှုန်းတင်းကျပ်ခြင်းပေါ်လစီကို ကျင့်သုံးလာခဲ့ရာ ယခုအခါစီးပွားရေး နှေးကွေးလာခြင်းကြောင့် အတိုးနှုန်းကို လက်ရှိ ၈ ဒသမ ၅ ရာခိုင်နှုန်းမှ လျှော့ချပေးမည်ဟု စီးပွားရေးပညာရှင်များက ယေဘုယျအားဖြင့် မျှော်လင့်ထားကြသည်။

—*Ref: Reuters*

MYANMAR GEMMOLOGICAL INSTITUTE
MGI Learning For Life

ဈေးကွက်အေးချိန်မှာ ပညာရှာပါ ...
ဈေးကွက်ကောင်းတဲ့အခါ စီးပွားရှာပါ ...

"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"
ကျောက်စိမ်းပညာရှင် နှင့် ကျောက်စိမ်းလုပ်ငန်းရှင်များ ကိုယ်တိုင် စာ/လက်တွေ့ ပို့ချမည်။
၁၃.၃.၂၀၁၂ မှ ၁၉.၃.၂၀၁၂ထိ ညနေ (၄:၀၀) မှ (၇:၀၀)ထိ

"စိန်ပညာ မိတ်ဆက် သင်တန်း"
နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့လွန်ဒီပလိုမာရ ကျောက်မျက်ပညာရှင်ကိုယ်တိုင် ဆွေးနွေးပို့ချမည်။
၁၃.၃.၂၀၁၂ မှ ၁၉.၃.၂၀၁၂ထိ နံနက် (၉:၀၀) မှ (၁၂:၀၀)ထိ

"ကျောက်မျက်ဒီဇိုင်းပညာသင်တန်း"
ကျောက်မျက်ဒီဇိုင်းပညာရှင်ကိုယ်တိုင် စာတွေ့/လက်တွေ့ ပို့ချမည်။
၁၂.၃.၂၀၁၂ မှ ၂၅.၃.၂၀၁၂ထိ နံနက် (၇:၃၀) မှ (၉:၀၀)ထိ

အမှတ်(၁၂၂)၊ ပထမထပ်၊လမ်း-၄၀(အောက်) ရန်ကုန်။ ☎ ၀၉-၇၃၀ ၅၀ ၃၇၀
အမှတ်(၁၇၅)၊ ၂၆ဘီလမ်း၊ ၈၀-၈၁လမ်းကြား၊ မန္တလေး။ ☎ ၀၉-၉၁၀၀ ၁၈၁၈

ဝန်ထမ်းအလိုရှိသည်။
(၁) စာရင်းကိုင် မ (၃)ဦး (အသက် ၂၈ နှစ်မှ ၃၅ နှစ်ကြား)
(၂) ရုံးတွင်းစာရင်းစစ် မ (၂)ဦး (အသက် ၂၈ နှစ်မှ ၃၅ နှစ်ကြား)
(၃) ဂိုဒေါင်စာရင်းကိုင် မ (၂)ဦး (အသက် ၂၅ နှစ်မှ ၃၅ နှစ်ကြား)
(၄) ရုံးဝန်ထမ်း ကျား/မ (၄)ဦး (အသက် ၂၅ နှစ်မှ ၃၅ နှစ်ကြား)
( ပြင်ပဆက်ဆံရေးကောင်းမွန်ပြီး အစိုးရရုံးလုပ်ငန်းဆိုင်ရာများ နားလည်ရမည်။ )
(၅) အရောင်းဝန်ထမ်း ( မြို့တွင်း/နယ်) ကျား (၅)ဦး (အသက် ၂၀ နှစ်မှ၂၈ နှစ်ကြား)
(၆) ယာဉ်မောင်း ( မြို့တွင်း/နယ်) ကျား (၂)ဦး (အသက် ၂၅ နှစ်မှ ၃၅ နှစ်ကြား)
(၇) Sale Promotor မ (၃)ဦး (အသက် ၁၈နှစ် မှ ၂၃ နှစ်ကြား)
(သွက်လက်တက်ကြွပြီး ဆက်ဆံရေးပြေပြစ်၍ ရုပ်ရည်ချောမောသူဖြစ်ရမည်။ )
(၈) ထုတ်လုပ်ရေးတာဝန်ခံ (I.C) မ (၄)ဦး (အသက်၂၅နှစ်မှ ၃၅ နှစ်ကြား)
(အတွေ့အကြုံရှိသူ၊ စိတ်ဝင်စားပြီး သင်ယူလိုစိတ်ရှိသူ၊ ကျန်းမာရေးကောင်းမွန်သူ)
(၉) ယာဉ်မောင်း( အိမ်ကား) ကျား (၂)ဦး (အသက်၂၅ နှစ်မှ၃၅ နှစ်ကြား)
(နေ့/ညမရွေး အလုပ်ဆင်းနိုင်ရမည်။)
(၁၀) အထွေထွေဝန်ထမ်း ကျား/မ (၅)ဦး (အသက် ၂၀ နှစ်မှ ၂၈ နှစ်ကြား)
လျှောက်ထားရန် – Apple Production Co., Ltd.
အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
(နှစ်ပတ်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။)

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012



# အငြင်းပွားနယ်မြေတွင် ဖိလစ်ပိုင် ရေနံဆက်လက်ရှာဖွေမည်

**မနီလာ၊ မတ် - ၁**

တရုတ်နိုင်ငံက ပိုင်ဆိုင်သည်ဟု ပြောကြားနေသော ရေပြင်ဒေသတွင် ဓာတ်ငွေ့နှင့် ရေနံရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံက ပြောကြားခြင်းဖြင့် တရုတ်နိုင်ငံ၏ သတိပေးချက်များကိုလည်းဘေးဖယ်ထားလိုက်သည်။

ရေနံနှင့် ဓာတ်ငွေ့ရှာဖွေ ရေးလုပ်ကွက် ၁၅ ကွက်အတွက် လိုင်စင်များချထားပေးရန် ပြင်ဆင်နေကြောင်း ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂျိမ်းစ်လာယက်က ပြောကြားသည်။ ယင်းတို့အထဲမှ သုံးကွက်မှာ အငြင်းပွားနေသော တောင်တရုတ်ပင်လယ်တွင် တည်ရှိကြောင်းသိရသည်။

အငြင်းပွားဖွယ်ရာ ယင်းလုပ်ကွက်များကို ပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက တရားဝင်ပြောဆို ခြင်းမရှိကြောင်းနှင့် ယင်းလုပ် ကွက်များမှာ နိုင်ငံတကာ ဥပဒေအရအသိအမှတ်ပြုထားသော ဖိလစ်ပိုင်ကမ်းခြေမှ ရေမိုင် ၂၀၀ သီးသန့်စီးပွားရေးဇုန်အတွင်း ပါဝင်နေကြောင်း ဖိလစ်ပိုင်ဝန်ကြီးက အခိုင်အမာပြောကြားသည်။

"ကျွန်တော်တို့ရဲ့ အမြင်အရတော့ အဲဒီနေရာတွေဟာ အငြင်းပွားနယ်မြေတွေ မဟုတ်ပါဘူး။ ဒီဒေသတွေဟာ ကျွန်တော်တို့ရဲ့ ပိုင်နက်ဖြစ်တယ်ဆိုတာကို တရုတ်နိုင်ငံကလွဲပြီး အခြားကျွန် တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေက လက်ခံထားကြပါတယ်"ဟု မစ္စတာလာယကက်က သတင်းထောက်များအား ပြောကြားသည်။

*—Ref: AFP*



Photo - Reuters

# ဆီးရီးယား၊ အီရန်နှင့်ပတ်သက်၍ အနောက်နိုင်ငံများအား ပူတင် သတိပေး

**မော်စကို၊ ဖေဖော်ဝါရီ - ၂၈**

ရုရှားနိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ကျင်းပရန် တစ်ပတ်အလိုတွင် ရုရှားဝန်ကြီးချုပ်မစ္စတာပူတင်က ၎င်း၏နိုင်ငံခြားရေးပေါ်လစီကို ချပြရင်း ဆီးရီးယား၊ အီရန်နိုင်ငံတို့နှင့်ပတ်သက်၍ အနောက်နိုင်ငံများအား သတိပေးပြောကြားလိုက်သည်။

အနောက်နိုင်ငံများသည် အရှေ့အလယ်ပိုင်းဒေသတွင် ၎င်းတို့၏အကျိုးစီးပွားကို မြှင့်တင်ရန်အတွက်အာရပ်နွေဦး လှုပ်ရှားမှုကို ထောက်ခံခဲ့ပြီး ထို့အတွက်ကြောင့် ပင် ဒီမိုကရေစီထွန်းကားလာခြင်းအစား အရှေ့အလယ်ပိုင်း တော်လှန်မှုများမှနေ၍ ဘာသာရေးအစွန်းရောက်ဝါဒကို ပေါ်ထွက်လာစေကြောင်း မစ္စတာပူတင်က ပြောကြားသည်။

မစ္စတာပူတင်သည် ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုတွင် ၎င်း၏ နိုင်ငံခြားရေး ပေါ်လစီများအကြောင်းကို ရုရှားသတင်းစာများတွင် ဆောင်းပါးများ ရေးသားနေခဲ့သည်။

ဆီးရီးယားဆန္ဒပြမှုများကို သမ္မတဘာရှားအယ်လ်အာဆတ်က နှိမ်နင်းနေခြင်းအပေါ် ကုလသမဂ္ဂက ရှုတ်ချရန် ဆုံးဖြတ်ချက်ချရေးကြိုးပမ်းမှုကို ရုရှားနှင့် တရုတ်နိုင်ငံတို့က ဗီတိုအာဏာသုံး၍ ပယ်ချခြင်းအပေါ်လည်း မစ္စတာပူတင်က ကာကွယ်ပြောဆို ခဲ့သည်။ လစ်ဗျားနိုင်ငံမှ အဖြစ်အပျက်မျိုး ဆီးရီးယားတွင်အဖြစ်ခံမည်မဟုတ်ဟု ပူတင်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံအပေါ် တိုက်ခိုက်မည့်အရေးကိုလည်း သတိပေးပြောကြားလိုက်ပြီး အကယ်၍ အီရန်နိုင်ငံအား တိုက်ခိုက်ခဲ့ပါက နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးဆက်များမှာ မှန်းဆ၍ပင် မရနိုင်ဘဲ အမှန်တကယ်ပင် ဆိုးရွားပြင်းထန်လိမ့်မည်ဟု မစ္စတာပူတင်က ပြောကြားခဲ့သည်။

*—Ref: AP*

# ဖို့ဒ်ကားများအတွက် ဘက်ထရီများ ပန်နာဆိုးနစ် ထောက်ပံ့သွားမည်

**အိုဆာကာ၊ ဖေဖော်ဝါရီ - ၂၆**

ဖို့ဒ်မော်တော်ကား ကုမ္ပဏီက ထုတ်လုပ်မည့်နှစ်မျိုးစပ်ကားများအတွက် ဘက်ထရီများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဂျပန်အီလက်ထရွန်နစ်ကုမ္ပဏီကြီး ပန်နာဆိုးနစ်က ပြောကြားသည်။

ရိုးရိုးဓာတ်ဆီအင်ဂျင်နှင့်အတူ ဘက်ထရီများပါ တွဲဖက်သုံးစွဲမည့် ဖို့ဒ်ကားမော်ဒယ်သစ်များဖြစ်သော Ford Fusion, C-Max Hybird Electric, Ford Fusion Energi နှင့် C-Max Energi ကားများအတွက် ဖို့ဒ်ကုမ္ပဏီက ပန်နာဆိုးနစ်၏ လစ်သီယန်အိုင်းယွန်းဘက်ထရီများကို အသုံးပြုမည်ဖြစ်ကြောင်း ပန်နာဆိုးနစ်ကုမ္ပဏီက ပြောကြားသည်။

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင်အခြေစိုက်သော ပန်နာဆိုးနစ်ကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် မော်တော်ယာဉ်များ အလျင်အမြန် ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ဖို့ဒ်နှင့် ပင်နာဆိုးနစ်သည် ပူးပေါင်းဆောင်ရွက်မှု ရာဇဝင်ကောင်းလည်းရှိပြီး Panasonic ကမဝယ်ယူမီအထိ SANYO Electric ကုမ္ပဏီက ဖို့ဒ်ကုမ္ပဏီအတွက် Ni-MH ဘက်ထရီစနစ်များပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

*—Ref: UPI*



# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.1 · MARCH 8 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.0 (E 5800) (775)Processor | 55,275 |
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 167,475 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,850 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH61A-P35 (B3) | 81,675 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 65,175 |
| ASUS P8H67MLE (1155) | 94,875 |
| Gigabyte G41MT-S2(775) | 51,150 |
| Gigabyte P61-USB3 (B3) (1155) | 89,925 |
| Gigabyte H61M-S2 (B3) (1155) | 74,250 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston | 19,800 |
| **Harddisk** | |
| 500 GB Seagate SATA | 73,425 |
| 1 TB Seagate SATA | 99,000 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 123,750 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 51,150 |
| ASUS EAH 6570 1GB DDR3 PCI Express Card | 72,600 |
| ASUS EHA 6670 1GB DDR5 PCI Express Card | 94,875 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 42,075 |
| Gigabyte ATI Redeon HDR545 HM 1GB PCI Express Card | 46,200 |
| **Memory Stick** | |
| Kingston 8 GB (101) | 7,000 |
| Silicon Power 8 GB(850) | 9,900 |
| Apacer 8 GB (AH-129) | 11,000 |
| SONY 8 GB | 13,500 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တီပီငှကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ မတ်လ(၃) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0″ | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 32BX | 310,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 26,000 |
| LG | DV276 | 32,000 |
| Toshiba | DV380 | 28,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 175,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 210,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၃) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၄ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၃ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ်(၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၀၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ(၃) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၈,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၂၅၀-၃၀၀ |
| ဂေါ်ဖီထုပ်(ဗမာ) | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၈၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၉၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၃)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀-၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀-၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၈၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၂,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၈,၅၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၈,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၈၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀- ၁,၆၀၀ |

မတ်လ (၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာ ဝက်ဂွန် | **၃. ဝအင်ဂျင်ပါဝါ** | ၇၈၊ ၉၈၊ ၁ဃ | ၃၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁၈၊၂၈/၃၈ | ၁၈၅ |
| ပါဂျဲရို | ၉၅၊ ၉၆ | ၇၈/၉၈ | ၃၂၀-၃၂၅ |
| ပါဂျဲရို | ၉၇၊ ၉၈၊ ၉၉ | ၇၈/၉၈ | ၄၀၀ အောက် |
| ဟိုင်းလပ်ဆပ်(ဝက်ဂွန်) | ၉၆ | ၇၈/၉၈/၁ဃ | ၃၃၀-၃၄၀ |
| ဟိုင်းလပ်ဆပ်(Gradeအစုံ) | ၉၇၊၉၈၊၉၉ | ၇၈/၉၈/၁ဃ | ၄၀၀ အောက် |
| တိုယိုတာဖင်ကောက်(ဒီဇယ်) | ၂၀၀၀-၀၁ | ၇၈/၉၈ | ၃၆၀ |
| တိုယိုတာ (လီမီတက်) | ၈၈-၈၉ | ၂ဃ/၈ဃ | ၁၅၅-၁၆၀ |
| မတ်တူး(2 .0 Grade) | ၂၀၀၂ | ၉၈ | ၂၈၀ ဝန်းကျင် |
| မတ်တူး (2.5 Grade) | ၂၀၀၂ | ၉၈ | ၃၀၀ ဝန်းကျင် |

မတ်လ (၃)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Feb (26) | Feb (27) | Feb (28) | Feb (29) | March (1) | March (2) | March (3) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၇၃)



## အလျားလိုက်

၆။ နှင်းတွေထူထပ်တဲ့အခါ အသုံးပြုတဲ့စက်တစ်မျိုး
၈။ လက်ရှိမှာအလေးထား ဆွေးနွေးပြောကြားနေကြတဲ့ကိစ္စ
၉။ အဆာပြေစားလေ့ရှိတဲ့ စားစရာတစ်မျိုး
၁၀။ လူတွေနေထိုင်ရာနေရာတိုင်းမှာ မရှိမဖြစ်တဲ့အရာ
၁၁။ မြန်မာနိုင်ငံမှာရှိတဲ့ ထူးခြားတဲ့ကမ္ဘာတစ်ခု
၁၂။ နိုင်ငံတကာမှာ အသုံးများတဲ့ ငွေကြေးဆိုင်ရာကတ်တစ်မျိုး

## ဒေါင်လိုက်

၁။ ဖွံ့ဖြိုးလာဖို့ လူထုကမျှော်လင့်တောင့်တနေတဲ့အရာ
၂။ အလှူအတန်းရက်ရောတဲ့ လူချမ်းသာတစ်ဦး
၃။ သတင်းတွေအမျိုးမျိုးထွက်နေတဲ့ ကိစ္စရပ်
၄။ မြေကိုလုံးဝမကြောက်တဲ့သူ
၅။ မြန်မာနိုင်ငံမှာ ဖော်ဆောင်သွားဖို့ လျာထားတဲ့ စီးပွားဆိုင်ရာနေရာတွေ
၇။ အော်စကာဆု အများဆုံးရတဲ့ဇာတ်ကား

ပဟေဠိ အမှတ်စဉ်(၁၇၂) အတွက် အဖြေမှန်သူမရှိပါ

ပဟေဠိ အမှတ်စဉ်(၁၇၂)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ....................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၉-၃-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအခစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**အိမ်သုံး ရေသန့်စင်ခြင်းလုပ်ငန်း**

သင့်မိသားစု၏ ကျန်းမာရေး အတွက် အကောင်းဆုံးသော သောက်သုံးရေရရှိနိုင်ရန် အိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။

**ဖုန်း- ၀၁-၃၇၃၄၇၂**

**M.K.M**

ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ အဝေးပြေးကားလက်မှတ်အရောင်းဌာန။ **ဖုန်း- ၀၉-၇၃၁၁၃၀၀၂**

**ဒေါက်တာဆွေဆွေထိုက်(Ph.D)**

ကိုယ်တိုင်စီစဉ်သင်ကြားသည့် ၉၊ ၁၀ တန်း၊ **Primary, Secondary, IGCSE** ဘာသာစုံအိမ်သင်ဝိုင်းနှင့် Guide. **ဖုန်း- ၀၉-၇၃၁၄၁၁၅၈**

**ရောင်းမည်**

၂၀×၆၀ ပေ၊ ခြံခတ်၊ မီးပါ၊ (၁၇) ရပ်ကွက်၊ တောင်ဒဂုံ၊ ဈေးနီး၊ ကျောင်းနီး၊ ဂရန်အမည်ပေါက်၊ ၁ ထပ်တိုက်။ (ပွဲစားမလို) **ဖုန်း- ၀၉-၈၅၀၃၀၉၆**

**သင်ကြားသည်**

၂၀၁၂-၁၃ ပညာသင်နှစ်အတွက် ၁၀တန်းဘောဂဗေဒ သီးသန့်တစ်ဦးချင်း၊ အိမ်ဝိုင်းများ လိုက်သင်သည်။

**ဖုန်း- ၀၉-၇၃၁၃၅၀၀၀**

**Silver Gold Technical Service**

မှ အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်တပ်ဆင်ခြင်းနှင့် ဆေးကြောခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးသည်။ **ဖုန်း- ၀၉-၇၃၁၄၃၆၃၈**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

၁၅၆ လမ်း (တာမွေမြို့နယ်) နေရာကောင်း (ကန်ထရိုက်တိုက်) ကွန်ဒိုပြောင်းဆောက်လိုသူ ကမ်းလှမ်းနိုင်ပါသည်။ **ဖုန်း- ၀၉-၄၃၀၃၀၄၂၂**

**ကားမျိုးစုံ ငှားနိုင်သည်**

မြို့တွင်း၊ မြို့ပြင် ခရီးစဉ်မျိုးစုံအတွက် (Hi-Ace, Super Custom) နှင့် ကားမျိုးစုံငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များကို ဖိတ်ခေါ်ပါသည်။

**ဖုန်း- ၀၉-၇၃၁၇၃၄၈၁**

**PROMISE**

အင်တာဗျူးဝင် အင်္ဂလိပ်စာ (အမြန်ရက်တို)၊ နိုင်ငံခြားသွား အင်္ဂလိပ်စာ (ရက်တို/ရက်ရှည်)၊ Four Skills (လပြတ်/လစဉ်တန်းများ)

**ဖုန်း-၀၁- ၂၂၉၆၀၁**

**High Performances Computer**

Monthly, Weekly Service, အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။ **ဖုန်း- ၀၉-၄၃၁၈၂၄၈၆**

**ရောင်းမည် (ပွဲစားမလို)**

၄၀×၆၀ ပေ၊ ရေမီးစုံ (မီတာ ၂ လုံး) ဂရန်အမည်ပေါက်၊ ဆိုင်ခန်း ၅ ခန်းတွဲပါ၊ ပျဉ်ထောင်သွပ်မိုး (၁) ထပ်အိမ်။ မြောက်ဒဂုံ (၃၆) ရပ်ကွက်။

**ဖုန်း- ၀၉-၅၀၆၆၅၆၈**

**Hilux Surf 97 ဒီဇယ်**

Sun roof နှာပေါက်ပါ၊ နောက်ဘီးချိတ်၊ ၉၇/. . . အစိမ်းရောင်၊ ၁ စီး။ အနက်ရောင် ၁ စီး၊ အမည်ပေါက်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဖုန်း- ၀၉-၅၁၀၂၄၀၈**

**ရောင်းမည်**

Nikon 70-300 Tele Lens ရောင်းမည်။ နှစ်သိန်း။

**ဖုန်း- ၀၉-၇၃၀၀၄၃၂၂**

**ရောင်းမည်**

Car Navigation System, Panasonic Wide Colour 7" HD LCD (Built in Speaker & Amplifier) Panasonic DVD Player, Made in Japan (Brand New)

**PH: 09-5176002**

**ဦးကံ (စိုက်ပျိုးရေးလုပ်ငန်း)**

ဂျပန်မြက်၊ ဘဲစာမြက်၊ တရုတ်မြက် စစ်စစ်ရမည်။ သစ်ပင် ပန်းပင် အလှဆင်စိုက်ပျိုးခြင်း၊ မြေယာဖော်ထုတ်ခြင်းများ စိုက်ပျိုးပေးသည်။

**ဖုန်း- ၀၁-၆၁၃၅၄၁**

**IGCSE**

Further Pure Maths, Maths (B), Accounting. **PH: 09-5097680**

**ရောင်းမည် (ပွဲစားမလို)**

၈၀×၁၆၀ ပေ၊ သဃ်န်းကျွန်း၊ လွတ်လပ်ရေးလမ်း။

**ဖုန်း- ၀၉-၄၉၂၀၉၃၂၉**

**ကောင်းကင်အလှဆင်လုပ်ငန်း**

ဆောက်လုပ်ရေးနှင့် အိမ်အတွင်း အပြင် အလှဆင်လုပ်ငန်း။

**ဖုန်း- ၀၉-၅၀၉၅၅၁၂**

**မြေကွက်ဝယ်သည်**

မည်သည့်နေရာတွင်မဆို ၁၅ သိန်းအောက်တန် မြေကွက်များ ဝယ်သည်။ ပွဲစားခပေးရန်မလို။

**ဖုန်း-၀၉-၇၃၀၄၉၅၄၃**

**IT Current**

Computer & Network Service, Customized Software Service, Web Site Serviceများအတွက်။

**ဖုန်း- ၀၉-၄၃၀၂၆၄၄၃**

**Future Language Centre**

နိုင်ငံခြားသွားရန်နှင့် ရက်တိုအမြန်သင်တန်း၊ ဘာသာစကားအားလုံးအတွက် လစဉ်တန်းခွဲသစ်များရှိသည်။ **ဖုန်း- ၀၉-၅၁၉၁၄၉၆**

**သချာ်သီးသန့် သင်ကြားသည်**

Primary I to VI နှင့် အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသားများကို အိမ်လိုက်သင်ကြားပေးပါသည်။

**ဖုန်း-၀၉-၄၉၃၀၄၀၉၁**

**သင်ကြားပေးသည်**

၂၀၁၁-၁၂ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူများအတွက် သိပ္ပံတွဲသီးသန့် Guide လုပ်ပေးသည်။ **ဖုန်း- ၀၉-၇၃၂၃၁၂၃၅**

**ဆရာရှိန်း**

ကိုရီးယားစကားပြော အခြေခံသင်တန်း (၁) လပြတ်။ Grammar 4 Skills စကားပြော (၁)လပြတ်။ Home Tuition လိုက်သင်သည်။

**ဖုန်း - ၀၁-၃၈၉၁၇၃**

**Talent Training Centre**

မှ နွေရာသီအင်္ဂလိပ်စာသဒ္ဒါသင်တန်းများ ၃ တန်းမှ ၉ တန်းအထိကို တန်းခွဲများအလိုက်။ ၃ လပြတ်။

**ဖုန်း- ၀၉-၇၃၁၂၂၃၃**

**U.E.S Computer**

သင်တန်းကျောင်းမှ Auto CAD (2D,3D), Microsoft (Word, Excel, Powerpoint), Photoshop, Pagemaker, Internet & Window Basic များကို သင်ကြားပေးပါသည်။ **ဖုန်း- ၀၉၄၃၀၉၇၆၃၅**

**ရောင်းမည်**

84 Model န/၈ ထောင်ကျော် (တိုယိုတာ ကိုရိုလာဂျပန်)ကား အကောင်းအား (90/91)model ဆလွန်း Van ကားနှင့်လဲမည်။

**ဖုန်း- ၀၉-၇၃၁၂၇၇၂၀**

**မြေကွက်ရောင်းမည်**

ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်းပြင်ဦးလွင်ရပ်ကွက်သန့်။ ၆၀×၁၁၀ ပေ၊ ၂ ကွက်။ **ဖုန်း- ၀၈၅-၅၀၀၇၈**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

၄၀×၆၀ ပေ၊ အမှတ်(၁၉) မြို့မ (၆) လမ်း၊ ၄/ တောင်ရပ်ကွက်။ သာကေတမြို့နယ်။ **ဖုန်း- ၀၉-၇၃၀၆၈၈၉၇**

**သင်ကြားပေးသည်**

တောင်ဥက္ကလာ (၁၃) ရပ်ကွက်၊ အနော်မာလမ်း၊ ၁၀ တန်းဘာသာစုံ အိမ်ဝိုင်း။ **ဖုန်း- ၀၉-၇၃၀၇၂၃၂၉**

**နွေပန်းချီ**

ရင်သွေးငယ်များ နွေရာသီကျောင်းပိတ်ရက်အတွင်း ပန်းချီပညာကို မိဘများကိုယ်စား အိမ်အရောက် သင်ကြားပေးပါသည်။

**ဖုန်း- ၀၉-၄၉၂၆၃၁၅၉**

**HYPER COOL**

အဲကွန်း ပြုပြင်ရောင်းဝယ်ရေး (၆)လအတွင်း ပြုပြင်ပြီးစက်များကိုလည်း လက်ခမဲ့တာဝန်ယူဆောင်ရွက်ပေးပါသည်။

**ဖုန်း- ၀၉-၄၃၁၃၀၇၅၀**

**သင်ကြားသည်**

All International School များမှ ကလေးများကို သချ်ာဘာသာရပ်အတွက် အထူးလေ့ကျင့် သင်ကြားပေးသည်။ **ဖုန်း- ၀၉-၇၃၁၃၆၇၂၈**

**Essential Practical A+ 2012**

သင်တန်းမှ ကျား/မ မရွေး ကွန်ပျူတာ အရောင်းကျွမ်းကျင်လိုသူများ နှင့် Service Technician အဖြစ် ဝင်ငွေရှာလိုသူများ တက်နိုင်ပါသည်။ **ဖုန်း - ၀၉-၅၁၉၆၀၆၇**

**ရောင်းရန်ရှိသည်**

အင်္ဂလန်နိုင်ငံထုတ် သရဖူတံဆိပ် ပန်းကန်များ တရုတ်ပန်းအိုးများ ရောင်းရန်ရှိသည်။

**ဖုန်း- ၀၉-၇၃၀၅၄၁၉၂**

**ဆရာကိုယ်တိုင်သင်ကြားမည်**

၉၊ ၁၀ ဇီဝဗေဒဘာသာရပ် ၁ ဦးမှ ၅ ဦးအထိ (သင်၊ကျက်၊ မေး၊စစ်)။

**ဖုန်း- ၀၉-၇၃၀၃၀၅၈၃**

**ရောင်းမည်**

အင်တာနက်ဆိုင် တစ်ဆိုင်လုံး ပစ္စည်းအစုံ ရောင်းရန်ရှိသည်။

**ဖုန်း- ၀၉-၅၁၉၂၉၀၄**

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

## စာ(၃၇)ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု လျှော့ချမည်ဟုဆို မှ

ပဲခူးရိုးမဒေသတွင် ပါဝင်သော တောင်ငူခရိုင်၌ ကိုရီးယားနည်းပညာရှင်များနှင့်ပူးပေါင်း၍ UN-REDD အစီအစဉ်ကို ရွှေ့ပြေးစိမံကိန်းဖြင့် လုပ်ဆောင်ရန် စီစဉ်နေကြသည်။

ပဲခူးရိုးမကို သစ်ထုတ်လုပ်မှု လျှော့ချခြင်းအပြင် သစ်တောများအနားပေးခြင်း၊ ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန်စီစဉ်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

**သဘာဝလင်းနို့ချေးရောင်းရန် ရှိသည်**

၁။ သဘာဝအတိုင်း ၁၀၀ % အစစ်အမှန်။
၂။ ဓာတ်ခွဲစမ်းသပ်နိုင်ပါသည်။
၃။ တန်ဖိုးရှိ နှစ်ရှည်ပင်၊ သီးပင်၊ စားပင်တွင် မြေဩဇာနှစ်ရှည်ကောင်းပါ၍ အထွေထွေအသုံးပြုနိုင်ပါသည်။
၄။ အိတ် ၅၀၀ ခန့်ရောင်းပါမည်။ ညှိနှိုင်းဈေး

**ဆက်သွယ်ရန်(ကိုသန်းဝင်း-ရွှေပြည့်ဖြိုးကုမ္ပဏီ)**
**ဖုန်း-၀၉-၈၅၀၂၀၅၀၊ ၀၄၃-၂၁၉၅၇**

**TRADEMARK CAUTION**

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademarks:-

GOOGLE

**Reg:No.4/1931/2006**

In respect of :Int'l Class 9: computer hardware; computer software; computer peripherals; electronic and online manuals; mouse pads.
In respect of : Int'l Class 42: computer services, namely, providing temporary use of a non-downloadable computer inter face in order to create on-line personalized information services; data mining and data analysis services; providing access to a proprietary collection of information; creating searchable indexes of information, web sites and other information sources; providing use of a non-downloadable computer interface in order to provide information concerning a wide range of text, electronic documents, databases, graphics and audiovisual information; electronic mail and workgroup communication services over computer networks; bulletin board and discussion group services; search engine services; consulting in connection with all the above.
In respect of : Int'l Class 38: Telecommunication services; providing electronic mail and workgroup communications services over computer networks; providing multiple user access to proprietary collections of information by means of global computer information networks; bulletin board services.

**Reg:No.4/1930/2006**

In respect of :Int'l Class 16 : Books; manuals; notebooks; notepads; pens; greeting cards; stickers; decals; sticky notes.
In respect of : Int'l Class 25: Clothing; footwear; headgear.
In respect of : Int'l Class 35 :Dissemination of advertising for others via the Internet.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990
8.March.2012

# မဟာဓာတ်အားလိုင်း သွယ်တန်းမည့် အစီအစဉ်ကို ရခိုင်တိုင်းရင်းသားပါတီ ကြိုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၉**

ပုဂ္ဂလိက မီးလင်းရေး ကုမ္ပဏီများကို အားကိုးနေရသည့် ရခိုင်ပြည်နယ်အတွက် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီးသွယ်တန်း ဆောင်ရွက်ပေးမည့် ဒုတိယသမ္မတ၏ ပြောကြားချက်အပေါ် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ(RNDP) ကကြိုဆိုလိုက်သည်။

"ကျွန်တော်တို့ရဲ့ လိုအပ်ချက်တစ်ခုကို နိုင်ငံတော်က ကျခံပေးမယ်ဆိုတဲ့အပေါ် ကြိုဆိုပါတယ်။ ရခိုင်ပြည်နယ်မှာ တစ်ခါမှ မဟာဓာတ်အားလိုင်းကို မမြင်ဖူးဘူး။ မြန်မာပြည်ဘက်က ဓာတ်အားလိုင်းကို ရိုးမတောင်ကို ကျော်ပြီးတော့ သွယ်တန်းမယ်ဆိုတာ ကောင်းပါတယ်။ လက်တွေ့အကောင် အထည်ဖော်မယ်ဆိုရင်တော့ ဝမ်းသာရမှာပါ"ဟု RNDP အထွေထွေအတွင်းရေးမှူး ဦးဦးလှစောက 7 Day News သို့ပြောသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ် လျှပ်စစ်မီး မဟာဓာတ်အားလိုင်း ရရှိစေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် ကြီးအုံကြီးဝရေအားလျှပ်စစ်ဒေသနှင့် ပဲခူးတိုင်းအနောက်ခြမ်း၊ ပန်းတောင်းမြို့နယ် ဥသျှစ်ပင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးမည့် အစီအမံများကို ဖေဖော်ဝါရီ၂၈ရက်က ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ရခိုင်ပြည်နယ်ခရီးစဉ်တွင် ပြောဆိုခဲ့သည်။

ရခိုင်ကမ်းလွန် ဒေသမှ ထွက်ရှိမည့် သဘာဝဓာတ်ငွေ့များကို ပြည်ထောင်စုအစိုးရကတစ်ဆင့် ခွဲဝေသုံးစွဲခွင့် ရရှိစေရန် တောင်းဆိုမှုများ၊ စာတမ်းဖတ်ကြားမှုများ၊ လွှတ်တော်တွင် အဆိုတင်သွင်းမှုများကို RNDPပါတီက ဦးစီးလုပ်ဆောင်နေစဉ် ဒုတိယသမ္မတက ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။

"မဟာဓာတ်အားလိုင်းကုန်ကျစရိတ်ကို ပြည်ထောင်စုဘတ်ဂျက်နဲ့စိုက်ပြီး သုံးပေးမှာလား၊ အလှူငွေနဲ့ သုံးမှာလားဆိုတာတော့ အတိအကျမသိဘူး။ ဘယ်ခေါင်းစဉ်က ဘယ်လိုသုံးမယ်ဆိုတာတော့ သူကပြောမသွားဘူး" ဟု ဒုတိယသမ္မတ၏ ခရီးစဉ်တစ်လျှောက်လိုက်ပါခဲ့သည့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဦးလှဟန်က 7 Day News သို့ပြောသည်။

ရခိုင်ပြည်နယ်ရှိ တောင်ကုတ်၊ သံတွဲ၊ မြောက်ဦးနှင့် စစ်တွေမြို့များတွင် ပုဂ္ဂလိက မီးလင်းရေးကုမ္ပဏီများက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး မီတာခများမှာ တစ်ယူနစ်လျှင် ပျမ်းမျှ ၄၅၀ ကျပ်မှ ၅၀၀ ကျပ်အထိရှိသည်။ အစိုးရက မီးလင်းရေးကုမ္ပဏီများအား ဓာတ်ဆီကို အစိုးရဈေးဖြင့် ၁၀ ယူနစ်စာအတွက်သာ ရောင်းချပေးခြင်းကြောင့် ဒေသခံများသည် ပထမ ၁၀ ယူနစ်စာကိုသာ (၁ယူနစ်လျှင်) ၂၅ ကျပ်နှုန်း ပေးဆောင်ရပြီး ကျန်ယူနစ်များအတွက် (တစ်ယူနစ်လျှင်)၄၅၀ကျပ်နှင့်အထက် ဝယ်ယူသုံးစွဲရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ရခိုင်ကမ်းလွန်ဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆောင်ရွက်နေသော CNPC အပါအဝင် ကုမ္ပဏီများက ကျောက်ဖြူနှင့် ရမ်းဗြဲဒေသ လျှပ်စစ်မီးသွယ်တန်းရန် လျှပ်စစ်မီးကြိုးနှင့် ဓာတ်အားခွဲရုံများအတွက် အမေရိကန်ဒေါ်လာ ၁၀သန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးထံ ပေးအပ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

# ငြိမ်းချမ်းရေးအမြန်ဖော်ဆောင်ရန် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များ တိုက်တွန်း

**အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၈**

နိုင်ငံရေးပဋိပက္ခများကို ဖြေရှင်းရန်အတွက် အားလုံးပါဝင်သော ညီလာခံတစ်ရပ်အရေးတကြီးလိုအပ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ကိုမြအေးက ကချင်ပြည်နယ်မှ အပြန် ရန်ကုန်လေဆိပ်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။



၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို မြစ်ဆုံ၌တွေ့ရစဉ် ဓာတ်ပုံ-ကျော်မျိုးဦး

၈၈ မျိုးဆက်ကျောင်းသားများထဲမှ ၁၉ ဦးသည် ကချင်ပြည်နယ်မြစ်ကြီးနားမြို့သို့ ဖေဖော်ဝါရီ၂၃ ရက်တွင် သွားရောက်ခဲ့ပြီး စစ်ဘေးဒုက္ခသည်စခန်းများသို့သွားရောက်အားပေးခဲ့သလို အလွှာအသီးသီးနယ်ပယ်အသီးသီးမှခေါင်းဆောင်များ လူငယ်များနှင့်လည်း တွေ့ဆုံခဲ့သည်။

ခရီးစဉ်အပြီးတွင် ၈၈ မျိုးဆက်ကျောင်းသားများ ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက်မြစ်ကြီးနားပွဲတင့်သံဟူသောအချက် ၄ ချက်ပါသည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်သည် ကချင်ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံပြီး ၈၈ နှင့် ညှိနှိုင်းထားသော သဘောထားဖြစ်ပြီး ၈၈၏ သဘောထားတစ်ခုတည်းမဟုတ်ပါကြောင်းလည်း ကိုပြုံးချိုက ပြောကြားခဲ့သည်။

ကြေညာချက်၏ အပိုဒ် ၄ တွင်လွတ်လပ်ရေးတရားမျှတရေး တန်းတူညီမျှရေးတို့ကို အာမခံချက်ရှိသည့်ပြည်ထောင်စုဖြစ်ရန်နှင့် နိုင်ငံရေးပဋိပက္ခများကြောင့်ဖြစ်ပေါ်နေသောပြည်တွင်းစစ်ကို ရပ်စဲနိုင်ရန် စစ်မှန်သောငြိမ်းချမ်းရေးကိုရှေးရှုသည့်နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများ အမြန်ဆုံး ဖော်ဆောင်သွားရန် အလေးအနက်ဆန္ဒပြုကြောင်းပါရှိသည်ကိုတွေ့ရသည်။ ကချင်ပြည်နယ်တွင်စည်းရုံးရေးခရီးစဉ်အဖြစ်လာရောက်ခဲ့သော ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၎င်း၏ မိန့်ခွန်းများတွင် ငြိမ်းချမ်းရေးအတွက် ပင်လုံစိတ်ဓာတ်ကို အခြေခံရန်လိုအပ်သည်ဟု ပြောကြားခဲ့သလို တန်းတူညီမျှရေးကိုလည်း မိန့်ခွန်းတိုင်းတွင် ပြောကြားသွားခဲ့သည်။ ထို့ပြင် ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသောပြည်သူ သုံးသောင်းခန့်အတွက် အကူအညီများပေးကြရန် ကျောင်းသားခေါင်းဆောင်များက တိုက်တွန်းခဲ့သည်။

# မသန်စွမ်းအဖွဲ့အစည်းများ အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန်လို

**မေဝင်းမွန်**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ -၂၉**

ကိုယ့်အားကိုယ်ကိုးကာ ရပ်တည်နေကြသည့်မသန်စွမ်းအဖွဲ့အစည်းများ တိုးတက်မှုနှေးကွေးပြီး အသိအမြင်လျော့ပါးနေခြင်းမှာ ပူးပေါင်းပါဝင်မှုမရှိသည့် အဓိကအချက်ကြောင့်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဇော်မိုးက မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင်ပြောကြားသည်။

"ကိုယ့်အားကိုယ်ကိုးရပ်တည်နေတဲ့မသန်စွမ်း အဖွဲ့အစည်းတွေ တိုးတက်မှုနှေးကွေးခြင်းရဲ့အဓိကအချက်ကပူးပေါင်းပါဝင်မှုမရှိတဲ့အတွက်ကြောင့်ပါ။ မသန်စွမ်းသူတွေဟာ လူ့ပတ်ဝန်းကျင်က ဖယ်ချန်တာ၊ လျစ်လျူရှုတာ၊ နှိမ့်ချပြောဆိုဆက်ဆံခံရတာ၊ စွမ်းဆောင်မှုတွေကိုအသိအမှတ်ပြုမခံရတာတွေကို မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်ကြီးက ကာကွယ်ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် မသန်စွမ်းအမျိုးသမီးတွေနဲ့ ကလေးငယ်တွေအတွက်တန်းတူအခွင့်ရေးတွေ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မသန်စွမ်းအသင်းအဖွဲ့အားလုံးဆွေးနွေးညှိနှိုင်းပြုလုပ်မှသာ မသန်စွမ်းသူတွေအတွက် အကောင်းဆုံးအခြေအနေကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်" ဟု ဦးတင်ဇော်မိုးက ပြောကြားသည်။

မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင် အခြေခံလူ့အခွင့်အရေး၊ လွတ်လပ်မှု၊ ခွဲခြားမဆက်ဆံရေး၊ တန်းတူညီ အခွင့်အရေးစသည်ဖြင့် မသန်စွမ်းသူများအတွက် အခွင့်အရေးများနှင့်ပတ်သက်၍ အပိုဒ် ၅၀ ကျော် ပြဋ္ဌာန်းထားသည်။

အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်ထုတ်ဝေထားသည့် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အုပ်ရေတစ်သောင်းကို တက္ကသိုလ်၊ ကျောင်းများ၊ စာကြည့်တိုက်နှင့်အဖွဲ့အစည်းများသို့ UNDP က ဖြန့်ဝေသွားရန် စီစဉ်လျက်ရှိသည်ဟုသိရသည်။

မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၁ ဒသမ ၃၈ သန်းရှိသည့်မသန်စွမ်းများအတွက် နိုင်ငံတကာတွင် ရရှိခံစားရသည့်မသန်စွမ်းသူများဆိုင်ရာအခွင့်အရေးများ ခံစားခွင့်ရရှိစေမည့်မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုမြန်မာနိုင်ငံသည်လည်း ၂၀၁၁ ဒီဇင်ဘာ ၇ ရက်တွင် ပါဝင်ရေးထိုးပြီးဖြစ်သည်။

မသန်စွမ်းသူအခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံပေါင်း ၁၅၃ နိုင်ငံကပါဝင်လက်မှတ်ရေးထိုးခဲ့ကာ ၁၀၆ နိုင်ငံကအတည်ပြုပြီးဖြစ်သည်။ နောက်ဆက်တွဲသဘောတူစာချုပ်ကို နိုင်ငံပေါင်း ၉၀ ကလက်မှတ်ရေးထိုးခဲ့ပြီး ၆၃ နိုင်ငံကအတည်ပြုပြီးဖြစ်ကြောင်း သိရသည်။

# Environment

7DAY NEWS JOURNAL

Vol.11, No.1 · MARCH 8 , 2012


## တနင်္သာရီနှင့် ထားဝယ်မြစ် ရေဝေရေလဲ ဒေသအချို့ သောက်သုံးရေအခက်တွေ့

**အိဖြိုးမွန်**

**ရန်ကုန်၊ မတ် - ၁**

တနင်္သာရီနှင့် ထားဝယ်မြစ်များအတွင်းသို့ စီးဝင်သောချောင်း၊ မြောင်းများ၏ ရေဝေရေလဲဒေသများတွင် စည်းကမ်းမဲ့ ခဲမဖြူ အဖြိုက်နက်သတ္တုများ တူးဖော်၍ မြေစာများစွန့်ပစ်မှုကြောင့် ချောင်းလက်တက်အချို့ ကောလာပြီး ရေများနောက်ကျိလာကြောင်း နေထိုင်သူဒေသခံများက ပြောသည်။

ယင်းချောင်းများကို သောက်ရေသုံးရေဖြင့် မှီခိုနေရသော ဒေသခံများအနေဖြင့် မိုးတွင်းကာလ ကုန်ဆုံးပြီးနောက်ပိုင်း သောက်သုံးရေပြဿနာကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အသုံးပြုနေကျချောင်းများ နောက်ကျိလာသောကြောင့် သုံးရေဖြင့် အသုံးပြုရာတွင်လည်းခက်ခဲလာကြောင်း ဒေသခံများကပြောသည်။

"နွေရာသီဆိုရင် ကန်ကနေ ရွာထဲကို ဆက်သွယ်ထားတဲ့ ပိုက်ခေါင်းက ရေတစ်ပေါက်ကျဖို့မနည်းစောင့်ရတယ်။ အဘိုး၊ အဘွားလက်ထက်တုန်းက ရေကဘာမှပူစရာမလိုဘူး။ ဝကုန်းချောင်းက ရနေတာကိုး။ အခုတော့ရွှံ့ချည်းပဲလက်ဖက်ရည်ရောင်ပုံပေါက်နေပြီ။ သုံးလို့မရတာ ၂နှစ်လောက်ရှိပြီ။ချောင်းတွေထဲမှာ နွေရာသီကျရင်စိမ့်ထွက်တဲ့ကန်တွေကလည်း နောက်ကုန်ပြီ။ နုန်းကျသွားရင် ခဲလိုအဖြူရောင် အမှုန့်တွေတွေ့နေရလို့ မသုံးရဲဘူး"ဟုရောင်ခြည်စက်ဝန်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီ၏ ခဲသတ္တုရှာဖွေရေးနှင့် နီးကပ်သော ဝကုန်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

ဝကုန်းချောင်းသည် ကျေးရွာနာမည်အလိုက် အမည်ကွဲသွားပြီး ထားဝယ်မြစ်ကဲ့သို့ စီးဝင်သော ချောင်းလက်တက်ဖြစ်သည်။ တနင်္သာရီမြစ်ထဲ စီးဝင်သော အမ်းချောင်းနှင့် ခမောင်းသွယ်ချောင်း၏ ရေဝေရေလဲဒေသများတွင်လည်း စည်းကမ်းမဲ့ စွန့်ပစ်မြေစာများကြောင့် ချောင်းလက်တက်အချို့ ကောလာပြီးရေများနောက်ကျိလာကြောင်း ထားဝယ်မြို့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသနပြုလုပ်သူတစ်ဦးကပြောသည်။

"ထားဝယ်နဲ့ရေဖြူမှာတရားဝင်ရော၊မဝင်ရောသတ္တုတွင်းလုပ်နေတာ၊ ၁၀၀ ကျော်လောက်ရှိတယ်။ ချောင်းတွေရဲ့ အထက်ဘက်အပိုင်းတွေမှာပါ။ ချောင်းတိုင်းမှာရှိတယ်။ သူကလည်း ရွှေကျင်သလိုပဲ မြေကြီးတွေဖြိုချပြီး ရေနဲ့ဖျန်းပက်ရှာရတာ။ ရေမရှိလို့မရဘူး။ သတ္တုထွက်တယ်။ ရွှေထွက်တယ်။ အခုကချင်မှာ ရပ်လိုက်တော့ ပိုများလာတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ တနင်္သာရီမြစ်သည် အမ်းချောင်းနှင့် ခမောင်းသွယ်ချောင်းဆုံစည်းရာမှ ဖြစ်ပေါ်လာသောမြစ်ဖြစ်သည်။ ယင်းချောင်းနှစ်ခုဆုံစည်းသည့်နေရာကို ဒေသခံများကမြစ်ဆုံဟုခေါ်သည်။ တနင်္သာရီမြစ်ရေသည် ရေစီးသန်သည်။ ထို့ကြောင့် အီတာလျံ-ထိုင်းကုမ္ပဏီကရေအားလျှပ်စစ်ဓာတ်အားထုတ်ယူရန်စီစဉ်နေသည့်အပြင် ထားဝယ်နှင့် ကန်ချာပူရီဖောက်မည့်ကားလမ်းအတွက် တံတားဆောက်ရန် စီစဉ်နေသည်။

## Environment Cartoon



သစ်ပင်တွေသာ အော်ငိုလို့ ရမယ်ဆိုရင် သစ်ပင်တွေကို ခုတ်ရက်ပါ့မလား။

Jack Handey

## ရွှေတူးဖော်မှုကြောင့် တောတောင်နှင့် လယ်ယာမြေများပျက်စီး

**စိုင်းလူမင်း**

**ဗန်းမောက်၊ ဖေဖော်ဝါရီ- ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်ရှိ ကျေးရွာဒေသ အသီးသီးတွင် မြေလွတ်မြေရိုင်းများ၌ ရွှေများထွက်သည့်အတွက် ရွှေတူးဖော်သည့် ကုမ္ပဏီအများအပြား လုပ်ကိုင်ကြသဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေများရရှိသော်လည်း တောတောင်၊ လယ်ယာမြေအချို့ ပျက်စီးဆုံးရှုံးမှုရှိနေကြောင်း သိရသည်။

"ရွှေတွေထွက်တဲ့အတွက် ကျေးရွာဒေသတွေမှာ လူနေမှုအဆင့်အတန်းတွေမြင့်လာတယ်လို့ပြောရမှာပေါ့။ အရင်ကဆိုရင် ကားတို့၊ ဆိုင်ကယ်တို့မြင်တောင် မမြင်ဖူးပါဘူး။ အခုဆိုရင် ရွှေရှာတဲ့ကုမ္ပဏီအများစုဟာ လျော့မသွားဘဲ ပိုပြီး တိုးတိုးလာတော့ လမ်းဟောင်းတွေပျောက်ပြီး လမ်းသစ်တွေဖြစ်လာသလို အချို့ကျေးရွာအနီးမှာရှိတဲ့ သင်္ချိုင်းဟောင်းတွေလည်းပျောက်ကုန်ပြီ" ဟု ဒေသခံတစ်ဦးက သုံးသပ်ပြောဆိုသည်။

"ရွှေလုပ်သူတွေကတော့ကေ ၂၀ ကိုရွှေ ၂၄ ကျပ်သားပေးပြီးလုပ်ကိုင်တာပါပဲ။ အဲဒါကြောင့် ရတဲ့မြေကွက်တွေကို တွက်ခြေကိုက်အောင်လို့စက်ယန္တရားတွေ၊ လူအင်အားတွေနဲ့ ရွှေမျှောတိုက်တူးဖော်ကြတယ်။ အဲဒီနောက်တဖြည်းဖြည်း ရွှေရှာပြီးကုန်သွားတော့ အခြားတစ်နေရာကို ပြောင်းသွားတဲ့အခါ အဲဒီ နေရာတွေမှာ မိုးရာသီရောက်ရင် မိုးရွာသွန်းမှုတွေကြောင့် ရေအိုင်၊ ဗွက်အိုင်တွေများလာတယ်။ တစ်ရွာနဲ့တစ်ရွာသွားလာဖို့ ခက်ခဲသွားပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



ဗန်းမောက်မြို့မှ ရွှေတူးဖော်ရေးလုပ်ငန်းခွင်

အဆိုပါရွှေမျှောတူးဖော်သည့် လုပ်ငန်းများကြောင့် မြေများရေတိုက်စားသည့်အတွက် ခရီးသွားလာမှုအဆင်မပြေမှုရှိသလိုလယ်ယာများကို ရွှံ့နွံဖုံးလွှမ်းသည့်အတွက် တာဝန်ရှိသူများအနေဖြင့် ရွှေထုတ်လုပ်ရာတွင် အသုံးပြုသည့် ရွှေချက်၊ ရွှေဖမ်းသည့် အကျိုးစီးပွားများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်းလည်း ဒေသခံတစ်ဦးက အကြံပြုသည်။




ဓာတ်ပုံ - Google Map

## ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု လျှော့ချမည်ဟုဆို

**အိဖြိုးမွန်**

**ရန်ကုန်၊ မတ် - ၁**

ပဲခူးတိုင်းဒေသကြီးသည် အခြားဒေသများထက် သစ်ထုတ်လုပ်မှုပိုများသောကြောင့် မကြာမီ အကောင်အထည်ဖော်မည့်သစ်ထုတ်လုပ်မှု လျှော့ချခြင်း အစီအစဉ်အရ ပဲခူးရိုးမသည် အဓိကဦးစားပေးဧရိယာတစ်ခု၌ပါဝင်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ဖေဖော်ဝါရီ ၂၉ ရက်တွင်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးမှ သစ်ထုတ်ယူမှုသည် ပျမ်းမျှအားဖြင့် တစ်နိုင်ငံလုံးတွင် ထုတ်ယူခဲ့သော ပမာဏ၏ ၂၅ရာခိုင်နှုန်းရှိသည်။ ယင်းပမာဏသည် နှစ်စဉ် သစ်ထုတ်လုပ်ရန် သစ်တောစီမံခန့်ခွဲမှုထက် ကျော်လွန်နေကြောင်း၊ ထို့ကြောင့် ဦးစားပေးအစီအစဉ်၌ ထည့်သွင်းထားခြင်းဖြစ်ပါက အစီအစဉ်ကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း မတ်လ ၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ပဲခူးရိုးမသည် ကျွန်းမျိုးကောင်းမျိုးသန့်များ ပေါက်ရောက်သည့်မူရင်းဒေသဖြစ်သည်။ ယခုအခါ ပဲခူးရိုးမ၏ အချို့နေရာများတွင် သစ်တောအတန်းစားလျော့ကျခြင်းနှင့် တောအရည်အသွေး လျော့ကျခြင်းများ ကြုံတွေ့နေရသည်။

စာ(၃၆) သို့

## သတ္တုသန့်စင်စက်ရုံမှ စွန့်ပစ်ပစ္စည်းများ ဧရာဝတီမြစ်အတွင်းစွန့်ပစ်မည်ကို ဒေသခံများစိုးရိမ်နေ

**အိဖြိုးမွန်**

**ရန်ကုန်၊ မတ်-၁**

ထီးချိုင့်မြို့ တောင်ဘက် ဧရာဝတီမြစ်အရှေ့ဘက် မောင်းကုန်းကျေးရွာအနီး တည်ဆောက်ထားသော နီကယ်၊ ခရိုမိုက်သတ္တုသန့်စင်စက်ရုံမှ စွန့်ပစ်ပစ္စည်းများ ရေပေါ်ချောင်းမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ စွန့်ပစ်မည်ကို ဒေသခံများ စိုးရိမ်နေကြကြောင်း ဒေသခံအချို့ကပြောသည်။

ယခုအချိန်တွင်စက်ရုံ၌လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြောင့် လည်ပတ်မှု မရှိသေးသော်လည်း ၈ မိုင်ခန့်အကွာ၌ စွန့်ပစ်ပစ္စည်း စွန့်ပစ်သည့်ကန်မှ ပိုက်သည် ရေပေါ်ချောင်းတွင် နှစ်ဖက်ပိတ်၍ ဆက်သွယ်ထားကြောင်း ယင်းချောင်းသည် ဧရာဝတီမြစ်နှင့် ၄ ဖာလုံကွာဝေးသော ချောင်းဖြစ်ပြီး ဧရာဝတီမြစ်သို့စီးဝင်သော ချောင်းဖြစ်ကြောင်း ဒေသခံဦးကိုကိုကျော်က ပြောပြသည်။

ယင်းသတ္တုသန့်စင်စက်ရုံ အနီးတွင် ဂရိတ်ဝေါကုမ္ပဏီ၏ သကြား စက်ရုံရှိပြီး စွန့်ပစ်ရည်များ နဂိုအတိုင်း စွန့်ပစ်သောကြောင်း အနီးအနားရှိ ငါးရှိသော အင်းများတွင် ငါးဖမ်းနေရာပျက်စီး၍ အချိန်မီပိတ်သိမ်းလိုက်ရကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ဧရာဝတီမြစ်ထဲကို အခု-လို စွန့်ပစ်တဲ့ သတ္တုတွေဆိုရင် ဘယ် လိုဖြစ်နိုင်လဲလို့ ထီးချိုင့်က ဒေသခံတွေက မေးထားတော့ အဲဒါကို လုပ်နေတယ်" ဟု Myanmar Green Network ဥက္ကဋ္ဌ ဒေါ်ဒေဝီသန့်ဇင်က ပြောသည်။

နီကယ်နှင့် ခရိုမိုက်သတ္တုသန့်စင်စက်ရုံသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းအနီး တည်ရှိပြီး ရေရှင်ချောင်းအထက်ဘက် မန္တလေးတိုင်းဒေသကြီးတွင်ရှိသော ပေနှစ်ထောင်ကျော်မြင့် သည့် ကြေးစင်တောင်မှ သတ္တုများကို တူးဖော်၍ သန့်စင်မည်ဖြစ်သည်။

ယင်းစက်ရုံကို ၂၀၁၁ ခုနှစ် အောက်တိုဘာလလယ်က ဖွင့်လှစ်ခဲ့သော်လည်း စက်ရုံမှာလျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ခြင်း မရှိသောကြောင့် ရပ်နားထားခြင်းဖြစ်သည်။

Tourism
7Day News Journal
Vol.11, No.1 • MARCH 8 , 2012

# ပုဂံသရပါတံခါးမှ ကားကြီးများ ဖြတ်သန်းခြင်း တားမြစ်တော့မည်

**အောင်သူရ**

**ရန်ကုန်**

**မတ်- ၁**

ပုဂံမြို့ဟောင်းအဝင်၌ တည်ရှိသော သရပါတံခါးမှ ကားကြီးများ ဖြတ်သန်းသွားလာခြင်းအား မကြာမီ တားမြစ်တော့မည်ဖြစ်ကြောင်း ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“လောလောဆယ် အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ တိုင်ပင်နေပါတယ်။ ဧည့်သည်အဝင် နည်းသွားတဲ့အချိန် စလုပ်မှာပါ။အဲဒီအချိန်ကျရင် ၄၅ ယောက်စီး ကားကြီးတွေ တစ်တန်အထက် ကုန်ကားတွေ၊ ဝင်ခွင့်ပြုမှာ မဟုတ်ပါဘူး” ရှေးဟောင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံဒေသ၏ ထင်ရှားသော ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် သရပါတံခါးမှာ ပြုပြင်ရန်လိုအပ်နေပြီး ကားကြီးများ ဖြတ်သန်းပါက ပျက်စီးမှုအန္တရာယ်နှင့် ကြုံတွေ့နေရသဖြင့် တားမြစ်ရန် စီစဉ်ခြင်းဖြစ်သည်။

“လောလောဆယ် လုပ်ရင်တော့ အခက်အခဲ ရှိနိုင်တယ်။ အခုအချိန်ကပုဂံမှာ ဧည့်သည်အဝင်များပြီး ကားမလောက်၊ ဂိုက်မလောက်ဖြစ်နေတဲ့ အချိန်ဆိုတော့ ဟိုရက်ကလေဆိပ်မှာ MTB တံဆိပ်မပါတဲ့ ကားတွေ လေဆိပ်ထဲဝင်ခွင့်မပြုဘူး။ လုပ်လိုက်တာ တော်တော်အခက်တွေ့သွားတယ်” ဟု ပုဂံဒေသခံခရီးသွားလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကဆိုသည်။

ပုဂံမြို့ဟောင်းအား နိုင်ငံတကာအဆင့်မီ Archaeological Park အဖြစ်တည်ထောင်သွားရန် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက စီစဉ်ထားသည်။

ထိုကဲ့သို့ စီစဉ်နေသော်လည်း ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ခေတ်မီဒီဇိုင်းများဖြင့် ပြုလုပ်ထားသော ညစျေးကြီးမှာ ယခုတိုင်တည်ရှိနေဆဲဖြစ်သည်။



*ပုဂံမြို့ဟောင်းရှိ သရပါတံခါးမှ ဖြတ်သန်းသွားသည့် ခရီးသွားဧည့်သည်စီး မြင်းလှည်းတစ်စီး*

ဓာတ်ပုံ - sstm

# ချင်းတွင်းရေကြောင်းခရီးသည်ပို့ဆောင်ရေး အမြန်ရေယာဉ်လိုင်းသစ်အဖြစ် သီဟထွန်းရေယာဉ်ပြေးဆွဲ

**မျိုးမင်းဦး**

**မုံရွာ၊**

**ဖေဖော်ဝါရီ- ၂၉**

မုံရွာမြို့မှ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ခရီးသည်များလုံခြုံချောမွေ့စွာသွားလာနိုင်ရေးနှင့် ရေလမ်းခရီးအသုံးပြု၍ချင်းတွင်းဒေသ ဖွံ့ဖြိုးတိုးတက်စေရေး အတွက်သီဟထွန်းကုမ္ပဏီလီမိတက်မှ သီဟထွန်း အမြန်ရေယာဉ်ပို့ဆောင်ရေး ရေကြောင်းလိုင်းသစ်ကို ဖေဖော်ဝါရီလ ၂၁ ရက်တွင် စတင်ပြေးဆွဲခဲ့ကြောင်း သတင်းရရှိသည်။

သီဟထွန်း ခရီးသည်တင် အမြန်ရေယာဉ် ပို့ဆောင်ရေးမှ မုံရွာ-ဟုမ္မလင်း၊မုံရွာ-မင်းကင်းခရီးစဉ်များကိုနေ့စဉ်နံနက် ၄ နာရီခွဲ အချိန်တွင် တစ်စီးစီ ပြေးဆွဲပေးလျက်ရှိပြီး သီဟထွန်း ခရီးသည်တင်ရေယာဉ် ပို့ဆောင်ရေးတွင် ရေယာဉ်အစီးပေါင်း ၂၀ ဖြင့်ပြေးဆွဲပေးမည်ဖြစ်သည်။

အမြန်ရေယာဉ်တိုင်းတွင် ခရီးသည် ၁၅၀ ဦး လိုက်ပါနိုင်သော ဆိုဖာထိုင်ခုံများ တပ်ဆင်ထားရှိပြီး ရေယာဉ် တစ်စီးလျှင် ခရီးသည်များအပန်းဖြေဖျော်ရေး အဖြစ် ရုပ်မြင်သံကြားစက် ၄ လုံး တပ်ဆင်ထားရှိသည်။

သီဟထွန်းရေယာဉ်အသင်း အခြေစိုက်သည့် မုံရွာဆိပ်ကမ်းတွင်ခရီးသည်များအတက်အဆင်း လွယ်ကူစေရန် သစ်သားဆိပ်ခံတံတားတစ်စင်း ထားရှိပေးကြောင်း သိရှိရသည်။

သီဟထွန်းရေယာဉ်ဖြင့်လိုက်ပါလိုသော ခရီးသည်တစ်ဦးလျှင် မုံရွာ-ဟုမ္မလင်း- ၁၄,၀၀၀ ကျပ်၊ မုံရွာ-မင်းကင်း- ၄,၅၀၀ ကျပ်၊ မုံရွာ-ကလေးဝ-၆,၅၀၀ ကျပ်၊ မုံရွာ-မော်လိုက်-၉,၀၀၀ကျပ်၊မုံရွာ-ဖောင်းပြင်-၁၂,၀၀၀ ကျပ်၊ ဟုမ္မလင်း-ဖောင်းပြင်- ၄,၀၀၀ ကျပ်၊ ဟုမ္မလင်း-မော်လိုက်-၆,၀၀၀ ကျပ်၊ဟုမ္မလင်း-ကလေးဝ-၆,၀၀၀ ကျပ်၊ဟုမ္မလင်း-ကလေးဝ-၇,၀၀၀ ကျပ်၊ဟုမ္မလင်း-မင်းကင်း-၁၀,၀၀၀ ကျပ်၊ဟုမ္မလင်း-မုံရွာ-၁၀,၀၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲလျက်ရှိသည်။

ချင်းတွင်းမြစ်ရေမြင့်တက်ချိန်များတွင်သာ ချင်းတွင်းရေကြောင်းသွားသင်္ဘောခရီးစဉ်များ ပြေးဆွဲလျက်ရှိပြီးချင်းတွင်းမြစ်ရေ ပါးချိန်တွင် ချင်းတွင်းရေကြောင်းသွား အမြန်ရေယာဉ် ရှော်တယ်များဖြစ်သည့် ရွှေနဒီ၊ငွေဇင်ဦး၊ MGRG နှင့်သီဟထွန်းခရီးသည်တင် အမြန်ရေယာဉ်များနေ့စဉ် ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

# တာဝန်သိ ခရီးသွားလုပ်ငန်းကို ဂျာမန် အင်န်ဂျီအိုနှင့် ပူးပေါင်းဖော်ဆောင်မည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၅**

တာဝန်သိခရီးသွားလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဂျာမနီအခြေစိုက် Hann Siedal NGO နှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့တို့ လာမည့်နှစ်ပတ်အတွင်း နားလည်မှုစာချွန်လွှာ ရေးထိုးရန်ရှိကြောင်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“MOU ထိုးပြီးရင် Responsible Tourism နဲ့ ပတ်သက်တဲ့ သင်တန်းတွေ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်လာဖို့ရှိကြပါတယ်” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ မှဦးကျော်ထွန်းက ပြောသည်။

ထို့အပြင် အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အစီအစဉ်ရေးဆွဲရာတွင်တာဝန်သိ ခရီးသွားလုပ်ငန်းအကြောင်း ရေးဆွဲရန်ရှိကြောင်းလည်း သတင်းရရှိသည်။

တာဝန်သိခရီးသွားလုပ်ငန်းအကြောင်းနှင့် ပတ်သက်၍ Hann Siedal အင်န်ဂျီအိုက ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၃ ရက်အထိ နေပြည်တော်တွင်ကျင်းပခဲ့ပြီး အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

# မော်တင်စွန်းဘုရားပွဲတော်သို့ ယာဉ်ကြီးများ ပြေးဆွဲခွင့်မပြုတော့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ-၂၉**

မော်တင်စွန်း ဘုရားပွဲတော်ကာလတွင်း ၁၄ ပေ ဒိုင်နာအထက် ယာဉ်ကြီးများ ပြေးဆွဲခွင့်ကို ယခုနှစ်မှစ၍ ရပ်ဆိုင်းလိုက်ပြီ ဖြစ်ကြောင်း တိုင်းပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ ဌာနမှ ဥက္ကဋ္ဌ ဒေါ်တင်တင်လှက ပြောသည်။

“ဒီနှစ်မှာ ယာဉ်ကြီးတွေ ရပ်ဆိုင်းရခြင်းက အရင်တုန်းကတော့ ကားရှားလို့ ခရီးသည်တွေ သွားလာရအဆင်ပြေတဲ့ကုန်ကားကြီးတွေပါ ဒီကာလမှာ ခရီးသည်ယာဉ်အဖြစ် ပြောင်းလဲပြေးဆွဲခွင့်ပေးတာ။ အခုနောက်ပိုင်းမှ ဟိုင်းလတ်ယာဉ်တွေ၊ လိုက်ထရပ်လို ကားအသေးတွေများလာတာရယ်၊ သက်ကြီးရွယ်အိုတွေ ကားအကြီးတွေပေါ်မှာ အတက်အဆင်း အဆင်မပြေ ဖြစ်ရတာတွေရယ်၊ လမ်းတစ်လျှောက်မှာရှိတဲ့ တံတားတွေရဲ့ ခံနိုင်ဝန်တွေကြောင့် အခုလိုကားကြီးတွေ မဆွဲဖို့ ကန့်သတ်လိုက်တာပါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အဆိုပါ ဆုံးဖြတ်ချက်ကို တိုင်းပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ တစ်ခုတည်းက ချမှတ်လိုက်ခြင်း မဟုတ်ဘဲ၊ သယ်ယူပို့ဆောင်ရေးကော်မတီနှင့် ဘုရားပွဲတော်ဖြစ်မြောက်ရေး ဦးစီးကော်မတီတို့နှင့် ညှိနှိုင်း၍ ဆုံးဖြတ်ထားခြင်းဖြစ်သည်ဟု ဒေါ်တင်တင်လှက ပြောသည်။

ကားကြီးများ ရပ်ဆိုင်းရခြင်း၏ အဓိကအကြောင်းရင်းတွင် လမ်းတစ်လျှောက် ဖြတ်သန်းရမည့်တံတားများ၏ ခံနိုင်ဝန်ကြောင့် တံတားများပျက်စီးမှု ရှိမည်စိုး၍ ကန့်သတ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုကန့်သတ်ချက်ကြောင့် နှစ်စဉ် ဘုရားပွဲတော်ကာလမှာ ပြေးဆွဲနေကျဖြစ်သော ကုန်ကားပိုင်ရှင်များက ပွဲတော်ကာလအတွက်ပြင်ဆင်မှုများ ရပ်ဆိုင်းလိုက်ရကြောင်း ပုသိမ်မြို့ခံကုန်တင်ယာဉ်ပိုင်ရှင်များက ပြောသည်။

မော်တင်စွန်း ဘုရားပွဲသို့ လာရောက်သူများမှာ ခမောက်မှော်ကျေးရွာထိသာ စက်လှေများဖြင့် လာရောက်နိုင်ပြီး ခမောက်မှော်ကျေးရွာမှတစ်ဆင့် မော်တင်စွန်းနှင့် မြွေတောင်များသို့ ခေါက်တိုပြေးဆွဲသောကားများဖြင့်သာ သွားရောက်နိုင်သည်။

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

The Cartoon Logo















7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# ထိုင်း ရှပ်ဝါခေါင်းဆောင်အား ငွေကြေး မသမာမှုဖြင့် ထောင်ဒဏ်နှစ် ၂၀ ချမှတ်


Photo - AP

**ဘန်ကောက်၊ ဖေဖော်ဝါရီ - ၂၈**

ဘန်ကောက်မှုပြစ်မှုဆိုင်ရာတရားရုံးတစ်ခုသည် ရှပ်ဝါဆန္ဒပြလှုပ်ရှားမှုများကို ခေါင်းဆောင်ခဲ့သည့် မီဒီယာသူဌေး ဆွန်ဒီလင်မ်သောင်ကူလ်အား ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ရှပ်ဝါအဖွဲ့၏ ခေါင်းဆောင် ဆွန်ဒီသည် ၂၀၀၆ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း သက်ဆင်အား ဖြုတ်ချခဲ့သော ထိုင်း၏ အရောင်စုံနိုင်ငံရေးပဋိပက္ခတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၉၀ နှစ်များအတွင်း ဥပဒေချိုးဖောက်မှုကြောင့် လုံခြုံရေးနှင့် ငွေကြေးလဲလှယ်ရေး ဥပဒေပုဒ်မအရ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ ၎င်းသည် တရားရုံး၏အဆိုအရ အထောက်အထား စာရွက်စာတမ်းအတုများ အသုံးပြုကာ ၎င်း၏ ASTV/ Manager မီဒီယာလုပ်ငန်းအတွက် ဘတ်ငွေ ၁ ဒသမ ၁ ဘီလီယံနီးပါး (ဒေါ်လာ ၃၆ သန်း) ခန့်ကို ပူးပေါင်းချေးငွေရယူရန် ကြိုးပမ်းမှုတွင် ပါဝင်ခဲ့ကြောင်း ပြောကြားသည်။

ဆွန်ဒီဦးဆောင်သော ရှပ်ဝါအုပ်စုသည် ဘုရင်ကိုထောက်ခံသည့်အဖွဲ့ဖြစ်ပြီး ဘန်ကောက်အခြေစိုက် အထက်တန်းလွှာ၏ ထောက်ခံမှုကို ရခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဘန်ကောက်လေဆိပ်များကို ပိတ်ဆို့ဆန္ဒပြခြင်းကြောင့် လူကြိုက်များမှုကျဆင်းခဲ့သည်။ ထို့နောက် ၂၀၀၉ တွင် ဆွန်ဒီသည် သေနတ်နှင့် ပစ်ခတ်လုပ်ကြံခံရသော်လည်း ဦးခေါင်း၌သာဒဏ်ရာရကာအသက်ရှင်ခဲ့သည်။

ထိုင်းနိုင်ငံတွင်ပြီးခဲ့သောနှစ်များအတွင်း ဘန်ကောက်အစိုးရကိုထောက်ခံသည့် ရှပ်ဝါများနှင့် သက်ဆင်ကို ထောက်ခံသည့် ဆင်းရဲသားနှင့် အလုပ်သမားလူတန်းစား အများစုပါဝင်သော ရှပ်နီများသည် အပြိုင်အဆိုင်ဆန္ဒပြခဲ့ကြသည်။ ၂၀၁၀ တွင်မူ ဘန်ကောက်၌ ရှပ်နီများ၏ ဆန္ဒပြမှုများမှာ အဆိုးဝါးဆုံးဖြစ်ခဲ့ပြီး စစ်တပ်၏ဖြိုခွင်းမှုကြောင့် လူပေါင်း ၉၀ ကျော်သေဆုံးခဲ့သည်။

—*Ref: AFP*

# ၂၀၀၇ နှင့် ၂၀၁၁ အတွင်း စင်ကာပူနိုင်ငံသား ၁,၂၀၀ ခန့် နှစ်စဉ်နိုင်ငံသားအဖြစ်မှ နုတ်ထွက်

**စင်ကာပူ၊ ဖေဖော်ဝါရီ - ၂၈**

စင်ကာပူနိုင်ငံသား ၁,၂၀၀ ခန့်သည်နှစ်စဉ် ၂၀၀၇ နှင့် ၂၀၁၁ လေးနှစ်အတွင်း နိုင်ငံသားအဖြစ်မှစွန့်လွှတ်ခဲ့ကြကြောင်း သိရသည်။ ယင်းမှ ၃၀၀ ခန့်မှာမူ နိုင်ငံသားအဖြစ် ခံယူထားခဲ့ကြသူများဖြစ်ကြောင်း ဆိုသည်။ သို့သော် စင်ကာပူလက်ထောက်ဝန်ကြီးချုပ် တီယိုချီဟင်းက ပါလီမန်သို့အစီရင်ခံရာ စင်ကာပူ၌ နိုင်ငံသားခံယူထားများနှင့် ဇာတိ နိုင်ငံသားနှစ်ရပ်စလုံးတွင် နိုင်ငံသားအဖြစ်မှစွန့်လွှတ်နုတ်ထွက်မှုသည် ဝ ဒသမ ၁ ရာခိုင်နှုန်းနှင့် အောက်သာရှိပြီး အလွန်နည်းပါးကြောင်း ဆိုသည်။

၎င်းက အချို့သူများအဘယ့်ကြောင့် နိုင်ငံသားအဖြစ်မှ နုတ်ထွက်ခဲ့ကြောင်းကို ရှင်းပြခဲ့ပြီး၊ စင်ကာပူသည်နိုင်ငံသားလျှောက်ထားသူများအားလုံး၏ လျှောက်လွှာတိုင်းကို ဂရုတစိုက် စစ်ဆေးနေကြောင်းဆိုသည်။ မစ္စတာ တီယိုက "တရားဝင်နေထိုင်ခွင့် ဒါမှမဟုတ် စင်ကာပူနိုင်ငံသားအဖြစ် လျှောက်ထားမှုတိုင်းကို သမိုင်းကြောင်းအရ သုံးသပ်စစ်ဆေးပါတယ်။ စီးပွားရေးလုပ်ဆောင်မှုတွေ၊ အရည်အသွေးတွေ၊ အသက်အရွယ်၊မိသားစုအချက်အလက်နဲ့ စင်ကာပူမှာနေထိုင်တဲ့ကာလကြာရှည်မှုတွေကိုပါထည့်သွင်းပြီး စစ်ဆေးပါတယ်" ဟု ပြောသည်။

စင်ကာပူနိုင်ငံသား ခံယူထားသူများနှင့် တရားဝင်နေထိုင်ခွင့်ရထားသူများ အားလုံးသည် နိုင်ငံသားအဖြစ်မှ တရားဝင်နေထိုင်သူအဖြစ်မှ ပြန်နုတ်ထွက်မည်ဆိုပါက မိမိတို့ပိုင်ဆိုင်ထားသော ပြည်သူ့အိမ်ရာတိုက်ခန်းများကို ပြန်လည်ရောင်းချသွားရမည်ဖြစ်ကြောင်း ၎င်းကဆိုခဲ့သည်။

—*Ref: CNA*



Photo - Getty Images

# ငါးနှစ်အတွင်း သစ်တောများ ပြန်လည်ထူထောင်ရေး ဒေါ်လာ ၉၉ သန်း ထိုင်းအစိုးရ သုံးစွဲမည်

**ဘန်ကောက်၊ ဖေဖော်ဝါရီ - ၂၈**

ထိုင်းအစိုးရသည် နိုင်ငံတွင်း၌ သစ်တောများပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးအတွက် လာမည့်ငါးနှစ်အတွင်း ဒေါ်လာ ၉၉ သန်းခန့်ခွဲဝေသုံးပြုသွားရန် သတ်မှတ်ခဲ့ကြောင်း ဘန်ကောက်ပို့စ်သတင်းတစ်ရပ်ကဖော်ပြသည်။ ယခုဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ်ယင်လပ်ခ်ဦးဆောင်သော ထိပ်တန်းအစိုးရ အရာရှိများ၏ အစည်းအဝေးက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်အပတ်က ထိုင်းဘုရင်ဘူမိဘောက သစ်တောများခုတ်လှဲခြင်းနှင့် ၂၀၁၁ က ရေကြီးခဲ့မှုတို့ကြောင့် သစ်တောများပျက်စီးမှုကို စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်အပြီး ယခုဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုင်းအမျိုးသားသဘာဝဥယျာဉ်၊ သက်ရှိတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးဌာနက မြေပမာဏစတုရန်းမီတာ ၆,၄၀၀ သန်းကို သစ်တောများအဖြစ် ပြန်လည်စိုက်ပျိုးရန်ကုန်ကျစရိတ်ဒေါ်လာ၆၆သန်းကျော်သုံးစွဲမည်ဖြစ်သည်။တော်ဝင်သစ်တောဌာနအကြီး ကဲဆူဝစ် ရက်တနာမန်နီက ဘတ်ဂျက် ဘတ်ငွေ တစ်ဘီလီယံသည် သစ်တောများ၏ ဂေဟဗေဒစနစ်ပြန်ထူထောင်ရန်လုံလောက်ကြောင်းယင်းတွင်သစ်တောထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအတွက် လေ့ကျင့်ရေးအစီအစဉ်များလည်းပါဝင်ကြောင်း ဆိုထားသည်။

ယခုအခါ ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်သည် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး ပရီချာရမ်ဆွန်ဘွန်ဆက်အား သစ်တောခုတ်လှဲမှုများအပေါ် ပြစ်ဒဏ်တိုးမြှင့်ချထားရန် ညွှန်ကြားထားသည်ဟု သိရသည်။

—*Ref: Xinhua*

# သြစတြေးလျမှ တင်ပို့သော နွားများအား အင်ဒိုနီးရှားတွင် ရက်စက်စွာသတ်ဖြတ်နေမှုကို စုံစမ်းစစ်ဆေးမည်

**ဆစ်ဒနီ၊ ဖေဖော်ဝါရီ - ၂၉**

မကြာသေးမီက တိရစ္ဆာန်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ တစ်ဖွဲ့၏ ဗီဒီယိုတစ်ခုတွင် အင်ဒိုနီးရှား၌ သြစတြေးလျမှ တင်သွင်းသော နွားများကို ရက်စက်စွာသတ်ဖြတ်၍ အသားထုတ်လုပ်ကြောင်းတွေ့ခဲ့ရသော်လည်း သြစတြေးလျအစိုးရသည်သားငါးထုတ်လုပ်မှုဆိုင်ရာလုံခြုံစိတ်ချရမှု စံနှုန်းများကို ချမှတ်ထားခဲ့ပြီးဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

သြစတြေးလျ စိုက်ပျိုးရေးဝန်ကြီး ဂျိုလုဒ်ဝစ်က ၎င်းသည် Animals Australia တိရိစ္ဆာန်အခွင့်အရေးကာကွယ်ရေးအဖွဲ့မှ ထုတ်လွှင့်ခဲ့သော ဗီဒီယိုကိုကြည့်၍ အံ့သြခဲ့ရကြောင်း၊ထိုဗီဒီယိုတွင် အင်ဒိုနီးရှား သားသတ်သမားများသည် နွားများကို စည်းကမ်းအညီ သုတ်သင်ခြင်းမရှိဘဲ မသေမရှင်ဖြစ်နေချိန်တွင် အသားများလှီးယူထုတ်လုပ်နေကြောင်းတွေ့ရသည်ဟု ဆိုသည်။ သြစတြေးလျအစိုးရသည် ပြီးခဲ့သည့် နှစ်ကလည်း ထိုသို့ တိရစ္ဆာန် ညှဉ်းပန်းမှုကို ရိုက်ကူးထားသည့် ဗီဒီယိုတစ်ခု ပျံ့နှံ့ခဲ့ပြီး လူထု၏ ဝေဖန်မှုများကြောင့် အင်ဒိုနီးရှားသို့ ကျွဲနွားအရှင်များ တင်ပို့မှုကို တစ်လခန့် ဖြတ်တောက်ခဲ့ဖူးသည်။

ထို့နောက် အင်ဒိုနီးရှားဘက်မှ တိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်မည့် သားသတ်လိုင်စင်စနစ်သစ်ကို သဘောတူညီလိုက်နာပြီးနောက်မှသာ ကျွဲ၊ နွားတင်ပို့မှုပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီး လုဒ်ဝစ်က "Animals Australia အဖွဲ့ရဲ့ အဲဒီဗီဒီယိုနဲ့အတူ အာဏာပိုင်တွေဟာ စုံစမ်းစစ်ဆေးမှုတွေ စတင်နေပါတယ်။ ဒီအထဲမှာ ဘယ်သားသတ်သမားတွေနဲ့ အသားထုတ်လုပ်တဲ့လုပ်ငန်းတွေပါ နေလဲဆိုတာ စစ်ဆေးနေပါတယ်။ ဒီကျွဲနွားတွေဟာ သြစတြေးလျကတင်ပို့တာမှန်ရင် တင်ပို့သူကို စုံစမ်းစစ်ဆေးပြီးထိုက်သင့်သလိုအရေးယူမှုတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟုပြောသည်။

—*Ref: AFP*



# Leader's Profile

## နိုင်ငံတကာ ရဲတပ်ဖွဲ့အကြီးအကဲ

# မစ္စတာခိုဘွန်ဟွီး

ရဲမင်း

မစ္စတာခိုဘွန်ဟွီးသည် စင်ကာပူနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ထိပ်တန်းလက်ထောက်အတွင်းဝန်ဖြစ်ပြီး နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပို)၏ လက်ရှိဥက္ကဌလည်း ဖြစ်သည်။

ခိုဘွန်ဟီးအား ၁၉၅၄ ခုနှစ်တွင်စင်ကာပူနိုင်ငံ၌ မွေးဖွားခဲ့ပြီး အခြေခံပညာရေးကို အင်္ဂလိပ်-တရုတ်ကျောင်းတွင် သင်ယူခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် အရှိန်အဝါကြီးမားသော စင်ကာပူလက်နက်ကိုင်တပ်ဖွဲ့ နိုင်ငံခြားပညာတော်သင်ဆုချီးမြှင့်ခြင်းခံရသည်။ မစ္စတာခိုသည် ၁၉၇၆ ခုနှစ်တွင် အောက်စဖို့ဒ်တက္ကသိုလ်၊ စိန့်ဂျွန်ကောလိပ်မှ အင်ဂျင်နီယာနှင့် စီးပွားရေးဘာသာတွဲဖြင့် ဘီအေဘွဲ့ ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ကနေဒီအစိုးရအုပ်ချုပ်ရေးကျောင်းမှပြည်သူ့အုပ်ချုပ်ရေး မဟာဘွဲ့ ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဝါရှင်တန်ကျောင်း၌ အဆင့်မြင့် စီမံခန့်ခွဲရေး အစီအစဉ်သို့ တက်ရောက်ခဲ့သည်။

၁၉၇၆ ခုနှစ် အောက်စဖို့ဒ်တက္ကသိုလ်မှ ဘွဲ့ရပြီးချိန်တွင် မစ္စတာခိုဘွန်ဟွီးသည် စင်ကာပူရဲတပ်ဖွဲ့သို့ ဝင်ရောက်၍ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ တွင် မဟာဗျူဟာ စီမံကိန်းဒါရိုက်တာ၊ ၁၉၉၀ တွင် ရဲချုပ်နှင့် ၁၉၉၁ ခုနှစ်တွင် ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာန၏ ညွှန်ကြားရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဒုတိယရဲမင်းကြီးတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် စင်ကာပူရဲတပ်ဖွဲ့၏ ရဲမင်းကြီးအဖြစ်တာဝန်ယူခဲ့ပြီး ယင်းတာဝန်ကို ၁၂ နှစ်ကြာထမ်းဆောင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင်ပြည်ထဲရေးဝန်ကြီးဌာန ထိပ်တန်းလက်ထောက်အတွင်းဝန်အဖြစ် ပြောင်းလဲတာဝန်ယူခဲ့သည်။

မစ္စတာခိုဘွန်ဟွီးသည် ၂၀၀၆ ခုနှစ်တွင် အင်တာပိုအဖွဲ့၏အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးချယ်ခံခဲ့ရပြီး အင်တာပို၏ အာရှဒေသ ဒုတိယဥက္ကဌအဖြစ် ရွေးချယ်ခံရသည်။ ၎င်းရာထူးတွင် ၂နှစ်တာ တာဝန်ထမ်းဆောင်စဉ်အတွင်းအာဆီယံ ရဲတပ်ဖွဲ့နှင့် နိုင်ငံတကာရဲတပ်ဖွဲ့ကြားပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်လာရန် မစ္စတာခိုဘွန်ဟွီးက တက်တက်ကြွကြွဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ယင်းရဲတပ်ဖွဲ့နှစ်ဖွဲ့ကြားပူးပေါင်းဆောင်ရွက်ရေး ကြေညာချက်စာတမ်းကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် အင်တာပို ဥက္ကဌအဖြစ်ရွေးချယ်ခံရသည်။

မစ္စတာခိုဘွန်ဟွီးသည် ရဲတပ်ဖွဲ့နှင့် ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်မှုများအတွက် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုနှင့် ဂုဏ်ထူးဆောင်ဆုများ ရရှိခဲ့သည်။ မစ္စတာခိုဘွန်ဟွီးသည် ဇနီးသည် သက်တီခိုနှင့်အတူ သားသမီးနှစ်ဦး ထွန်းကားထားသည်။

—Ref: Wikipedia

## နောက်ကျောဖုံး - ရုရှားသမ္မတရွေးကောက်ပွဲ ဝန်ကြီးချုပ်တစ်ဖြစ်လဲ ပူတင်အနိုင်ရ မှ



မစ္စတာပူတင်သည် ရွေးကောက်ပွဲ ပထမအဆင့်တွင် ထောက်ခံမဲ ၆၀ ရာခိုင်နှုန်းကျော် ရရှိခဲ့ကြောင်း ကနဦးရလဒ်များက ဖော်ပြပြီး ကွန်မြူနစ်ပါတီ ဥက္ကဌ ဂျင်နဒီဇူဂါနော့ဗ်က ဒုတိယနေရာတွင် ရှိနေသည်။

"ကျွန်တော်တို့ဟာ ရိုးသားပွင့်လင်းတဲ့ တိုက်ပွဲမှာ အနိုင်ရရှိခဲ့ပါတယ်" ဟုမျက်ရည်ဝိုင်းနေသော ပူတင်က မာနက်ဇ်ရင်ပြင်တွင်ရာထူးမှ ဆင်းပေးတော့မည့် သမ္မတ ဒီမီထရီမက်ဗီဒက်နှင့်အတူမတ်တတ်ရပ်နေရင်း အောင်ပွဲခံစင်မြင့်ထက်မှ ပြောကြားသည်။

"ကျွန်တော်တို့နိုင်လိမ့်မယ်လို့ ခင်ဗျားတို့ကို ကျွန်တော် ကတိပေးခဲ့ပါတယ်။ ကျွန်တော်တို့နိုင်သွားပါပြီ။ ရုရှားနိုင်ငံ ဂုဏ်ရောင်ထွန်းပြောင်ပါစေ" ဟုပူတင်က ပြောကြားပြီး မဲပေးကြသည့် မဲဆန္ဒရှင်များသည် ရုရှားနိုင်ငံအား ဖြိုခွဲရန်နှင့်အတင်း အကျပ်အာဏာရယူရန် ရည်မှန်းသည့် လှုံ့ဆော်မှုများကိုပါ အနိုင်ယူလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အသက် ၅၉ နှစ်ရွယ် မစ္စတာပူတင်သည် အခြေခံဥပဒေ၏ သက်တမ်းကန့်သတ်ချက်ကြောင့် သမ္မတသက်တမ်းနှစ်ကြိမ်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရာထူးမှ ဆင်းပေးခဲ့သည်။ ယင်းနောက်ဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သည်။

ရုရှားနိုင်ငံတွင် ၂၀၁၁ ဒီဇင်ဘာလက ပါလီမန်ရွေးကောက်ပွဲများကျင်းပခဲ့ပြီး ၎င်းရွေးကောက်ပွဲတွင်လည်း မစ္စတာပူတင်ဦးဆောင်သော ယူနိုက်တက်ရုရှားပါတီက လူများစုနေရာရရှိခဲ့သည်။ သို့သော်ထိုအချိန်ကလည်း မဲပေးရာတွင် မသမာမှုများရှိခဲ့သည်ဟု ပြောဆိုမှုများ ပေါ်ထွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းသော ဆူပူဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့သည်။

ရုရှားရွေးကောက်ပွဲ ကို ဥရောပတိုက်ရှိအဖွဲ့အစည်းများမှ လေ့လာသူပေါင်း ၇၀၀ ကျော်က စောင့်ကြည့်လေ့လာနေကြောင်း သိရသည်။

—Ref: UPI, AFP, RIA

## အာတိတ်ရေခဲများ အရည်ပျော်မှုကြောင့် ကမ္ဘာ့မြောက်ပိုင်းတွင် နှင်းထူသည့်ဆောင်းရာသီများ ဖြစ်ပေါ်စေဟုဆို

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂၈** အာတိတ်ဒေသတွင် ရေခဲပင်လယ်များအရည်ပျော်မှုသည် ကမ္ဘာ့မြောက်ပိုင်းဒေသအတွင်း နှင်းထူထပ်သည့် ဆောင်းရာသီများကို ဖြစ်ပေါ်စေကြောင်း အမေရိကန်နှင့် တရုတ်သုတေသီများက ပြောကြားသည်။

ဂျော်ဂျီယာ နည်းပညာတက္ကသိုလ်မှ ဦးဆောင်ပြုလုပ်ခဲ့သောယင်းလေ့လာမှုတွင် အာတိတ်ရေခဲပင်လယ်ပြင်၏ ရေမျက်နှာပြင် အမြင့်သည် ၂၀၀၇ ၌ စံချိန်တင်အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း ဆိုထားသည်။ ကမ္ဘာ့မြောက်ပိုင်းဒေသသည်ပြီးခဲ့သော ၂၀၀၉-၁၀ နှင့် ၂၀၁၀-၁၁ ရာသီနှစ်ခုတွင် ဒုတိယနှင့် တတိယမြောက် နှင်းဖုံးလွှမ်းမှုအများဆုံးရာသီများဖြစ်ကြောင်း အမျိုးသား သိပ္ပံအကယ်ဒမီ၏ စာစောင်တွင် ဖော်ပြထားသည်။

သုတေသီများက အာတိတ်ရေခဲများ အရည်ပျော်ပျောက်ဆုံးမှုကြောင့် လေထုထဲတွင် ရေငွေ့ပါဝင်မှုပိုများပြီး ကမ္ဘာ့မြောက်ပိုင်းသို့တိုက်ခတ်သော လေစီးကြောင်းများမှတစ်ဆင့် နှင်းဖုံးသော ရာသီဥတုများ ဖြစ်ပေါ်စေနေကြောင်း ယုံကြည်နေကြသည်။ ယခုသုတေသနတွင် တရုတ်သိပ္ပံအကယ်ဒမီမှပညာရှင်များ၊ နယူးယောက်ကိုလံဘီယာတက္ကသိုလ်မှ ပညာရှင်များအပြင် အမေရိကန်အမျိုးသားအာကာသသိပ္ပံ နာဆာနှင့် အမျိုးသားသိပ္ပံ ဖောင်ဒေးရှင်းမှ ပညာရှင်များလည်း ပါဝင်ခဲ့သည်။

—Ref: AFP

## နောက်ကျောဖုံး - ဆီးရီးယားလူထုကို အကူညီပေးရန် အစ္စရေး စိတ်အားထက်သန်နေ မှ

"ကျွန်တော်တို့ဟာ လူသားတွေပါ။ နိုင်ငံရေးသမားတွေ၊ ဝေဖန်ဆန်းစစ်သူတွေ၊ ခေါင်းဆောင်တွေ၊ ဂျာနယ်လစ်တွေ မဖြစ်လာခင်အစပထမမှာ ကျွန်တော်တို့ဟာ လူသားတွေဖြစ်ပါတယ်။ ဆီးရီးယားမှာဖြစ်ပေါ်နေတာတွေကဘယ်လိုမှ သည်းခံနိုင်စရာ မရှိပါဘူး။ ကျွန်တော်တို့အကူအညီပေးရမယ်" ဟုအစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မစ္စတာလိုင်ဘာမန်း၏ မှတ်ချက်များမှာ ဆီးရီးယားတွင် အတိုက်အခံတို့၏ အမာခံနယ်မြေများအားနှိမ်နင်းရာ၌ အီရန်နိုင်ငံက ပါဝင်ကူညီနေကြောင်း အမည်မဖော်လိုသော ကန်အရာရှိ သုံးဦးအား ကိုးကား၍ ဝါရှင်တန်ပို့စ်ကသတင်းထုတ်ပြန်လိုက်ချိန်နှင့် တိုက်ဆိုင်နေသည်။ —Ref: UPI

## နောက်ကျောဖုံး - အီရန်အပေါ် အင်အားသုံးမည့်အရေး အိုဘားမား သတိပေးပြောဆို မှ

"ကျွန်တော့်မှာ ထိန်းချုပ်ရေးပေါ်လစီတစ်ရပ် အမှန်တကယ်ရှိတယ်ဆိုတာကို အီရန်ခေါင်းဆောင်တွေသိသင့်ပါတယ်။ အီရန်က နျူကလီးယားလက်နက်ရရှိသွားမှာကို တားဆီးမယ့် ပေါ်လစီတစ်ရပ် ကျွန်တော့်မှာ ရှိပါတယ်" ဟု ဝါရှင်တန်၌ ပြုလုပ်ခဲ့သည့် အမေရိကန်-အစ္စရေးပြည်သူ့ရေးရာကော်မတီ (Aipae) ၏နှစ်ပတ်လည် ပေါ်လစီကွန်ဖရင့်တွင် အိုဘားမားက ပြောကြားသည်။

"ကျွန်တော်ရဲ့ သမ္မတသက်တမ်းတစ်လျှောက် မကြာခဏပြောခဲ့သလိုပါပဲ အမေရိကန်နိုင်ငံနဲ့ နိုင်ငံရဲ့အကျိုးစီးပွားတွေကို ကာကွယ်သွားဖို့ရာ အင်အားသုံးဖို့ကို ကျွန်တော်တွန့်ဆုတ်နေမှာ မဟုတ်ပါဘူး" ဟု အမေရိကန်သမ္မတက ဆက်လက်ပြောသည်။

သို့သော်လည်း အထီးကျန်နေသည့်အီရန်ကို နောက်ကွယ်မှ ဖိအားပေးသော သံတမန်ရေးနည်းလမ်း အသုံးပြုပါကလည်း အောင်မြင်နိုင်သေးကြောင်း အိုဘားမားက ပြောကြားသည်။

—Ref: BBC

## နောက်ကျောဖုံး - စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှု ရည်မှန်းချက် တရုတ်လျှော့ချ မှ

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့သော ၂၀၁၁ တွင် ၉ ဒသမ ၂ ရာခိုင်နှုန်းသို့လျော့ကျသွားသည်။ ယခုနှစ်အတွက်လျှော့ချထားသော စီးပွားရေးရည်မှန်းချက်မှာ ယူရိုဇုန်ကြွေးမြီအကျပ်အတည်းနှင့် အမေရိကန် စီးပွားရေးနာလန်ထမှု နှေးကွေးလာခြင်းကို အစိုးရက တရားဝင် အသိအမှတ်ပြုခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

—Ref: AFP

7 DAY NEWS JOURNAL
No.1 · MARCH 8 , 2012



# နိုင်ငံရေးက လူတိုင်းရဲ့ စိတ်ထဲမှာ ရှိနေပါတယ်

## ရုရှားသမ္မတ ရွေးကောက်ပွဲဝင်မည့် ဘီလျံနာသူဌေး မစ်ခေးလ်ပရိုခိုရော့ဗ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ရုရှားရဲ့နာမည်ကျော် ဘီလျံနာသူဌေး မစ်ခေးလ် ပရိုခိုရော့ဗ်ဟာ ယခုတော့ စီးပွားရေးလောကကနေနိုင်ငံရေးလောကထဲဝင်ဖို့ခြေလှမ်းစတင်နေပြီဖြစ်ပါတယ်။

ရုရှားသမ္မတရွေးကောက်ပွဲကို မကြာမီပြုလုပ်တော့မှာဖြစ်သလို ယခင်သက်တမ်းနှစ်ကြိမ်ဆက်တိုက်သမ္မတဖြစ်ခဲ့တဲ့ မစ္စတာပူတင်က ဝန်ကြီးချုပ်ကနေ သမ္မတပြန်ဖြစ်ဖို့ သေချာသလောက် ဖြစ်နေတာမို့ ပူတင်ဆန့်ကျင်ရေး ဆန္ဒပြမှုတွေဟာလည်း ရုရှားမှာ ကြီးထွားလာနေပါတယ်။ ဒါ့ကြောင့် ရုရှားရဲ့ လက်ရှိနိုင်ငံရေး မြင်ကွင်းဟာ ပူတင်ဆန့်ကျင်ရေးနဲ့ ထောက်ခံရေးအင်အားစုတွေရဲ့ အားပြိုင်ပွဲတစ်ရပ်အဖြစ်သာမက ရုရှားဒီမိုကရေစီဟာ အတုလား၊ အစစ်လားဆိုတာကိုပါ ဆန်းစစ်ရမယ့်ပွဲ တစ်ပွဲဖြစ်လို့လာနေပါတယ်။ ဒီလို နိုင်ငံရေးမြင်ကွင်းထဲကို အသက် ၄၀ ကျော်အရွယ်ဘီလျံနာ ပရိုခိုရော့ဗ်က တိုင်းပြည်ကိုပိုကောင်းအောင်လုပ်ပေးနိုင်လို့ ဝင်လာတာလို့ပြောပြီး ပါတီနောက်ခံမရှိ တစ်သီးပုဂ္ဂကယှဉ်ပြိုင်သူတစ်ဦးအနေနဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ ဒါ့ကြောင့် ရုရှားသမ္မတရွေးကောက်ပွဲဝင်မယ့် ထူးထူးခြားခြား ဘီလျံနာကို ယူရိုသတင်းက အမေးအဖြေလုပ်ထားသမျှပြန်လည်ဖောက်သည်ချတင်ဆက်ပေးလိုက်ရပါတယ်။

**ဘာ့ကြောင့် နိုင်ငံရေးမှာ ဝင်ပါဖြစ်ခဲ့တာပါလဲ။**

လူတိုင်းကဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်နေတယ်။ မလုပ်ဘဲ ရပ်တန့်နေတဲ့ သူတွေက အနားယူကုန်ကြပြီ။ ဒီတော့ စီးပွားရေးလောကမှာ ကိုယ်ဟာတချို့သောရလဒ်တွေ အောင်မြင်ရရှိခဲ့ပေမဲ့ တိုင်းပြည်ကို ဘာမှမကူညီနိုင်ဘူးဆိုတာ သိနားလည်လာတော့ တခြားနည်းတွေ လုပ်ဖို့စဉ်းစားမိတယ်။ ဒါ့ကြောင့်ပဲ ကျွန်တော် နိုင်ငံရေးကို လှမ်းကြည့်မိတာ။ ကျွန်တော့်တိုင်းပြည်ကို ပိုကောင်းအောင်လုပ်နိုင်လို့ ဒီနေရာရောက်လာတာလည်း မှန်ပါတယ်။

**ဒီတော့ လက်ရှိ မဲဆွယ်စည်းရုံးမှုကလူကြီးမင်းအတွက် နောက်ထပ်အတွေ့အကြုံတစ်ရပ်ပေါ့။ တချို့က ပြောတာတော့ ရွေးကောက်ပွဲရလဒ်ကို ဆုံးဖြတ်ထားပြီးပြီဆိုနေတော့လေ။**

ဒီတစ်ချက်မှာတော့ ကျွန်တော်ခင်ဗျားနဲ့ သဘောမတူဘူးဗျ။ ကျွန်တော်တို့နေထိုင်နေတာ သိပ်အရှိန်အဟုန်ပြင်း၊ မြန်ဆန်တဲ့ကမ္ဘာထဲမှာပါ။ ကျွန်တော်တို့လူ့အဖွဲ့အစည်းက နိုးကြားနေပါပြီ။ နိုင်ငံရေးက လူတိုင်းရဲ့ စိတ်ထဲမှာရှိနေပါတယ်။ ပြီးတော့ ကျွန်တော်မဲဆွယ်စည်းရုံးမှုရဲ့ နောက်ဆုံးနှစ်ပတ်တာကာလမှာ တချို့သော အံ့အားသင့်စရာတွေ ထုတ်ပြနိုင်ခဲ့တယ်လေ။

**‘နိုင်ငံရေးနဲ့ စီးပွားရေး’ ဆိုတော့ အရင်ဘီလျံနာခိုဒေါ် ကော့ဗ်စကီး ဖြစ်ခဲ့တဲ့နမူနာကိုကြည့်ပြီး လူကြီးမင်း စိတ်မပျက်ဘူးပေါ့။**

ဟင့်အင်း ကျွန်တော်စိတ်မပျက်ဘူး။ ဒီတိုင်းပြည်က အဲဒီကတည်းက အများကြီးပြောင်းလဲခဲ့ပြီးပြီ။ ပြည်သူတွေကလည်း ရုပ်ပိုင်းကြွယ်ဝမှုအတွက်နဲ့ သူတို့ရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုနဲ့ လုံခြုံမှုကိုစွန့်လွှတ်စတေးပေးချင်စိတ်မရှိကြတော့ဘူး။ လူတွေက လေးစားမှုကိုတောင်းဆိုနေတယ်။ လေးစားမှုကိုခင်ဗျား ဝယ်ယူလို့မရနိုင်ဘူးလေ။

**စကားလုံးနည်းနည်းနဲ့ပဲ ပြောမယ်ဆိုရင် လူကြီးမင်းရဲ့အစီအစဉ်က တခြားသမ္မတလောင်းတွေနဲ့ ဘယ်လိုများကွာခြားနေပါသလဲ။**

နိုင်ငံသားတွေဆိုတာ နိုင်ငံတော်ပေါ်လစီအားလုံးရဲ့ အခြေခံဖြစ်ရပါမယ်။ ပြီးတော့ အဲဒီပေါ်လစီတွေကိုလည်း နိုင်ငံတော်တစ်ခုတည်းရဲ့ အကျိုးစီးပွားတွေအတွက် မထမ်းဆောင်စေရပါဘူး။ နိုင်ငံတော်ကသာ နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို ထမ်းဆောင်သင့်ပါတယ်။ ဒုတိယအချက်အနေနဲ့တော့ ကျွန်တော်တို့ဟာ ဥရောပနဲ့အတူ တစ်ခုတည်းသောဈေးကွက်ကို ဖန်တီးနိုင်ရမယ်လို့ယုံကြည်မိပါတယ်။ ဥရောပမပါတဲ့ရုရှားရယ်၊ အပြန်အလှန်ပဲ ရုရှားမပါတဲ့ ဥရောပတို့ရယ်ဟာ ပေါင်းစည်းဆက်နွယ်မှုတွေနဲ့ အသစ်ဖြစ်လာတဲ့ ကမ္ဘာကြီးထဲမှာ ယှဉ်ပြိုင်နိုင်စွမ်းမရှိပါဘူး။ အဲဒါလုံးဝကို အဆုံးစွန်မဖြစ်နိုင်တာပါ။ ပြီးတော့ နောက်ဆုံးအချက်။ ကျွန်တော်ပြင်းပြင်းထန်ထန် ယုံကြည်တာကတော့ အဖွဲ့အစည်းစနစ်အကြီးကြီးတွေကို တည်ထောင်လည်ပတ်နိုင်စွမ်း အတွေ့အကြုံရှိတဲ့ တကယ့်မန်နေဂျာတစ်ဦးကသာ ကျွန်တော်တို့ တိုင်းပြည်ကို ကမ္ဘာ့ယှဉ်ပြိုင်မှုနယ်ပယ်သစ်ထဲ ဦးဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။



**တကယ်လို့ ကျန်ရစ်တဲ့ သမ္မတလောင်းက နှစ်ယောက်ပဲရှိနေပြီး လူကြီးမင်းကလည်း ထွက်သွားရပြီဆိုရင် ဘယ်သူ့ကိုဆက်ထောက်ခံမလဲ။**

အဲသလိုဇာတ်လမ်းမျိုး ကျွန်တော်တွေးကို မတွေးနိုင်ပါဘူး။ ထွက်ရမယ့်ပုံစံရှိလာရင်လည်း ကျွန်တော်က ဒုတိယမြောက်သမ္မတလောင်းတစ်ဦးပဲဖြစ်မှာပါ။

**ကောင်းပါပြီ။ ဒါဆိုရင် ဒီရွေးကောက်ပွဲတွေမှာ လူကြီးမင်းရှုံးခဲ့မယ်ဆိုရင်ရော နိုင်ငံရေးလောကထဲ ဆက်နေဦးမှာလား။ ကိုယ့်ကိုကမ်းလှမ်းလာမယ်ဆိုရင်ရော အစိုးရ ရာထူးတစ်ခုခုများ ယူဖို့ရှိပါသလား။**

လက်ရှိ စနစ်ထဲမှာတော့ ဘယ်ရာထူးကိုမှ ကျွန်တော်လက်ခံနိုင်မှာမဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီစနစ်က လက်ဝါးကြီးအုပ်စနစ် မိုနိုပိုလီဖြစ်နေလို့ပါ။ ဝန်ကြီးချုပ်ဆိုတဲ့ ရာထူးတောင်မှ ကရင်မလင်အတွက် ကိုယ်စားပြုအုပ်ချုပ်ဖို့ဖန်တီးထားတဲ့ တကယ့်နည်းစနစ်ပိုင်း သက်သက်ရာထူးနေရာဖြစ်နေတယ်။ ဒါ့ကြောင့် ကျွန်တော့်ကိုယ် ပိုင်ပါတီကို ဖန်တီးဖြစ်ပါမယ်။

**အဲဒီလိုလုပ်ဖို့လူကြီးမင်းဟာ ခြောက်နှစ်တောင် စောင့်ရမှာနော်။**

အဲသလောက်မလိုလှပါဘူး။ အရင်ဆုံးအနေနဲ့ လစဉ် ရွေးကောက်ပွဲတစ်ခုတော့ရှိနေတာပါ။ ဒေသတွေမှာလည်း နှစ်စဉ်ရွေးကောက်ပွဲတွေ ရှိနေပြီး ကျွန်တော်တို့အဲဒါတွေအားလုံးကို ဝင်ပြိုင်နိုင်ပါတယ်။ ပြီးတော့ဘယ်လိုပဲဖြစ်ဖြစ် ဒူးမားလွှတ်တော်ရဲ့အခြေအနေကလည်း လက်ရှိဖြစ်နေတဲ့ပြည်သူတွေဘက်က နိုင်ငံရေးအရမယုံကြည်မှု ရာသီဥတုထဲမှာ ကြာရှည်ခံလိမ့်မယ် မထင်ပါဘူး။

**လူကြီးမင်းဟာ ကိုယ့်ရဲ့ပါတီကို အစကနေအသစ်တည်ဆောက်သွားမှာလား။ ဒါမှမဟုတ် လက်ရှိတည်ရှိနေတဲ့ နိုင်ငံရေးအဆောက်အအုံကိုသုံးပြီး ဖော်ဆောင်သွားမှာလား။**

ကျွန်တော်က ကိုယ့်ပါတီကို ကျွန်တော့်ရဲ့ တန်ဖိုးစံတွေကို ဝေမျှနိုင်တဲ့သူတွေ အပြောင်းအလဲလိုချင်တဲ့နိုင်ငံသားတွေနဲ့ အစကနေအသစ်တည်ဆောက်သွားမှာပါ။ ကျွန်တော့်လမ်းစဉ်နဲ့ အညီ ကျွန်တော့်ရပ်တည်မှုကိုလည်း နိုင်ငံသားတွေက တင်သွင်းတဲ့စိတ်ကူးအကြံသစ်တွေနဲ့ ချဲ့ထွင်သွားမှာပါ။ ဒါ့အပြင် လုံးဝပြီးပြည့်စုံတဲ့ အခြေခံအသစ်တစ်ခုအပေါ်မှာ ပါတီတစ်ရပ်ကိုတည်ဆောက်ချင်တယ်။ နိုင်ငံသားတွေဟာ သူတို့ရဲ့အကြံဉာဏ်တွေကိုခေါင်းဆောင်တွေနဲ့ အဖွဲ့တွေရဲ့အကြီးအကဲတွေဆီကို ပေးပို့ပြီး အဲဒီခေါင်းဆောင်တွေက ကိစ္စမျိုးစုံကိုကိုင်တွယ်ဖြေရှင်းရမယ်။ ဒီလိုအောက်ခြေလူထုနိုင်ငံရေးတက်ကြွလှုပ်ရှားမှုကို ကျွန်တော်တို့သုံးရပါမယ်။ အဲဒါမျိုး ရုရှားမှာ ဘယ်ပါတီမှ မလုပ်သေးဘူး။ ဒါ့ကြောင့် အဲဒီလိုပါတီမျိုး ကျွန်တော်တို့တည်ဆောက်ချင်နေတယ်။

**လူကြီးမင်းရဲ့ အဲဒီပါတီဟာ လက်ယာစွန်းပါတီတစ်ရပ်ဖြစ်မလား။**

ထိရောက်အကျိုးရှိတဲ့ ပါတီတစ်ရပ်ပဲဖြစ်မယ်။ ကျွန်တော်တို့တိုင်းပြည်ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေက အထင်အရှားပဲရှိနေတယ်။ ဒီဟာတွေကိုလည်း ထိရောက်အကျိုးရှိတဲ့ နည်းလမ်းနဲ့ပဲ ကိုင်တွယ်ဖြေရှင်းရမယ်။ အဲဒီအကျိုးရှိတဲ့နည်းတွေကို ကျွန်တော့်လမ်းစဉ်မှာ တင်ပြထားပါတယ်။ နိုင်ငံသားတွေကပဲ ဒါဟာ လက်ယာစွန်းလား၊ လက်ဝဲစွန်းလား။ ဒါမှမဟုတ် ဗဟိုပါတီလား၊ သူတို့ထင်တာဆုံးဖြတ်ပါစေ။ ကျွန်တော်ကကိုယ့်လက်တစ်ကမ်းမှာရှိတဲ့ တာဝန်နဲ့ပဲ အမြဲစတင်လုပ်ဆောင်တတ်တယ်။ ကျွန်တော်တို့တာဝန်ကကိုယ့်နိုင်ငံသားတွေကို ချမ်းသာကြွယ်ဝအောင်၊ အောင်မြင်မှုရှိအောင်၊ လွတ်လပ်အောင် သူတို့ဂုဏ်သိက္ခာနဲ့ သူတို့ကလေးတွေရဲ့ ဂုဏ်သိက္ခာကို ရုရှားပြည်ကြီးနဲ့ ဆက်နွယ်နိုင်ဖို့ အဆင်သင့်ဖြစ်နေအောင် ဖန်တီးပေးဖို့ပါပဲ။

**ကျေးဇူးတင်ပါတယ် မစ္စတာပရိုခိုရော့ဗ်။ ကံကောင်းပါစေ။**

ကျေးဇူးတင်ပါတယ်။

*—Ref: Interview: Mikhail Prokhorov: Euronews*

Entertainment
7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# “ကိုယ့်ကိုယ်ကိုယ် တစ်ရက်၊ နှစ်ရက်လောက်ပဲဖြစ်ဖြစ် အနားပေးချင်တယ်”

## အကယ်ဒမီသက်မွန်မြင့်နှင့်တွေ့ဆုံခြင်း

ကြူကြူဟန်

ပရိသတ်များ၏ ဆန္ဒအတိုင်း အကယ်ဒမီဆုကို ရရှိသွားသော သက်မွန်မြင့်သည် ရိုက်ကူးရေးလုပ်ငန်းများဖြင့် နေ့စဉ်အလုပ်များလျက်ရှိသည်။ ယခုနောက်ပိုင်းတွင် စကားပြောသွက်လက်လာခြင်းကြောင့် ပရိသတ်များ အချစ်ပိုနေကြပြီး ဝတ်စားဆင်ယင်မှုမှာ လျှပ်ပေါ်လော်လီမှုမရှိခြင်းကြောင့်လည်း အမှတ်ပိုရနေသည့် မင်းသမီး သက်မွန်မြင့်နှင့် အကယ်ဒမီ ဂုဏ်ပြုညစာစားပွဲတွင် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့သည်များကို ပရိသတ်အတွက် ပြန်လည်ဖော်ပြပေးလိုက်ပါ သည်။

**အခု လက်ရှိ ဘာကားတွေ ရိုက်နေပါလဲ။**

‘ပြန်ခေါ် သက်သေ’ဆိုတဲ့ ရုပ်ရှင်ကားကြီးရိုက်နေပါတယ်။ ဒါရိုက်တာ ဦးမီးပွား၊ မင်းသားက ဟိန်းဝေယံပါ။

**အကယ်ဒမီရပြီး ဇာတိမြေကို ပြန်ပြီး အမှတ်တရ တစ်ခုခု လုပ်ဖို့ရှိပါသလား။**

လောလောဆယ် လုပ်ဖို့ တော့အစီအစဉ်မရှိပါဘူး။ ဒီဘက်မှာလည်း အလုပ်တွေ အများကြီး ရှိတော့ အဲဒီ့ဘက်သွားတာကျတော့ အချိန်အများကြီးပေးရတယ်လေ။ စိတ်ကူးကတော့ ခဏလေးဆိုတော့ စိတ်က ရောက်ချင်တိုင်းရောက်တာပေါ့နော်။ ဖြစ်ချင်တာတွေ စိတ်ကူးထားတာတွေ အများကြီးရှိပါတယ်။

**အကယ်ဒမီရွှေစင်ရုပ်ကို ဘယ်နေရာမှာ ထားပါလဲ။**

အိမ်က ဘုရားစင်နားမှာ ထားထားတယ်။

**အခု လတ်တလောမှာ ကိုယ့်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ဥပမာ-အလှအပ၊ ဆံပင်၊ ဝတ်စားဆင်ယင်မှုကိုပြောင်းလဲချင်တာရှိလား၊ ဘာများဖြစ်မလဲ။**

အများကြီးလည်း မပြောင်းလဲချင်ပါဘူး။ ကိုယ်လည်း ဒီအနုပညာလောကထဲမှာ ၁၀နှစ်မက ဒီပုံစံပဲ လုပ်လာတာဆိုတော့ ဒီပုံစံပဲပေါ့။ ကာရိုက်တာပြောင်းချင်တဲ့အခါမှ ပုံစံပြောင်းတာဆိုတော့လေ။ သရုပ်ဆောင်တစ်ယောက် ဖြစ်နေတဲ့အတွက် ပုံစံတွေပြောင်း နေရတဲ့အတွက် အဲဒီ့လိုမျိုးဖြစ်ချင်တဲ့စိတ်ရယ်လို့တော့မရှိပါဘူး။

စာ(၄၅)သို့

ဓာတ်ပုံ - ကျော်မျိုးဦး

# ဩစတြေးလျသို့ သွားရောက်ဖျော်ဖြေမည့် Rဇာနည်

ကြူကြူဟန်

**ရန်ကုန်၊ မတ်-၁**

လွန်ခဲ့သော လအနည်းငယ်က ပထမဆုံး တစ်ကိုယ်တော် ဖျော်ဖြေပွဲပြုလုပ်ခဲ့သော Rဇာနည်သည် မတ်လ၆ ရက်တွင် ဩစတြေးလျရှိ မြို့နှစ်မြို့သို့ သွားရောက် ဖျော်ဖြေမည်ဖြစ်သည်။



ဓာတ်ပုံ-ဝေယံ

ဖျော်ဖြေမည့် သီချင်းရွေးချယ်မှုကို မေးမြန်းရာ Rဇာနည်က “မြို့နှစ်မြို့က ပါသ်နဲ့မဲလ်ဘုန်း၊သူတို့နှစ်ခုကတောင်နဲ့မြောက်အချိန်တောင် မတူဘူး။ သီချင်းကတော့ သိပ်အများကြီး ပြောင်းသွားမှာမဟုတ်ဘူး။ ဒီမြို့မှာ ကြည့်တဲ့သူက ဒီမှာ ကြည့်ပေါ့။ ဟိုမြို့တော့ လိုက်မကြည့်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဝေးတယ်။ ဟိုမှာရှိတဲ့ ပရိသတ်ကို ဖျော်ဖြေရမှာဆိုတော့ သီချင်းကတော့ သိပ်အများကြီး ပြောင်းလဲမှာ မဟုတ်ဘူး။ ကိုယ်ဆိုနေကျ သီချင်းနဲ့ ပရိသတ်ကြိုက်မယ့် သီချင်းတွေပေါ့” ဟု Rဇာနည်က ပြောသည်။ ဇော်ပိုင်၊ Lဆိုင်းဇီ၊ ရေဗက္ကာဝင်း၊ Lazy Club တီးဝိုင်းနှင့်အတူ သွားရောက်ပြီး မြို့တစ်မြို့တွင် တစ်ပွဲစီ သီဆိုဖျော်ဖြေမည်ဖြစ်ပြီး မတ်လ ၂၀ ရက်တွင် ရန်ကုန်သို့ပြန် ရောက်မည်ဖြစ်ကြောင်း Rဇာနည်က ဆက်လက်ပြော သည်။

အများဆုံးသွားရောက်ဖျော်ဖြေခဲ့သော နိုင်ငံနှင့် အမှတ်တရများကို Rဇာနည်အား မေးမြန်းဖြစ်ခဲ့ရာ ‘ထိုင်းနိုင်ငံကတော့အများဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်းရဲ့အမြို့မြို့ အနယ်နယ်တိုင်းမှာမြန်မာလူမျိုးတွေ အများကြီးရှိတယ်။ ထိုင်းကို အများဆုံးသွားရတယ်။ ဒုတိယအများဆုံးက မလေးရှား၊ စင်ကာပူပြီးရင် ဥရောပ၊ ဩစတြေးလျ၊ အမေရိကား၊ ဂျပန်၊ ကိုရီးယားတို့ပေါ့။ ဘယ်တုန်းကလဲတော့ မမှတ်မိတော့ဘူး။ ခရီးရောက်မှ တီးမယ့် Noteတွေ ကျန်နေခဲ့တော့ ဒီကနေ ပြန်ပို့ရတာပေါ့။ အဲဒါအမှတ်တရပါ” ဟု Rဇာနည်ကပြောသည်။

## အာဒမ်ရယ် ဝေရယ် ဒဿရယ်ဇာတ်ကားကို စင်ကာပူတွင်ပြသရန် ကမ်းလှမ်းခံရ

စာ(၄၄)




# နယူးဇီလန်မှာ ကြော်ငြာလွှင့်မယ့် ဝန်ဘင်း

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၂၈**

ကိုရီးယား၏ လူကြိုက်များသော မင်းသားဝန်ဘင်းသည် နယူးဇီလန်ရုပ်သံကြော်ငြာတစ်ခုအတွက် ဓာတ်ပုံများ ရိုက်ပေးခဲ့ကြောင်း သိရသည်။

ဝန်ဘင်းသည် တောင်တက် အားကစားဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်သည့် ကေတူးကုမ္ပဏီအတွက် ကြော်ငြာများ ရိုက်ကူးပေးရန် စာချုပ်ချုပ်ထား၍ ထိုသို့ကြော်ငြာခဲ့ခြင်းဖြစ်သည်။ ဟန်စီနီမာဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သော ရှုခင်းနောက်ခံဓာတ်ပုံများတွင် ဝန်ဘင်းသည် နယူးဇီလန်မှ မောင်တိန်ကွက်ခေါ် ကွတ်တောင်ကို နောက်ခံထားသည့် ဓာတ်ပုံများလည်းပါဝင်သည်။ ကေတူးကုန်အမှတ်တံဆိပ်၏ ကိုယ်စားလှယ်ကလည်း “ဝန်ဘင်းရဲ့ ယောက်ျားဆန်တဲ့ ပုံစံနဲ့ မာကျောတဲ့အသွင်ဟာ အောက်ဒိုးအားကစားပစ္စည်းတွေအတွက် မှန်ကန်သင့်တော်တဲ့ ပုံရိပ်ပါပဲ။ ဒီကြော်ငြာလွှင့်ဖြစ်ရင် အခြားအမှတ်တံဆိပ်တွေနဲ့ ကေတူးတို့ရဲ့ ကွဲပြားခြားနားမှုကို ပြသသင့်ပါတယ်” ဟုဆိုသည်။

ဝန်ဘင်း၏ နယူးဇီလန်တွင် လွှင့်မည့် ဤကြော်ငြာကိုမတ်လတွင်စတင်လွှင့်ဖြစ်နိုင်ကြောင်း သတင်းရရှိသည်။

—Ref: Hancinema


ဓာတ်ပုံ - Heart & Soul

# အာဒမ်ရယ် ဧဝရယ် ဒသရယ်ဇာတ်ကားကို စင်ကာပူတွင်ပြသရန် ကမ်းလှမ်းခံရ

**အေးသူစံ**

ရန်ကုန်၊ မတ်-၁

၂၀၁၀ ပြည့်နှစ် အကယ်ဒမီပေးပွဲတွင်ဇာတ်ကားဆု၊ အမျိုးသားဇာတ်ဆောင်ဆုနှင့် အမျိုးသမီးဇာတ်ဆောင်ဆုတို့ ရရှိခဲ့သော 'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ဇာတ်ကားကို စင်ကာပူနိုင်ငံရှိ ရုပ်ရှင်ရုံတွင် ရုံတင်ပြသရန် ကမ်းလှမ်းထားကြောင်း ဇာတ်ကားထုတ်လုပ်သူ အကယ်ဒမီ ခင်စန္ဒာမြင့်ကပြောသည်။

"စင်ကာပူက နိုင်ငံတကာရုပ်ရှင်ဇာတ်ကားတွေကို ရုံတင်ပြသနေတဲ့ Cathy ရုံမှာပြဖို့အတွက် ကမ်းလှမ်းထားတာပါ။ ကမ်းလှမ်းထားတဲ့အဖွဲ့က အရင်တစ်ခါ စင်ကာပူမှာပြတဲ့အဖွဲ့ပါပဲ။ မတ်လထဲမှာ ရုံရက်ရဖို့လုပ်နေတယ်။ ကျွန်မကတော့ အကယ်ဒမီရတဲ့ရက်နဲ့ အဲဒီမှာပြရမယ့်ရက် အရမ်းဝေးသွားရင်တော့ မပြချင်ဘူး။ ရက်နည်းနည်းစောရရင် ပြဖြစ်ပါမယ်။ မလေးရှားကလည်း ကမ်းလှမ်းထားပါတယ်" ဟု ၎င်းကပြောသည်။

'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ဇာတ်ကားသည် စာရေးဆရာမ ပုညခင်၏ ဝတ္ထုကို ဒါရိုက်တာဝိုင်းက ရိုက်ကူးခဲ့ပြီး ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့ သရုပ်ဆောင်ခဲ့သည်။ ယင်းဇာတ်ကားနှင့် ဒါရိုက်တာဆုရရှိရန်ရေပန်းစားခဲ့သော ဒါရိုက်တာဝိုင်းမှာ အကယ်ဒမီဆုနှင့် လွဲချော်ခဲ့သူဖြစ်သည်။ အဆိုပါဇာတ်ကားသည် ၂၀၁၁ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့်ဇာတ်ကားများအနက် အအောင်မြင်ဆုံးဇာတ်ကားဖြစ်ပြီး ဟာသဇာတ်ကားများထဲမှ ရှားရှားပါးပါးဒရာမာဇာတ်ကား တစ်ကားလည်းဖြစ်သည်။

## Big Bang က ပဉ္စမမြောက် မီနီအယ်လ်ဘမ် ဖြန့်ချိ

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၂၈**

ကိုရီးယားပေ့ါပ်ဂီတအဖွဲ့ Big Bang သည်၎င်းတို့၏ ပဉ္စမမြောက် မီနီအယ်လ်ဘမ် Alive ကိုမကြာမီက စတင်ဖြန့်ချိလိုက်ကြောင်း သိရသည်။ Koreaboo ဝက်ဘ်ဆိုက်၏ အဆိုအရ ယင်းအယ်လ်ဘမ်ပါ သီချင်းခုနစ်ပုဒ်ကို ဂျီ-ဒရာဂွန်၊ တက်ဒီနှင့် ရက်ပ်စာသားများကို T.O.P တို့က ရေးပေးထားကြောင်း သိရသည်။ Big Bang အဖွဲ့သည် ဖေ ဖော်ဝါရီလဆန်းမှစ၍ မီနီအယ်လ်ဘမ်တွင် ပါဝင်မည့်သီချင်းများကို တစ်ပုဒ်ချင်းစီ အမြည်းသဘော ထုတ်လွှင့်ပေးခဲ့သည်။ အွန်လိုင်းတွင်ပထမဆုံး ထုတ်လွှင့်ပေးခဲ့သည့်သီချင်းမှာ နယူးယောက်တွင် ရိုက်ကူးထားသည့် ဘလူးဂီတဗီဒီယိုဖြစ်ကာ YouTube ဝက်ဘ်ဆိုက်တွင်ကြည့်ရှုသူ ပရိသတ်သန်းချီရှိခဲ့သည်။ Big Bang သည်၎င်းတို့၏ ပထမဆုံးကမ္ဘာ့လှည့်ဖျော်ဖြေပွဲ ကို Alive အယ်လ်ဘမ်နာမည်ဖြင့်ပင် Big Bang Alive 2012 ဟုအမည်ပေးထားသည်။

—Ref: Koreaboo











7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# ရုပ်ရှင်ဇာတ်ကားအရောင်းမြှင့်တင်ပွဲများတွင် သရုပ်ဆောင်များ အချိန်ပေးမှုနည်းလာ

အေးသူစံ

ရန်ကုန်၊ မတ်-၁

ရုပ်ရှင်ဇာတ်ကားတစ်ကား ရုံတင်မပြသခင် အထူးပွဲပြသခြင်းနှင့် ဇာတ်ကားရုံတင်ချိန်တွင် ပရိသတ်နှင့် တိုက်ရိုက်ထိတွေ့ရသည့် အရောင်းမြှင့်တင်ပွဲများသို့ အဓိကသရုပ်ဆောင်များ အချိန်ပေးတက်ရောက်မှု ရှားပါးလာကြောင်းထုတ်လုပ်သူအသိုင်းအဝိုင်းနှင့်နီးစပ်သူများထံမှ သိရသည်။

“ခုနောက်ပိုင်း ဇာတ်ကားရဲ့ အဓိက သရုပ်ဆောင်တွေဟာ ပရက်ရှိုးတွေ၊ ပရိမိုးရှင်းပွဲတွေကို စိတ်မဝင်စားတော့ဘူး။ ကားတစ်ကားရိုက်ပြီးရင် သူတို့နဲ့မဆိုင်သလိုဘဲ။ နိုင်ငံတကာမှာဆို ရုပ်ရှင်ကားတစ်ကားရိုက်ပြီးရင် ဒီကားအတွက် နယ်လှည့်အရောင်းမြှင့်တင်ပွဲတွေထွက်ရတယ်။ ပြည်သူနဲ့ ထိတွေ့ရတယ်။ ရုပ်ရှင်ရုံကိုလူလာအောင်လုပ်ကြတယ်။ ဒီမှာက အထူးပွဲဆိုလည်း တစ်ဝက်ကြာမှရောက်လာတယ်။ ပရိမိုးရှင်းဆိုလည်း ရုပ်ရှင်ချိန်မတိုင်မီလာပေးဖို့ တောင်းဆိုပေမယ့် တစ်ဖက်ကရှုတင်ရှိလို့၊ မအားလို့ ဆိုပြီး အချိန်ကျော်မှရောက်လာတယ်။ အဓိကသရုပ်ဆောင်တွေက မလာကြတော့ ရရာဇာတ်ပို့ဇာတ်ရံတွေကိုဖိတ်ကြားရတော့တယ်။ ကိုယ့်ကားကိုတောင်မှ ကိုယ်တိုင် အားကြိုးမာန်တက်မကြည့်ရင် သူများက ဘယ်ကြည့်တော့မလဲ” ဟု ထုတ်လုပ်သူတစ်ဦးကပြောသည်။

“ကားမကောင်းရင် ပိုက်ဆံသိပ်မရရင် သရုပ်ဆောင်တွေက သူတို့နဲ့မဆိုင်သလိုပဲ။ ဒီကားရိုက်တုန်းက ပရိဂျူဆာကိုအားနာလို့ ရိုက်ရတာပါ၊ ဘာဖြစ်တယ်ညာဖြစ်တယ်နဲ့ အကြောင်းပြကြတယ်။ ကားပေါက်သွားရင်တော့ အဲဒီကားမှာ သူတို့ဘယ်လိုသရုပ်ဆောင်ဖြစ်ထားတယ်၊ ဘာညာဝေဝေဆာဆာပြောကြတယ်” ဟု ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးကလည်း ပြောသည်။

“ကျွန်တော်ကတော့ ကျွန်တော်ပါဝင်သရုပ်ဆောင်တဲ့ဇာတ်ကားမှန်ရင် အထူးပွဲကို တက်ပါတယ်။ ပရိမိုးရှင်းပွဲဆိုလည်း အတတ်နိုင်ဆုံးသွားပေးပါတယ်။ အခြားသရုပ်ဆောင်တွေ အကြောင်းတော့ ကျွန်တော် ဘာမှ မပြောလိုပါဘူး” ဟု သရုပ်ဆောင်မင်းသားတစ်ဦးကပြောသည်။

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပြန်လည်ဖွဲ့စည်းရန် အနုပညာရှင်များ အစည်းအဝေးပြုလုပ်

အေးသူစံ

ရန်ကုန်၊ မတ်-၁

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအား ရုပ်ရှင်လောကသား အများစု၏ ဆန္ဒဖြင့်ပြန်လည်ရွေးကောက်တင်မြှောက်ရန် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ရက် ညက တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပခဲ့ပြီး မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ထုတ်လုပ်သူအများအပြား တက်ရောက်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များကို လွတ်လပ်စွာရွေးချယ်ခွင့်ပြုကြောင်း ဖေဖော်ဝါရီ ၂၉ ရက်တွင် မြန်မာရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများက ရုပ်ရှင်အစည်းအရုံး၏ နာယကငါးဦးကို အစည်းအဝေးခေါ်ယူကာ ပြောကြားခဲ့ကြောင်း သရုပ်ဆောင် လွင်မိုးထံမှသိရသည်။

“ကျွန်တော်တို့ရုပ်ရှင်အစည်းအရုံးက နာယကငါးဦးဖြစ်တဲ့ ဦးစိန်တင်၊ ဦးအောင်လွင်၊ ဦးအောင်မြင့်မြတ်၊ ဦးကြည်စိုးထွန်း၊ ဦးညွန့်ဝင်းတို့ငါးယောက်ကို ရုပ်ရှင်လုပ်ငန်းက မနေ့က အစည်းအဝေးခေါ်ပြီး ဒီကိစ္စကိုပြောပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ရုပ်ရှင်သမားတွေရဲ့သဘောဆန္ဒအတိုင်း၊ တကယ့်အင်န်ဂျီအိုစစ်စစ်ဖြစ်စေချင်ပါတယ်။ ရုပ်ရှင်လောကသားအလွှာစုံကနေ ကော်မတီတွေ ဖွဲ့ပြီး အဆင့်ဆင့် ရွေးကောက်တင်မြှောက်ရပါမယ်” ဟုတော်ဝင်နှင်းဆီတွင်ပြုလုပ်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သူ မင်းသားလွင်မိုးက ပြောသည်။

## စာ -၄၃၊ အကယ်ဒမီသက်မွန်မြင့်နှင့်တွေ့ဆုံခြင်း မှ

**သက်မွန်ရဲ့ အကယ်ဒမီဖက်ရှင်ချင်းဝတ်စုံကို လူတိုင်းကြိုက်တယ်လို့ပြောကြတယ်နော်။ အခု အဲဒီ့ဝတ်စုံကို ဘာလုပ်ထားပါလဲ။**

လောလောဆယ်တော့ ဒီအတိုင်း အမှတ်တရသိမ်းထားပါတယ်။ ပြန်ဝတ်ဖို့တော့ လောလောဆယ်မရှိသေးပါဘူး။ ကိုယ်က ဒီဝတ်စုံနဲ့ အမှတ်တရ ဓာတ်ပုံတွေတော့ ရိုက်ထားတာပေါ့နော်။

**သီချင်းနားထောင်ဖြစ်လား။ ဘာသီချင်းတွေ အကြိုက်တွေ့နေလဲ။**

သီချင်းတွေတော့ တော်တော်များများ နားထောင်ဖြစ်ပါတယ်။ စန္ဒီမြင့်လွင်ရဲ့ အခွေလည်း နားထောင်တယ်။ ဝိုင်းစုရဲ့အခွေလည်း နားထောင်တယ်။ သီချင်းအေးအေးလေးတွေ။ နားထောင်တာများတယ်။ အခု လောလောဆယ် ကြိုက်နေတာက စန္ဒီမြင့်လွင်ရဲ့သီချင်းနားထောင်နေတယ်။ သီချင်းခေါင်းစဉ်တော့မသိဘူး။

**သက်မွန်ရဲ့နှင်းတွေကြားက ဓာတ်ပုံကို တော်တော်များများ ကြိုက်တယ်ပြောတယ်နော်။ အဲဒီ့ခရီးစဉ်မှာ နှင်းတောထဲက အမှတ်တရဆိုရင် ဘာများဖြစ်မလဲ။**

အဲဒီ့ဘက်(အမေရိကန်)ကျတော့ ရောက်ဖို့ခဲယဉ်းတယ်လေ။ ကိုယ့်အလုပ်တွေနဲ့ သွားတာ လာတာနဲ့ ခဲယဉ်းတော့ အမှတ်တရအနေနဲ့ ရိုက်ခဲ့တာပေါ့နော်။ ဆန်ဖရန်ကနေ နှစ်နာရီလောက်သွားရတယ်။ အဲဒီ့ ရေခဲတွေကြားထဲ ဓာတ်ပုံရိုက်ဖို့၊ အချိန်က သိပ်မရှိဘူးဆိုတော့ အမြန်ရိုက်ခဲ့ရတာပေါ့နော်။ ကြိုက်ကြတဲ့အတွက်ဝမ်းသာပါတယ်။ အမှတ်တရကတော့ ဘယ်လိုပျော်မှန်းမသိဘူး။ နှင်းဖြူဖြူသကြားခဲလေးလိုပဲ။ အရမ်းလွတ်လပ်တယ်။ ကလေးတစ်ယောက်လိုပြန်ဖြစ်သွားတယ်။ အဲဒီ့ခံစားချက်တော့ အမှတ်တရပဲပေါ့။ အေးအေးလေးနဲ့ အရမ်းပျော်ဖို့ကောင်းတယ်။



**အခုလက်ရှိစိတ်ထဲမှာလုပ်ချင်တဲ့ ဆန္ဒ၊ အပြင်းပြဆုံးဆန္ဒက ဘာများဖြစ်မလဲ။**

ကိုယ့်ကိုယ်ကိုယ် တစ်ရက်နှစ်ရက်လောက်ပဲဖြစ်ဖြစ် အနားပေးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တောက်လျှောက် Run နေရတာ များလာတော့လေ။

**‘အာဒမ်ရယ်၊ဝေရယ်၊ ဒသရယ်’ ဇာတ်ကားက ဒရာမာကားထဲမှာ အအောင်မြင်ဆုံးလို့ ပြောလို့ရတာ ဘာကြောင့်လို့ ပြောမလဲ။**

ပရိသတ်ရဲ့ အားပေးမှုနဲ့လည်း အများကြီးဆိုင်တာပေါ့နော်။ အဲဒီလိုမျိုးလေး ဇာတ်လမ်းလေးကလည်း ဆန်းသွားတယ်။ ဒါရိုက်တာဝိုင်းကလည်း တင်ပြတာတွေ အရမ်းကောင်းတယ်။ သူ့အရမ်း ကြိုးစားထားတယ်။ သရုပ်ဆောင်တွေ အားလုံးကလည်း အံဝင်ခွင်ကျဖြစ်ပြီးတော့ အရမ်းကောင်းသွားတဲ့ဇာတ်ကားလေးဖြစ်သွားတာပေါ့။

**ဒီဇာတ်ကားက သက်မွန်အတွက် ဘယ်လောက်ထိအဓိပ္ပာယ်သက်ရောက်လဲ။**

အများကြီး သက်ရောက်တာပေါ့။ ဘာလို့လဲဆိုတော့ ပရိသတ်ကလည်း လုံးဝအပြည့်အဝကြီးကိုအားပေးတယ်။ အကယ်ဒမီဆုလည်း ဒါဘဝမှာ မှတ်တိုင်တစ်ခု အနေနဲ့ စိုက်ထူလိုက်နိုင်တယ်။ ဒီကားနဲ့ဆိုတော့ ဒီဇာတ်ကားကတော့ လုံးဝအမှတ်တရပဲ။

**အခုထိ ဒီဇာတ်ကားရိုက်တုန်းက မေ့မရတဲ့ အမှတ်တရလေးက ဘာများဖြစ်မလဲ။**

ဒီဇာတ်ကားရိုက်တုန်းက ခက်ခက်ခဲခဲပါပဲ။ ပြေးလိုက်လွှားလိုက်နဲ့အရမ်းလည်းပြေးခဲ့ရတယ်။ အရမ်းလည်းမောခဲ့တယ်။ နောက်ရေထဲ ခုန်ဆင်းရတာတွေလည်း ရှိတယ်။ ကိုယ်လည်း ရေမကူးတတ်ဘဲနဲ့ ည ၁၂နာရီထိုးသွားတယ်။ ည၁၂နာရီမှာ ရေထဲခုန်ဆင်းရတာတွေလည်းရှိတယ်။ အဲလိုမျိုးပေါ့။ အမှတ်တရတွေတော့အများကြီးပဲ။

## 10 MOVIES IN AMERICA
### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Safe House | Universal Pic. | ၈၁,၈၁၂,၄၀၀ | ၂ |
| ၂။ | The Vow | Screen Gems & Sony Pic. | ၈၈,၅၆၇,၆၀၀ | ၂ |
| ၃။ | Journey 2: The Mysterious Island 3D | Warner Bros. Pic. | ၅၉,၀၅၀,၅၀၀ | ၂ |
| ၄။ | Ghost Rider: Spirit of Vengeance 3D | Sony Pictures | ၂၅,၄၇၀,၈၀၀ | ၁ |
| ၅။ | This Means War | 20th Century Fox | ၂၁,၆၁၆,၇၀၀ | ၁ |
| ၆။ | Star Wars: Episode I-The Phantom Meance | Lucasfilm,Ltd.&20th Century Fox | ၃၅,၇၉၃,၉၀၀ | ၂ |
| ၇။ | Chronicle | 20th Century Fox | ၅၂,၆၄၃,၅၀၀ | ၃ |
| ၈။ | The Secret World of Arriety | Walt Disney Studios | ၈,၆၈၄,၈၆၀ | ၁ |
| ၉။ | The Woman in Black | CBS Films | ၄၆,၄၀၄,၈၀၀ | ၃ |
| ၁၀။ | The Grey | Open Road Films | ၄၈,၆၁၀,၃၀၀ | ၄ |

## Movie Review
### The Silent House




ဆာရာသည်အဖေနှင့် ဦးလေးဖြစ်သူတို့နှင့်အတူ လူမနေဘဲပစ်ထားသည်မှာကြာပြီဖြစ်သော မိသားစုနွေရာသီစံအိမ်သို့ရောက်ရှိလာပြီးအိမ်ကိုရှင်းလင်းရန် ကြိုးစားသည်။ သို့သော် လျှပ်စစ်မီးများဖြတ်တောက်ထားသော အိမ်မှနေ၍ ညဘက်တွင်အသံဗလံများကြားနေရသည်ဖြစ်ရာမသင်္ကာစရာဖြစ်လာသည်။ဟောင်းနွမ်းနေသောအဆောက်အအုံကိုလေ့လာလေလေ ဆာရာမှာ အိမ်ကြီး၏ အတိတ်ကအဖြစ်အပျက်များ၏ ခြောက်လှန့်မှုကို ခံရလေလေဖြစ်၍ ဆာရာတစ် ယောက် ရှန်းထွက်နိုင်မည်လားဆိုသည်မှာ . . . ။

တကယ့်အဖြစ်အပျက်အပေါ် အခြေခံထားသည်ဟုဆိုသော ထိတ်လန့်စရာ၊ ပြစ်မှုဇာတ်ကားအား Chris Kentis နှင့် Laura Lau တို့က ရိုက်ကူးထားပြီး Elizebeth Olson, Adam Trese, Eric Sheffer Stevens တို့ပါဝင်သရုပ်ဆောင်ထားသည်။ ဒစ်ဂျစ်တယ်နည်းပညာ စဉ်ဆက်မပြတ်အလျှဉ်ဖြင့် ရိုက်ကူးထားသည်ဆိုသောဇာတ်ကားကိုမတ်လ ၉ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports

Vol.11, No.1 • MARCH 8 , 2012

# လမိုင်းတွင် စိုးလင်းဦးနှင့် ရန်ကြီးအောင် ကွန်လှာတွင် တွေ့မရှောင်နှင့်ရန်နိုင်အောင်တို့ ထိုးသတ်ကြမည်



**ရန်ကုန်၊ မတ် - ၂**

ပွင့်လင်းရာသီရောက်တိုင်း ရိုးရာလက်ဝှေ့ပွဲများကို အပြိုင်အဆိုင်ကျင်းပလေ့ရှိသော မွန်ပြည်နယ် ဒေသများ၌ မတ်လ ၇ ရက်တွင် စိုးလင်းဦး(တောင်ကလေး)နှင့် ရန်ကြီးအောင်(မြို့တော်စည်ပင်) မတ်လ ၁၀ ရက်တွင် ထွန်းထွန်းမင်း(မုဒုံသား)နှင့် သတ္တိအောင် (တောင် ကလေး)၊ မတ်လ ၁၁ ရက်တွင် တွေ့မရှောင်(နဂါးမာန်)နှင့် ရန်နိုင်အောင်(တောင်ကလေး)တို့ အသီးသီးယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်းသတင်း ရရှိသည်။

ထပ်ဆင့် ဒင်္ဂုံရွှေအောင်လံ ဆုရှင် စိုးလင်းဦး(တောင်ကလေး) နှင့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်) တို့ပွဲမှာ လမိုင်းမြို့တွင် ထိုးသတ် ကြမည်ဖြစ်ပြီး ကျန်နှစ်ပွဲမှာ သံဖြူဇရပ်မြို့အနီး ကွန်လှာကျေးရွာ၌ ထိုးသတ်ကြမည်ဖြစ်သည်။

လမိုင်းမြို့တွင် သားသား (T&T)က ဝင်းတင်(ငှက်ပျောတော)ကို အလဲထိုးသောပွဲ၊ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ဖိုးကေ(မန္တလေး)တို့ သရေကျသောပွဲ၊ တွေ့မရှောင်(နဂါးမာန်)က မြနန်းတော်(ဘိလပ်မြေစက်ရုံ) ကို အလဲထိုးသောပွဲများ ထိုးသတ်ခဲ့ပြီးဖြစ်သည်။

ယခုကျင်းပသည့်ပွဲစဉ်မှာ လမိုင်းမြို့ ကျက်သရေဆောင် ကျိုက်ကေလာသ ဆံတော်ရှင် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်ဖြစ်ကြောင်းသိရသည်။ စိုးလင်းဦးသည် တွေ့မရှောင်ကို တည့်သရေ၊ ထွန်းထွန်းကို အစီးသရေ ထိုးသတ်ထားနိုင်ခဲ့ရာ ရန်ကြီးအောင်ကို မည်သို့ထိုးသတ်မည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

ကွန်လှာကျေးရွာတွင်ကျင်းပ မည့် ရိုးရာလက်ဝှေ့စိန်ခေါ် ပွဲကြီး၌ ထွန်းထွန်းမင်း(မုဒုံသား) နှင့် သတ္တိအောင်(တောင်ကလေး)တို့ ပထမဆုံးအကြိမ် စိန်ခေါ် ထိုးသတ်ခြင်းဖြစ်သည်။ ထွန်းထွန်းမင်းသည် ပြီးခဲ့သောနှစ်တွင် စိုးလင်းဦးကို အနိမ့်သရေကျခဲ့ပြီးနောက် မွေထိုင်းလက်ဝှေ့သမားတစ်ဦးကို အလဲထိုး၊ ဂေါ်မူတိုကို အလဲထိုး၊ ဒေါင်းသည်းခြေကို အစီးသရေ၊ သပြေညိုနှင့် သရေပွဲ နွှဲခဲ့ပြီးဖြစ်သောကြောင့် နာမည်ကျော် သတ္တိအောင်ကို စိန်ခေါ်ရလာခြင်းဖြစ်သည်။ ပရိသတ်နှစ်ခြိုက်သော တွေ့မရှောင်ကို ရန်နိုင်အောင်က တတိယအကြိမ်မြောက် စိန်ခေါ်လာခဲ့ခြင်းဖြစ်သည်။ ရန်နိုင်အောင်သည် ပထမအကြိမ် ထိုးသတ်ခဲ့ စဉ်က ရှုံးနိမ့်ခဲ့ပြီး ဒုတိယအကြိမ်တွင် သရေကျခဲ့သည်။

# ဖေဖော်ဝါရီလ အကောင်းဆုံးနည်းပြနှင့် ကစားသမားဆု မနောမြေအသင်းတစ်သင်းတည်းရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၃**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ ဖေဖော်ဝါရီ တစ်လတာ အကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံးနည်းပြဆုကို မနောမြေတစ်သင်းတည်းက ရယူသိမ်းပိုက်ခဲ့ကြောင်းသတင်းရရှိသည်။

ဖေဖော်ဝါရီလအတွက် အကောင်းဆုံးကစားသမားဆုကို မနောမြေအသင်း နောက်တန်းကစားသမား မန်ဆာကရရှိခဲ့ပြီး အကောင်းဆုံးနည်းပြဆုကိုလည်း မနောမြေအသင်း နည်းပြချုပ် ဦးဝင်းမြင့်သွင်ကရရှိခဲ့သည်။





မနောမြေအသင်းသည် ဇန်နဝါရီလကုန်တွင် အမှတ်ပေးဇယားအဆင့်-၁၀ နေရာ၌ ရပ်တည်နေခဲ့သော်လည်း ဖေဖော်ဝါရီလတွင် ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်သုံးပွဲစလုံး အနိုင်ရကာ အဆင့်-၅ နေရာသို့ တက်လှမ်းနိုင်ခဲ့ခြင်း၊ ဦးဝင်းမြင့်သွင်သည် ၎င်းတွင်ရှိသည့် ကစားသမားအရင်းအမြစ်များကို အခြေခံကာ ဖေဖော်ဝါရီလအတွင်း အသင်းကို အကောင်းဆုံးပုံစံရအောင် ကြိုးပမ်းနိုင်ခဲ့သည့်အပြင် ကွင်းအတွင်း ဘောလုံးဥပဒေသများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာခြင်း စသည့်အချက်များကြောင့် အကောင်းဆုံးနည်းပြဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးကော်မတီက သတင်းထုတ်ပြန်သည်။

ဆုရွေးချယ်ရေးကော်မတီက ဆုံးဖြတ်ရာတွင် မနောမြေအသင်းအနေဖြင့် ဖေဖော်ဝါရီလအတွင်း ရလဒ်ကောင်းများ ရရှိခဲ့ရာ၌ နောက်တန်းအင်အားတောင့်တင်းမှုမှာအဓိကအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်။ နောက်ခံလူမန်ဆာသည် အဆိုပါနောက်တန်းကို ဦးဆောင်မှုပေးနိုင်ခဲ့ပြီး အသင်းအတွက် လိုအပ်သောဂိုးများ သွင်းယူပေးနိုင်ခြင်း၊ တိုက်စစ်ကို ပံ့ပိုးပေးနိုင်ခြင်း၊ ခံစစ်ကို အကောင်းဆုံးဦးဆောင်မှုပေးနိုင်ခြင်း စသည့်အချက်များကြောင့် မန်ဆာကိုဖေဖော်ဝါရီလအတွက် အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မနောမြေအသင်းသည် ဖေ ဖော်ဝါရီလအတွင်းယှဉ်ပြိုင်ကစား ခဲ့သောပွဲစဉ်သုံးပွဲစလုံး အနိုင်ရရှိခဲ့ရာတွင် ပေးဂိုးတစ်ဂိုးသာရှိခဲ့ပြီး သွင်းဂိုးငါးဂိုးရရှိခဲ့သည်။ အဆိုပါပေးဂိုးတစ်ဂိုးမှာလည်း ရက္ခပူရအသင်းနှင့်ပွဲစဉ်တွင် ပင်နယ်တီပြစ်ဒဏ်မှ ပေးခဲ့ရခြင်းဖြစ်ကာ၊ ယင်းဂိုးပေးခဲ့ရပြီးနောက် နောက်ဆုံး ၁၈၇ မိနစ်ဆက်တိုက် ဂိုးမပေးခဲ့ရကြောင်း သိရသည်။

အကောင်းဆုံးဆု ရရှိခြင်းနှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်တည်းကောင်း၍မဟုတ်ဘဲ အားလုံးကောင်း၍ရခြင်းဖြစ်ပါကြောင်း မနောမြေအသင်း နည်းပြချုပ် ဦးဝင်းမြင့်သွင်ကပြောသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ တစ်လတာ အကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံးနည်းပြဆုများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ လအလိုက်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ဆုငွေများကို မြန်မာဘရူဝါရီလီမိတက်က ချီးမြှင့်ခြင်းဖြစ်သည်။

တစ်လတာ အကောင်းဆုံးကစားသမားဆုအတွက် ကျပ် ၁၀ သိန်းနှင့် နည်းပြဆုအတွက် ကျပ်ငါးသိန်း ချီးမြှင့်ခြင်းဖြစ်သည်။

# ဘိုးလင်းလက်ရွေးစင် ကစားသမားများ ပြည်ပသို့ သွားရောက်လေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၉**

၂၀၁၃ ဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် မြန်မာနိုင်ငံ ဘိုးလင်းအားကစားအဖွဲ့ချုပ်အနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၀၁ ခုနှစ် မလေးရှားဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း စတင်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့သည့် မြန်မာဘိုးလင်းအားကစားအဖွဲ့အနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ကာ ပြည်ပနိုင်ငံများတွင် သွားရောက်လေ့ကျင့်ရန် စီစဉ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ပြီးခဲ့တဲ့ နှစ်အတွင်းမှာ နေပြည်တော်နဲ့ ရန်ကုန်မှာ ဘိုးလင်းပြိုင်ပွဲ ငါးခုပြုလုပ်ခဲ့ပါတယ်။ ဒီပြိုင်ပွဲတွေကနေ ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသားလေးဦး ရွေးချယ်လေ့ကျင့်နေပါတယ်။ လာမယ့်ဧပြီနောက်ပိုင်းမှာ မလေးရှား သို့မဟုတ် စင်ကာပူနိုင်ငံမှာ အဖွဲ့ချုပ်စရိတ်နဲ့ သုံးလသွားရောက်လေ့ကျင့်ဖို့လည်း စီစဉ်နေပါတယ်” ဟု မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ် အမှုဆောင် ဦးမျိုးအောင်ကပြောသည်။

၂၀၁၃ ဆီးဂိမ်းတွင် ဘိုးလင်း အားကစားနည်းအား ထည့်သွင်းကျင်းပနိုင်ရန် အားကစားဝန်ကြီးဌာနသို့ တင်ပြပြီး ခွင့်ပြုချက်တောင်းခံထားကြောင်း၊ နေပြည်တော်ဘိုးလင်းအားကစားရုံတွင် လက်ခံကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲအမျိုးအစား သုံးမျိုးထည့်သွင်းကျင်းပရန် ရည်ရွယ်ထားကြောင်း ၎င်းကပြောသည်။

“မြန်မာဘိုးလင်းအားကစားသမားတွေဟာ လက်ရှိအာဆီယံအဆင့်မှာ အလယ်အလတ်ရှိပါတယ်။ အိမ်ရှင်အဖြစ်လက်ခံပြုလုပ်မယ့် ဆီးဂိမ်းမှာ လက်ရှိအခြေအနေထက် တိုးတက်လာဖို့အတွက် ပြည်ပမှာ သွားရောက်လေ့ကျင့်ရခြင်းဖြစ်ပါတယ်။ ပြည်ပမှာ နိုင်ငံခြားသားနည်းပြတွေနဲ့ လေ့ကျင့်သွားမှာပါ” ဟု ဦးမျိုးအောင်က ပြောသည်။

## ACE ဖူဆယ်အသင်း ထိုင်းနည်းပြနှင့် ကစားသမားနှစ်ဦးခေါ်ယူ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၁**

အာရှဖူဆယ်ကလပ်ချန်ပီယံရှစ်ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ACE ဖူဆယ်အသင်းသည် ထိုင်းနည်းပြဆရာတစ်ဦးနှင့် ထိုင်းကစားသမားနှစ်ဦးအား ခေါ်ယူထားကြောင်း သတင်းရရှိသည်။

ACE ဖူဆယ်အသင်းသည် အဆိုပါ ပြည်ပနည်းပြဆရာနှင့် ကစားသမားများအား တရားဝင်စာချုပ် မချုပ်ဆိုရသေးသော်လည်း အကြိုသဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ လဆန်းပိုင်းက ထိုင်းခြေစမ်းခရီးစဉ်အတွင်းမှာ နည်းပြအဖွဲ့က စိတ်ကြိုက်ရွေးထားတဲ့ ထိုင်းကစားသမားနှစ်ဦးကို အသင်းအတွက် ထပ်မံအားဖြည့်တာပါ။ ထိုင်းနည်းပြဆရာကလည်း ထိုင်းလက်ရွေးစင် ဖူဆယ်အသင်းကို ကိုင်တွယ်ဖူးတဲ့နည်းပြဆရာပါ။ အာရှဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲဝင်မယ့် အသင်းလူစာရင်းမှာလည်း ပြည်ပကစားသမားတွေကို ထည့်သွင်းထားပြီးဖြစ်ပါတယ်။ မကြာခင်အပြီးသတ်စာချုပ်ချုပ်ဆိုသွားမှာပါ" ဟု အထက်ပါတာဝန်ရှိသူ က မတ် ၁ ရက်ကပြောသည်။

ACE ဖူဆယ်အသင်းအား လက်ရှိ နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က တာဝန်ယူထားပြီး အဆိုပါ ထိုင်းနည်းပြဆရာရောက်ရှိလာပါက ၎င်းနှင့် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းသိရသည်။

မတ် ၁၉ ရက်မှစတင်၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် အာရှဖူဆယ်ကလပ်ချန်ပီယံရှစ်ခြေစစ်ပွဲ (အာဆီယံဇုန်)တွင် မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ACE ဖူဆယ်အသင်းသည် ထိုင်း၊ အင်ဒိုနီးရှား ဖူဆယ်ကလပ်အသင်းများနှင့် ကျရောက်လျက်ရှိသည်။

ACE ဖူဆယ်အသင်းသည် ၎င်းပြိုင်ပွဲအကြိုအဖြစ် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံတွင် ထိုင်းဖူဆယ်လိဂ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ရရှိခဲ့သည်။

## ဘန်ကောက်အိုးပင်း စစ်တုရင်ပြိုင်ပွဲ မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၉**

လက်ရှိ ကမ္ဘာ့ချန်ပီယံများ ဝင်ရောက်ယှဉ်ပြိုင်မည့် ဘန်ကောက်အိုးပင်းစစ်တုရင်ပြိုင်ပွဲသို့ မြန်မာစစ်တုရင်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပထမဆုဘတ်ငွေတစ်သိန်းချီးမြှင့်မည့် အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် လာမည့် ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံမှ အမျိုးသားအားကစားခြောက်ဦးနှင့် အမျိုးသမီးအားကစားသမားတစ်ဦးဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် နိုင်ငံတကာမှ စူပါဂရင်းမာစတာ ၁၆ ဦး၊ အင်တာနေရှင်နယ် ဂရင်းမာစတာ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိကမ္ဘာ့ချန်ပီယံများကိုပြိုင်ပွဲကျင်းပရေးကော်မတီမှ ဖိတ်ကြားထားကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဘန်ကောက် အိုးပင်းစစ်တုရင်ပြိုင်ပွဲမှာ လက်ရှိအမျိုးသမီးကမ္ဘာ့ချန်ပီယံ ဟောင်ရီဖန်း (တရုတ်)၊ ၂၀၁၂ ခုနှစ် ဂျီဘရော်တာချန်ပီယံနဲ့ (အမျိုးသား) ကမ္ဘာ့အဆင့် ၂ နီဂယ်ရှော့ (အင်္ဂလန်)တို့ကိုလည်း ယှဉ်ပြိုင်ဖို့ ဖိတ်ကြားထားတယ်လို့ သိရပါတယ်" ဟု ၎င်းကပြောသည်။

၎င်းပြိုင်ပွဲတွင် အဆင့် ၁ မှ ၁၀ ထိ ဆုကြေးချီးမြှင့်မည်ဖြစ်ပြီး၊ အကောင်းဆုံးလူငယ်ကစားသမားဆုများနှင့် အကောင်းဆုံး အမျိုးသမီးဆုများလည်း ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

## ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ မြန်မာအသင်း အခြေအနေကောင်းနေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၃**

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာလူငယ်ဘောလုံးအသင်းသည် သုံးပွဲဆက်တိုက် အနိုင်ရရှိမှုနှင့်အတူ အုပ်စုပွဲစဉ်များမပြီးခင် အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။

မြန်မာလူငယ်အသင်းသည် ယင်းပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းအား ၈-၂ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိပြီးနောက် အင်ဒိုနီးရှားအသင်းကို ၃-၁ ဂိုး၊ လာအိုအသင်းကို ၂-၀ ဂိုးဖြင့် ဆက်တိုက်အနိုင်ရရှိခဲ့သည်။

သုံးပွဲနိုင် ရမှတ်ကိုးမှတ်ရရှိထားသည့် မြန်မာလူငယ်အသင်း အနေဖြင့် အုပ်စုပွဲပြည့်လေးပွဲကစားထားသည့် လာအိုအသင်းထက် သုံးမှတ်အသာရရှိခဲ့သောကြောင့် အုပ်စုပွဲစဉ်များ မပြီးခင် အကြိုဗိုလ်လုပွဲသို့တက်ရောက်ခွင့် သေချာခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲသို့ဗီယက်နမ်နှင့် စင်ကာပူတို့က ယူ-၁၉ အသင်းများ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး၊ မြန်မာအသင်းအပါအဝင် ကျန်အသင်းများမှာ ပြိုင်ပွဲစည်းမျဉ်းအတိုင်း အသက် ၂၁ နှစ်အောက်ကစားသမားများနှင့် ၂၁ နှစ်အထက် ကစားသမားငါးဦးကို စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့မှသိရသည်။

ယင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နေသည့် မြန်မာလူငယ်အသင်းတွင် ပြီးခဲ့သည့် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲဝင်အသင်းမှ ကစားသမားခုနစ်ဦးပါဝင်သည်။



## အင်ဒိုကို ၁၀ ဂိုးပြတ် နိုင်ခဲ့သော ဘာရိန်း ပွဲစဉ်ကိုဖီဖာစစ်ဆေးမည်

**ဂျီနီဗာ၊ မတ် - ၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာသည်ပြီးခဲ့သည့် မတ်လ ၁ ရက်က ဘာရိန်းလက်ရွေးစင်အသင်းက အင်ဒိုနီးရှားအသင်းအား ၁၀-၀ ဂိုးဖြင့် အနိုင်ရခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ကိုစုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဘာရိန်းနိုင်ငံ မန်နာမာမြို့တွင် ကစားခဲ့သော ထိုပွဲ၌ ဧည့်သည်အင်ဒိုအသင်းမှ ဂိုးသမားမှာ ပွဲအစနှစ်မိနစ်တွင် အထုတ်ခံရပြီးနောက် ဘာရိန်းက ၁၀ ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုပွဲတွင် အုပ်စုအနေအထားအရ ဘာရိန်းသည် အုပ်စုပထမနေရာမှ ပြိုင်ဘက်ကာတာအားကျော်လွန်၍ နောက်တစ်ဆင့်တက်ရန် ဂိုးကွာခြားချက် ကိုးဂိုးရရန် လိုအပ်ခဲ့ပြီး ဆယ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့၍ ဝေဖန်ချက်နှင့် သံသယများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲများတွင် ဘာရိန်းက အင်ဒိုအားဂိုးကွာခြားချက်အသာဖြင့် အနိုင်ရခဲ့သော်လည်း ကာတာမှာအီရန်နှင့် ၂-၂ ဂိုးစီသရေကျခဲ့၍ အာရှဇုန်ခြေစစ်ပွဲနောက်တစ်ဆင့် တက်သွားခဲ့သည်။ ဖီဖာမှ ထုတ်ပြန်သောကြေညာချက်တွင် "ထိပ်တိုက်တွေ့ဆုံမှုသမိုင်းအရရော၊ ရလဒ်ပိုင်းမျှော်မှန်းချက်တွေအရပါ မထင်မှတ်တာတွေ ဖြစ်ခဲ့ပါတယ်။ ဖီဖာဟာ ဒီပွဲစဉ်နဲ့ ရလဒ်ကိုပါ စုံစမ်းသွားမှာပါ" ဟုဖော်ပြထားသည်။ —*Ref: Xinhua*

## ချင်းယူနိုက်တက်နည်းပြအဖြစ် ဦးဆန်းဝင်းကို ခန့်အပ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၉**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းသစ်ချင်းယူနိုက်တက်အသင်းသည် ကမ္ဘောဇအသင်းနည်းပြဟောင်းဦးဆန်းဝင်းအား ၂ နှစ် သက်တမ်းစာချုပ်ဖြင့် အသင်းနည်းပြချုပ်ရာထူးခန့်အပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာ့လက်ရွေးစင် နည်းပြဟောင်းဖြစ်သူ ဦးဆန်းဝင်းသည် ကျန်းမာရေးအခြေအနေအရ ကမ္ဘောဇအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ယခုအခါ ချင်းယူနိုက်တက်အသင်း၏ နည်းပြချုပ်အဖြစ် မြန်မာနေရှင်နယ်လိဂ်သို့ ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။

"ကျန်းမာရေးအခြေအနေတိုးတက်လာတဲ့ ဦးဆန်းဝင်းကို အသင်းရဲ့ နည်းပြအဖွဲ့မှာ အားနည်းတယ်လို့ ယူဆတဲ့အတွက် ထပ်မံဖြည့်တင်းခဲ့တာပါ။ အသင်းမှာ ဦးဆန်းဝင်းက နည်းပြချုပ်အဖြစ် တာဝန်ယူသွားမှာပါ။ နည်းပြအတွေ့အကြုံ ရင့်ကျက်တဲ့ ဦးဆန်းဝင်းအနေနဲ့ အသင်းကို တိုးတက်အောင်ပြုလုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ချင်းယူနိုက်တက်အသင်းပိုင်ရှင်ဒေါက်တာ ဂျိမ်းလျန်စိုင်းက ပြောသည်။

ချင်းယူနိုက်တက်အသင်း၏ လက်ထောက်နည်းပြအဖြစ် မြန်မာယူ-၁၉ အသင်းနည်းပြဟောင်းဦးအောင်ခိုင်က ဆောင်ရွက်မည်ဖြစ်ကာ အသင်း၏ ယခင်နည်းပြချုပ် ဦးဇော်ဝင်းမှာ ချင်းယူနိုက်တက်လူငယ်အသင်းအား ပြောင်းလဲကိုင်တွယ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အသင်းသစ် ချင်းယူနိုက်တက်သည် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၇ အထိ နိုင်ပွဲတစ်ပွဲမျှ မရရှိခဲ့သေးဘဲ ရမှတ် ၂ မှတ်သာ ရရှိသေးသည်။




## အူစိန်ဘော့နှင့် အဆာဖာပိုဝဲလ် ဘစ်ဆလတ်ဂိမ်းပြိုင်ပွဲတွင် တွေ့မည်

**လန်ဒန်၊ မတ် - ၃**

ဂျမေကာမှ ယခင်ကမ္ဘာ့စံချိန်ရှင် အပြေးသမားဟောင်း အဆာဖာပိုဝဲလ်သည်လက်ရှိကမ္ဘာ့စံချိန်ရှင် အူစိန်ဘော့နှင့်အတူ ဩဂုတ်လတွင် ကျင်းပမည့် ဘစ်ဆလတ်ဂိမ်းအပြေးပြိုင်ပွဲတွင် ပါဝင်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက အတည်ပြုကြေညာလိုက်သည်။ ၎င်းဂျမေကာအပြေးသမားနှစ်ဦးသည်ဇူလိုင်လတွင် ကျင်းပမည့် လန်ဒန်အိုလံပစ် ပြင်ဆင်ရင်းနှင့် ဒိုင်းမွန်းလိဂ်ပြိုင်ပွဲတွင်လည်း တွေ့ဆုံယှဉ်ပြိုင်သွားမည်ဟု ဆိုသည်။

ပိုဝဲလ်သည် ယမန်နှစ်က အမြင့်ဆုံးမီတာ ၁၀၀ စံချိန်တင် ၉ ဒသမ ၇၈ စက္ကန့်သာရခဲ့ပြီး၊ အိုလံပစ်သုံးထပ်ကွမ်းချန်ပီယံ အူစိန်ဘော့၏ စံချိန် ၉ ဒသမ ၇၆ စက္ကန့်ထက် လျော့နည်းခဲ့သည်။ ဩဂုတ်လတွင် ၎င်းတို့တွေ့ဆုံမည့် ဘစ်ဆလက်ဂိမ်းပြိုင်ပွဲကိုဇွန်လ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဒိုင်းမွန်းလိဂ်ပြိုင်ပွဲ ပထမပွဲကို ဂိုဒိုဟာတွင်မေ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ —*Ref: Reuters*

## ပထမအကြိမ် အရှေ့တောင်အာရှ ရေကူးချန်ပီယံရှစ်ပြိုင်ပွဲ အိမ်ရှင်အဖြစ် စင်ကာပူ လက်ခံကျင်းပမည်

**စင်ကာပူ၊ မတ် - ၃**

စင်ကာပူနိုင်ငံသည် အာဆီယံဒေသတွင်းပထမဆုံးအကြိမ်ကျင်းပမည့် အရှေ့တောင်အာရှ ရေကူးချန်ပီယံရှစ်ပြိုင်ပွဲ (၂၀၁၂) ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

အဆိုပါအာဆီယံအဆင့် ရေကူးပြိုင်ပွဲကို လာမည့်ဇွန် ၁၃ မှ ၁၇ ရက်အတွင်း ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် နိုင်ငံတကာရေကူးအားကစားအဖွဲ့ချုပ် FINA မှအသိအမှတ်ပြုထားသော ကစားနည်းလေးမျိုး ပါဝင်မည်ဖြစ်သည်။ စင်ကာပူအားကစားကျောင်းတွင် ရေကူးပြိုင်ပွဲများကိုလည်းကောင်း၊ တိုယာပါရိုး ရေကူးကန်တွင် ဒိုင်ဗင်ပြိုင်ပွဲများ၊ ရေကူးပြိုင်ပွဲများနှင့် ဝါတာပိုလိုပြိုင်ပွဲများကိုလည်းကောင်း ခွဲခြားကျင်းပသွားမည်ဟု သိရသည်။ ဝါတာပိုလိုပြိုင်ပွဲကိုမူ အချိန်စောစွာ မေ ၂၈ မှဇွန် ၁ ရက်အထိ ကျင်းပသွားမည်ဟု သိရသည်။

အရှေ့တောင်အာရှ ရေကူးချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ်တွင် ပထမအကြိမ်ကျင်းပပြီးနောက် အခြားအာဆီယံနိုင်ငံများတွင်နှစ်နှစ်တစ်ကြိမ် ကျင်းပသွားမည်ဟု သိရသည်။ —*Ref: CNA*

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# အဲဗာတန်-စပါး၊ အာဆင်နယ်-နယူးကာဆယ် ပွဲကောင်းတွေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၂၈

ကိုအေးမြတ်

ပရီးမီးယားလိဂ်ပွဲစဉ် ၂၈ မှာလည်း ဇယားထိပ်က မန်စီးတီး၊ မန်ယူ နှစ်သင်းတို့ ယေဘုယျအားဖြင့် နိုင်ပွဲဆက်ဖို့များနေတဲ့ အနေအထားပါပဲ။ ချယ်လ်ဆီး၊ လီဗာပူးတို့လည်းပွဲချောင်နိုင်ပြီး အကြိတ်အနယ်ပွဲကောင်းတွေအဖြစ် အဲဗာတန်-စပါး၊ အာဆင်နယ်-နယူးကာဆယ်တို့ ပွဲတွေဖြစ်လာနိုင်ပါတယ်။

**မတ် ၁၀၊ စနေ။**

**ည ၇း၁၅ နာရီ**

**ဘောလ်တန် - ကျူပီအာ**

**ပထမအကျော့ရလဒ် ၄-၀**

ပထမအကျော့တုန်းက နိုင်ပွဲကို ဘောလ်တန်တို့ သတိရဦးမှာပါ။ လက်ရှိမှာ ဘောလ်တန် ဇယားအောက်ဆုံးရောက်နေပြီး ကျူပီအာက တန်းဆင်းဇုန်ထိပ်နားဖြစ်တယ်။ ကျူပီအာ အဝေးကွင်းရှုံးပွဲများနေတာမို့ အိမ်ကွင်းမှာညှစ်ထုတ်ကစားမယ့် ဘောလ်တန်ပဲနိုင်ဖို့များတယ်။ ဂိုးနည်းမယ်။

**ည ၉း၃၀ နာရီ**

**ဗီလာ - ဖူလမ်ဟမ်**

**ပထမအကျော့ရလဒ် ၀-၀**

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှုသုံးကြိမ်စလုံး သရေကျခဲ့တာများပြီ။ ဗီလာတို့ဒီနောက်ပိုင်း ရှုံးပွဲနဲ့ သရေများနေတာမို့ အိမ်ကွင်းအကောင်းဆုံးဖြစ်ဖို့ မမျှော်မှန်းနိုင်ပါဘူး။ ဖူလ်ဟမ်ရဲ့ အဝေးကွင်းခြေစွမ်းကို ကြည့်ရမယ်။ သရေဖြစ်ဖို့များပြီး ဖူလ်ဟမ်ကပ်နိုင်တာလည်းဖြစ်နိုင်တယ်။

**ည ၉း၃၀ နာရီ**

**ချယ်လ်ဆီး - စတုတ်စီးတီး**

**ပထမအကျော့ရလဒ် ၀-၀**

နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ ချယ်လ်ဆီးတစ်ကြိမ်ပဲနိုင်ပြီး၊ နှစ်ကြိမ်သရေကျထားတယ်။ စတုတ်ဟာ အိမ်ကွင်းမာကျောတာမို့ သရေနှစ်ပွဲစလုံး သူ့အိမ်ကွင်းပွဲတွေချည်းဖြစ်ခဲ့တယ်။ ချယ်ဆီးကပ်နိုင်ဖို့ပဲ ရှိတဲ့ပွဲပါ။ ဂိုးများဖို့ မရှိလှဘူး။

**ည ၉း၃၀ နာရီ**

**ဆန်းဒါးလန်း - လီဗာပူး**

**ပထမအကျော့ရလဒ် ၁-၁**

ပထမအကျော့တုန်းကထက်ပိုပြီး လီဗာပူးအားထုတ်ကစားရပါမယ်။ လီဗာပူးတို့ အဝေးကွင်းသရေပွဲနည်းနေတာက ထိန်းမကစားတတ်တာ ပြနေတယ်။ ဒါ့ကြောင့်အနိုင်ကစားမယ်ဆိုလည်း ဂိုးနည်းနိုင်ပြီး အခန့်မသင့်ဘဲတစ်ဂိုးလောက်နဲ့လည်း ကပ်ရှုံးနိုင်တယ်။ ပုံမှန်ကတော့လီဗာပူး၊ အနည်းငယ်သာတယ်။

**ည ၉း၃၀ နာရီ**

**ဝုလ် - ဘလက်ဘန်း**

**ပထမအကျော့ရလဒ် ၂-၁**

ဇယားအောက်ဆုံးက နှစ်သင်းတွေ့တဲ့ပွဲပါပဲ။ ဝုလ်အိမ်ကွင်းရှုံးပွဲများပြီး ဘလက်ဘန်းက အဝေးကွင်းသရေပွဲများတယ်။ သရေရနိုင်ပြီး နိုင်ရင်လည်းညှော့သည် ဘလက်ဘန်းနိုင်ဖို့ ပိုများတယ်။

**မတ် ၁၁၊ တနင်္ဂနွေ။**

**နံနက် ၀၀း၀၀ နာရီ**

**အဲဗာတန် - စပါး**

**ပထမအကျော့ရလဒ် ၀-၂**

အိမ်ရှင်အဲဗာတန်အတွက် ခက်ခဲပါတယ်။ စပါးဟာ ရှုံးပွဲတချို့တွေ့တတ်ပေမယ့် ထိပ်တန်းအဆင့်ဖြစ်ပြီး ဒီအဝေးကွင်းပွဲမှာလည်း အနိုင်သုံးမှတ်ရနိုင်ခြေများတယ်။ အဝေးကွင်းရှုံးပွဲနည်းတဲ့ စပါးကပဲ အနိမ့်ဆုံးတစ်ဂိုးအသာနဲ့ နိုင်မယ့်ပွဲပါ။

**ည ၈း၃၀ နာရီ**

**မန်ယူ - ဝက်စ်ဘရွန်း**

**ပထမအကျော့ရလဒ် ၂-၁**

မန်ယူဟာ ဒီနောက်ပိုင်း ဝက်စ်ဘရွန်းကို ဂိုးပြတ်နိုင်လေ့မရှိတော့ဘူး။ ဝက်စ်ဘရွန်းကလည်း တောက်လျှောက်နိုင်ပွဲတွေရလာနေ တော့ သတိထားကစားရမယ်။ မန်ယူနိုင်ခြေများပေမယ့် ဂိုးနည်းမယ့်ပွဲပါ။ သရေဖြစ်ဖို့တော့ မရှိဘူး။

**ည ၈း၃၀ နာရီ**

**ဆွမ်းဆီး - မန်စီးတီး**

**ပထမအကျော့ရလဒ် ၀-၄**

မန်စီးတီးဟာ ဆွမ်းဆီးနဲ့ ပထမအကျော့မှာ သွင်းဂိုးများခဲ့တယ်။ ဒီအဝေးကွင်းပွဲမှာလည်း လက်ရှိရလဒ်ပိုင်းအရ အဝေးကွင်းတိုက်စစ်အကောင်းဆုံးမို့ ဆွမ်းဆီးတို့သရေရဖို့တောင် မလွယ်လှဘူး။ မန်စီးတီးနှစ်ဂိုးပြတ်လောက်ရနိုင်ပါတယ်။

**ည ၁၀း၃၀ နာရီ**

**နော့ဝစ်ချ် - ဝီဂန်**

**ပထမအကျော့ရလဒ် ၁-၁**

ဝီဂန်ဟာ ဇယားအောက်ဆုံးမှာရှိနေပြီး ပထမအကျော့အိမ်ကွင်းမှာတုန်းကလည်း နော့ဝစ်ချ်ကိုမနိုင်ခဲ့ပါဘူး။ အိမ်ကွင်းရှုံးပွဲအနည်းဆုံးအသင်းတွေထဲမှာ ပါနေတဲ့နော့ဝစ်ချ်ကပဲ နှစ်ဂိုးအသာ သို့မဟုတ် အပြန်အလှန်သွင်းဂိုးတွေနဲ့နိုင်ဖို့ရှိတယ်။

**မတ် ၁၃၊ အင်္ဂါ။**

**နံနက် ၂း၃၀ နာရီ**

**အာဆင်နယ် - နယူးကာဆယ်**

**ပထမအကျော့ရလဒ် ၀-၀**

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှုသုံးကြိမ်မှာ နယူးကာဆယ်တစ်ကြိမ်နိုင်ပြီး နှစ်ကြိမ်သရေကျခဲ့တယ်။ အာဆင်နယ် တစ်ကြိမ်မှမနိုင်ခဲ့ဘူး။ ဒါ့ကြောင့် ဗန်ပါစီကိုအားကိုးရမယ့် အာဆင်နယ်တိုက်စစ်အိမ်ကွင်းမှာဖိကစားနိုင်မလားကြည့်ရမယ်။ အာဆင်နယ်သာပေမယ့် နယူးကာဆယ်လည်း အခွင့်အရေးရှိတယ်။ အမြင့်ဆုံး အာဆင်နယ်တစ်ဂိုးအသာနဲ့ကပ်နိုင်ဖို့ပဲ ရှိတယ်။










7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# မြောက်ကိုရီးယားသို့ စားနပ်ရိက္ခာကူညီရေး ဆွေးနွေးနေဟု အမေရိကန်တပ်မှူးတစ်ဦး ဝန်ခံ

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂၉**

အမေရိကန်အစိုးရသည် မြောက်ကိုရီးယား၏ နျူလက်နက်ဖျက်သိမ်းရေး တိုးတက်မှုရှိစေရန် စားနပ်ရိက္ခာအကူအညီပေးရန် ချိတ်ဆက်ဆွေးနွေးနေကြောင်း အမေရိကန်တပ်မှူးကြီးတစ်ဦးက ဝန်ခံပြောကြားလိုက်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ မြောက်ကိုရီးယား၏ စားနပ်ရိက္ခာတောင်းဆိုမှုနှင့် နိုင်ငံရေးဆွေးနွေးမှုတို့ ဆက်နွှယ်ခြင်းမရှိဟု ငြင်းဆိုထားသော်လည်း အမေရိကန်ပစိဖိတ်ရေတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ရောဘတ်ဝီးလာ့ဒ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ကွန်ဂရက်လွှတ်တော်သို့ မတင်ပြမီ အထက်လွှတ်တော်လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီသို့ အစီရင်ခံရာ၌ ၎င်းက "စားနပ်ရိက္ခာအကူအညီထောက်ပံ့ပေးတာတွေနဲ့အတူ စေ့စပ်ဆွေးနွေးမှုတွေလုပ်နိုင်တဲ့ အခြေအနေတွေလည်းရှိနေပါတယ်" ဟုပြောကြားခဲ့သည်။

ဝီလာ့ဒ်က ကူညီထောက်ပံ့မှုအတွက်ကြိုတင်သတ်မှတ်ချက်များတွင်နျူလက်နက်ထုတ်လုပ်မှုဖျက်သိမ်းရေး၊ ဒုံးကျည်များစမ်းသပ်မှုဖျက်သိမ်းရေးနှင့် ယောင်ဗြွန်းနျူခါတ်အားပေးစက်ရုံသို့ အိုင်အေအီးအေအဖွဲ့များ ဝင်ရောက်စစ်ဆေးခွင့်ပြန်ရရေးတို့ကိုထည့်သွင်းဆွေးနွေးနေကြောင်း ဆိုသည်။ မြောက်ကိုရီးယားသည် ၂၀၀၉ ခု နှစ်တွင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီမှ စစ်ဆေးရေးမှူးများကို နှင်ထုတ်ခဲ့ပြီး ယောင်ဗြွန်းစက်ရုံတွင် နျူလက်နက်ထုတ်လုပ်ရေးများ လုပ်ဆောင်နေသည်ဟု ယုံကြည်ရသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားသည် ပြီးခဲ့သည့်အပတ်က ဘေဂျင်းတွင် ပြန်လည်တွေ့ဆုံကာ ယခင်ရပ်ဆိုင်းထားခဲ့သော ခြောက်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ဝါရှင်တန်က ပြုံယမ်းအား ယခင်သဘောတူညီချက်များအတိုင်းနျူလက်နက်ထုတ်လုပ်မှုစွန့်လွှတ်ရေးလိုက်နာရန် တိုက်တွန်းခဲ့သည်။

—*Ref: AFP*




# အီရန်ကို စစ်ဆင်နွှဲရန် အမေရိကန်လေတပ် အသင့်ပြင်ထား



**ဝါရှင်တန်၊ မတ် - ၁**

အီရန်နိုင်ငံအပေါ် လိုအပ်ခဲ့ပါက စစ်ရေးအရ အရေးယူဆောင်ရွက်ရန် အမေရိကန်နိုင်ငံက စွမ်းအားကြီးမားသော ဗုံးများကို အသင့်ပြင်ဆင်ထားပြီဖြစ်ကြောင်းနှင့် ပစ်ခတ်နိုင်မှု စွမ်းအားကိုလည်း ပိုမိုအား ကောင်းလာရန် ဆက်လက်လုပ်ဆောင်နေကြောင်း အမေရိကန် လေတပ်အကြီးအကဲက ပြောကြားလိုက်သည်။

သို့သော် အမေရိကန်၏ လက်နက်များသည် မြေပြင်အောက်အနက်ပေများစွာ၌တည်ဆောက်ထားသော အီရန်နျူကလီးယားစက်ရုံများထိ ရောက်နိုင်သည်လားဆိုသည်ကိုမူ အမေရိကန်လေတပ်ဗိုလ်ချုပ်ကြီးနော်တန်ရှာဝက်စ်က မပြောကြားခဲ့ပေ။ အမေရိကန်သည် မြေထုကို ဖောက်ထွင်းနိုင်သည့် ပေါင် ၃၀,၀၀၀ လေးသော ရောမဗုံးကြီးများလည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

"ကျွန်တော်တို့မှာ စစ်ဆင်ရေးလုပ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဒါကို အသုံးပြုရင်တော့ ခင်ဗျားအဲဒီနေရာမှာ ရှိနေချင်မှာမဟုတ်ဘူး" ဟု MOP ဗုံးကြီးများနှင့် ပတ်သက်၍ ကန်ဗိုလ်ချုပ်ကြီးကပြောသည်။ ယင်းဗုံးနည်းပညာကိုလည်း ဆက်လက်တိုးတက်အောင် လုပ်ဆောင်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

အီရန်နိုင်ငံ ကွမ်မြို့အနီးတောင်စောင်း၌ ဖောက်ထွင်း၍ တည်ဆောက်ထားသော နျူကလီးယားစက်ရုံအား အမေရိကန်ဗုံးများလက်လှမ်းမမီနိုင်ဟု တွက်ဆမှုများ ရှိနေချိန်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက MOP ဗုံးများ၏ အားနည်းချက်ကို အသိအမှတ်ပြုပြီး ယင်းဗုံးကို ဆက်လက်တိုးတက်အောင် လုပ်ဆောင်နေကြောင်း ပြောကြားသည်။

လေတပ်အင်အားအသုံးပြုခြင်းမှာ အီရန်နျူကလီးယား အစီအစဉ်ရပ်တန့်ရေးအတွက် ထိရောက်မှုရှိမည်လားဆိုသည်ကိုလည်း ပြောဆိုရန် ကန်ဗိုလ်ချုပ်ကြီးက ငြင်းဆန်ပြီး ယင်းသို့ကြိုတင်လက်ဦးမှုယူတိုက်ခိုက်ရေးမျိုးမှာ ရည်မှန်းချက် အပေါ်တွင် မူတည်ကြောင်း ပြောကြားသည်။

—*Ref: NYTimes*



7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# ပြည်ပသို့ တစ်ကိုယ်တည်းခရီးထွက်မည့် ကနေဒါအမျိုးသမီးများ လက်ထပ်လက်စွပ်ဝတ်ထားရန် အကြံပြုခံရ

**အော့တဝါ၊ ဖေဖော်ဝါရီ - ၂၈**

ကနေဒါနိုင်ငံခြားရေးဌာနသည် ပြည်ပသို့ တစ်ကိုယ်တော်ခရီးသွားမည့် အမျိုးသမီးများအား လက်ထပ်လက်စွပ်အတုများဝတ်ဆင်ရန် ဌာနမှထုတ်ဝေသော ခရီးသွားလာမှုလုံခြုံရေးလမ်းညွှန်တွင် ဖော်ပြထားကြောင်းသိရသည်။ အဆိုပါလမ်းညွှန်စာအုပ်တွင် တစ်ကိုယ်တော်အမျိုးသမီးများကို လက်စွပ်ဝတ်ထားရန်သာ မက ခင်ပွန်းရှိပါက ခင်ပွန်းဓာတ်ပုံ၊ မရှိပါက ဓာတ်ပုံအတုတစ်ခု ယူသွားရန်နှင့် လက်ထပ်ထားသည့် အိမ်ထောင်ရှင်အဖြစ် အမြင်ခံရပါက မိမိအပေါ် အခြားလူများ၏ အာရုံစိုက်မှုလျော့ကျနိုင်ပြီး မမျှော်လင့်သော ပြဿနာများ ရှောင်ရှားနိုင်ကြောင်း ဆိုထားသည်။

အကြံပေးချက်တွင် ကနေဒါအမျိုးသမီးများ ရှောင်ရှားရမည်ဖြစ်သော နိုင်ငံနှင့် ယဉ်ကျေးမှုများစာရင်းကို အတိအကျမဖော်ပြထားသော်လည်း ခရီးမထွက်ခင်



အိမ်၌ကြိုတင်ပြင်ဆင်သင့်ကြောင်း ဖော်ပြထားသည်။ အကြံပေးချက်များထဲမှ တစ်ခုမှာ အမျိုးသမီးများအနေဖြင့် အခြားသူများနှင့် မျက်လုံးချင်း မဆက်သွယ်ရန်ဖြစ်သည်။ "တချို့သော ယဉ်ကျေးမှုတွေမှာ အခြားအမျိုးသား တစ်ဦးရဲ့ မျက်လုံးကိုငေးကြည့်တာဟာ သူနဲ့အဖော်ပြုချင်တယ်လို့ အဓိပ္ပာယ်ထွက်ပါတယ်။ အရိုးရှင်းဆုံးဖြေရှင်းမှုကတော့ လူတွေကြားသွားရင် မျက်မှန်အမည်းတပ်ပါ" ဟုဖော်ပြထားသည်။ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ယခုခရီးသွားလမ်းညွှန်သည် အမျိုးသမီးများအတွက် သီးသန့်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

—*Ref: UPI*

# ချမ်းသာကြွယ်ဝသူများသည် ဆင်းရဲသားများထက် ပို၍ လိမ်လည်နိုင်ခြေများ

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂၉**

အထက်တန်းစားချမ်းသာကြွယ်ဝသူများသည် ဆင်းရဲသောလူတန်းစားများထက် ကားမောင်းနေစဉ် စည်းကမ်းချိုးဖောက်ခြင်း၊ ကလေးများထံမှ သကြားလုံးယူစားခြင်းနှင့် မိမိဝင်ငွေအကြောင်း လိမ်လည်ပြောဆိုခြင်းများ ပြုလုပ်လေ့ရှိကြောင်း အမေရိကန်နိုင်ငံ၌ပြုလုပ်ခဲ့သော လေ့လာချက်တစ်ရပ်အရတွေ့ရှိခဲ့သည်။

အဆင့်ခုနစ်ဆင့်ပါလေ့လာမှုတွင်ကယ်လီဖိုးနီးယားဘာကလေ တက္ကသိုလ်နှင့် တိုရန်တို တက္ကသိုလ်တို့မှ စိတ်ပညာရှင်များက လက်တွေ့စမ်းသပ်မှု အများအပြားပြုလုပ်၍ လူတို့၏ အပြုအမူများကို လေ့လာခဲ့သည်။

ဥပမာအားဖြင့် မာစီးဒီးစ်၊ ဘီအမ်ဒဗလျူစသော ကားကြီးကားကောင်းများ မောင်းနှင်စီးနင်းသူများသည် တိုယိုတာ၊ ကိုရိုလာ စသော ကားငယ်များ စီးနင်းသူများထက် လမ်းဆုံလမ်းခွများတွင် ပိုမို၍ ယာဉ်စည်းကမ်းချိုးဖောက်လေ့ရှိကြသည်။ ထို့အတူ ဈေးကြီးသော ကားကြီးကားကောင်း မောင်းသူများသည် သာမန်ကားမောင်းသူများထက် လူကူးမျဉ်းကြား၌ လူများကြားမှဖြတ်မောင်းရန် အလားအလာပိုများသည်။

ကန်ဒေါ်လာ ၅၀ ဆုကြေးပေးသည့်ကြွေအန်ကစားနည်းများမှာပင် မိမိကိုယ်ကို လူမှုအဆင့်အတန်းမြင့်သည်ဟု ဖော်ပြထားသူများကရရှိသည့်အမှတ်ကိုပိုပြောရန် အလားအလာပိုများသည်ကို သုတေသီများက တွေ့ရှိခဲ့သည်။

ယင်းမှာ ချမ်းသာကြွယ်ဝမှုနှင့်အထက်တန်းစားဟူသော ရပ်တည်ချက်က ကိုယ်ကျိုးစီးပွားနှင့် ကျင့်ဝတ်ချိုးဖောက်မှုများအပေါ် မည် မျှအထိပံ့သွင်းပေးသည်ကို ပြသနေကြောင်း သုတေသနစာတမ်းတွင် သုတေသီများက ရေးသားသည်။

—*Ref: AFP*




# ကိုယ်ပေါ်ဘီယာများ ဖိတ်ကျစေသော စားပွဲထိုးကို ဂျာမန်အဓိပတိအပြစ်မယူ

**မက်ကလင်ဘာ့ဂ်၊ ဖေဖော်ဝါရီ - ၂၈**

ဂျာမန်အဓိပတိ အိန်ဂျလာမာကယ်သည် ညှိနှိုင်းပွဲတစ်ခုတွင် ၎င်းအပေါ် ဘီယာငါးခွက်မှောက်ကျစေခဲ့မိသော စားပွဲထိုးတစ်ဦးကို အမှတ်မထားဘဲ ဟာသများပြောကာ အေးချမ်းစွာ ကိုင်တွယ်ခဲ့ကြောင်း သိရသည်။ မာတင်ဒီဟုခေါ်သည့် အသက် ၂၁ အရွယ်အဆိုပါ စားပွဲထိုးသည် ပြီးခဲ့သည့်အပတ်က မက်ကလင်ဘာ့ဂ်၌ ပြုလုပ်သော ဒမ်မင်ခရစ်ယာန်ဒီမိုကရက်တစ်သမဂ္ဂ၏ စည်းဝေးပွဲ၌ တက်ရောက်လာသော မစ္စမာကယ်၏ စားပွဲသို့ ဘီယာများချထားပေးစဉ် ပူးတွဲစားပွဲထိုးအမျိုးသမီးတစ်ဦး၏ ပေ့ါဆမှုကြောင့် ဂျာမန် အဓိပတိအပေါ် မှောက်ကျခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါစားပွဲထိုးက ဒေသခံ Bild သတင်းစာအား ပြောသည်။

"ကျွန်တော်က အနောက်မှာ ရှိနေတာပါ။ ပြုတ်ကျသွားတဲ့ ဘီယာခွက်တွေကို ဖမ်းဖို့ကြိုးစားပါသေးတယ်။ ဒါပေမဲ့ နောက်ကျခဲ့တယ်။ ကျွန်တော်လည်းလန့်ပြီး တကယ်အကျယ်ကြီးအော်ခဲ့မိပါတယ်"ဟု သတင်းစာအားပြောသည်။ ၎င်းက မစ္စမာကယ်သည် တောင်းပန်နေသော ၎င်းဘက်လှည့်ကာ ပြုံးပြခဲ့ကြောင်း၊ ဘီယာအချို့စိုသွားသော်လည်း သုတ်ပြီးနောက် စကားပြောစင်မြင့်သို့ တက်သွားခဲ့ကြောင်း စားပွဲထိုးက ဆိုသည်။

အဆိုပါဂျာမန်အဓိပတိ၏ ကျောကုန်းပေါ် ဘီယာခွက်များ မတော်တဆ ဖိတ်ကျသွားသည့် ဗီဒီယိုမှာ YouTube ဝက်ဘ်ဆိုက်တွင်စတင်လွှင့်တင်သည့် ဖေဖော်ဝါရီ ၂၈ အင်္ဂါနေ့ကပင် ကြည့်ရှုသူ ခြောက်သိန်းခန့်ရှိခဲ့ကြောင်း သိရသည်။

—*Ref: UPI*

# ဆီးရီးယားမငြိမ်မသက်မှုတွင် လူပေါင်း ၇၅၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း ကုလပြောကြား

**အာမန်၊ ဖေဖော်ဝါရီ - ၂၉**

ဆီးရီးယားနိုင်ငံတွင် လုံခြုံရေးတပ်ဖွဲ့များက မငြိမ်မသက်မှုများကို လွန်ခဲ့သော မတ်လက စတင်နှိမ်နင်းခဲ့ချိန်မှစ၍ လူပေါင်း ၇,၅၀၀ ကျော်သေဆုံးခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂထိပ်တန်းအရာရှိတစ်ဦးကပြောကြားသည်။ တစ်နေ့လျှင်အရပ်သားတစ်ရာကျော်သေဆုံးခဲ့ကြောင်း ယုံကြည်စိတ်ချနိုင်သော သတင်းပေးပို့မှုများရှိသည်ဟု နိုင်ငံရေးဌာနလက်ထောက်အတွင်းဝန်ချုပ်လင်းပက်စကိုးက ပြောသည်။

ဆီးရီးယားတပ်ဖွဲ့များသည် ဖေဖော်ဝါရီလ ၂၇ ရက်တွင် အဓိကအတိုက်အခံမြို့ ဟွမ်းစ်နှင့်အခြားနေရာများကိုလည်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်းနှင့် လူအများအပြားသေဆုံးခဲ့ကြောင်း တက်ကြွလှုပ်ရှားသူများက သတင်းပေးပို့ထားသည်။

ထိုအတောအတွင်း ဟွမ်းစ်မြို့တွင် ဒဏ်ရာရရှိခဲ့သော ဗြိတိန်ဂျာနယ်လစ်တစ်ဦးကို ဘေးကင်းရာသို့ခိုးထုတ်ခဲ့ကြောင်းသိရသည်။ Sunday Times မှဓာတ်ပုံဆရာပေါ်လ်ကွန်ရွိုင်သည် လက်ဘနွန်နိုင်ငံတွင် ရောက်ရှိနေပြီး ဘေးရန်ကင်း၍ ကျန်းကျန်းမာမာရှိနေကြောင်း သိရှိရသော်လည်း ခြေထောက်ကျိုးနေသော ပြင်သစ်အမျိုးသမီး အဲဒစ်သ်ဘိုဗီယာနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်နှစ်ဦးမှာမည်သည့်နေရာ ရောက်ရှိနေသည်ကို တိတိကျကျ မသိရပေ။ နိုင်ငံခြားသတင်းထောက်လေးဦးသည် ဟွမ်းစ်မြို့မှ အတူတတကွ ထွက်ခွာလာခဲ့ကြသော်လည်း ယာဉ်တန်းတိုက်ခိုက်ခံရပြီးနောက် တကွဲတပြားစီ ဖြစ်သွားခဲ့ကြောင်း Avaaz မဲဆွယ်လှုပ် ရှားမှုအဖွဲ့က ပြောကြားသည်။

—*Ref: BBC*

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

## သံအဖွဲ့များ ပြန်လည်ခေါ်ယူရေး အီးယူဆုံးဖြတ်ချက်ကို ဘီလာရုစ်နိုင်ငံ ဝေဖန်ပြောကြား

**မင်းခ်၊ မတ် - ၁**

ဘီလာရုစ်နိုင်ငံမှ သံအဖွဲ့များအား ပြန်လည်ခေါ်ယူရန် ဥရောပသမဂ္ဂ၏ ပူးပေါင်းဆောင်ရွက်မှုကို ဘီလာရုစ်နိုင်ငံက ပြင်းပြင်းထန်ထန်ဝေဖန်ပြောကြားလိုက်ပြီး ယင်းမှာ လိပ်ခဲတည်းလည်း အခြေအနေသို့ ဦးတည်သွားနိုင်သည်ဟု ပြောကြားသည်။

တင်းမာမှုများ အရှိန်မြင့်မားလာစေမည့် လမ်းကြောင်းကို အီးယူက ရွေးချယ်ခဲ့သည်ဟု ဘီလာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြပြီး အီးယူ၏ ခြောက်လှန့်သော နည်းဗျူဟာမှာ အလုပ်ဖြစ်မည်မဟုတ်ဟု ပြောကြားသည်။

အီးယူကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ပိုလန်သံအမတ်ကြီးတို့သည် ဘီလာရုစ်နိုင်ငံမှ ထွက်ခွာသွားရန်နှင့် ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့များကိုလည်း အီးယူရုံးစိုက်ရာ ဘရပ်ဆဲလ်မြို့နှင့် ပိုလန်နိုင်ငံ ဝါဆောမြို့တို့မှ ရုပ်သိမ်းသွားမည်ဟု ဘီလာရုစ်နိုင်ငံက ပြောကြားခဲ့ပြီးနောက် အီးယူသံအမတ်ကြီးများအား ပြန်လည်ခေါ်ယူရေး ဥရောပသမဂ္ဂ၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အတိုက်အခံနိုင်ငံရေးသမား များကို ဖိနှိပ်ခဲ့ခြင်းအတွက် ဥရောပက ဘီလာရုစ်နိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများချမှတ်ရန် မတ်လ ၂၇ ရက်တွင် ဆုံးဖြတ်ခဲ့ပြီးနောက် ယခုကဲ့သို့ အပြန်အလှန်သံအဖွဲ့ ရုပ်သိမ်းမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဘီလာရုစ်နိုင်ငံတွင် ဥရောပသမဂ္ဂ ၁၄ နိုင်ငံမှ သံအဖွဲ့များရှိပြီး ဥရောပသမဂ္ဂတစ်ခုလုံးကို ကိုယ်စားပြုသည့် ကိုယ်စားလှယ် အဖွဲ့လည်းရှိကြောင်း သိရသည်။

—*Ref: NY Times*

## နျူကလီးယား လုပ်ငန်းများ ရပ်တန့်ထားရန် မြောက်ကိုရီးယား သဘောတူ



Photo - AFP

**ဆိုးလ်၊ မတ် - ၁**

အမေရိကန်နိုင်ငံနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ယူရေနီယမ်သန့်စင်ခြင်း၊ တာဝေးပစ်ဒုံးကျည်များ စမ်းသပ်ခြင်းနှင့် နျူကလီးယား စမ်းသပ်မှုများကိုပါ ဆိုင်းငံ့ထားရန် မြောက်ကိုရီးယားနိုင်ငံက သဘောတူညီလိုက်ကြောင်း သိရသည်။

ယောင်ဗြွန်းဒေသရှိ နျူကလီးယားဓာတ်ပေါင်းဖိုကိုလည်း စည်းကမ်းများနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေးနိုင်ရန် ကုလသမဂ္ဂစစ်ဆေးရေးမှူးများ လာရောက်ခွင့်ပြုရန်လည်း ပြုံယမ်းကသဘောတူညီခဲ့ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအတွက် အမေရိကန်က စားနပ်ရိက္ခာအကူအညီ တန်ပေါင်း ၂၄၀,၀၀၀ ကို မြောက်ကိုရီးယားနိုင်ငံသို့ ပေးအပ်သွားမည် ဖြစ်သည်။

ယခုသဘောတူညီချက်မှာ မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအီလ်သေဆုံးပြီး သားဖြစ်သူကင်ဂျုံအန် အာဏာရရှိပြီး နှစ်လအကြာတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယခုသဘောတူညီချက်မှ နေ၍ ပြုံယမ်းနှင့်အတူ ခြောက်နိုင်ငံဆွေးနွေးပွဲကို ပြန်လည်စတင် ရန်လမ်းခင်းပေးနိုင်ဖွယ်ရှိကြောင်း သတင်းပေးပို့သူများက ပြောကြားကြသည်။ ခြောက်နိုင်ငံဆွေးနွေးပွဲများမှာ ၂၀၀၉ ခုနှစ်တွင် ပျက်ပြားခဲ့ကြောင်း သိရသည်။

နျူကလီးယား ဖျက်သိမ်းရေးကို နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများညှိနှိုင်းမှုများဖြင့် ဆက်လက်လုပ်ဆောင်သွားရန် မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်တို့က အတည်ပြုလိုက်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်၍ လေးနက်သော ပူပန်မှုများရှိနေသေးကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးမစ္စကလင်တန်က ပြောကြားသော်လည်း ယခုသဘောတူညီချက်မှာ ပထမခြေလှမ်းဟူ၍ ကြိုဆိုလိုက်သည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ အကြီးအကဲယူကီယာအာမာနိုကလည်း ကြေညာချက်ကို ကြိုဆိုလိုက်ပြီး ၎င်းတို့၏ စစ်ဆေးရေးမှူးများမှာ မြောက်ကိုရီးယားသို့ ပြန်သွားရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။

—*Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.11, No.1 • MARCH 8 , 2012

## စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် တရုတ်လျှော့ချ

**ဘေဂျင်း၊ မတ် - ၅**

ခေါင်းဆောင်အပြောင်းအလဲမတိုင်မီ နိုင်ငံ၏ စစ်ဘက်အင်အား၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် တွင် အဓိကထားဆွေးနွေးမည့် ပါလီမန်အစည်းအဝေးကို စတင်ဖွင့်လှစ်လိုက်ချိန်မှာပင် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ၂၀၁၂ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်အား ၇ ဒသမ ၅ ရာခိုင်နှုန်းသို့လျှော့ချလိုက်သည်။

ဒေသတွင်းစစ်ပွဲများကို အနိုင်ရရှိရန် နိုင်ငံ၏ စစ်ရေးစွမ်းရည်အား မြှင့်တင်ရမည်ဟုလည်း တရုတ်ပါလီမန်၏ အမျိုးသားပြည်သူ့ကွန်ဂရက် နှစ်ပတ်လည်ညီလာခံ အဖွင့်မိန့်ခွန်းတွင် ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ပြောကြားသည်။

၂၀၁၂ ခုနှစ်ပါလီမန်အစည်းအဝေးမှာ ယခုနှစ်နှောင်းပိုင်း၌စတင်မည့် အာဏာလွှဲပြောင်းရေးအစီအစဉ်မတိုင်မီ နောက်ဆုံးကျင်းပသည့် အစည်းအဝေးပွဲဖြစ်သည်။ တရုတ်ထိပ်သီးခေါင်းဆောင်များမှာ လူမှုရေးမငြိမ်မသက်မှုများကို နိုင်နင်းစွာကိုင်တွယ်ရင်း ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေး အလျင်အမြန်ဆက်လက်တိုးတက်ရန် စိတ်စောနေကြကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ **စာ(၄၁)သို့**

## ဆီးရီးယားလူထုကို အကူညီပေးရန် အစ္စရေး စိတ်အားထက်သန်နေ

**ဂျေရုဆလင်၊ မတ် - ၅**

အကူအညီပေးရန် တောင်းဆိုလာပါက အစ္စရေးက ဆီးရီးယားနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရန် စိတ်အားထက်သန်လျက်ရှိကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒါလိုင်ဘာမန်းက ပြောကြားသည်။

မစ္စတာလိုင်ဘာမန်းက ဆီးရီးယားနိုင်ငံ၏ အခြေအနေမှာ သည်းမခံနိုင်စရာဖြစ်ကြောင်းနှင့် ဆီးရီးယားတွင် ဖြစ်ပေါ်နေသည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို အဆုံးသတ်စေရန် နိုင်ငံတကာအသိုင်းအဝိုင်းက ကြားဝင်ဖြေရှင်းရမည်ဟု အစ္စရေးအသံလွှင့်ဌာနအား ပြောကြားသည်။ **စာ(၄၁)သို့**

**NEWSANALYSIS**

### ဖွံ့ဖြိုးမှုအားနည်းလာသော အိန္ဒိယစီးပွားရေး

စာ(၃၂)သို့



Photo - Getty Images

# အီရန်အပေါ် အင်အားသုံးမည့်အရေး အိုဘားမား သတိပေးပြောဆို

**ဝါရှင်တန်၊ မတ် - ၅**

အီရန်နိုင်ငံ နျူကလီးယားလက်နက်ရယူခြင်းမှကာကွယ်ရန် အမေရိကန်အနေဖြင့် အင်အားသုံးရန် တွန့်ဆုတ်နေမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။

ဩဇာကြီးမားသော အစ္စရေးလိုလားသည့် နိုင်ငံရေးမဲဆွယ်အုပ်စုအား အမှာစကားပြောကြားရာတွင် အိုဘားမားက အီရန်နှင့် အငြင်းပွားမှုအပေါ် လက်လွတ်စပယ် ပြောဆိုခြင်းများကို သတိပေးခဲ့သည်။ စောစောပိုင်းတွင်မူ အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်က အီရန်နိုင်ငံမှာ ကမ္ဘာ့အန္တရာယ်ဟုပြောကြားခဲ့ကြောင်း သိရသည်။

နျူကလီးယားလက်နက်များ ထုတ်လုပ်ရန်ကြိုးစားနေကြောင်း အမေရိကန်နှင့် မဟာမိတ်များက အီရန်ကိုသက်ာမကင်းရှိသော်လည်း ယင်းကို အီရန်က ငြင်းဆိုထားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ မြင့်တက်နေစဉ်မှာပင် အစ္စရေးက အီရန်နျူကလီးယားစက်ရုံများအား ကြိုတင်လက်ဦးမှုယူတိုက်ခိုက်သွားနိုင်သည်ဟူသော မှန်းဆချက်များလည်း ကြီးထွားလာသည်။ **စာ(၄၁)သို့**



Photo - AFP

# ရုရှားသမ္မတရွေးကောက်ပွဲ ဝန်ကြီးချုပ်တစ်ဖြစ်လဲ ပူတင်အနိုင်ရ

**မော်စကို၊ မတ် - ၅**

အောင်ပွဲခံရင်း မျက်ရည်လည်နေသော ဗလာဒီမာပူတင်က ရုရှားသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်း ပြောကြားခြင်းဖြင့် တတိယအကြိမ်သမ္မတသက်တမ်းအတွက်ပြင်ဆင်လိုက်သည်။ မစ္စတာပူတင်သည် လွန်ခဲ့သော လေးနှစ်တာကာလအတွင်း ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သို့သော် အတိုက်အခံအုပ်စုများက ရွေးကောက်ပွဲတွင်မဲမသမာမှုများရှိခဲ့သည်ဟု စွပ်စွဲပြောဆိုကြပြီး ရွေးကောက်ပွဲ ကျင်းပပြီး နောက်တစ်ရက်မှာပင် လူစုလူဝေးဖြင့် ကန့်ကွက်ဆန္ဒပြကြရန် တိုက်တွန်းပြောကြားနေကြောင်း သိရသည်။

မစ္စတာပူတင်အား ထောက်ခံသူ ထောင်ပေါင်းများစွာက ကရင်မလင်နန်းတော်အပြင်ဘက်တွင် ဂီတဖျော်ဖြေပွဲတစ်ရပ်ပြုလုပ်ပြီး မစ္စတာပူတင်အတွက်အောင်ပွဲခံခဲ့ကြောင်း သိရသည်။ **စာ(၄၁)သို့**



ရ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL အာချပ်ပို

Vol.11, No.1 • MARCH 8 , 2012



Photo - AFP

## နိုင်ငံတော်သမ္မတမိန့်ခွန်း ကောက်နုတ်ချက်များ

- လက်နက်ကိုင်ခဲ့တဲ့ ကျွန်တော်တို့ တိုင်းရင်းသားလူငယ်တွေ လက်ပ်တော့ကိုင်နိုင်ပြီး ထည်ထည်ဝါဝါရပ်တည်နိုင်ဖို့ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းသွားကြမှာ ဖြစ်ပါတယ်
- ပြည်သူကြားမှာ စိတ်ဝင်စားမှု အထူးပဲမြင့်တက်နေတဲ့ မိုဘိုင်းဖုန်းကိစ္စနဲ့ပတ်သက်ပြီး လောလောဆယ်မှာ ကျွန်တော်တို့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပြီး ဒီလုပ်ငန်းတွေ ကျွန်တော်တို့ပြီးတာနဲ့အမျှ ပြည် သူတွေရဲ့ဆန္ဒနဲ့အညီ နိုင်ငံတကာရဲ့ နှုန်းထားနဲ့အညီ ဆောင်ရွက်ပေးနိုင်အောင် နည်းလမ်းများရှာပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်
- ကျွန်တော်တို့ အစိုးရဟာ အများပြောကြသလို ခေါင်းမာဂိုဏ်းနဲ့ အပျော့ဂိုဏ်းဆိုပြီး ကွဲပြားနေတာမရှိပါဘူး။ လူတစ်ဦးချင်းဆီရဲ့ ဇီဇစရိုက်အမူအကျင့်ပေါ်မှာမူတည်ပြီး စီမံခန့်ခွဲမှုကွဲပြားခြားနားတာ ကလွဲလို့ ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ မူဝါဒကို ကျွန်တော်တို့အားလုံး မမှိတ်မသုန် ယုံကြည်စွာဆောင်ရွက်နေကြတာဖြစ်ပါတယ်
- မြန်မာတစ်နိုင်ငံလုံးမှာ အစိုးရဝန်ထမ်းအရေအတွက်က စုစုပေါင်း တစ်နိုင်ငံလုံးလူဦးရေရဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းသာရှိတဲ့အတွက် ကျွန်တော်တို့ဟာ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ အစိုးရဝန်ထမ်းမဟုတ်သော သာမန်လက်လုပ်လက်စား ၉၆ ဒသမ ၇ ရာခိုင်နှုန်းကိုလည်း ပြန်လည်ငဲ့ကွက်ဖို့လိုပါတယ်။ အခုဆိုရင် လစာတိုးပေးရေး ဆွေးနွေးမှုတွေကြောင့် အရပ်ရပ်ကုန်ဈေးနှုန်းတွေ ရုတ်တရက် တက်လာတာကိုလည်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေ လစာတိုးမြှင့်ပေးလိုက်လို့ ခံသာပေမယ့် အစိုးရဝန်ထမ်း မဟုတ်တဲ့ ၅၈ သန်းသော ပြည်သူတွေဟာ ဒီနောက်ဆက်တွဲအကျိုးဆက်ကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရမှာဖြစ်ပါတယ်
- နိုင်ငံတော်သမ္မတအပါအဝင် နိုင်ငံသားအားလုံး အခွန်ပေးဆောင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်
- ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး Rule of Law နဲ့အညီ ဆောင်ရွက်နိုင်ပြီဆိုရင် လူ့အခွင့်အရေး၊ လွတ်လပ်ခွင့်၊ ဒီမိုကရေစီဆိုတာတွေဟာလည်း အလိုအလျောက် ထွန်းကားရှင်သန်လာမှာ ဖြစ်တဲ့အတွက် နိုင်ငံတည်ဆောက်ရေးအဆင့်ဆင့်ခိုင်မာရေးဟာ Rule of Law အပေါ်မှာ မူတည်နေပါတယ်။ ဒီတာဝန်ကြီးကိုလည်း ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်
- မိဘပြည်သူများကလည်း ကျွန်တော်တို့အစိုးရကို ထိန်းကျောင်းတည့်မတ်ပေးကြပါ

# လက်နက်ကိုင်နေသော တိုင်းရင်းသားလူငယ်များ လက်ပ်တော့ကိုင်နိုင်အောင် ကြိုးပမ်းမည်

**အားမာန်**

**ရန်ကုန်၊ မတ် – ၁**

လက်နက်ကိုင်နေသော တိုင်းရင်းသားလူငယ်များကို လက်ပ်တော့ကိုင်ပြီး ထည်ထည်ဝါဝါရပ်တည်နိုင်သည်အထိ ထာဝရငြိမ်းချမ်းရေးရရှိရန် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မတ်လ ၁ ရက်တွင် ပြောကြားသောမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

"ဒီကနေ့မှာ အလျဉ်းသင့်လို့ တိုင်းရင်းသားခေါင်းဆောင်တစ်ဦး မကြာသေးခင်က ပြောပြခဲ့တဲ့ စကားလေးကို ကျွန်တော် ပြောပြချင်ပါတယ်။ ၁၈ နှစ်၊ ၁၉ နှစ်အရွယ်ရှိတဲ့ လက်နက်ကိုင် တိုင်းရင်းသားလူငယ်တွေကပြောကြပါတယ်။ ကျွန်တော်တို့လည်း လက်ပ်တော့တွေ၊ ကွန်ပျူတာတွေ ကိုင်ချင်တယ် ဆိုတဲ့စကားဖြစ်ပါတယ်။ ကျွန်တော် တကယ့်ကိုပဲ စိတ်မကောင်းဖြစ်မိပါတယ် ကျွန်တော်အခိုင်အမာ သန္နိဋ္ဌာန်ချထားပါတယ်"ဟု နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် ၅၁ မိနစ်ကျော်ကြာ ပြောကြားသောမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ဖြစ်ပွားနေသော ပဋိပက္ခများကို အဆုံးသတ်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေကြောင်း၊ ယခုအခါ တိုင်းရင်းသားခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံပြီး ယုံကြည်ချက်ပိုမိုရရှိလာပြီဖြစ်ကြောင်းလည်း နိုင်ငံတော်သမ္မတကပြောကြားသည်။

"ဒီကနေ့ ကျွန်တော်တို့ အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို လျှောက်လှမ်းနေတဲ့ ခရီးမှာ ကျွန်တော်တို့မှာ ပရိယာယ်တွေမရှိပါဘူး" ဟု ၎င်းကဆိုသည်။

ကချင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဖြစ်ပွားနေသော စစ်ပွဲများ ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်မှာ အစိုးရနှင့် ကချင်တိုင်းရင်းသားခေါင်းဆောင်များ၏ တာဝန်ဖြစ်ကြောင်းမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

အစိုးရက ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်နေပြီး ပထမအဆင့်မှာ ပြည်နယ်အဆင့်တွေ့ဆုံဆွေးနွေးမှုဖြစ်ကြောင်း၊ ဒုတိယအဆင့်မှာ ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးရန်ဖြစ်ကာ၊ နောက်ဆုံးအဆင့်မှာ နိုင်ငံရေးနှင့် ပတ်သက်သူအားလုံး ပြည်ထောင်စုလွှတ်တော်ကြီးတွင် ထာဝရငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးကြရန် ဖြစ်ကြောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဦးသိန်းစိန်က ရှင်းလင်းပြောကြားသွားသည်။

"တတိယအဆင့်မှာတော့ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးအင်အားစုတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေ စတဲ့ နိုင်ငံတော်မှာရှိတဲ့ အဓိကကျတဲ့ Political Player တွေအားလုံးပါဝင်တဲ့ဒီလွှတ်တော်ကြီးမှာသဘောတူလက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်"

ထိုအခြေအနေရောက်လာရန် အစိုးရနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းလည်းပါဝင်သည်။ ထိုသို့ကြိုးပမ်းရာတွင်ပြည်တွင်းပြည်ပမှ ထောက်ပံ့ကူညီမှုများကိုလည်း ဖိတ်ခေါ်ကြိုဆိုသွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

"လက်နက်ကိုင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားလူငယ်တွေ လက်ပ်တော့ကိုကိုင်ပြီး ထည်ထည်ဝါဝါရပ်တည်နိုင်ဖို့ ကျွန်တော်တို့အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြမှာဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတကပြောသည်။

လက်ရှိဦးသိန်းစိန်ဦးဆောင်သောအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့နှင့်ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေရာတွင် အဖွဲ့ ခုနစ်ဖွဲ့နှင့် ပြည်နယ်၊ ပြည်ထောင်စုအဆင့် ပဏာမသဘောတူညီမှုလက်မှတ်များရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသေးသောအဖွဲ့များထဲတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)နှင့်ဖြစ်ပွားနေသော စစ်ပွဲများကို ရပ်စဲပြီး ငြိမ်းချမ်းရေးရရှိရန်မှာ အဓိကစိန်ခေါ်မှုဖြစ်သည်။ ကချင်တိုင်းရင်းသားခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးရယူနိုင်ပါက အခြားအဖွဲ့များနှင့် အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်ရန်မှာ အလွယ်တကူ ပြီးစီးနိုင်ကြောင်း နိုင်ငံရေးလေ့လာသူအချို့ကသုံးသပ်ကြသည်။ အစိုးရနှင့် ကေအိုင်အေတို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို မတ်လ ဒုတိယပတ်တွင် ရွှေလီမြို့၌ ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မန္တလေးခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည် အအေးမိကာ အနည်းငယ်မူးဝေ

**အောင်သူရ**

**ရန်ကုန်၊ မတ် – ၃**

ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးခရီးစဉ်၌ အအေးမိခဲ့သဖြင့် အနည်းငယ်မူးဝေသွားခဲ့ကြောင်း သူမ၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက 7Day News သို့တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့သည်။

"နည်းနည်းမူးသွားတာပါ။ ရာသီဥတုကြောင့်လည်းပါတယ်။ လမ်းမှာ မိုးနည်းနည်းရွာတော့ မိုးမိတယ်။ မိုးစိုကြီးနဲ့ မနားဘဲ ပရိသတ်ကို နှုတ်ဆက်တယ်လေ။ အအေးပတ်သွားတဲ့သဘောပေါ့" ဟု ဒေါက်တာတင်မျိုးဝင်းကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးလေဆိပ်သို့ နံနက် ၈ နာရီခန့်တွင် ရောက်ရှိပြီး ပုံမှန် တစ်နာရီသာ မောင်းနှင်ရသော ဟောပြောမည့်နေရာသို့ ငါးနာရီခန့်ကြာ သွားရောက်ခဲ့ရပြီး နေ့လယ် ၁၂ နာရီခန့်မှစ၍ နာရီဝက်ခန့် မိုးရွာသွန်းခဲ့၍မိုးမိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် တစ်နာရီကျော်တွင် ဟောပြောမည့်စင်မြင့်သို့ ရောက်ရှိပြီး စကားပြောနေစဉ် ခေါင်းမူးလာသဖြင့် ငါးမိနစ်ခန့် နားလိုက်ရသည်။

အသက် ၆၆ နှစ်အရွယ်ရှိ ဒေါ်အောင်ဆန်းစုကြည်မှာ စည်းရုံးရေးခရီးစဉ်များ ဆက်တိုက်ထွက်နေပြီး ပြီးခဲ့သည့်လက ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခဲ့သေးသည်။ ယခုကောင်းမွန်နေပါကြောင်း ဒေါက်တာတင်မျိုးဝင်းက ပြောသည်။

# အာဖရိကနိုင်ငံများ မြန်မာ့ဆန် ပြန်လည်ဝယ်ယူ

**အောင်သူရ**

**ရန်ကုန်၊ မတ်–၁**

မြန်မာနိုင်ငံမှ ၂၅ မှတ်ဆန်အား အာဖရိကနိုင်ငံများကမတ်လမှစ၍ ပြန်လည်ဝယ်ယူနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ပြောသည်။

"မတ် ၃၊ ၄ ရက်ကနေ သင်္ကြန်မတိုင်ခင်ထိ တန်ချိန် နှစ်သိန်းလောက်ပို့ဖို့ ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

ယခုလထဲတွင် သင်္ဘောနှစ်စီးတင်ရန်ရှိပြီး ၂၅ မှတ်ဆန် တစ်တန်လျှင် သင်္ဘောတင်ဈေး အမေရိကန်ဒေါ်လာ ၃၃၀ ရရှိကြောင်း သတင်းရရှိသည်။

အိန္ဒိယနိုင်ငံမှ ဆန်ထုတ်ရောင်းသဖြင့် အာဖရိကနိုင်ငံများသည် မြန်မာနိုင်ငံမှ ဆန်အား ၂၀၁၁ စက်တင်ဘာလဆန်းမှစ၍ ဝယ်ယူမှုရပ်ဆိုင်းခဲ့သည်။

ထို့အပြင် ဖေဖော်ဝါရီ လကုန်ပိုင်းမှစ၍ တရုတ်နိုင်ငံမှ ဝယ်ယူမှုများလာပြီး ဆန်တစ်တန်လျှင် ၄၇၇ ဒေါ်လာအထိ ဈေးရှိလာခဲ့ပြီး ဇန်နဝါရီမှ ဖေဖော်ဝါရီလလယ်ထိ တန်ချိန် ၄၆,၀၀၀ နီးပါးတင်ပို့နိုင်ခဲ့သည်။

ထိုကဲ့သို့ ပြည်ပဆန်အဝယ်ယူမှုမြင့်တက်လာခြင်း၊ အရန်ဆန်ဝယ်ယူခြင်းနှင့် လစာတိုးပေးမည်ဆိုသော သတင်းများကြောင့် ပြည်တွင်း စပါးဈေးနှင့် ဆန်ဈေးမှာလည်း နေရာဒေသအလိုက် တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။

ရန်ကုန်အခြေစိုက် ဘုရင့်နောင်ဈေးကွက်တွင် ပြည်ပတင်ပို့သော ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့် ဈေးတက်လာပြီး ပြည်တွင်းစားသုံးသောဆန်မှာလည်းအနည်းငယ်ဈေးတက်လာခဲ့သည်။

"ဆန်အဝယ်လိုက်လာတော့ အိတ်စပို့လုပ်မယ့်သူတွေက အရည်အသွေးကိုမထိန်းတော့ဘဲ ဂျင်းထည့်ပြီး လုပ်လာတာတွေ တွေ့ရတယ်။ ဒါတွေဟာမကောင်းဘူး နာမည်ပျက်လိမ့်မယ်" ဟု ဘုရင့်နောင်အခြေစိုက်ကုန်သည်တစ်ဦးက အကြံပြုသည်။

သို့သော် စပါးနှင့် ဆန်ဈေးတက်သည့်အချိန်မှာ တောင်သူလက်ထဲ စပါးမရှိသည့် အချိန်ဖြစ်နေသည်။ မတ်လလယ်တွင် နွေစပါးပေါ်လာပါက ဈေးအနည်းငယ် ပြန်အေးနိုင်ပြီး ထင်သလောက် ဈေးမတက်နိုင်ကြောင်း ခန့်မှန်းနေကြသည်။

ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်သဖြင့် မိုးစပါးတင်းသန်းပေါင်း ၁၂၀ ကျော် အထွက်လျော့ခဲ့ပြီး နိုင်ငံခြားသို့ တင်ပို့သော ပမာဏမှာလည်း လျာထားချက် ကျော်လွန်နေပြီဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

# အစိုးရနှင့် KNU ပြေိလဆန်းတွင် တွေ့ဆုံမည်

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၃**

ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ဦးအောင်မင်းခေါင်းဆောင်သောငြိမ်းချမ်းရေးအဖွဲ့တို့သည် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် မတ်လ ၃ ရက်က အလွတ်သဘောတွေ့ဆုံခဲ့ပြီး ဧပြီလဆန်း၌ ပြန်လည်ဆွေးနွေးရန် သဘောတူခဲ့ကြောင်းသတင်းရရှိသည်။

"ပြည်ထောင်စုအဆင့် ဆွေးနွေးခြင်း သဘောမျိုးတော့မဟုတ်ဘူး။ စာချုပ်ပါအရတော့ ဖေဖော်ဝါရီ၂၈-၂၉မှာတွေ့ရမှာ။အကြောင်းအမျိုးမျိုးကြောင့် မတွေ့ရဘဲ ခုမှ အလွတ်သဘောတွေ့တာပါ"ဟု ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဦးလှမောင်ရွှေက ပြောသည်။

အဆိုပါတွေ့ဆုံပွဲတွင်ခိုင်မာသော အပစ်အခတ်ရပ်စဲရေးရရှိရန်အတွက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆက်လက်ဆွေးနွေးပြီး လက်တလော ဒေသဆိုင်ရာနယ်မြေအချို့အတွင်း စိုးရိမ်ရမည့် စစ်ရေးလှုပ်ရှားမှုများကိုလည်း ဆွေးနွေးခဲ့ကြသည်ဟု ကရင်အမျိုးသားအစည်းအရုံးက သတင်းထုတ်ပြန်သည်။

ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့အကြား ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအား ဇန်နဝါရီ ၁၂ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ လက်မှတ်ရေးထိုးခဲ့ကြပြီး ၄၅ရက် အတွင်း ပြည်ထောင်စုအဆင့် ဆွေးနွေးရန် သဘောတူခဲ့ကြသည်။

ထိုကဲ့သို့ အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း အချို့နေရာများတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများရှိကြောင်းလည်းသတင်းရရှိသည်။

ဘားအံမြို့ တွေ့ဆုံပွဲတွင် ဖဒိုဒေးဗစ်တောကဦးဆောင်ခဲ့ပြီး ဗိုလ်ချုပ်ကြီး စောမူးတူးစေးဖိုးနှင့် ဗိုလ်ချုပ်ဂျော်နီတို့ပါဝင်ခဲ့သည်။ ယခုတွေ့ဆုံပွဲတွင် KNU မှ အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်ကဦးဆောင်ပြီး ဗိုလ်ချုပ်ကြီး စောမူးတူးစေးဖိုး၊ ဗိုလ်မှူးချုပ်မဲအေစိန်နှင့်ဗိုလ်မှူးချုပ်ထူးထူးလေးတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မတ်လ၇ရက်တွင် အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် NKPP (ကရင်နီ တိုးတက်ရေးအဖွဲ့) တို့ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်မည်ဖြစ်သည်။

# ပြည်သူကို စေတနာရှိသူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**သီဟ၊ ဥက္ကာ၊ ညီညီဇော်**

**စစ်ကိုင်း၊ မတ်-၄**

ပြည်သူက အင်မတန်ချစ်၊ပြည်သူ့အပေါ် အင်မတန်ကောင်းသည့်စေတနာရှိသည့် တပ်မတော်၏ အစဉ်အလာကို ပြန်လည်ထူထောင်ပြီး ပြည်သူတွေရဲ့ကောင်း ကျိုးအတွက် လွှတ်တော်အတွင်းတွင် ဝိုင်းဝန်းဆောင်ရွက်ပါက အောင်မြင်မည်ဟုယုံကြည်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ် အောင်ဆန်းစုကြည်က ယနေ့ပြုလုပ်သည့်စစ်ကိုင်းလူထုတွေ့ဆုံပွဲတွင် ပြောကြားသွားသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာအားအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင် မည်ဖြစ်ပြီး ထိုသို့ယှဉ်ပြိုင်ရခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံကိုအကျိုးမပြုသည့်ဥပဒေများကိုပြောင်းလဲမည်ဟူသည့်ရည်ရွယ်ချက်ဖြင့်ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်ဟု စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ ရောဝတီမြစ်ကမ်းဘေးရှိသဲသောင်ပြင်တွင်ဒေါ် အောင်ဆန်းစုကြည်က လူထုကို ပြောကြားသည်။

"လွှတ်တော်ထဲမှာ အများစုသဘောတူမှလုပ်လို့ရတယ်။ လူနည်းစုကဘာလုပ်နိုင်မှာလဲ မေးရင် ကျွန်မတို့က ဒီလူအများစုထဲက ပြည်သူ့အပေါ် မှာ စေတနာထားတဲ့ လူတွေနဲ့စည်းလုံးညီညွတ်အောင် လုပ်ပြီးတော့ပြည်သူ့အကျိုးကို ထမ်းဆောင်သွား မယ်လို့ဆုံးဖြတ်ထားတယ်" ဟု ဒေါ် အောင်ဆန်းစုကြည်ကပြောသည်။

လွှတ်တော်အတွင်း ရောက်ရှိသွားပါက ခေတ်မရှိတော့သည့်ဥပဒေများကို ဖယ်ရှားခြင်း၊ နိုင်ငံနှင့်ဆိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြည်သူများအတွက် အကျိုးမရှိသည့် တစ်နည်းအားဖြင့် ပြည်သူတွေကို ချုပ်ချယ်ကန့်သတ်ထားသည့် ဥပဒေများကို ဖယ်ရှားပစ်ရန်ကြိုးစားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကိုယ်စား ဥက္ကဋ္ဌ ဒေါ် အောင်ဆန်းစုကြည်က စစ်ကိုင်းလူထုအား ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်အပေါ်တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ စီးပွားရေးအကူအညီ၊ လူမှုရေးအကူအညီများပေးရန် ဆန္ဒရှိနေခြင်းမှာ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် သို့ တက်ရောက်နေပြီဟု ထင်၍ပေးနေခြင်းဖြစ်ပြီး တကယ်တမ်းတက်ရောက်သည့်အချိန်မှသာလျှင်အကူအညီများအမှန်တကယ် ရရှိမည်ဖြစ်ကြောင်း ဒေါ် အောင်ဆန်းစုကြည်က ပြောကြားသည်။

မတ်၄ရက်ဒေါ် အောင်ဆန်းစုကြည်၏ အမရပူရ၊ စစ်ကိုင်း ခရီးစဉ်သည် နံနက်စောစောပိုင်းမှ စတင်ရန် ရည်ရွယ်ခဲ့သော်လည်း သူမ၏ ကျန်းမာရေးအခြေအနေကြောင့် နံနက် ၇ နာရီကျော်မှသာ သူမတည်းခိုရာ Mandalay Hill Resort Hotelမှ စတင်ထွက်ခွာခဲ့သည်။

ခရီးစဉ်တွင် အမရပူရနှင့် စစ်ကိုင်းသို့သွားမည့်ဟု ရည် ရွယ်ထားသော်လည်း မန္တလေးမြို့ရှိ နာမည်ကြီးစာသင်တိုက်တစ်ခုဖြစ်သော မဟာဝိသုဒ္ဓာရုံတိုက်သစ်မှ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီးအားဝင်ရောက်ဖူးမြော်ခဲ့သည်။ အလားတူ အမရပူရရှိမဟာဂန္ဓာရုံကျောင်းတိုက်သို့လည်း နံနက် ၉ နာရီခွဲခန့်တွင် ဝင်ရောက်ဖူးမြော်ခဲ့သည်။

ဒေါ် အောင်ဆန်းစုကြည်ခရီးစဉ်တစ်လျှောက်တွင် လမ်းဘေးဝဲယာမှ ကြိုဆိုသူများ လိုက်လံကြည့်ရှုသူများ၊ လိုက်လံသတင်းရယူသူများ၏ ယာဉ်တန်းများဖြင့် မန္တလေးမြို့လမ်းမများပေါ် တွင် ပြည့်ကျပ်နေသည်။

စစ်ကိုင်းမှအပြန်တွင် ဒေါ် အောင်ဆန်းစုကြည်၏ ယာဉ်တန်းသည် မန္တလေးဈေးချိုတော်မှပတ်၍ တည်းခိုရာဟိုတယ်တွင် အဆုံးသတ်ခဲ့သည်။

# မြေဩဇာဖြေဆေး ထုတ်လုပ်ရန် အမေရိကန်က ကူညီမည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ မတ် - ၅**

မြေကြိုက်လူနာများအတွက် လိုအပ်သော မြွေဆိပ်ဖြေဆေးကို ပြည်တွင်း၌ လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိရာ အမေရိကန်နိုင်ငံကလည်း နောက်ဆုံးပေါ် နည်းပညာများအကူအညီပေးမည်ဟု ကမ်းလှမ်းထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

လောလောဆယ်တွင် လူနာနှင့်ပြည်တွင်းထုတ်လုပ်မှုမညီမျှ၍ ပြည်ပမှ ဈေးကြီးကြီးပေးပြီး တင်သွင်းနေရလျက်ရှိရာ ယင်းအခြေအနေအတွက် ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်ရန် စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း၊ပြည်ပအကူအညီများနှင့်ပတ်သက်၍လည်း "အမေရိကန်ကလည်း နောက်ဆုံးပေါ် နည်းပညာတွေနဲ့ မြွေဆိပ်ဖြေဆေးထုတ်လုပ်ဖို့ ကူညီမယ်လို့ ပြောထားပါတယ်"ဟု ဒေါက်တာဖေသက်ခင်က ယနေ့ကျင်းပပြုလုပ်သော ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေးကို စက်မှုဝန်ကြီးဌာနက ထုတ်လုပ်လျက်ရှိပြီး၊ ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း ကျပ်ခြောက်သောင်းခန့်ကုန်ကျကြောင်း၊ သို့သော်လည်း ကျန်းမာရေးဝန်ကြီးဌာနက ငွေကျပ် ၁၅,၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဆေးရှစ်လုံး သုံးရသောလူနာတစ်ဦးအတွက် ကျပ် ၁၂၀,၀၀၀ ကျသင့်ပြီး မသက်သာ၍ နှစ်ဆသုံးရလျှင် ၂၄၀,၀၀၀ ကျပ် အကုန်အကျခံ ကုသပေးနေရကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသဖြင့်မြွေအန္တရာယ်ပေါများသည့်အတွက် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုမလုံလောက်၍ ထိုင်းနိုင်ငံမှ တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၄၀ နှုန်းဖြင့် တင်သွင်းနေရကြောင်း၊ ယင်းဆေးများမှာလည်း အခြေအနေအရ ပြည်တွင်းထုတ်ဈေးများလောက် ထိရောက်မှုမရှိသည့်အတွက် လူနာတစ်ဦးလျှင် ၁၆ လုံးအထိ အသုံးပြုရကြောင်းသိရသည်။

# မန္တလေးမီးလောင်မှုကြောင့် ကျပ်သိန်း ၁၄၀ခန့် ဆုံးရှုံး

**ညီညီဇော်**

**မန္တလေး၊ မတ်- ၅**

မန္တလေးမြို့တွင် မတ်လ ၄ ရက်ညက ပါကင်ထုတ်ရာ၌ အပူပေးသည့် ကိရိယာကြောင့် မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ ၈၂လမ်း၊ ၂၇× ၂၈ လမ်းကြား ချမ်းအေးသာစံအရှေ့ရပ်ကွက် အကွက် ၅၉၆ တွင်ရှိသော RC ၃ ထပ်တိုက်တွင် မတ်လ ၄ ရက်ည ၁၁ နာရီ ၁၀ မိနစ်ခန့်က စာရေးကိရိယာပစ္စည်းများ ပါကင်ထုတ်ရာမှ ပလတ်စတစ်များလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ၁၂း၄၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး အိမ်အဆောက်အဦတန်ဖိုးကျပ်သိန်း၁၀၀ ပစ္စည်းတန်ဖိုး ကျပ်သိန်း ၄၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၄၀ခန့် ဆုံးရှုံးခဲ့သည်ဟု မီးသတ်ဦးစီးဌာန မှတ်တမ်းတွင် ဖော်ပြပါရှိသည်။



မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိဘဲ အဆိုပါ အဆောက်အအုံတွင် ညအိပ်နေသော အမျိုးသားတစ်ဦးသာ မီးခိုးငွေ့ကြောင့် မူးလဲခဲ့သည်။ ၎င်းမီးလောင်ကျွမ်းမှုဖြစ်ပွားသော ချမ်းအေးသာစံမြို့နယ်မှ မီးသတ်ဦးစီးဌာနမှူး ဦးမြကြိုင်က "လျှပ်စစ်ပစ္စည်းတွေ သုံးပြီးပြီဆိုရင် သတိတရနဲ့ ပိတ်ဖို့လိုပါတယ်။ အပြင်ထွက်မယ်ဆိုရင်လည်း လျှပ်စစ်မိန်းခလုပ်ကို ချထားတာ အကောင်းဆုံးပါပဲ"ဟုပြောသည်။

# R ဇာနည် ဖေ့စ်ဘုတ်အကောင့်နှင့် ပတ်သက်၍ ရှင်းလင်း

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်- ၅**

တေးသံရှင် Rဇာနည်က Facebook ပေါ်တွင် R Zar Ni ဟူသော အမည်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ် အောင်ဆန်းစုကြည်ကို ပုတ်ခတ်ပြောဆိုသော အကောင့်မှာ၎င်းမဟုတ်မှန်ကြောင်း 7Day Newsသို့ တယ်လီဖုန်းမှ တစ်ဆင့်ဖြေကြားသည်။

Rဇာနည်က Facebook ပေါ်တွင် အသုံးပြုသည့် သူ၏ ကိုယ်ပိုင်အကောင့်မှာနာမည်ရင်းဖြစ်သော ဇာနည်မျိုးညွန့်ဖြင့်သာ အကောင့်တစ်ခုဖွင့်လှစ်သုံးစွဲနေကြောင်းပြောသည်။

ထို့ကြောင့် အထက်ပါကဲ့သို့ ၎င်း၏အနုပညာအမည်ဖြင့် ဖြစ်ပေါ်နေသည့်အကြောင်းအရာများကိုပရိသတ်သို့ဖြေရှင်းပေးရန်အတွက် ယနေ့တွင်ပင် Facebook ပေါ်ရှိ ၎င်းအမှန်တကယ်သုံးစွဲသောဇာနည်မျိုးညွန့်အကောင့်တွင် Fan Page တစ်ခု ဖွင့်လှစ်ကာ ဖြေရှင်းရန် စီစဉ်နေကြောင်းလည်း ဆက်လက်ပြောသည်။

တေးသံရှင် Rဇာနည်အနေဖြင့် ၎င်း၏ ကိုယ်ပိုင်အကောင့်ဖြစ်သော ဇာနည်မျိုးညွန့်ဟူသော အကောင့်ကိုပင်လျှင် အိမ်တွင် အင်တာနက်မချိတ်ရသေးသဖြင့် ပုံမှန်မသုံးစွဲနိုင်ကြောင်းလည်း သိရသည်။

# မိုးသီးကြွေသဖြင့် စစ်ဘေးဒုက္ခသည်များခိုလှုံရာ ယာယီစခန်းအချို့ပျက်စီး

**အေးမြကျော်**

**ရန်ကုန်- မတ် ၅**

ကချင်စစ်ပြေးဒုက္ခသည်များခိုလှုံရာနေရာဖြစ်သော မန်ဂါရမ်ဒေသတွင် ဖေဖော်ဝါရီ ၂၉ရက်က အချိန်အခါမဟုတ် မိုးသီးများကြွေကျခဲ့သဖြင့် ဒုက္ခသည်စခန်းအဖြစ် ဆောက်လုပ်ထားသော ယာယီတဲများ ပျက်စီးခဲ့ရကြောင်း မကြာမီက ထိုဒေသသို့ သွားရောက်ကူညီခဲ့သော ကချင်နှစ်ခြင်းအသင်းတော်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ယာယီတဲလုပ်ထားတဲ့တဲတွေပြိုသွားတယ်။ အခုပြန်ဆောက်ဖို့လုပ်နေပါတယ်"ဟု ယင်းကပြောကြားသည်။ ထိုသို့အချိန်အခါမဟုတ် မိုးသီးကြွေခြင်းနှင့်မိုးရွာခြင်းတို့မှာ မြန်မာနိုင်ငံအနောက်ဘက်မှ လေစီးကြောင်းနှင့်ပါလာသော မိုးတိမ်တောင်များကြောင့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဦးထွန်းလွင်ကပြောကြားသည်။ မန်ဂါရမ်တွင်မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့အကြားဖြစ်ပွားနေသောတိုက်ပွဲများကြောင့် နေရပ်မှ ထွက်ပြေးတိမ်းရှောင်သူ ဦးရေ သုံးထောင်နီးပါး ခိုလှုံနေရာနေရာလည်းဖြစ်သည်။ စစ်ပြေးဒုက္ခသည်များခိုလှုံနိုင်ရန် ယာယီတဲများပြန်လည်ဆောက်လုပ်နိုင်ရန် ကချင်နှစ်ခြင်းအသင်းတော်မှ အလှူငွေကျပ်သိန်း ၂၀လှူဒါန်းထားကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012



# နေပြည်တော်ခရီးစဉ်မှာ စိတ်ဓာတ်အရ စွန့်စားရသော ခရီးစဉ်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

## "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တပ်မတော်ကို အတိုက်အခံလုပ်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ ကျွန်မတို့က ကြိုဆိုပါတယ်"

**သီဟ၊ ဥက္ကာကိုကို**

**နေပြည်တော်၊ မတ်-၅**

နေပြည်တော်သို့ မဲဆွယ်စည်းရုံးရေး ခရီးစဉ်လာရောက်ခြင်းသည် စိတ်ဓာတ်အရ စွန့်စားကာ လာရောက်ရခြင်းဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က မတ် ၅ ရက် ညနေပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် ဇဗ္ဗူသီရိမြို့နယ်တို့တွင် ပြုလုပ်ခဲ့သော လူထုဟောပြောပွဲ၌ပြောကြားသည်။

"ကျွန်မတို့ စွန့်စားပြီး လာတာပါ။ စွန့်စားပြီးလာတယ်ဆိုတာ လမ်းကိုပြောတာ မဟုတ်ပါဘူး။ လမ်းကတော့ အင်မတန်ကောင်းပါတယ်။ ဒါပေမဲ့ စိတ်ဓာတ်အရစွန့်စွန့်စားစားနဲ့ ကျွန်မတို့ရဲ့ကိုယ်စားလှယ်လောင်းကို လာပြီး အရွေးခံခိုင်းတာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ကျွန်မတို့က ယုံကြည်ပြီးတော့ ကိုယ်စားလှယ်ကို ကျွန်မတို့လွှတ်လိုက်တာ ဖြစ်ပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ဒက္ခိဏသီရိမြို့နယ်၊ လမ်းပျဉ်းမနားကွင်းပြင်အတွင်း ပြုလုပ်သည့် ဟောပြောပွဲ၌ လူပေါင်းလေးသောင်းကျော်အား ပြောကြားသွားခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မတ် ၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာလာပြီး တံတားဦးမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ မိတ္ထီလာမြို့နယ်တို့သို့ ဝင်ရောက်၍ မဲဆွယ်စည်းရုံးရေးနှင့် လူထုဟောပြောပွဲများပြုလုပ်ခဲ့ကာ ညနေငါးနာရီကျော်တွင် ဒက္ခိဏသီရိမြို့နယ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ညနေ ၄ နာရီကျော်တွင် နေပြည်တော်သို့ ယာဉ်တန်းဖြင့် စတင်ဝင်ရောက်လာခဲ့ပြီး၊ ဟိုတယ်ဇုန်ရှိရွှင်ရယ်ကုမုဒြာဟိုတယ်တွင် ခေတ္တရပ်နားခဲ့ကာ ဒက္ခိဏသီရိမြို့နယ်ရှိ လူထုဟောပြောပွဲပြုလုပ်မည့် လမ်းပျဉ်းမနား(ရွာမ) ကွင်းသို့ထွက်ခွာလာခဲ့ရာလမ်းတစ်လျှောက်တွင် တစ်ဦးစ နှစ်ဦးစ ကြိုဆိုသူများကလည်း ခွပ်ဒေါင်းအလံငယ်လေးကိုထောင်ကာ မဝံ့မရဲဟန်ဖြင့်အသာအယာလှုပ်ယမ်းပြကြသည်ကိုသာ မြင်တွေ့လာရသည်။

သို့သော် လမ်းပျဉ်းမနားကွင်းပြင်သို့ ရောက်ရှိသည်နှင့် သောင်းနှင့်ချီသော ဒေသခံလူထုက ကြိုနေသည်။ ထုံးစံအတိုင်း "အမေစုကျန်းမာပါစေ"ဟု အော်ဟစ်ကြသည်။ အိုးစည်ဒိုးပတ်များဖြင့် ကခုန်နေသူများကိုလည်း တွေ့ရသည်။ ကြယ်ဖြူခွပ်ဒေါင်းအလံများကို ဝှေ့ယမ်းကာ တိုးဝှေ့နှုတ်ဆက်ကြသည်။

ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို သုံးသပ်ရပါက အုပ်ချုပ်မှု စနစ်မပီပြင်မှုကြောင့်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သယံဇာတပစ္စည်းများအားဖြင့် အရှေ့တောင်အာရှတွင် အချမ်းသာဆုံးနိုင်ငံဖြစ်သော်လည်း ပြည်သူများမှာအဆင်းရဲဆုံးပင်ဖြစ်နေကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဆက်လက်၍ သူမက "ပြည်သူတွေမှာ ရသင့်ရထိုက်တဲ့ အလုပ်တွေရှိစေချင်တယ်"ဟုလည်း ပြောခဲ့သည်။ ဒက္ခိဏသီရိမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးနိုင်ငံလင်းက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် ဇဗ္ဗူသီရိမြို့နယ်သို့ ဆက်လက်ထွက်ခွာလာခဲ့ပြီး လယ်ကွင်းပြင်အတွင်း ပြုလုပ်ထားသော စင်မြင့်ထက်တွင် နေပြည်တော်မဲဆန္ဒနယ်လေးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများနှင့်အတူ ရပ်လျက်မိန့်ခွန်းပြောကြားခဲ့သည်။

"ဒီမြို့နယ်မှာ အထူးသဖြင့် ဝန်ထမ်းတွေများတာကြောင့် ဝန်ထမ်းတွေနဲ့ပတ်သက်လို့ ကျွန်မပြောချင်ပါတယ်။ နိုင်ငံ တစ်နိုင်ငံ အဆင့်မြင့်ဖို့၊ တိုးတက်ဖို့ဆိုရင် ဝန်ထမ်းတွေ အဆင့်မြင့်ဖို့၊ သိက္ခာရှိဖို့လိုတယ်။ အဆင့်မြင့်မြင့် သိက္ခာရှိရှိနဲ့ အလုပ်လုပ်နိုင်ဖို့ဆိုတာဟာ အုပ်ချုပ်မှုစနစ်၊ ဥပဒေရေးရာစနစ်အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဝန်ထမ်းတွေရဲ့ဘဝဟာ လုံခြုံမှုမရှိဘူး။ လုံခြုံမှုနှစ်မျိုးမရှိဘူး။ တစ်မျိုးက လစာဝင်ငွေအရလုံခြုံမှုမရှိဘူး။ တစ်မျိုးက ဥပဒေအရ လုံခြုံမှုမရှိဘူး။ အထက်အရာရှိမကြိုက်ရင် အလုပ်ကအချိန်မရွေး ပြုတ်သွားနိုင်တယ်။ ဆင်းရဲမွဲတေမှုက လွတ်မြောက်ဖို့အတွက် ဥပဒေစိုးမိုးရေးက တစ်စိတ်တစ်ပိုင်းပါဝင်တယ်။ အစိုးရဆိုတာ ပြည်သူကိုကာကွယ်ရမယ်။ ပြည်သူဘက်က ရပ်တည်ပေးရမယ်။ ပြည်သူကို လုံခြုံအောင်ထားရမယ်" ဟု သူမက အစိုးရဝန်ထမ်းများနှင့် ပတ်သက်၍ပြောသည်။

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ရှိ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်တို့ သူမတည်းခိုရာ ရွှင်ရယ်ကုမုဒြာ အစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့သည်။

ထိုတွေ့ဆုံပွဲသို့ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ်များ၊ ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များ၊ ဝတိုင်းရင်းသား ကိုယ်စားလှယ်များ စသည့်တိုင်းရင်းသားကိုယ်စားလှယ် ၁၀ ဦးကျော် တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တိုင်းရင်းသားအရေးများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ နံနက် ၇ နာရီခန့်တွင် စတင်ခဲ့သောတွေ့ဆုံပွဲသည်မိနစ် ၄၀ ခန့် ကြာမြင့်ခဲ့သည်။

မတ် ၆ ရက်နံနက်တွင်ဥတ္တရသီရိနှင့်ပုဗ္ဗသီရိမြို့နယ်တို့သို့သွားသည်။ ပုဗ္ဗသီရိမြို့နယ် တွင်လူထုအား ပြောကြားသောမိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"တပ်မတော်ဟာ နိုင်ငံရဲ့ အခြေခံဖြစ်ရမယ်။ တပ်မတော်ဟာ အပေါ်က စိုးမိုးချင်တဲ့ ဆန္ဒတွေ မရှိရဘူး။ အရင်ခေတ်က ဆိုရင် တပ်မတော်ကို ပြည်သူက အင်မတန်ချစ်တယ်။ တပ်မတော်သားတွေက ပြည်သူကို အားကိုးရတယ်။ ငါတို့ရဲ့ သူရဲကောင်းတွေ လာပြီဆိုတဲ့ စိတ်နဲ့ ရွာသူရွာသားတွေကအစဝိုင်းအားပေးကြတယ်။ တပ်မတော်သားတွေက ပြည်သူတွေဆီက အဓမ္မယူတယ်ဆိုတာ မရှိဘူး။ တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန် ချစ်ခင်ကြတယ်။ တပ်မတော်ကို လေးစားကြတယ်။ အဲဒီတုန်းက အမျိုးသမီးလေးတွေဆိုရင် တပ်မတော်သားတွေနဲ့ အိမ်ထောင်ပြုချင်ကြတယ်။ ဗိုလ်ကတော်ဖြစ်ချင်လို့ မဟုတ်ဘူး။ တပ်မတော်သားတွေကိုဖေးမချင်လို့။ ကျွန်မတို့ရဲ့ တပ်မတော်ကို ကမ္ဘာ့အလယ်မှာ တင့်တယ်စေချင်တယ်။ ကျွန်မတို့ တပ်မတော်ကို ခေတ်မီတပ်မတော်ကြီးတစ်ခုဖြစ်စေချင်တယ်။ တိုင်းသူပြည်သားတွေကို ကာကွယ်ဖို့ပဲ မိမိတို့ အင်အားတွေကို သုံးရမှာ။ ဒါကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တပ်မတော်ကို အတိုက်အခံလုပ်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ ကျွန်မတို့က ကြိုဆိုပါတယ်။ တပ်မတော်သားတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲထည့်ပါလို့ ဆွယ်ပေးကြပါလို့လည်း ကျွန်မမေတ္တာရပ်ခံချင်ပါတယ်"

ထိုမဲဆွယ်ပွဲသို့လည်း သောင်းနှင့်ချီသော ဒေသခံများ လာရောက်နားထောင်ခဲ့သည်။ ပုဗ္ဗသီရိမြို့နယ်တွင် အင်န်အယ်လ်ဒီမှ ကိုဇေယျာသော်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အထက်ပါအတိုင်း ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်မှာ အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

## ကြားဖြတ်ရွေးကောက်ပွဲအကြို ကာလ ၂၀၁၀ရွေးကောက်ပွဲကထက် ပိုမိုအဆင်ပြေဟုဆို

**အားမာန်**

**ရန်ကုန်၊ မတ်-၆**

ကြားဖြတ်ရွေးကောက်ပွဲ အကြိုကာလ မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် ၂၀၁၀ ရွေးကောက်ပွဲကထက် ပိုမိုအဆင်ပြေချောမွေ့ကြောင်း နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ပြောသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများအပေါ် ကန့်သတ်ချက်များမှာယခု ကြားဖြတ်ရွေးကောက်ပွဲအကြိုကာလထက်ပိုများပြီး၊ စည်းရုံးရေး ပြုလုပ်ရာတွင်လည်း ၂၀၁၀ ရွေးကောက်ပွဲက အခက်အခဲပိုများခဲ့ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ဥက္ကဋ္ဌ ဦးသုဝေကပြောသည်။

"ဒီရွေးကောက်ပွဲမှာ အခက်အခဲတွေသိပ်မရှိပါဘူး။ ပါတီ၊ လူထုအပေါ် ခြိမ်းခြောက်မှုမရှိတော့ မဲဆွယ်စည်းရုံးရေးတွေ ပိုပြီး လွတ်လွတ်လပ်လပ်လုပ်နိုင်တယ်" ဟု ဦးသုဝေကပြောသည်။

"ကြားဖြတ်ရွေးကောက်ပွဲက ပိုပြီးတော့ ချောမွေ့လာတယ်" ဟု ဒီမိုကရေစီသစ်ပါတီ အတွင်းရေးမှူး ဦးကျော်ကလည်း ကြားဖြတ်ရွေးကောက်ပွဲမှာ ၂၀၁၀ ရွေးကောက်ပွဲအတွက် အကြိုကာလတွင်ပိုမိုအဆင်ပြေလာကြောင်းကို နှိုင်းယှဉ်ပြောသည်။ ဒီမိုကရေစီပါတီသစ်မှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှဗဟိုအလုပ်အမှုဆောင်များဖြစ်သော ဦးသိန်းညွန့်က ဦးဆောင်ပြီး ၂၀၁၀ ရွေးကောက်ပွဲအလွန်တွင် ဖွဲ့စည်းခဲ့သောပါတီဖြစ်သည်။

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ နိုင်ငံရေးခေါင်းဆောင်ဦးခင်မောင်ဆွေက ကြားဖြတ်ရွေးကောက်ပွဲအကြိုပြင်ဆင်မှုများမှာ အဆင်ပြေကြောင်း ပြောသည်။ သို့သော် ဘဏ္ဍာငွေအင်အားမတောင့်တင်းသောပါတီများနှင့် ပါတီငယ်များတွင်အဓိက ကြုံတွေ့နေရသော အခက်အခဲမှာ ရန်ပုံငွေ အခက်အခဲဖြစ်ကြောင်း ၎င်းကပြောသည်။

"၂၀၁၀ ရွေးကောက်ပွဲတုန်းကထက်ပိုတောင်ဆိုးတာပေါ့ဗျာ။ စီးပွားရေးက မကောင်းဘဲ အထွေထွေစရိတ်တွေက ပိုကြီးလာတော့ အခက်အခဲတွေအများကြီးတွေ့ရတယ်။ ပါတီကလည်း သိပ်မတတ်နိုင်တော့ ကိုယ်စားလှယ်တွေ အိတ်ထဲကစိုက်ရတာပေါ့ဗျာ" ဟု ဦးခင်မောင်ဆွေက ယခုကြားဖြတ်ရွေးကောက်ပွဲတွင်ရန်ပုံငွေအခက်အခဲနှင့်ပတ်သက်၍ ရှင်းပြသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၃နယ် ဝင်ရောက်ယှဉ်ပြိုင်မည့်ဒီမိုကရေစီ ပါတီသစ်တွင်လည်း အလားတူပင် ဘဏ္ဍာငွေအခက်အခဲရှိကြောင်းဦးကျော်ကပြောသည်။ "ကျွန်တော်တို့ ပါတီက ဆင်းရဲတဲ့ပါတီဖြစ်တော့ အားနည်းတယ်။ ဘာပဲလုပ်လုပ် ဘဏ္ဍာငွေကတော့ အရေးကြီးဆုံးပဲ။ ရင်းနှီးတဲ့ သူတွေဆီကရတဲ့အလှူငွေနဲ့ပဲလုပ်နေရတာ"ဟု၎င်းကပြောသည်။

ထပ်မံရရှိသော သတင်းအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီစည်းရုံးရေးခရီးစဉ်များတွင် မဲဆွယ်စည်းရုံးရေး ခရီးစဉ်နှင့် ရောထွေးနေပြီး၊ ကော်မရှင်၏ မဲဆွယ်စည်းရုံးရေးခရီးစဉ်များနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို လိုက်နာရန် အကြောင်းကြားစာကို မတ်လဆန်းတွင် ပေးပို့ခဲ့သည်။

NLD မှ မဲဆွယ်စည်းရုံးရေး မန်နေဂျာ ဦးညဏ်ဝင်းက ကော်မရှင်က ပေးပို့သော အကြောင်းကြားစာကို တိုင်းဒေသကြီးနှင့် ပြည်နယ် NLD ရုံးခွဲများသို့ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာနိုင်ရန် ပေးပို့ထားကြောင်း ပြောသည်။

## လေယာဉ်ဆီ ယခင်ဈေးအတိုင်းသာ ပြန်ရောင်းတော့မည်

**အောင်သူရ**

**ရန်ကုန်၊ မတ်-၆**

စွမ်းအင်ဝန်ကြီးဌာနက လေကြောင်းလိုင်းများအတွက် လေယာဉ်ဆီ(JE-A1)အား ရောင်းဈေးနှုန်းအရှင်ဖြင့် ရောင်းချမည်အစီအစဉ်ကိုတစ်ပတ်အတွင်းပြန်လည်ပယ်ဖျက်ကာတစ်ဂါလန်၂၅၀၀ ကျပ်ဖြင့် မတ် ၆ ရက်တွင် ပြန်လည်ရောင်းချမည်ဟု သက်ဆိုင်ရာ သတင်းထုတ်ပြန်သည်။

မတ် ၁ ရက်မှစ၍ လေယာဉ်ဆီအား နှုန်းရှင်ဖြင့်ရောင်းချမည်ဟုသက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့ပြီး ငါးရက်အကြာ မတ် ၆ ရက်တွင် လေယာဉ်ဆီတစ်ဂါလန်လျှင် ယခင်ဈေးနှုန်းဖြစ်သော ၂၅၀၀ ကျပ်ဈေးဖြင့် ရောင်းချမည်ဟု ပြန်လည်သတင်းထုတ်ပြန်ခဲ့သည်။

"လေယာဉ်ဆီဈေးအရှင်အတိုင်းဆိုတော့ တက်ဖို့လုပ်ထားတဲ့လက်မှတ်ခတွေ လေကြောင်းလိုင်းအားလုံးက မတက်တော့ဘူးလို့ ဆုံးဖြတ်ကြတယ်" ဟု အဲမန္တလေးလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လေယာဉ်ဆီဈေးနှုန်းအား နှုန်းရှင်ဖြင့် ရောင်းချပြီး ဈေးမြင့်တက်လာသဖြင့်ပြည်တွင်းလေကြောင်းလိုင်းများသည်မတ်၈ ရက်မှစ၍ ဝယ်ယူသူများအားပြည်တွင်းခရီးသွားများအတွက် အနည်းဆုံး ၇၀၀၀ ကျပ်နှင့် နိုင်ငံခြားသားများအတွက် အနည်းဆုံး ၁၅ ဒေါ်လာဈေးတက်ခဲ့ရန် စီစဉ်ခဲ့ကြသည်။

သို့သော်ယခုအခါဆီကိုယခင်ဈေးအတိုင်းရောင်းချမည်ဖြစ်၍ လေယာဉ်လက်မှတ်ခများလည်း မတိုးတော့ပေ။

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

## မျက်နှာဖုံး-မကြာမီဖွင့်မည် မှ

ဆယ်စုနှစ်များစွာကျင့် သုံးခဲ့သော နိုင်ငံတော်ဆိုရှယ်လစ်ဝါဒ၊ ဖိနှိပ်မှုနှင့် ပိတ်ဆို့တားဆီးမှုများက ထိုအရာများကို အဆုံးသတ်သွားစေခဲ့သည်။ သို့သော် ယခုအခါ မြန်မာနိုင်ငံက တကယ့် ကမ္ဘာနှင့် ပြန်လည် လက်တွဲမည့်ပုံ ပေါ်နေသည်။ စစ်တပ်က မိမိ၏ ချုပ်ကိုင်မှုကိုလျှော့ပေးလိုက်သလိုရှိသည်။ အစိုးရကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မျှားနေသည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ယခင်ကလို ပြန်လည်တောက်ပလာမည်လား။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများက သံတမန်ရေး ဆုလာဘ်များရချင်ရပါလိမ့်မည်။ ၁၉၉၀ ခုနှစ်များတွင် အမေရိကန်နှင့်ဥရောပသမဂ္ဂက အစိုးရအား အပြစ်ပေးရန် အောက်ခြေသိမ်း စီးပွားရေးပိတ်ဆို့တားဆီးမှုများ ချမှတ်ခဲ့သည်။ ယင်းပိတ်ဆို့မှုများကို ဖယ်ရှားကောင်း ဖယ်ရှားပါလိမ့်မည်။ ထို့အတွက် နိုင်ငံခြားကုမ္ပဏီများ အထူးသဖြင့် အနောက်နိုင်ငံမှ ကုမ္ပဏီများအား စုပြုံဝင်ရောက်လာမှုကို ခွင့်ပြုနိုင်သည်။ နိုင်ငံအချို့က စတင်လှုပ်ရှားနေကြပြီ။ အမေရိကန်နိုင်ငံက နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့်ကမ္ဘာ့ဘဏ်မှ အဖွဲ့များကိုမြန်မာနိုင်ငံသို့ လာရောက်ခွင့်ပြုထားသည်။ ယင်းမှ ဝဲစွဲနေသော ဘဏ္ဍာရေးစနစ်ကိုခေတ်မီအောင် ပြုပြင်ရေး အစိုးရကို ပါဝင်ကူညီရန်လည်းဖြစ်သည်။ ဥရောပသမဂ္ဂက အစိုးရခေါင်းဆောင်ပိုင်းမှပုဂ္ဂိုလ်များအပေါ် ဗီဇာကန့်သတ်ချက်များပယ်ဖျက်ပေးလိုက်ပြီဖြစ်ပြီး ဧပြီလတွင်နောက်ထပ်ဖြေလျှော့ပေးမှုများကိုလည်း ကြေညာမည်ဟုမျှော်လင့်ရသည်။

အနောက်နိုင်ငံများမှ ကုမ္ပဏီများက မြန်မာနိုင်ငံ၏ များပြားသော လူဦးရေ၊ သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝမှုနှင့်ခေတ်မီထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် သိသာထင်ရှားသော လိုအပ်ချက်များ ရှိနေခြင်းကိုစိတ်လှုပ်ရှားနေကြသည်။

၁၉၆၀ပြည့်နှစ်ကျော်နှစ်များတွင် လူအနည်းအကျဉ်းသာ မော်တော်ကားများ ပိုင်ဆိုင်ပြီး အာရှဒေသအများအပြားတွင် မှိုပေါက်သလိုပေါ်ထွက်လာခဲ့သော တောက်တောက်ပြောင်ပြောင်ရှော့ပင်းမောလ်များ၊စူပါမားကက်များလည်း မြန်မာနိုင်ငံတွင် မရှိပေ။ ရင်းနှီးမြှုပ်နှံသူများမှာ ဘဏ္ဍာရေးလုပ်ငန်း၊ဟိုတယ်လုပ်ငန်းများမှသည်စားသောက်ကုန်လုပ်ငန်းအထိနေရာတိုင်းတွင် အခွင့်အလမ်းများတွေ့မြင်နေကြသည်ဟု မစ္စတာဗရီယန်းစ်က ဆိုသည်။

မြန်မာနိုင်ငံ၏ အစိုးရသစ်ကလည်းအနောက်တိုင်းရင်းနှီးမြှုပ်နှံသူများကို ဖက်လှဲတကင်းကြိုဆိုနေကြသည်။ ပိတ်ဆို့တားဆီးမှုနှစ်များအတွင်း အဓိကကြီးကြီးမားမား ရင်းနှီးမြှုပ်နှံသူများမှာ ရေနံ၊ ကျွန်းသစ်နှင့် အခြားသော သဘာဝအရင်းအမြစ်များကို ထုတ်ယူရန် စိတ်အားထက်သန်သောတရုတ်ကုမ္ပဏီကြီးများ ဖြစ်သည်။ ယင်းတို့အထဲမှ အနည်းအကျဉ်းသာ နိုင်ငံသားအလုပ်သမားများအတွက် လုပ်သင့်သလောက်လုပ်ပေးသည်။ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်သည်။ ယခုအခါ မြန်မာနိုင်ငံအတွက် အခြားရွေးချယ်စရာများ ရှိလာပြီဖြစ်သည်။

မိမိနိုင်ငံအား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိလာစေရန် တစ်နှစ်တာကာလအတောအတွင်းမှာပင် မြန်မာအစိုးရက တရားဥပဒေရေးရာနှင့် စီးပွားရေးစနစ်များအား ကျယ်ပြန့်သောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ကြိုးပမ်းနေသည်။ မြေယာနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်များကို ရေးဆွဲနေသည်။ အထူးစီးပွားရေးဇုန်များ ထူထောင်ပြီး ဘက်ပေါင်းစုံမှနေ၍ အကြံဉာဏ်များရယူနေသည်။ တာဝန်ရှိသူများကလည်း နိုင်ငံအားကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးကြီးထွားလာနေသော ဈေးကွက်ကြီးများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများဆီသို့ အလွယ်တကူ လက်လှမ်းမီသော မဟာဗျူဟာလမ်းကြောင်းပေါ်တွင်တည်ရှိနေသည်ဟု ပုံဖော်ကြသည်။

သို့သော်လည်း နိုင်ငံမှာ စီးပွားရေးလုပ်ရန် ခက်ခဲသောနေရာဖြစ်နိုင်ပါသေးသည်။ ငွေလဲနှုန်းတွင်ကွာဟမှုရှိနေသည်။ ဘဏ်လုပ်ငန်းများမှာလည်း စနစ်တကျမရှိ။ ခြစားမှုမှာ အရိုးစွဲနေသည်ဟု တာဝန်ရှိသူများက ပွင့်ပွင့်လင်းလင်း စိတ်ဓာတ်သစ်ဖြင့် ဝန်ခံကြသည်။ ယင်းမှာပျော့ပျော့ပျောင်းပျောင်းပြောခြင်းဖြစ်သည်။ ခြစားမှုစောင့်ကြည့်ရေးအဖွဲ့၊ နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International) ကနိုင်ငံပေါင်း ၁၈၃ နိုင်ငံတွင် အဆင့် ၁၈၀ ပေးထားသည်။ ပုံမှန်လည်ပတ်သော တရားဥပဒေစနစ်တစ်ရပ်ထူထောင်ရေးမှာ နှစ်ပေါင်းများစွာကြာမြင့်နိုင်ပါသည်။

ပိတ်ဆို့တားဆီးမှုများ ရှိနေခဲ့သော်ငြား အချို့ကုမ္ပဏီများမှာ မြန်မာနိုင်ငံတွင် အခြေအနေကောင်းခဲ့ပါသည်။ ပြင်သစ်ရေနံကုမ္ပဏီ Total မှာ စီးပွားရေး လုပ်နေကျဖြစ်ပါသည်။ ဂျာမနီ စာပို့ကုမ္ပဏီ DHL မှာလည်း အမြတ်ထွက်ခဲ့သည်။ သို့သော်၎င်းတို့မှာ ခြွင်းချက်များဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာရှတစ်လွှားကျယ်ပြန့်နေသော တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်လိုပါက ရှေ့လာမည့် နှစ်ပေါင်းများစွာတွင် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်နေရမည်ဖြစ်သည်။ —Ref: Opening Soon by; The Economist

## ရခိုင်နှစ်ပါတီပူးပေါင်းရေး အလားအလာနှင့် ဖြေရှင်းစရာများ

**မြတ်စုမွန်**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၂၈**

ရခိုင်ပြည်နယ်တွင် ၂၀၁၀ ရွေးကောက်ပွဲ၌ ၃၅ နေရာ အနိုင်ရရှိထားသည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနှင့် ၁၉၉၀ ရွေးကောက်ပွဲ၌ ၁၁ နေရာအနိုင်ရရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းရေး အလွတ်သဘော ဆွေးနွေးမှုများ ရှိထားပြီဖြစ်ကြောင်း ပါတီနှစ်ရပ်စလုံးမှ တာဝန်ရှိသူများက ပြောသည်။

လောလောဆယ်တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က အဖျက်သိမ်းခံ ဖြစ်နေသည့် အတွက် တရားဝင်မှတ်ပုံတင်ပြီးမှသာလျှင် ရခိုင် တိုင်းရင်းသားနှစ်ပါတီပူးပေါင်းရေး ဆက်လက် စဉ်းစားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆိုပါပါတီယာယီဥက္ကဋ္ဌ ဦးသာဘန်းက ပြောသည်။

“ပါတီပြန်ထူထောင်ပြီးမှ ပေါင်းသင့်၊ မပေါင်းသင့်ကို စဉ်းစားမယ်။ ကျွန်တော့်တစ်ဦးတည်း ဆန္ဒအရတော့ ပေါင်းစည်းချင်တယ်။ ဒါပေမဲ့ အစဉ်အလာအရ ရပ်တည်ခဲ့တဲ့ ပါတီရဲ့ဆုံးဖြတ်ချက်အရပဲ သွားမှာပါပဲ”ဟုဦးသာဘန်းကပြောသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် တရားဝင်ပါတီ ပြန်ဖြစ်လာပါက ပထမအဆင့်အဖြစ် ပူးတွဲကော်မတီဖွဲ့ကာ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ တာဝန်ရှိသူတစ်ဦးကပြောသည်။

“မှတ်ပုံပြန်တင်ပြီးသွားရင် ပူးတွဲကော်မတီအနေနဲ့ ပူးပေါင်းလုပ်ဆောင်စရာ အလုပ်တွေ အများကြီးရှိပါတယ်။ တရားဝင်အဖွဲ့နှစ်ဖွဲ့ပူးပေါင်းပြီး ၂၀၁၅ ရွေးကောက်ပွဲမှာ ရခိုင်အမျိုးသားတွေကို ကိုယ်စားပြုတဲ့ အကောင်းဆုံး ဒီမိုကရေစီပါတီတစ်ခုအဖြစ် ထူထောင်သွားမှာပါ”ဟု ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက အထွေထွေအတွင်းရေးမှူး ဦးဦးလှစောကပြောသည်။

ပါတီနှစ်ခု ပူးပေါင်းပါက ပါတီအမည်ကိစ္စနှင့်ပတ်သက်၍ ပြည်သူ၏သဘောထားများကို ကောက်ယူခြင်းနှင့် နှစ်ပါတီညှိနှိုင်းခြင်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးသာဘန်းကမူ ပါတီအမည်ကို ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်သာ ထားရှိလိုကြောင်းပြောသည်။

“ပူးပေါင်းမယ်ဆိုရင်တော့ ကြိုဆိုပါတယ်။ ပါတီနှစ်ခု ပူးပေါင်းရင် ပိုပြီး အင်အားရှိလာနိုင်မယ်။ ဒါပေမဲ့ ထောင်ကျခံ၊ ဖျက်သိမ်းခံရပြီး ဒီမိုကရေစီ တိုက်ပွဲဝင်လာခဲ့တဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဆိုတဲ့ နာမည်ကလွဲရင် ကျန်တဲ့နာမည်တော့ မခံယူနိုင်ဘူး”ဟု ဦးသာဘန်းကသူ့သဘောထားကို ရှင်းပြသည်။

ပူးပေါင်းပါတီသစ် အမည်နှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်မှတ်ပုံတင်လျှင် အဆင့်တူ ဆွေးနွေးကာ ပါတီအမည်ကို ပြောင်းသင့်လျှင်လည်း ပြောင်းလဲသွားရန်ရှိကြောင်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ဇန်နဝါရီ ၁ ရက် ကျင်းပသည့် အစည်းအဝေး၌ ထုတ်ဖော်ပြောကြားထားသည်။

“ရခိုင်ပြည်သူတွေကတော့ တစ်ပါတီတည်း ဖြစ်စေချင်တယ်။ ၁၉၉၀ရွေးကောက်ပွဲတုန်းက ရခိုင်ပါတီချင်း မညီညွတ်ခဲ့လို့ အချို့ပါတီတွေ အနိုင်ရသွားခဲ့တဲ့ ခါးသီးတဲ့ သင်ခန်းစာရှိခဲ့ဖူးတယ်”ဟု အထွေထွေအတွင်းရေးမှူး ဦးဦးလှစောကပြောသည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှ ဒေသခံရခိုင် တိုင်းရင်းသား ဦးရွှေတင်က “ပါတီနှစ်ခုပူးပေါင်းစေချင်တဲ့ ဆန္ဒဟာ ရခိုင်ပြည်သူတွေရင်ထဲမှာ ၉၉ ရာခိုင်နှုန်းရှိပါတယ်။ ပါတီနှစ်ခု ပူးပေါင်းသွားဖို့ကိုပြည်သူတွေရဲ့ အသံတွေနဲ့လက်မှတ်တွေစုပြီး ပါတီတွေကို ပို့သွားဖို့အထိ စီစဉ်ထားပါတယ်”ဟု ပြောသည်။

## စာ(၇) ဝန်ထမ်းများအတွက် ထောက်ပံ့မှုတိုးမြှင့်ဆောင်ရွက်ရေးကို ချိုင့်စဉ်းစားပေးမည် မှ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဝန်ထမ်းများအား ယခု ဘတ်ဂျက်နှစ်မှစ၍ မဖြစ်မနေတိုးပေးရန် ဖေဖော်ဝါရီ ၇ရက်က ပြည်ထောင်စုလွှတ်တော်တွင် အဆိုတင်သွင်းခဲ့ပြီးသည့်နောက်ပိုင်းတွင် ဝန်ထမ်းများနှင့် ပြည်သူအများက လစာနှုန်းထားများ အတိုင်းအတာတစ်ခုအထိ တိုးမြှင့်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။

ဝန်ထမ်းများ လစာတိုးပေးရေးသည် ဝန်ထမ်းများတင်မက ပြည်သူများလည်း လိုလားသည့် အချက်တစ်ချက်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ဝန်ထမ်းများလစာတိုးသွားပါက ဝန်ထုပ်ဝန်ပိုး လျော့ပါးသွားမည်ဟု ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက ပြောသည်။

ဝန်ထမ်းများ လစာကိစ္စနှင့်ပတ်သက်၍လည်း သမ္မတကြီးက အစိုးရအဖွဲ့၏ လစာနှင့်ချိန်ထိုး၍လည်း ပြောကြားသွားခဲ့သည်။ “ကျွန်တော်တို့ အစိုးရအဖွဲ့ဟာ စတင်လွှဲပြောင်းရယူချိန်ကစပြီး မြင့်မားတဲ့ လစာနှုန်းထားတွေကို ရယူခံစားခြင်းမပြုဘဲ ယခင် အစိုးရလက်ထက်က နှုန်းထားအတိုင်း ရယူခံစားနေကြသူတွေ ဖြစ်ပါတယ်”ဟု ပြောကြားသွားခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ စီမံချက်တစ်ခုဖြစ်သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်တွင်လည်း လစာနှုန်းတိုးပေးရေးသည်လည်း ပတ်သက်လျက်ရှိနေသည်ကို“ဆင်းရဲသားမှာ ဝန်ထမ်းတွေလည်း ဆင်းရဲသားရှိတာပဲ။ ဆင်းရဲသား လျှော့ချစေချင်ရင် ဝန်ထမ်းတွေကိုလည်း သူတို့လုပ်ခ လစာမြင့်လာဖို့ လိုအပ်တယ်”ဟု အလုံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ပြောသည်။

သမ္မတကြီးသည် နိုင်ငံအုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးအနေဖြင့် အုပ်ချုပ်ရေးအမြင်ဖြင့် ပြောသည်ကိုတော့ လက်ခံနိုင်ကြောင်း၊ သို့သော် နိုင်ငံရေးသမားတစ်ဦးအနေဖြင့် ဝန်ထမ်းများစားဝတ်နေရေးနှင့်ပတ်သက်၍ ရှုန်းကန်နေရသည်ကို သိသဖြင့် လစာနှုန်းထား တစ်စုံတစ်ရာ တိုးပေးသင့်သည်ဟု သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ပြောသည်။

သို့သော် သမ္မတမိန့်ခွန်းတွင် ပါရှိခဲ့သည်အတိုင်း လစာမဟုတ်သည့် အခြားထောက်ပံ့ကူညီမှုများအား တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချိုင့်စဉ်းစားမည်ဟူသည့် အချက်သည် နိုင်ငံ့ဝန်ထမ်းများအတွက် မျှော်လင့်ချက်ရောင်ခြည်လေးပင်ဖြစ်သည်။

## မျက်နှာဖုံး-ဝန်ထမ်းလစာတိုးရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကျပ်သန်း၅၅၀၀ စရိတ်ဖြတ်တောက်သုံးစွဲနိုင် မှ

လှူစီးတွဲ၊ ကုန်တွဲသစ်တည်ဆောက်ခြင်း စီမံကိန်းများ ဆောင်ရွက်သွားရန်ရှိသည့်အနက် ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း စီမံကိန်းမှ နတ်မောက်-မကွေး အပိုင်းကို ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်သို့ ရွှေ့ပြောင်းလျာထားလုပ်ကိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၏ပြောကြားချက်အရ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချေးငွေဖြင့် ဆောင်ရွက်မည့် စက်ခေါင်းသစ်၊ လူစီးတွဲ၊ ကုန်တွဲ သစ်တည်ဆောက်ခြင်း စီမံကိန်းကိုမူ ပစ္စည်းရောက်ရှိမည့်ကာလ ခန့်မှန်းချက်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဖြစ်နိုင်ကြောင်း၊ ဌာနမှ အမှန်သုံးစွဲနိုင်မည့်ငွေတွင် မပါဝင်ဘဲ တရုတ်ချေးငွေ(နိုင်ငံခြားငွေ)အတွက် လျာထားသည့်ငွေဖြစ်ခြင်းကြောင့် အခြားလုပ်ငန်းများသို့ ထုတ်နုတ်သုံးစွဲရန် အခြေအနေမရှိကြောင်းလည်း ၎င်းကရှင်းလင်းပြောကြားခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အဆိုပါစီမံကိန်းအပါအဝင်အထက်ပါရထားလမ်းဆောက်လုပ်ရေးစီမံကိန်းများမှ ငွေလုံးငွေရင်းအသုံးစရိတ်မှ ကျပ်သန်းတစ်သောင်းဖြတ်တောက်ရန် မူလကလျာထားခဲ့ခြင်းဖြစ်သည်။

## မျက်နှာဖုံး-ငွေလဲကောင်တာများတွင် FEC ရောင်းရန်မရှိ မှ

“အက်ဖ်အီးစီကောင်တာမှာ ၈၁၇ ကျပ်ဆိုပေမယ့် အခု အပြင်မှာ ၈၅၀ ကျပ်ထိဖြစ်သွားပြီ”ဟုသမဝါယမဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်ဦးဖေမြင့်က ရှင်းပြသည်။

ထို့ပြင် အက်ဖ်အီးစီကို လက်ရှိအချိန်တွင် ကျောက်မျက်မြေကွက်များအပြင် ကားများ၊ ကညန အခွန်ပေးဆောင်ရာတွင်လည်း သုံးစွဲရကြောင်း သိရသည်။

အက်ဖ်အီးစီဖျက်သိမ်းလျှင် အမေရိကန်ဒေါ်လာနှင့် တန်ဖိုးတူလဲလှယ်ပေးမည်ဟုလည်း ဘဏ္ဍာအခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင်များကလည်း ယခုကဲ့သို့ အခက်အခဲများရှိသည့်အတွက် နိုင်ငံခြားငွေကိုင်ခွင့်ဥပဒေကိုပြင်ဆင်ရန် ဆန္ဒရှိကြသည်။

“ဒေါ်လာကို ပြောင်းလုပ်ဖို့ကဥပဒေကိုပြင်ဆင်ရမယ်။ လောလောဆယ်တော့ ဒီဥပဒေက အသက်ဝင်နေတယ်”ဟုပို့ကုန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

လက်ရှိငွေလဲကောင်တာများတွင် တရားဝင် အက်ဖ်အီးစီဈေးနှုန်းသည်တစ်ယူနစ်လျှင်ကန်ဒေါ်လာဈေးနှင့်အတူ ၈၁၇ ကျပ်သာဈေးရှိသည်။ သို့သော်အဆိုပါ ကောင်တာများတွင် လက်ရှိအချိန်၌ လက်ကျန်မရှိပေ။ ပြင်ပဈေးကွက်တွင် အက်ဖ်အီးစီဈေးသည်တစ်ယူနစ်လျှင် ကျပ် ၈၅၀ ဝန်းကျင်ဈေးရှိသည်။

7DAY NEWS JOURNAL

# ဆယ်နှစ်တာ လည်ပြန်

(၂၀၀၂ မတ်လ ၇ - ၂၀၁၂ မတ်လ ၇)



၂၀၁၁ ဩဂုတ်၁၉ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ ပထမဆုံးအကြိမ် တွေ့ဆုံစဉ်



၂၀၁၀ရွေးကောက်ပွဲတွင် မဲရုံတစ်ခုမြင်ကွင်း



လူတစ်သိန်းကျော်သေစေခဲ့သော ဖျက်အားပြင်းနာဂစ်



မင်းကိုနိုင်အပါအဝင် ယုံကြည်ချက်အကျဉ်းသားများ လွတ်မြောက်



အနားယူသွားသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

FLASH BACK 2002 MARCH - 2012 MARCH
7DAY NEWS JOURNAL
Vol.11, No.1 · MARCH 8 , 2012





နိုဝင်ဘာ၇ရက်က မြင်တွေ့ရသည့် ကိုယ်စားလှယ်လောင်း ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# တောင်ဥက္ကလာက ပြိုင်ပွဲ

ငြိမ်းငြိမ်းနိုင်

**အလင်းရောင်ခပ်ဖျော့ဖျော့တိုးဝင်စတိတ်တိတ်ဆိတ်ဆိတ်ရှိသော နိုဝင်ဘာ ၇ ရက်နံနက်ခင်း။ လျှပ်စစ်မီးတွေ လင်းထိန်နေသည့် အဆောက်အအုံကြီးက ဝေလီဝေလင်း နံနက်ခင်းဝန်းကျင်တစ်ခုလုံးကို အလင်းရောင်ပေးနေ၏။ ထိုအဆောက်အအုံက တောင်ဥက္ကလာပမြို့နယ်အတွင်းက မဲရုံ အမှတ်-၁ တည်ရှိရာဓမ္မာရုံကြီးဖြစ်သည်။**

တိတ်ဆိတ်နေသည့် ၅ နာရီခွဲဝန်းကျင် နံနက်ခင်းကို ထိုအဆောက်အအုံဆီမှလော်စပီကာသံက ဖောက်ထွင်းသွားသည်။

မဲရုံများတွင် မဲလာပေးနိုင်ကြောင်းနှင့် မဲရုံနေရာများကို လော်စပီကာမှတစ်ဆင့်မဲဆန္ဒရှင်များသို့ အော်ဟစ်အသိပေးနေခြင်းပင်။

ခဏကြာတော့ စပီကာသံရပ်သွားသည်။ ပတ်ဝန်းကျင်လည်း ပြန်လည်တိတ်ဆိတ်သွား၏။ အဆောက်အအုံအတွင်းသွားလာလှုပ်ရှားနေသူများကတော့ ရှုပ်ယှက်ခတ်နေသည်။ ဓမ္မာရုံရှေ့ဖြတ်သွားဖြတ်လာတို့နှင့် အနီးနားဝန်းကျင်ကလူအချို့ကတော့ အဆောက်အအုံတွင်းသို့ကဲကြည့်၍ စပ်စုကြသည်။

မဲရုံဖွင့်ဖို့ ၁၅ မိနစ်အလို (၆ နာရီထိုးရန် ၁၅ မိနစ်အလို)တွင် အသက် ၅၀ ကျော်အဘိုးအဘွားစုံတွဲတစ်တွဲက မဲပေးလို့ရပြီလားဟု မေးရင်းပင် အဆောက်အအုံညာဘက်ခြမ်းက မဲရုံအမှတ် ၁ သို့ဝင်သွားလေသည်။

ထိုနေရာက ၂၀၁၀ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မှုပြင်းထန်ဆုံးသော မဲဆန္ဒနယ်များထဲက တစ်ခုဖြစ်ပြီး၊ လက်ရှိရန်ကုန်မြို့တော်ဝန်ဦးအောင်သိန်းလင်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)မှ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်ဒေါ်ကန်းခန့်ဒိမ်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးကောင်းမြင့်ထွဋ်၊ ဒီမိုကရက်တစ်ပါတီမှ အမျိုးသမီးကိုယ်စားလှယ် ဒေါ်တင်တင်မြနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်းတို့၏ ပြည်သူ့လွှတ်တော်အမတ်နေရာလုပွဲပင်။

၆ နာရီထိုးရန် ၃ မိနစ်အလိုတွင် မဲရုံရှေ့သို့ ငွေရောင် ဆာ့ဖ်ကားတစ်စီးရှေ့ဆုံးက ဦးဆောင်သည့်ဆလွန်းကားသုံးစီးရှေ့နောက်ဆင့်ကာ ဓမ္မာရုံရှေ့ထိုးဆိုက်လာသည်။။

ဆာ့ဖ် ကားထဲမှ ရွှေဖလားရောင်ရခိုင်ပုဆိုးနှင့် နံ့သာရောင်တိုက်ပုံဝတ်ထားသည့် အမျိုးသားတစ်ဦးဆင်းလာသည်။

သူက တောင်ဥက္ကလာမြို့နယ်မဲဆန္ဒရှင်များ ဆုံးဖြတ်ပေးရမည့် ကျော်ကြားသော ပါတီကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သော မြို့တော်ဝန်ဦးအောင်သိန်းလင်းပင်။

ဇနီးသည်နှင့်အတူ မဲရုံသို့ မဲပေးရန် ရောက်လာသော ဦးအောင်သိန်းလင်းကနံနက် ၆ နာရီခပ်စွန်းစွန်းမှာပင် မဲရုံအတွင်းလွှတ်တော်တစ်ရပ်ချင်းစီကိုမဲထည့်ပြီး မဲရုံအပြင် ဓမ္မာရုံဝင်းထဲတွင် မိတ်ဆွေများနဲ့ရပ်ကြည့်စကားပြောကာ ကားများဖြင့်မဲရုံမှ ပြန်ထွက်ခွာရန်ပြင်သည်။ ကားပေါ်တက်လုဆဲဆဲတွင် 7Day News ၏ မေးမြန်းမှုကို "ဒီမြို့နယ်က မဲရုံတွေသွားဖို့ရှိပါတယ်။ ဘယ်သွားမလဲဆိုတာတော့ စီစဉ်နေတုန်းပါပဲ"ဟု ခပ်မြန်မြန်ပင် ဖြေကြားကာ ကားမှန်အနက်ပြန်တင်လို့ ချက်ချင်းထွက်ခွာသွားသည်။

ဦးအောင်သိန်းလင်းမဲထည့်ခဲ့သည့် မဲရုံက တောင်ဥက္ကလာမြို့နယ်တွင်းက စုစုပေါင်း ၂၀၃ ရုံသော မဲရုံများအနက်မှ တစ်ခုဖြစ်သည်။

တောင်ဥက္ကလာက မဲရုံတွေတစ်ဝိုက်မှာတော့ မဲဆန္ဒရှင်တွေတက်တက်ကြွကြွနှင့် မဲရုံဖွင့်ပြီးနာရီပိုင်းအတွင်းမှာကို မဲပေးသူက အနည်းဆုံး ၅၀ ခန့်ဝင်နေပြီဆိုသည်ကိုမဲရုံ ၂၀ ခန့်ကိုလိုက်လံကြည့်ရှုသိရှိရသည်။

"မဲရုံဖွင့်ဖွင့်ချင်းကို သွားပေးခဲ့တာ။ အလုပ်ရှိသေးတော့လေ။ မြန်မြန်ပြီး ပြီးတာပေါ့။ ကိုယ့်တောင်ဥက္ကလာသားပဲ ပေးခဲ့ပါတယ်"ဟု ခြင်္သေ့ပါတီကိုမဲပေးခဲ့သည့် ဆိုက်ကားသမားမဲဆန္ဒရှင်တစ်ဦးကပြောသည်။

အသက်၈၀အရွယ်မဲဆန္ဒရှင်ရခိုင်အဘွားအိုတစ်ဦးကတော့ "အဘွားကတော့ခမောက်ပဲပေးခဲ့တယ်။ ရခိုင်မဲပုံးကတော့ ပေးလို့မရခဲ့ဘူး။ စာရင်းကြောင့်လို့ပြောတယ်"ဟု ရခိုင်သံခပ်ဝဲဝဲဖြင့်ပြောဆိုသည်။

အဘွားနှင့်အတူပါလာသည့် မြေးမလေးနှစ်ဦးကလည်းခမောက်ပါတီကိုပဲပေးခဲ့ကြောင်းတက်တက်ကြွကြွစကားဆိုသည်။

တောင်ဥက္ကလာရပ်ကွက်ကလမ်းတွေထဲမှာတော့ မဲရုံသွားသူတွေကိုခပ်စိပ်စိပ်ကိုမှတ်ပုံတင်လေးတွေကိုင်ကာသွားလာနေကြတာအဆက်မပြတ်တွေ့ရသည်။ အသက်ကြီးပိုင်းများအများစုဖြစ်ပြီးလူငယ်များကိုလည်းတွေ့ရသည်။ မဲဆန္ဒရှင်အများစုကတော့ နံနက်စောစောပေးဖို့ကို အားသန်နေတာတွေ့ရသည်။

မနက်စောစော မဲရုံဖွင့်ဖွင့်ချင်းမှာ တက်တက်ကြွကြွနှင့် မဲလာထည့်သွားသော မြို့တော်ဝန်ကြီး၏ ယှဉ်ပြိုင်ဘက် NDF ပါတီမှ ဒေါ်ကန်းခန့်ဒိမ်းကတော့ နံနက်၇ နာရီတွင် သူမမဲပေးရမည့်တာမွေမြို့နယ် မအူကုန်းရှိမဲရုံတစ်ရုံတွင် ရောက်ရှိနေသည်။

မဲရုံတွင် မဲထည့်ခဲ့ပြီးမှ သူမ ဝင်ရောက်ယှဉ်ပြိုင်ရမည့် တောင်ဥက္ကလာမြို့နယ်သို့ ပန်းရောင်ချိတ်လုံချည်၊ အင်္ကျီလက်ရှည်အဖြူပေါ်တွင် အနီရောင်ခမောက်တံဆိပ် ရင်ထိုးထိုးလျက် နံနက် ၉ နာရီခွဲခန့်တွင် တက္ကစီတစ်စီးနှင့် ရောက်ရှိလာသည်။

"တာမွေဘက်မှာ မဲထည့်တဲ့လူတွေသိပ်မရှိလို့စိတ်ပူနေတာ။ လူတွေမဲလာပေးပါစေလို့ဆုတောင်းနေပါတယ်"ဟု သူမက စိုးရိမ်စကားဆိုသည်။

မဲရုံတော်တော်များများကိုလိုက်လံကြည့်ရှုမည်ဖြစ်ပြီး သူမပါတီဝင်လူငယ်များကို ၆ ရပ်ကွက်နေအိမ်တစ်ခုတွင် ထိုင်စောင့်နေရင်း ကြိုတင်မဲကိစ္စများ၊ မဲရုံအခြေအနေများကိုဖုန်းတစ်လုံးနှင့်ဆက်သွယ်ပြောဆိုမေးမြန်းနေသည်။ "ပြီးရင် ဆိုက်ကားနဲ့ ပတ်ကြည့်မယ်။ ကားကဝင်လို့အဆင်မပြေမှာစိုးလို့လေ။ ရင်တော့မခုန်ပါဘူး။ လူတွေမလာမှာတော့ခုထိစိတ်ပူနေတုန်းပဲ"ဟု နံနက် ၁၀ နာရီခွဲခန့်ကပြောဆိုသည်။ သူမမျက်နှာက စိတ်ရှုပ်ထွေးမှုတွေတစ်ခါတစ်ရံမြင်နေရတတ်သော်လည်း ပြုံးရွှင်ရယ်မောမှုကိုတော့မကြာခဏဆိုသလို တွေ့နေရသည်။

ထိုအချိန်တွင်တော့မြို့တော်ဝန်ကြီးက မဲရုံအချို့ကို စတင်လိုက်လံကြည့်ရှုနေပြီဖြစ်သည်။ "ကျွန်တော်နဲ့ဦးအောင်သိန်းလင်းက မဲရုံနှစ်ခုမှာတွေ့ပါတယ်။ သူလည်း သူ့ဟာသူကြည့်၊ ကိုယ်လည်း ကိုယ့်ဟာကိုယ်ကြည့်ပေါ့"ဟု NDFအမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကပြောသည်။

တစ်သီးပုဂ္ဂလဦးကောင်းမြင့်ထွဋ်ကတော့ ဗဟန်းမြို့နယ်က မဲရုံတစ်ရုံတွင်မဲပေးအပြီး တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းပေါ်က မဲရုံအမှတ် ၂၀ သို့ နံနက် ၁၀ နာရီခွဲဝန်းကျင်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံထောင်ထားသောဂျစ်ကားတစ်စီးနှင့်ရောက်လာပြန်သည်။

"ကျွန်တော် မဲရုံတွေလိုက်ကြည့်မှာပါ။ ခုတော့မဲတွေက NDF ကြောင့်ဒီမိုကရေစီအင်အားစုတွေရဲ့ မဲတွေက ပြားကုန်တယ်လို့ထင်တယ်။ ဒီကြားထဲကြိုတင်မဲကိစ္စတွေကအတော်ရှုပ်နေတယ်။ ကျွန်တော်ကတော့ ကြိုမှန်းလို့ရနေပါတယ်"ဟု ပြောသည့် သူ့အသံက ပုံမှန်လောက်မမာတော့။

နေနည်းနည်းမြင့်လာချိန် ၁၁ နာရီဝန်းကျင်လောက်တွင်တော့ မဲရုံများတွင် မဲပေးသူနည်းနည်းကျဲလာသလိုရှိသည်။ အမကကျောင်းတစ်ခုထဲကနေ ထီးဆောင်းလျက်မဲရုံအကူဝန်ထမ်းအကူအညီဖြင့် တွဲထွက်လာသောမဲလာပေးသည့် အသက် ၈၅ နှစ်အရွယ်ကျောင်းအုပ်ဆရာဟောင်းကြီးတစ်ဦးကတော့ "တောင်ဥက္ကလာသားလည်းပါတယ်။ တစည လည်းပါတယ်။ ခမောက်လည်းပါတယ်။ ပြီးတော့ ဟိုအဝါရောင်ကဒေါင်းနဲ့ဟာလည်း ပါတယ်။ ဘယ်ဟာပေးခဲ့လဲတော့ နားလည်ပေးပါ၊ ဘဘမပြောချင်ဘူး။ တစ်ခုတော့ရွေးခဲ့ပါတယ်" ဟု နောက်တစ်ကြိမ် ရွေးကောက်ပွဲတွင်မဲပေးရန် အခွင့်ရေးမသေချာတော့သည့်အတွက်မဲပေးရန်ထွက်ခဲ့သည်ဆိုသော အဆိုပါကျောင်းအုပ်ဆရာဟောင်းကြီးက ပြောသည်။

အသက်အရွယ် မတိမ်းမယိမ်း လူလတ်ပိုင်းအမျိုးသားအအမျိုးသမီးတစ်ဖွဲ့ကလည်း အဖွဲ့လိုက်ဝင်လာကာ ထိုအဖွဲ့ထဲမှ အမျိုးသားတစ်ယောက်က "ကျွန်တော်က စည်ပင်ဝန်ထမ်းပါ။ ခြင်္သေ့ကို မဲပေးမှာပါ"ဟု မဲရုံအဝင်ဝတွင် ဖြေကြားသွားသည်။

နေ့ခင်းပိုင်းတွင်တော့မနက်ကလိုအုပ်လိုက်အဖွဲ့လိုက်မဟုတ်တော့ဘဲ မဲပေးသူတစ်ယောက်နှစ်ယောက်စသာတွေ့ရသည်။ နေ့လယ် သုံးနာရီလောက်တွင် တောင်ဥက္ကလာပမြို့နယ် ကော်မရှင်ရုံးသို့ ဦးအောင်သိန်းလင်း၊ ဒေါ်ကန်းခန့်ဒိမ်းတို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုရောက်လာသည်။ တစည နှင့် ဒီမိုကရက်တစ်ပါတီမှကိုယ်စားလှယ်နှစ်ဦးလည်းရောက်လာသည်။ ရရှိထားသော ကြိုတင်မဲများ ရေတွက်ရန် စုံညီခေါ်ထားခြင်းဖြစ်သည်။

ညနေ ၅ နာရီခန့်တွင် မြို့တော်ဝန်က ကော်မရှင်ရုံးထဲမှ ထွက်လာကာ ရုံးရှေ့တွင် သူ့ကိုစောင့်နေသူများကို နှုတ်ဆက်စကားပြောပြီး ပြုံးရွှင်စွာပင် ကားများဖြင့် ထွက်သွားကြတော့သည်။

ခဏကြာလျှင် NDF နှင့် တစည ကိုယ်စားလှယ်လောင်းတွေထွက်လာကြသည်။ ဒေါ်ကန်းခန့်ဒိမ်းက "သူတို့ပဲ နိုင်သွားကြတာပေါ့။ နှစ်ဆယ်ကျော်ပဲရတယ်"ဟုမျက်နှာတစ်ချက်မဲ့ရင်းဖြေကြားသွားပြီး ကော်မရှင်ရုံးရှေ့က လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် သူ့မိတ်ဆွေများနှင့် ဝင်ထိုင်စကားပြောနေသည်။

ကြိုတင်မဲထုတ်ပြန်ချက်အရ ဦးအောင်သိန်းက ၂၁၁ မဲ၊ ဒေါ်ကန်းခန့်ဒိမ်းက ၂၉ မဲ၊ တစညက ၂၀၊ ဒီမိုကရက်တစ်က ၈မဲ၊ ဦးကောင်းမြင့်ထွဋ်က ၄ မဲနှင့် ပယ်မဲ ၅ မဲဖြစ်ကြောင်းသိရသည်။

ဦးကောင်းမြင့်ထွဋ်ကတော့ မဲရေတွက်ရာသို့ ရောက်ရှိမလာ။ ညနေပိုင်းတွင် ဦးအောင်သိန်းလင်းနိုင်ပြီဟူသော သတင်းများထွက်ပေါ်လာသည်။

သို့သော် ညနေပိုင်း ကြိုတင်မဲများ ရေတွက်ပြီး ပြုံးရွှင်စွာထွက်ခွာသွားသော မြို့တော်ဝန်ကြီး နိုင်၊ မနိုင်က ယနေ့နေ့လယ်(နိုဝင်ဘာ ၈ရက်)အထိ မသိရသေး။

7Day News ဂျာနယ် ၂၀၀၂မတ်လ၇ရက်မှ ၂၀၁၂မတ်လ၇ရက်အထိ ၁၀ နှစ်တာအတွင်းဖော်ပြခဲ့သော ဆောင်းပါးများထဲမှ စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုသင့်သော လက်ရွေးစင်ဆောင်းပါး ၁၃ ပုဒ်ကိုပြန်လည်စုစည်းဖော်ပြပေးထားပါသည်။

၂၀၁၀ တွင်ဖော်ပြခဲ့သော တောင်ဥက္ကလာက ပြိုင်ပွဲ အချပ်ပို(B)
၂၀၀၈ နှစ်ကုန်ပိုင်းတွင်ဖော်ပြခဲ့သော မလာပါနဲ့ အချပ်ပို(D)
၂၀၁၁ တွင်ဖော်ပြခဲ့သော လီလီပန်းလေးများရဲ့ နောက်ကွယ်မှာ··· အချပ်ပို(E)
၂၀၁၁ တွင်ဖော်ပြခဲ့သော အသည်းအက်လူသား အချပ်ပို(F)
၂၀၀၈ ဇွန်လတွင်ဖော်ပြခဲ့သော နာဂစ်ဖူးစာ အချပ်ပို(G)
၂၀၁၀ တွင်ဖော်ပြခဲ့သော မှန်တိုင်းများကိုရှောင်ပြေးလိုသူ အချပ်ပို(H)
၂၀၁၁ တွင်ဖော်ပြခဲ့သော ရောင်စုံပန်းများဖူးပွင့်ပါစေ အချပ်ပို(M)
၂၀၁၁ တွင်ဖော်ပြခဲ့သော လူနာဆောင် ခွန်ရှစ် ဝှဒ် အချပ်ပို(N)
၂၀၁၀ တွင်ဖော်ပြခဲ့သော ရေအိုးလည်းခွဲမယ် သစ်ကြားသီးလည်းခိုးမယ် အချပ်ပို(O)
၂၀၁၁ တွင်ဖော်ပြခဲ့သော စံထီး ရေဒီယို ဘယ်သူခိုးသလဲ အချပ်ပို(P)
၂၀၁၀ တွင်ဖော်ပြခဲ့သော မဲပေးခြင်းနှင့် နာဂစ်ဒေသ အချပ်ပို(Q)
၂၀၁၀ တွင်ဖော်ပြခဲ့သော ဝါးဘလောက်သောက်မြစ် သေဆုံးခြင်း အချပ်ပို(R)
၂၀၁၁ တွင်ဖော်ပြခဲ့သော ဝေဒနာများနဲ့ သတို့သမီး အချပ်ပို(S)



# အတက်အကျများနှင့် ဆယ်စုနှစ်

၂၀၀၂-၂၀၁၂

နှစ်တစ်နှစ် ဖြတ်ကျော်သွားတိုင်း ကိန်းဂဏန်းများစွာ ကျန်နေရစ်ခဲ့သည်။ ထို့အတူ နှစ်ပေါင်း ၁၀နှစ်တာဖြတ်သန်းသွားသည့် ဆယ်စုနှစ် တစ်ခုတွင်လည်း ကိန်းဂဏန်းများစွာ ကျန်နေရစ်ခဲ့သည်။ ထိုကိန်းဂဏန်းများက သမိုင်းကို နှိုင်းယှဉ်မှုများဖြင့် မှတ်တမ်းတင်ပေးသည်။ 7Day News သတင်းအဖွဲ့ က ဆယ်စုနှစ်တစ်ခုအတွင်းက ကိန်းဂဏန်းများစွာထဲမှ အချို့ကို စုစည်းဖော်ပြလိုက်ပါသည်။

## အင်တာနက်အသုံးပြုသူဦးရေ




ပြည်တွင်း၏ အင်တာနက်အသုံးပြုနေသည့် လူဦးရေပမာဏမှာ ၂၀၀၂ ခုနှစ်အတွင်းက အစိုးရနှင့် ပုဂ္ဂလိကပေါင်း ၇၀၀၀ ကျော်သာရှိခဲ့ပြီး ၂၀၀၉ နှစ်ကုန်ပိုင်းတွင် လေးသိန်း ငါးသောင်းခန့်ရှိလာပြီဟု အစိုးရက ထုတ်ပြန်သည့်စာရင်းဇယားများတွင် ဖော်ပြထားသည်။ သို့သော် ၂၀၁၀ နှစ်ဆန်းပိုင်းကာလအထိ မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုသူစာရင်းမှာ နှစ် သိန်းစွန်းစွန်းသာ ရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိခဲ့ရသည်။ ထို့ကြောင့် ယခုလက်ရှိ ပြည်တွင်း၏ အင်တာနက် အသုံးပြုသူပမာဏမှာ လေးသိန်းခန့်အနေအထားတွင် ရှိနေကြောင်း အထက်ပါလုပ်ငန်းမှသိရသည်။

## မြန်မာဘောလုံးအသင်း၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်




## စားသောက်ကုန်ဈေးနှုန်း

| | ၂၀၀၂(မတ်) | ၂၀၁၂(မတ်) |
|---|---|---|
| ပေါ်ဆန်းမွှေး | ၂၂၆-၃၈၂ | ၁၀၀၀-၁၈၀၀ |
| ဇီယာ | ၂၄၀-၂၆၂ | ၆၀၀-၁၀၀၀ |
| စားအုန်းဆီ | ၈၀၀ | ၁၈၀၀ |
| မြေပဲဆီ | ၁၁၄၀ | ၃၄၀၀-၃၅၀၀ |

ယူနစ်(ကျပ်)

## မှတ်ပုံတင်ထားသော ယာဉ်အစီးရေ




လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ၂၀၀၈ ခုနှစ်ဇူလိုင်လ ၁ ရက် မှစတင်ကာတရားဝင်လိုင်စင်ပြုလုပ်ပေးခဲ့သည်။ ပြည်ပမှတရားဝင်တင်သွင်းခွင့်များကို ၂၀၁၀ နှစ်ဦးပိုင်းတွင်ခွင့်ပြုခဲ့ရာ မှတ်ပုံတင်ထားသည့်ဆိုင်ကယ်စီးရေမှာနှစ်စဉ်တိုး ပွားလျက်ရှိသည်။ မော်တော်ယာဉ်ဟောင်းအပ်နှံသည့်စနစ်စတင်ပြီးနောက် မော်ဒယ်မြင့်ယာဉ်များအ စားထိုးဝင်ရောက်လာသည်။ ယာဉ်မှတ်ပုံတင်ပြုလုပ်မှုလည်းယခုနှစ် ပိုင်းအတွင်း သိသာစွာများပြားလာကာ လက်ရှိတွင်ရောက်ရှိအကွခရာ ၁ဃ နံပါတ်များထုတ်ပေးနေပြီဖြစ်သည်။

## ဖုန်းအသုံးပြုသူဦးရေ




■ အထိုင်ဖုန်း
■ မိုဘိုင်းဖုန်း

ပြီးခဲ့သည့် ၃ နှစ်တာကာလအထိ ပြည်တွင်း၏ အထိုင်ဖုန်း အသုံးပြုနိုင်မှုနှုန်းမှာ ရှစ်သိန်းလေးသောင်းကျော်ရှိခဲ့ရာမှ ယခုနှစ်ပိုင်းအတွင်း ဆက်သွယ်ရေးက ကြိုးဖုန်းများ၏ ဈေးနှုန်းများကို လျှော့ချပေးလိုက်ခြင်း အရစ်ကျဝယ်ယူခွင့်ပေးလိုက်ခြင်းတို့ကြောင့် အသုံးပြုနှုန်း တိုးတက်လာခဲ့သည်။ မိုဘိုင်းအသုံးပြုနိုင်နှုန်းတွင်မူ ၅ သိန်းတန် စီဒီအမ်အေနှင့် ဂျီအက်စ်အမ်ဖုန်းများကြောင့် နှစ်အနည်းငယ်အတွင်း ပြည်တွင်း၏ မိုဘိုင်းဖုန်းသုံးနိုင်မှုပမာဏ အတိုးတက်ဆုံး ဖြစ်လာခဲ့သည်။

## သတင်းဂျာနယ်ထုတ်ဝေမှု




၂၀၀၂ ခုနှစ် မတ်လတွင် ပြည်တွင်း ဂျာနယ်ဈေးကွက်၌ မြန်မာတိုင်းမ်၊ ကုမုဒြာ(လက်ရှိ မော်ဒန်)၊ ပြည်မြန်မာ၊ 7 Day News ဂျာနယ်ဟူသော သတင်း ဂျာနယ် လေးစောင်သာရှိပြီး ၂၀၁၂ ခုနှစ် မတ်လဆန်းအထိ သတင်းဂျာနယ်စောင်ရေ ၆၀ ကျော် ထုတ်ဝေခွင့်ပြုထားသည်။

## နိုင်ငံရေးပါတီ




၂၀၀၂ခုနှစ်တွင် ၁၉၉၀ ရွေးကောက်ပွဲလက်ကျန် တရားဝင်ရပ်တည်ခွင့်ရသော နိုင်ငံရေးပါတီ ၁၀ခုဝန်းကျင်ရှိခဲ့ပြီး ၂၀၁၂ခုနှစ် မတ်လဆန်းတွင် နိုင်ငံရေးပါတီ ၄၄ပါတီရှိလာပြီဖြစ်သည်။ ထို၄၄ပါတီတွင် ၂၀၁၀ရွေးကောက်ပွဲဝင်ခဲ့သော နိုင်ငံရေးပါတီ ၃၇ပါတီနှင့် ရွေးကောက်ပွဲပြီးမှ မှတ်ပုံတင်သော ပါတီသစ် ခုနစ်ပါတီပါဝင်သည်။

## ရွှေဈေးနှုန်း




ယူနစ်မှာ ကျပ်ဖြစ်ပြီး၊ တစ်ကျပ်သား ရွှေဈေးနှုန်းဖြစ်ပါသည်။ ၂၀၀၂ခုနှစ်တွင် တစ်ကျပ်သားအမြင့်ဆုံးဈေး ၁၉၀၅၀၀ ကျပ်ရှိခဲ့သော ရွှေဈေးနှုန်းမှာ ၂၀၁၂တွင် ၇၆၀၀၀၀ ကျပ် အထိရှိလာသည်။

## သစ်တောဧရိယာ




မြန်မာနိုင်ငံ၏ သစ်တောဧရိယာမှာ ၂၀၀၀ပြည့်နှစ်မှ ၂၀၁၀ပြည့်နှစ်အထိ ဆယ်နှစ်တာကာလအတွင်း ၁၉ ဒသမ ၀ ရာခိုင်နှုန်းလျော့နည်းသွားကြောင်း ကမ္ဘာ့သစ်တောများစောင့်ကြည့်လေ့လာရေးအဖွဲ့ အစည်းက ဖော်ပြထားသည်။ သစ်တောဧရိယာဆုံးရှုံးမှုသည် မူလရှိပြီးသား ဧရိယာမှ နှစ်စဉ် ၀ ဒသမ ၉၅ ရာခိုင်နှုန်းရှိကြောင်းလည်းဖော်ပြထားသည်။

## ဆယ်နှစ်တာမှတ်တိုင်များ(၂၀၀၂မတ်-၂၀၁၂မတ်)မှအဆက်

### ■မြို့တော်သစ်ပေါ်ပေါက်



မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး ယန္တရားများဖြစ်သော အစိုးရရုံးများကို ၂၀၀၅ ခုနှစ် နိုဝင်ဘာမှ စတင်၍ရန်ကုန်မြို့မှ နေပြည်တော်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုအချိန်မှစ၍ မြို့တော်သစ်အဖြစ် နေပြည်တော်ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၀ပြည့်နှစ်ဝန်းကျင်မှစတင်၍အကောင်အထည်ဖော်ခဲ့သောနေပြည်တော်မှာ ၂၀၁၂အရောက်တွင် မြင်သူအားလုံး အထင်ကြီးလေးစားလောက်အောင်၊ အခြားမြို့များနှင့် ခြားနားစွာ မြို့တော်သစ်အဖြစ် ခန့်ညားလှပနေသည်။

### ■ဘဏ်ကြီးများပြိုလဲမှု

၂၀၀၂ခုနှစ် နှစ်ကုန်ပိုင်းတွင် စုငွေလက်ခံသော အကျိုးဆောင်လုပ်ငန်းများ စတင်ပြိုလဲရာမှ ယင်း သက်ရောက်မှုက ပုဂ္ဂလိကဘဏ်အချို့ကို ၂၀၀၃နှစ်ဆန်းပိုင်းတွင် ပြိုလဲစေခဲ့သည်။ အကျိုးဆောင်များ၏ လိမ်လည်မှုများကြောင့် ငွေများဆုံးရှုံးရသော လူထုမှာ ငွေကြေးအပ်နှံထားမှုနှင့် ပတ်သက်၍ ယုံကြည်မှုလျော့ကျပြီး၊ ဘဏ်များမှ ငွေအများအပြားပြန်ထုတ်မှုကြောင့် အာရှဓနဘဏ်၊ မေဖလားဝါးဘဏ်ကြီးများပြိုလဲခဲ့သည်။

FLASH BACK 2002 MARCH - 2012 MARCH

7DAY NEWS JOURNAL

Vol.11, No.1 • MARCH 8 , 2012

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၏သက်ရောက်မှုကြောင့် စင်ကာပူနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများမှာ လုပ်ငန်း လည်ပတ်မှုနှေးကွေးယိမ်းယိုင်လာနေပြီဖြစ်သည်။ ယင်းနှင့်ဆက်စပ်၍ လုပ်ငန်းမျိုးစုံတွင် ဝန်ထမ်းအင်အား လျှော့ချခြင်း၊ အသုံးစရိတ်လျှော့၍ အချိန်ပိုဆင်းခွင့်မပြုခြင်းနှင့် အချို့လုပ်ငန်းများမှာ လုံးဝရပ်နားသွားရသည်များပင် ရှိနေပေပြီ။ စင်ကာပူသို့ ယခုကာလတွင်မှ သွားရောက်အလုပ်လုပ်လိုသူများကို ခေတ္တစောင့်ကြည့်ပြီးမှ လာရောက်သင့်ကြောင်း ထိုနိုင်ငံတွင် လက်တွေ့လုပ်ငန်းခွင်ဝင်နေသော မြန်မာများက မှာကြားသည်။ စင်ကာပူနိုင်ငံ၏ လက်ရှိအလုပ်အကိုင်အခြေအနေအများကို ထိုနိုင်ငံသို့ သွားရောက်သတင်းယူခဲ့သော 7Day News ဂျာနယ်မှအယ်ဒီတာ၏ အထူးသတင်းပေးပို့မှုကို ဖော်ပြလိုက်ပါသည်။

# မလာပါနဲ့

အားမာန်



**ကြေနွှမ်းစပြုနေသော အနက်ရောင်စတိုင်ဘောင်းဘီရှည်၊ မြန်မာနိုင်ငံလုပ်သားရေညှပ်ဖိနပ်စီး၍ ခန္ဓာကိုယ်နှင့်စာလျှင် ပွယောင်းယောင်းနိုင်သော နက်ပြာရောင်ရှပ် အင်္ကျီလက်တိုကို အောက်ချဝတ်ထားသောသူ၏ ပုံသဏ္ဌာန်က ပတ်ဝန်းကျင်နှင့် သိသာစွာခြားနားနေသည်။**

ခေတ်မီဝတ်စုံများကိုဖက်ရှင်ကျအောင် ဝတ်ဆင်ထားသူများ၊ ပေါ့ပေါ့ပါးပါးနှင့် ဆွဲဆောင်မှုရှိအောင် ဆင်ယင်ထားသူများ၊ စမတ်ကျစွာဝတ်ဆင်ထားသူများ ဥဒဟိုသွားလာနေသော စင်ကာပူမြို့လယ်၊ ကြယ်ငါးပွင့်အဆင့်ရှိ Carlton ဟိုတယ်အနီးတွင် ဇန်နဝါရီ ၁၇ ရက်က သူ့ကိုတွေ့ခဲ့သည်။

ခေတ်မီ ဆိုင်ခန်းများ၊ ရုံးခန်းများစွာရှိသော Raffles City နှင့် City Hall တို့ကို လမ်းဖြတ်လျှောက်၍ မြန်မာနိုင်ငံမှ လာရောက်သူများ ဆုံဆည်းဖြစ်ရာ ပီနင်စုလာပလာဇာ (Peninsula Plaza)သို့ သွားနေသော သူက အတွေ့အကြုံကို ပြောပြရန် လွန်စွာစိတ်အား ထက်သန်နေသည်။ လမ်းလျှောက်ရင်းဖြင့်လည်း သူ၏ လုပ်ငန်းခွင်အတွေ့အကြုံ၊ ခံစားချက်များကို မနားတမ်း ဖွင့်ဟနေသည်။

“သုံးလရှိပြီ။ အိမ်ကိုတစ်ပြားမှ မပို့နိုင်သေးဘူး။ ကုန်ထားတာများတော့ စရိတ်ကျေအောင်တော့ သည်းညည်းခံလုပ်ရမှာပဲ။ ဘယ်လိုဖြစ်မယ် မသိသေးဘူး။ အခု ကျွန်တော်ကြားတာ ရန်ကုန်မှာ စင်ကာပူလာဖို့ စောင့်နေသူတွေအများကြီးကျန်သေးတယ်၊ တန်းစီစောင့်နေတယ်တဲ့။ အဲဒါကြားတော့ စိတ်မကောင်းဘူး။ ကျွန်တော်တို့ မှာချင်တာ လုံးဝမလာပါနဲ့”ဟု အသက် ၃၆နှစ်အရွယ် ကိုအောင်နိုင် (အမည်ပြောင်းထား)ကပြောသည်။

ခေတ်မီ ဟိုတယ်နှင့် ဈေးဝယ်စင်တာကြီးများရှေ့က လမ်းလျှောက်ခဲ့စဉ်က သူစိမ်းနယ်မြေတွင် ရှုံ့တွံ့တွံ့ရှိခဲ့သော ကိုအောင်နိုင်မှာ ပင်နင်စူလာပလာဇာသို့ ရောက်သည်နှင့် ကျွမ်းကျင်မှုအပြည့်ရှိသော ခြေလှမ်းများဖြင့် မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ ကျွန်တော့်ကိုခေါ်လာပြီး ရင်တွင်းမှ စကားကို အထက်ပါအတိုင်း ဖွင့်ဟလိုက်ခြင်းဖြစ်သည်။

“ဟုတ်တယ်။ ဒီမှာ မလွယ်ဘူး။ အိုတီ(အချိန်ပို)မဆင်းရတော့ မကိုက်ဘူး။ သင်္ဘောကျင်းဆိုရင်တော့ မလာပါနဲ့။ သင်္ဘောကျင်းမှာ ဆေးသုတ်ရမယ်ဆိုရင် အရမ်းပင်ပန်းတယ်။ မြန်မာနိုင်ငံကနယ်ဘက်ကလာတဲ့အပင်ပန်းခံနိုင်တယ်ဆိုတဲ့လူတွေလည်း ဒဏ်မခံနိုင်ဘူး။ ပြီးခဲ့သည့်အပတ်ကလူ ၁၅ ယောက် ပြန်သွားတယ်။ သူတို့က တောမှာ မိဘကလည်း တတ်နိုင်တော့ပြန်ကုန်ကြတယ်။ စရိတ်တွေတော့ အဆုံးပေါ့”ဟု အသက် ၃၈နှစ်အရွယ်ရှိကိုစိုးလှိုင်က ကိုအောင်နိုင်၏စကားကိုဖြည့်စွက်ပြောကြားသည်။

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့မှ ကိုစိုးလှိုင်မှာ ပဲခူးတိုင်း၊ ပန်းတောင်မြို့နယ်မှကိုအောင်နိုင်နှင့် စင်ကာပူရောက်မှ သိကျွမ်းခဲ့ရသော်လည်း အချိန်တိုအတွင်း ရင်းနှီးခဲ့သည်။ သူတို့နှစ်ဦးစလုံးတွင် အိမ်ထောင်ရှိပြီး၊ သားသမီး နှစ်ဦးစီရှိသည်။ စီးပွားရှာရန် အကုန်အကျများစွာခံ၍ စင်ကာပူသို့လာရောက်ခဲ့သူများပင် ဖြစ်၍ ခံစားချက်တူညီနေသူများဖြစ်၏။

“ဝန်ဆောင်ခက စင်ကာပူဒေါ်လာ ၃,၆၀၀ နဲ့ ၃၈၀၀အတွင်း ပေးရတာရယ်၊ ဒီကိုလာတဲ့စရိတ်တွေနဲ့ဆိုရင် ကျပ်သိန်းလေးဆယ်လောက်ကုန်တယ်”ဟုကိုအောင်နိုင်က စင်ကာပူသို့ လာရောက်လုပ်ကိုင်ရန် ကုန်ကျခဲ့ရမှုကိုပြောသည်။

“ကျွန်တော်က လေးဆယ် (ကျပ်သိန်း) ကျော်ကျော်လောက်ကုန်တယ်။ တစ်ပြားမှမပို့နိုင်သေးဘူး။ ဘယ်တော့ပို့နိုင်မလဲမသိဘူး” ဟု ကိုစိုးလှိုင်က သူ၏အတွေ့အကြုံကိုပြောသည်။

သူတို့နှစ်ဦးမှာ သင်္ဘောတည်ဆောက်ရေးတွင် ဆေးသုတ်သည့်အလုပ်ကို လုပ်ကိုင်ရန် ၂၀၀၈ခု အောက်တိုဘာ ၂၂ ရက်တွင်ရောက်ရှိလာသူများဖြစ်သည်။ထိုသင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင်တွင် မြန်မာလုပ်သားတစ်ရာကျော်ရှိသည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသက်ရောက်မှုကြောင့် ယခုနောက်ပိုင်းတွင် သင်္ဘောတည်ဆောက်မှုများလျော့နည်းသွားပြီး လုပ်ငန်းခွင်တွင် အချိန်ပိုမဆင်းရတော့ခြင်းမှာ သူတို့အတွက် အခက်အခဲဖြစ်လာသည်။ တစ်ရက်လျှင် ၈ နာရီအလုပ်ဆင်းရပြီး လုပ်ခ စင်ကာပူဒေါ်လာ ၁၆ ဒေါ်လာရသည်။ တစ်ပတ်လျှင် ငါးရက်သာ အလုပ်ဆင်းရပြီး အချိန်ပိုမဆင်းရသည့်အတွက် ရသည့်ငွေများကို စုဆောင်း၍ အိမ်ပို့ရန်မှာ ယခုအခြေအနေတွင် မဖြစ်နိုင်သေး။ သူတို့နှစ်ဦးကဲ့သို့ပင် ထိုသင်္ဘောတည်ဆောက်ရေးလုပ်ငန်း၌ ကျန်မြန်မာလုပ်သားများလည်း အလားတူကြုံတွေ့နေသည်။

“ကျွန်တော်တို့ ဒီကိုလာတော့ ဟိုက(အလုပ်က) သူငယ်ချင်းတွေက မှာလိုက်ကြတယ်။ ဒီအခြေအနေမှာ စင်ကာပူကို မလာကြပါနဲ့လို့။ အေးဂျင့်တွေ ပြောတာလည်း မယုံပါနဲ့။ သူတို့က လူပို့နိုင်ရင်ငွေရတော့ သတင်းအမှန်မပြောဘူး”ဟုကိုအောင်နိုင်က ဆက်လက်ပြောသည်။

“လောလောဆယ် အနေအထားနဲ့ဆို မလွယ်လောက်ဘူးကွ။ အေးဂျင့် FEC ကလည်း နင့်နေအောင်ပေးရမှာ”ဟု ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်မှ စင်ကာပူတွင် လာရောက်အလုပ်လုပ်ကိုင်နေသော အသက် ၃၆ နှစ်အရွယ်အရွယ်ရှိ ကိုစည်ကျော်ကလည်း ယခုကာလတွင် စင်ကာပူသို့ လာရောက်အလုပ်လုပ်မည်ဆိုပါက မလွယ်ကူနိုင်ကြောင်း သူ၏အမြင်ကိုပြောသည်။ ကိုစည်ကျော်မှာ ကိုစိုးလှိုင်၊ ကိုအောင်နိုင်တို့နှင့် မတူသော အခြားသင်္ဘောတည်ဆောက်ရေးတွင်လုပ်ကိုင်နေသူဖြစ်သည်။

သူ့အနေဖြင့် တစ်နေ့ ၈ နာရီလုပ်ရသော အလုပ်ကို တစ်ရက်လျှင် စင်ကာပူဒေါ်လာ ၂၀ ရပြီး၊ အချိန်ပိုဆင်းရပါက တစ်ဆခွဲရသည်။ တနင်္ဂနွေနေ့တွင် ဆင်းရပါက လုပ်ခနှစ်ဆရလေ့ရှိသည်။ သို့သော် လွန်ခဲ့သည့် တစ်လခွဲမှစတင်၍ အချိန်ပိုဆင်းရခြင်း နည်းလာ၍ ဝင်ငွေနည်းလာမှုနှင့် ကြုံတွေ့နေရသည်။

စင်ကာပူနိုင်ငံအတွက် အဓိကဝင်ငွေရှာဖွေပေးနေသော လုပ်ငန်းဖြစ်သည့် ဆိပ်ကမ်းဝန်ဆောင်မှု အဝဝကိုလုပ်ကိုင်ပေးနေသော နာမည်ကျော်လုပ်ငန်းတစ်ခု၌ လုပ်ကိုင်နေသော ကိုတင်ထွန်း (အမည်ပြောင်းထားပါသည်)ကလည်း သူတို့၏ လုပ်ငန်းမှာပင် အလုပ်နည်းလာ၍ အချိန်ပိုသိပ်မဆင်းရတော့ဟုအတွေ့အကြုံကိုပြောသည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလကစ၍ အချိန်ပိုဆင်းရမှုလျော့နည်းလာခြင်းသည်တခြားလုပ်ငန်းများကဲ့သို့ ဝန်ထမ်းအင်အား လျှော့ချခြင်းမပြုသေးသော်လည်း လူထပ်ခေါ်ခြင်း လုံးဝမပြုတော့ပေ။ ကိုတင်ထွန်းတို့၏ လုပ်ငန်းမှာ ရုံးချိန်ကဲ့သို့ အချိန်အတိအကျလုပ်ရခြင်းမဟုတ်၊ အလုပ်ရှိသည့်အချိန်တွင် နေ့၊ ညမရွေးလုပ်ရခြင်းဖြစ်၏။ အချိန်ပိုများစွာမဆင်းရတော့၍ ယခုအခါ တစ်ရက် ၈ နာရီသာ ပုံမှန် အလုပ်ဆင်းရသည့်နေ့များလာသည်။ ယခင်က တစ်ရက် ၄နာရီအချိန်ပိုဆင်းရလေ့ရှိသည်။ ထိုလုပ်ငန်းတွင် မြန်မာလုပ်သားတစ်ထောင်နီးပါးရှိသည်။

“သင်္ဘောတွေ ကိုယ်တိုင်က အလုပ်မရှိတော့ ကျွန်တော်တို့လိုလုပ်ငန်းတွေလည်း ပါးသွားတာပေါ့”ဟု လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ကျော်ရှိသော ကိုတင်ထွန်းကပြောသည်။ “ဒီကာလမှာကတော့ သိရသလောက်ဆိုရင်ထွက်လုပ်ဖို့(မြန်မာနိုင်ငံမှထွက်၍ပြည်ပတွင်အလုပ်လုပ်ရန်ကိုဆိုလို သည်) မသင့်ဘူး။ ဒါက အစပဲရှိသေးတယ်။ ၂၀၀၉ ထဲရောက်ပြီး နှစ်ပတ်လောက်ပဲရှိသေးတယ်။ တော်တော်သိသာနေပြီ။ တချို့ရှော့တောင်ဖြစ်ကုန်ပြီ”ဟုသူက ဆက်လက်ပြောသည်။

စင်ကာပူပင်လယ်ဆိပ်ကမ်းအပြာရောင်ရေပြင်၌ ကုန်မပါဘဲရပ်ထားသော သင်္ဘောရာပေါင်းများစွာကိုကြည့်၍လည်းဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ အလုပ်ပါးနေကြောင်းကိုမှန်းဆကြည့်နိုင်သည်။

အိမ်အကူလုပ်ကိုင်နေသော မြန်မာအမျိုးသမီးတစ်ဦးကလည်း သူမအလုပ်လုပ်နေသော အိမ်မှ စင်ကာပူအိမ်ရှင်တို့မှာ စီးပွားရေးမကောင်း၍ လခပေးမှုခေတ္တရပ်ပြီး နေစရိတ်၊ စားစရိတ်တို့ကိုသာတာဝန်ယူနိုင်၍ လုပ်နိုင်ပါက လုပ်ရန်၊ မလုပ်နိုင်ပါက ပြန်ရန်ကမ်းလှမ်းသည်တွင် ဆက်လုပ်ရန် ဆုံးဖြတ်ပြီး ဆက်လုပ်နေကြောင်း သူမ၏အတွေ့အကြုံကိုပြောလာသည်။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းသက်ရောက်မှုကြောင့် စင်ကာပူနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလည်ပတ်မှုနှေးကွေးလာသောလက်ရှိအခြေအနေတွင်အလုပ်မှ လူလျှော့၍ အလုပ်တွင် အဆင်မပြေ၍၊ အလုပ်ကိုယ်တိုင်ရပ်နား၍ ပြည်တော်ပြန်သူများလာခြင်းကို နေ့စဉ်နှင့်အမျှ ရန်ကုန်လေဆိပ်တွင်တွေ့နိုင်သည်။ နေရပ်မပြန်ရသေးသော်လည်း အထက်တွင် ဖော်ပြခဲ့သူများကဲ့သို့ ဝင်ငွေလျော့နည်းလာပြီး အလုပ်မြဲရန် ယခင်ထက် ကြိုးစားနေရသူများကို စင်ကာပူမြို့လယ်ရှိပီနင်စူလာပလာဇာတွင် အများအပြား မြင်တွေ့ရသည်။

“နိုင်ငံခြားထွက်တာက ကံနဲ့လည်းဆိုင်တယ်။ အဆင်ပြေတဲ့လူတွေလည်းရှိကြပါတယ်။ အများစုကတော့ ခုအချိန်မှာ အလုပ်မကောင်းဘူးဘဲပြောကြတယ်။ အဆင်ပြေတဲ့လူတွေက Basic Pay (အခြေခံလစာ)ကောင်းတဲ့သူတွေပေါ့”ဟု စင်ကာပူနိုင်ငံသို့တတိယအကြိမ်လာရောက်လုပ်ကိုင်နေသူဖြစ်သော ကိုစည်ကျော်ကပြောသည်။ သူ့အနေဖြင့် ယခင် နှစ်ခေါက်ကယခုကဲ့သို့အခြေအနေကို မကြုံတွေ့ခဲ့ရဟုဆိုသည်။

ဇန်နဝါရီ၁၇ရက်စနေနေ့က အချိန်ပိုမဆင်းရ၍ ကိုအောင်နိုင်မှာပင်နင်စူလာ ပလာဇာသို့ လာနိုင်သော်လည်း သူ့ထက် အသက်ငယ်၍ဆွေမျိုးတော်သောကိုသက်မှာ ယခုကာလမှာပင် အချိန်ပိုဆင်းရ၍ အလုပ်ရှုပ်နေသည်။ ဂျီတီ အိုင်(နည်းပညာသိပ္ပံ) ကျောင်းဆင်းဖြစ်ပြီး၊ သချ်ာဘာသာနှင့် အဝေးသင်ဘွဲ့ယူထားသောကိုသက်မှာသင်္ဘောဆောက်လုပ်ရေး၌ တခြားမြန်မာအများစု နားနေချိန်မှာပင် အလုပ်များနေသည်။ ပြင်ပသင်တန်းများစွာတက်ထားပြီး ပညာအရည်အချင်းရှိသော ကိုသက်လို သူအတွက် လက်ရှိ ကာလမှာပင် အလုပ်ကောင်းနေဆဲဖြစ်သည်ဟု ကိုအောင်နိုင်က ဂုဏ်ယူအားကျသည့်အမူအရာဖြင့်ပြောပြသည်။

လက်ရှိကာလမှာပင် စီးပွားရေးကျဆင်းစပြုနေသော စင်ကာပူတွင် ကိုသက်ကဲ့သို့ပုံမှန် အတိုင်းအလုပ်ကောင်းနေသော မြန်မာများလည်း ရှိပါသည်။ အလုပ်ကောင်းနေဆဲ၊ ဝင်ငွေကောင်းနေဆဲသူများမှာ လုပ်ငန်း ခွင်တွင် ကျွမ်းကျင်မှုတစ်ခု ရှိနေပြီး၊ ကြိုးစားသူ၊ ထိုသို့မဟုတ်က ကုမ္ပဏီလုပ်ငန်းကိုယ်တိုင်က အလုပ်ကောင်းနေသောအလုပ်၌ လုပ်ခွင့်ရနေသူတို့ပင်ဖြစ်သည်။

ယခုကာလတွင် စင်ကာပူသို့လာသော မြန်မာလုပ်သားများ များနေ၍ပင်နင်စူလာ ပလာဇာရှိ စားသောက်ဆိုင်နှင့် ဈေးဆိုင်ရှင်မြန်မာများ ဝင်ငွေကောင်းနေသည်ကိုတွေ့ရသည်။ စင်ကာပူသို့ လာသူ၊ ပြန်သူ၊ မလေးရှားသို့ ခေတ္တ သွားသူများနေ၍ လေယာဉ်လက်မှတ်အရောင်းလုပ်ငန်းများ အလုပ်ရှုပ်နေသည်ကိုလည်း ထိုပလာဇာ၌ တွေ့ခဲ့ရသည်။

အလုပ်လျှော့ခံရမှု၊ အချိန်ပိုမဆင်းရမှုတို့၏အဓိကအကြောင်းရင်းမှာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် စင်ကာပူစီးပွားရေးကိုယ်၌က နှေးကွေးကျဆင်းလာမှုဖြစ်သည်။ ထို့အပြင် အချို့မြန်မာလုပ်သားများမှာ လုပ်ငန်းကျွမ်းကျင်မှုနည်းပါးခြင်း၊ အင်္ဂလိပ်စကားပြောတွင်လည်းအားနည်း၍ လုပ်ငန်းခွင်၌ အဆင်မပြေဖြစ်ကာ ပြန်လာရခြင်းမျိုးများလည်း ရှိသည်။

“ဒီအခြေအနေက အလုပ်သမားတွေအတွက် အလွန်ခက်ခဲတဲ့အချိန်ပါ။ ကျွန်တော်တို့အနေနဲ့လည်း ကန်ထရိုက်စာချုပ်မပြည့်ခင်နိုင်ငံခြားအလုပ်သမားတွေကို မပြန်စေလိုပါဘူး။ သူတို့ဒီကိုလာဖို့ အကြွေးတွေအများကြီးတင်ခဲ့ရပြီး လာရတာမျိုးကို ကျွန်တော်တို့သိတယ်။ ဒါပေမဲ့ ဒီမှာသူတို့ကို ဆက်ထားနိုင်ဖို့အတွက်လည်း အလုပ်မရှိဘူး” ဟု စင်ကာပူနိုင်ငံရှိ ဆောက်လုပ်ရေးကုမ္ပဏီ တည်ထောင်ထားသူတစ်ဦးကစင်ကာပူနိုင်ငံထုတ် Straits Times သတင်းစာသို့ပြောခဲ့သောစကားဖြစ်သည်။ လက်ရှိစင်ကာပူနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်တို့ကြုံတွေ့နေရသောအခြေအနေကို ဆက်၍မှန်းဆနိုင်သည်။ ဆောက်လုပ်ရေးကဏ္ဍတွင်လည်း ပုဂ္ဂလိက ဆောက်လုပ်ရေးအပိုင်းက ၂၀၀၈ ခုနှစ်က ဆောက်လုပ်ခဲ့သော ပမာဏတန်ဖိုးထက် ဒေါ်လာ ၅ဘီလီယံမှ ၉ ဘီလီယံ လျော့ကျနိုင်ကြောင်း အဆောက်အအုံတည်ဆောက်ရေး အာဏာပိုင်အဖွဲ့(BCA)က ခန့်မှန်းထားသည်။ ၂၀၀၈ခုနှစ်ကပုဂ္ဂလိကဆောက်လုပ်ရေးကဏ္ဍမှ တန်ဖိုး ဒေါ်လာ ၂၀ ဒသမ ၁ ဘီလီယံဖိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အီလက်ထရွန်းနစ်နှင့် ဒစ်ဂျစ်တယ်ပစ္စည်းထုတ်လုပ်ငန်း၊ ရေလုပ်ငန်းစသော လုပ်ငန်းတို့မှာ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းသက်ရောက်မှုကြောင့် လူလျှော့ခြင်းအများဆုံးပြုလုပ်နေကြောင်း နေ့စဉ်ထုတ် Straits Times သတင်းစာအရ သိရသည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းအများစု လုပ်ငန်းမကောင်းချိန်တွင် စင်ကာပူနိုင်ငံသားများကိုယ်တိုင်အလုပ်မပြုတ်ရန်၊အလုပ်ရရန်ပိုမိုအားထုတ်နေရ၍ မြန်မာအပါအဝင်နိုင်ငံခြားသား အလုပ်သမားများလည်း အလုပ်ရရန် အလုပ်မြဲရန်ပိုကြိုးစားနေရသည်။

“ဒီကာလကတော့ Pressure ပိုများတာပေါ့။ ဖြစ်ချင်းဖြစ် ဘယ်သူဖြစ်မလဲပေါ့။ ဒါပေမဲ့ တကယ်ဖြစ်လာရင် ဘယ်သူမှ မတတ်နိုင်ဘူး” ဟု လက်ရှိကာလတွင် အလုပ်မြဲရန် အတိမ်းအစောင်းမခံလုပ်ကိုင်နေရမှုကို ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း၌ လုပ်ကိုင်နေသောကိုတင်ထွန်းကပြောသည်။ **အချပ်ပို(H)သို့**

“ဖေဖေနဲ့ပတ်သက်ပြီးတွေးရင် ဦးစောကြောင့်ဖေဖေဆုံးသွားတယ်လို့ ဘယ်တုန်းကမှမမြင်ဘူး။ ပြီးတော့လည်း နိုင်ငံရေးမှာ ဒီလိုပဲဖြစ်တတ်ပါတယ်။ ကျန်ခဲ့တဲ့မိသားစုတွေမှာ ဘာအပြစ်မှမရှိဘူး. . .။ -ဒေါ်အောင်ဆန်းစုကြည်

# လီလီပန်းလေးများရဲ့ နောက်ကွယ်မှာ...

## ဂဠုန်ဦးစောမိသားစု၏ ဘဝဖြတ်သန်းမှု

ငြိမ်းငြိမ်းနိုင်



လီလီပန်းအဖြူရောင်လေးများက ကနုတ်ပန်းကြွ မင်္ဂလာဘိသိက်ငွေဖလားကြီးထဲ၌လှလှပပ လန်းလန်းဆန်းဆန်း။ လွန်ခဲ့ပြီးသော ဆယ်စုနှစ်သုံးခုကျော်မှကြီးကျယ်ခမ်းနားလှသည့် မင်္ဂလာအခမ်းအနားပွဲတစ်ခု၏ မြင်ကွင်းဖြစ်သည်။

ဘိသိက်ခံမင်္ဂလာမောင်နှံမှ သတို့သမီးမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံမှုတွင်မြန်မာ့သမိုင်း တရားခံတစ်ဦးအဖြစ် ပြည်သူများအကြား ယနေ့တိုင်နာမည်ဆိုးနှင့် ရှိနေခဲ့သော ဂဠုန်ဦးစော၏ မြေးဖြစ်၏။ ဦးစော၊ ဒေါ်သန်းခင်တို့၏ သမီးဒေါ်ဘေဘီစောမှမွေးဖွားသော ဒုတိယသမီး ဒေါ်မွန်မွန်ရင်ဖြစ်သည်။

ဒေါ်မွန်မွန်ရင်၏ မင်္ဂလာပွဲဘိသိက်ပန်းငွေဖလားတွင် လီလီပန်းကိုသာ ထိုးရမည်ဆိုသည့် အဘွားဒေါ်သန်းခင်၏ တစ်ချက်လွှတ်ဆန္ဒဖြင့် ထိုလီလီပန်းဖြူဖြူဖွေးဖွေးများကို ရန်ကုန်တစ်မြို့လုံးတွင် မရမက ရှာဖွေခဲ့ရသည်ဆို၏။

ထိုပန်းများကို တစ်မြို့လုံးတွင် မရမက လိုက်လံရှာဖွေခဲ့ရာ နောက်ဆုံးတွင်မှ တိုက်တိုက်ဆိုင်ဆိုင်ပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ခြံထဲ၌ စိုက်ပျိုးထားသော လီလီပန်းများရှိကြောင်း သတင်းရသဖြင့် ထိုလီလီပန်းအဖြူရောင်များကို မင်္ဂလာဘိသိက်ပန်းအဖြစ် ထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်မှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကဖြစ်ပြီး သမိုင်းဝင်မှတ်တမ်းတွင် မိသားစုနှစ်ခုကြား တစ်ကြိမ်တည်းသော အမှတ်မထင်ဆုံစည်းခဲ့သည့် ဆက်စပ်မှုတစ်ခုဖြစ်ခဲ့လေသည်။

“ပန်းတွေသွားခူးတဲ့နေ့က လာခူးတဲ့လူတွေကို အန်တီဒေါ်ခင်ကြည်က အိမ်ပေါ်ကနေသော့ပစ်ချပေးရင်း ဘယ်သူ့မင်္ဂလာဆောင်လဲလို့ မေးတယ်တဲ့။ ဦးစော၊ ဒေါ်သန်းခင်မြေးမင်္ဂလာဆောင်ပါလို့ပြောတော့ ဩော် ဒေါ်သန်းခင်က မြေးတွေဘာတွေနဲ့ဆိုတော့ ကျွန်မထက် သူက တောင် ပိုကံကောင်းတာပေါ့လို့ ပြောတယ်တဲ့။
အဲဒီစကားလေးနဲ့ ပန်းလေးတွေ က မှတ်မှတ်ရရပါပဲ”ဟု ဒေါ်မွန်မွန်ရင်ကသူ့မင်္ဂလာဆောင်အမှတ်တရဘိသိက်ပန်းအဖြစ်ဒေါ်ခင်ကြည်စိုက်ပျိုးထားသော အဖြူရောင်လီလီပန်းလေးများကို မင်္ဂလာငွေဖလားထဲတွင် ထိုးစိုက်နိုင်ခဲ့ပုံကို ဂုဏ်ယူဝင့်ကြွား ပီတိဖြစ်စွာ ပြန်ပြောင်းပြောပြသည်။

ယခုအခါ ဦးစော၏ ဇနီး ဒေါ်သန်းခင်လည်းမရှိတော့၊ ဦးစော၏ သမီးဒေါ်ဘေဘီစောလည်း ကွယ်လွန်သွားပြီဖြစ်သည်။ အချိန်ကာလ ဆယ်စုနှစ်တွေလည်း တစ်စုပြီးတစ်စုဖြတ်ကျော်ခဲ့ပြီဖြစ်သကဲ့သို့ ဦးစောမိသားစုဝင်တွေလည်းသမိုင်းမှအရိပ်မည်းတစ်ခု၏ ခြောက်လှန့်မှုအောက်မှ တဖြည်းဖြည်းရုန်းထွက်လာနိုင်ပြီဖြစ်သည်။ သမိုင်းတရားခံမိသားစုအဖြစ်အပြစ်ရှိသူများကဲ့သို့ဖြတ်သန်းလာခဲ့ရသည့်ကာလများမှာအချိန်တွေ ကြာလာသည်နှင့်အမျှ ဒေါ်မွန်မွန်ရင်၏ သား၊သမီးမြေးများလက်ထက် ယခုအခါတွင်မူ တဖြည်းဖြည်းလွတ်မြောက်လာခဲ့ပြီဟု ဒေါ်မွန်မွန်ရင်ကယူဆလေသည်။

“အန်တီ့မေမေနဲ့ အဘွားတုန်းကတော့ တော်တော်လေး ရုပ်တည်ရုန်းကန်ခဲ့ကြရတယ်။ အန်တီတို့ကျတော့ကံကောင်းပါတယ်။ တော်တော်ကို အခြေအနေကောင်းလာပါတယ်။ ဒါပေမဲ့ အန်တီ့ သမီးကြီးတုန်းကတော့နည်းနည်းလေး ဂယက်ရှိခဲ့သေးတယ်။ ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး”

“ဦးစောမြစ်တဲ့”၊ “ဦးစောမြစ် တဲ့” ဆိုသည့် တစ်ကျောင်းတည်းနေကျောင်းသူ၊ ကျောင်းသားများထံမှကြားရသည့်မလိုလားသောအသံဟန်နှင့် ပြောဆိုမှုကိုကြုံတွေ့ခဲ့ရသည့် သမီးကြီးအတွက် ဒေါ်မွန်မွန်ရင် စိတ်ပူကာ နောက်ကျောင်းတစ်ကျောင်းသို့ ပြောင်းထားခဲ့ရသည်။

“ကလေးတွေမှာ ခံစားချက်ရှိတယ်။ ကလေးချင်းဘာမှဆိုးဆိုးဝါးဝါးမရှိပေမယ့်ကျောင်းမှာသူတို့အဘိုးနာမည်ကိုတပ်ပြောလာတော့ကြောက်တာပေါ့လေ။ ကလေးစိတ်အနှောင့်အယှက်ဖြစ်မှာစိုးတာနဲ့ ကျောင်းပြောင်းလိုက်ရတာပေါ့”ဟု အဘိုးဖြစ်သူ၏ ဂယက်ရိုက်ခတ်မှုက မြစ်ဖြစ်သူအထိပင်ရှိခဲ့ကြောင်းကို ဒေါ်မွန်မွန်ရင်က ဥပမာပေး၍ ပြောပြသည်။

ဒေါ်မွန်မွန်ရင်မှာ ငယ်စဉ်ကပင် မိခင်နှင့်အဘွားဖြစ်သူသင်ကြားပေးသည့်အတိုင်း နေထိုင်ခဲ့ရသလို ယခုသူ့သားသမီးမြေးများကိုလည်း ထိုကဲ့သို့ပင် ဆက်လက်သင်ကြားပေးသည့်အတွက် လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်စွာ နေထိုင်နိုင်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

“အန်တီ့ကိုငယ်ငယ်ကတည်းက မေမေကပြောတယ်။ ကိုယ့်မှာအပြစ်ရှိခဲ့တယ်။ အဲဒါကြောင့်သူများတွေက အဘိုးနဲ့ပတ်သက်လို့ပြောလာရင် ပြန်ရန်ဖြစ်တာတို့ ပြန်ပြောတာတို့မလုပ်ရဘူးတဲ့ ဦးနှောက်ထဲကိုအဲဒီအတိုင်းသွင်းပေးထားတာ။ အဲဒီတော့ ဘာမှပြန်မပြောရဲဘူး”ဟု ဒေါ်မွန်မွန်ရင်ကဆိုသည်။

ဒေါ်မွန်မွန်ရင်သည် မိသားစုနှင့်အတူ ဦးစောနေထိုင်ခဲ့ရာ အေဒီလမ်းရှိအိမ်ခြံဝင်းနှင့်တစ်ခြံကျော်၌ လက်ရှိနေထိုင်လျက်ရှိသည်။ သူတို့အိမ်ဧည့်ခန်းဆောင်တွင်ဝင်ဝင်ချင်းတွေ့မြင်ရသည်က ဦးစောနှင့် ဇနီး ဒေါ်သန်းခင်တို့ ဇနီးမောင်နှံပုံတူကျောက်စီပန်းချီကားကြီးဖြစ်၏။ ထိုပန်းချီကားခြေရင်းတွင် စားပွဲတစ်လုံးချကာ ရေပူရေအေး ဆက်ကပ်ထားသည်ကိုလည်း တွေ့ရသည်။

သမိုင်းတရားခံတစ်ဦးဖြစ်သော်ငြား မိသားစုဝင်များကမူ ဦးစောကြိုးစင်မတက်ခင် ထောင်အတွင်းမှရေးသားထားသောစာများကိုဖတ်ရှုသိမ်းဆည်းထားကာ ထိုစာများအရအဘိုးဖြစ်သူဦးစောသည်မသေဆုံးမီ အမှန်တရားကို သိမြင်လက်ခံသွားခဲ့သည်ဟု ယုံကြည်လျက်ရှိကြသည်။ ဦးစောက သူတို့အတွက် သူ့ရဲ့ကောင်း တစ်ယောက်မဖြစ်ခဲ့သော်လည်း သမိုင်းသင်ခန်းစာများပေးသွားခဲ့သူတစ်ယောက်ဖြစ်သည့်အပြင် တိုင်းပြည်ကိုချစ်မြတ်နိုးခဲ့သူတစ်ယောက်အဖြစ်လည်း လက်ခံထားကြသည်။

“သူမသေခင်ရေးခဲ့တဲ့ စာကိုကြည့်ရင်သူအမှန်တရားကို သိသွားခဲ့လို့ပေါ့။ တကယ်တော့အထင်လွဲမှုတွေကနေ ဖြစ်လာတဲ့ သူ့ပင်ကို စိတ်ပေါ်လာတာပေါ့။ ဒေါသစိတ်ကြောင့်ဖြစ်ခဲ့ရတာလေ။ အဲဒီလိုသာမဟုတ်ခဲ့ရင် တိုင်းပြည်လည်းဒီလိုဘယ်ဖြစ်မလဲ။ သူလည်း တိုင်းပြည်ကို ချစ်တဲ့ သူတစ်ယောက်ပဲဆိုတာ အန်တီတို့အိမ်မှာ ကျန်ခဲ့တဲ့ စာရွက်စာတမ်း၊ စာအုပ်တွေကိုကြည့်ရင်သိနိုင်ပါတယ်”ဟု အဘိုးဖြစ်သူအပေါ် မိသားစုဝင်တစ်ဦးအဖြစ် နားလည်မှုပြည့်ဝစွာဖြင့် ပြောပြသည်။

မည်သို့ပင် အဘိုးဖြစ်သူကို နားလည်မှုရှိသည်ဆိုဦးတော့ အဘိုး၏ တိုင်းပြည်အပေါ် ကျူးလွန်ခဲ့မှုအတွက် ယနေ့အချိန်ထိ ပေးဆပ်ရလျက်ရှိဆဲဖြစ်သည်ဟုဆိုသည်။

“လူတွေအမြင်မှာ ဩော်. . ဒီမိသားစု သူတို့အပြစ်တော့သူတို့သိသားပဲဆိုတာမျိုးဖြစ်အောင် နေရပါတယ်။ အန်တီ့မေမေနဲ့အဘွားတုန်းကဆိုရင် သူတို့တွေက ရှိတဲ့ပစ္စည်းထုတ်ရောင်းတာ။ အပြင်လူနဲ့ကူးလူးရတဲ့စီးပွားရေးတွေဘာတွေလုပ်လို့အဆင်မပြေဖူးလေ။ အဘိုးထားခဲ့တဲ့ခြံပတ်ပတ်လည်က မြေတွေရောင်းစားပြီး နေလာခဲ့ကြတာ။ အန်တီ့အမေလက်ထပ်ပြီး နောက်ပိုင်း အဖေက ဝန်ထမ်းဆိုတော့အန်တီတို့လည်း ဝန်ထမ်းမိသားစုဝင်တွေဖြစ်လာတာပေါ့။ တဖြည်းဖြည်းနဲ့”ဟု ဦးစောမိသားစုဝင်များအဖြစ် ဖြတ်သန်းခဲ့ရသည့် အတိတ်ပုံရိပ်တို့ကိုပြန်ပြောင်းပြောပြသည်။

ယခုတော့ တဖြည်းဖြည်းနဲ့ လူမှုဝန်းကျင်ကျယ်ပြန့်လာခဲ့သည်မှာ သားကြီးကပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံရသည့်အနုပညာရှင်တစ်ဦးအဖြစ် ဆယ်နှစ်ကျော်ဖြတ်သန်းခဲ့ပြီဖြစ်သည်။ သားကြီးက သရုပ်ဆောင်မင်းခဖြစ်သည်။

သားကြီးသရုပ်ဆောင်လုပ်လိုသည်ဟုပြောသည့်နေ့က ဒေါ်မွန်မွန်ရင်အော်လိုက်သည့်အသံမှာ တစ်အိမ်လုံးပင် လန့်သွားရသည်ဟုဆိုသည်။

“သရုပ်ဆောင်ပဲ ဝါသနာပါတယ်။ သရုပ်ဆောင်ပဲလုပ်မယ်ဆိုတော့ အဲဒီနေ့က အန်တီအော်လိုက်တာ အိမ်ကလူတွေတောင်လန့်သွားတယ်။ အမလေး၊ အမလေး ဘယ့်နှယ့်တစ်မိသားစုလုံးလူမသိသူမသိနေလာရပါတယ်ဆိုမှမင်းကျမှ သရုပ်ဆောင်လုပ်မယ်ဆိုပြီးတော့လေ။ ဘယ်လိုစဉ်းစားလို့မှမရတာ။ ဒါပေမဲ့သူတို့အဖေက ဝါသနာပါတာလုပ်ပါစေဆိုပြီးကြည့်နေလိုက်တာ အခု ၁၀ နှစ်တောင်ရှိခဲ့ပြီ”ဟုဆိုလေသည်။

မင်းခသရုပ်ဆောင်လုပ်နေစဉ်မှာလည်း အချို့က ဦးစောမြစ်အဖြစ်သိကြသူများရှိသလို အများစုကတော့မသိကြ။ သို့သော်လည်း သူ့အနုပညာလုပ်ငန်းတွင်တော့ အဘိုးကြောင့် တစ်စုံတစ်ရာအရိပ် မထင်ခဲ့ဟု ဒေါ်မွန်မွန်ရင်ကဆိုသည်။

ထိုကဲ့သို့ ဦးစောမိသားစုကို သိရှိဆက်ဆံရင်းနှီးကြသူများဖြင့် တဖြည်းဖြည်းပြောင်းလဲမှုများရှိလာခြင်းတို့က ဒေါ်မွန်မွန်ရင် လက်ထက်ကပင်စခဲ့သည်ဆိုကလည်း မမှားပေ။ အာဇာနည်နေ့နီးတိုင်း ပြုလုပ်လေ့ရှိသည့် ဟောပြောပွဲများ၊ ကျောင်းတွင်းလှုပ်ရှားမှုများလုပ်သည့် ရက်များဆိုလျှင် ဒေါ်မွန်မွန်ရင်မိဘများက သူမကို ကျောင်းသို့မလွှတ်တော့။ ဖခင်တာဝန်ကျရာမော်လမြိုင်မြို့ရှိမော်ဒလိန်းကျောင်းတွင် ၄ တန်းမှ ၇ တန်းအထိတက်ခဲ့စဉ်က အမှတ်တရ တစ်ခုရှိခဲ့ဖူးသည်။

ဦးစော၏မြေးမှန်း မြို့ကလူများရော ကျောင်းကပါသိကြသည့်မို့ မိဘများက အာဇာနည်နေ့အကြိုနေ့မျိုးတွင်ကျောင်းလွှတ်ရန် စိတ်ပူပန်ခဲ့သည့်အတွက် ကျောင်းမတက်ခဲ့ရ။ ထိုအကြောင်းကို ကျောင်းမှအကြီးတန်း ကျောင်းသားများကသိကြသည့်အခါ သူ့ထံလာရောက်၍အားပေးနှစ်သိမ့်စကား ပြောခဲ့ဖူးသည်ကိုဒေါ်မွန်မွန်ရင်မမေ့ခဲ့။ ကျောင်းသားကြီးများ၏ ထိုသို့အားပေးနှစ်သိမ့်မှုများက ဒေါ်မွန်မွန်ရင်ကို အတော်ပင်အားတက်စေခဲ့သည်။

“ကျောင်းဟောပြောပွဲတွေမှာဆို အတန်းကြီးတွေက ပြောတာကိုး။ အဲဒီရက်မှာ ကျောင်းမတက်တာ သိတော့ သူတို့ကနောက်နေ့ အတန်းထဲကိုလာပြောတယ်။ ဒါကသမိုင်းကိုပြောတာပေါ့နော်။ နင်တို့နဲ့မဆိုင်ဘူးပေါ့။ ကျောင်းမတက်ဘဲမနေနဲ့။ နောက်ဆိုရင်လာတက်။နားထောင်ပေါ့ဆိုတာနဲ့ နောက်နှစ်တွေကစပြီး အဲလိုပွဲတွေသွားတက်ဖြစ်တယ်”ဟု မိဘများကစိတ်ပူသော်လည်း ကလေးအချင်းချင်းပြဿနာ မရှိခဲ့ဘဲ နားလည်မှုရခဲ့ပုံကို ဒေါ်မွန်မွန်ရင်က ရှင်းပြသည်။

နောက်ပိုင်းမော်လမြိုင်မှ ရန်ကုန်သို့ ပြန်ပြောင်းလာကာ အထက ၂ စမ်းချောင်း(စိန်ဖလိုး)သို့ ကျောင်းပြောင်းခဲ့သည်။ ၈ တန်းမှ ၁၀ တန်းအထိ တက်ခဲ့ခြင်းဖြစ်ကာ ကျောင်းပြောင်းစတွင် သူ့ကိုအတန်းကြီးများက ဦးစောမြေးအဖြစ် လာရောက်ကြည့်ရှုကြသည်မှအပ အခြားပြဿနာ တစ်စုံတစ်ရာမရှိခဲ့။

“မိန်းကလေးကျောင်းဆိုတော့ အစ်မကြီးတွေပေါ့။ လာကြည့်ကြတယ်။ အုပ်စုလိုက်လာကြည့်ပြီးမှ အားနာသွားပြီး ဩော် အသစ်ဆိုလို့ လာကြည့်တာပါ။ ဘာညာနဲ့လျှောချသွားတယ်။ သူငယ်ချင်းတွေက ကိုယ်နဲ့ပေါင်းကြည့်တယ်။ အဆင်ပြေတော့လည်း ခင်မင်ရင်းနှီးသွားတာပါပဲ”ဟု ဒေါ်မွန်မွန်ရင်ကပြောသည်။

သေနတ်ဒဏ်ရာတစ်ဆယ့်သုံးချက်ထိမှန်ကျဆုံးခဲ့ရသည့်အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုနှင့် ထို လုပ်ကြံသတ်ဖြတ်မှု၏ ဦးဆောင်တရားခံ ဦးစောမိသားစုကြားတွင်လည်းသည်ဆယ်စုနှစ်များစွာအတွင်းတွေ့ဆုံဆက်ဆံမှု တစ်စုံတစ်ရာမရှိခဲ့သော်လည်း ထိုသမိုင်းဝင်ဖြစ်ရပ်အတွက် နာကြည်းမုန်းတီးမှုတို့ကိုမတွေ့ရသည်က ဒေါ်ခင်ကြည်စိုက်ပျိုးထားသည့် လီလီပန်းများကို ဦးစောမြေးမင်္ဂလာဆောင်တွင် အသုံးပြုရန် ငြင်းပယ်ခြင်းမရှိခဲ့သည့်အဖြစ်အပျက်တစ်ခုကသာပြသနေသည်မဟုတ်။ ဦးစောမိသားစုအတွက် အမြဲကျေးဇူးတင်နေ့ထွေးနေခဲ့ရသည်ဆိုသော ဒေါ်ခင်ကြည်၏ အမှတ်တရစကားတစ်ခွန်းလည်း ရှိပါသေးသည်။

လွတ်လပ်ရေးရပြီး နိုင်ငံတော်လုပ်ကြံမှုနှင့်ပတ်သက်၍ ဒေါ်ခင်ကြည်အား နစ်နာကြေးတောင်းခံနိုင်ရန်တရားစွဲဆိုနိုင်သေးကြောင်းအကြံပြုသူရှိခဲ့သော်လည်း ထိုအချိန်က ဒေါ်ခင်ကြည်ပြောခဲ့သည့်စကားကို ဒေါ်မွန်မွန်ရင်အဘွားမှသည်မိသားစုအားလုံးက မမေ့နိုင်ခဲ့ကြ. . .။

“အန်တီဒေါ်ခင်ကြည်က ဘာပြောခဲ့လဲဆိုတော့ ဒေါ်သန်းခင်က မျက်နှာမရှိဘဲဖြစ်ရတဲ့မုဆိုးမ။ ကျွန်မက ဂုဏ်ရှိပြီးကျန်ခဲ့ရတဲ့မုဆိုးမပါ။ ဒါကြောင့် ဒေါ်သန်းခင်ဆီက ကျွန်မဘာမှမယူလိုတော့ပါဘူးတဲ့။ အဘွားကအဲဒီစကားကိုအခုထက်ထိမမေ့ပါဘူး”ဟုဆိုလေသည်။

ထိုအမှတ်တရများနှင့်အမှတ်တရမင်္ဂလာဘိသိက်အဖြူရောင် လီလီပန်းလေးများကပင် မိသားစုနှစ်စုကြားအဃာတတရားမရှိခဲ့ခြင်းကို သက်သေပြနေသည်။

ဒေါ်မွန်မွန်ရင်က ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်ကိုအပြင်တွင် မတွေ့မမြင်ဖူးဘဲ အခြေအနေပေးခဲ့၍ တွေ့ခွင့်ရခဲ့ရပါကတွေ့လိုစိတ် ပြင်းပြင်းပြပြဖြစ်မိသော်လည်း တကယ်တမ်းတွေ့ရမည်ဆိုခဲ့လျှင်လည်း တွေ့ဖို့မဝံ့ရဲကြောင်းဖွင့်ဟသည်။

“ကိုယ်က ဒီမှာတောင်ငုံ့နေရတဲ့သူလေ။ ဒေါ်စုကတော့ Image အရမ်းကြီးတယ်။ ကမ္ဘာကတောင်အသိအမှတ်ပြုခံရတဲ့ သူဆိုတော့လေ။ ဘာနဲ့မှ နှိုင်းယှဉ်လို့မရပါဘူး။ မိသားစုသမိုင်းကြောင်းတွေကြောင့် တွေ့ဖူးချင်ပေမယ့်လည်း မတွေ့ရဲပါဘူး။ မေမေတို့တုန်းကဆိုရင်တော့ တစ်မျိုးပေါ့လေ”ဟုဒေါ်အောင်ဆန်းစုကြည်ကို လေးစားကြောင်းနှင့် ပြောစရာမရှိအောင်ပင် ကွာခြားမှုများပါကြောင်း ဒေါ်မွန်မွန်ရင်ကဆိုသည်။

ဒေါ်မွန်မွန်ရင်တို့ ဦးစောမျိုးဆက်မိသားစုဝင်များနှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကမူ အပြစ်မရှိသူမိသားစုဝင်များ အပြစ်ရှိသလို ခံစားနေရခြင်းကို စိတ်မကောင်းဖြစ်မိကြောင်း ကရုဏာစကားဆိုပါသည်။

“ကိုယ်မလုပ်ခဲ့တဲ့ကိစ္စအတွက် ဒီလိုခံစားရတာကိုစိတ်မကောင်းဘူး။ ကလေးတွေက ဘာမှလုပ်ခဲ့တာမှမဟုတ်တာ။ သူတို့အဘိုးကလည်း သူ့အပြစ်အတွက် ဥပဒေအရခံသွားပြီပဲ။ ကျန်တဲ့လူမှာ ဘာအပြစ်မှမရှိဘူး။ ဒီကလေးတွေကို အေးအေးချမ်းချမ်းနဲ့ နေစေချင်တယ်။ သူတို့ကိုယ်သူတို့လည်း အပြစ်ရှိတဲ့လူတွေရယ်လို့ မသတ်မှတ်သင့်ဘူး”ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောပါသည်။

မိသားစုဝင်များနှင့်သာမဟုတ် ဦးစောအပေါ်ကိုပင်မည်သို့မျှသဘောမထားကြောင်းကို ဒေါ်အောင်ဆန်းစုကြည်ကဆက်လက်၍“ဖေဖေနဲ့ပတ်သက်ပြီးတွေးရင် ဦးစောကြောင့်ဖေဖေဆုံးသွားတယ်လို့ဘယ်တုန်းကမှ မမြင်ဘူး။ ပြီးတော့လည်း နိုင်ငံရေးမှာ ဒီလိုပဲဖြစ်တတ်ပါတယ်”ဟု ဆိုလေသည်။

ဒေါ်မွန်မွန်ရင်ကတော့ သမိုင်းမှတ်တမ်းများမှာ မိသားစုနှစ်ခုကြား၌ဖြစ်တည်ကွာခြားချက်များစွာရှိသော်လည်းထိုကွာခြားမှုကြားတူညီမှုတစ်ခုရှိမည်ဆိုသည်ကို ယခုလိုယုံကြည်မှုပြည့်ဝစွာဖြင့်ပြောပြသည်။

“တကယ်တော့တိုင်းပြည်ကိုချစ်ကြတာချင်းတော့ အတူတူပဲနေမှာပါ”ဟူ၍ဖြစ်လေသည်။

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

"ကျွန်တော်အရက်မသောက်တော့ဘူး"ဟု ပြောလိုက်တိုင်း ကျွန်တော်နှင့် ရင်းနှီးသူအတော်များများက ကျွန်တော့်ကို အထူးအဆန်းသတ္တဝါတစ်ကောင်လို အထိတ်တလန့်ကြည့်ကြသည်။ ထို့နောက် ကျွန်တော်ခါတိုင်းလို နောက်ပြောင်ပြောဆိုနေသည်ဟု သူတို့ဘာသာထင်မှတ်ပစ်လိုက်ကြပြီး ပြက်လုံးတစ်ခုပမာအားပါးတရ ရယ်မောလိုက်ကြသည်။

အချို့ကတော့ ရယ်မောရုံနှင့်အားမရဘဲ ကျွန်တော့်ကိုပိုပိုသာသာလေးပင် ထိုးနှက်လိုက်ကြသေးသည်။ "ဟိုဒင်းစားပြီးပြောရင်တောင် ကြိုက်လို့စားပါတယ်ပဲ ထင်မယ်"တို့၊ "သုနက္ခောပါးစပ်က ဒေဝတာစကားထွက်တယ်"တို့၊ "မဖြစ်နိုင်တာ အရက်သမားရယ်. . မိုးကြိုးလည်းပစ်နေပါဦးမယ်"တို့၊ "မသောက်တော့ဘူး။ ဟုတ်လား၊ ဘာလဲမနက်ကနေညနေအထိ မသောက်တာလား" တို့ စသဖြင့်ပေါ့လေ။ အဲဒီလိုတွေ တုံ့ပြန်ကြသည်။

အချို့ကတော့ အင်မတန် အရေးကြီးသော လျှို့ဝှက်စကား တစ်ခွန်းကိုကြားလိုက်ရသည့်ဟန်ဖြင့် အတော်ကြာချင့်ချိန်စဉ်းစား၊ ကျွန်တော့်မျက်နှာကို သေသေချာချာ အကဲခတ်ပြီးမှ "တကယ်မသောက်တော့တာဆိုရင်တော့ ကောင်းပါတယ်။ ကိုယ့်စိတ်ကိုယ်နိုင်ဖို့ပဲလိုတယ်"ဟု ဖေးဖေးမမ ပြောပေးကြသည်။ သိပ်တော့ယုံ ချင်ပုံမရမှန်းသူတို့မျက်နှာတွေကို ကြည့်ရုံနှင့် ကျွန်တော်က သိနေသည်။

# အသည်းအက်လူသား

ဥက္ကာကိုကို

နောက်တော့လည်း လူတိုင်းကိုရှင်းပြလင်းပြနေရတာကို ကျွန်တော် ငြီးငွေ့လာသည်။ ဘယ်သူဘယ်လိုထင်ထင် ကျွန်တော် ဖြေရှင်းချက်ထုတ်မနေတော့။ ကိုယ့်ဘာသာ ဒီအတိုင်းလေး နေနေလိုက်တော့သည်။

တကယ်တော့ ဒီလို လူအများ၏ မယုံသင်္ကာမှုကို တလုံးတခဲရရှိအောင် ကျွန်တော် ကိုယ်တိုင်ပင် လုပ်ဆောင်ခဲ့တာ ဖြစ်သည်။ ဘယ်သူမပြုမိမိမှုဟု ဗုဒ္ဓဟောခဲ့သည် မဟုတ်လား။

ကျွန်တော်အရက်ကိုစွဲလမ်းနှစ်ခြိုက်စွာသောက်သုံးခဲ့ပါသည်။ ကျွန်တော့်အမေက "ကိုယ့်ကိုယ်ကိုယ်ဖျက်သံချေးတက်တဲ့ကောင်" ဟူသော စကားပုံတစ်ခုကို ကျွန်တော့်ရှေ့မှာ မကြာခဏ ရေရွတ်တတ်သည်။

ကျွန်တော်ဆယ်တန်းအောင်တဲ့နှစ်က အရက်စ သောက်ခဲ့တာကိုမှတ်မိသေးသည်။ ကျွန်တော်တို့သူငယ်ချင်းတွေ အဲဒီတုန်းက ပြောကြတဲ့ စကားတစ်ခွန်းရှိပါသည်။ "၁၈နှစ်ပြည့်ရင်လူဖြစ်ပြီ"ဟု။ ကျွန်တော် အရက်စသောက်တာက အသက် ၁၅ နှစ်မှာ ဖြစ်သောကြောင့် လူမဖြစ်ခင် အရင် အရက်သမား ဖြစ်ခဲ့သည်ဟု ဆိုချင်ပါသည်။

အောင်စာရင်း ထွက်တဲ့နေ့က မြို့ကလေးရဲ့အပြင်ဘက် ရေတံခွန်ကြီးအောက်ကို အရက်တွေဝယ်သွားပြီး သူတစ်ငုံ ငါတစ်ငုံ ရှုံ့မဲ့သောက်ကြရာကစခဲ့သည်။

နောက်တော့ ဆောင်းရာသီမှာ ထန်းရည်ဆိုင်ကိုရောက်တတ်လာသည်။ မိုးရာသီမှာ ဓနိရည်ဆိုင်ကို ရောက်တတ်လာသည်။ တဖြည်းဖြည်းနှင့် လူကြီးတွေထိုင်သော စီအက်စ်တူးအေဆိုသည့် လိုင်စင်ရ အရက်ဖြူဆိုင်တွေကို ခပ်တည်တည်ဝင်ထိုင်တတ်လာသည်။

အပေါင်းအသင်း မကောင်းဘူးဟု ထိုအချိန်က ကျွန်တော့်ကို လာပြောလို့ရမည်မဟုတ်ပါ။ လူငယ်ဘဝမှာ အပေါင်းအသင်းတွေက ကိုယ့်မျက်စိထဲ အားလုံးကောင်းနေသည်ကိုး။ အပေါင်းအဖော်တွေနဲ့ သူတစ်ခွက် ငါတစ်ဖလား အပြိုင်အဆိုင်သောက်ကြသည်။

ကျောင်းသားဘဝတွင် စာကြိုးစားမှုအရာမှာ ပြိုင်ဆိုင်ခြင်း မပြုတတ်ခဲ့သော ကျွန်တော်က သူရာမေရိယဘာသာရပ်မှာတော့ ပြိုင်ဆိုင်မှုထိပ်ဆုံးတွင် ရှိနေခဲ့လေသည်။

မူးမူးနဲ့ မြို့ကိုပတ်ကြသည်။ မူးမူးနဲ့ချောင်းကမ်းနံဘေး ထိုးအိပ်ကြသည်။ မူးမူးနဲ့ ကောင်မလေးများကို ပါးစပ်သရမ်းကြသည်။ မူးမူးနဲ့ပင် အော်ဟစ်ဆဲရေးကြသည်။

အရက်သောက်ထားသည်ကိုပင် အင်မတန်ကြီးမြတ်သော အလုပ်တစ်ခုကို ထမ်းရွက်ထားရသယောင် ကျွန်တော့်စိတ်ထဲ ထင်မှတ်နေခဲ့သည်။

အဝေးသင်တက္ကသိုလ်ရောက်တော့လည်း ဝါရင့်အရက်သမားနှစ်ဦးနှင့် အရက်ပြိုင်သောက်ရာတွင် တစ်ပိုင်းကျန်ဖြင့် အပြတ်အသတ်နိုင်ခဲ့တာမို့ ကျွန်တော်က အဆောင်တကာတွင် အသောက်နိုင်ဆုံးအရက်သမားလေးဘွဲ့ကို ပြိုင်ဘက်မရှိ ဆွတ်ခူးထားပြန်သည်။ စိတ်ထဲကလည်း "ငါ အရက်ကို တော်တော်သောက်နိုင်တယ်"ဟု ဝင့်ကြွားစွာ အရက်ဂုဏ်မောက်နေခဲ့သည်။

သံတုတ်တစ်ချောင်းဖြင့်မိန်းကလေးသီးသန့်ဆောင်တံခါးကို နေ့လယ်ဘက်ကြီး မူးမူးနှင့် သွားရိုက်သည်။ မြန်မာစာကျူရှင်ဝိုင်းထဲဝင်၍ ကရင်လူမျိုးဆရာမလေးရှေ့ကသင်သမျှကို နောက်ကလိုက်နောက်သည်။ ဆရာမလေးရှက်ရှက်နှင့် ကျွန်တော့်ကို မောင်းထုတ်တော့ စီးလာသောဖိနပ်ကို စာသင်ခုံပေါ်တင်ကာ ကျွန်တော်ထွက်လာခဲ့သည်။ နောက်ကလိုက်ကြည့်နေကြသော ရွံရှာစက်ဆုပ်သည့် အကြည့်များကို ကျွန်တော်မမြင်ခဲ့ပါ။ (ထိုစဉ်က ဆရာမလေးကို ဒီစာဖြင့် တောင်းပန်ကန်တော့အပ်ပါသည်။ အာစရိယဂုဏ်အဟံ ဝန္ဒာမိပါ ဆရာမလေးခင်ဗျား)။

သို့နှင့် အရက်သမား ကျွန်တော်တစ်ယောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရန်ကုန်မြို့ကြီးသို့ ရခိုင်မြေမှနေ တလိမ့်ခေါက်ကွေးရောက်ရှိလာသည်။

ရခိုင်မှ ရောက်နေကြသော သူငယ်ချင်းအချို့နှင့် ပြန်လည်တွေ့ဆုံပြီး ရန်ကုန်မှာ ဆိုင်တကာ ပတ်သောက်ကြပြန်သည်။ မူးမူးနှင့် ရန်ကုန်ဘူတာကြီးမှာ သွားအိပ်ကြသည်။ အင်လျားကန်ပေါင်ပေါ်မှာ ညလုံးပေါက်အိပ်ခဲ့ကြသည်။ ကားမှတ်တိုင်တွေကို သေးကော့ပန်းကြသည်။

အရက်သမား အမှားတစ်ထောင်ဟု ပြောကြသည်။ ကျွန်တော်ကတော့ "အရက်သမား၊ အမှားအနန္တ"ဟု ဆိုချင်ပါသည်။

အရက်ကို ဘယ်လောက်သောက်နိုင်နိုင် သတ်မှတ်လစ်မစ်ထက်ကျော်သွားလျှင် ကျွန်တော်သွေးဆိုးတတ်သည်။ နဂိုကတည်းက လောကကြီးကို ကန့်လန့်မြင်သောအကျင့်က အမူးလွန်တော့ ပိုဆိုးသွားသည်။ လောကကြီးကို ရွှဲ့ရွှဲ့စောင်းစောင်း၊ ဇောက်ထိုးမိုးမျှော်၊ ထော်လော်ကန့်လန့်မြင်လာသည်။

မျက်စိထဲမှာ အရာရာကို မကျေမနပ်တွေ ဖြစ်လာသည်။ မျိုသိပ်မှုတွေ ပေါက်ကွဲလာသည်။ ထိုအခါ ကျွန်တော်သည် အလွန်တရာ အန္တရာယ်ကြီးမားလှသော အနုမြူတစ်လုံးကဲ့သို့ ဖြစ်သွားတတ်သည်။ စိတ်လွတ်သွားပြီး လူစိတ်ပျောက်ကာ ခွေးဆယ်ကောင်အားဖြင့် စတင်လည်ပတ်တော့သည်။

ရန်ကုန်မြို့ ညလယ်ခေါင်တွေမှာ သူ့ဘာသာ သွားလာနေသော လိုင်းကားတွေကို ကလော်တုတ်သည်။ ဘားလမ်းက အနှိပ်ခန်းတွေကို ရောက်ပြီး မန်နေဂျာတွေနှင့် ထိုးလားကြိတ်လားလုပ်သည်။ နိုက်ကလပ်တွေမှာ ဝိတ်တာတွေနှင့်ပြဿနာတက်သည်။ မင်္ဂလာဈေးဘေးမှာ တစ်ရပ်ကွက်လုံးကို အော်ဆဲသည်။ တက္ကစီသမားတွေကို ဒုက္ခပေးသည်။ မြေနီကုန်းလမ်းဆုံက သူ့ဘာသာထိုင်နေတဲ့လူတွေကိုလည်း ခွေးလိုစိန်ခေါ်ခဲ့ဖူးသည်။

ထိုအချိန်တိုင်း ကျွန်တော့်ဘေးမှာ သူငယ်ချင်းတွေပါလာလေ့ရှိသည်။ ခုနေ ပြန်စဉ်းစားကြည့်တော့ ထိုစဉ်က ကျွန်တော့်ဘေးမှာ ဘယ်သူမှမပါတဲ့နေ့တွေဆို ကျွန်တော် ဘာပြဿနာမှ မရှိခဲ့တာကို တွေ့ရသည်။ ထိန်းမည့်သူရှိရင် ပိုဆိုးတတ်သော လူ့စရိုက်အတိုင်း သူတို့ကဝင်ဆွဲလေ ကျွန်တော်ကကမ်းတက်လေဖြစ်သည်။

သို့သော်ကျွန်တော်တစ်ကြိမ်တစ်ခါမှထိပ်ပေါက်ခေါင်းကွဲမဖြစ်ခဲ့။ သူငယ်ချင်း တစ်ယောက်ကတော့ "တို့ကလူမိုက် ကံကောင်းဖြစ်နေတာပဲ၊ မဖြစ်သေးလို့ဆိုးနေတာ၊ ဖြစ်လာရင်တော့အသေပဲထင်တယ်"ဟု ပြောဖူးသည်။

အလုပ်လုပ်တော့လည်းကျွန်တော့်သူငယ်ချင်းတွေ အားလုံးက သောက်တတ်သူတွေ ဖြစ်နေတာကိုအံ့ဩဖွယ်ရာတွေ့ရသည်။ အညီရှိရာ ယင်ကောင်လာသကဲ့သို့ အရက်သမားရှိရာ အရက်သမားပဲ လာတော့တာပေါ့။ ကျွန်တော်ကလည်း အရက်နှင့် ပတ်သက်လာလျှင် စည်းရုံးမှုအား အလွန်ကောင်းသူဖြစ်သည်။ အနည်းဆုံး လူငါးယောက်ခန့်ကို နေ့စဉ်အရက်သောက်ဖြစ်စေခဲ့သည်။

ကျွန်တော်က နယ်စည်းမထား အရက်သမားဟုကြွေးကြော်ကာ ရန်ကုန်အနှံ့ ပြဲပြဲစင်လိုက်သောက်သည်။ လူပေါင်းစုံနှင့် သောက်သည်။ ကဗျာဆရာနှင့် သောက်သည်။ သတင်းထောက်နှင့် သောက်သည်။ သူဌေးနှင့် သောက်သည်။ ဆိုက္ကားသမားနှင့် သောက်သည်။ ပညာတတ် အရက်သမားတွေနှင့်သောက်သည်။ ဘယ်မြို့နယ်မှာ ဘယ်ဆိုင် ဘယ်လိုကောင်းတယ်ဆိုတာနှင့် ကျွန်တော်ရောက်သွားလေ့ရှိသည်။

တစ်နှစ်ကို ၃၆၅ ရက်ဖြင့် တွက်ကြည့်မည်။ သောက်ခဲ့တာ ခြောက်နှစ်ဆိုတော့ ရက်ပေါင်း ၂၁၉၀ ။ ရက် ၂၀၀၀ ပဲထားဦး။ ၅ နှစ်လောက်ကို တစ်နေ့လျှင် အရက်တစ်လုံးနီးပါးနှင့် တွက်မည်ဆိုပါက ရက်ပေါင်း ၁၇၀၀ နီးပါး။ အရက်ပုလင်းပေါင်း ၁၇၀၀ နီးပါး။ နောက်ဆုံးတစ်နှစ်က တစ်နေ့သုံးလုံးကုန်အောင် လူမှန်းသူမှန်းမသိသောက်ခဲ့တာဆိုတော့ ရက်ပေါင်း ၃၆၅ ရက်မှာ အရက်ပုလင်းပေါင်း ၁၀၀၀ ကျော်။ ခြောက်နှစ်အတွင်း တစ်ရက်ဆယ်လိပ်နှုန်းဖြင့် ဆေးလိပ်ပေါင်း နှစ်သောင်းကျော်. . .

အရက်သောက်ဖို့အတွက် အွန်လိုင်းမှ ချိန်းဆိုကြသည်။ ဖေ့စ်ဘုတ်ထဲမှာ အရက်သမားကော်မတီဟူ၍ စာမျက်နှာတစ်ခုဖွင့်ပြီး အချိန်းအချက်လုပ်ကြသည်။ "ဒီနေ့မသောက်တော့ဘူး" ဟုငြင်းဆိုသူကို နှစ်နစ်နာနာပြောဆို၍တဖုံ၊ ချော့မော့သိမ်းသွင်း၍ တစ်မျိုး မရရအောင်ခေါ်သည်။ အရက်သမားတွေကလည်း သူတို့အား သစ္စာဖောက်ဟု ပြောဆိုခံရမည်ကို သိပ်ကြောက်ကြသဖြင့် ဇွတ်မှိတ်လိုက်သောက်ကြသည်။

တဖြည်းဖြည်းနှင့် သတ်မှတ်အရက်ဝိုင်းတွေထားလာသည်။ နယ်မြေ(၁)၊ နယ်မြေ(၂) စသဖြင့် သတ်မှတ်ပြီး ဘယ်နေ့မှာ ဘယ်နယ်မြေက ဘယ်သူတွေနှင့် သောက်ရမည်ဟု အချိန်ဇယားဆွဲလာသည်။ နောက်တော့လည်း ကျွန်တော်နှင့်သောက်သူအားလုံး လိုလိုပင် ကျွန်တော်နှင့်ပတ်သက်ပြီး တစုတစည်းတည်းဖြစ်သွားကြသည်။ အရက်တစ်ခွက်ဝင်သွားတာနှင့် ငယ်ပေါင်းကြီးဖော်တွေဖြစ်ကုန်ကြသည်။

တစ်ရက်မပြတ် နေ့စဉ်အကြောင်းပြချက်မြောက်မြားစွာထုတ်ပြီးသောက်ခဲ့သည်။

သီပေါမင်းပါတော်မူတဲ့နေ့မှာဝမ်းနည်းလို့၊ လွတ်လပ်ရေးနေ့မှာပျော်လို့၊ ဘယ်နိုင်ငံမှာငလျင်လှုပ်တာကို ကြေကွဲလို့. . . စသဖြင့်ပေါ့။ ဘာအကြောင်းပြချက်မှ ရှာမရလျှင်လည်း သတင်းစာဖတ်ကာ ဘယ်နိုင်ငံက ဝန်ကြီး လာရောက်လို့၊ ဘယ်နိုင်ငံနှင့် သဘောတူစာချုပ်ချုပ်လိုက်လို့ စသဖြင့် ကျွန်တော့်အကြောင်းပြချက်တွေ မရိုးနိုင်ခဲ့ပေ။

ကျွန်တော်က အရက်ဆိုဘာလာလာသောက်သူဖြစ်သည်။ တဖြည်းဖြည်းနှင့် အရက်ဖိုးက လစာထက်များလာတော့ ကျွန်တော် အရက်ကောင်းများကို မသောက်နိုင်တော့။ သက်သာသည့် ဆိုင်တစ်ဆိုင်ကိုရွေးကာ နေ့စဉ် 'ဇေ'ဘီအီးတွေ သောက်ရတော့သည်။ "ဇေက သိပ်ချိုတာပဲ"ဟုလည်း ခပ်တည်တည်ဖြင့် ပြောတတ်လာသည်။

ကျွန်တော် နောက်ဆုံးသောက်ခဲ့တဲ့လစ်မစ်မှာနည်းနည်းများသည်ဟု ထင်သည်။ တစ်ညကို ဆိုင်မှာတင် ဇေဘီအီးသုံးလုံးကုန်သည့်အပြင် အိမ်ပြန်ရောက်တော့လည်း ကားပေါ်မှာအမူးပြေခဲ့ပြီဆိုကာ အသင့်ဝယ်ထားသော မန္တလေးရမ်တစ်ပိုင်းကိုကုန်အောင်မော့သေးသည်။ အရက်တစ်ခွက်၊ ဆေးလိပ်တစ်ဖွာပေါ့။ ဆေးလိပ်ကလည်းအရက်သောက်ရင်း မဖွာရမနေနိုင်။ ထိုသို့ဖြင့်. .

သူမိုက်သည် မိမိပြုသော မကောင်းမှု အကျိုးမပေးသေးသမျှကာလပတ်လုံး၊မကောင်းမှုကို နှစ်သက်ဝမ်းမြောက်စွာ ပျားသကာကဲ့သို့ ထင်မှတ်၏။

သူ၏မကောင်းမှုအကျိုး ပေးသောအခါ ထိုသူမိုက်သည် ဆင်းရဲဒုက္ခသို့ ရောက်လေ၏။

(ဓမ္မပဒ)

၂၀၁၀ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့။ အသက် ၂၁နှစ်ပြည့်မွေးနေ့မှာ ကျွန်တော်အိပ်ရာထဲလဲသည်။ အိမ်မှာ နှစ်ပတ်ဆက်တိုက် ကျွန်တော် ဖျားနာခဲ့သည်။ အဖျားသွေးက တက်လိုက်ကျလိုက်။ ချောင်းဆိုးသည်။ ညာဘက်နံရိုးအောက်က အောင့်နေသည်။ မခံမရပ်နိုင်အောင့်တဲ့အချိန်တွေမှာ ကျွန်တော်မျက်ရည်ပင်ကျရသည်။ ကြည့်မြင်တိုင်၊ အုန်းပင်လမ်းထဲက အေးမေတ္တာဆေးခန်းမှာပြသည်။ ဆရာမဒေါ် အေးအေးမြင့်က ကျွန်တော့်ဗိုက်ကို ဟိုစမ်းဒီစမ်းလုပ်ပြီး "အသည်းကြီးနေပါလား"ဟု တန်းပြောတော့သည်။

သို့နှင့် ကျွန်တော့်ကို ဆေးရုံကို အတင်းပို့တော့သည်။ ဂျပန်ဆေးရုံကြီးဟု နာမည်တွင်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ စံပြမှတ်တိုင်နားက ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို ကျွန်တော်သွားရသည်။

ဆေးရုံ ရောက်တော့ ကျွန်တော့်ကို ဓာတ်မှန်ရိုက်သည်။ သွေးစစ်သည်။ အာထရာဆောင်းရိုက်သည်။ အာထရာဆောင်းခန်းထဲရောက်တော့ ကျွန်တော်နှင့် အတူသောက်ဖူးသူတစ်ယောက်ကလာနှုတ်ဆက်တာကိုကြုံရသေးသည်။ ဆရာဝန်မလေးတွေက ကျွန်တော့်ကိုမေးသည်။ အရက်သောက်လား၊ ဆေးလိပ်သောက်လားပေါ့။ အားလုံးသောက်ပါတယ်ဟု ကျွန်တော်က ပြန်ဖြေရသည်။ အရက်သောက်တာ ဘယ်လောက်ကြာပြီလဲလို့ မေးတော့ ကျွန်တော်က ခြောက်နှစ်ပဲရှိသေးတယ် ဟု ပြန်ပြောသည်။ စစ်ဆေးမှုတွေ ပြီးသွားတော့ ကျွန် တော့်ဆီမှာ အေဘီစီမရှိဘဲ အဖြေသုံးခုသာရလာသည်။

(၁) တီဘီဖြစ်နေသည်။ (တီဘီက ဓာတ်မှန်မှာမတွေ့။ သလိပ်စစ်တော့လည်းမတွေ့ဘဲ အသားစဖောက်စစ်တော့မှ ပေါ်လာတာဖြစ်သည်)။

(၂) ဘေလုံးမှာ ပြည်တည်နေသည်။(တီဘီကြောင့်ဖြစ်သည်ဟု ဆရာဝန်တွေကမှတ်ချပြုသည်)။

(၂) အသည်းကြီးသည်။ အဆီဖုံး၍ အတွင်းမှာ စခြောက်နေပြီဖြစ်သည်။ (အရက် ဆက်သောက်ပါက နိဗ္ဗာန်ယာဉ်တစ်စီး လက်ဆောင်ရလိမ့်မည် ဖြစ်ကြောင်းလည်း ပြောကြသည်)။

ထို့နောက် ဆရာဝန်တွေက ကျွန်တော့်ဆေးမှတ်တမ်းထဲမှာ Heavy Alcoholic ဟူ၍ရေးမှတ်လိုက်ကြသည်။ "ငယ်ငယ်ရွယ်ရွယ်နဲ့နော်. . မယုံနိုင်စရာပဲ" ဆိုသည့် အကြည့်မျိုးနဲ့လည်း ကြည့်ကြသည်။ ဂျပန်ဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့်တကွ ဆရာဝန်များ၊သူနာပြုဆရာမများ အားလုံး ကောင်းကြပါသည်။ လူနာအပေါ် စေတနာအပြည့်ဖြင့် ကုသပေးကြတာကိုတွေ့ရသည်။

ကျွန်တော်က ဆေးရုံမှာ ပျော်နေသည်။ အိပ်ရာထဲမှာ လုံးလုံးလဲနေတာမဟုတ်ဘဲ မူးဝေထိုင်းမှိုင်းနေကာ အသည်းအောင့်နေတာတစ်ခုပဲ ဖြစ်တာကြောင့် ဟိုသွားလိုက် ဒီသွားလိုက် ကန်တင်းဆင်းထိုင်လိုက်၊ ဆရာမလေးတွေအခန်းကို မယောင်မလည်သွားချောင်းလိုက်ဖြင့် ဟုတ်နေသည်။ သို့သော်လည်း ဆေးရုံက ကျွန်တော့်ကို တစ်ပတ်ပဲထားသည်။ စီတီရိုက်ပြီး နောက်တစ်နေ့မှာပဲ ဆင်းခိုင်းလိုက်သည်။

ကျွန်တော့်ကို အိမ်မှာပဲ သုံးလလောက်နားနေရန် အကြံပြုလိုက်ကြသည်။ ကျွန်တော်တီဘီဆေးခြောက်လ သောက်ရသည်။ အသည်းအားဆေးနေ့စဉ်သောက်ရသည်။ ပြီးတော့ ဆေးရုံကပေးလိုက်တဲ့ ဆေးတွေကို သောက်ရသည်။

တစ်ဖက်သို့ ▶▶

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012


လမ်းတော့ သိပ်လျှောက်လို့ မရသေး။ ဆယ်လှမ်းလောက် လျှောက်လိုက်ရင်ပဲ လူကခွေလဲကျသွားသည်။ ထို့ကြောင့် အိပ်ရာထဲမှာပဲနေရသည်။ ကျွန်တော့်ကောင်မလေးကလည်း နေမကောင်းစ ဖြစ်ကတည်းက ကျွန်တော့်အနားမှာ လိုလေသေးမရှိ ဖေးမပေးနေသည်။

ရုံးက တာဝန်ရှိသူတွေ အိမ်ကိုရောက်လာသည်။ ဂျာနယ်က အယ်ဒီတာ၊ သတင်းထောက်တချို့ရောက်လာသည်။ ကျွန်တော်ကတော့ သေမှာပါ၊ ဘယ်လိုမှ မလွဲနိုင်ဘူးဟု စိတ်ချလက်ချ ထည့်ဝင်လိုက်ကြသော ကူငွေ သုံးသိန်းခန့်ကိုလည်း ယူဆောင်လာကြသည်။

ကျွန်တော့်သူငယ်ချင်းများကလည်း ကျွန်တော့် ဘဝအကြောင်းတွေကို စုံလင်စွာ သိရအောင် လာမေးကြသည်။ ကျွန်တော်ကလည်း ဂျာနယ်မှာ ကွယ်လွန်သူတမ်းချင်းတွေ ရေးခဲ့သူမို့ အထာနပ်သည်။ ကျွန်တော် မသေနိုင်သေးတဲ့ကြောင်း သူတို့နားလည်အောင်ရှင်းပြတဲ့အခါမှ မကျေမနပ်ဖြင့် လူနာမုန့်များကို အားပါးတရ စားသောက်ပြီး ပြန်သွားကြသည်။

ကျွန်တော် ရုံးက ပေးထားသော သနားခွင့်ကလေးဖြင့် အိမ်မှာနားနေရင်း ကျွန်တော်အရက်သောက်ခဲ့တဲ့ အချိန်တွေကို ပြန်တွက်ကြည့်နေမိသည်။

တစ်နှစ်ကို ၃၆၅ရက်ဖြင့် တွက်ကြည့်မည်။ သောက်ခဲ့တာ ခြောက်နှစ်ဆိုတော့ ရက်ပေါင်း ၂၁၉၀ ။ ရက် ၂၀၀၀ ပဲထားဦး။ ၅ နှစ်လောက်ကို တစ်နေ့လျှင် အရက်တစ်လုံးနီးပါးနှင့် တွက်မည်ဆိုပါက ရက်ပေါင်း ၁၈၀၀ နီးပါး။ အရက်ပုလင်းပေါင်း ၁၈၀၀နီးပါး။ နောက်ဆုံးတစ်နှစ်က တစ်နေ့သုံးလုံးကုန်အောင်လူမှန်းသူမှန်းမသိ သောက်ခဲ့တာဆိုတော့ရက်ပေါင်း ၃၆၅ ရက်မှာ အရက်ပုလင်းပေါင်း ၁၀၀၀ ကျော်။ ခြောက်နှစ်အတွင်း တစ်ရက်ဆယ်လိပ်နှုန်းဖြင့် ဆေးလိပ်ပေါင်းနှစ်သောင်းကျော်။

တွက်ကြည့်မှ ကျွန်တော် ခေါင်းနပန်း ကြီးသွားသည်။ ကျွန်တော် အရက်ပုလင်းပေါင်း ၂၈၀၀ ကျော်နှင့် ဆေးလိပ်ပေါင်း ၂၀၀၀၀ ကျော်ကို သောက်ခဲ့ပြီးပြီပဲ။ ဒါတောင် ခြောက်နှစ်တည်းနှင့် ရောဂါကထဖြစ်လို့ပေါ့။ နို့မို့ဆို ကျွန်တော် ဘယ်လောက်သောက်မိဦးမည်မသိ။ အရက်သောက်တာ တစ်နေ့ကို ညနေ ၇ နာရီမှ ၁၁ နာရီခန့်ထိ ကျွန်တော် အချိန်ပေးခဲ့သည်။ မလိုအပ်ဘဲ ကုန်ခဲ့တာ နာရီပေါင်း ၈၇၆၀။ နှမြောစဖွယ် အချိန်များပင်။

ခုတော့ ကျွန်တော် အရက်ရော ဆေးလိပ်ရော မသောက်တော့ပါ။ အရက်မသောက်တော့မှ အရက်မကောင်းကြောင်း ထရေးနေတာလည်း မဟုတ်ပါ။ ကျွန်တော့်အတွေ့ အကြုံများကို ရိုးသားစွာ တင်ပြနေခြင်းသာ ဖြစ်ပါသည်။

အရက်ဝိုင်းတွင် ကျွန်တော့်အတွက် ခွက်တစ်လုံး လွတ်နေတာကလွဲလို့ ကျွန်တော့် သူငယ်ချင်းများမှာလည်း နဂိုအတိုင်း သောက်နေကြဆဲပင်ဖြစ်ပါသည်။ ကျွန်တော်ကလည်း မတားပါ။ တားလို့လည်း ရမှာမှ မဟုတ်ဘဲ။ အချို့ကတော့ ကျွန်တော့်ကို အဖြစ်ကြည့်ပြီး လန့်ကာလျှော့သောက်လာကြတာကိုတွေ့ရသည်။

အရက်သောက်သူကို အရက်သောက်တာမကောင်းဘူးလို့ သွားပြောပါက အရက်ကောင်းတာ ခင်ဗျားမှမသိဘဲဟု ပြန်ဖြေမည်သာ ဖြစ်သည်။ လူတို့သည် သူတို့ကြိုက်နှစ်သက်သော အရာကို ခုခံကာကွယ်တတ်ကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။

နေ့ရက် အချိန်ပေါင်းများစွာ၊ ပုလင်းပေါင်းများစွာကို ပျော်ရွှင်စွာ သောက်သုံးခဲ့ပြီးပါပြီ။ ကျွန်တော် ဝသွားပါပြီ။ တော်ပါပြီ။ ကျွန်တော် ဆက်သောက်ချင်စိတ်လည်း မရှိတော့ပါ။ ဆက်သောက်လို့လည်း မရတော့တာကြောင့်တော့ မဟုတ်ပါ။ ကျွန်တော်က သောက်ချင်လျှင် အသေခံသောက်သွားမည့် ကောင်မျိုးဖြစ်ပါသည်။ ထိုမျှ ကျွန်တော် အရက်ကို နှစ်ခြိုက်ခဲ့ပါသည်။(ကျွန်တော့်အဖေ သည်လည်း ထိုသို့နှစ်ခြိုက်မှုကြောင့်ပင် အသက် ၃၅နှစ်အရွယ်မှာ သွေးပွက်ပွက်အန်၍ ကွယ်လွန်ခဲ့ရပါသည်)။

လူငယ်တစ်ဦးမှာ အိပ်မက်များစွာရှိပါသည်။ ထိုအိပ်မက်တွေကို အကောင်အထည်ဖော်ရန် လူငယ်တိုင်းကြိုးစားနေကြပါသည်။ အရက်တစ်ခုကြောင့် ဘဝကို ရပ်တန့်မနေချင်တော့ပါ။ အရက်က တစ်ကိုယ်တော် ဘယ်တော့မှ မလာပါ။ ဆေးလိပ်၊ မိန်းမမှစ၍ မကောင်းမှုဟူသမျှကို ခြံရံခေါ်ဆောင်လာလေ့ရှိပါသည်။

အရက်သောက်နေစဉ်မှာ အရက်ကို ကိုယ်ကအနိုင်ယူနေသည် ဟုထင်မှတ်မိကြသော်လည်းတကယ်တမ်းတော့ အရက်က ကိုယ့်ကို ခပ်ပြုံးပြုံးလေးဖြည်းညင်းစွာ အနိုင်ပိုင်းနေခဲ့မည် သာဖြစ်ပါသည်။

ယခု ကျွန်တော်အရက်ဆိုင်တွေကို တစ်ခါတစ်ရံရောက်တတ်ဆဲဖြစ်သည်။ သူငယ်ချင်းချစ်သော ကျွန်တော်က သူငယ်ချင်းတွေနှင့်အတူ သူတို့၏အရက်ဝိုင်းမှာ အချိုရည်တစ်ပုလင်းဖြင့်ဘေးကထိုင်ပေးစမြဲဖြစ်သည်။ ကိုယ့်စိတ်ကိုယ်နိုင်ဖို့သာ အဓိကဖြစ်ပါသည်။

မကောင်းမှုကို မိမိပြုလျှင် မိမိသည်ပင် ပူပန်ညစ်ညူးရ၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသည်ပင် စင်ကြယ်၏။ စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းကို မိမိသည်ပင် ပြုလုပ်၏။

တစ်ယောက်သောသူသည် အခြားသူတစ်ယောက်ကိုကိုလေသာ အညစ်အကြေးမှ စင်ကြယ်လေအောင် မသုတ်သင်နိုင်။

(ဓမ္မပဒ)

ဘယ်သူမပြုမိမိမှုပါ။ ဒီစာကို ရေးနေတဲ့အချိန်မှာ ကျွန်တော့်ကိုယ်တွင်းမှာ အသည်းရောအဆုတ်ရော ပျက်စီးယိုယွင်းနေခဲ့ပြီဖြစ်ပါသည်။ လူကိုယ်တိုင်လည်း ပျက်စီးခဲ့ဖူးပါပြီ။

နံနက်မိုးသောက်လျှင် အရှေ့အရပ်မှာ ရောင်နီဖြာပါလိမ့်မည်။



ဓာတ်ပုံ - AFP

# နာဂစ် ပူးစာ

အေးမြကျော်

**"ကျွန်မ လွန်ခဲ့တဲ့နှစ်ရက်က မင်္ဂလာဆောင်လိုက်တယ်လေ။ ဒါ ကျွန်မသမီးလေးပါ" ဟု ရှက်စနိုးအမူအရာဖြင့် သူမဘေးတွင် ရပ်နေသော အသက်ခုနစ်နှစ်အရွယ်သမီးငယ်၏ခေါင်းကို လက်ဖြင့်ပုတ်ရင်း ညှော်သည်တွေကို ပြောပြနေလေသည်။**

မခင်မာဝေသည် သူမ၏ သစ်သားအိမ်သစ်ပေါ်သို့ အလည်လာရန်ဧည့်သည်များကိုဖိတ်ခေါ်နေသည်။ နေလောင်းထားသဖြင့် ညိုမောင်းသော အသားအရေကို ပိုင်ဆိုင်ထားသူ မခင်မာဝေသည် အသက် ၃၄ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးဖြစ်သည်။

"ကျွန်မ လွန်ခဲ့တဲ့ နှစ်ရက်က မင်္ဂလာဆောင်လိုက်တယ်လေ။ ဒါ ကျွန်မသမီးလေးပါ' ဟု ရှက် စနိုးအမူအရာဖြင့် သူမဘေးတွင် ရပ်နေသော အသက်ခုနစ်နှစ်အရွယ် သမီးငယ်၏ ခေါင်းကို လက်ဖြင့်ပုတ်ရင်းဧည့်သည်တွေကို ပြောပြနေလေသည်။

မခင်မာဝေသည် ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်ရှိစက်ဆန်းရွာသူတစ်ဦးဖြစ်ပြီး မေလမတိုင်မီကာလအထိ ရွာတွင် သူမ၏ခင်ပွန်း၊ သမီးဖြစ်သူတို့နှင့်အတူ အေးချမ်းသော မိသားစုဘဝကို ပိုင်ဆိုင်ခဲ့သည်။ မေ ၃ ရက်တွင်တော့မြန်မာတစ်နိုင်ငံလုံး မှင်တက်ထိတ်လန့်စေခဲ့သော ပင်လယ်ပြင်က လူသတ်သူ (သို့မဟုတ်) နာဂစ်မုန်တိုင်းက သူမရဲ့ချစ်လှစွာသော အမျိုးသား၏ အသက်ကိုယူဆောင်သွားခဲ့သည်။ သေကံမရောက်သက် မပျောက်ဘဲ သူမနှင့် သမီးငယ်တို့ အသက်ရှင်ကျန်ရစ်ခဲ့သော်လည်း သူမတို့သားအမိအားကိုးရာမဲ့ခဲ့လေသည်။ မုန်တိုင်းကြောင့် သူမတို့နေအိမ်ပါပျက်စီးခဲ့ရပြီး ကယ်ဆယ်ရေးစခန်းတွင် သွားရောက်နေထိုင်ခဲ့ရသည်ဟုပြောနေသည့် အချိန်မှာတော့ မခင်မာဝေ၏ မျက်ဝန်းများဖျော့တော့ညှိုးမှိန်နေသည်။

ထိုအချိန်မှာပင် သူမနှင့် ဘဝတူကလေးနှစ်ယောက်ဖခင် ကိုလှငြိမ်းနှင့်တွေ့ဆုံခဲ့သည်။ ကိုလှငြိမ်းသည်လည်း မခင်မာဝေတို့နှင့် တစ်ရွာတည်းနေ စက်ဆန်းရွာသားတစ်ယောက်ပင်။

"သူကပြောတယ်။ သူ့မှာလည်း မိန်းမမရှိတော့ဘူး။ ကျွန်မမှာလည်း ခင်ပွန်းဆုံးသွားတယ်ဆိုတော့ နှစ်ယောက်ပေါင်းပြီး ဘဝအသစ်စရအောင်လို့ပြောတယ်" ဟု မခင်မာဝေက ခင်ပွန်းအသစ်ကိုလှငြိမ်းသူမကို လက်ထပ်ခွင့်တောင်းခဲ့ပုံကို ပြန်ပြောင်းပြောသည်။

သူမနှင့် ကိုလှငြိမ်းတို့သည်နာဂစ်ဖြစ်အပြီး နှစ်လကျော်ကာလ ထိမ်းမြားလက်ထပ်ခဲ့ကြသည်။ သူမတို့၏ အိမ်အသစ်ကလေးပေါ်မှာပင်ရပ်မိရပ်ဖများရှေ့၌ လက်ထပ်ခဲ့သည်ဟု သူမကပြောသည်။ သူမတို့သည် ရွာမှ မုန်တိုင်းကြောင့် အိုးအိမ်မဲ့သွားသူများနည်းတူ သက်ဆိုင်ရာမှ ပေးအပ်သောတန်ဖိုးနည်းအိမ်ရာတစ်လုံးရရှိခဲ့သည်။ ယခုအခါ ထိုအိမ်သစ်ပေါ်တွင်မိသားစုဘဝအသစ်ကိုပြန်လည်ထူထောင်နေကြပြီဖြစ်သည်။

စက်ဆန်းရွာတွင် မခင်မာဝေနှင့် ကိုလှငြိမ်းတို့စုံတွဲသာ ဘဝသစ်ပြန်လည်ထူထောင်ကြသည်မဟုတ်။ သူမတို့ အိမ်အသစ်နှင့် ကျောခင်းကပ်လမ်းတွင် နေထိုင်သော တစ်ရွာတည်းသား ဦးတင်ဝင်းနှင့် ဒေါ်ပေစီတို့သည်လည်းသူမတို့ကဲ့သို့တစ်ပင်လဲတစ်ပင်ထူခဲ့ကြသူများပင်. . .။

သူတို့၏ ကံကြမ္မာအလှည့်အပြောင်းကို နာဂစ်မုန်တိုင်းက ဖန်တီးပေးခဲ့သည်။ ဦးတင်ဝင်း၏ ဇနီးနှင့် ဒေါ်ပေစီ၏ ခင်ပွန်းတို့မှာ နာဂစ်မုန်တိုင်းကြောင့် အသက်ဆုံးရှုံးခဲ့ကြသည်။ နာဂစ်မုန်တိုင်းအလွန် နှစ်လပြည့်သည့်နေ့တွင် ထိမ်းမြားလက်ထပ်ခဲ့ကြသည်။ လက်ထပ်သည့်နေ့တွင် ကြင်ယာဟောင်းများအတွက် မမေ့လျော့ဘဲကောင်းရာမွန်ရာဘဝသို့ရောက် ရေးအတွက် ၎င်းတို့အား ရည်စူးကာ ရွာဦးကျောင်းသို့ဆွမ်းချိုင့်ပို့ပြီး ဒါနပြုခဲ့သည်ဟု မင်္ဂလာပွဲသို့ တက်ရောက်ခဲ့သူ တစ်ရွာတည်းနေမချိုကပြန်လည်ပြောပြသည်။

မချို၏ လမ်းပြမှုဖြင့် ဦးတင်ဝင်းနှင့် ဒေါ်ပေစီတို့စုံတွဲကိုတွေ့ရန် သွားခဲ့သော်လည်း သူတို့၏ အိမ်အသစ်မှာ တံခါးပိတ်လျက် သားတွေ့ရသည်။ အကြောင်းမှာ ဝမ်းရေးအတွက် လုပ်ငန်းခွင်ကိုယ်စီဝင်နေကြ၍ပင်။ နာဂစ်မုန်တိုင်းသင့်ခဲ့သော စက်ဆန်းရွာပြန်လည်ထူထောင်ရေး လုပ်ငန်းခွင်များတွင် တောက်အလုပ်ဟုခေါ်သော ကြုံရာကျပန်းအလုပ်များ ဝင်ရောက်လုပ်ကိုင်ကြသည်ဟု မချိုကပင်ရှင်းပြခဲ့သည်။

စက်ဆန်းရွာတွင် မခင်မာဝေတို့စုံတွဲနှင့် ဦးတင်ဝင်းတို့စုံတွဲတို့ ဘဝသစ်ပြန်လည်ထူထောင်ကြခြင်းအပေါ် တစ်ရွာတည်းသား ချင်းမချိုက ယခုကဲ့သို့ မှတ်ချက်ပြုသည်။ "ကျွန်မကတော့ သဘောတူပါတယ်။ သူတို့အချင်းချင်း အားကိုးဖော်ရှာကြတာပဲလေ။ ရပ်ရွာကလည်း သူတို့ကိုနားလည် ပေးတယ်။ လူကြီးတွေကိုယ်တိုင် ပဲ လက်ဆက်ပေးခဲ့ကြတာ"။ ဘိုကလေးမြို့နယ်တွင်သာမက မုန်တိုင်းသင့်ဒေသအချို့တွင်လည်း အလားတူဖြစ်ရပ်များ မကြာခဏ ကြားနေရသည်ဟု လပွတ္တာမြို့တွင် အခြေချ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူလူငယ်တစ်ဦးက ပြောသည်။ "ကျွန်တော်တို့ပြန် လည်ထူထောင်ရေးသွားတဲ့ ရွာတွေမှာ အမြဲတမ်း အဲဒီလို ဇာတ်လမ်းမျိုးတွေ ကြားရလေ့ရှိတယ်။ ကျွန်တော်ကြားခဲ့ရတဲ့ ဇာတ်လမ်းတစ်ခုဆိုရင် အိမ်ထောင်ရှိ အမျိုးသမီးတစ်ယောက်ကို အမျိုးသားတစ်ယောက်က ကယ်ခဲ့တယ်။ အဲဒီမိန်းမရဲ့ခင်ပွန်းက သေလား၊ရှင်လားမသိဘူး။ နောက်ဆုံးမှာ သူ့ကိုကယ်ခဲ့တဲ့သူနဲ့ပြန်အိမ် ထောင်ပြုလိုက်တယ်။ မုန်တိုင်းအပြီး အမျိုးသမီးတွေ စိတ်ပိုင်းဆိုင်ရာအရ အားငယ်စိတ်ဝင်ပြီး အားကိုးရာရှာတယ်လို့မြင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ အနည်းနဲ့အများရှိနိုင်တော့ ဒီလိုမျိုးကိစ္စတွေရှိတာ ကောင်းပါတယ်" ဟု သူ၏အမြင်ကိုပြောပြသည်။

မကြာမီက လပွတ္တာမြို့မှပြန်လာသူတစ်ဦး၏ တွေ့ကြုံခဲ့ရမှုကမူ "ကျွန်တော်တွေ့ခဲ့တာက ခြောက်လသားအရွယ် ကလေးတစ်ယောက် ဖခင်နဲ့သုံးလသား ကလေးဆုံးသွားတဲ့ ကလေးမိခင်ကို အိမ်ထောင်ပြုလိုက်တာပဲ။ ကလေးအဖေက မအေဆုံးသွားလို့ နို့တိုက်ရခက်နေတဲ့ အတွက်ကလေးကိုငဲ့ပြီး ယူလိုက်တယ်။ အမျိုးသမီးကလည်း ကလေးပြန်အစားရတယ် သဘောထားပြီး ယူလိုက်တယ်လို့ ရပ်မိရပ်ဖတွေက ပြောကြတယ်" ဟု သူတွေ့ကြုံခဲ့ပုံကိုပြောပြသည်။

နာဂစ်မုန်တိုင်းသင့်ဒေသများတွင် တစ်အိုးတစ်အိမ်ပြန်လည်ထူထောင်ခြင်းများကို ရပ်ရွာမှရှေးရိုးအမြင်နှင့် အဆိုးမြင်ခြင်းမရှိဘဲ နားလည်လက်ခံလာကြကြောင်း ဘိုကလေးမြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော အရာရှိတစ်ဦးက သုံးသပ်သည်။ သတို့သမီးအသစ်စက်စက်မခင်မာဝေသည် သူမ၏ အိမ်အသစ်ရှေ့တွင် စိုက်ပျိုးထားသော ၁၀ မျိုး ၁၀ ဘောင်စိုက်ခင်းအကြောင်းကိုဧည့်သည်များအား ခြေဟန်လက်ဟန်ဖြင့်ရှင်းပြရင်း တစ်ခါတစ်ရံတွင်သဘောကျစွာရယ်မောနေသေးသည်။ သူမ၏ သမီးလေးကတော့ အမေ၏ ထဘီစကိုဆွဲကွယ်ရင်း ဧည့်သည်များကိုချောင်းကြည့်နေသည်။ အချိန်သည်ညနေစောင်းအချိန်ဖြစ်၍ တအောင့်ကြာလျှင် သူမ၏ ခင်ပွန်းနှင့် သူ၏ သားသမီးနှစ်ဦးပြန်လာတော့မည်။ မခင်မာဝေ၏ မီးဖိုချောင်မှ မီးခိုးများတလူလူလွင့်ထွက်လာသည်။ သူမ ညနေစာအတွက် ပြင်ဆင် နေဆဲပင်။

ခဏအကြာတွင်တော့ အလည်လာဧည့်သည်များကို ခြံစည်းရိုးအထိ လိုက်ပါပို့ဆောင်ကာပြုံးရယ်လက်ပြနှုတ်ဆက်ရင်း ခင်ပွန်းသည်နှင့်သားသမီးများအလာကို မခင်မာဝေစောင့်မျှော်လျက် ကျန်ရစ်သည်။

FLASH BACK 2002 MARCH - 2012 MARCH
7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012

**ပင်လယ်အော်ကိုကျောခိုင်း၍ တရွေ့ရွေ့ သူမ လမ်းလျှောက်နေသည်။ သူမ၏ရှေ့နှင့်ဝန်းကျင်တွင် ထိုးထောက်နေသော သစ်သားတိုင်နှင့် ဝါးခြမ်းပြားများ၊ စုတ်ပြဲနေသည့်နီးဖျာနှင့် ဓနိရွက်အပိုင်းအစများက နေရာယူထားသည်။ အမှိုက်ပုံနှင့်တူသော အပျက်အစီးများအနီး ဝါးတိုင်စိုက်၍ နီးဖျာမိုးထားသော အမိုးအကာအောက် သူမ ထိုင်လိုက်သည်။**

# မုန်တိုင်းများကိုရှောင်ပြေးလိုသူ

အားမာန်ရေးသား၍
မြင့်မြတ်ဖြူ ပုံပိုးသည်။



လက်ထဲမှ ပလတ်စတစ်အိတ်အတွင်း ကြက်သွန်ဖြူ သုံးလုံး၊ ငရုတ်ကောင်းစေ့အနည်းငယ်၊ ဆီငါးကျပ်သားနှင့် ဆန်၁၂ဘူးကို သူမပြန်ကြည့်သည်။ ၁၆၀၀ ကျပ်ပေးဝယ်လာရသော ထိုအမယ်စုံနှင့် လေးရာတန် ကျောက်ဖရုံသီးငယ်တစ်လုံးတို့ကဖြင့် သူမ၏ချစ်လှစွာသောခင်ပွန်း ကောင်းရာမွန်ရာဘဝရောက်ရန် သူမကြိုးပမ်းနေခြင်းဖြစ်သည်။ အမှိုက်ပုံသာကျန်ခဲ့သော သူမအတွက် ထိုငွေများကို တစ်ရွာတည်းသား မောင်နှမဝမ်းကွဲတစ်ဦးက ထုတ်ပေး၍ ထိုမျှဈေးဝယ်နိုင်ခြင်းပင်။

ဂီရိဆိုင်ကလုန်း မုန်တိုင်းကြောင့် အောက်တိုဘာ ၂၂ ရက် သန်းခေါင်တွင် ကွယ်လွန်ခဲ့သော ခင်ပွန်းသည်အတွက် ရက်လည်ဆွမ်းသွတ်ရန် အောက်တိုဘာ ၂၇ရက်ကပြင်ဝန်းရွာမှ မဦးမြသန်းတစ်ယောက် ပြင်ဆင်နေခြင်းပင်ဖြစ်၏။ အောက်တိုဘာ ၂၈ရက်တွင်သူမ၏ခင်ပွန်းကိုမောင်မောင်လွင်အား ဘင်္ဂလားပင်လယ်အော်၏ ရေလှိုင်းနှင့် ဂီရိမုန်တိုင်းက တိမ်းပါးစေခဲ့သည်မှာ ၇ ရက်ပြည့်ပြီးဖြစ်သည်။

"မိုးလင်းရင် ပြန်လာမယ်ထင်တာ။ အလောင်းကို ကိုယ်တိုင်မမြင်ခဲ့ရလို့ အခုထိ စိတ်ထဲမှာ ပြန်လာမယ် ထင်တုန်းပဲ" အသက် ၂၆ နှစ်အရွယ် မဦးမြသန်းက သူမ၏ရှေ့ ပေအနည်းငယ်အကွာမှ ဘင်္ဂလားပင်လယ်အော်ကို ရီဝေဝေငေးကြည့်ရင်း ရခိုင်ဘာသာစကားဖြင့် ဖွင့်ဟသည်။ ငိုရလွန်းသဖြင့် မျက်ရည်များပင် ခန်းခြောက်နေသော သူမ၏ အပူမျက်နှာကို အရှေ့ဘက်မှ ဘင်္ဂလားပင်လယ်အော်၏ လေနုအေးလေးတို့က အေးချမ်းအောင် မစွမ်းဆောင်နိုင်ပါ။

အမှန်တော့ ဘင်္ဂလားပင်လယ်အော်တွင် ထီးထီးကြီးရှိနေသော သည့်ကျွန်းပေါ်မှ ပြင်ဝန်းရွာမှာ သူတို့ဇနီးမောင်နှံအတွက် မွေးရပ်မြေမဟုတ်။ အလုပ်အကိုင်ကောင်းသည်ဆို၍ ရေကြည်ရာ မြက်နုရာရှာရင်း ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဆင်ပေါ်ကိုင်းကျေးရွာမှ အသက် ၃၂ နှစ်အရွယ် ကိုမောင်မောင်လွင်နှင့် မဦးမြသန်းတို့ ဇနီးမောင်နှံနှစ်ယောက် ပြင်ဝန်းရွာသို့ရောက်လာသည်မှာ ၁၃ လသာ ရှိသေးသည်။ ရေလုပ်ငန်းအဓိကလုပ်သော သည့်ရွာတွင် ငွေအထိုက်အလျောက် စုမိပါက ရွာပြန်ဈေးရောင်းရန် သူတို့ဇနီးမောင်နှံနှစ်ဦး ရည်ရွယ်ထားခဲ့သည်။ ကိုမောင်မောင်လွင်က တစ်လလျှင် ကျပ်ခြောက်သောင်းရသော လှေနောက်လိုက်လုပ်၍၊ မဦးမြသန်းက တစ်လတစ်သောင်းခြောက်ထောင်ကျပ်ရသည့် ကြက်စာ၊ ဘဲစာဖြစ်သော ပုစွန်၊ ငါးသေးသေးများ ကောက်သည့်အလုပ်တို့ကို လုပ်သည်။ မျှော်မှန်းထားသလောက် မစုမိသော်လည်း ရင်သွေးငယ်တစ်ဦးကို လူ့ဘဝခေါ်ရန် ဆုံးဖြတ်ထားခဲ့၍ ခင်ပွန်းသည်မရှိတော့သော်လည်း သူမ၏ဝမ်းထဲ၌ သုံးလသားကိုယ်ဝန် ရှိနေခဲ့ပေပြီ။

"နေ့ဘက်ဆိုရင်လည်း ရင်ထဲပူလွန်းလို့အိပ်မရဘူး။ ညဘက်ဆိုရင်လည်း အိပ်မရဘူး။ ကိုယ်မှာ ကျန်ခဲ့တာက လွတ်လွတ်လပ်လပ်မဟုတ်တော့ ဘယ်လိုလုပ်ရမှန်းကို မသိသေးဘူး"ဟု မဦးမြသန်းက သူမ၏ ခံစားချက်ကို ဝေမျှသည်။

သူမ၏စိတ်ထဲတွင်ဂီရိမုန်တိုင်းမလာခင်ကအောက်တိုဘာ ၂၁ရက်ညနေပိုင်းကို သတိရနေသည်။ ထိုနေ့က မာန်ဟုန်ပြင်းနေသော သူတို့၏အရှေ့ရှိ ပင်လယ်အော်ကြီးဆီက မိုးသက်လေပြင်းများကျနေသည်။ မုန်တိုင်းလာတော့မည်ဆိုသော်လည်း တစ်နာရီလျှင် လေတိုက်နှုန်း ၃၅ မိုင်၊ ၄၀ မိုင်သာ ရှိမည်ဆို၍ သူတို့မမှုခဲ့။ သို့သော် မိုးချုပ်လာသည်နှင့်အမျှ ပြင်းထန်လာသော မုန်းတိုင်းကြောင့် ပိုင်ရှင်၏စက်လှေကို ကာကွယ်ရန် အရှေ့ဘက်နားရှိ မီးလှချောင်သို့ ကိုမောင်မောင်လွင်နှင့် အဖော်တစ်ဦးနှင့်တို့မှာ စက်လှေကို စောင့်ရင်း မုန်တိုင်းကို တိမ်းရှောင်ခဲ့သည်။

ကိုယ့်အတွက် မပူပန်နိုင်သော်လည်း ကုန်းပေါ်တွင် ကျန်ရစ်မည့် ဇနီးသည် မဦးမြသန်းကို သူနောက်ဆုံးမှာကြားခဲ့သော စကားက "ကိုယ့်ဟာကိုယ်လွတ်အောင်နေဖို့၊ ဂရုစိုက်ဖို့ မှာတယ်၊ မုန်တိုင်းလည်း အဲလောက် ကြီးမယ်မထင်တော့ သူ့ကိုမတားမိဘူး"ဟု မဦးမြသန်းက ဘဝနှင့်ရင်း၍ရသော နောင်တစကားကို ပြောသည်။ ထိုနေ့က ခင်ပွန်းကို အလုပ်မသွားရန် တားနိုင်လျှင် ယခုကဲ့သို့အဖြစ်ဆိုးမျိုး သူကြုံရမည်မဟုတ်ဟု တွေးမိနေသည်။

အနာဂတ်အစီအစဉ်တွေအားလုံး ဖရိုဖရဲဖြစ်အောင် ဖျက်ဆီးခဲ့သော ဂီရိကဲ့သို့ မုန်တိုင်းကြီးများကိုလည်း သူမကြောက်ရွံ့သွားပြီ။ ထို့ကြောင့် ဝမ်းအတွင်းမှ ရင်သွေးငယ် ဖွားမြင်လာပါက သားဖြစ်စေ၊ သမီးဖြစ်စေ ရေလုပ်ငန်းကို မလုပ်ရန် သူမအစွမ်းကုန်ကြိုးစားမည်ဟုလည်း သောကများကြားမှ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချထားသည်။ "သားသမီးမွေးရင် ဆင်းရဲတဲ့ဒဏ်မခံရအောင်လို့ ကျွန်မတို့လို မဖြစ်စေချင်လို့ ပညာတတ်ဖြစ်အောင် ကျောင်းထားမယ်။ ဒီအလုပ်ကို မလုပ်စေချင်တော့ဘူး။ အမျိုးသားလည်း ရေလုပ်ငန်းနဲ့သေလို့"ဟု ငယ်စဉ်ကတည်းက ကျောင်းမနေဘူးခဲ့သော မဦးမြသန်းက တစ်လုံးချင်းပြောသည်။

ဂီရိမုန်တိုင်းကြောင့် အဖြစ်ဆိုးများကြုံရသူမှာ မဦးမြသန်းတစ်ယောက်တည်းတော့ မဟုတ်ပါ။ ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေသော ရခိုင်ကမ်းရိုးဒေသအချို့မှ ဂီရိမုန်တိုင်းဒဏ် ခံခဲ့ရသော ရေလုပ်ငန်းလုပ်ကိုင် နေသူအချို့၏ ဇနီးသည်များမှာလည်း အလားတူပင်။ ထိုအထဲတွင် အသက် ၂၈ နှစ်အရွယ် ပြင်ဝန်းရွာမှ မဦးမေနုတစ်ယောက်လည်း ပါဝင်သည်။ ဂီရိကြောင့် ခင်ပွန်းသည် မရှိတော့သည့်နောက်တွင် သူမ၌ အသက် ၈ နှစ်အရွယ် သမီးတစ်ဦးနှင့် ၂ နှစ်အရွယ် သားတစ်ဦးတို့ ကျန်ရစ်သည်။

မဦးမြသန်းကဲ့သို့ သူမကလည်း သားနှင့်သမီးကို တံငါသည် မဖြစ်အောင်၊ ပညာတတ်အောင် သင်ပေးမည်ဟု ဆိုလေသည်။

မဦးမေနုတစ်ယောက်လည်း ပိုက်ဆံခြောက်ထောင်ကျပ်ကို အသက်နှင့်လဲ၍ ရှာပေးသွားသော ခင်ပွန်းသည်အား ဂီရိလာသည့်နေ့က မတားနိုင်ခဲ့သည့် အတွက် နောင်တရနေသည်။ ပေါက်တောနယ် ဇာတိများဖြစ်သော သူတို့ဇနီးမောင်နှံမှာ ရေလုပ်သားများမဟုတ်။ အလုပ်ပေါသည့် ပြင်ဝန်းရွာသို့ လာကာ ကျွန်းပေါ်ရှိ တောင်ကုန်းများပေါ်တက်၍ သစ်ခုတ်၊ ဝါးခုတ်အလုပ်သာ လုပ်နေသူဖြစ်၏။ "မုန်တိုင်းတိုက်မယ့်မနက်မှာ ဘုတ်စောင့်ဖို့(စက်လှေစောင့်ရန်) တစ်ရက်သုံးထောင်၊ နှစ်ရက်ခခြောက်ထောင် ကြိုပေးလို့လိုက်သွားတာ၊ မုန်တိုင်းရှိတယ်၊အန္တရာယ်များတယ်၊မသွားလေနဲ့လို့ ပြောတယ်။ သူက နားမထောင်ဘူး" ဟု ဆယ်နှစ်ကြာ ရွှေလက်တွဲခဲ့သောခင်ပွန်းသည်နှင့် လမ်းမခွဲမီ အခိုက်အတန့်ကိုပြန်ပြောင်းပြောပြသည်။

ဘဝလက်တွဲဖော်ထံမှနောက်ဆုံးကြားခဲ့ရသည့်စကားကအောက်တိုဘာ ၂၂ရက် နံနက်ခင်းက စက်လှေစောင့်ရန် အပြေးတစ်ပိုင်းသွားရင်းပြောခဲ့သော "မုန်တိုင်းက မိုင် ၄၀ ကျော်ပဲတိုက်မယ်လို့ပြောတယ်။ အရေးမကြီးဘူး။ ပိုက်ဆံက အရေးကြီးတယ်" ဟူသောစကားလုံးပင်။ အသက်နှင့် လဲ၍ရှာသွားပေးခဲ့သောငွေခြောက်ထောင်ဖြင့် အိမ်နားက ဈေးဆိုင်မှ ကတိုက်ကရိုက်ဝယ်သွားခဲ့သော အနက်ရောင်လုံချည်တစ်ထည်ကိုဝတ်၍ပင် မကြည့်လိုက်ရသည့်ခင်ပွန်းသည်အဖြစ်ကို ပြန်တွေးမိတိုင်း သူမရင်ထဲမွန်းကျပ်လာသည်။

မဦးမြသန်းနှင့် မဦးမေနုတို့ ခင်ပွန်းသည် သေဆုံးခဲ့သည့်နေရာမှာ ပြင်ဝန်းရွာ အရှေ့တောင်ဘက်နားမှ မီးလှချောင်၌ပင်ဖြစ်သည်။ မုန်တိုင်းလာမည်ဆို၍ စက်လှေပိုင်ရှင်များက လှေများမပျက်စီးစေရန် စက်လှေစောင့်မည့်သူများ အမြန်ခေါ်၍ သူတို့ခင်ပွန်းသည်များ မုန်တိုင်းကြားငွေရှာရန် ကြိုးပမ်းခြင်းပင်။ သူတို့လက်တွေ့ကြုံခဲ့ရသောဂီရိသည် မြေပုံမြို့နယ်အတွင်းမှပြင်ဝန်းရွာကိုအောက်တိုဘာ ၂၂ရက်ညပိုင်းက တစ်နာရီလေတိုက်နှုန်း မိုင်တစ်ရာကျော်နှုန်းဖြင့် ဝင်ရောက်ဖျက်ဆီးခဲ့သည်။

ထို့ကြောင့် စက်လှေများ မုန်တိုင်းရှောင်သော ချောင်နှစ်ခုထဲမှ စက်လှေအစီးတစ်ရာဝန်းကျင်မှာ သုံးဆယ်စီးသာ အကောင်းကျန်သည်။ စက်လှေတစ်စီး နှစ်ဦး၊ သုံးဦးနှုန်းဖြင့် စောင့်သောလှေစောင့်များထဲမှ ထက်ဝက်ကျော်ကျော်သာ အသက်ရှင်လျက်ပြန်လာနိုင်ခဲ့သည်။ ကိုမောင်မောင်လွင်နှင့် အတူ လှေစောင့်သွားသူ ခုနစ်ဦးတွင် သုံးဦးသာ ရှင်လျက်ပြန်လာနိုင်၍ လေးဦးမှာ ပြန်မလာခဲ့ကြောင်း မဦးမြသန်းကပြောသည်။

မီးလှချောင်တွင် စက်လှေစောင့်ရင်း လှိုင်းဒဏ်နှင့်လေဒဏ်ကြားမှ ရှင်လျက်လွတ်မြောက်ခဲ့သော မောင်မြင့်လွင်ကလည်း ဂီရိမှာ သူ့တစ်သက် အပြင်းထန်ဆုံးမုန်တိုင်းဟုဆိုသည်။ မဲမှောင်နေသောည၊ လှိုင်းလုံးကြီးများကြားသူ လွတ်မြောက်ခဲ့ပုံမှာ ပျဉ်ပြားချပ်တစ်ခုရလိုက်သောကံတရားကြောင့်ဟုပြောသည်။ "ရွာကသွားအတူလာအတူ၊ အလုပ်အတူတူလုပ်တဲ့သူငယ်ချင်းတွေကို ဘာမှမကူညီနိုင်တာ ဝမ်းနည်းလို့မဆုံးဘူး။ စဉ်းစားရင်းစဉ်းစားရင်း ညညအိပ်မပျော်ဘူး"ဟု အသက် ၃၆ နှစ်အရွယ် သူက သူငယ်ချင်းများအတွက် ပူဆွေးနေရမှုကိုဖွင့်ဟသည်။ သူ၏ မိတ်ဆွေရင်းထဲမှပင် သုံးဦးကို ဂီရိကသေစေခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မှ ကျွန်းတစ်ကျွန်းပေါ်ရှိ ပြင်ဝန်းရွာတွင် နေအိမ် ၄၁၀ အိမ်ရှိပြီး၊ လူဦးရေ ၃၁၅၅ ဦးရှိသည်။ ရွာရှိ လူဦးရေထက်ဝက်ကျော်မှာ မြေပုံ၊ ပေါက်တော စသောဒေသအနှံ့မှ လာရောက်လုပ်ကိုင်သူများဖြစ်သည်။ ရွာခံနှင့်ဒေသစုံမှ လာသူများမှာ ပင်လယ်ထဲသို့နေ့စဉ်သွားရောက်လုပ်ကိုင်နေရသူများ၍ တစ်ရွာတည်းနေသူအချင်းချင်းပင် မသိသူများရှိလေသည်။ ထို့ကြောင့် ဂီရိကြောင့် လူသေဆုံးမှုကို ရွာလူကြီးအား မေးရာတွင် သေသူငါးဦး၊ ပျောက်ဆုံးသူ ခုနစ်ဦးရှိကြောင်းပြောသည်။

မဦးမြသန်းနှင့် မဦးမေနုတို့ နှစ်ဦးစလုံးကတော့ သူမတို့၏ခင်ပွန်း၊ ရင်သွေးနှင့် သူမတို့ကိုယ်တိုင် ပညာနည်းပြီး၊အတိတ်ကံမကောင်း၍ဟု တူညီစွာဖွင့်ဟသည်။ ထို့အတွက် သွားလေသူခင်ပွန်းများအတွက် လှူဒါန်းရန် ဆန္ဒကိုယ်စီရှိသည်။ သို့သော် မဦးမေနုကတော့ မဦးမြသန်းကဲ့သို့ကူညီမည့်သူမရှိ၊ ပိုက်ဆံလည်း မကျန်၍ ဆန္ဒရှိသော်လည်း မလှူနိုင်ပေ။

အောက်တိုဘာ ၂၈ရက် နံနက်စောစောတွင် ပြင်ဝန်းရွာ ဘုန်းတော်ကြီးကျောင်း၏ ဇရပ်အတွင်း တရားဟောသံခပ်တိုးတိုးပျံ့လွင့်နေသည်။ တစ်ချိန်က ခန့်ညားခဲ့သော ဘုန်းတော်ကြီးကျောင်းမှာ ကြမ်းခင်းနှင့် သစ်လုံးတိုင်အချို့သာ ယိမ်းယိမ်းယိုင်ယိုင်ဖြင့်ကျန်ခဲ့၍ ဘုန်းကြီးကျောင်းဘေးမှ အုတ်တိုက်သိမ်ငယ်အတွင်း ကျောင်းထိုင်ဆရာတော်ဦးသုန္ဒရပြောင်း၍ သီတင်းသုံးနေရသည်။ ကိုမောင်မောင်လွင်အတွက်ရည်စူး၍ ဆွမ်းသွတ်အလှူတွင် ပရိသတ်မှာ မဦးမြသန်းနှင့် သူမ၏သူငယ်ချင်းတစ်ယောက်တည်းသာ။ ဆရာတော်တိုက်ကျွေးသော တရားရေအေး နာယူနေရသော်လည်း မဦးမြသန်းဆီမှ တစ်ချက်တစ်ချက် ငိုရှိုက်သံသဲ့သဲ့ထွက်ပေါ်နေသည်။ ဘုန်းကြီးကျောင်းဝင်းအပြင် ရွာထဲတွင်တော့ ရေခပ်သူ၊ အိမ်ပြန်ဆောက်သူ၊ နံနက်စာအတွက်ပြင်နေသူ၊ ငေးငိုင်နေသူနှင့် ဆော့ကစားနေသော ကလေးများ။ ဘင်္ဂလားပင်လယ်အော်ကြီးကတော့ ဂီရိကိုဖန်ဆင်းသည်မှာ သူမဟုတ်သလိုလေနုအေးအေးလေးများဖြင့် လှိုင်းသေးသေးလေးများကို ကမ်းခြေသို့ပို့ပေးနေ၏။

## အချပ်ပို(D)၊ မလာပါနဲ့ မှ

"စလုံးတွေကိုယ်တိုင်လည်း Worry ဖြစ်တယ်။ ကိုယ်ကမကြိုးစားလို့ နောက်ဆုံးရောက်နေရင် အဖြုတ်ချင်းဖြုတ် ကိုယ့်ကိုပဲဖြုတ်မှာကိုး" ဟု နာမည်ကျော် The Sentosa Resort & Spa တွင်လက်ထောက်မန်နေဂျာအဖြစ် လုပ်ကိုင်နေသောကိုကျော်သူရကလည်း အလုပ်ကြိုးစားနေရပုံကိုပြောသည်။

"ပြီးခဲ့တဲ့သုံးလေးလအထိ အလုပ်ကပေါတယ်။ အခုကမလွယ်ဘူး။ လွန်ခဲ့တဲ့ ဩဂုတ်လလောက်က Account ခေါ်လို့သွား လျှောက်တာ မြန်မာ ၃၊၄ ယောက်ပဲတွေ့ရတယ်။ အခုကာလ ခေါ်လို့လျှောက်ကြည့်တော့ မြန်မာတွေ ၈ ဦး၊ ၉ ဦးတွေ့ရတယ်။ အလုပ်လျှောက်တဲ့ မြန်မာတွေ ပိုပိုများလာတယ်။ မင်းက မြန်မာလားလို့တောင် မေးတယ်" ဟု စင်ကာပူရောက်အမျိုးသမီးတစ်ဦးက သူ၏အတွေ့အကြုံကိုပြောသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း စင်ကာပူ၌ အလုပ်အကိုင် အခွင့်အလမ်းများ ယခင်လောက်မများတော့သလို၊ နိုင်ငံခြားအလုပ်သမားများ အဓိကအားထားနေရသော အချိန်ပိုဆင်းရမှု ကျဲပါးလာချိန်တွင်မှ မြန်မာနိုင်ငံမှ လာရောက်သူများနေပြီး၊ လာလို၍ စောင့်ဆိုင်းနေသူများစွာရှိကြောင်းကိုလည်း တွေ့ရသည်။

"လာတဲ့သူတွေများတယ်။ ပြန်တဲ့သူတွေလည်းများတယ်။ အခု ပင်နင်စူလာပလာဇာဆိုမြန်မာတွေအများကြီးပဲ။ အရင်နှစ်လလောက်က ဒီလောက်မများဘူး။ ယောကျ်ားလေးတွေများလွန်းလို့ ကျွန်မတို့ဆို လမ်းတောင်သိပ်ဖြတ်မလျှောက်ရဲဘူး" ဟု ပင်နင်စူလာပလာဇာတွင် အလုပ်လုပ်နေသော မြန်မာမိန်းကလေးတစ်ဦး၏ ပြောစကားဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းနည်းလာပြီး၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်စသော နိုင်ငံပေါင်းစုံအလုပ်သမားများနှင့်ယှဉ်ပြိုင်အလုပ်လုပ်နေရသော စင်ကာပူသို့မြန်မာလုပ်သားများပိုမိုလာရောက်နေခြင်းမှာ အေးဂျင့်တချို့က အခြေအနေမှန်မပြောဘဲ၊ ငွေရဖို့ ကိုသာကြည့်၍ လုပ်ကိုင်နေခြင်း ကြောင့်ဖြစ်ကြောင်း စင်ကာပူရောက်မြန်မာများက သုံးသပ်သည်။ စင်ကာပူသို့လာရောက်အလုပ်လုပ်သော နိုင်ငံခြားအလုပ်သမားပေါင်း ၅၃၀,၀၀၀ ဦးရှိသည်။

"အေးဂျင့်တွေပြောတာမယုံပါနဲ့"ဟုစင်ကာပူတွင်အလုပ်လုပ်သည်မှာ သုံးနှစ်ကျော်ရှိနေပြီဖြစ်သော ကိုတင်ထွန်းကလည်းပြောသည်။

ထို့ကြောင့်စင်ကာပူနိုင်ငံသို့လာရောက်အလုပ်လုပ်လိုသူများအနေနှင့် အခြေအနေကို စောင့်ကြည့်သင့်သည်။ မိမိအရည်အချင်းကိုယုံ၍ မည်သို့ဖြစ်ပါစေသွားမည်ဆိုကလည်း အင်္ဂလိပ်စကားပြောနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ရန်လိုသည်။ ထို့အပြင် သွားရောက်ရန်အတွက် ငွေကုန်ကြေးကျများစွာခံ၍ အကြွေးတင်ခံ၍ စင်ကာပူလာခြင်းမျိုး မပြုလုပ်သင့်ကြောင်း စင်ကာပူ ရောက်မြန်မာများက အကြံပြုသည်။ အကြွေးတင်ခံ၊ ငွေအကုန်အကျများစွာခံပြီး မနိုင်ဝန်ထမ်းလာပါက လက်ရှိအနေအခြေတွင် (အလုပ်ကရရန်၊ အိမ်ငွေပို့နိုင်ရန် မသေချာ၍)စိတ်ဖိစီးပိုမိုခံရနိုင်၍ဖြစ်သည်။

စင်ကာပူလုပ်ငန်းများမှာ ယခုအခါလာမည့်မတ်လမှဇွန်လ အထိစီးပွားရေးအခြေအနေများကို စောင့်ကြည့်နေကြသည်။ ထို ကာလတွင် လုပ်ငန်းများပြန်လည် ကောင်းလာပါက လုပ်ငန်းမျိုးစုံတွင် အလုပ်သမားလျှော့ချမှုများစွာ ပြုလုပ်တော့မည်ဖြစ်သည်။ ထို့ကြောင့်ဇွန်လကုန်အထိ အခြေအနေစောင့်ကြည့်ပြီးမှလာရောက်သင့်ကြောင်းလည်း အထက်ပါ ပုဂ္ဂိုလ်များကအကြံပြုသည်။

"ဒီကာလတော့ တရုတ်နှစ်သစ်ကူးကြောင့် အလုပ်ပိုပါးတာလည်းပါတယ်။ အခု ကျွန်တော်တို့လုပ်ငန်းကတော့ မတ်လက ဇွန်လအထိ စောင့်ကြည့်မယ်လို့ပြောတယ်။ ဇွန်လထိမှ အခြေအနေ မကောင်းရင်တော့ လူလျှော့ရပြီပေါ့"ဟု ကိုတင်ထွန်းကပြောသည်။ ကိုတင်ထွန်းပြောသကဲ့သို့ ပင်မတ်လမှ ဇွန်လကာလအခြေအနေ စောင့်ကြည့်နေသော စီးပွားရေးလုပ်ငန်းရှင်များစွာရှိကြောင်း စင်ကာပူရောက်မြန်မာအများစုကပြောသည်။ မျှော်လင့်၍ရနေသေးသည်မှာလည်း စင်ကာပအစိုးရကိုယ်တိုင် နိုင်ငံစီးပွားရေး လည်ပတ်မှုအရှိန်ကောင်းလာရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်၊ နိုင်ငံဘတ်ဂျက်ကိုပိုမိုအသုံးပြုရန်လုပ်ကိုင်နေသည်ကိုလည်းတွေ့ရသည်။

လုပ်ငန်းများပြန်ကောင်းလာလိမ့်မည် မျှော်လင့်ချက်ဖြင့် ကိုအောင်နိုင်နှင့် ကိုစိုးလှိုင်တို့နှစ်ဦး လက်ရှိကာလအဆင်မပြေသေးသော်လည်း သုံးနှစ်ရှိသော စာချုပ်သက်တမ်းကုန်သည်အထိ ကြိတ်မှိတ်သည်းခံလုပ်မည်ဟုပြောသည်။ ထိုသို့လုပ်ပါမှ ကုန်ထားသည့်ငွေများပြန်ရမည်မဟုတ်ပါလား။ စင်ကာပူလာစဉ်က ဝင်ငွေ ကောင်းမည်အထင်နှင့် ကြီးပွားလိုသောရည်မှန်းချက်ဖြင့် သူတို့လာခဲ့သော်လည်း ယခုအခါ အဓိကရည်မှန်းချက်ကြီးမှာ ကုန်ထားသည်များပြန်ရဖို့သာဖြစ်နေပေပြီ။ "ဘာဖြစ်ဦးမလဲ မသိဘူး။ အစ်ကိုတို့တော့ လုပ်နိုင်သ၍ကြိတ်မှိတ်လုပ်ရမှာပဲ။ ဒါပေမဲ့ ဒီကာလမှာတော့ နောက်လာမယ့်သူတွေ မလာစေချင်သေးဘူး"ဟုမြန်မာထမင်းကိုစိတ်မပါသလိုစားနေရာက လတ်စသတ်လိုက်ရင်း ကိုအောင်နိုင်ကပြောသည်။

# အစိုးရသစ်နှင့်ငြိမ်းချမ်းရေးရောင်နီ

**အေးမြကျော်၊ အောင်သူရ**

နှစ်ပေါင်း ၆၀ကျော်ကြာအောင် ပြည်တွင်းလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အဟန့်အတားများဖြစ်ခဲ့သည်။ ယခု တစ်နှစ်ပြည့်တော့မည့် အစိုးရသစ်သက်တမ်းတွင်တော့ထိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင် အဓိကကျသောအဖွဲ့များနှင့် ငြိမ်းချမ်းရေးစကားများပြောဆိုလာနိုင်ခြင်းက မြန်မာ့နိုင်ငံရေးတွင် ငြိမ်းချမ်းရေးအတွက် ရောင်နီသန်းလာခြင်းပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးပြည်တွင်းစစ်ဟု ဒေါက်တာသန့်မြင့်ဦး၏ (A Personal History of Burma) စာအုပ်တွင် ရေးသားဖော်ပြထားပြီးနိုင်ငံရေးစောင့်ကြည့်လေ့လာသူများကပြောဆိုကြသော မြန်မာနိုင်ငံတွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ပြီး ငြိမ်းချမ်းရေးလမ်းစပေါ်ရောက်ရန် အစိုးရနှင့် အဓိကကျသောအဖွဲ့ပေါင်း၁၁ဖွဲ့တို့မှာစားပွဲဝိုင်းများပေါ်တွင် ဆွေးနွေးအဖြေရှာနေကြပြီဖြစ်သည်။

၂၀၁၁ခုနှစ်၊ နှစ်လယ်ပိုင်းမှစတင်ကာ နှစ်ဖက်တင်းမာမှုများကြောင့် တိုက်ပွဲများအရှိန်အဟုန်နှင့်ဖြစ်ပွားခဲ့သောမြန်မာနိုင်ငံမြောက်ပိုင်းကချင်ပြည်နယ်တွင်တိုက်ပွဲသံများစဲသွားပြီဆိုသော်လည်း ထွက်ပြေးတိမ်းရှောင်လာသော စစ်ပြေးဒုက္ခသည်များမှာ နေရပ်ပြန်ရန်စိုးရိမ်နေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးတွင်အဓိက အခန်းကဏ္ဍမှပါဝင်နေသောကချင်လွတ်မြောက် ရေးတပ်မတော်(KIA) နှင့် အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်များသည် တတိယမြောက်တွေ့ဆုံဆွေးနွေးမှုအဖြစ်လာမည့်မတ်လဒုတိယပတ်တွင်းတွင်တရုတ်နိုင်ငံ၊ ရွှေလီမြို့တွင်တွေ့ဆုံဆွေးနွေးသွားကြမည်ဖြစ်မည်။ ၁၇ နှစ်တိုင်အပစ်အခတ်ရပ်စဲရေးနှစ်ဦးသဘောတူညီချက်ရထားပြီးပါမှ ၂၀၁၁ ခုနှစ် ဇွန်လတွင်တော့ နယ်ခြားစောင့်တပ်ကိစ္စနှင့် နှစ်ဦးနှစ်ဖက်မပြေလည်မှုများကြောင့်တိုက်ပွဲများစတင်ဖြစ်ပွားလာခဲ့သည်။ ၂၀၁၁ နိုဝင်ဘာလတွင်တော့အပစ်အခတ်ရပ်ရေးဆွေးနွေးရန်အတွက်ကြားခံငြိမ်းချမ်းရေးအကျိုးဆောင်များ၏ အကူအညီနှင့် အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်များနှင့် ကေအိုင်အိုမှ ကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ဇန်နဝါရီ၁၈ တွင်တွေ့ဆုံပြီးနောက် တိုက်ပွဲများဆက်လက်ဖြစ်ပွားသဖြင့် နှစ်ဖက်ပြန်လည်တင်းမာကာ ဆွေးနွေးပွဲနှောင့်နှေးခဲ့ရာမှ ယခုအခါပြန်လည်ဆွေးနွေးနိုင်တော့မည်ဟု အစိုးရနှင့် ကေအိုင်အိုအကြား ငြိမ်းချမ်းရေး အကျိုးဆောင်ပေးနေသော ကချင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးယွပ်ဇော်ခေါင်ကပြောသည်။

"လက်နက်ကိုင် အဖွဲ့တွေနဲ့ အစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးတယ်ဆိုတာ ပွင့်လင်းမြင်သာမှုတစ်ခုဘဲ"ဟု ဦးယွပ်ဇော်ခေါင်က ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်ရေးဆွေးနွေးရာတွင် ကေအိုင်အို၊ ကေအန်ယူစသည့်အဖွဲ့များအပါအဝင် အဖွဲ့ ၁၁ ဖွဲ့နှင့်တွေ့ဆုံဆွေးနွေးရန် ပြည်ထောင်စုအဆင့်အဖွဲ့နှစ်ဖွဲ့ဖွဲ့စည်းကာဆောင်ရွက်လျှက်ရှိပြီး တစ်ဖွဲ့ကို ဦးအောင်သောင်း၊ ဦးသိန်းဇော်တို့က ဦးဆောင်ကာ၊ နောက်တစ်ဖွဲ့ကိုဝန်ကြီးဦးအောင်မင်းက ဦးဆောင်သည်။ ဦးအောင်သောင်းဦးဆောင်သောငြိမ်းချမ်းရေးဆွေးနွေး သည့်အဖွဲ့သည်ကချင်လွတ်မြောက်ရေးတပ်မတော်(KIA, KIO) အပါအဝင်ကလိုထူးဘောအဖွဲ့၊ ဝအထူးဒေသ၊ မိုင်းလားအထူးဒေသ၊ SSPP စသည့် အဖွဲ့၅ဖွဲ့နှင့်ဆွေးနွေးရန်တာဝန်ယူထားသည်။ ဦးအောင်မင်းဦးဆောင်သောအဖွဲ့က ကရင်အမျိုးသားအစည်းအရုံး ကေအန်ယူ အပါအဝင် ရှမ်းဆစ် (RCSS/ SSA)၊မွန်ပြည်သစ်ပါတီ၊ ချင်းအဖွဲ့(CNF)ကယားအဖွဲ့၊ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ PLO စသည့်အဖွဲ့ ၆ ဖွဲ့နှင့်တွေ့ဆုံဆွေးနွေးရန်တာဝန်ယူထားသည်။

"ကျွန်တော်တို့ နဂိုတုန်း က တော့ဒါတော်တော်ကြာနိုင်တယ် ထင်တားတာပေါ့။အခုတစ်ခါက်မှာတော့ အစိုးရဘက်ကရောတိုင်းရင်းသားတွေဘက်ကရောနှစ်ဖက်စလုံးကအပြန်အလှန်ညှိနှိုင်းဆောင်ရွက်နိုင်တာတွေဟာထင်ထားတာထက်ပိုပြီးတစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုပိုများလာတဲ့အတွက် ထင်ထားတာထက်ပိုမြန်လာနိုင်တဲ့ အနေအထားပေါ့"ဟုငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးဖြစ်သူ ဦးလှမောင်ရွှေက မှတ်ချက်ပေးသည်။

"အဓိကအခက်အခဲကတော့ တိုင်းရင်းသားတွေဘက်က အဓိကလိုချင်တဲ့ကိစ္စကတော့ တန်းတူညီတူအခွင့် အရေးရချင်တယ်။ လက်နက်ကိုင်တဲ့အဆင့်ကနေ လက်နက်ကိုင်တိုက်တာမဟုတ်ဘဲ စားပွဲဝိုင်းကို ရောက်ဖို့ဆိုရင် အပစ်အခတ်ရပ်ရေး စလုပ်ဖို့လိုတယ်။ ပထမဆုံးတော့ နှစ်ဦးနှစ်ဖက်ယုံကြည်မှု တည်ဆောက်တဲ့အလုပ်ကအခက်ခဲဆုံးဘဲ။ ယုံကြည်မှုတည်ဆောက်နိုင်ပြီဆိုရင် အလုပ်၄ပုံ၁ပုံလောက်ပြီး သွားပြီ" ဟု ဦးလှမောင်ရွှေကပင် ဆက်လက်ပြောကြားသည်။

ဦးအောင်မင်းဦးဆောင်သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့သည်ယခုဆိုလျှင်နှစ်၆၀ကြာလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားခဲ့သော KNU အပါအဝင် ရှက်ဆစ်အဖွဲ့၊ မွန်ပြည်သစ်ပါတီ၊ ချင်းအဖွဲ့ ၄ ဖွဲ့ တို့နှင့် ပထမအဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးထားပြီး ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်၊ ကယားအဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးရန်သာ ကျန်ရှိတော့သည်။ ဦးအောင်သောင်းဦးဆောင်သောအဖွဲ့ကမူအပစ်အခတ်ရပ်ရေး ဆွေးနွေးနိုင်ရန် ပဏာမအဆင့် တွေ့ဆုံမှုအနေနှင့် KIO နှင့် ယခုလအတွင်း တွေ့ဆုံသွားမည်ဖြစ်ပြီး၊ ကျန် ၄ ဖွဲ့နှင့် ပထမအဆင့် ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးပြီးဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အဆင့် ၃ ဆင့်နှင့် ဆောင်ရွက်နေကြောင်းကို သမ္မတ၏ မတ်လ ၁ ရက်မိန့်ခွန်းတွင် အလေးပေးပြောကြားသွားပြီး ယခုကဲ့သို့ ရှင်းလင်းပြောကြားသွားခဲ့သည်။

ပထမအဆင့်မှာ ပြည်နယ်အဆင့်တွေ့ဆုံဆွေးနွေးမှုများဖြစ်ပြီး အပစ်အခတ်ရပ်စဲရန် နှစ်ဦးနှစ်ဖက်သဘောတူသော နယ်မြေအတွင်းသာနေထိုင်ရန်၊ သတ်မှတ်နေရာမှအပ ကျန်ဒေသများသို့သွားရောက်လျှင် လက်နက်ကိုင်ဆောင်ခြင်းမပြုရန်၊ ဆက်ဆံရေးရုံးများဖွင့်လှစ်ရန် စသည့်အချက်များပါဝင်သည်။

ဒုတိယအဆင့်မှာ ပြည်ထောင်စုအဆင့်ထိဖြစ်ပြီး ပြည်ထောင်စုမှ ဘယ်တော့မှခွဲမထွက်ရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံရေးပါတီများထူထောင်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် စသောအချက်များပါဝင်သည်။

"ဒီအချက်တွေ(ပထမ အဆင့်၊ ဒုတိယအဆင့်တူညီချက်များ) ကိုနှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီးသဘောတူညီချက်ရရှိပြီဆိုရင် တတိယအဆင့်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တတိယအဆင့်မှာတော့ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးအင်အားစုတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေစတဲ့နိုင်ငံတော်မှာရှိတဲ့ အဓိကကျတဲ့ Political Player တွေ အားလုံးပါဝင်တဲ့ဒီလွှတ်တော်ကြီးမှာသဘောတူ လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ ဒီလွှတ်တော်ကြီးအတွင်းမှာပဲ ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေ ဆောင်ကြဉ်းမယ့် သန္နိဋ္ဌာန်ကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းစိုက်ထူကြရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

သမ္မတ၏ မိန့်ခွန်းတွင် တိုင်းရင်းသားများအံ့အားသင့်အားတက်စေခဲ့သော စကားတစ်ခွန်းကိုပြောကြားခဲ့သည်။ "ဒီကနေ့ကျွန်တော်တို့ အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေး ပန်းတိုင်ကို လျှောက်လှမ်းနေတဲ့ ခရီးမှာ ကျွန်တော်တို့မှာ ပရိယာယ်တွေမရှိပါဘူး။ ကျွန်တော်တို့ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ယုံကြည်မှုနဲ့ပဲဆောင်ရွက်သွားမှာဖြစ်ပါတယ်"

သမ္မတ၏ ထိုသို့ပြောကြားချက်ကို တိုင်းရင်းသားခေါင်းဆောင်များက အသိအမှတ်ပြုကြိုဆိုလျက်ရှိပြီးရှေ့တွင် ပွင့်လင်းမြင်သာသော ငြိမ်းချမ်းရေးဖောင်ဆောင်မှုများကို မျှော်လင့်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ပွဲများ ချုပ်ငြိမ်းကာ မကြာမီ ငြိမ်းချမ်းရေးရောင်နီသန်းလာတော့မည်လော။ ॥



၂၀၁၁ မတ်လ ၂၇ရက်က တပ်မတော်နေ့ဂုဏ်ပြုညစားစားပွဲတွင်တွေ့ရသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး



ပြည်ထောင်စုလွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုနေသည့် နိုင်ငံတော်သမ္မတနှင့်ဒုသမ္မတများ

# သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုအပြီး...

**ငြိမ်းငြိမ်းနိုင်၊ အိမြူလွင်**

နေပြည်တော် ဇေယျာသီရိပိမာန်တွင် ထိုအချိန်က နိုင်ငံတော်အကြီးအကဲဖြစ်သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် တပ်မတော်နေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲကို ၂၀၁၁၊ မတ်လ ၂၇ ရက်ညက နောက်ဆုံးအဖြစ်တည်ခင်းခဲ့ခြင်းဖြစ်သည်။

နှစ် ၂၀ ကျော်ကြာနိုင်ငံတော်အကြီးအကဲအဖြစ်မှ အနားယူတော့မည်ဟု ထိုအချိန်က ရုပ်မြင်သံကြားသတင်း ကြည့်ရှုနေသည့် မည်သူကမျှ မထင်ခဲ့။

တစ်နည်းအားဖြင့်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)ကိုနိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထိုနေ့က နောက်ဆုံးအကြိမ်မြင်တွေ့ခဲ့ရခြင်းလည်းဖြစ်၏။

"အမှန်ပြောရရင် အစိုးရ နဲ့ လွှတ်တော်မှာ အကြံပေးနာယကအဖြစ် ဒါမှမဟုတ် ကာချုပ်အနေနဲ့ တရားဝင်ရာထူးယူမယ်လို့ ကျွန်တော်တို့က ခန့်မှန်းခဲ့တာ၊ ခန့်မှန်းချက်မှားသွားတယ်"ဟု တိုင်းရင်းသားပါတီတစ်ခုဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး ဦးစောသန်းမြင့်ကပြောသည်။

တပ်မတော်နေ့အပြီး ၃ ရက်မြောက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထုတ်ပြန်ကြေညာလိုက်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုဖျက်သိမ်းလိုက်ကြောင်း အမိန့်ကြေညာချက်နှင့်အတူ ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးကောက်ခံသမ္မတသစ်တို့၏ ကျမ်းသစ္စာကျိန်ဆိုမှုဖြင့် စတင်လျက် အရပ်သားအစိုးရ တစ်ရပ်သို့ ကူးပြောင်းစကာလကို တွေ့မြင်လာခဲ့ရခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုသည့်နေ့မှာပင် နိုင်ငံသားများသို့ အစိုးရသစ်အနေဖြင့် ပထမဆုံးအကြိမ်ပြောသည့် သမ္မတဦးသိန်းစိန်၏ အသံထွက်မိန့်ခွန်းမှသည် နိုင်ငံတွင်းမှ အကူးအပြောင်း အခြေအနေများကို ဆက်တိုက်ဆိုသလို မြင်တွေ့ခဲ့ရသည်။

ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့သစ်တက်လာပြီး ၅ လအကြာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်သို့ ဖိတ်ခေါ်တွေ့ဆုံခဲ့ခြင်း၊ ထို့နောက်ဒေသခံပြည်သူများသာမက ပညာရှင်များအပါအဝင်ပြည်သူအများစု ကန့်ကွက်နေသည့် ဧရာဝတီမြစ်ဆုံဆည်စီမံကိန်းကို ၎င်းတို့ အစိုးရလက်ထက်တွင် ရပ်ဆိုင်းမည်ဟူသော ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊ယုံကြည်ချက်အကျဉ်းသားအများအပြားကို လွှတ်ပေးခဲ့ခြင်းနှင့် ပြည်ပရောက် နိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခဲ့ခြင်းစသည်တို့က အရပ်သားအစိုးရ၏ ဒီမိုကရေစီ အသွင်ပြောင်းမှုအထင်ရှားဆုံးသက်သေများ ဖြစ်ခဲ့သည်။ ထိုအချက်တို့ကပင် ပြည်သူအများစုက အစိုးရသစ်ကို ယုံကြည်ထောက်ခံမှု ရရှိစေခဲ့ခြင်းလည်းဖြစ်၏။

ထို့အပြင် အစိုးရအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုများနှင့် မီဒီယာကို အတိုင်းအတာတော်တော်များများအထိ ခွင့်ပြုထားခြင်း၊ အရေးပါသည့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်း၊ တရားဝင်နှင့် တရားမဝင်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ လှုပ်ရှားခွင့် ရနေခြင်း၊ လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ် ရပ်စဲရေးသဘောတူလက်မှတ်များ ရေးထိုးခြင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဆက်ဆံရေးတိုးတက်အောင်ဆောင်ရွက်ခြင်းစသည်တို့ကလည်း ဒီမိုကရေစီအစိုးရအဖြစ် ပုံဖော်အားထုတ်နေခြင်း ဖြစ်သည်ဟုလည်း မြင်တွေ့ရသည်။

ပြည်ပရောက်နိုင်ငံရေးပါတီဖြစ်သော လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က "အခုလိုပွင့်လင်းမှုကို အရင်အစိုးရလက်ထက်မှာ အိပ်မက်တောင် မက်ခွင့်မရပါဘူး။ ဒါဟာအစိုးရနှစ်ရပ် အကူးမှာ အဓိကခြားနားချက်ပါပဲ"ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အပြောင်းအလဲ ကာလကို ပြည်တွင်းပြည်ပမှ နိုင်ငံသားများသာမဟုတ် နိုင်ငံတကာကပါ စောင့်ကြည့်နေပြီး လက်ရှိနိုင်ငံရေးလုပ်ငန်းစဉ်များ နောက်ပြန်သွားမည်ကို စောင့်ကြည့်စိုးရိမ်မှုများ ရှိနေဆဲဖြစ်သည်။

သို့သော်လည်း မတ်လ ၁ ရက်က ပြောကြားသော သမ္မတ၏ အသံထွက်မိန့်ခွန်းကြောင့် စောင့်ကြည့်သူတို့၏ အမြင်များကို ပြောင်းလဲစေခဲ့သည်။

"သမ္မတမိန့်ခွန်းနားထောင်ပြီးအများကြီးအားတက်သွားပါတယ်။ သမ္မတမိန့်ခွန်းက လက်ရှိအစိုးရရဲ့ပေါ်လစီပါပဲ။ မိန့်ခွန်းရဲ့ အနှစ်သာရနဲ့ သမ္မတမိန့်ခွန်းပြောပုံက ပြည်တွင်းပြည်ပကလူအများကို စွဲဆောင်နိုင်ခဲ့ပါတယ်"ဟု ဦးအောင်မိုးဇော်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအကူးအပြောင်းမှာ အစိုးရသစ်သက်တမ်းတစ်နှစ်အတွင်းတဖြည်းဖြည်းချင်း ရွှေ့လျက်ရှိပြီး ယင်းနိုင်ငံရေးအရွေ့က ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်မရောက်သေးဟုလည်း ၎င်းက သုံးသပ်သည်။

သို့သော် နိုင်ငံရေးအကူးအပြောင်းက နောက်ပြန်ဆုတ်နိုင်သည့်အနေအထားမဟုတ်ကြောင်းကိုဦးစောသန်းမြင့်က "အခုချိန်မှာ နောက်ပြန်ဆုတ်မယ်ဆိုတာမဖြစ်နိုင်ပါဘူး။ နိုင်ငံရေးအခြေအနေတွေက နောက်ပြန်ဆုတ်ချင်ရင်တောင်မှ ဆုတ်လို့မရတဲ့အနေအထားပါ"ဟု ထင်မြင်ချက်ပေးသည်။

ဆယ်စုနှစ် ကာလနှစ်ခုကို ဖြတ်ကျော်ပြီး အစိုးရသစ်လက်ထက် ဒီမိုကရေစီ ကူးပြောင်းမှု သင်္ကေတများက တစ်နှစ်တာကာလအတွင်း မြင်တွေ့ခဲ့ကြရသည်။ ထိုသင်္ကေတများ အရှိန်မပျက် ခပ်မြန်မြန် ဆက်လက်ရွေ့လျားနေ၊မနေကိုလည်း အားလုံးက စောင့်မျှော်ကြည့်လျက်ရှိသည်။

နိုင်ငံတော်သမ္မတကတော့ နောက်ကြောင်းပြန်မလှည့်စတမ်း လျှောက်လှမ်းမည်ဟု ကတိပြုထားပေသည်။

FLASH BACK 2002-2012 MARCH MARCH
7DAY NEWS
Vol.11, No.1 • MARCH 8 , 2012

# ဆယ်စုနှစ် မှတ်တိုင်များ

(၂၀၀၂ - ၂၀၁၂)

## ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်

အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်အဖြစ်ကျခံခဲ့ရာမှ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ရက်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ မေလ ၃၀ရက် နေအိမ်အကျယ်ချုပ်မတိုင်ခင် ၁၉၈၉ခုနှစ် ဇူလိုင် ၂၀တွင် ပထမဆုံးအကြိမ်အဖြစ် နေအိမ်အကျယ်ချုပ်ကျခံခဲ့ရသည်။

တစ်ဖန် ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၂၃တွင် ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ်ကျခံခဲ့ရပြီး၊ ၂၀၀၃ ခုနှစ် မေ ၃၀တွင် တတိယအကြိမ်အဖြစ် အကျယ်ချုပ်ကျခံခဲ့ရခြင်းသည် နှစ်အကြာဆုံးကျခံခဲ့ရခြင်းဖြစ်သည်။ ယခုနောက်ဆုံးအကြိမ် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ရန်အတွက် နှစ်ကြိမ်တိတိ နေအိမ်အကျယ်ချုပ်သက်တမ်း တိုးမြှင့်ခံခဲ့ရသည်။

## အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဖျက်သိမ်း

အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ကြောင်း ၂၀၀၄ အောက်တိုဘာ ၂၂ရက်က နိုင်ငံတော်ပိုင်သတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။

## မြန်မာ့ဘောလုံး ဆုကြေးစားစနစ် စတင်ကျင့်သုံး

နှစ်ပေါင်း ၁၀၀ကျော်ကြာ အပျော်တမ်းစနစ်ဖြင့် ယှဉ်ပြိုင်လာသော မြန်မာ့ပြည်တွင်းဘောလုံးအသင်းပြိုင်ပွဲကို ဆုကြေးစားစနစ်(ပရော်ဖက်ရှင်နယ်)သို့ ၂၀၀၉ခုနှစ်၊ မေလ ၁၆ရက်တွင် စတင်ပြောင်းလဲခဲ့သည်။

နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်ရှစ်ဦး စတင်တည်ထောင်ထားသော အသင်းများပါဝင်သည့် ၎င်းပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်ဟုအမည်ပေးခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်စတင်ပြီး ၃နှစ်အကြာ ပြိုင်ပွဲဝင်အသင်း ၁၄သင်းရှိလာပြီဖြစ်သည်။

## တက္ကသိုလ်ဝင်တန်း ဘာသာရပ်တွဲပြောင်းလဲ

၈ တန်းအောင်မြင်သော ကျောင်းသားများအနေဖြင့် ၉ တန်းနှင့် ၁၀ တန်းတွင် ပညာသင်နှစ်အတန်ကြာ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ သင်္ချာဘာသာ၊ သိပ္ပံဘာသာနှင့် လူမှုရေးဘာသာဟူ၍ ဘာသာရပ် ၅ မျိုး လေ့လာသင်ယူကြရသည်။ သို့သော် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ စတင်၍ ဘာသာရပ်ခြောက်မျိုး ရွေးချယ်သင် ယူရသောစနစ်သို့ ပြောင်းလဲလိုက်သည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် သင်္ချာဘာသာရပ်တို့အား မသင်မနေရ ဘာသာရပ်များအဖြစ်သတ်မှတ်၍ သမိုင်း၊ ပထဝီ၊ စီးပွားရေး၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာရပ်များအား မိမိစိတ်ကြိုက် ရွေးချယ်သင်ယူနိုင်သောစနစ်သို့ ပြောင်းလဲလိုက်သည်။ ကျောင်းသားများအနေဖြင့် ဘာသာတွဲ ၇တွဲ ခွဲခြားထားသည်မှ နှစ်သက်ရာဘာသာတွဲတစ်တွဲကို ရွေးချယ် သင်ကြားရခြင်းဖြစ်သည်။

## ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီဒီအမ်အေ ၈၀၀နှင့် ၄၅၀မဂ္ဂါဟာဇ်ဖုန်းများကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလနှင့် ဇွန်လများမှစတင်ကာ ကျပ်ငါးသိန်းဖြင့် လျှောက်ထားခွင့်ပြုခဲ့သဖြင့် မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်း အသုံးပြုသူဦးရေသည် ဆယ်စုနှစ်တစ်စု၏ နောက်ဆုံးတစ်နှစ်တာကာလအတွင်း တိုးတက်မှု အမြင့်ဆုံးဖြစ်လာခဲ့သည်။

## ပင်စင်စားများ ပထမဆုံးအကြိမ် ပျော်ရွှင်ရခြင်း

အစိုးရဝန်ထမ်းများအတွက် ၂၀၁၁ ခုနှစ်မှ အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ဇွန် ၃၀ ရက်ည နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းမှတစ်ဆင့် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာနှင့် နိုင်ငံရေး ပင်စင်လစာများကို တိုးမြှင့်သတ်မှတ်ပေးခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပင်စင်စာများအနေဖြင့် အနိမ့်ဆုံးပင်စင်လစာ ကျပ်နှစ်သောင်းမှ အမြင့်ဆုံးကျပ်တစ်သိန်းတစ်သောင်းအထိ ခံစားခွင့်ရရှိလာ၍ ယခင်ပင်စင်လစာနှင့် ယှဉ်လျှင် ပမာဏများစွာကွာခြား၍ တစ်နိုင်ငံလုံးရှိ ပင်စင်စားရှစ်သိန်းကျော်နှင့် ၎င်းတို့၏ မိသားစုဝင်များ အထူးပျော်ရွှင်ခဲ့ကြရသည်။



## ပထမဆုံးအကြိမ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ရာထူးရရှိခြင်း

အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးက နိုဝင်ဘာ ၁၈ရက်၌ မြန်မာနိုင်ငံအတွက် သမိုင်းဝင်မည့် ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်ပေးခဲ့ပြန်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံကို အလှည့်ကျဥက္ကဋ္ဌ ရာထူးပေးရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။

## ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်စတင်ခြင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် ၏ တာဝန်ပေးမှုဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဦးစိုး သိန်းတို့ဦးဆောင်ပြီး ဆက်စပ်ဌာနများက မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ယာဉ်အို၊ ယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်ကို စက်တင်ဘာ ၁၉တွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မှတ်ပုံတင်သက်တမ်း ၂၀ အထက် ကားများ အစီးရေ ငါးသောင်းငါးထောင်ကျော်ကို အုပ်စုသုံးစုခွဲ၍ ကားဟောင်း လက်ခံပြီး အစားထိုးကားသစ်တင်သွင်းခွင့်ပြုခဲ့သည်။ ထို့အပြင် နိုင်ငံခြားငွေရရှိသော ပို့ကုန်သွင်းကုန် ကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းများ၊ သင်္ဘောသားများ၊ ပြည်ပတွင် သွားရောက် အလုပ်လုပ်ကိုင်နေသူနှင့် တာဝန်ထမ်းဆောင်နေသူများ၊ ကျောက်မျက်လုပ်ငန်းရှင်များကိုပါ သတ်မှတ်ချက်များဖြင့် ကားတစ်စီးစီ တင်သွင်းခွင့်ပြုခဲ့သည်။ အဆိုပါ စီမံကိန်းမှာ လူလတ်တန်းစားအ များစုအပေါ် အကျိုးရှိစေခဲ့သည်။ အခက်အခဲအချို့ရှိခဲ့သော်လည်း ယခင်ကနှင့်မတူ အစိုးရက စီမံကိန်းကိုစတင်ပြီး ပြီးစီးအောင် ဆက်လက်ဆောက်ရွက်ပေးနေသည်ကို တွေ့ရသည်။

## ကျပ်ငါးထောင်တန်ထုတ်ဝေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျပ်ငါးထောင်တန်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ကျပ်ငါးထောင်တန်သည် အနီရောင်ဖြစ်ပြီး မျက်နှာစာတွင် ဆင်ဖြူတော်ပုံနှင့် ကျောဘက်တွင် လွှတ်တော်အဆောက်အအုံပုံ ပုံနှိပ်ပါရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၀၄ ခုနှစ် အောက်တိုဘာလကလည်း နှစ်ရာတန်၊ ငါးရာတန်နှင့် တစ်ထောင်ကျပ်တန် ငွေစက္ကူ(အရွက်သေး)များကို ထုတ်ဝေခဲ့သည်။

## နိုင်ငံတော်အလံသစ်ပြောင်း

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် တတိယမြောက်အလံဖြစ်လာသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရအတည်ပြုပေးခဲ့သော ကြယ်ဖြူတစ်လုံးပါဝင်၊ စိမ်း၊ နီ၊ သုံးရောင်ခြယ်အလံအား အောက်တိုဘာလ ၂၁ ရက် နေ့ညနေ ၃နာရီတွင် မြန်မာနိုင်ငံ တစ်ဝန်းရှိတိုင်းစစ်ဌာနချုပ်များ ဝန်ကြီးဌာနများ၊ အစိုးရုံးဌာန များတွင် တစ်ပြိုင်တည်းပြောင်းလဲလွှင့်ထူခဲ့သည်။

## ကုလအတွင်းရေးမှူးချုပ်၏မြန်မာနိုင်ငံခရီးစဉ်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးအနေနှင့် ၄၄နှစ်ကျော် အတွင်းမြန်မာနိုင်ငံသို့ပထမဆုံးအကြိမ် ခရီးစဉ်အဖြစ် အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ၂၀၀၈ခုနှစ် မေ ၂၂ရက်က လာရောက်ခဲ့သည်။

မစ္စတာဘန်ကီမွန်းက ထိုနှစ်မေ ၂၅ရက်မှာပင် ဒုတိယအကြိမ်ထပ်မံလာရောက်ခဲ့ပြီး၊ ၂၀၀၉ခုနှစ်တွင် တတိယအကြိမ်ထပ်မံလာရောက်ခဲ့သည်။

## နှစ်သစ်ကူးရုံးပိတ်ရက် ဆယ်ရက်သတ်မှတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဝန်ထမ်းများကို လစာတိုးနှင့် တစ်ပြိုင်နက် နှစ်သစ်ကူးရုံးပိတ်ရက်ကို ၂၀၀၆ ခုနှစ်တွင် ရက်တိုးသတ်မှတ်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဧပြီလ နှစ်သစ်ကူးရုံးပိတ်ရက်ကို ဧပြီ ၁၀ ရက်မှ ၁၉ ရက်(မြန်မာနှစ်ဆန်း ၁ရက်)အထိ ပိတ်ပေးခဲ့သည်။

## ဆန်စပါးမူဝါဒသစ် စတင်

အစိုးရက ကာလရှည်စီမံလုပ်ကိုင်ခဲ့သော ဆန်စပါး ပြည်ပတင်ပို့ခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ ၂၀၀၄ ခုနှစ်တွင် စတင်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ဆန်စပါးမူဝါဒသစ် နှင့်ပတ်သက်၍ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ တာဝန်ရှိသူများက UMFCCI အပါအဝင်၊ ဆန်စပါးနှင့်သက်ဆိုင်သောအသင်းများမှ တာဝန်ရှိသူများကို ၂၀၀၃ ခုနှစ် ဧပြီ ၂၃ရက်တွင် စတင်အသိပေးခဲ့သည်။ ဆန်စပါးမူဝါဒသစ်စတင် အသက်ဝင်ပြီးနောက်ပိုင်း ဆန်စပါးထုတ်လုပ်မှု သိသာစွာတိုးတက်လာခဲ့သော်လည်း ဆန်ပြည်ပတင်ပို့မှု သိသာစွာတိုးမလာသေးပေ။ ဆယ်စုနှစ်အတွင်း ဆန်စပါးနှင့်ပတ်သက်ပြီး ထူးခြားမှုတစ်ခုမှာ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးရန် ၂၀၀၉ ခုနှစ်တွင် ဆန်စပါးအထူးပြု ကုမ္ပဏီ ၃၀ကျော် စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

## ယာဉ်စီးခ ခုန်တက်

၂၀၀၅ ခုနှစ်အောက်တိုဘာ ၂၀ရက်မှစ၍ ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော ယာဉ်စီးခများကို တိုးမြှင့်ကောက်ခံခဲ့သည်။ ဂိတ်အစမှဂိတ်ဆုံးအထိ ယာဉ်စီးခ ကျပ် ၄၀၊ ၆၀၊ ၈၀သတ်မှတ်ကောက်ခံခဲ့သည်။ သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ်ပြောင်းလဲခဲ့ပြီး ဓာတ်ငွေ့ရောင်းဈေး တစ်ကီလိုဂရမ်လျှင် ၅၄ကျပ်၇၀ပြားမှ ၂၇၃ ကျပ် ၅၀ပြားသို့ ၂၀၀၇ခုနှစ်ဩဂုတ်လက ပြောင်းလဲခဲ့ပြီးနောက် ခရီးစဉ်တစ်ဖြတ်လျှင် ကျပ်၅၀ သတ်မှတ်ခဲ့ ကာဂိတ်စမှအဆုံး ကျပ် ၂၀၀ဖြစ်ခဲ့သည်။ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများသည် ဩဂုတ်လ ၁၅ရက်နေ့မှစတင်၍ စက်သုံးဆီတစ်ဂါလန် ၁၅၀၀ ကျပ်မှ ၂၅၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ကျပ်စသည်ဖြင့် ပြောင်းလဲခဲ့သည်။

## သဘာဝဓာတ်ငွေ့ (စီအင်န်ဂျီ)သုံး ယာဉ်များအဖြစ် ပြောင်းလဲ

၂၀၀၄ ခုနှစ်ဩဂုတ်လမှစ၍ ရန်ကုန်မြို့တွင်းပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ၊ ဃ-ကျောင်း ကြို/ပို့ယာဉ်များ၊ တက္ကစီယာဉ်များ၊ က-ကုန်စည်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များနှင့် ဌာနဆိုင်ရာယာဉ်များ၊ ရန်ကုန်မြို့အခြေပြု ပဲခူး၊ ညောင်လေးပင်၊ ကျိုက်ထီးရိုး၊ ဘားအံ၊ မော်ဘီ၊ တိုက်ကြီး၊ လက်ပံတန်း၊ မအူပင်၊ ညောင်တုန်း၊ ပုသိမ်မြို့များသို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ ဓာတ်ဆီ၊ ဒီဇယ်ယာဉ်များအား စီအင်န်ဂျီယာဉ်အဖြစ်ပြောင်းလဲတပ်ဆင် အသုံးပြုခြင်းကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

7DAY NEWS
Vol.11, No.1 • MARCH 8 , 2012



## နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကပိုင်ပြု

အစိုးရက ကာလရှည်လုပ်ကိုင်ခဲ့သော စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်စေခြင်း(ပုဂ္ဂလိကပိုင်ပြုခြင်း)မှာ ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် အများဆုံးဖြစ်သည်။ အထင်ရှားဆုံး ပုဂ္ဂလိကပိုင်ပြုခြင်းများမှာ ၂၀၁၀ နှစ်ဆန်းပိုင်းတွင် တစ်နိုင်ငံလုံးရှိ စက်သုံးဆီဆိုင် ၂၄၆ဆိုင်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း၊ နိုင်ငံတစ်ဝန်းရှိ လမ်းမကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို ပုဂ္ဂလိကသို့ B.O.T (တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း) စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ ဆိပ်ကမ်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများကို ပုဂ္ဂလိကပိုင်ပြုခြင်းတို့ဖြစ်သည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းများပြားလာသည့်အတွက် အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကိုပင် သီးခြားဖွဲ့စည်းဆောင်ရွက်လာသည်။

ထို့အပြင် နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၏ ၉၀ရာခိုင်နှုန်းကို ပုဂ္ဂလိကသို့လွှဲပြောင်းသွားမည်ဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းကိုသာ အစိုးရက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၂၀၁၁ခုနှစ် ဇန်နဝါရီ၉ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းသားစုံညီ ညီလာခံတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်က ပြောကြားခဲ့သည်။

## မိနစ်ပိုင်းသာခြားသည့် သုံးနေရာဆက် ဗုံးပေါက်ကွဲမှု

၂၀၀၅ ခုနှစ် မေလ ၇ရက် ရန်ကုန်မြို့ရှိ လူစည်ကားရာနေရာ သုံးနေရာတွင် မိနစ်ပိုင်းသာခြား၍ တစ်ပြိုင်နက် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဆက်သွယ်မှုဗဟိုဌာန၊ မရမ်းကုန်းမြို့နယ်ရှိJunction-8 စင်တာနှင့် မြေနီကုန်းရှိ ဒဂုံစင်တာစသည့်နေရာသုံးနေရာတွင် မွန်းလွဲ ၂နာရီ မိနစ်၅၀၊ ၂နာရီ ၅၅ မိနစ်နှင့် ၃နာရီ အချိန်များတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုများကြောင့် သေဆုံးသူ၂၃ဦးထိရှိခဲ့ပြီး ဒဏ်ရာရရှိသူဦးရေ ၁၅၀ထိရှိခဲ့သောကြောင့် နိုင်ငံတွင်းဖြစ်ပွားသော အကြီးမားဆုံးဗုံးပေါက်ကွဲမှုဖြစ်ခဲ့သည်။ ထိုပေါက်ကွဲမှုဖြစ်ပြီးနောက် ဆယ်စုနှစ်တစ်ခုအတွင်း ဖြစ်ပွားသည့် ပေါက်ကွဲမှုတစ်ခုမှာ ၂၀၁၀ခုနှစ် ဧပြီလ ၁၅ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီးစောင်းအတွင်းရှိ သင်္ကြန်မဏ္ဍပ်တစ်ခု၌ ဖြစ်ပွားခဲ့သည်။ အင်အားပြင်းထန်သောလက်ပစ်ဗုံးသုံးလုံးဖြင့် ဖောက်ခွဲခဲ့ခြင်းကြောင့် လူ၁၄ဦးသေဆုံးခဲ့ပြီး လူ ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။

## နိုင်ငံတော်သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခြင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့၏ ဩဂုတ်လ ၁၉ ရက်က တွေ့ဆုံမှုမှာ ၂၀၁၁ ခုနှစ်အတွင်း စိတ်လှုပ်ရှားစရာ အကောင်းဆုံး အခိုက်အတန့်တစ်ခုဖြစ်ခဲ့သည်။ အစိုးရ ခေါင်းဆောင်နှင့် အတိုက်အခံ ခေါင်းဆောင်တို့အကြား နှစ်ပေါင်း ၂၀ အတွင်း အကောင်းဆုံးတွေ့ဆုံမှုဖြစ်သည်။ ရွေးကောက်ပွဲအလွန်ကာလတွင် ပြည်တွင်းနှင့် ပြည်ပမှစောင့်ကြည့်သူများ အံ့သြလောက်သည့် ပြောင်းလဲမှုများ၏ အစလည်းဖြစ်သည်။ သူတို့နှစ်ဦးတွေ့ဆုံပုံက လွန်ခဲ့သည့်နှစ်ပေါင်း ၂၂နှစ်ကျော်က တောင်အာဖရိကမှ လူဖြူသမ္မတ ဒီကလပ်နှင့် လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားတို့၏ တွေ့ဆုံမှုကဲ့သို့ပင် ဆင်တူပြီး အရေးလည်းပါခဲ့သည်။ ၂၀၁၁ ဩဂုတ်လ ၁၉ ရက်တွင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကြီးကိုချိတ်ထားသော ခန်းမအတွင်း သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးသိန်းစိန်တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့အပြင်ညစာဖြင့်ပါ အတူသုံးဆောင်ခဲ့သေးသည်။ နိုင်ငံတော်သမ္မတနှင့် ပထမဆုံးအကြိမ် တွေ့ဆုံမှုအပေါ် ဝမ်းမြောက်ကျေနပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ ထိုတွေ့ဆုံမှု၌ပင် ခေါင်းဆောင်နှစ်ဦးကြား၌ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်။

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အနားယူသွားခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက် ရက်စွဲဖြင့် ဖျက်သိမ်းကြောင်း ကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြေညာခဲ့ပြီးနောက်တာဝန်မှအနားယူခဲ့ကာ အရပ်သားအစိုးရဖြစ်သည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင် သော ရွေးကောက်ခံအစိုးရက ထိုနေ့မှာပင် ကျမ်းသစ္စာကျိန်ဆို၍ အစိုးရသစ်အဖြစ် တရားဝင်ကြေညာခဲ့သည်။



## ယုံကြည်ချက်အကျဉ်းသားစံချိန်တင်အများဆုံးလွှတ်ပေးခဲ့မှု

၂၀၁၂ခုနှစ် ဇန်နဝါရီ၁၃ရက်တွင် ယုံကြည်ချက်ကြောင့်အကျဉ်းကျခံထားရသူ ၃၀၂ဦးကို အကျဉ်းထောင် အသီးသီးမှ လွှတ်ပေးခဲ့ရာ သမိုင်းတွင် တစ်ကြိမ်တည်း ယုံကြည်ချက်အကျဉ်းသားအများဆုံး လွှတ်မြောက်ပေးမှုဖြစ်ခဲ့သည်။ ထိုအကျဉ်းသားများထဲတွင် ၈၈ မျိုးဆက်ကျောင်းသားများ အများစုပါဝင်သကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကဲ့သို့ နိုင်ငံရေးပါတီနှင့် တိုင်းရင်းသားခေါင်းဆောင်များလည်းပါဝင်ခဲ့သည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များထဲမှ လူအများ သိမှတ်ကြသော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေး၊ ကိုပြုံးချို၊ ကိုဌေးကြွယ်၊ ကိုမင်းဇေယျာ၊ ကိုဂျင်မီ၊ မနီလာသိန်း၊ မမီးမီးတို့လည်း လွတ်မြောက်လာခဲ့သည်။

## ရွှေဝါရောင်တော်လှန်ရေး

၂၀၀၇ ခုနှစ်ဩဂုတ်လက ၁၅ ရက်က စက်သုံးဆီဈေးနှုန်းများ တိုးမြှင့်လိုက်သည့်အတွက် ယာဉ်စီးကားခများခုန်တက်ခြင်းကြောင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံအတွင်းမြို့ကြီးအချို့တွင် ရွှေဝါရောင်သံဃာ့လှုပ်ရှားမှုကြီး ၂၀၀၇ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်။

## သမိုင်းတွင်သော သမ္မတ၏ ရောဝတီဆုံးဖြတ်ချက်

စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သမိုင်းတွင်မည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ အငြင်းပွားမှုများစွာ ဖြစ်ပေါ်နေသော ဧရာဝတီမြစ်ဆုံစီမံကိန်းကို သမ္မတဦးသိန်းစိန် အစိုးရသက်တမ်းအတွင်း ဆက်လက်တည်ဆောက်ခြင်းမပြုဘဲ ရပ်ဆိုင်းရန် သမ္မတက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာသုံးဘီလီယံကျော်တန်ဖိုးရှိသော အဆိုပါစီမံကိန်းကို ရပ်ဆိုင်းခဲ့ခြင်းကြောင့် သမ္မတ ဦးသိန်းစိန်မှာ လူထု၏ ယုံကြည်မှုနှင့်ထောက်ခံမှု များစွာရရှိခဲ့သည်။ မြန်မာနိုင်ငံရှေ့ရေးအတွက် အရေးကြီးသော အဆိုပါဆုံးဖြတ်ချက်ကြောင့် တစ်နိုင်ငံလုံး ပျော်ရွှင်ခဲ့ကြပြီး ၂၀၁၁ ခုနှစ်၏ အထူးခြားဆုံးအခိုက်အတန့်တစ်ခုလည်းဖြစ်ခဲ့သည်။

## ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ လာရောက်ခြင်း



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မှာ နှစ်ပေါင်း ၅၆ နှစ်အတွင်း အမေရိကန်၏ အဆင့်မြင့်ဆုံးအရာရှိတစ်ဦးအဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၂ ရက်အထိ ဟီလာရီကလင်တန်သည်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့မှ အဆင့်မြင့်ပုဂ္ဂိုလ်များနှင့်တွေ့ဆုံခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများကို ခြွင်းချက်မရှိလွှတ်ပေးရန်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖြစ်ပေါ်နေသောပဋိပက္ခများကို အဆုံးသတ်ပေးရန်၊ တရားမျှတသောရွေးကောက်ပွဲများ ကျင်းပပေးရန် မြန်မာအစိုးရကို တိုက်တွန်းခဲ့သည်။ မြန်မာအစိုးရက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်နှင့်အမျှ အမေရိကန်အစိုးရကလည်း ဖြေလျှော့မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရန် အဆင်သင့်ရှိကြောင်း အမေရိကန်မူဝါဒကို ချပြခဲ့သည်။

## နာဂစ်မုန်တိုင်း

မြန်မာနိုင်ငံသမိုင်းတွင် ဖျက်အားပြင်းမုန်တိုင်းနှင့် လူအသေအပျောက်အဆုံးအရှုံးများခဲ့သော မုန်တိုင်းမှာ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဖြစ်သည်။ လူပေါင်း တစ်သိန်းလေး သောင်းကျော်သေဆုံးခဲ့သည်။ နာဂစ်မုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင် ကန်ဒေါ်လာ သန်းပေါင်း ၁၀သန်းကျော် ဆုံးရှုံးခဲ့သည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းခဲ့သည်။ နာဂစ်မုန်တိုင်းသည် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ကို ဖြတ်သန်း တိုက်ခတ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးမှာ ထိခိုက်ဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့သည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲဝင်ရန်ဆုံးဖြတ်ချက်

ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီကလည်း သမိုင်းဝင်မည့် ဆုံးဖြတ်ချက်တစ်ခုကို နိုဝင်ဘာ ၁၈ ရက်တွင် ချမှတ်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သော၊ ၁၉၉၀ ရွေးကောက်ပွဲတွင် လူထုဆန္ဒတစ်ခဲနက်ဖြင့် အောင်ပွဲခံခဲ့သော အဆိုပါပါတီက ၂၀၁၁ ကြားဖြတ်ရွေးကောက်ပွဲနှင့် နောင်လာမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု နိုဝင်ဘာ ၁၈ ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်မှာလည်း ၂၀၁၁ ခုနှစ်အတွင်း အထူးခြားဆုံး အခိုက်အတန့်တစ်ခုဖြစ်ခဲ့သည်။

## အိုဘားမား၏ မြန်မာနိုင်ငံဆိုင်ရာ သမိုင်းဝင်မိန့်ခွန်း

နိုဝင်ဘာ ၁၈ ရက်သည် မြန်မာနိုင်ငံအတွက် မင်္ဂလာသတင်းကြီး သုံးခု ပေါ်ထွက်ခဲ့သောနေ့ဖြစ်သည်။ ကမ္ဘာ့စူပါပါဝါ အမေရိကန်သမ္မတ အိုဘားမားက နိုဝင်ဘာ ၁၇တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မိနစ် ၂၀ ခန့် ဖုန်းပြောခဲ့သည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံ ဘာလီမှ အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အိုဘားမား၏ ပထမဆုံးမိန့်ခွန်းကို ပြောကြားခဲ့သည်။ အမှောင်မိုက်ဆုံး ကာလများအလွန်တွင် မှိတ်တုတ်မှိတ်တုတ်တိုးတက်မှုများ(Flicker of Progress) မြန်မာနိုင်ငံ၌ မြင်တွေ့ခဲ့ရပြီဟု အိုဘားမားကဆိုသည်။

မိန့်ခွန်းပြောကြားစဉ် နှစ်ပေါင်း ၅၀ ကျော်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးကို ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံသို့စေလွှတ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

## ပြည်ပရောက် မြန်မာများကို ပြန်လာခွင့်ပြု

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဩဂုတ်လ ၁၇ ရက်တွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပ၌ ရောက်ရှိနေသော မြန်မာများကို ပြန်လာနိုင်ရန် စဉ်းစားပေးမည်ဖြစ်ကြောင်း ပထမဆုံးအကြိမ် ပြောကြားခဲ့သည်။ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများနှင့် နိုင်ငံတော်သမ္မတတို့ ပထမဆုံးအကြိမ် တွေ့ဆုံပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ အစိုးရက ပြည်ပရောက်မြန်မာများကို တရားဝင်ပြန်လာရန်ဖိတ်ခေါ်ခဲ့သည်မှာ ဆယ်စုနှစ် ငါးခုကျော်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

FLASH BACK 2002-2012 MARCH MARCH
7DAY NEWS
Vol.11, No.1 • MARCH 8 , 2012

# လျှော့နည်းအောင် ကြိုးပမ်းရဦးမည့် လက်ဝါးကြီးအုပ်များ

**အောင်သူရ**

သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်ခဲ့ပါပြီ။ တစ်နှစ်ပြည့်ပြောကြားသော မိန့်ခွန်းတွင် "ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေမှာ လက်ဝါးကြီးအုပ်ခြယ်လှယ်ချုပ်ကိုင်ထားတာတွေ လျော့နည်းကျဆင်းသွားပြီး၊ နိုင်ငံသားတိုင်းလက်လှမ်းမီရယူသုံးစွဲနိုင်ရေး အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြောင်းလဲရာမှာလည်း လူတစ်စုလက်ဝယ်သို့ မရောက်ရှိစေရန် မညီမျှမှုများမဖြစ်ပေါ်စေရန် စွမ်းရည်မြှင့်တင်မှုကို အဟန့်အတားမဖြစ်စေဖို့အဘက်ဘက်က သုံးသပ်ပြီးဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၁ ဧပြီလဆန်းက ပြောကြားခဲ့သည့်မိန့်ခွန်းတွင် စီးပွားရေးတွင်လည်း လက်ဝါးကြီးအုပ်မှုများမရှိစေရန်ကြိုးပမ်းမည်ဟုပြောသည်။ သို့သော်အစိုးရအဖွဲ့တာဝန်ယူခဲ့သည့် တစ်နှစ်အတွင်း လက်ဝါးကြီးအုပ် စီးပွားရေးလုပ်ငန်းအချို့ လျော့သွားခဲ့သော်လည်း များစွာကျန်ရှိနေသေးသည်ဟု လုပ်ငန်းရှင်များကပြောသည်။

"စက်မှုဇုန်ဖော်ထုတ်တဲ့လုပ်ငန်းဆက်သွယ်ရေး၊ လေဆိပ်ဝန်ဆောင်မှုနဲ့ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ လက်ရှိလုပ်နေတဲ့ စာရင်းတွေကိုကြည့်ရင်ရှိနေသေးတယ်ဆိုတာသိနိုင်ပါတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလက်ဝါးကြီးအုပ်မှုများရှိနေကြောင်း မှတ်ချက်ပြုသည်။

သို့သော် ယခင်က အစိုးရပိုင်ပစ္စည်းများ ပုဂ္ဂလိကပိုင်ပြုရာတွင် နီးစပ်ရာပေးလေ့ရှိသော်လည်း နောက်ဆုံးပြုလုပ်မည့် တပ်မတော်ပိုင်ပစ္စည်းများ လေလံပစ်ရာတွင်ပွင့်လင်းမြင်သာမှုရှိလာကြောင်း လုပ်ငန်းရှင်များကပြောသည်။ "အရန်လေလံတွေမှာ အကြောင်းပြန်ကြားတာမရှိဘူး။ အခုတပ်မတော်လေလံမှာအကြောင်းပြန်ကြားခံရတယ်။ ကိုယ့်ရဲ့ စီမံကိန်းကိုလည်း ၁၅ မိနစ်လောက်ပြသရတယ်။ ဒီတစ်ခါ အလုပ်လုပ်မယ့်လူကိုပဲ ပေးမှာလို့လည်းပြောတယ်" ဟု လေလံဝင်ဆွဲသူဒေါက်တာစိုးထွန်းကပြောသည်။

ထို့အတူ အစိုးရသက်တမ်းတစ်နှစ်အတွင်း စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် ယခင်က လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသော စားအုန်းဆီလွတ်လပ်စွာတင်သွင်းခွင့်ပြုခြင်းမှာ အထင်ရှားဆုံးနှင့် သက်ရောက်မှုအရှိဆုံးဖြစ်ခဲ့သည်။

ထို့ကြောင့် လက်ရှိစားအုန်းဆီဈေးကွက်တွင် အရည်အသွေးကောင်းသော ဆီများဝင်ရောက်လာပြီး ဈေးနှုန်းမှာလည်း နိုင်ငံခြားဈေးထက် ကျပ်ဆယ်ဂဏန်းသာကွာဟတော့ကြောင်း ကုန်သည်များကပြောသည်။

ဆေးဝါးအပါအဝင် လူသုံးကုန်ပစ္စည်းများ တင်သွင်းခွင့်လိုင်စင်အား လူတစ်စုကိုသာခွင့်ပြုသဖြင့် ဈေးကစားခြင်း၊ အရည်အသွေးမကောင်းမွန်ခြင်းတို့အပြင် လစာတိုးမည်ဆိုပါက ဈေးနှုန်းများ တက်လာခြင်းတို့ ဖြစ်လာကြောင်းလည်း လူသုံးကုန်ပစ္စည်းများ လက်ကားရောင်းချသူတစ်ဦးကပြောသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သော ပြည်တွင်းလေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်းတွင်လည်း လက်ဝါးကြီးအုပ်ချယ်လှယ်မှုများရှိနေကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။ခေတ်သစ်လက်ဝါးကြီးအုပ်သည့် နည်းတစ်ခုမှာ သတင်းလက်ဝါးကြီးအုပ်ခြင်းဖြစ်ပြီး၊ ဥပမာအားဖြင့် စက်မှုဇုန်၊ ဟိုတယ်ဇုန်နှင့် ဇုန်သစ်များဖော်ထုတ်ခြင်းတို့တွင် သတင်းရရှိထားသူများက ဦးစွာဝယ်ယူထားခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုကဲ့သို့မညီမျှမှုများကြောင့် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများ (LDC) စာရင်းဝင်သော မြန်မာနိုင်ငံတွင် လူတန်းစားကွာဟမှုကြီးမားလျက်ရှိသည်။ တိုင်းပြည်က LDC စာရင်းဝင်သော်လည်း လူတန်းစား တစ်စုမှာ များစွာချမ်းသာလျက်ရှိသည်။

"နိုင်ငံတစ်နိုင်ငံမှာလက်ဝါးကြီးအုပ်စီးပွားရေးရှိရင် နိုင်ငံရဲ့ဝင်ငွေလည်ပတ်နိုင်မှုအပေါ်မှာ အထောက်အကူမဖြစ်ဘူး။ လက်ဝါးကြီးအုပ်စီးပွားရေးလုပ်ငန်းတစ်ခုမှာ သိန်းတစ်သောင်းဝင်ငွေရှိတယ်ဆိုရင်အထွေထွေစရိတ်ဖယ်ပြီးရင် သိန်းခြောက်ထောင်လောက်က အဲဒီသူဆီပဲရောက်သွားတယ်" ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက သုံးသပ်သည်။

အစိုးရသစ်လက်ထက်လက်တွင်မူဝါးကြီးအုပ်လုပ်ကိုင်မှုများ တိုင်းရင်းသား လုပ်ငန်းရှင်များထက် တိုင်းတစ်ပါးသားများပိုတွေ့လာရသည်ဟု လုပ်ငန်းရှင်များက ပြောသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံ ဖြစ်သလိုပြည်တွင်းစစ်အရှည်ကြာဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခုအစိုးရလက်ထက်တွင် ထိုပြည်တွင်းစစ်အားအဆုံးသတ်ရန် ကြိုးစားမှုမှာ အတော်အတန်ခရီးပေါက်နေသည်။ လက်နက်ကိုင်အဖွဲ့ တော်တော်များများနှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးရသွားရန်ကြိုးပမ်းလျက်ရှိသည်။ ထိုအဆင့်သွားရာတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ ပါဝင်လာမည်ဖြစ်သည်။

ထိုသို့အပြောင်းအလဲကာလတွင် စီးပွားရေးလောက၌ အောင်မြင်သူများက ဆက်လက်အောင်မြင်ပြီး ကျရှုံးသူများက ကျရှုံးနေဆဲဖြစ်ပါက ထိုတိုင်းပြည်အတွက် ရှေ့ဆက်ရမည့် အပြောင်းအလဲတွင် နှောင့်နှေးမှုများရှိနိုင်ကြောင်း ဗဟုဖွံ့ဖြိုးရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက သုံးသပ်ပြောသည်။

# သဘာဝဘေးအန္တရာယ်များအတွက် အဆင်သင့်ဖြစ်ပြီလား

**အားမာန်၊ အိဖြူမွန်**

မြန်မာနိုင်ငံသို့ မုန်တိုင်းခြောက်နှစ်ဆက်တိုက်ဝင်ပြီး ခြောက်နှစ်အတွင်း မုန်တိုင်းကြောင့် လူတစ်သိန်းကျော် သေဆုံးပြီးသောအခါ အရေးတကြီးမေးစရာမေးခွန်းတစ်ခုရှိလာသည်။ အနာဂတ်တွင်ကြုံတွေ့ရမည့်မုန်တိုင်းများအတွက် မြန်မာနိုင်ငံမှာ အဆင်သင့်ဖြစ်ပါပြီလား သို့မဟုတ် ကမ္ဘာ့နိုင်ငံတိုင်းလိုလိုကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များ ထပ်မံရင်ဆိုင်ရပါက ကျွန်တော်တို့ အဆင်သင့်ဖြစ်ပါပြီလား။

မာလာ၊ အကာရှ်၊ နာဂစ်၊ ဘစ်ဂျ်လီ၊ဂီရိ၊02B။ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မြန်မာ နိုင်ငံသို့တစ်နှစ် တစ်လုံးဝင်ရောက်ခဲ့သော မုန်တိုင်းများ၏ အမည်ဖြစ်သည်။ အဆိုပါ မုန်တိုင်းခြောက်လုံးကြောင့် မြန်မာနိုင်ငံတွင် လူတစ်သိန်းကျော်သေဆုံးခဲ့ပြီး၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ဘီလီယံနှင့် ချီခဲ့သည်။

"တို့တိုင်းပြည်မှာ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးနဲ့ပတ်သက်လို့ ကျွန်တော့်အမြင်နဲ့ပြောရရင် အများကြီးလုပ်စရာလိုသေးတယ်။ ဘယ်ရှုထောင့်မှပြည့်စုံတယ်လို့မမြင်ဘူး။ မုန်တိုင်းခန့်မှန်းချက်တွေ တိုးတက်ဖို့လည်း လိုတာပဲ။ အဲဒီခန့်မှန်းတာတွေလည်း လူထုဆီကို အမြန်ဆုံးနဲ့ အတိကျဆုံးရောက်အောင်လုပ်ဖို့လည်း လိုတာပဲ။ အဲဒီသတိပေးချက်တွေကို လူထုကလည်း နည်း မှန်လမ်းမှန်နဲ့လိုက်နာဖို့လိုတယ်။ အရေးကြီးဆုံးကတော့ကြိုတင်ကာကွယ်ဖို့အသိရှိကိုရှိရမယ်" ဟုမိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကပြောသည်။

ဒေါက်တာထွန်းလွင်မှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဟောင်းဖြစ်သည်။ ၂၀၁၀ မှစတင်၍ Myanmar Climate Change Watch အမည်ရှိရာသီဥတုစောင့်ကြည့်ရေးဝက်ဘ်ဆိုက်တစ်ခုတည်ထောင်ကာ မိုးလေဝသနှင့်ရာသီဥတုဆိုင်ရာ သတင်းများနှင့်ဆောင်းပါးများကို ပုံမှန်လွှင့်တင်ပေးနေသည်။ ထို့ပြင် ၂၀၁၁ ခုနှစ်မှစတင်၍ ထွန်းလွင်ဖောင်ဒေးရှင်းတည်ထောင်ကာ ရာသီဥတုနှင့် သက်ဆိုင်သော ပညာပေးလုပ်ငန်းများကို အရှိန်မြှင့်၍ လုပ်ကိုင်နေသူဖြစ်သည်။

သဘာဝဘေးအန္တရာယ်များ ပိုမိုကြုံတွေ့လာရခြင်းကြောင့် သက်ဆိုင်ရာအစိုးရဌာနများက ယခင်ကထက်စာလျှင် ထို့အတွက် ပိုမိုပြင်ဆင်လာသော်လည်း လုပ်ဆောင်စရာများစွာရှိနေသေးခြင်း ဖြစ်ကြောင်း ဒေါက်တာထွန်းလွင် ကထောက်ပြသည်။

ခန့်မှန်းရေးလုပ်ငန်းများတွင် ယခုထက်ပိုမို၍ ခေတ်မီရန်၊ သတိပေးစနစ်များ ထူထောင်ရန်၊ မိုးလေဝသ သတင်းနှင့် သဘာဝအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို နိုင်ငံတကာတွင် ကျင့်သုံးနေသော သတင်းတိုပို့စနစ်(SMS)အကောင်အထည်ဖော်ရန်၊ မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက တိမ်းရှောင်နိုင်ရန် အဆောက်အအုံများ ပိုမိုဆောက်လုပ်ရန်၊ လူထုက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဗဟုသုတပြည့်ဝရန်နှင့် အမြဲသတိရှိရန်အတွက် ပညာပေးလုပ်ငန်းများ အရှိန်မြှင့်ရန် စသော လုပ်ဆောင်စရာများစွာ ရှိနေသေးကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

"ကျွန်တော် မိုး/ဇလမှာ ရှိတုန်းကအထိ Cyclone Shelter ၁၈ လုံးရှိတာ။ အခု ဘယ်လောက်ရှိသွားပြီလဲတော့ မသိဘူး။ ဘင်္ဂလားဒေ့ရှ်မှာ အလုံးသုံးထောင်လောက်ရှိတယ်" ဟု ဒေါက်တာထွန်းလွင်က သဘာဝဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံသည့် အဆောက်အအုံများ ပိုမိုဆောက်လုပ်ရန်လိုအပ်ခြင်းကို ဥပမာပေးပြောကြားသည်။



၂၀၁၀ နှစ်ကုန်ပိုင်းတွင်တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းသင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်မှ ကျေးရွာတစ်ရွာကို တွေ့ရစဉ်

ဓာတ်ပုံ - အားမာန်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း နာဂစ်မုန်တိုင်းကြုံပြီးနောက်ပိုင်းတွင် တိုင်းတာရေး၊ ခန့်မှန်းရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကိုပိုမိုတိုးတက်အောင်ဆောင်ရွက်နေကြောင်း အဆိုပါဌာနမှညွှန်ကြားရေးမှူးဦးချစ်ကျော်ကပြောသည်။ သို့သော် လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"မြို့နယ်၊ ရပ်ကွက်၊ ရွာအလိုက်၊ ခရိုင်အလိုက်ပြောနိုင်ဖို့ဆိုရင် (မုန်တိုင်းတိုက်မည်၊ ရေကြီးမည် စသောသတင်းများကို နေရာအတိအကျခန့်မှန်းနိုင်ရန်) မိုင် ၁၂၀ဝန်းကျင်အထိ တိုင်းတာနိုင်မယ့်မုန်တိုင်းရေဒါလိုတယ်။ မုန်တိုင်းရေဒါတစ်လုံးက ဒေါ်လာ ငါးသန်းနဲ့ ခုနစ်သန်းကြားရှိတယ်။ ၁၉၉၇ တုန်းက ရှိတာ။ အခု ပျက်သွားပြီ။ အဲဒီလို ရေဒါထားလိုက်ရင် အတိအကျသိရတာပေါ့။ လိုတာတွေက အများကြီးပေါ့ဗျာ။ မုန်တိုင်းရေဒါက တစ်နိုင်ငံလုံးအနေနဲ့ဆိုရင် တစ်လုံးတည်း မလုံလောက်ဘူး။ အကုန်လုံးကိုတပ်သင့်တယ်" ဟု ဦးချစ်ကျော်ကလည်း မုန်တိုင်းရေဒါလိုအပ်ချက်နှင့်ပတ်သက်၍ပြောသည်။

သို့သော် ယခုအခါ ဂျပန်နိုင်ငံက မုန်တိုင်းရေဒါသုံးလုံးလှူဒါန်းမည်ဟုပြောကြားထားကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

လာမည့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ် သဘာဝဘေးအန္တရာယ်များကျရောက်ပါက သုံးစွဲရန် ကျပ်သန်းပေါင်းတစ်သိန်း (ကျပ် ၁၀၀ ဘီလီယံ)သီးသန့်ရန်ပုံငွေအဖြစ် လျာထားကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယခုကျင်းပနေသော လွှတ်တော်တွင်ပြောသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်အတွက် အစိုးရက ပိုမိုအလေးထားလာကြောင်းမှာ သိသာသည်။

သို့သော် သဘာဝဘေးအန္တရာယ်မှာ ဖြစ်မှပြုလုပ်ခြင်းထက်ကြိုတင်ကာကွယ်မှုမှာအကောင်းဆုံးနည်းလမ်းဖြစ်သည်။ လူထုက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဗဟုသုတပြည့်ဝပြီး၊ မုန်တိုင်းလာလျှင် မည်သို့ဆောင်ရွက်ရမည်၊ ငလျင်လှုပ်လျှင် မည်သို့လုပ်ရမည်ကိုသိထားကာ၊ လက်တွေ့ဆောင်ရွက်ရန်မှာ အရေးကြီးသောအချက်တစ်ချက်ဖြစ်ကြောင်း ဦးထွန်းလွင်နှင့် ဦးချစ်ကျော်တို့က ပြောသည်။ မိုး/ဇလက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ သင်တန်းများ ပို့ချနေသည်များလည်းရှိသည်။ မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကလည်း နိုင်ငံတစ်ဝန်းတွင် ရာသီဥတုနှင့်ပတ်သက်သော ပညာပေးဟောပြောပွဲပေါင်း ၁၅၀ ကျော်ကို ၂နှစ်အတွင်း လိုက်လံဟောပြောခဲ့သည်။ သို့သော် လူထုမှာ ယခုထက်ပိုမို၍ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဗဟုသုတရှိရန်လိုနေဆဲဖြစ်၏။

အရေးကြီးဆုံးအချက်တစ်ချက်မှာ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များ မွေးထုတ်ပေးရန်ဖြစ်ကြောင်းလည်း ဒေါက်တာထွန်းလွင်ကပြောသည်။

ဆက်လက်၍ သတိထားရမည့်သဘာဝဘေးအန္တရာယ်များမှာ မုန်တိုင်းနှင့် အစွန်းရောက်ရာသီဥတုများဖြစ်ကြောင်း ၎င်းက ပြောသည်။"မုန်တိုင်းလာရင်တစ်နာရီလေတိုက်နှုန်း ဘယ်လောက်နဲ့တိုက်မယ်၊ အလယ်ဆိုရင်ဘယ်လောက်၊ နောက်ဆုံးဆိုရင် ဘယ်လောက်အတိအကျသိချင်တယ်" ဟု ရခိုင်ပြည်နယ်မြေပုံမြို့နယ်မှ ဦးစိုးနိုင်ကလည်း ပြောသည်။

ကြုံခဲ့သော နာဂစ်၊ ဂီရိမုန်တိုင်းများနှင့် ပခုက္ကူ ရုတ်တရက်ရေကြီးမှုကဲ့သို့ သဘာဝဘေးအန္တရာယ်တိုင်းတွင် သက်ဆိုင်ရာဌာနများမှ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ရာတွင် အားနည်းချက်များရှိခဲ့သည်။


လုပ်ငန်းခွင်ဝင်နေသော မင်းမင်းဇော်ကိုတွေ့ရစဉ်

# ကျောင်းစုံပန်းများ ဖူးပွင့်ပါစေ

**အားမာန်**

ဆံပင်ခပ်တိုတိုကို ဆီပြောင်နေအောင် လိမ်းထားသည်။ သနပ်ခါးပါးကွက်ကျားခပ်ထူထူကိုလည်း လိမ်းကျံထားသေး၏။ ကာကီရောင်အကျႌခပ်ပွပွနှင့် ဘောင်းဘီကိုဝတ်ထားသော သူက စားပွဲဝိုင်းများတစ်ခုမှတစ်ခုသို့ လျင်မြန်စွာ ပြေးလွှားနေသည်။ မကြာခဏနှုတ်မှလည်း "ဝမ်းတီး ချိုဆိမ့်၊ ပုံမှန်တူး"ဟူ၍ စကားသံခပ်ကျယ်ကျယ်ထွက်လာလေ့ရှိ၏။

သူ၏လှုပ်ရှားမှုတိုင်းမှာဖျတ်လတ်တက်ကြွနေသည်။ အသက် ၁၂ နှစ်အရွယ် မင်းမင်းဇော်၏ နိစ္စဓူဝအလုပ်မှာ ဆိုင်အတွင်း ခင်းကျင်းထားသော စားပွဲဝိုင်း ၂၀ နီးပါးကို တစ်ဝိုင်းမှ တစ်ဝိုင်းလူးလာခေါက်ပြန် စားပွဲထိုးရသည့် အလုပ်ဖြစ်သည်။

"တစ်ခါတလေ ကျောင်းမနေရတော့လို့ ဝမ်းနည်းတယ်။ ကျောင်းဆက်မနေရတော့ ပညာတတ်ကြီး မဖြစ်နိုင်တော့ဘူးပေါ့" ငါးတန်းအရောက်ကျောင်းဆက်မနေရတော့ဘဲ မိသားစုအရေးအတွက် လက်ဖက်ရည်ဆိုင်၌ စားပွဲထိုးလုပ်ခဲ့သောမင်းမင်းဇော်က သူ၏ခံစားချက်ကိုဖွင့်ဟသည်။ အထက်ပါစကားဆိုစဉ်သူ့မျက်နှာခေတ္တညှိုးသွားသော်လည်း လုပ်ငန်းခွင်အကြောင်းစကားဆက်ရာတွင် ကျေနပ်စွာပြုံး၍ "ဒီမှာသူငယ်ချင်းတွေအများကြီးရှိတယ်။ အကုန်လုံးကသူငယ်ချင်းတွေချည်းပဲ။ ပျော်ပျော်ပါးပါးဆော့လို့ရတယ်။ တီဗွီကြည့်လို့လည်းရတယ်"ဟု ၁၂ နှစ်အရွယ်သူက သွက်သွက်လက်လက်ပြောသည်။

---

ချဉ်းတစ်ယောက် ညအိပ်ရာဝင်တိုင်းဘုရားရှိခိုးရင်းတောင်းသော ဆုတစ်ခုရှိသည်။ "အဖေနဲ့ အမေကျန်းမာပါစေ" ဆိုသောဆုပင်။ လွန်ခဲ့သည့် လေးနှစ်ခန့်ကတည်းက ညအိပ်ရာဝင်တိုင်း တောင်းခဲ့သောဆုမှာမိသားစုနှင့် အခုလိုဝေးနေသောအချိန်တွင်လည်း သူမပျက်ကွက်ခဲ့။ အသက် ၁၃ နှစ်အရွယ် ချဉ်း တစ်ယောက် မိသားစုနှင့်အတူ မနေရသည်မှာ ကိုးလခန့်ရှိလေပြီ။ မကွေးတိုင်းဒေသကြီး၊မကွေးမြို့နယ်စံပြကျေးရွာတွင်နေသောသူက မိသားစုအတွက် ဝင်ငွေရှာရန် မုံရွာမြို့ပေါ်ရှိလက်ဖက်ရည်ဆိုင်၌ စားပွဲထိုးလုပ်ကိုင်ရန် ထွက်ခွာခဲ့သောကြောင့်ပင်။ ချဉ်း တို့ရွာနှင့် အနီးဝန်းကျင်ရွာများမှ ကလေးအများစုမှာလည်း စားပွဲထိုးလုပ်နိုင်သည်နှင့် မြို့ပေါ် တက်အလုပ်လုပ်ကြ၍ သူ့အတွက်ဒီအလုပ်မှာအဆန်းတကြယ်ဖြစ်မနေတော့ပေ။

မင်းမင်းဇော်နှင့် ချဉ်းတို့မှာ ကျေးလက်ဒေသများမှ မိဘများနှင့်ခွဲခွာကာ မြို့တက်အလုပ်လုပ်ကြခြင်းဖြစ်သည်။ သူတို့နှင့်ရွယ်တူ ကလေးအများစုကျောင်းစိမ်းဝတ်စုံများဖြင့် ကျောင်းတက်နေချိန်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် မိသားစုတာဝန်ခွဲယူရန် သူတို့နှစ်ဦးစလုံး စောစီးစွာ စာသင်ကျောင်းကိုစွန့်ခွာခဲ့ကြရသည်။ သို့သော် သူတို့နှစ်ဦးစလုံးတွင် ခိုင်မာသော ဘဝရည်မှန်းချက်များကတော့ ရှိနေသည်။

သူတို့နှစ်ဦးကဲ့သို့ပင် စာသင်ကျောင်းများကို စွန့်ခွာ၍မိသားစုစားဝတ်နေရေးအတွက်အလုပ်လုပ်ကိုင်သူ တစ်နိုင်ငံလုံးတွင် အရေအတွက်များစွာရှိသည်။ ချဉ်းနှင့် မင်းမင်းဇော်တို့ အလုပ်လုပ်သည့် မုံရွာတစ်မြို့တည်းမှာပင် လက်ဖက်ရည်ဆိုင်နှင့်စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသူ တစ်ထောင်ဝန်းကျင် ရှိသည်။ သူတို့ကဲ့သို့ အရွယ်များအတွက် အလုပ်အကိုင် အများဆုံးဖန်တီးနေသောမြို့များမှာ ရန်ကုန်နှင့် မန္တလေးမြို့တို့ဖြစ်၏။ ထိုမြို့ကြီးများရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တို့တွင်သူတို့အတွက် အလုပ်အကိုင်များစွာရှိသည်။ ယောကျ်ားလေးများသာမက သူတို့အရွယ် မိန်းကလေးများမှာ ဆိုင်အကူ၊ အိမ်အကူ(အိမ်ဖော်) ကဲ့သို့ အလုပ်မျိုးလုပ်ကိုင်နေကြသူများစွာရှိ၏။ တစ်နိုင်ငံလုံးရှိ မြို့တိုင်းမှ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များအများစုမှာလည်း သူတို့လုပ်အားကို အားထားရသည်။

လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ဖွင့်လှစ်ထားသူ အချို့၏အဆိုအရ တစ်နိုင်ငံလုံးတွင် မင်းမင်းဇော်နှင့် ချဉ်းတို့အရွယ် အလုပ်မျိုးစုံတွင် ဝင်ရောက်လုပ်ကိုင်နေသူပေါင်း သိန်းနှင့်ချီပြီးရှိသည်။

"ကျွန်တော်တို့ရွာနားက ကလေးတွေလည်းကျွန်တော့်လိုပဲ မြို့ပေါ်တက်အလုပ်လုပ်ကြတာ"ဟု ချဉ်းကလည်းဆိုသည်။

စာတော်ပြီးကျောင်းဆက်နေချင်လျက်လေးတန်းအရောက်ကျောင်းထွက်ခဲ့ခြင်းမှာ မိသားစုစားဝတ်နေရေးကြောင့် ဖြစ်ကြောင်း မင်းမင်းဇော်ကရှင်းပြသည်။ ရွှေဘိုမြို့နယ်၊ လိပ်ချင်းရွာဇာတိ မင်းမင်းဇော်မိသားစုတွင် မိခင်၊ ဖခင်၊ အစ်မတစ်ဦး၊ ညီမနှစ်ဦး၊ ညီတစ်ဦးနှင့် သူအပါအဝင် ခုနစ်ဦးရှိသည်။ သူ၏အဖေမှာ ဆန်စက်တွင်အလုပ်လုပ်ပြီး သူ၏အမေမှာ ယခု မင်းမင်းဇော်အလုပ်လုပ်သည့် လက်ဖက်ရည်ဆိုင်၏ မီးဖိုချောင်၌ အလုပ်လုပ်နေသည်။ မိသားစုစားဝတ်နေရေးအတွက် မင်းမင်းဇော်အစ်မမှာလည်း လေးတန်းအရောက်ကျောင်းထွက်၍ ရွာ၌ ပေါင်းနုတ်၊ မြက်သင်၍ တောင်ယာအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်နေသည်။

မောင်နှမငါးဦးတွင် အကြီးဖြစ်သောသူတို့နှစ်ဦးက ညီငယ်၊ ညီမငယ်များအတွက် အနစ်နာခံခြင်းဖြစ်သည်။ မင်းမင်းဇော်စအလုပ်လုပ်သော လက်ဖက်ရည်ဆိုင်မှာ ရွှေဘိုမြို့မှဖြစ်သည်။ မုံရွာမြို့တွင် လက်ရှိ သူလုပ်နေသောလက်ဖက်ရည်ဆိုင်သို့ရောက်လာသည်မှာ ရှစ်လကျော်သာရှိသေးသည်။ ယခင်လက်ဖက်ရည်ဆိုင်တွင် စရိတ်ငြိမ်းတစ်လ လစာတစ်သောင်းငါးထောင်ကျပ်ရသော်လည်း လက်ရှိဆိုင်တွင် အလုပ်ဝင်စမှာပင်စရိတ်ငြိမ်းတစ်လနှစ်သောင်းရသည်။

ထို့နောက် အလုပ်ကြိုးစားသော သူ့ကို ဆိုင်ပိုင်ရှင်များက ၂၂,၂၀၀ ကျပ်၊ ထို့မှ ၂၅,၀၀၀ ကျပ်၊ ယခုနောက်ဆုံး ၂၇,၀၀၀ ကျပ် အထိလစာတိုးပေးခဲ့သည်။ ရသည့်လုပ်ခလစာအားလုံး ကို မိသားစုထံသို့ သူအကုန်ပို့ပေးခဲ့သည်။ သူတို့မိသားစုစားဝတ်နေရေးပိုအဆင်ပြေလာရာတွင် ဝင်ငွေအဓိက ရှာပေးသူများဖြစ်လာသော မင်းမင်းဇော်နှင့် သူ့အစ်မတို့က သူတို့မိဘများထံမှ ကတိတစ်ခုတောင်းထားသည်။ နှစ်တန်းတွင် ပညာသင်နေသောသူတို့၏ ညီမနှစ်ဦးနှင့် တစ်တန်းကျောင်းသားညီငယ်ကို သူတို့ကဲ့သို့ ကျောင်းမထုတ်ရန်ဖြစ်သည်။

"ညီနဲ့ညီမတွေကို ကျောင်းမထုတ်ရဘူးလို့ပြောထားတယ်။ အဖေနဲ့ အမေကလည်း သဘောတူတယ်"ဟု အသက် ၁၂ နှစ်အရွယ်သူကတည်ငြိမ်စွာပြောသည်။ သူကကျောင်းမနေရတော့သော်လည်းပညာသင်ယူခြင်း၏တန်ဖိုးကို ကောင်းစွာသိသည်။ မင်းမင်းဇော်မှာတတိယတန်းတွင်အတန်းထဲ၌ ဒုတိယဆုရသည်။ စာတော်သူဖြစ်၍ ပညာဆက်သင်ခွင့်ရလိုသော်လည်း မိသားစု အရေးအတွက် သူကျေနပ်စွာ အနစ်နာခံရင်းအလုပ်ကြိုးစားနေသူဖြစ်၏။

"သူငယ်ချင်းတွေ မြင်ရင်တော့ (ကျောင်းနေဖက်သူငယ်ချင်းများ ကျောင်းတက်နေသည်ကိုမြင်လျှင်) ဝမ်းနည်းတယ်။ ကျောင်းထွက်ခဲ့တဲ့ တစ်နှစ်ကျော်လောက်မှာသုံး၊လေးခါငိုဖူးတယ်"ဟု မင်းမင်းဇော်က သူ၏ ခံစားချက်ကို ရိုးသားစွာဖွင့်ပြောသည်။

မကွေးမြို့နယ်၊စံပြရွာဇာတိ ချဉ်းမှာ ညီအစ်ကို မောင်နှမလေးဦးတွင် သုံးယောက်မြောက်ဖြစ်သည်။ သူ၏အဖေက နေ့စားအလုပ်သမားဖြစ်၍သူ၏အမေမှာ ဈေးရောင်းသည်။ သူလည်း မင်းမင်းဇော်ကဲ့သို့ လေးတန်းအောင်ပြီးမှ မိသားစုစားဝတ်နေရေးအတွက်ကျောင်းမှထွက်၍ မြို့ပေါ်တက်အလုပ်လုပ်ခဲ့သည်။ သူသည် တတိယတန်းတွင် ဒုတိယဆုရဖူးသည်။ ချဉ်း၏ အစ်ကိုနှင့် အစ်မနှစ်ဦးမှာလည်း လေးတန်းနှင့် နှစ်တန်းမှာပင် ကျောင်းမှထွက်၍ အလုပ်လုပ်နေကြသည်။

"ဒီကိုရောက်တာကံကောင်းတယ်။ ဆိုင်ရှင်ကသဘောကောင်းလို့။ ဒီမှာဘုရားဖူးသွားရတယ်။ တီဗွီလည်း ကြည့်ရတယ်။ ဒီမှာလုပ်ရတာ ပျော်တယ်"ဟု ချဉ်းက သူ၏ပထမဆုံး လုပ်ငန်းခွင်အကြောင်းဂုဏ်ယူစွာပြောသည်။ သူလည်း အလုပ်ကြိုးစားသူတစ်ယောက်ဖြစ်၍ ရောက်စတွင် စရိတ်ငြိမ်း နှစ်သောင်းကျပ်သာရခဲ့သော်လည်း အခု နှစ်သောင်းခုနစ်ထောင်ကျပ်ရသည်။ သူရသည့် လစာများကို အိမ်သို့ ပို့ပေးနေသည်မှာ နှစ်သိန်းကျော်ရှိသွားပြီဖြစ်သည်။

"ကျွန်တော်ကောင်မလေးစိတ်မဝင်စားဘူး။ ဒီလဘောင်းဘီရှည်စဝယ်မှာ"ဟု အသက် ၁၃ နှစ်အရွယ် ချဉ်းက သူ့အတွက် ပထမဆုံးဘောင်းဘီရှည်ဝယ်ရန် အစီအစဉ်ကိုပြောသည်။ ဘောင်းဘီရှည်ဝယ်ရန် သူစုထားငွေ တစ်သောင်းလည်း သူ့တွင်ရှိနေလေပြီ။ ဆိုင်တစ်ဆိုင်တွင် အတူလုပ်သော မင်းမင်းဇော်နှင့် ချဉ်းတို့ နိစ္စဓူဝအလုပ်မှာနံနက်လင်းသည်နှင့် မျက်နှာသစ် ရေချိုးပြီး သနပ်ခါးလိမ်းသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်သို့လာရောက်စားသောက်သူများကို အကောင်းဆုံးဝန်ဆောင်မှုပေးသည်။ နေ့ခင်းပိုင်း ထမင်းစားပြီးလျှင် တစ်ကြိမ်နားကာ ညနေပိုင်းတွင် အလုပ်ဆက်လုပ်ရသည်။ ရွာတွင်လုပ်ခဲ့သည့်အလုပ်များနှင့်စာလျှင် ယခု အလုပ်မှာသူတို့အတွက် မပင်ပန်းဟု သူတို့က ရှင်းလင်းစွာဆိုသည်။

သူတို့နှင့်အလုပ်တူသော်လည်း ရွာတွင်လုပ်ခဲ့ရသည်ထက် ပိုပင်ပန်းသည်ဟုဆိုသူက အသက် ၁၃ နှစ်အရွယ် အောင်နေလင်း(အမည်ပြောင်း)ဖြစ်သည်။ ပန်းတနော်မြို့နယ် အုတ်ခြစ်ကုန်းရွာမှလာ၍ ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်နေသည်မှာ တစ်နှစ်ကျော်လေပြီ။ နံနက် ၅ နာရီမှ ည ၁၀ နာရီခွဲအထိ လုပ်ငန်းခွင် ဝင်ရ၍ရွာတွင်လုပ်ခဲ့ရသည်များထက် ပိုပင်ပန်းကြောင်း သူဖွင့်ဟခြင်းဖြစ်သည်။ သို့သော်စရိတ်ငြိမ်းတစ်လ နှစ်သောင်းရ၍ ယခုအလုပ်တွင် သူပျော်ကြောင်း စကားဆက်သည်။

"ငါးတန်းအထိကျောင်းနေဖူးတယ်။ ကျောင်းတော့ ဆက်နေချင်တယ်။ ဒါပေမဲ့ မိသားစုအခြေအနေ၊ ဘဝအခြေအနေကြောင့် မနေနိုင်ဘူးလေ"ဟု အောင်နေလင်းက လက်ဖက်ရည်နှင့် ပဲပလာတာမုန့်ဖိုးသိမ်းရင်း ချိုသာစွာပြောလေသည်။ ညီအစ်ကိုမောင်နှမငါးဦးရှိသည်။ အောင်နေလင်းတို့မိသားစုတွင် သူ့အစ်ကိုတစ်ဦးမှာလည်း ရန်ကုန်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ စားပွဲထိုးလုပ်နေသည်။

သူတို့ကဲ့သို့ စာသင်ခန်းများကို စောစီးစွာ စွန့်ခွာ၍ အလုပ်လုပ်နေကြသူအားလုံးမှာမိသားစုစားဝတ်နေရေးကို တစ်ထောင့်တစ်နေရာမှ ကူညီနိုင်ရန် ကြိုးပမ်းနေသူများပင်ဖြစ်သည်။ သူတို့က အသက်ငယ်ကြသော်လည်း မိသားစုတွင် အရေးပါသူများဖြစ်သည်။

သူတို့အရွယ်များကို စားပွဲထိုးတာဝန်ပေးခြင်းမှာ အားသာချက်များစွာရှိကြောင်း လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ဖွင့်လှစ်ထားသူအချို့ကပြောသည်။ အရွယ်ရောက်ပြီးသူများကိုပေးရသည်နှင့်စာလျှင် လုပ်ခလစာသက်သာခြင်း၊ ငယ်ရွယ်သူများဖြစ်၍ သင်ပြဆုံးမရသည်မှာလွယ်ကူခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း ၎င်းတို့က ရှင်းပြသည်။

သို့သော် ကျောင်းနေရမည့်အရွယ်တွင် ကျောင်းကို စွန့်ခွာ၍ လုပ်ငန်းခွင်သို့ စောစီးစွာဝင်သူများ လာခြင်းမှာ ၎င်းတို့၏ အနာဂတ်သာမက တိုင်းပြည်၏ အနာဂတ်အပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း ပညာရှင်များက ပြောသည်။ မြန်မာနိုင်ငံတွင်လည်း မိသားစုတာဝန် ခွဲဝေယူရင်း စာသင်ကျောင်းများကိုစွန့်၍ လုပ်ငန်းခွင်ဝင်နေကြသောကလေးငယ်များစွာရှိ၍ သူတို့၏ အရေးကို အလေးထားရန်လိုကြောင်း ပညာရှင်အချို့က အကြံပြုသည်။

"လူတချို့ပြောနေသလို ကလေးတွေကို အလုပ်မလုပ်ခိုင်းဘူး၊ အလုပ်ရှင်တွေကို အရေးယူမယ်ဆိုတာမျိုးက လုပ်လို့မရဘူး။ အဲဒီလိုလုပ်ရင် ကလေးတွေအလုပ်ပြုတ်ကုန်ရင် ပြဿနာပိုကြီးလာမှာ။ ဒါကြောင့် သူတို့ကိုလည်း ပိုနေမြဲ ကျားနေမြဲအတိုင်း အလုပ်လုပ်ဖို့ခွင့်ပြုရမှာဖြစ်သလိုကလေးတွေရဲ့ ပညာရေးအခွင့်အရေး မဆုံးရှုံးအောင် ဖန်တီးပေးရမှာ"ဟု စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရှင်ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

ထိုသို့ ဖန်တီးပေးရာတွင် ကလေးများကို ကျောင်းရောက်အောင်ခေါ်ယူခြင်းထက်မိသားစုအတွက် အလုပ်လုပ်နေသော ကလေးငယ်တို့ရှိရာသို့ လိုက်၍သာ သင်ပေးနိုင်ရန် စဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် အတန်းမြင့်ရေးကို ဦးစားမပေးဘဲ လက်တွေ့ဘဝအတွက် အသုံးဝင်မည့်ပညာရပ်ပေးနိုင်ရေးကို အလုပ်အားသည့် အချိန်များတွင် သင်ကြားနိုင်သော ကျောင်းပြင်ပပညာရေးကို သက်ဆိုင်ရာက စဉ်းစားအကောင်အထည်ဖော်ရန် လိုကြောင်း ဒေါက်တာအောင်ထွန်းသက်က အကြံပြုသည်။

"Non Formal Education (ကျောင်းပြင်ပပညာရေး)ကို ထူထောင်ပေးဖို့လိုတယ်။ သူတို့အတွက် သက်ဆိုင်ရာက Creative Solution (ဘက်ပေါင်းစုံစဉ်းစားထားပြီး ဆန်းသစ်သောအဖြေ) ထုတ်ဖို့လိုတယ်။ သူတို့ကိုသင်ပေးတဲ့အခါမှာလည်း ကားဝပ်ရှော့မှာလုပ်တဲ့သူကိုပထဝီသင်ပေးလို့မရဘူး။ လက်ဖက်ရည်ဆိုင်က ကလေးတွေဆိုရင် ဂဏန်းသင်္ချာအဓိကထား သင်ပေးတာမျိုး လုပ်ရမယ်။ လက်တွေ့ကျတဲ့ သင်ရိုးပြဋ္ဌာန်းပေးရမယ်"ဟု ဒေါက်တာအောင်ထွန်းသက်က ဆက်လက်ပြောသည်။

လုပ်ငန်းခွင် ဝင်နေသော ကလေးငယ်များကို အလုပ်အားချိန်များတွင် ပညာသင်ကြားပေးပါက ထိုကလေးငယ်များအတွက်သာမက အလုပ်ရှင်နှင့် နိုင်ငံအတွက်လည်း ကောင်းသောအဖြေဖြစ်သည်။ ဒေါက်တာအောင်ထွန်းသက်က ကုလသမဂ္ဂတွင် ၎င်းတာဝန်ထမ်းဆောင်စဉ် ၁၉၉၉ ခုနှစ်ဝန်းကျင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အိမ်ဖော်များကို

**အချပ်ပို(N)သို့**

# လူနာဆောင် ခွန်ရှစ် ဝါ့ဒ်




■ မြတ်စုမွန်

(၁)

ခွဲစိတ်ခန်း တစ်ခုလုံး ဖျတ်ခနဲ အမှောင်အတိ ကျသွားသည်။ အချိန်ကားည ၈ နာရီခန့်ရှိမည် ထင်သည်။ ခွဲစိတ်ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် လဲလျောင်းနေသော ကျွန်မဗိုက်က ဟောင်းလောင်းပွင့်လျက်သား။

အခန်းတစ်ခုလုံးတွင် ခွဲစိတ်ခန်းသုံး သွေးပေါင်ချိန်တိုင်းစက်မှ မီးသီးသေးသေးလေး၏အလင်းရောင်နှင့် နှလုံးခုန်တိုင်းစက်မှ မီးသီးသေးသေးလေး၏ အလင်းရောင်ကလွဲလျှင် အမှောင်အတိ။ ခွဲစိတ်ဓားကိုပိုင်ပိုင်နိုင်နိုင်ကိုင်ထားမည့် ဆရာဝန်ကသူ့အကူ အလုပ်သင် ဆရာဝန်လေးအား အသံဖြင့်ဆက်သွယ်လျက်ရှိသည်ကို ကျွန်မအတိုင်းသား ကြားနေရသည်။ ပြီးလျှင် ကျွန်မ၏ ဘယ်လက်ညှိုးနှင့် ဆက်သွယ်ထားသည့်နှလုံးခုန်တိုင်းကိရိယာမှ 'တတီတီ'မြည်လျက် ရှိသောအသံကိုလည်းစောစောကထက်ခပ်မြန်မြန်လေးကြားနေရသည်။ ကျွန်မ၏နှလုံးခုန်သံသည်စိတ်လှုပ်ရှားမှုကြောင့် ပိုမိုမြန်ဆန်လာသလား မပြောတတ်။

သို့သော် သေချာသည်က ထိုအချိန်တွင်ဖြစ်ပေါ်လာသော ကျွန်မ၏ ခံစားချက်မှာ ရယ်ချင်သော စိတ်ပင်ဖြစ်သည်။ ပြီးတော့ ဒုတိယခံစားချက်က ကျွန်မကိုတာဝန်ယူခွဲစိတ်ပေးနေသော ခွဲစိတ်ဆရာဝန်၏ အကူအလုပ်သင် ဆရာဝန်ကလေး နဖူးမှ စို့တို့တို့ ချွေးစက်များက ဟောင်းလောင်းပွင့်နေသော ကျွန်မဗိုက်အတွင်း ဆီသို့ ပေါက်ခနဲ ပေါက်ခနဲကျနေမည်ကိုစိုးရိမ်စိတ်ဖြစ်သည်။

တစ်ခုခုလိုအပ်ပါက ကူညီရန် အသင့်စောင့်နေသည့် အမျိုးသမီးဆရာဝန်တစ်ယောက်က မီးအလင်းရောင် တစ်ခုခုရနိုင်ရန် အတွက်ခွဲစိတ်ခန်းအပြင်ဘက်သို့ ထွက်သွားသည့်အသံကို ကြားရသည်။ ထိုအမှောင်ခန်းထဲတွင် ကျွန်မရယ်၊ ခွဲစိတ်ဆရာဝန်ရယ်၊ အကူအလုပ်သင်ဆရာဝန်လေး ရယ်ကျန်ခဲ့ကြသည်ဟုကျွန်မထင်သည်။ "ဘာဆက်လုပ်ရမှာလဲ ဆရာ" ဆိုသည့် အမေးစကားနှင့် "ဘာမှဆက်လုပ်လို့မှမရတာ"ဆိုသည့် အဖြေစကားနှစ်ခွန်းကို တစ်လှည့်စီကြားရသည်။ သူတို့ကို ကျွန်မ မမြင်ရ။ သို့သော် ကျွန်မဗိုက်ကို လက်ဖြင့် ဖိထားသည့် ခံစားချက်ကိုတော့ သိနေသည်။ သွေးထွက်လွန်မည်စိုးသောကြောင့်ထင်၏။ လာမည့်မီးအလင်းရောင်ကိုစောင့်ရင်းကျွန်မ ပြည်သူ့ဆေးရုံကြီးသို့ ရောက်လာရသည့် အဖြစ်ကို ပြန်သတိရမိသည်။

(၂)

သင့်တော်သော မေ့ဆေး၊ ထုံဆေးဖြင့် ခွဲစိတ်ကုသရန် သဘောတူပါသည်

အရေးပေါ်ဌာနတွင်တာဝန်ကျနေသည့် သူနာပြုဆရာမတစ်ဦးယူဆောင်လာသော စာရွက်စာတမ်းပေါ်မှ တံဆိပ်ရိုက်စာတန်းလေးပေါ်တွင် ကျွန်မခပ်မြန်မြန် လက်မှတ်ထိုးပေးလိုက်သည်။

မြန်မြန်ခွဲထုတ်ဖြတ်တောက်လိုက်မှသာလျှင် ညဦးကတည်းက ဒုက္ခပေးနေသည့် အူအတက်ကိစ္စက ရှင်းမည်။ မနက်လင်းသည်နှင့် ဗိုက်ထဲက မခံမရပ်နိုင်အောင် ထိုးအောင့်လာသဖြင့် ဗဟိုစည်အထူးကုဆေးခန်းသို့ သွားရောက်ပြသပြီး အာထရာဆောင်းရိုက်သည်။ မည်သည့်လက္ခဏာမှမပြ။ နောက်ဆုံး၌ အခြားဌာနတွင် ဆေးခန်းထိုင်နေသည့် အထူးကုဆရာဝန်ကြီးတစ်ဦးက လာရောက်ကြည့်ရှုစမ်းသပ်ကာ အူအတက်ရောင်သည်၊ ခွဲစိတ်ကုသရန် လိုအပ်သည်ဟု အဖြေထုတ်ပေးသည်။ ဆေးခန်းအရေးပေါ်ဌာနတွင် တာဝန်ကျနေသည့် ဆရာဝန်က အကယ်၍ ဆေးခန်း၌ ခွဲစိတ်မည်ဆိုပါက ကျပ်ငါးသိန်းမှ ကျပ်ဆယ်သိန်းကြားကုန်ကျနိုင်သည်ဟု အကြမ်းဖျင်းပြောပြသည်။ ထို့ကြောင့်အထူးကုဆေးခန်းများလိုဝန်ဆောင်မှုမကောင်းသော်လည်း စရိတ်စကသက်သာသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကူးပြောင်းလာရခြင်းဖြစ်သည်။

မိမိအား အူအတက်ရောင်သည်ဟု ရောဂါနာမည်တပ်ပေးသော ခွဲစိတ်အထူးကုဆရာဝန်ကြီးကလည်း အဲသည်လိုသေသေချာချာ ရှင်းပြပြီးသားဖြစ်သလိုမိုင်နာကေ့စ်ဟု ပြောထားသဖြင့် အကြီးအကျယ်စိုးရိမ်မှုတော့မရှိ။ လေယာဉ်မောင်၊လေယာဉ်မယ်တွေ၊ သင်္ဘောနှင့် ပင်လယ်ပြင်တွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ရန်သွားမည့် သင်္ဘောသားတွေသည်ပင်လျှင် အချိန်မရွေးဒုက္ခပေးနိုင်သည့်အူအတက်ကိုကြိုတင်ဖြတ်တောက်သွားကြသည် ဟု အားပေးကြသော မိတ်ဆွေများ၏ အားပေးစကားကလည်း အတော်လေးပင် ခွန်အားဖြစ်စေသည်။ ပိုပြီး စိတ်အေးလက်အေးဖြစ်စေသည့်အချက်က ခွဲစိတ်ပေးမည့် ဆရာဝန်က မိမိအား ထုံဆေးဖြင့် ခွဲရမည်ဖြစ်ကြောင်း အခြေအနေကို ကြိုတင်ရှင်းပြပေးခြင်းဖြစ်သည်။ ဆရာဝန်များက ချပ်နှောင်ကာ ခါးရိုးထဲသို့ ဆေးထိုးအပ်ကောက်ကောက်ရှည်ရှည်ကြီးဖြင့် ထုံဆေးထိုးပေးသည်ဟု ကြားဖူးနားဝရှိထားသော မိမိသည် ထိုအချက်မှလွဲလျှင် ဘာကိုမျှ မစိုးရိမ်တော့ပေ။ မျက်စိထဲတွင် အပ်ရှည်ရှည်ကောက်ကောက်ကြီးကို မြင်ယောင်လျက်ပင် သင့်တော်သော မေ့ဆေး/ထုံဆေးဖြင့် ခွဲစိတ်ရန် သဘောတူကြောင်း ခပ်မြန်မြန်လက်မှတ်ထိုးပေးလိုက်သည်။

လူနာတင်ခုတင်ပေါ်ရှိမသတီစရာ ကြေး(ချေး)အကွက်များပေါ်တွင် လဲလျောင်းနေရသည့် အဖြစ်ကလည်း မခံချည့်မခံသာ။

ထိုခဏအတွင်းကျွန်မခုတင်ဘေးတွင် ရပ်လျက်ရှိသည့် ဆရာဝန်၊ သူနာပြုများက ခွဲစိတ်ခန်းဝင်ရန် လိုအပ်ချက်များကို ဂရုတစိုက်ပင်စီစဉ်ကြသည်။ အကြောရှာရခက်သော ကျွန်မလက်ကို ဆေးထိုးအပ်များဖြင့် အကြိမ်ကြိမ်ဖောက်ကာ စိတ်ရှည်လက်ရှည်ဆေးသွင်းပေးနေသော အလုပ်သင် ဆရာဝန်လေးများကို နာလျက်ပင်ကျေးဇူးတင်ရသည်။ မကြာမီကျွန်မခွဲစိတ်ခန်းဝင်ရမည့် အလှည့်ရောက်လာသည်။ ခွဲစိတ်ခန်းဝင်ရန် အကြောဆေးသွင်းရင်း စောင့်နေသည့် ကျွန်မကိုဆေးရုံသန့်ရှင်းရေးဝန်ထမ်းက ခွဲစိတ်ခန်းဝင်ရန်အတွက် အဝတ်လဲရမည်ဟု ပြောကာအရေးပေါ် လူနာအခန်းထောင့်မှ လိုက်ကာရှည်ကြီးများ နောက်သို့ဗီုးချဲပေါ်တွင် ထိုင်စေလျက်ခေါ်ဆောင်သွားတော့သည်။

ခွဲစိတ်ခန်းဝတ်စုံစိမ်းကြီးကိုဝတ်ရမည်အထင်နှင့် လိုက်ကာရှည်ကြီးများနောက်သို့ ဝင်လိုက်ချိန်တွင် ခုတင်တစ်လုံးထောင့်၌ လုံးထွေးလျက်ဖြစ်ကတတ်ဆန်းပုံထားသည့် အဝတ်ပုံတစ်ခုကို မြင်လိုက်ရသည်။ အဖြူရောင်လုံးဝမဟုတ်တော့သော ဝါကျင့်ကျင့်နှင့် ညစ်ပေနေသည့် ဝတ်စုံကိုလက်ညှိုးထိုးပြပြီးလဲခိုင်းသည့် ထိုဝန်ထမ်းစကားကို အောင့်သက်သက်နှင့် လိုက်နာရသည်။ ထိုအဝတ်ကိုလက်လျှိုမဝတ်တော့ဘဲ ကိုယ်ပေါ်တွင် လွှမ်းလျက်ခွဲစိတ်ခန်းသို့ဝင်ခဲ့သည်။

(၃)

ဆရာဝန်ရောက်လာလျှင် ခွဲစိတ်ရန် အဆင်သင့်ဖြစ်နေစေရန်အတွက် စောစောက ဝန်ထမ်းက သေသေချာချာ ဂရုတစိုက်စီစဉ်ပေးသည်။ ငါးမိနစ်တစ်ကြိမ် အချက်ပြမည့် ခွဲစိတ်ခန်းသုံးသွေးပေါင်ချိန်တိုင်းစက်ကြောင့် မစိုးရိမ်ရန်သေချာရှင်းပြသည်။

ဆရာဝန်တွေရောက်လာပြီး သိပ်မကြာခင် ကျွန်မကိုထုံဆေးပေးသည်။ ဖြစ်လာမည့် ခံစားချက်ကို သေသေချာချာ ရှင်းပြသည်။ ခွဲစိတ်ဆရာဝန်၏ ရှင်းပြပုံကစိတ်ရှည်သည်။ လူနာကိုစိတ်လှုပ်ရှားမှုလျော့ကျစေသည်။ ခွန်အားဖြစ်စေသည်ဟု အမှန်တကယ် ခံစားလိုက်ရသည်။ ခါးရိုးထဲသို့ ထိုးထည့်လိုက်သည့် ထုံဆေးကြောင့် ထိုစက္ကန့်ပိုင်းအတွင်း ခန္ဓာကိုယ်တစ်ခုလုံး ပျောက်သွားသလို ထင်လိုက်မိသည်။

"ကဲ စပြီနော်" ဟုတစ်ဦးနှင့်တစ်ဦးအချက်ပေးသည့် ဆရာဝန်၏ အသံနှင့်အတူ ကျွန်မ၏ ဘယ်လက်ညှိုးနှင့်ဆက်သွယ်ထားသော နှလုံးခုန်တိုင်းစက်က တတီတီနှင့် မြည်သံကိုကြားရသည်။ ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် ရယ်စရာ၊ မောစရာလေးများပြောလျက် ပေါ့ပေါ့ပါးပါးပင် ခွဲစိတ်မှုစတင်တော့သည်။ စောစောက စိတ်လှုပ်ရှားမှုက အတော်ပင် ပြေလျော့သွားလေပြီ။ "အူအတက်ကို တွေ့ပြီးလားဆရာ" ဟု ကျွန်မက လှမ်းမေးတော့ ဆရာဝန်က "ညည်းဗိုက်က ပွင့်တောင် မပွင့်သေးဘူးဟ" ဟု ပြန်ဖြေသည်။ မျက်နှာပေါ်တွင် အုပ်ပေးထားသည့် အဝတ်လေးဟနေသည့်နေရာမှ မျက်နှာကြက်ပေါ်ရှိ ခွဲစိတ်ခန်းမီးဆလောင်းကိုချောင်းကြည့်လိုက်တော့ ခွဲစိတ်ကိရိယာတွေ ကိုင်ထားသည့် လက်နှင့် ကျွန်မဗိုက်ပေါ်မှ သွေးတွေကို ခပ်ဝါးဝါး မြင်နေရသည်။ သိပ်မကြာခင် ခပ်ဟဟကွဲနေသော ကျွန်မဗိုက်ကို မြင်လာရသည်။ ဆရာဝန်က ကျွန်မအား မမြင်ရစေရန် ရင်ဘတ်ပေါ်မှကာထားသည့်အဝတ်တန်းလေးကို ကျော်ကြည့်ကာ စိတ်လှုပ်ရှားမှုလျော့စေရန် အရွှန်းစကားလေးများကို ပြောသည်။ လူနာအား ဂရုတစိုက်ရှိလှသည်ကို တွေ့ရသည်။ ပြီးလျှင် စိတ်လှုပ်ရှားမှုကြောင့်ချွေးပြန်နေသည့် အလုပ်သင်ဆရာဝန်လေးကို နောက်ရင်း ပြောင်ရင်းနှင့်ပင် သင်စရာရှိတာ သင်ပေးသွားနေသည်။ ကျွန်မဗိုက်ထဲမှ ကိရိယာများ၏ ဆေးပညာအခေါ်အဝေါ်များကို လက်တွေ့စာမေးပွဲစစ်သလို မေးမြန်းနေလေသည်။ စိတ်လှုပ်ရှားမှုကြောင့်ထင်သည်။ မေးသမျှတလွဲဖြေနေသော ထိုဆရာဝန်လေးကို ခွဲစိတ်ဆရာဝန်ကစိတ်ရှည်လက်ရှည်ပြင်ပေးသည်။ ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်ကြားမှပင် ကျွန်မအသံထွက် အော်ရယ်လိုက်မိသည်။ အကူဆရာဝန်လေးနဖူးမှချွေးများ စီးကျကာအတော်ပင် စိတ်လှုပ်ရှားနေသည့်အတွက် ဆရာဝန်မလေးတစ်ဦးက လူစားထိုးဝင်ကူဖို့ဆဲဆဲမှာပင် ခွဲစိတ်ခန်းတစ်ခုလုံး အမှောင်အတိကျသွားပါတော့သည်။

တစ်မိနစ်လောက်ရှိမည် ထင်သည်။ စောစောကထွက်သွားသည့်ဆရာဝန်မလေးက LCD မီးချောင်းလေးတစ်ခုဆွဲလျက်အခန်းတွင်းသို့ပြန်ဝင်လာကာ ခပ်ဝါးဝါး အလင်းရောင်ဖြင့်သာ ခွဲစိတ်မှုကို ဆက်လက်လုပ်ကြသည်။ သေသေချာချာကို ဂရုစိုက်ကြသည်။ လေးမိနစ်ခန့်ကြာတော့ မီးပြန်လင်းလာသည်။ အိမ်မှာသာဆိုလျှင် ထုံးစံအတိုင်း 'ဟေးခနဲ' ထအော်မိပေမည်။

(၄)

ခွဲစိတ်ခန်းအတွင်းသို့ စဝင်ချိန်မှ စုစုပေါင်းအချိန် တစ်နာရီခွဲခန့်အကြာတွင် ကျွန်မသက်သောင့်သက်သာဖြင့်ပင် ပင်ပန်းလှပြီဖြစ်သော ဆရာဝန်များအား ကျေးဇူးတင်စကားပြောလျက် ခွဲစိတ်ခန်းအပြင်ဘက်သို့ထွက်လာနိုင်ခဲ့သည်။ သန့်ရှင်းရေးလုပ်ပေးသည့် ဦးလေးကို ၅,၀၀၀ ကျပ်ပေးလိုက်ရသည်။ လိုအပ်သောဆေးဝါး၊ ပစ္စည်းကိရိယာများကို ကိုယ်တိုင်ဝယ်ယူရသည်ကလွဲလျှင် ဆရာဝန်ကြေး၊ ခွဲစိတ်ခန်းကြေး၊ ခွဲစိတ်ခ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုသောပြည်သူ့ဆေးရုံကြီး၏စနစ်ကို ကိုယ်တွေ့ကြုံလိုက်ရသည်။

ကျွန်မတက်ရမည့် လူနာဆောင်က 7/8 Word ဖြစ်သည်။ လက်တွန်းလှည်းပေါ်တွင် ကျွန်မကိုတင်လျက် ခွဲစိတ်ခန်းမှ ခွဲစိတ်လူနာဆောင် 7/8 Word သို့ခေါ်ဆောင်သွားလေသည်။

*တစ်ဖက်သို့* ▶▶

## အချပ်ပို(M) - ရောင်စုံပန်းများ ဖူးပွင့်ပါစေ မှ

အလုပ်အားချိန်တွင် ပညာသင်ပေးသည့် အစီအစဉ်မှာ အောင်မြင်ခဲ့ကြောင်း ဥပမာပေးသည်။

ကလေးငယ်များ ပညာသင်ယူရမည့်အချိန်များတွင် လုပ်ငန်းခွင်အသီးသီး၌ လုပ်ကိုင်နေကြရခြင်းမှာ မိသားစုစားဝတ်နေရေး အဆင်မပြေ၍ဖြစ်သည်။ ထို့ကြောင့် ပင်မပြဿနာမှာ စီးပွားရေးပင်ဖြစ်ပြီး၊ အစိုးရသစ်အနေဖြင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါက နောက်ဆက်တွဲ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးပြဿနာများမှာလည်း ဖြေရှင်းပြီးဖြစ်မည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ရှင်းပြသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး၊ အစိုးရသစ်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပြီဖြစ်ကြောင်းလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

ထို့အပြင် ၁၈ နှစ်မပြည့်သေးသော ကလေးငယ်များအား အလုပ်မခိုင်းရန် ဥပဒေပြဋ္ဌာန်းထားသော်လည်း ထိုဥပဒေကို လက်တွေ့လိုက်နာကြရန်၊ကလေးငယ်များ၊ မိဘများနှင့် လုပ်ငန်းရှင်များကို အသိပညာပေးရန်လိုကြောင်းလည်း ဒေါက်တာမြတ်ဉာဏစိုးက ထောက်ပြသည်။ ယခုကိစ္စမှာ အလုပ်လုပ်နေသော ကလေးများကို အခမဲ့သင်ပေးပြီး ကျောင်းသို့ရောက်အောင်ပြုလုပ်ရုံနှင့်မပြေလည်နိုင်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ထို့ကြောင့် လုပ်ငန်းခွင်ဝင်နေသော ကလေးငယ်များကိုလုပ်ငန်းခွင်အရောက် ပညာပေးခြင်းမှာ အသင့်တော်ဆုံးဖြစ်သည်။ ထိုတာဝန်ကို ပညာရေးဝန်ကြီးဌာနတစ်ခုတည်းနှင့် မဆောင်ရွက်နိုင်၍ လူမှုဝန်ထမ်းဦးစီးဌာန ကဲ့သို့သော အခြားဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်းလည်း ဒေါက်တာမြတ်ဉာဏစိုးက ဆက်ပြောသည်။ လက်ရှိတွင် ကလေးငယ်များကို လုပ်ငန်းခွင်အရောက် ပညာသင်ကြားပေးခြင်းကို အင်န်ဂျီအိုအချို့က လုပ်ကိုင်နေသော်လည်း အများက ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုနေဆဲ ဖြစ်သည်။

ကလေးငယ်များကိုလုပ်ငန်းခွင်ပြင်ပပညာသင်ကြားပေးသည့် အစီအစဉ်များ ပေါ်ပေါက်လာပါက ကလေးငယ်များအတွက် အလွန်ကောင်းပြီး၊ မိမိတို့လည်း ကြိုက်နှစ်သက်ကြောင်း လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ သို့သော် အချို့ကလေးငယ်များမှာ ပညာရေးကို စိတ်မဝင်စားတော့သည့်အတွက် အခက်အခဲအနည်းငယ်ရှိနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

မင်းမင်းဇော်နှင့် ချဲဦးတို့နှစ်ဦးစလုံးကတော့ ယခုဘဝတွင် ပညာသင်ကြားခွင့် မရရှိနိုင်တော့ဟု ထင်နေသည်။ သို့သော် သူတို့နှစ်ဦးစလုံးထံတွင် ရည်မှန်းချက်များ ကိုယ်စီရှိကြသည်။

"သူဌေးတွေ၊ ကျောင်းဆရာတွေ တွေ့ရင် အားကျတယ်။ စိတ်ဓာတ်တော့ မကျပါဘူး။ ကြိုးစားရင် တစ်နေ့ဖြစ်မယ်။ အခု မုန့်ဆရာဖြစ်ချင်တယ်။ တစ်နေ့ကျရင် ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်ကြီး ဖွင့်ချင်တယ်"ဟု မင်းမင်းဇော်က သူ၏ရည်မှန်းချက်ကို ပြောပြသည်။

ချဲဦးကလည်း သူရဲ့ရည်မှန်းချက်ကို အောက်ပါအတိုင်း ပြောသည်။

"အဖေနဲ့ အမေကို
လုပ်ကျွေးချင်တယ်"။ ။

7 DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012
FLASH BACK MARCH 2002 - MARCH 2012

ထုံဆေးအသုံးပြုကာ ခွဲစိတ်ထားခြင်းဖြစ်သဖြင့် ခေါင်းနှင့်ခါးကို မလှုပ်ရှား ရဟုဆိုသဖြင့် မျက်စိကိုအသာဖွင့်လျက်လိုက်ပါလာခဲ့မိသည်။

အလင်းရောင်ခပ်မှိန်မှိန် လေးကျနေသည့်လမ်းချိုးလေးတစ်ခုသို့ ချိုးဝင်လိုက်သည်။ လက်တွန်းလှည်းကို တွန်းသွားရင်း တဖြည်းဖြည်း မှောင်လာသည်။ အပြင်ဘက်ကထိုးကျနေသည့် အလင်းရောင်ခပ်မှိန်မှိန်ကိုအားကိုးကာ ကျွန်မကို တွန်းလာသော ဆေးရုံဝန်ထမ်းကို လှမ်းကြည့်တော့ ဘာဆိုဘာမှ သဲသဲကွဲကွဲ မမြင်ရ။ လူတစ်ရပ်စာထက် နည်းနည်းသာမြင့်သော မျက်နှာကြက်တွေကို ကြည့်ရင်းက ကျွန်မကို မြေအောက်ဥမင်တစ်ခုမှ ဖြတ်ကာ လူနာဆောင်သို့ ခေါ်ဆောင်သွားခြင်း မဟုတ်ဘဲရင်ခွဲရုံသို့များ ခေါ်ဆောင်သွားနေသလားဟု မဖွယ်မရာ အထင်ရောက်ကာ ရယ်ချင်သွားလေသည်။ ရေစပ်စပ်ရှိနေသည့် နေရာမျိုးကိုလည်း ဖြတ်သွားရသည်။ မျက်စိမှိတ်ထားရန် ထိုဝန်ထမ်းက ပြောသည့် အချိန်အထိ မီးသီးတစ်လုံးမှ မမြင်ရသေးပေ။ တကယ့်ကို ငိုအားထက်ရယ်အားသန်ခဲ့ရသော ညဦးပိုင်းတစ်ခုဖြစ်လေသည်။

မျက်စိမှိတ်ထားလိုက်သည်။ မညီညာသော ကြမ်းပြင်တွင် တွန်းလှည်းက မကြာခဏခလုတ်တိုက်သည်။ ကျွန်မခန္ဓာကိုယ်ကလည်း ဆတ်ခနဲဆတ်ခနဲ။ ထုံဆေးအရှိန် မပြယ်သေးဖြင့် မနာသော်လည်း ဗိုက်ထဲက လှိုက်ခနဲလှိုက်ခနဲ။ သည်လိုနှင့်အချိန် အတော်ကြာကြာတွန်းလာပြီးနောက်အကွေ့တွေ၊ အကွေ့တွေ အများကြီးကို ကွေ့ကာဖြတ်သန်းခဲ့ပြီးတဲ့ အဆုံးမှာ လူတိုင်းစီးလို့မရသည့်ဆေးရုံဓာတ်လှေကားထဲကိုတွန်းဝင်လိုက်သည်။ ကျွန်မဆေးရုံတက်ရမည့်လူနာအဖြစ်ရောက်ရတော့မှာမို့စိတ်ကို ဒုံးဒုံးချလိုက်သည်။ ဒါတောင်မှ ဓာတ်လှေကား အထွက်ခြေဘောင်လေးက တွန်းလှည်းဘီးကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်သည်။ ဗိုက်ထဲက လှိုက်ခနဲ။

ခုတင်ပေါ် နေသားတကျရောက်ပြီးသည့်နောက် ရပ်စောင့် နေသောဆေးရုံဝန်ထမ်းကို တွန်းလှည်းတွန်းပေးသည့်အတွက် ကျေးဇူးတင်စွာဖြင့်လက်ဖက်ရည်ဖိုး ၁,၀၀၀ ကျပ်ပေးလိုက်သည်။ ညတာဝန်ကျ ဆရာဝန်များက မိနစ်အနည်းငယ်ခြားလျှင် တစ်ကြိမ် လူနာခုတင်တွေဆီရောက်လာပြီးလိုအပ်သလိုကူညီပေးသည်။ ဆေးပိုက်လေခိုတာ၊ ခွဲထားသည့်အရှိန်ကြောင့်ကိုယ် ပူချင်သလိုဖြစ်တာ၊ ဆေးပုလင်းကုန်သွားလို့ နောက်တစ်လုံးချိတ်ရန်လိုအပ်တာ၊ ထုံဆေးပြယ်သဖြင့် နာကျင်မှုကို စတင်ခံစားလာရတာစသဖြင့် လိုအပ်သမျှ အချိန်တိုင်းမှာ ဆရာဝန်ကို ပြေးလွှားခေါ် ကာအကူအညီတောင်းရသည်။ တစ်ညလုံး သူတို့မနားကြရ။ တာဝန်ကျဆရာဝန်လေးတစ်ယောက်ဆိုလျှင် ဝါသနာပါလွန်း သဖြင့် သည်အလုပ်ကိုလုပ်သည့်အမူအရာပေါ် လွင်လှသည်။တစ်ညလုံး အနားမနေဘဲ လူနာခုတင်တွေဆီ လှည့်ပတ်ကြည့်ရှုနေသည်ကိုတွေ့ရသည်။ အမျိုးသမီးလူနာဆောင် အတွင်းလူနာခုတင် အလုံး ၃၀ ခန့်ရှိသည်။

သည်လိုနှင့် မနက် ၂ နာရီ လောက်တွင် မလှုပ်မရှားပက်လက်အနေအထားနှင့်နေရသည့် ကျွန်မသန့်စင်ခန်းသွားရန်ဝေးလို့ ခုတင်အောက်သို့ပင်မဆင်းနိုင်သည့်အတွက် ခုတင်ပေါ် တွင်ပင် ကျန်းမာရေးပြဿနာဖြေရှင်းရန်ကြုံလာလေတော့သည်။ ဝရန်တာဘက်ရှိ သံချိတ်ကြီးနှစ်ခုတပ်ထားသည့်တစ်ခုတည်းသော အစိမ်းရောင်လိုက်ကာလေးကို အားကိုးတကြီးအသုံးပြုရသည်။ အမျိုးသမီးဆောင်ဖြစ်သည့်အတွက် ထိုလိုက်ကာလေးမှာ မျက်နှာပွင့်လှ သည်။ သူ့အကာအကွယ်ကိုယူကာ အရှက်လုံလုံဖြင့် ကျန်းမာရေးပြဿနာကို ဖြေရှင်းကြရသည်။ သို့သော် ခုတင်အလုံး ၃၀ ခန့်ရှိသော ထိုအမျိုးသမီးလူနာ ဆောင်အတွင်း သူတစ်ခုတည်းရှိနေခြင်းအတွက်တော့ ကရိကထအတော်ပင် ဖြစ်ရသည်။

(၅)

ဝန်ဆောင်မှုနှင့်ပတ်သက်လာလျှင် ပုဂ္ဂလိကအထူးကုဆေးခန်းကြီးများကို မယှဉ်သာသော်လည်း ကုန်ကျစရိတ်သက်သာ ပြည်သူ့ဆေးရုံကြီးတွင် မိမိအတွက် အသုံးပြုရမည့် ဆေးဝါးများ ဝယ်ရသည်ကလွဲလျှင် ဆေးရုံဝန်ထမ်းကို တွန်းလှည်းတွန်းပေးခ၊ သန့်ရှင်းရေးလုပ်ပေးခပေးရသည်များမှလွဲလျှင်၊ ဆေးရုံဝင်ပေါက်မှ အစောင့်ကို လူနာလာမေးသည့်ဧည့်သည်က ဝင်ခပေးရသည်ကလွဲလျှင်၊ မည်သည့်ဆရာဝန်ကိုမျှ ငွေပေးရန် မလို။ မည်သည့် ဆရာဝန်ကိုမျှ လူနာတစ်ကြိမ် လာကြည့်တိုင်း အခကြေး ငွေပေးဆောင်ရန်မလို။ သည့်အတွက်လည်း မစည်ကားအပ်သောထိုနေရာမျိုးတွင် စည်ကားနေကြခြင်းဖြစ်ပေလိမ့်မည်။

ငါးရက်မြောက်နေ့တွင် ကျွန်မရန်ကုန်ဆေးရုံကြီး၏ လူနာ ဆောင်ရ၊ ၈ မှဆင်းရတော့မည်။ သို့သော်ကျွန်မရင်ထဲတွင်ဝေဒနာတစ်ခုအစားထိုးဝင်ရောက်လာသည်။ ဘယ်တော့မှ မေ့ ပျောက်မည်မဟုတ်သော အရေး ပေါ် ခန်းတွင် လုံးထွေးပုံထားသည့် ခွဲစိတ်ခန်းအဝင် ဝတ်စုံ၊ ဖျတ်ခနဲအမှောင်အတိကျသွားသည့် အခန်း၊ ရင်ခွဲရုံသို့ခေါ် ဆောင်သွားလေသလားဟု ထင်မှတ်မှားမိသော မြေအောက်လမ်းကလေး နှင့် အစိမ်းရောင်လိုက်ကာကလေးတို့ အကြောင်းကို တရေးရေးပြန်တွေးမိသည်။ ထိုအသုံးအဆောင်များကိုသုံးစွဲရင်း မိမိတို့တွင်လည်း တာဝန်ရှိသည်ဟု ထိုခဏအတွင်း ခံစားလိုက်ရသည်။

ရန်ကုန်မြို့တွင် နိုင်ငံခြားဖြစ်ဆေးဝါးများ တင်သွင်းရောင်းသည့် ဆေးကုမ္ပဏီပေါင်း ၁၀၀ ဝန်းကျင်ရှိသည်ဟုသိရသည်။ဆေးဝါးများအရောင်းမြှင့်တင်ရေးအတွက်ပရိုမိုးရှင်းတွေလုပ်ကြသည်။ ကြော်ငြာကြသည်။ ရုံဖန်ရုံခါတွင်လမ်းပေါ်၌ကမ်းသောလက်ဆောင်နမူနာဆေးလုံးလေးတွေ၊ ရုံးကစားပွဲပေါ် တွင် ဆေးကုမ္ပဏီများမှ ပို့လိုက်သော နမူနာဆေးလုံးလေးတွေခဏခဏရတတ်သည်။ ဆေးရုံများရှိ ပြင်ပလူနာဌာနများ၏ ရှေ့တွင်နမူနာဆေးကတ်လေးများလက်ဆောင်ပေးမည့်ဆေးကုမ္ပဏီဝန်ထမ်းများကိုအမြဲလိုလိုတွေ့ရတတ်သည်။စောစောကအသုံးအဆောင်များကိုမလွဲသာမရှောင်သာ သုံးစွဲကြရသူများအားလုံးကိုယ်စား ထိုဆေးကုမ္ပဏီများကိုအကြံပြုမေတ္တာရပ်ခံချင်သည့် စိတ်ကလေးကပေါ်လာသည်။ အားလုံးအကျိုးရှိစေမည့် ဝင်းဝင်းသီအိုရီလို အကြံမျိုးဖြစ်သည်ဟုယူဆမိသည်။

အကယ်၍ ဆေးရုံမှတာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး တန်ဖိုးကြီးကြီးကုန်ကျခံကာ ပရိုမိုးရှင်းပွဲတွေလုပ်သည့် စရိတ်စကများထဲမှ အနည်းငယ်ဖဲ့ကာ ကုမ္ပဏီတံဆိပ်လေးများပါသော ခွဲစိတ်ခန်းအဝင် ဝတ်စုံသန့်သန့်ရှင်းရှင်းများ၊ အရေးပေါ် ခန်းခုတင်အခင်းသစ်များ၊ ကုမ္ပဏီမှ လှူဒါန်းပါသည်ဟု ကဗ္ဗည်းစာသားထိုးထားသော အော်တိုဂျင်နရေတာ၊ လူနာဆောင်သို့ သွားရာလမ်းတစ်လျှောက် မျက်နှာကြက်များတွင် ကုမ္ပဏီတံဆိပ်လေးများပါသော မီးသီးကလေးများနှင့် လူနာဆောင်များတွင်လည်း ကုမ္ပဏီတံဆိပ်လေးများပါသောလိုက်ကာလေးများကိုဖြည့်ဆည်းလှူပေးမည်ဆိုပါက အားလုံးအကျိုးရှိစေမည်မှာ သေချာလှသည်။ လူနာများအတွက်လည်း ချက်ချင်းလက်ငင်းပင် များစွာအဆင်ပြေစေပါမည်။ ကုမ္ပဏီများအတွက်လည်း ကြော်ငြာပြီးသားဖြစ်စေကာ အကျိုးလည်းရှိပေမည်။

ငါးရက်မြောက်နေ့တွင် ဆေးရုံကြီးမှ ကျန်းမာစွာ ဆင်းခဲ့ရလေပြီ။ သို့သော် လူနာဆောင် ၇၊ ၈ ဝါ့ဒ်ကိုတော့ ဘယ်သောအခါမှ မေ့မည်မထင်။



# ရေအိုးလည်းခွဲမယ် သစ်ကြားသီးလည်း ခိုးမယ်

မောင်သာချို

(တစ်)

တစ်ခါက ဧရာဝတီမြစ်ကြီးမှသည် မြစ်လက်တက်တစ်ခုအဖြစ် ခွဲထွက်၍သွားသော ငဝန်မြစ်ကို မြောက်မှတောင်သို့ကျွန်တော်စုန်ဆင်းခဲ့ဖူးပါသည်။ လေးမျက်နှာတို့ အိုင်သပြုတို့ကို ကျော်လွန်ပြီးနောက် ငသိုင်းချောင်းသို့မရောက်တတ်ရောက်တတ်တွင် ငါးသိုင်းချောင်းနှင့် မျက်စောင်းထိုးအနေအထား၌ ငဝန်မြစ်ကြီး၏ အနောက်ဘက်ကမ်းပါးပေါ်တွင်ရပ်တည်နေသော ရွာကြီးတစ်ရွာကို စက်လှေပေါ်ကမိတ်ဆွေကလက်ညှိုးညွှန်ပြပါသည်။ သူက အဲဒါဒေါင့်ကြီးပဲတဲ့။ ကြည့်စမ်း ကျွန်တော့်စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလိုက်တာ။ ဒါဆိုသည် ရွာက ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ ဇာတိကျေးရွာကလေးပါပဲလား။ အော်

ရခိုင်ရိုးမရဲ့အရိပ်မှာ . . . ။

၆ ဧပြီ ၁၉၂၃ တွင်မွေး၍ ၃၀ နိုဝင်ဘာ ၂၀၀၅ တွင် အနိစ္စရောက်ခဲ့ရှာသော ဆရာကြီးဒေါက်တာသန်းထွန်းက သူ့ဘဝတစ်သက်တာလုံးကို သမိုင်းပညာရပ်ထဲ၌ နှစ်မြှုပ်၍ထားခဲ့သော ပညာရှင်ကြီးဖြစ်ပါသည်။ မအ, အောင်လို့သမိုင်းကိုသင်ရပါတယ် ဟုဆိုလေသူ ဆရာကြီးဒေါက်တာသန်းထွန်း၊ လက်တစ်ဖက်က ကလေးပုခက်ကိုလွှဲရင်းကျန်လက်တစ်ဖက်က စာရေးနေခဲ့ရပါသည် ဆိုသောဆရာကြီးဒေါက်တာသန်းထွန်း၊ မည်သည့်အလုပ်ကို မဆိုကောင်းကောင်းစ၍ ကောင်းကောင်းဆုံးတတ်ပါသည်ဟူသော ဆရာကြီးဒေါက်တာသန်းထွန်း၊ ကိုယ်နှင့်အတူနေသောသူကိုစိတ်မဆင်းရဲစေရဟူသောမူဖြင့် နေထိုင်ခဲ့ပါသည်ဆိုသော ဆရာကြီးဒေါက်တာသန်းထွန်း၊ 'ဒီစာအုပ်က ဖတ်ကောင်းမယ်လို့ အာမမခံ' ဟုဆိုကာ ကိုယ့်စာအုပ်ကို ကိုယ်ရည်ညွှန်းခဲ့လေသူ ဆရာကြီးဒေါက်တာသန်းထွန်း၊ သို့နှယ်ထို့နှယ်သောဆရာကြီးဒေါက်တာသန်းထွန်းတစ်ယောက် ပြုစုရေးသားသွားခဲ့သော စာအုပ်စာတမ်းတွေကဖြင့် ထုနှင့်ထည်နှင့်ကိုပဲကျန်ရစ်ခဲ့ပါလေသည်။

ကျွန်တော့်တွင် "သူတို့နှင့်ကျွန်တော်"ဟူသည့် စာအုပ်ကလေးတစ်အုပ်ရှိပါ၏။ သည်စာအုပ်ကလေးထဲ၌ဆရာကြီးဒေါက်တာသန်းထွန်း၏ ပုံရိပ်တစ်စွန်းတစ်စကို ဖမ်းမိနိုင်ပါသည်။ ထိုစဉ်က ၁၉၆၅ ခုနှစ်များအလွန် မန္တလေး တက္ကသိုလ်တွင် ဆရာကြီး တာဝန်ထမ်းဆောင်နေစဉ် နေ့ရက်များဖြစ်ပါသည်။ တစ်နေ့တက္ကသိုလ်ဆီးနိတ် (Senate) အစည်းအဝေး၌ ကျောင်းသားပြဿနာတစ်ရပ်ကို တင်ပြလာပါသည်။ ကျောင်းဆောင်ပေါ်က သောက်ရေအိုးကို ကျောင်းသားတစ်ယောက်က ပစ်ချကာ ခွဲပစ်လိုက်သည့်အတွက် အရေးယူပေးပါရန် အဆောင်မှူးကတစ်ဆင့် တင်ပြလာခြင်းဖြစ်ပါသည်။ ထိုဆီးနိတ်အစည်းအဝေး၌ စာရေးဆရာ သတင်းစာဆရာကြီးလူထုဦးလှလည်းပါ၊ ပါမောက္ခချုပ်ဦးလှရွှေလည်းပါဝင်ပေရာ မည်ကဲ့သို့ အရေးယူမလဲဟူသော ကိစ္စနှင့်ပတ်သက်၍ ဆရာကြီးဒေါက်တာသန်းထွန်း၏ သဘောထားကိုမေးမြန်းလာပါသည်။ ဆီးနိတ်ရှိ ပုဂ္ဂိုလ်အချို့က မှတ်လောက်သားလောက်ဖြစ်သွားအောင် ထိုကျောင်းသားကိုကျောင်းထုတ်ပစ်ဖို့ ဆန္ဒရှိနေကြသော အခြေအနေလည်း ဖြစ်ပါသည်။

သို့သော် ဆရာကြီးဒေါက်တာသန်းထွန်း၏ သဘောထားဟုပဲဆိုရမလား အကြံပြုချက်ဟုပဲနာမည်တပ်ရမလား ဘာမှန်းမသိသည့် တုံ့ပြန်မှုမှာ ပွဲပျက်သွားသည်ဟုဆိုပါသည်။ ဆရာကြီးက ထိုကျောင်းသားကို မည်သို့အပြစ်ပေးလိုက်ပါဟု တိုက်ရိုက်မဆိုပါ။ သူ့ကိုယ်သူ ပြန်လည်ရည်ညွှန်းပြီးနောက်'ရန်ကုန်တက္ကသိုလ်တွင် နှစ်စဉ် အိုးဆယ်လုံးလောက်ခွဲလေ့ရှိခဲ့သည့် သမိုင်းကျောင်းသားတစ်ယောက်ကတော့ ယခုအခါ သမိုင်းပါမောက္ခလာဖြစ်နေတာပဲ' ဟု ပြောချလိုက်လေသောအခါ ဝေါခနဲရယ်သံများနှင့်အတူ ပွဲပြီးသွားခဲ့ရကြောင်းပင်ဖြစ်ပါသည်။ ဒါက သတင်းစာဆရာ၊ စာရေးဆရာကြီးလူထုဦးလှ၏ ပြန်လည်ပြောပြချက်ကို "သူတို့နှင့် ကျွန်တော်"စာအုပ်ထဲ၌မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။

သည်စာကို ဖတ်ပြီးနောက် အပြုံးနှင့်အတူ ဆရာကြီးကိုပိုလို့ချစ်ခင်သွားမိကာ တိုးလို့လည်း ကြည်ညိုသွားမိကြောင်း ဝန်ခံလိုပါသည်။ ပြစ်မှုနှင့်ပြစ်ဒဏ်။ လူငယ်တို့ ဘာသာဘာဝ ဆိုးတိုးတိုးပေတေတေ ဂျစ်တစ်တစ်နှစ်ကာလများ၌ ကျူးလွန်မိတတ်ကြသော အမှားအယွင်းတို့ကို တစ်ရွေးသားမျှပင် ခွင့်မလွှတ်နိုင်သော စိတ်ဖြင့် စီရင်ချက် အကြီးကြီးတို့ကို ချပစ်လိုက်ခြင်းအား ဆရာကြီး ဒေါက်တာသန်းထွန်းလက်မခံကြောင်းပင် ဖြစ်ပါသည်။ မေတ္တာဖြင့် ယှဉ်ကာ ပြုပြင်ဆုံးမသိမ်းသွင်းခေါ်ဆောင်၍ ရသမျှ သိမ်းသွင်းခေါ်ဆောင်ခြင်းဖြင့် ထိုလူငယ်လမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိသွားသောအခါ အကျိုးကျေးဇူးများနိုင်သည်ဖြစ်လေရာ ဘဝတွေကျိုးကြေသွားအောင် ထစ်ခနဲရှိအရေးယူပစ်လိုက်ခြင်းမျိုးကို ဆရာကြီးဒေါက်တာသန်းထွန်း သဘောမတူပုံပင်ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်မှာတုန်းက ရေအိုးခွဲတဲ့ကောင်ကလေးကို ကျောင်းကနေများ ထုတ်ပစ်မိခဲ့လိုက်ရင် ဒေါက်တာသန်းထွန်းမှ ဖြစ်လာနိုင်ပါ့မလား။

(နှစ်)

ဆရာမြသန်းတင့်၏"လမင်းကို ထရံပေါက်မှ ကြည့်ခြင်း"တွင် ဆရာက ဂျွန်ရပ်စကင်း (John Ruskin) ၏ စကားအချို့ကို ကောက်နုတ်ဖော်ပြခဲ့ဖူးပါသည်။

ဂျွန်ရပ်စကင်းဆိုသည်မှာ ၁၈၁၉ တွင် မွေး၍ ၁၉၀၀ ပြည့်နှစ်တွင် ကွယ်လွန်သော အင်္ဂလိပ်အနုပညာနှင့် လူမှုရေးခေါင်းဆောင်ဖြစ်ပါသည်။ ၁၈၅၂ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ဗြိတိသျှအင်ပါယာကို ချဲ့ထွင်နေချိန်၌ ဂျွန်ရပ်စကင်း ပြောခဲ့သော စကားများထဲမှ တစ်ချက်ကို ကျွန်တော် ကောက်နုတ်ဖော်ပြလိုပါသည်။ ယင်းမှာ "ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ သစ်ကြားသီး ခြောက်လုံးလောက်ခိုးမိတာနဲ့ကလေးတွေကို ထောင်ထဲမပို့ဘူး" ဆိုသည့် စကားပဲဖြစ်ပါသည်။ ဆရာကြီးဒေါက်တာ သန်းထွန်းနဲ့ စိတ်နေသဘောထားခြင်း တူမျှနေလိုက်ကြတာ။

(သုံး)

ငယ်ရွယ်သော၊ နုနယ်သော၊ ဘဝအတွေ့အကြုံကြွယ်ပိုးကြွယ်ဝမရှိရှာသေးသော၊ သို့သော် မိုက်မဲသော ဆိုးပေသော ဂျစ်ကန်ကန်နိုင်သော အရွဲ့တိုက်ချင်သော လက်မောင်းကြွက်သားကို ညှစ်ပြချင်သော လုလင်တို့လုံမတို့က ကျွန်တော်တို့ဝန်းကျင်၌ ရှိနေကြပါသည်။ သူတို့ကို တစ်ဘဝစာမှတ်ရော့ဟုဆိုကာ အပြစ်ပေးကြမလား။ ခွင့်လွှတ်နားချစည်းရုံးကာ လမ်းကြောင်းမှန်ရှိရာဆီ တွန်းပို့ကြမလား။

ကျွန်တော်သာ ပြန်လည်ငယ်ရွယ်၍ ပြန်လည်မိုက်မဲမိခဲ့သော် သောက်ရေအိုးကို ခွဲချင်ပါသည်။ သစ်ကြားသီးကိုလည်း ခိုးချင်ပါသည်။ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ အရှေ့မှာပေါ့။ ဂျွန်ရပ်စကင်းရဲ့ အရှေ့မှာပေါ့။ ။

FLASH BACK 2002 MARCH - 2012 MARCH

7DAY NEWS JOURNAL

Vol.11, No.1 • MARCH 8 , 2012




# စံထီ့ ရေဒီယို ဘယ်သူခိုးသလဲ

သင်းရီ

ခုတလော မကြာခဏ ဆိုသလို 'စံထီ' ကိုသတိရနေမိ၏။

အတ္တအလိုရမ္မက်ကြီးသူတွေကိုမြင်လျှင်၊ ကိုယ့်တာဝန် ကိုယ်မကျေသူတွေကိုမြင်လျှင်၊ ကိုယ့်နေရာအမှန်ကိုကိုယ် မသိတတ်ကြသူတွေကိုမြင်လျှင်၊ မိမိအကျိုးစီးပွားအတွက်ဆိုမည်သည့်စည်းကိုမျှမစောင့် စည်းကြသူတွေကိုမြင်လျှင်၊ မည်သည့်အကြောင်းအရာ၌မဆို ထားအပ်သည့်သစ္စာကို မေ့လျော့ဖောက်ဖျက်ကြသူတွေ ကိုမြင်လျှင် 'စံထီ'ကို သတိတရဖြစ်နေမိသည်။

သို့သော် ကျွန်တော် ထိုသို့သတိတရရှိနေမိသည့် စံထီ ကားလူ့လောက၌မရှိရှာတော့ပါ။

အလွန်အမင်း လောင်မြိုက်စွာပူပြင်းလှသည့် ယခုနှစ်၏ နွေတစ်နေ့နေ့လယ်က ကျွန်တော်၏ ဇာတိမြို့ကလေးတွင်ပင် နေထိုင်ဆဲရှိသော ကျွန်တော်၏ဇနီးသည်ထံမှ ဖုန်းဝင်လာသည်။

ဇာတိမြို့လေးတွင်လည်း ရာသီဥတုက မကြုံစဖူး ဆိုးရွားစွာပူပြင်းနေသည့်အကြောင်း၊ တချို့ရွာတွေမှာ ရေတွင်း ရေကန်တွေခြောက်ခန်းကုန်လျက် သောက်စရာရေအတွက်ပင် ရှားပါးလွန်းသဖြင့် ဒုက္ခရောက်ကြရသည့် အကြောင်း၊ နေထိုင်မကောင်းကြသူတွေ သက်ကြီးရွယ်အိုတွေနှင့် ကလေးတွေအတွက် သတိထားဂရုစိုက်နေကြရသည့်အကြောင်း၊ ထိုအပူလှိုင်းကြီးကြောင့် အသက်ဆုံးရှုံးကြရသူတွေပင် ရှိသည့် အကြောင်း၊ အသက်ဆုံးကြသူတွေထဲတွင် 'စံထီ' လည်း ပါသွားသည့် အကြောင်း. . . ။

စိတ်မပြည့်သူမို့ ရာသီဥတုပြင်းပြင်းကို ဂရုမစိုက်မိဘဲ သတိလက်လွတ်နေမိခဲ့ပုံရကြောင်း၊ သူနေမကောင်းဖြစ်နေကြောင်း သိကြသည့်အချိန်တွင် နောက်ကျသွားခဲ့ပြီဖြစ်ကြောင်း၊ ဆေးရုံသို့ဂရုတစိုက် ပို့ပြီးကြိုးစားကြပေမင့် လက်လွှတ်လိုက်ကြရသည့်အကြောင်း . . . ။

စံထီ၏ နောက်ဆုံးခရီး ဈာပနသည်အပြင်မထွက်ချင်လောက်အောင် အပူလှိုင်းကြီး ရိုက်နေသည့် နွေနေပြင်းပြင်းနေ့လယ်၌ပင် အလွန်စည်ကားသိုက်မြိုက်လှသည့်အကြောင်း။ သူ့ကို သံယောဇဉ်ရှိကြသူများ၏ ဝိုင်းဝန်းထည့်ဝင်ကြသည့် ငွေဖြင့် သူ့ဈာပနက လှလှပပရှိသည့်အပြင် ပင့်သံဃာငါးပါးကို ဝတ္ထုငွေကျပ်တစ်သောင်းစီပင် ဆက်ကပ်လှူဒါန်းနိုင်လိုက်သည့်အကြောင်း။ ရက်လည်ဆွမ်းကပ်သည့်နေ့ကလည်း စံထီ၏ဒါနအဖြစ် ကျွေးသော မုန့်ဟင်းခါးကစတုဒိသာရှုံးလောက် အောင် လှိုင်ပေါလည် ကျွေးလိုက် နိုင်သည့်အကြောင်း၊ တော်ရုံလူတစ်ယောက်၏နာရေးထက်ပင် စံထီနာရေးက ပို၍တင့်တောင့်တင့်တယ်စည်စည်ကားကားရှိခဲ့သည့်အကြောင်း။

ဇနီးသည်က စကားကိုလက်စသတ်လျက် ဖုန်းချသွားသည့်တိုင် စံထီ၏ရုပ်ပုံလွှာက ကျွန်တော့်မျက်စိထဲစွဲလျက် ကျန်နေခဲ့သည်။ သူ့အပေါ် ကျွန်တော် သံယောဇဉ်ခိုင်မာစွာရှိခဲ့သောကြောင့်ဖြစ်၏။

ကျွန်တော်တို့ ဇာတိမြို့လေးသို့ပြန်လျှင် ဖြစ်နိုင်သမျှလောက်ကလေးတော့ အချိန်ယူ၍ သူနှင့်စကားပြောဖြစ်အောင် ကြိုးစားရသည်။ ဟိုဘက်နှစ်တွေတုန်းကတော့ သူက ကျွန်တော်တို့မြို့ မီးရထားဘူတာရုံလေးထဲတွင် နေသဖြင့်ရထားပေါ်မှဆင်းလျှင်ဆင်းချင်း သူ့ကိုတွေ့ရတတ်သည်။

ကျွန်တော်မပြန်ဖြစ်သည်မှာ ဘယ်လောက်ပင်ကြာကြာ သူကျွန်တော့်ကိုမှတ်မိသည်။ ရထားပေါ်မှဆင်း၍ မီးရထားဘူတာရုံလေးထဲ ဝင်လာကြသူတွေကိုငုတ်တုတ်ကလေးထိုင်ကာ ကြည့်နေရင်းမှကျွန်တော့်ကို သူမြင်လိုက်မိသည်နှင့် လက်ညှိုးလေးထိုးလျက်

"ကျ ကျ ကျော်ဟိန်း ကျကျော်ဟိန်း ကျော်ဟိန်း" ဟုစကားထစ်ထစ်နှင့်ပြောပြီး အသံသေးသေးလေးနှင့်နှုတ်ဆက်မည်။ ပြီးလျှင်တော့ ပုံစံမကျလှသည့် ကွေးကွေးကောက်ကောက် သူ့လက်ကလေးတွေဖြင့် သူ့ပါးစပ်ကိုအုပ်ကာ တခစ်ခစ်နှင့်ရယ်မည်။

ကျွန်တော့်ကိုသာမက သူမှတ်မှတ်သားသားရှိထားသည့် ကောင်မလေးတစ်ယောက်ကို မြင်လျှင်လည်း "သက် သက်သက် . . သက်. . သက်မွန်မြင့် " ဟု သူပြောမည်။ ပြီးလျှင် သူ့မူပိုင်စတိုင်အတိုင်းသူ့ပါးစပ်ကို သူ့လက်ဝါးလေးဖြင့်အုပ်ကာ ခစ်ခစ်မြည်အောင်ရယ်မည်။ ဒါကသူပြုမူနေကျမို့ ရိုးနေပြီဖြစ်သော်လည်း ကျွန် တော်ရော သက်မွန်မြင့်ဟုအခေါ်ခံရသည့်ထိုကလေးမလေးတစ်ဦးဦးပါ ကျော်ဟိန်းနှင့်သော်လည်းကောင်း၊ သက်မွန်မြင့်နှင့်သော်လည်းကောင်း ရိုးတိုးရိပ်တိပ်မျှပင် မဆင်ကြပါ။ အလားတူပင် မင်းမော်ကွန်းဟုအခေါ်ခံရသူပဲဖြစ်ဖြစ်၊ သင်ဇာဝင့်ကျော်ဟုအခေါ်ခံရသူပဲဖြစ်ဖြစ် ထိုမင်းသားမင်းသမီးများနှင့် ခပ်ဆင်ဆင်တူရန်အကြောင်းသိပ်မရှိလှပါ။ သို့သော် စံထီကတော့ သူ့စိတ်ထဲ အလျဉ်းသင့်သလိုခေါ်လိုက်မည်သာဖြစ်၏။ ထိုသို့ခေါ်နိုင်ရန်လည်း နောက်ဆုံးပေါ် မင်းသား မင်းသမီးများ၏ နာမည်တွေအထိ သူသိသည်။

ဒါက မိတ္တဗလဋ္ဌိကာ ဆရာကြီး ဒေးကာနက်ဂျီပင် ထိုင်ငိုရလောက်သည့်သူ့ပေါင်းသင်းဆက်ဆံရေး နည်းစနစ်ပင်လားတော့ ကျွန်တော်မသိ။

သို့သော် သူ ရယ်ရယ်နေသည့်ပုံက. . .

"သူ့ကို ကျော်ဟိန်းနဲ့ တူတယ်ပြောလို့ သဘောကျနေတဲ့ ရုပ်ကြီးနှယ် ရှက်ပါတယ်ဟေ့ တူလည်း တူဘဲနဲ့ဟေ့. . . ကရော်ကရော်. . . "ဟု အမြောက်ကြိုက်တတ်သည့် လူတွေရဲ့သဘောသဘာဝကိုသူ သရော်ပြီးရယ်နေတာများလားကျွန်တော်စဉ်းစားကြည့်မိသည်။ အတော်များများနေရာတွေမှာ လူကောင်းဆိုသူတွေက စိတ်မပြည့်သူတွေထက်ပင် ပို၍ရူးတတ်ကြသေးသည်ကိုး။

စံထီသည် မွေးရာပါ စိတ်မပြည့်သူတစ်ဦး ဖြစ်သော်လည်း သူ၏ ထိုသို့သော မူပိုင်စကားနှင့် အမူအရာအပြင် အခြားထူးခြားသည့် သူ၏ချစ်စရာနေထိုင်ပုံအလေ့စရိုက်ကလေးများကြောင့် ကျွန်တော်အပါအဝင် ကျွန်တော်တို့ မြို့သူမြို့သားအားလုံးက သူ့အပေါ် သံယောဇဉ်ရှိခဲ့ကြသည်။

ထို့ကြောင့်လည်း စံထီမို့လက်ညှိုးလေးတစ်ချောင်းထောင်ပြလျှင် ဟိုတုန်းကတော့ တစ်ကျပ်တန်လေးတစ်ရွက် သူ့ကိုလူတိုင်းကပေးကြသည်။ တစ်ကျပ်တန်ပေးခြင်းမှာ ငါးကျပ်တန်၊ ငါးဆယ်၊ တစ်ရာတန်ပေးလျှင်လည်း စံထီက မယူသောကြောင့်ဖြစ်၏။ ငါးဆယ်တန် တစ်ရာတန်တွေကို သုံးရကောင်းမှန်းမသိ၍မဟုတ်။ သုံးရကောင်းမှန်း စံထီသိသည်။ သို့သော် " တစ်ကျပ်၊ တစ်ကျပ် " ဟုသာ ပြော၍တောင်းသည်ကလည်း စံထီ၏ မူပင်ဖြစ်၏။ ပိုပေးလည်းဘယ်တော့မှမယူ။တစ်ကျပ်ပဲတောင်းသည်။ တစ်ကျပ်ခေတ်ကုန်သွားသည့်အခါကျမှ သူ့ကိုနားလည်အောင်ရှင်းပြပြီး တစ်ဆယ်ပေးရသည်။

သူ့မှာ မတော်လောဘမရှိ။ ရတိုင်းမယူတတ်။ ယခုအထိလည်းသူလက်ညှိုးတစ်ချောင်းပဲထောင်၍တောင်းသည်။

စံထီက ကျွန်တော်တို့မြို့ကလေးဇာတိမဟုတ်။ မြို့မြောက်ဘက်ခုနစ်မိုင်ခန့်ဝေးသောရွာလေးတစ်ရွာမှဖြစ်၏။ မိဘဆွေမျိုးတွေကလည်း ဆင်းတောင့်ဆင်းရဲတွေမဟုတ်ကြ။ အိမ်မှာနေခိုင်း၍ မရသဖြင့် သူ့ကိုလွှတ်ပေးထားလိုက်ရသည့်အခါကျွန်တော်တို့မြို့ကလေးမှ မိုဃ်းကောင်းဘုရားကြီး အရုဏ်ဆွမ်းတော်ခံလှည့်ပွဲသို့ ခရီးကြုံရောက်လာပြီး စည်တော်ဝိုင်းတွင်ဝင်ကရင်းမှ သူပျော်သွားခဲ့သည်လား မသိ၊ စနေပတ်ဆွမ်းလောင်းဇရပ်ကလေးမှာ သူအနေမြဲတော့သည်။ အချိုးအချိတ်ကျလှသည်မဟုတ်သော်လည်း အဖိတ်နေ့ဆွမ်းတော်လှည့်ပွဲတိုင်းမှာ သူ အမြဲကခဲ့၏။ ကြာခဲ့ပြီ။ သူရောက်လာခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုခွဲ ခန့်မျှပင်ရှိပြီ။ သူ့အသက်လည်း လေးဆယ်ပတ်ဝန်းကျင်လောက် ရှိမည်။

လူပုံသေးသေးညှက်ညှက်ကလေးဖြင့် ခေါင်းကလေး စောင်းကာ ခပ်သွက်သွက်လမ်းလျှောက်တတ်သည့် မွေးရာပါ စိတ်မပြည့်သူတစ်ဦးဖြစ်သည့် စံထီဆိုသည်က အဝေးမှကြည့်လျှင်ပင် စိတ်မပြည့်ရှာသူတစ်ဦးမှန်းသိသာ၏။

သို့သော်ပုဆိုးကို ခါးပုံစစုံတောင်ဆွဲ မညီမညာ ဝတ်တတ်သည်မှလွဲ၍ အဝတ်အစားက ရှုပ်ရှုပ်ထွေးထွေး ကို့ရိုးကားရားနှင့်မဟုတ်။ ညစ်ညစ်ပတ်ပတ် ပေပေစုတ်စုတ်လည်း မနေတတ်။

သာရေးနာရေး အလှူအတန်းတွေရှိလျှင် သူရောက်အောင်လာတတ်သည်။သို့သော် အစားအသောက်ကိစ္စတွင်အလွန်ကျေနပ်လွယ်ကြီး၏။ သူနှင့်မသင့်မလျော်သည့်နေရာတွင် ဘယ်တော့မှ ဇွတ်ဝင်တိုးပြီးဝင်မထိုင်။ ခေါ်ကျွေးမှစားသည်။ ပေးမှယူသည်။ ဘယ်နေရာမှာ သူနေသင့်သည်ကို သူအသေအချာသိသည်။

သူ့လက်ကောက်ဝတ်မှာတော့ သူတောင်းရသမျှငွေလေးနှင့် စုဝယ်ထားသည့် အချိန်မှန်သော ဓာတ်ခဲနာရီလေးကို အမြဲပတ်ထားတတ်သည်။ ပေးထားကမ်းထားသည့် သူရှိ၍ နေကာမျက်မှန်လိုဟာမျိုး သူ့မှာရှိနေလျှင်လည်း သူ့အချိန်အခါနှင့်သူကြည့်၍ တစ်ခါတစ်ရံ ဝတ်တတ်သေး၏။ အထူးသဖြင့် ကား သူ့လွယ်အိတ်ကလေးထဲမှာ သူဝယ်ထားသော ဓာတ်ခဲရေဒီယိုအသေးလေးတစ်လုံးရှိသည်။

သူသည် ဂီတကိုလည်း နှစ်သက်ပုံရ၏။ မြန်မာ့အသံရေဒီယိုလာနေသည့် ညဦးညခင်း ထမင်းစားပြီးချိန်ဆို ရေဒီယိုသီချင်းသံလေး ငြိမ့်ငြိမ့်ဖြင့် ဇိမ်ခတ်၍နေတတ်သည်။ သတင်းနှင့် ဒုံးဒုံးဒိုင်းဒိုင်း ခေတ်ပေါ်သီချင်းမျိုးတွေလာချိန် ဆိုလျှင်တော့ ဓာတ်ခဲကုန်တယ် ဟု ပိတ်ထားတတ်သည်။ ခပ်လွမ်းလွမ်း သီချင်းမျိုးတွေကိုတော့ သူပိုကြိုက်သလားပင်။ ထို့ကြောင့် သူ့ကို ကျွန်တော်စပ်စုဖူးသည်။

စိတ်မပြည့်သူပေမင့်သူလည်း လေလောကီသားပေမို့ နှလုံးသားကရင်နှင့်အပြည့်ရှိသည်။ သူ့ရင်ထဲမှာ 'လှကြွယ်' ဆိုသည့်သူ့ဇာတိရွာမှ ကလေးမလေးတစ်ယောက် အမြဲရှိသည်။ သည်အကြောင်းကို သိသည့် လူနောက် တချို့က "လှကြွယ်လင်ယူသွားပြီ၊ မင်္ဂလာဆောင်မှာ ငါးခြောက်ထောင်း၊ မုန်ရောင်ဟင်းချို၊ ငရုတ်သီးကြော်စပ်စပ်နဲ့ ထမင်းကျွေးတယ်၊ လော်စပီကာတွေလည်းဖွင့်လိုက်တာညံလို့" နောက်လျှင် စိတ်တိုခဲသော စံထီ ရှူးရှူးရှားရှားဖြစ်ပြီ။ မခံသာသည်ထိ ဆက်ပြောလျှင်တော့ အနားမှာရှိသည့် တုတ်ဖြစ်ဖြစ်၊ ခဲဖြစ်ဖြစ် ကောက်ကိုင်တတ်သည်။

"မင်းကြိုက်လို့ဆိုပြီး ဗီဒီယိုရုံမှာ လာလာကြည့်နေတဲ့ စိုးမြတ်သူဇာကြီးလည်း ရှိသားပဲကွာ သူ့ပဲယူလိုက်တော့ပေါ့"ပြောလည်း ခေါင်းတွင်တွင်ခါသည်။ လှကြွယ်မှလှကြွယ်။ ဘယ်တော့မှ သူ့ဘက်ကတော့သစ္စာမပျက်ဘူး ဆိုသည်။ သူ့မင်္ဂလာဆောင်မှာ ဒံပေါက်နှင့်အိုက်စကင်း ကျွေးမည်၊ သီချင်းဘောက်တွေလည်းဖွင့်မည်။ ဘယ်အခါမေးမေး သူ သည်လိုပဲပြောသည်။ သူ လှကြွယ်ကို သစ္စာရှိရမည်တဲ့။

ထို့ကြောင့် စံထီမှာ သစ္စာရှိရမည်ဆိုသောစိတ်ဓာတ် အခိုင်အမာရှိသည်ဟု ကျွန်တော်ထင်သည်။သူသည်အနက်ထင်အောင် လူတိုင်းမသိနိုင်သော 'သစ္စာ' ဆိုသည့်စကားလုံးကို သိလေသည်။

သူနေလက်စဆွမ်းလောင်းရုံလေးကအမိုးသာရှိပြီး အကာမရှိသဖြင့်မိုးနှင့်ဆောင်းတွင် သူနေလို့အဆင်မပြေသည့်အခါ အကာအရံ ရှိသည့် မီးရထားဘူတာရုံသို့သူပြောင်းသွားသည်။ ဘူတာရုံပိုင်ကြီးကလည်း အနေအထိုင်မည်စပ်တ်သော သူ့ကိုကြည်ဖြူစွာလက်ခံထား၏။ သူက ထောင်ထောင်မောင်းမောင်း ရှိသောရုံပိုင်ကြီးကို 'ကျော်ရဲအောင်' ဟုခေါ်တတ်သည်။ မည်သို့ပင်ခေါ်ခေါ် သူ့ကိုရုံပိုင်ကြီးကသဘောကျသည်။ အကြောင်းမှာဘူတာရုံ လုပ်ငန်းတွင်လက်ထောက်လက်ပင့်အဖြစ် ဘယ်သူကမှမခိုင်းလိုက်ရဘဲ စံထီကဝင်ကူသောကြောင့်ဖြစ်၏။

ကျွန်တော်တို့မြို့ကလေး၏ ဘူတာရုံတွင် တစ်နေ့ကိုမီးရထား ၃ စီးက အသွားအပြန်ရပ်သဖြင့် စံထီအတွက် ၆ ကြိမ် အလုပ်ရှိသည်။ မီးရထားလာတော့မည့် အချက်ပေးသံချောင်းခေါက်သည့် အလုပ်ဖြစ်၏။ မီးရထားတစ်စင်းဝင်လာတော့မည်ဆိုလျှင် နှစ်ဘူတာအလိုတွင် သံချောင်းနှစ်ချက်ခေါက်ရ၍ တစ်ဘူတာအလိုတွင် သံချောင်း တစ်ချက်ခေါက်ရသည်။ ထိုတာဝန်ကို စံထီက စွဲမြဲစွာယူသည်။သူ့လက်တွင်ပတ်ထားသည့်နာရီက အလကားမဟုတ်။ သည်နေရာမှာ ကောင်းစွာ အသုံးဝင်၏။ ဘယ်အချိန် ဘယ်ရထားဝင်မည်ကိုသူသိသည်။ ထို အချိန်နီးပြီဆို သူဘယ်ကိုမှမသွားတော့။ ရထား ဝင်ရောက်မည့် အခြေအနေကို ဟိုဘက်ဘူတာမှ အကြောင်းကြားလာမည့် တယ်လီဖုန်းပြောသံကို သူနားစွင့်သည်။ အခြေအနေသေချာပြီဆိုသည်နှင့် အချက်ပေးသံချောင်းကြီးကို လိုအပ်သလို တစ်ချက် သို့မဟုတ် နှစ်ချက်ခေါက်တော့သည်။

တစ်ခါတစ်ရံ သူတစ်နေရာရာခရီးလွန်နေသဖြင့်သူ့ကိုယ်စားတစ်ယောက်ယောက်က သံချောင်း ခေါက်လိုက်ရပြီးပြီဆိုလျှင်မူသူ့ကိုယ်သူ အပြစ်ပေးသည့် အနေဖြင့် သံချောင်းကြီးကို ခေါင်းနှင့် ဆောင့်ဆောင့်နေသဖြင့် ရုံပိုင်ကြီးက ချော့ယူရသည်။ နောက်များတွင်တော့ စံထီမို့အပေါ့အပါးသွား နေလျှင်တောင်ခဏတော့စောင့်ပေးရ၏။ စံထီက သူယူထားသည့် တာဝန်ကို ကျေချင်သည်။

သူ့ကိုနောက်ဆုံးအဖြစ် ကျွန်တော်တွေ့ခဲ့ရသည့် အခေါက်တုန်းက ရန်ကုန်ပြန်ဖို့ဘူတာဆင်းတော့ ညဉ့်နက်ပြီ။ သို့သော် သူမအိပ်သေး။ ရထားစုံမှ သူ့တာဝန်ပြီးသည်ဟုသူခံယူထားပုံရ၏။ ထုံးစံအတိုင်းပင်ကျွန်တော်က သူနှင့်စကားပြောဖြစ်သည်။ ပြောနေစဉ်မှာပင် တစ်ခုခုကို သူ အာရုံစိုက်လိုက်မိဟန်ဖြင့်ထိုင်ရာမှ သုတ်ခနဲထသွားသည်။ လှမ်းကြည့်မိတော့ မလှမ်းမကမ်းခုံ ပေါ်တွင်ထိုင်ရင်းငိုက်နေသည့် ကုန်စိမ်းသည်အမျိုးသမီးခြေရင်းမှာ ထွက်ကျနေပုံရသည့် အလိပ်ကလေးတစ်လိပ်ကို သူကောက်ပြီး အမျိုးသမီးကို နှိုး

အချပ်ပို(၇)သို့

# မဲပေးခြင်းနှင့် နာဂစ်ဒေသ

ငြိမ်းငြိမ်းနိုင်၊ အိမ်မြူလွင်



ရွာလယ်ခေါင်က ဖြောင့်ဖြူးနေသည့်ကွန်ကရစ်လမ်းပေါ် မိုးဖွဲဖွဲအောက်တွင် ပြေးလွှားဆော့ကစားနေကြသည့် ကလေးငယ်များ။

ရွာလယ်လမ်းက လက်ဖက်ရည်ဆိုင်လေးတွင် အေးအေးလူလူထိုင်ကာစကားဝိုင်းဖွဲ့နေကြသည့် လူငယ်အချို့။ ထို့အတူ ရွာအဝင်က ကွန်ကရစ်နှင့် အခိုင်မာတည်ဆောက်ထားသည့် လှေဆိပ်၊ ကြည်လင်အေးမြနေသည့် သောက်ရေကန်ကြီး၊ ကျောင်းအဖြစ်ဖွင့်လှစ်ထားသည့် ဆိုင်ကလုန်းဒဏ်ခံ အဆောက်အဦနှင့် ဆေးရုံစသည့် အခြေခံဆောက်အဦးတို့က ရွာတစ်ရွာ၏ ခမ်းနားမှုကို ပြအသနေသည်။

၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် လူပေါင်းများစွာ သေကြေပျက်စီးခဲ့ရကာ မြေကြီးသာသာ ကျန်ခဲ့သည့် ဘိုကလေးမြို့နယ်အတွင်းက ဓမ္မသုခကျေးရွာကို ယခုမြင်တွေ့ရခြင်းပင်။ မြင်ကွင်းတွေကလည်း အသစ်၊ နေရာထိုင်ခင်း၊ အသုံးအဆောင်အသစ်၊ အဆောက်အဦတို့ကလည်း အသစ်။ ထိုအသစ်အသစ်များနှင့် အတူ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး သူတို့ဘဝကို ပုံမှန်ရောက်ဖို့ တဖြည်းဖြည်းနှင့် ရုန်းကန်ရှေ့လျှားနေကြသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး စ လွန်ခဲ့သော ၂ နှစ်ကျော်က တိုက်တိုက်ဆိုင်ဆိုင်ပင် နိုင်ငံတစ်ဝန်း ဖွဲ့စည်းပုံအခြေခံဥပဒေကို မဲပေးအတည်ပြုချိန်နှင့် ကြုံတွေ့ခဲ့ကြသည်။ ယခုလည်း သူတို့ပြန်လည်ထူထောင်ရေးကာလ ဖြတ်သန်းနေကြချိန်တွင် နိုင်ငံ၌ နှစ်ပေါင်း ၂၀ ကျော်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲကရှိလာပြန်သည်။ သို့သော် သည်တစ်ကြိမ်တွင်မူ ကျန်မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများနည်းတူ တစ်ရက်တည်း တစ်ချိန်တည်းတွင် မဲပေးခွင့်ရရှိကြမည်ဖြစ်သည်။

"ကျွန်တော် အခုမဲပေးမှာ ပထမဆုံးအကြိမ်ပါပဲ။ ပြီးခဲ့တဲ့ အခြေခံဥပဒေအတည်ပြုဖို့တုန်းကရွာမှာနာဂစ်ဖြစ်တော့ကျွန်တော့်အစ်ကိုရွာလူကြီးပါသေတဲ့အထဲပါသွားတာ။ ကျွန်တော်တို့အားလုံး ဘုန်းကြီးကျောင်းမှာ နေနေရတဲ့အချိန်မှာဆိုတော့ ကျွန်တော်တို့ပဲ လူစာရင်းတွေ စုပြီးပေးလိုက်ကြတာဆိုတော့ ခုပေးမှာကမှ ပထမဆုံးအတွေ့အကြုံပါပဲ" ဟု ပြောကြားသူက ၁၉၉၀ ရွေးကောက်ပွဲကျင်းပစဉ်က နဝမတန်းသာရှိခဲ့ပြီး၊ ပြီးခဲ့သည့် ဆန္ဒခံယူပွဲတုန်းကလည်း နာဂစ်နှင့်ကြုံနေသည့်အတွက် ကိုယ်တိုင်မဲမပေးခဲ့ရသည့် ဓမ္မသုခကျေးရွာသား မြန်မာစာဘွဲ့ရ လယ်သမား ဦးနေလင်းစိုး ဖြစ်သည်။

နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် မဲပေးဖူးကြမည့်သူများမှာ အသက် ၃၇ နှစ် ဝန်းကျင်များဖြစ်ရာနှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် ထိုရွေးကောက်ပွဲသည် အသက် ၃၀ ကျော် ပြည်သူတို့အတွက်ပင် ပထမဆုံး အတွေ့အကြုံဖြစ်နေသည်။

သို့သော်လည်း ဆန္ဒမဲဆိုသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ၂၆ သန်းကျော်သော ပြည်သူတို့က မဲပေးခဲ့သည်ဟု ဆိုထားသည်။ ဆန္ဒခံယူပွဲ ကော်မရှင်ထုတ်ပြန်ချက်အရယခု ၂၀၁၀ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည်ဆိုသည့် လူဦးရေ ၂၉ သန်းကျော်နှင့် နှိုင်းယှဉ်တွက်ချက်ကြည့်ပါက ၃ သိန်းခန့်သော ပြည်သူတို့က မဲပေးခြင်းအတွေ့အကြုံ လုံးဝမရှိသေးဘဲ ယခုရွေးကောက်ပွဲတွင်မှ မဲပေးခွင့်ရရှိသူများဖြစ်နေသည်။

မဲဆန္ဒခံယူပွဲကျင်းပချိန်က နာဂစ်မုန်တိုင်းကြောင့် မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်ပေါင်း ၄၇ မြို့နယ်တွင် မဲပေးမည့်ရက်ကို ကျန်ဒေသများထက် ၁၄ ရက်နောက်ကျကာ မဲပေးစေခဲ့သည်။ ထိုဒေသမှ ပြည်သူပေါင်း လေးသန်းကျော်အနက် သုံးသန်းကျော်က ထောက်ခံမဲပေးသည့်အတွက် ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း ကော်မရှင်က ကြေညာခဲ့သည်။

နာဂစ်ဒေသခံ အများစုက ဆန္ဒမဲပေးခြင်းနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးဟု ပြောကြားကြသော်လည်းမဲပေးခွင့်ရှိသူဦးရေနှစ်သိန်းတစ်သောင်းကျော်ရှိသည့် ဘိုကလေးမြို့နယ်အတွင်းတွင် နိုင်ငံရေးပါတီ စုစုပေါင်း ၆ ပါတီရှိကာမြို့နယ်တွင်းရှိကျေးရွာပေါင်း ငါးရာကျော်သို့ ယင်းပါတီများအနက် ၄ ပါတီခန့်က မဲဆွယ်စည်းရုံးဟောပြောမှုများအကြိမ် ၈၀ နှင့် ၉၀ ကြား ပြုလုပ်ပြီးဖြစ်ကြောင်း မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးမျိုးညွှန့်က ပြောသည်။

မဲဆန္ဒရှင်၄သန်းကျော်ရှိသည့် ရန်ကုန်တိုင်း အတွင်းမှာပင် ပါတီများဟောပြောခွင့် လျှောက်ထားမှုမှာ ဆယ်ဂဏန်းမျှပင် ရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

ဘိုကလေးမြို့နယ်အတွင်း လွှတ်တော်သုံးရပ်နှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တို့တွင်ကိုယ်စားလှယ် ၂၄ ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ကျေးရွာများတွင် လူထုဟောပြောပွဲ ၁၀ ကြိမ်ကျော်ပြုလုပ်ခဲ့ပြီးပြီဆိုသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက "ဒီဘက်မှာက လူတွေက ခုမှ အထိုင်ပြန်ကျဖို့ ရုန်းကန်နေကြတုန်းဆိုတော့ သူတို့ဆီဝင်ရတာတော့ နည်းနည်းလေး အခက်အခဲရှိပါတယ်။ အထူးသဖြင့် တွေ့ရတာ မဲပေးတာကို သူတို့ မသိကြဘူး။ အဲဒါကို အဓိကရှင်းပြနေရတယ်။ ကိုယ့်ပါတီ မူဝါဒတွေပြောတာထက် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကိုမြင်ဖူးအောင်ပြတာတို့၊ အဲဒီထဲက အချက်လေးတွေထုတ်ပြပြီး မေးလိုက်၊ ရှင်းပြလိုက်ပေါ့" ဟု ၎င်း၏လူထုတွေ့ဆုံပွဲအတွေ့အကြုံကို ပြောပြသည်။

ဘိုကလေးမြို့နယ် အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ခေတ်သစ်ပြည်သူ့ပါတီမှ ဒေါ်ရီရီစံက "ဘိုကလေးမြို့ပေါ်မှာ ဟောပြောပွဲက တစ်ကြိမ်ပဲ လုပ်ရသေးတယ်။ ရွာတွေကိုတော့ ကိုယ်စားလှယ်လောင်းတွေ ဆင်းနေကြပြီ။ ပါတီရဲ့ မူဝါဒအရ ငွေပေးပြီး မစည်းရုံးပါဘူး။ တောင်သူလယ်သမားတွေကိစ္စကိုဦးစားပေးပြီးပြောဖြစ်ပါတယ်" ဟု ပြောဆိုသည်။

ကျေးရွာများတွင် နိုင်ငံရေးပါတီများ ဟောပြောပွဲပြုလုပ်လေ့ရှိသည့် နေရာမှာ ကျေးရွာဗီဒီယိုရုံနှင့် နေအိမ်ခြံဝင်းများအတွင်းဖြစ်ကြောင်း ဒေသခံပါတီများထံမှ သိရသည်။

ဓမ္မသုခရွာသား ဦးနေလင်းစိုးက "ကျွန်တော်တို့ဆီကို ပါတီတွေဝင်လာတာတော့ရှိပါတယ်။ ပြည်ခိုင်ဖြိုး၊ တစည၊ မတူကွဲပြားတို့လာတယ်။ ဟောပြောတာမျိုး မလုပ်သေးဘူးဗျ။ ကျွန်တော်တို့က အဲဒီလိုမျိုးလာစေချင်တယ်။ ခုက လူတွေက ဘာမှန်းကိုမှ မသိသေးတာ။ ကျွန်တော်တို့လိုချင်တာကတော့ ပါတီတွေအကြောင်းထားလိုက်၊ ဘယ်ပါတီတွေရှိတယ်၊ ဘယ်လိုမဲပေးလို့ရတယ်ဆိုတာလောက် ဗဟုသုတလေးလာပြောစေချင်တာ" ဟု သူထင်မြင်ချက်ကို သုံးသပ်ပြောကြားသည်။

နိုင်ငံရေးပါတီနှစ်ခုက ဟောပြောပွဲနှစ်ခု လာလုပ်သွားပြီဆိုသည့် ကွမ်းသီးချောင်းကျေးရွာမှ အသက် ၆၈ နှစ်အရွယ် လယ်ပိုင်ရှင်ဒေါ်ခင်အေးက "ဟိုရက်က ရွာထဲက ဘုန်းကြီးကျောင်းမှာလာလုပ်သွားတာရှိတယ်။ သွားနားမထောင်ပါဘူး။ နောက်တစ်ခုဗီဒီယိုရုံမှာလုပ်တာက အိမ်ကနေကြားနေရတာပဲ။ လော်နဲ့ ပြောနေတာလေ" ဟု သူမနေအိမ်သို့ သွားရောက်တွေ့ ဆုံစဉ်ဖြေကြားခဲ့သည်။

နာဂစ်အပြီး ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်ပြီး သူမအား ဆက်လက်မေးမြန်းရာ "အော်. . . မဲဖောက်တာလား။ မရလိုက်ပါဘူး။ အိမ်မှာ ထောက်ပံ့ရေးရတာဆိုလို့ ပလတ်စတစ်ပုံး နှစ်ပုံးနဲ့ အစားအသောက်ဝေတုန်းက ရလိုက်တာလေးပဲရှိပါတယ်။ လယ်ရှင်တွေဆိုတော့ မပေးဘူးလေ" ဟု လယ် ၃၁ ဧကပိုင်ဆိုင်သည့် ဒေါ်ခင်အေးက မဲပေးခြင်းကို မဲဖောက်ခြင်းနှင့် လွဲမှားနားလည်ကာ ဖြေကြားနေသည်။

ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်သည့် နာဂစ်အပြီး ဆန္ဒမဲပေးခြင်းကို မေးခြင်းဖြစ်ကြောင်း ထပ်မံရှင်းပြသည့်အခါ "အဲဒါလား၊ မသိလိုက်ပါဘူး။ မိသားစုသုံးယောက်ကလည်း ရေထဲပါသွား၊ လူတွေလည်းအဲဒီအချိန်မှာအော်ပြီးဘာမှန်းကိုမသိတော့လေ။ မသိပါဘူး" ဟု ထပ်မံဖြေကြားသည်။

ဘိုကလေးမြို့က စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကမူ နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ပြောကြားရာတွင် "မြို့ပေါ်မှာတော့ ဘာမှလုပ်တာမရှိသေးပါဘူး။ လူတွေလည်း သိပ်မသိကြဘူး။ ငွေချေးမယ်ဆိုတာတွေတော့ ကြားနေရတာပဲ။ ဘယ်သူ့လက်ထဲမှ မရောက်သေးဘူး။ မိတ်ဆွေတစ်ယောက်က ပြောတယ်။ သူတို့အိမ်မှာ အိမ်သား ၆ ယောက်ရှိတယ်။ တစ်ယောက် တစ်သောင်းပေးမယ်ဆိုလို့ကတော့ ပေးတဲ့လူထည့်မှာတဲ့" ဟု မြို့ပေါ်က အခြေအနေကို ရှင်းပြသည်။

နာဂစ်ဖြစ်ပွားချိန်က ထိုဒေသအတွင်း ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းပေါင်း ၃၀ ကျော်ရှိခဲ့သော်လည်း လွန်ခဲ့သည့် ၉ လခန့်ကပင် တဖြည်းဖြည်းလျော့နည်းကျဆင်းလာရာ ယခုအဖွဲ့အစည်း ၃၊ ၄ ခုခန့်သာရှိတော့ကြောင်း ဒေသအာဏာပိုင်အဖွဲ့အစည်းထံမှ သိရသည်။

"နာဂစ်ပြီးသွားတာ ကြာပြီဆိုပေမယ့် ခုအားလုံးအဆင်ပြေပြီလို့ပြောလို့မရသေးပါဘူး။ လမ်းတံတားတွေကတော့ အရင်ကထက် ကောင်းသွားပြီ။ ခုဆိုင်ကလုန်းဒဏ်ခံ အဆောက်အအုံလိုမျိုးကြီးတွေ ဆောက်ပေးတာ။ ဈေးရုံတွေ ဆောက်ပေးတာ။ ဒါ သေသွားတဲ့လူတွေရင်းပြီး ကျွန်တော်တို့ ရနေတာပါ။ သူတို့ ကျေးဇူးတွေပေါ့" ဟု ဓမ္မသုခရွာသား ဦးအောင်သက်လွင်က ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကမှ ဘိုကလေးမြို့နယ်တွင် ပါတီရုံးသွားရောက်ဖွင့်လှစ်ခဲ့သည့် အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်မှ ဘိုကလေးမြို့နယ် အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးအုန်းလွင်က "အဲဒီဒေသက နာဂစ်ဒေသဖြစ်တဲ့အတွက် တခြားဒေသကလူတွေနဲ့တော့ မတူတာအမှန်ပဲ။ မဲထည့်ရင် ဘာဖြစ်မှာလဲဆိုပြီးမေးကြတယ်။ အဲဒီအခါ မာတင်လူသာကင်းပြောတဲ့ စကားကိုပြောပြတယ်။ မရှိဆင်းရဲသားကို ငွေတစ်ပြားပေးရုံနဲ့ သူတို့ဘဝတွေ ပြောင်းမသွားနိုင်ဘူး။ ခုက အစိုးရတစ်ရပ်ပြောင်းဖို့လုပ်နေတာ။ ဒါကြောင့် မဲပေးကြဖို့ သူတို့ကိုပြောဖြစ်တယ်" ဟု သူ့ဟောပြောပွဲအတွေ့အကြုံကိုပြောပြသည်။

ရွေးကောက်ပွဲတွင် မဲပေးရန် အစီအစဉ်ရှိမရှိမေးမြန်းကြည့်ရာ အချို့က မဲပေးရန်သွားကြမည်ဟု ဆိုကြပြီး အများစုကတော့ မသိသေးပါဟု ဖြေကြသည်။

ကြီးချောင်းကြီးကျေးရွာက အငြိမ်းစားကျောင်းဆရာတစ်ဦးကတော့ "မဲသွားပေးမှာပေါ့။ ဟိုဘက်ရွာမှာ သွားပေးရမယ်ထင်တယ်။ ကျွန်တော်ကတော့ နိုင်မယ့် ပါတီပဲပေးဖြစ်မယ်။ ပြည်ခိုင်ဖြိုးပေါ့" ဟု ဆိုသည်။

ဓမ္မသုခကျေးရွာ၊ ကြီးချောင်းကြီးကျေးရွာနှင့် ကွမ်းသီးချောင်းကျေးရွာ ဒေသတစ်ဝိုက်က ဒေသခံများအချို့နှင့် တွေ့ဆုံရာတွင် ကျေးရွာများ အခြေအနေကို ပြောပြကြရင်း ရွာသူရွာသားများ၏ တုံ့ပြန်မှုကို သူတို့ပြောပြသည်က တစ်ထပ်တည်းနီးပါးဖြစ်သည်။

"ဘယ်အဖွဲ့အစည်းပဲ လာလာ၊ ဘာပေးမှာလည်း အရင်မေးတယ်။ နိုင်ငံရေးပါတီတွေ ဘာတွေ နားမလည်ဘူး။ ဦးလေးတို့ပါတီမဲပေးရင် ဘာပေးမှာလဲပဲ ထမေးမှာပဲသေချာတယ်" ဟူ၍ပင်။

## အချက်ပို (P) - စံထီ ရေဒီယို ဘယ်သူခိုးသလဲ မှ

နေတာမြင်သည်။ အသေအချာကြည့်တော့ စံထီ လက်ထဲမှ အလိပ်ကလေးက ပိုက်ဆံအလိပ်ကလေးဖြစ်သည်။ တစ်ထောင်တန်တွေဖြစ်မည်။

အမျိုးသမီးက သူ့ကို ကျေးဇူးတင်လွန်းလို့ ငါးရာတန်လားမသိ တစ်ရွက်ထုတ်ပေးတော့ သူခေါင်းတွေခါနေတာ ကျွန်တော်မြင်သည်။ အမျိုးသမီးက ကွေးကွေးကောက်ကောက်နှင့် ပုံစံမလှသည့် သူ့လက်ကလေးကိုဆွဲပြီး ပိုက်ဆံအတင်းထည့်လည်း လက်ချောင်းလေးတွေကို ကျစ်နေအောင် သူဆုပ်ထားလေသည်။

လက်ညှိုးလေးတစ်ချောင်း ထောင်ထောင်ပြပြီး တောင်းစားရသည့်စံထီက အနည်းဆုံး နှစ်သောင်းသုံးသောင်းပါသည့်ပိုက်ဆံလိပ်ကိုပိုင်ရှင်သို့ကိုယ်ထိလက်ရောက်ကောက်ယူ အပ်နှံကူညီခြင်း. . . ဆိုသည့်အခါကျွန်တော်သိပ်မအံ့သြတော့ပါ။

အကြောင်းမှာ သူသည် စိတ်မပြည့်ရှာသော်လည်း ဂုဏ်သိက္ခာနှင့်ပြည့်ဝသောစံထီ ဖြစ်သောကြောင့် ဖြစ်ပါ၏။

သို့သော် ကျွန်တော်အလွန်အံ့သြတာ တစ်ခုရှိသည်။ အခြားမဟုတ်။ စံထီ အလွန်မက်မောနှစ်သက်သော ရေဒီယိုလေးတွေ အခိုးခံရတာ သုံးကြိမ်ရှိပြီ. . . ဟု စံထီက ကျွန်တော်ကို ပြောပြသည်။ ထိုကိစ္စကမူ အလွန် အံ့သြစရာ ကောင်းနေပါတော့သည်။

သို့သော် သေချာတွေးတော့လည်း မအံ့သြပြန်တော့ပါ။ အကြောင်းမှာ စိတ်မပြည့်သူများထက် စိတ်ပြည့်သူများက ပို၍ တွေးနိုင်ခေါ်နိုင်စွမ်းရှိသဖြင့် မိုက်မဲစရာရှိလျှင်လည်း ပို၍မိုက်မဲကြတာပဲ ဖြစ်နိုင်သည်ဟု တွေးလိုက်မိသောကြောင့်ဖြစ်ပါသည်။

ကျွန်တော် သံယောဇဉ်ဖြစ်မိသော စံထီဆိုသည့်လူတစ်ယောက်ယခုအခါလောကကြီးတွင် မရှိတော့ပါ။ ကျွန်တော်တို့မြို့မှစာကြည့်တိုက်အိုကြီးတစ်ခုပေါ်တွင် ကွယ်လွန်သွားခဲ့ပါပြီ။

စံထို့ကို ကျွန်တော်
လွမ်းပါသည်။

**သံချေးအထပ်ထပ်ဖြစ်နေသော ၈ လက်မပတ်လည်ခန့်ရှိသည့် သံပိုက်လုံးမှ အညိုရောင်ရွှံ့ရေများ ဒလဟောသွန်ကျနေသည်။ ထိုရွှံ့နှစ်ရည်များကြောင့်ပင် မြစ်ရေမှာ အညိုရောင်ထနေပြီး နောက်ကျိနေတော့သည်။ မြစ်မင်းရော၏ အဖဖြစ်သော မေခတစ်ဖက်ကမ်းတွင် စက်သံတဂျိန်းဂျိန်းနှင့်ရွှေတူးဖော်နေကြသူများက နေရာယူထားကြသည်။ အမိမလိခ၏မြစ်ကမ်းတွင်တော့ တန်းလျားသဖွယ်အဆောက်အအုံများက အစီအရီ။ ထိုအဆောက်အအုံများနောက်မှ မီးခိုးများတလူလူ အူတက်လာသည်။ စီမံကိန်းဧရိယာတွင် ပါဝင်သော တောအုပ်ငယ်များကို ခုတ်ထွင်ရှင်းလင်းကာ မီးရှို့နေကြခြင်းဖြစ်သည်။ စက်သံတဂျိန်းဂျိန်းကြားမှပင် မီးလောင်မြိုက်နေသော ဝါးတောများမှ ဝါးဆစ်ပေါက်သံတဖြောက်ဖြောက်ကို ရံဖန်ရံခါတွင် ကြားရတတ်သေးသည်။**

# ဝေဒနာများနဲ့ သတို့သမီး

အေးမြကျော်



မြစ်ဆုံအနီးမှ ဧရာဝတီမြစ်ကို ဖေဖော်ဝါရီ၂၄ရက်ကတွေ့ရစဉ် ဓာတ်ပုံ - ကျော်မျိုးဦး

အဖမေခနှင့် အမိမလိခတို့မှ ပေါင်းဆုံမွေးဖွားလိုက်သော ဧရာဝတီ၏မြစ်ဖျားအစမှာစာရေးဆရာကြီးဦးသိန်းဖေမြင့် တင်စားခဲ့သလို မြစ်ဖျားရော ရောင်စုံမဖြာနိုင်တော့ဘဲ ရွှေတူးသမားများကြောင့် ရွှံ့ရည်အတိ လွှမ်းနေလေပြီ။

**‘ဧရာဝတီမြစ်ဖျားအစ မေခ၊ မလိခပေါင်းဆုံ ရာဒေသ . . . စိမ်းလန်းတဲ့ မြက်ခင်းများနဲ့ စိုစိုပြည်’** စာသားများဖြင့် ရေးဖွဲ့ထားသော ဆွမ်ပရာဘွမ် သီချင်းအပါအဝင် မြစ်ဆုံအလွမ်း ဒီဗီဒီနှင့် မြစ်ဆုံဒေသရောက် အမှတ်တရ တီရှပ်များကို မြစ်ဆုံစားသောက်ဆိုင်တန်းရှေ့တွင်ကချင်လုံမလေးနှစ်ယောက်ကရောင်းချနေသည်။

“ဝယ်သွားပါဦးနော်။ မြစ်ဆုံအလှပုံတွေလည်းရှိပါတယ်” ဟု အသက် ၁၆ နှစ်အရွယ်ကောင်မလေးက ကချင်သံခပ်ဝဲဝဲဖြင့်ဆိုင်ရှေ့ရောက်လာသူတို့ကို ဝယ်ရန်ဖိတ်ခေါ်နေသည်။ တောအုပ်စိမ်းစိမ်းများအပြည့် နေရာယူထားသော သုံးမြှောင့်တြိဂံဒေသ (သို့မဟုတ်) မြစ်ဆုံကို ဝေဟင်မှမြင်ရသော အလှဓာတ်ပုံများကိုလည်း သူမရှေ့က သစ်သားစားပွဲတွင် ဖြန့်ခင်းထားသည်။

လွန်ခဲ့သော ငါးလခန့်က တွေ့မြင်ခဲ့ရသောမြစ်ဆုံမြင်ကွင်းကိုပြန်လည်ဖော်ညွှန်းမည်ဆိုလျှင် ထိုသို့ သဏ္ဌာန်ပေါ်လာပေလိမ့်မည်။ ယခုအခါ တစ်နှစ်သားကျော်ရှိပြီဖြစ်သော မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာ အတော်ပင် ရုပ်လုံးပေါ်နေလေပြီ။ အပြောင်ရှင်းထားသော တောင်ကတုံးနီနီများပေါ်တွင် မြေညှိနေသော ဘူဒိုဇာများ၊ မြစ်နဖူးတွင် မြေများ ကော်ထိုးနေသော မြေကော်စက်များ၊ ကိတ်မုန့်တုံးကိုခြားနှင့် လှီးထားသလို တောင်နံရံမျက်နှာများကို ညှိကာတောင်ခါးပန်းကားလမ်းဖောက်နေသည်များမှာ စီမံကိန်း၏တစ်စိတ်တစ်ပိုင်း လုပ်ငန်းခွင်များဖြစ်သည်။ တစ်ဖက်တွင်လည်း စီမံကိန်းကြောင့် ရေများဖုံးလွှမ်းမသွားခင် မြေအောက်မှ ရွှေသယံဇာတများကို ထုတ်ယူနေကြသည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာ ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း ခုနစ်ခုအနက်မှ တစ်ခုဖြစ်ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဒီဇင်ဘာ ၂၅ ရက်က အတိအလင်းကြေညာခဲ့သည့်အတွက် ယခုဆိုလျှင် စီမံကိန်းသက်တမ်းမှာ လပေါင်း ၂၀ကျော်ကြာမြင့်လေပြီ။

ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း ဆက်လက်တည်ဆောက်ဖြစ်ပါက မြစ်ဆုံအောက်ဘက် ၃ မိုင်အကွာတွင် ပေ ၅၀၀ မြင့်သော တမံကြီးပေါ်ပေါက်လာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်ပေါင်း၆၀၀၀ကျော်ကိုတစ်နှစ်အတွင်းထုတ်လုပ်ပေးပေလိမ့်မည်။ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားထဲမှ ၉၀ ရာခိုင်နှုန်းကျော်မှာ ယူနန်ပြည်နယ်အပါအဝင်တရုတ်နိုင်ငံဒေသအချို့မီးလင်းရေး ပို့လွှတ်မည်ဖြစ်ပြီး မြန်မာနိုင်ငံကဝေစုအနေဖြင့် အခမဲ့ဓာတ်အား ၁၀ရာခိုင်နှုန်း ရရှိပေလိမ့်မည်။

မြန်မာနိုင်ငံတွင် မတ်လ ၃၀ ရက်နောက်ပိုင်းပေါ်ပေါက်လာသော အစိုးရသစ်လက်ထက်တွင် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်သွားနေသည့် နည်းတူလွတ်လပ်စွာ ပြောဆိုပိုင်ခွင့်များ တဖြည်းဖြည်း ရရှိလာသည်။ ထို့ကြောင့် စီမံကိန်းအစကာလက စိုးရိမ်စိတ်များသန္ဓေတည်ခဲ့သော်လည်း မပြောသာခဲ့ကြဘဲ ယခုကာလတွင်တော့ ဧရာဝတီမြစ်ထိန်းသိမ်းရေး ပြောဆိုမှုများမှာ ဒီရေအမြင့်ဆုံးသို့ ရောက်ရှိလာလေသည်။

တစ်ဖက်တွင်မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို မြန်မာနိုင်ငံဘက်မှ တာဝန်ယူတည်ဆောက်ပေးနေသော ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးက မြန်မာနိုင်ငံအနေနှင့် စီမံကိန်းမှ စီးပွားရေးအကျိုးအ မြတ်အနေဖြင့် အမေရိကန်ဒေါ်လာသန်းထောင်ပေါင်း ၁၇ ဒသမ၆၇ သန်းကျော်ရရှိမည်ဟုပြောထားသည်။

စီမံကိန်းနှစ်ပေါင်း ၅၀ လည်ပတ်ပြီးပါက မြန်မာနိုင်ငံအနေနှင့်အပြီးအပိုင်ရမည်ဟု ရှင်းလင်းတင်ပြချက်တွင် ထည့်သွင်းဖော်ပြထားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များကမူ မြစ်ဆုံစီမံကိန်းပြုလုပ်ခြင်းအားဖြင့် ရရှိလာသော အကျိုးအမြတ်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် ဧရာဝတီကို မှီတင်းနေကြသူများ၏ အသက်အိုးအိမ်ပျက်စီးမည်နှင့် ချိန်ဆလျှင် အကျိုးထက်အပြစ်က ပိုအလေးသာသည်ဟု ပြောဆိုနေကြသည်။

မြစ်ဆုံရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတည်ဆောက်မည့်နေရာနှင့် မိုင် ၂၀ ကျော်အကွာအဝေးတွင် နေထိုင်ကြသော မြစ်ကြီးနားမြို့ခံများကမူ တမံ၏ ကြံ့ခိုင်မှုကိုစိုးရိမ်လျက်ရှိကြသည်။ တမံကွန်ကရစ်မှာ ကျောက်ဖြည့်တမံ CFRD (Concrete Face Rockfill Dam) အမျိုးအစားဖြစ်ကာ တမံအလျားပေ ၄၀၀၀ ကျော်နှင့် စီမံကိန်းပြီးစီးပါက သိုလှောင်ထားမည့်ရေပမာဏအကျယ်အဝန်းမှာ ဧကပေပေါင်း ၉၈ သိန်းနီးပါးရှိပြီး ထိုဧရိယာမှာ ကမ္ဘာကျော်နယူးယောက်မြို့တစ်မြို့စာနှင့် ညီမျှသည်။

မြစ်ဆုံစီမံကိန်းကိုအဓိကရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော တရုတ်အစိုးရပိုင် CPI (China Power Investment) ကုမ္ပဏီ ဥက္ကဋ္ဌ၏အဆိုအရ တမံကို ရစ်ချ်တာစကေး ၈ အင်အားပြင်းငလျင်အထိ ခံနိုင်ရည်ရှိအောင် တည်ဆောက်သွားမည်ဟု ပြောကြားသွားသည်။

ငလျင်ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကမူ မြစ်ဆုံစီမံကိန်းမှ တမံကိုငလျင်ဒဏ်ခံနိုင်အား ရှိ၊ မရှိ သံသယဝင်လျက်ရှိသည်။ “မြစ်ဆုံစီမံကိန်းဟာ စစ်ကိုင်းငလျင်ကြောနဲ့ အရမ်းနီးတယ်။ စီမံကိန်းအပြီး သိုလှောင်တဲ့ ရေပမာဏများတဲ့အတွက် အဲဒီရေပမာဏက မြေလွှာကိုဖိသလိုဖြစ်ပြီးငလျင်လှုပ်ခတ်အောင် ဖန်တီးနိုင်တဲ့အနေအထားတွေကို ထည့်စဉ်းစားစေလိုတယ်”ဟုငလျင်နှင့်ပတ်သက်လျှင် နှစ် ၃၀ ကျော်ကြာစောင့်ကြည့်လေ့လာခဲ့သော ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

ကချင်ဘာသာစကားဖြင့် ‘မော်ရိ’ဟု ခေါ်ဆိုသော တောင်တွေကွဲပြိုကျကာ ရေကြီးသည့် သဘာဝဘေးအန္တရာယ်ကို ၂၀၀၄ ခုနှစ်က အသက် ၈၀ ကျော် ကချင်အမျိုးသားကြီး ဒူးဝါးဇော်ဂမ်အပါအဝင် မြစ်ကြီးနားဒေသတစ်ဝိုက်မှလူပေါင်း သုံးသိန်းကျော်ကြုံတွေ့ခံစားခဲ့ကြရသည်။

“ကျွန်တော်လည်းညညအိပ်မပျော်ဘူး”ဟု ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊စီတာပူအရပ်တွင် နေထိုင်သော ကချင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် အဘိုးဒူးဝါးဇော်ဂမ်က မြစ်ဆုံစီမံကိန်းနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ငလျင်ဒဏ်ကို သူစိုးရိမ်ကြောင့်ကျပုံကိုပြောသည်။ ၂၀၀၄ခုနှစ်နှင့်၁၉၈၇ခုနှစ်ကမြစ်ကြီးနားမြို့ခံများ ကြုံတွေ့ခဲ့ရသောသဘာဝဘေးအန္တရာယ်ကြီးနှစ်ခုမှာ ဒူးဝါးကြီးနှင့် ဒေသခံများကို အရိပ်ပမာ ခြောက်လှန့်နေဆဲဖြစ်သည်။

အသက် ၂၈နှစ်အရွယ် ကချင်လူငယ်တစ်ဦးက ငလျင်နှင့်ပတ်သက်၍ သူစိုးရိမ်ပူပန်ပုံကို“တကယ်လို့ ရေကာတာပေါက်လို့ရှိရင် ရေက စက္ကန့်ပိုင်းနဲ့မြစ်ကြီးနားတစ်မြို့လုံး လွှမ်းသွားနိုင်တယ်။ ပန်းကန်ဆေးချိန်တောင် ရလိုက်မှာမဟုတ်ဘူး”ဟူ၍ပြောကြားသည်။ ယင်းမှာမြစ်ဆုံနှင့် အနီးဆုံးအရပ်နေသူတို့၏ စိုးရိမ်ပူပန်မှုများ ဖြစ်သည်။

မြစ်ဆုံမှ သန္ဓေတည်စီးဆင်းခဲ့သော မြန်မာပြည်၏ အမိဟုတင်စားသည့် ဧရာဝတီမြစ်၏ ပုံရိပ်တစ်ခုကို နံရံတစ်ခုထက်တွင် ချိတ်ဆွဲလျက်သားတွေ့နေရသည်။ နာမည်ကျော် အင်းဝတံတား(စစ်ကိုင်းတံတား)နောက်ခံနှင့် မျက်စိတစ်ဆုံးဖြူဖွေးနေသောသဲသောင်ပြင်တွင် လမ်းလျှောက်သွားနေသည့် အမျိုးသမီးနှစ်ဦးအား ရိုက်ကူးထားသည့် ဓာတ်ပုံကို ပြခန်းနံရံထက်တွင် ချိတ်ဆွဲထားသည်။ မြစ်တစ်စင်း၏ ပုံရိပ်အမည်ရသော ဧရာဝတီမြစ်၏ ပုံရိပ်ပေါင်း ၁၅၀ ကို ချိတ်ဆွဲကာ စက်တင်ဘာ ၂၂ရက်မှ၂၅ရက်ထိလေးရက်ကြာပြသသောပြပွဲတွင်ဓာတ်ပုံများထဲတွင် အထက်ပါဓာတ်ပုံလည်းအပါအဝင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ အရှည်ဆုံးမြစ်ကြီး ၅၀ ထဲမှ တစ်စင်းဖြစ်သော မြန်မာတစ်ဦးတည်းပိုင် ဧရာဝတီမြစ်၏ ကျန်းမာရေးယိုယွင်းဆုတ်ယုတ်နေမှုများကို ထိုပြပွဲမှ ပုံရိပ်များက သက်သေအဖြစ် ထွက်ဆိုထားကြသည်။

အင်းဝ၊ မန္တလေး၊ ပုဂံစသည့် ဒေသများ၏ ရာဇဝင်အဆက်ဆက်တို့၏ သတို့သမီး ဧရာဝတီသည် ၂၁ ရာစုတွင်တော့ သစ်လွင်လှပသည့် သတို့သမီးအဖြစ်မှ အိုမင်းနွမ်းလျသော မိခင်အိုအဖြစ်ရောက်ရှိနေပြီကို သာမန်လူများပင် ကြည့်ရုံနှင့် သိနိုင်လေပြီ။

မိုးနှောင်းကာလတွင် မြစ်အောက်ပိုင်းဒေသများ၌ ရေကြီးရေလျှံခြင်းတို့ ဖြစ်နေသော်လည်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အကြားတွင် သောင်ခုံကြီးများ ထီးထီးမြင်တွေ့နေရဆဲနှင့် ပုံမှန်မြစ်ရေအမှတ်ရောက်ရန် ရှစ်ပေမျှ လိုနေသေးသည်က ဧရာဝတီကျန်းမာရေးအမောဖောက်နေခြင်း၏ သာဓကတစ်ခုပင်ဖြစ်သည်။

ညောင်ဦးဆိပ်ကမ်း၊ လက်ပံခြေပေါ် ဇက်ဆိပ်မှ ပခုက္ကူမြို့သို့ အသွားမြစ်ပြင်ကို ဖြတ်လျှင် မြစ်လယ်၌ ကျွန်းကြီးတစ်ကျွန်းကို ကွေ့ကာဝိုက်ကာ သွားရသည်။ ဧရာဝတီမြစ်လယ် ယခုဆောက်လုပ်ဆဲ ပခုက္ကူဧရာဝတီမြစ်ကူးတံတားအောက်ဘက်တွင်သောင်ခုံဖွေးဖွေးအစားမြက်ခင်းစိမ်းများပြည့်သော ကျွန်းမောက်မောက်သဏ္ဌာန်ပြောင်းလာသည်မှာသည် ဘက်နှစ်များမှပင်ဖြစ်သည်ဟု ဒေသခံများကပြောကြားသည်။ ယင်းမှာ ဧရာဝတီမြစ်၏ ဒဏ်ရာဒဏ်ချက်များစွာထဲမှ တစ်ခုဖြစ်သည်။

စစ်ကိုင်းမြို့တစ်ဖက်ကမ်း ရွှေကြက်ယက်ဘုရားဆိပ်ကမ်းတွင် စုပုံထားသည့်ဟိုတစ်ပုံ၊ သည်တစ်ပုံ သစ်လုံးပုံများမှာ ဧရာဝတီမြစ်အထက်ပိုင်း သစ်တောပြုန်းတီးခြင်းများ၏ သက်သေများအဖြစ် လဲလျောင်းနေသည်။

ယခုအခါ မြန်မာနိုင်ငံ၏ သစ်တောဖုံးဧရိယာမှာ နိုင်ငံ၏ ၄၇ ရာခိုင်နှုန်းသာကျန်ရှိပြီး သစ်တောပြုန်းတီးမှု အများဆုံးနေရာများတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဘေးပတ်ဝန်းကျင်နေရာများမှာ ပိုမိုပြုန်းတီးလာနေကြောင်း ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များက ဖော်ပြနေသည်။

ဧရာဝတီမြစ်ကို အဓိကခြိမ်းခြောက်မှုပေးနေသော အခြားတရားခံမှာမြစ်ကြောင်းတစ်လျှောက် ရွှေတူးဖော်ရေးလုပ်ငန်းများပင်ဖြစ်သည်။ မြစ်ရေကျချိန် နွေနှင့်ဆောင်းတို့တွင် ဧရာဝတီမြစ်တစ်လျှောက် ဆန်တက်ကြည့်ပါက မြစ်ကိုပိတ်ကာ လှေများအစီအရီရပ်တန့်ထားသော ရွှေတူးသည့်လုပ်ငန်းများကို တွေ့ရမည့်အပြင် မြစ်ကမ်းစပ်တစ်လျှောက် သေလုမြောလူနာကို ပိုက်များတပ်ဆင်ပေးထားသည့်အလား မြေနီနီပေါ်တွင် အဝါရောင်ပိုက်များစွာ ယှက်ကာ ရွှံ့ရေများ မြစ်အတွင်း သွန်ထုတ်နေကြသည့် မြင်ကွင်းများက ခေတ်သစ်ဧရာဝတီမြင်ကွင်းများပင်။ ရာဇဝင်များရဲ့ သတို့သမီးမှာ ၂၁ ရာစုတွင်ပိုက်တန်းလန်းဖြင့် အိပ်ရာပေါ်လဲနေသည့် လူမမာတစ်ဦးအလား။

ထိုရွှေတူးဖော်ရေးများမှ စွန့်ပစ်လိုက်သော ဓာတုပစ္စည်းများကြောင့် မြစ်အတွင်းရေနေသတ္တဝါများတွင် ပြဒါးသင့်နေသည်ကို တွေ့ရှိခဲ့ရသည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ဧရာဝတီ၏ ရင်သွေးများဖြစ်သော ဧရာဝတီလင်းပိုင်များကို ခြိမ်းခြောက်နေသော အန္တရာယ်များတွင် ရွှေတူးဖော်ရေးလုပ်ငန်းများလည်း အပါအဝင်ဖြစ်သည်။

လူပြောများနေသော မြစ်ဆုံစီမံကိန်းကြီး ပြီးဆုံးသွားပါက သူတို့ရှေ့ရေးမှာ မည်သို့ဖြစ်လာမည်ကို ထည့်သွင်းတွက်ချက်ထားသည်လား မရေရာ။

“မြစ်ဆုံစီမံကိန်းပြီးသွားရင်တော့ သူတို့ရဲ့အလေ့အထတွေ ပြောင်းသွားနိုင်တာကတော့ သေချာတယ်။ သူတို့အတွက်လည်းခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်တယ်” ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေသူတစ်ဦးက မှတ်ချက်ချသည်။

တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်တစ်စင်းဖြစ်သော ယန်စီမြစ်တွင်းတွင် ဆောက်လုပ်ခဲ့သည့် ရေကာတာစီမံကိန်းများကြောင့် မြစ်အတွင်း ငါးသယံဇာတများ လျော့ပါးခဲ့သည်က အကောင်းဆုံး သာဓကအဖြစ် ပြသလျက်ရှိသည်။

ဧရာဝတီမြစ်အတွင်း သဘာဝအတိုင်း စီးဆင်းနေသော မြစ်ရေများထဲမှ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအတွက် ၇ ရာခိုင်နှုန်းသာ ပိတ်ယူထားမည်ဆိုသည်ကိုလည်း ပညာရှင်များက ထောက်ပြထားကြသည်။

ဧရာဝတီမြစ်ရေကို မှီတင်းကာနုန်းပို့ချမှ စိုက်ရေးပျိုးရေးအတွက် အသက်ရှူချောင်မည့် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ဒေသတွေမှာလည်း ထိုအချက်ကို စိတ်ပူနေကြသည်။ **တစ်ဖက်သို့**

7DAY NEWS JOURNAL
Vol.11, No.1 • MARCH 8 , 2012



နွေရာသီတွင်ရေပိုလွှတ်ပေးနိုင်မည်ဆိုသည့်အချက်မှာယေဘုယျအားဖြင့် ဝမ်းသာစရာ ဖြစ်သော်ငြား သဘာဝကိုလွန်ဆန်နေသည့် ဖြစ်စဉ်တစ်ခုဟု ဦးဝင်းမျိုးသူအပါအဝင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ထောက်ပြကြသည်။

"ရေနည်းချိန်မှာရေများလာတာဟာ သဘာဝကို လွန်ဆန်တဲ့ အကျိုးဆက် နှစ်ခုရှိနိုင်ပါတယ်။ ရေနေအပင်၊ သတ္တဝါတွေရဲ့ ပေါက်ဖွားကြီးပြင်းမှုကို အဆိုးအကောင်းဖြစ်စေနိုင်သလို၊ နုန်းပို့ချမှုနဲ့ မြစ်ကမ်းပါးတိုက်စားမှု ပုံစံတွေ ပြောင်းလဲမှုဖြစ်စေနိုင်တယ်" ဟု ဦးဝင်းမျိုးသူက သူ၏ ရောဝတီအတွက် မေးခွန်း(၂၀)စာတမ်းတွင် ထည့်သွင်းရေးသားထားသည်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာရှင်များဘက်မှလည်း မြစ်ဆုံစီမံကိန်းကြောင့်ပျက်စီးပျောက်ဆုံးသွားမည့်ဇီဝမျိုးစုံမျိုးကွဲများအတွက် မေးခွန်းထုတ်နေကြသည်။

ကချင်ပြည်နယ်တွင် သစ်ခွမျိုးစိတ်များနှင့်ဇီဝမျိုးစုံမျိုးကွဲများကို နှစ်ပေါင်းများစွာကြာအောင် သုတေသနပြုလုပ်ခဲ့သော ပန်းပညာရှင်ဖြစ်သလို BANCA မှ အလုပ်အမှုဆောင်တစ်ဦးဖြစ်သော ဦးစောလွင်က "ဒီနေရာ (ကချင်ပြည်နယ်)ကို နိုင်ငံခြားသားပညာရှင်ကြီးတွေက ပြောဖူးတယ်။ ဖြစ်နိုင်ရင် ဘာမှမလုပ်တာ အကောင်းဆုံးပဲတဲ့။ ဇီဝမျိုးစုံမျိုးကွဲအရမ်းကြွယ်ဝတဲ့ နေရာကိုး။ ဒီနေရာက ကမ္ဘာ့သဘာဝအမွေအနှစ်နေရာ (World Heritage) နေရာတောင်ဖြစ်သင့်တာ" ဟု မြစ်ဆုံစီမံကိန်း တည်ဆောက်လျက်ရှိရာ နေရာနှင့်ကချင်ပြည်နယ်ကို ရည်ညွှန်းပြောဆိုခဲ့သည်။

ယခုဆိုလျှင် မြစ်ဆုံစီမံကိန်းကို တည်ဆောက်လာခဲ့သည်မှာ တစ်နှစ်ခွဲ ကျော်ကြာခဲ့လေပြီ။ ဂြိုဟ်တုဓာတ်ပုံများမှ နှိုင်းယှဉ်ချက်များအရ ယခင်နှင့် ယခုအနေအထားမှာ အတော်ပင်ကွာခြားသွားလေပြီ။ ကချင်လူမျိုးတို့၏အသည်းနှလုံးမြစ်ဆုံနေရာတွင် စီမံကိန်းအခြေတည်သည်မှာ ၁၀ ရာခိုင်နှုန်းပင် ပြီးစီးနေလေပြီ။

တရုတ်နိုင်ငံတွင် ဆည်များ၊ ရေကာတာများ တည်ဆောက်လိုလျှင် ကြိုတင်လေ့လာဆန်းစစ်ချက်များ ပြီးပြည့်စုံအောင် ပြုလုပ်ပြီးမှ စီမံကိန်းစတင်ရမည်ဟု ဥပဒေအခိုင်အမာပြဋ္ဌာန်းထားသည်ဟု လေ့လာထားသူများက ပြောဆိုကြသည်။ မြစ်ဆုံစီမံကိန်းမဆောက်လုပ်မီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုလေ့လာရေး(EIA)ကို ငါးလနှင့်လုပ်ဆောင်ခဲ့ရသည်ဟု ဦးစီးလုပ်ဆောင်သူ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း BANCA မှ ဒေါက်တာထင်လှက ပြောသည်။ ထိုလေ့လာတွေ့ရှိချက် EIA နောက်ဆုံးအဆင့် အစီရင်ခံစာကို ၂၀၁၀ မတ်လတွင် တရုတ်ကုမ္ပဏီသို့ အပြီးသတ်ပေးပို့ခဲ့သည်ဟု ဒေါက်တာထင်လှ၏ စာတမ်းတွင် ဖော်ပြထားသည်။ ထိုအချိန်မှာ စီမံကိန်း စတင်လည်ပတ်၍ သုံးလလွန် မြောက်သောကာလဖြစ်သည်။

"CPI ကို တရုတ်ပြည်က ချမှတ်တဲ့ဥပဒေအတိုင်းမြစ်ဆုံတည်ဆောက်တဲ့အခါ ကျင့်သုံးပါလို့ အကြံပြုချင်တယ်။ ဆန်းစစ်လေ့လာချက်တွေ မပြီးခင်မှာ ဆည်ဆောက်ဖို့လုပ်နေတယ်။ လျှပ်စစ်လိုချင်တာထက် ဆည်ဆောက်ဖို့က အရင်ဖြစ်နေတယ်"ဟု မြစ်ဆုံစီမံကိန်းအဓိကရင်းနှီးမြှုပ်နှံသူ တရုတ်ကုမ္ပဏီ CPI ကို ဦးဝင်းမျိုးသူက ယင်းသို့ထောက်ပြဝေဖန်ခဲ့သည်။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်ကားလမ်းမကြီးဘေး၊ မြစ်ဆုံနှင့် ၁၀မိုင်အကွာတွင်နှစ်ထပ်ဆင်တူအိမ်အလုံးပေါင်း ၃၀ ကျော်ကို ကားလမ်းမပေါ်မှပင် မြင်နိုင်သည်။ သည်နေရာကတော့ တန်မဲရွာ၊ မြစ်ဆုံရွာတို့အပါအဝင် ရေဝပ်မည့် ဧရိယာတွင်းပါဝင်သော ကျေးရွာများမှဒေသခံများအတွက် အေးရှားဝေါလ်ကုမ္ပဏီက တည်ဆောက်ပေးထားသော ရွာအသစ်စက်စက်သုံးခုမှ တစ်ခုပင် ဖြစ်သည်။

ယခုဆိုလျှင် မြစ်ဆုံဧရိယာတစ်ဝိုက်မှ ရေမြုပ်ဧရိယာတွင်ပါဝင်နေသော ရွာပေါင်း ၃၀ ကျော်ကို ရွှေ့ပြောင်းနေရာချပြီးသွားပြီဟု CPI ဥက္ကဋ္ဌ မစ္စတာလီဂွမ်ဂွားက စက်တင်ဘာ ၁၇ ရက်က နေပြည်တော်တွင်ပြုလုပ်သော ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။ ရွှေ့ပြောင်းခံခဲ့ရသောလူဦးရေမှာ ၁၁၈၀၇ ဦး ရှိသည်ဟု စာရင်းဇယားများအရ သိရသည်။ CPI ဥက္ကဋ္ဌက ရွှေ့ပြောင်းသည့်လုပ်ငန်းများအတွက် စီမံကိန်းရင်းနှီးမြှုပ်နှံငွေ၏ တစ်ရာခိုင်နှုန်းကို သုံးစွဲခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းသုံးစွဲခဲ့ရသည်ဟု သူ၏စာတမ်းတွင် ပြောကြားသွားသည်။

"လေ့လာဆန်းစစ်ချက်တွေ မပြီးဆုံးသေးခင်မှာ ဒေသခံပြည်သူတွေကို ရွှေ့ပြောင်းခိုင်းနေတာဟာ အဆိုးဆုံးကိစ္စပါပဲ"ဟု ဦးဝင်းမျိုးသူက စက်တင်ဘာ ၂၄ ရက်က ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ပြုလုပ်ခဲ့သော သဘာဝပတ်ဝန်းကျင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံဟောပြောပွဲတွင် ပြောကြားခဲ့သည်။

"မြစ်ဆုံကိစ္စကို လူတွေကလည်း ဆက်မလုပ်စေချင်ဘူးလို့ ပြောနေကြပြီ။ ပညာရှင်တွေကလည်း ထောက်ပြပြောဆိုတာတွေ ရှိလာပြီ။ ဒီလိုမျိုး အချိန်မှာ ဆက်မလုပ်ဘဲ ရပ်ပစ်လိုက်သင့်ပြီ" ဟု ကချင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူဒေါက်တာတူးဂျာက စက်တင်ဘာ ၂၄ရက်တွင် ပြောကြားခဲ့သည်။

တရားဝင်ထုတ်ပြန်ထားခြင်း မရှိသော်လည်း အင်တာနက် စာမျက်နှာများတွင် ပျံ့နှံ့နေသော EIA တွင် ပညာရှင်များက ကချင်လူမျိုးတို့၏ အမြတ်တနိုး တန်ဖိုးထားရာမြစ်ဆုံဒေသ ပျောက်ကွယ်မသွားစေရန် မေခနှင့် မလိခ မြစ်နှစ်သွယ်အထက်ဘက်တွင် ဆည်နှစ်ခု တည်ဆောက်လိုက်ရန် အကြံပြုထားသည်။ ထိုသို့တည်ဆောက်ခြင်းဖြင့် မြစ်ဆုံစီမံကိန်းမှ ရရှိမည့်တူညီသည့်လျှပ်စစ်ပမာဏကို ထုတ်ပေးနိုင်လိမ့်မည်ဟု အကြံပြုထားကြသည်။

မြန်မာလူမျိုးတို့အတွက်ဧရာဝတီသည်မရှိမဖြစ်မြစ်တစ်စင်းဖြစ်သလို မြစ်ဆုံသည်လည်း ကချင်လူမျိုးတို့၏ အထွတ်အမြတ်ထားရာ နေရာတစ်ခုပင်ဖြစ်သည်။

မြစ်ဆုံ အထက်ဘက် ဈေးတန်းရှေ့၌ ကချင်မလေးနှစ်ဦး ရောင်းသည့်တစ်ခုတည်းသော အမှတ်တရဆိုင်ရှေ့တွင် ဈေးဝယ်သုံးဦးသည် ချိတ်ဆွဲထားသော တီရှပ်များကို ကြည့်ရှုနေကြသည်။

မြစ်ဆုံဝေဟင်မြင်ကွင်းကို မျက်နှာစာရိုက်နှိပ်ထားကာ နောက်ကျောဘက်တွင် ရောင်စုံမနောတိုင်များအောက်တွင် 'မြစ်ဆုံရောက်အမှတ်တရ'ဟု ရေးသားထားသော တီရှပ်ဖြူများကိုကိုင်တွယ်ကြည့်နေကြသည်။

ဈေးဝယ်သူသုံးဦးကို ကချင်မလေးက "ဝယ်သွားပါနော၊ နောက်နှစ်ကျရင် ရောင်းရမှာမဟုတ်တော့ဘူး။ တစ်ထည်လောက် ဝယ်သွားပါနော"ဟု ပြောနေလေသည်။

(မြစ်ဆုံစီမံကိန်းကို သမ္မတက ရပ်ဆိုင်းရန်မဆုံးဖြတ်မီကာလက ရေးသားဖော်ပြခဲ့သောဆောင်းပါးဖြစ်ပါသည်။)

## CARTOON




# ဝါးဘလောက်သောက်မြစ် သေဆုံးခြင်း

**မောင်သာချို**

(တစ်)

သတင်းစာထဲမှာ လူပျောက်ကြော်ငြာတွေကို မကြာခဏဆိုသလို ကျွန်တော်တို့တွေ့ဖူးဖတ်ဖူးကြပါသည်။ အမည်နာမအသက်အရွယ် ပျောက်ဆုံးသွားသော နေ့ရက်၊ အချိန်၊ နာရီနှင့်တကွ ဓာတ်ပုံကလေးတွေကိုပါ ပူးတွဲဖော်ပြ ထားတတ်ပြီး ပြန်တွေ့ဖို့ အကူအညီပေးလျှင် ကျေးဇူးဆပ်ပါမည်ဆိုသော ဝန်ခံစကားကလေးတွေကအစ ဖော်ပြထားတတ်လေ့ရှိရာ စိတ်မသက်မသာစွာဖြင့် ကျွန်တော်တို့ ဖတ်ရှုကြရမြဲဖြစ်ပါသည်။

ဟိုး ခပ်ငယ်ငယ် အငြိမ့် ဇာတ်သဘင်ပွဲတော်များ ခေတ်ကောင်းစဉ် လူတွေကြိတ်ကြိတ်တိုးနေသည့် ပွဲခင်းထဲ လူပျောက်ကြေညာသံများကို အသံချဲ့စက်ကြီးတွေဆီကနေ ကြားရလေ့ရှိပုံတွေကိုလည်း ကျွန်တော်အမှတ်ရမိသည်။ ပြန်တွေ့တာတွေ ပြန်မတွေ့တာတွေ အသာထားလို့ လူဆိုတာ ပျောက်ဆုံးတတ်တဲ့ အမျိုးအစားပါလားဆိုတာကို သဘောပေါက်ခဲ့ရသည်။

ကမ္ဘာပေါ် မှာ နောက်ထပ် ဘာတွေများ ပျောက်ဆုံးသွားတတ်ကြပါလိမ့်။ လူတို့ မှီတင်းနေထိုင်ရာ မြို့တွေ၊ ရွာတွေ၊ သစ်တောတွေ၊ ချောင်း၊ မြောင်း၊ အင်းအိုင်၊ ပင်လယ်၊ သမုဒ္ဒရာတွေကလည်း ပျောက်ဆုံးသွားတတ်ကြတယ်ဆိုပဲ့လား။ တချို့မြို့ကြီးတွေ ရေအောက်ကို ရောက်သွားကြလေသတဲ့။ တချို့ကန္တာရကြီးတွေဆိုအရင်က သစ်တောကြီးတွေတဲ့။ အော်မြို့သင်္ချိုင်း ရွာသင်္ချိုင်း ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်သင်္ချိုင်း စုံနံ့သာမြိုင်သင်္ချိုင်း။

သည်လို သဘာဝပတ်ဝန်းကျင်၏ မတည်မြဲပုံကို ကျွန်တော်တို့ ဘွားခနဲ ရင်ဆိုင်တွေ့ကြုံလိုက်ရသည်ကတော့ ဝါးဘလောက်သောက်ကျေးရွာကလေးမှာပဲဖြစ်ပါသည်။ ဝါးဘလောက်သောက် ရွာကလေးဘေးမှာ ရစ်ခွေစီးဆင်းသွားသည့် ဝါးဘလောက်သောက်မြစ်ဆိုတာ အခုမရှိတော့။

ဒေသခံငခါး(ကွမ်းခြံကုန်း)နှင့်အတူ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ မသန်းမြင့်အောင်၊ ကျွန်တော်တို့စာပေဟောပြောပွဲရောက်ရှိသွားရာက ပျောက်ဆုံးသွားသည့် ဝါးဘလောက်သောက်မြစ်ကြီးပေါ် မှာ မတ်မတ်ရပ်ခဲ့မိကြခြင်းလည်းဖြစ်ပါသည်။

(နှစ်)

ဝါးဘလောက်သောက်ဟူသည့် အမည်ကို ကောက်နယ်၊ ကောက်ပင်တို့၏နယ်ဟု သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက မွန်ဝေါဟာရအဖြစ် အနက်ဖွင့် ဖူးကြောင်း ကဗျာဆရာငခါး(ကွမ်း ခြံကုန်း)ကဆိုပါသည်။ ကော့မှူး မြို့နယ်ထဲကနေ ပင်လယ်ဘက်သို့ဆင်းသည့် လမ်းပေါ် က ရွာကလေး။ သည်ရွာကလေးက တတိယအကြိမ်မြောက် စာပေဟောပြောပွဲကျင်းပလေမတဲ့။

အရင်ကတော့ ကိုသုမောင်တို့၊ ကိုချစ်ဦးညိုတို့၊ မနုနုရည်(အင်းဝ)တို့လာခဲ့ဖူးလေသတဲ့။ သည်နှစ် ၁ ရက်၊ ဖေဖော်ဝါရီ ၂၀၁၀ က ကျွန်တော်တို့အလှည့်။ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ မသန်းမြင့်အောင်နှင့် ကျွန်တော်။ လူထု ၏ လက်ထဲသို့ဖြန့်ဝေထားသော လက်ကမ်းကြော်ငြာစာရွက်ကလေးတွေမှာတော့ "လယ်တောစပါးတောထဲက ကျေးလက်စာပွဲခင်း"ဟု အမွှန်းတင်ထားပါသည်။

ဝါးဘလောက်သောက်။

ဝါးဘလောက်သောက်မြစ် စီးဆင်းသွားခဲ့ဖူးလေရာ ဝါးဘလောက်သောက်။

ကျွန်တော်တို့ ငယ်ငယ်က ကွမ်းခြံကုန်းမြို့ကလေးကနေ ရန်ကုန်သို့လာသောအခါ ရေလမ်းခရီးဖြင့်နှစ်မျိုးသွားနိုင်ပါသည်။ တစ်လမ်းက ပင်လယ်ဘက်သို့မဆင်းဘဲ တိုးမြစ်ကြီးကိုဆန်တက်ကာ တွံတေးတူးမြောင်းအတွင်းသို့ဝင်၊ ယင်းမှ ရန်ကုန်သို့ စုန်၍ဝင်သောလမ်း။ ဒါကို အထက်လမ်းဟုခေါ်ကြသည်။ နောက်တစ်လမ်းက ပင်လယ်ဘက်သို့ဆင်းသည့်လမ်း။ တိုးမြစ်အတိုင်း ပင်လယ်ဘက်သို့စုန်ကာ ဆင်းလာခဲ့ပြီး ကညင်ကုန်းနီးသည်နှင့် ဝါးဘလောက်သောက်မြစ်ထဲသို့ဝင်ကာ ရန်ကုန်မြစ်အတွင်းသို့ သခွပ်ပင်အနားမှ ဝင်ရောက်ပြီး ရန်ကုန်မြစ်ကို ဆန်လျက် ရန်ကုန်ကိုဝင်သည့်လမ်း။ အောက်လမ်း။

လွယ်အောင်ပြောရလျှင် တိုးမြစ်နှင့် ရန်ကုန်မြစ်ကို အထက် ဘက်မှာ ဆက်သွယ်ထားသည့်လမ်းက အထက်လမ်း၊ အောက်ဘက်မှာ ဆက်သွယ်ထားသည့် လမ်းကအောက်လမ်း။ ထိုအောက် လမ်း၏ အဓိကဇာတ်လိုက် ဝါးဘလောက်သောက်ရွာကလေးဘေးကနေစီးသွားသည့် ဝါးဘလောက်သောက်မြစ်။ သည်မြစ်ထဲမှာ နှစ်ထပ်သင်္ဘောကြီးတွေ လူးလာဆန် ခတ်ခဲ့ကြဖူးသည်။ သည်ဒေသ သားတွေ အောက်လမ်းကတစ်ဆင့် ရန်ကုန်သို့ဝင်ရောက်ခဲ့ကြဖူးသည်။ အခု အောက်လမ်းမရှိတော့။ ဝါးဘလောက်သောက်မြစ်လမ်းလည်းမရှိတော့။ နှစ်ထပ်သင်္ဘောကြီးတွေ အသာထားလို့ လှေနာဝါကလေးမျှပင် လှော်ခတ်သွားလာလို့မရတော့။ ကောသွားတဲ့မြစ်ကြီး။ သေဆုံးသွားတဲ့ ရေလမ်း ကြောင်း။ မြစ်ရဲ့ခြေရာအဖြစ် မြစ်ကြောင်းအတိုင်း ကွေ့ကောက်ပေါက်ရောက်ခဲ့ပုံရသည့် လမုပင်၊ ကမလာပင်တန်းကလေးတွေကိုတော့ တွေ့နေရသေးသည်။ တစ်ခါက ရေလမ်းမှာ ဝင်ရောက်လာကြမည့် စပါးတို့ကို စောင့်စားရာ ဆန်စက်ကြီးတွေ၏ ခြေရင်းမှာလည်း လှေသမ္ဗန်မော်တော်လေးတွေ ဆိုက်ကပ်နားမနေကြတော့။ နွားလှည်းကလေးတွေသာ။

(သုံး)

"၁၉၈၀ မတိုင်ခင်အထိ သည်မြစ်ကြီးက ရှိနေတုန်းဗျ. . ၈၀ သည်ဘက်မှာ ကောသွားတာ၊ မြန်တယ်၊ နေ့ချင်း ညချင်း ကော သွားတာ၊ ရေတက်တယ်ဗျာ၊ ရေပြန်ကျတော့ ရွှံ့အနှစ်တွေ ကျန်ခဲ့ တယ်။ တစ်ရက်ကို နှစ်ခါ ဒီရေတက်လိုက် ကျလိုက်နဲ့ နှစ်ပတ်အ တွင်းမှာ ဘာမှသွားမရတော့ အောင် ရွှံ့နွံပြင်ကြီးဖြစ်သွားတော့တာပါပဲ"

သည်မြစ်ထဲမှာ နှစ်ထပ် သင်္ဘောမောင်းခဲ့သည့် ဆလင်ကြီးတစ်ဦးက ဤသို့ရင်ဖွင့်ခဲ့ပါသည်။

"ဆန်စက်ကတော့ အပြောင်းအလဲ မရှိလှပါဘူး။ မြစ်ရှိတုန်းက လှေသမ္ဗန်နဲ့လာကြ။ အခုတော့ လှည်းနဲ့လာကြပေါ့"

မြစ်ကမ်းစပ်မှာ ဆန်စက် တည်ခဲ့သူတစ်ယောက်၏ သုံးသပ်ချက်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်က တော့ ကောသွားသောမြစ်ကို နှမြောနေမိသည်။ အမာရွတ်ကြီး တစ်ခုလို ကွေ့ဝိုက်သွားသည့် မြစ်ရာကြီးကို ဟိုး. . . လယ်ကွင်း တစ်မျှော်တစ်ခေါ် အထိ ဆွေးဆွေးငေးငေးလှမ်းကြည့်နေမိသည်။ ပျောက်ဆုံးသွားသော မြစ်ကို ဘယ်လိုလိုက်ရှာရပ့်။

ကျွန်တော်ကတော့ ကမ္ဘာ ပေါ် မှာမြစ်တွေ၊ ချောင်းတွေ၊ ပင်လယ်၊ သမုဒ္ဒရာတွေ၊ သစ်တောတွေ၊ တောင်ကုန်းတောင်တန်းတွေ၊ မြို့တွေ၊ ရွာတွေ၊ သဘာဝ တောရိုင်းတိရစ္ဆာန်တွေ ဘာကိုမှ မပျောက်ကွယ်သွားစေချင်။ အမြဲ တည်တံ့နေစေချင်ပါသည်။ အခုတော့။

လွမ်းရပါသော်ကော ဝါးဘလောက်သောက်မြစ်ရယ်. . . . ။


အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ရှိ ကမ်းခြေတစ်ခုတွင် ဆူနာမီ ငါးနှစ်ပြည့်အထိမ်းအမှတ်ဆုတောင်းပွဲပြုလုပ်နေစဉ်

Photo - AP

# ဆယ်စုနှစ်ပုံရိပ်များ

**ဆယ်နှစ်ဟူသော အချိန်ကာလတစ်ခုဖြတ်သန်းခဲ့ပြီးပါက ကမ္ဘာ့အဖြစ်အပျက်များကို ပြန်လည်ငဲ့စောင်းကြည့်လျှင် မြင်ကွင်းအချို့မှာ မှုန်ပျပျသာမြင်နိုင်တော့မည်ဖြစ်သော်လည်း အချို့သောမြင်ကွင်းများမှာမူ သတိမပြုမိ မနေနိုင်အောင် ရုပ်တည်ထင်ရှားဖြစ်တည်မှုများလည်းရှိခဲ့သည်။**

## 1 ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုတ်ယုတ်မှုနှင့် ဥရောပဘဏ္ဍာရေးအကျပ်အတည်း

၂၀၀၉ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံတွင် စတော့ဈေးကွက်များစတင်ပြိုဖြစ်ကြောင်းအချက်ပေးခေါင်းလောင်းသံပေါ်ထွက်လာပါက ယင်းအသံကြောင့် ထိတ်လန့်မှုဖြစ်ပေါ်သလို စိတ်အားတက်ကြွလာသူများလည်းရှိသည်။ ထိတ်လန့်ခြင်းမှာ စီးပွားရေးဆုတ်ယုတ်မှုသည် ကမ္ဘာတစ်ဝန်းပျံ့နှံ့သွားပြီး ကမ္ဘာ့အစွန်အဖျားနေရာများမှာပင် စီးပွားပျက်ကပ်ဒဏ်ကို ခံစားနေရသည်ဟူသော အသိကြောင့်ဖြစ်သည်။ စိတ်အားတက်စရာမှာ ခေါင်းလောင်းသံ မြည်ဟည်းလာ၍ စတော့ဈေးကွက် စတင်လည်ပတ်ပြီး၊ စီးပွားရေးလုပ်ငန်းများ၏ ရွေ့လျားမှုသည် လားရာတစ်ခုတည်းကိုသာ ဦးတည်ရမည်၊ အထက်သို့သာဟူသော အသိကြောင့်ဖြစ်သည်။

သို့ဖြစ်စေကာမူ ယင်းအခြေအနေက ကမ္ဘာ့ဈေးကွက်များပြိုလဲခြင်းကို မကာကွယ်နိုင်ခဲ့ပေ။ ချမ်းသာသော နိုင်ငံများတွင်အလုပ်လက်မဲ့ များပြားလာခြင်းကို ရင်ဆိုင်ရသလို၊ ဆင်းရဲသည့် နိုင်ငံများတွင် နိုင်ငံသားများအား ကျွေးမွေးရေးအတွက် ရုန်းကန်နေရသည်။ ယင်းအခြေအနေမှာ ယခုအချိန်အထိ မှန်ကန်နေဆဲ။

ဥရောပသမဂ္ဂသို့ဝင်ရောက်ပြီး စာရင်းလိမ်များဖြင့် ဖိမ်ခံနေခဲ့သော ဂရိနိုင်ငံမှ စတင်ခဲ့ပြီး ပေါ်တူဂီ၊ စပိန်၊ အီတလီနိုင်ငံများသို့ပါ ပျံ့နှံ့ကာ နောက်ဆုံးတွင် အီတလီ၊ ဂျာမနီကဲ့သို့ ဥရောပ ဟဲဗီးဝိတ်စီးပွားရေးနိုင်ငံများကိုပါ ထိခိုက်လာခဲ့သောဥရောပငွေကြေးအကျပ်အတည်းမှာ ယူရိုငွေ၏ ဖြစ်တည်မှုကိုပါ ခြိမ်းခြောက်လာခဲ့သည်။

## 2 အိန္ဒိယသမုဒ္ဒရာမှ ဆူနာမီ

၂၀၀၄ ခုနှစ် ခရစ်စမတ်နေ့အလွန်ရက်မှာ တည်ငြိမ်အေးဆေးနေသယောင်ထင်ရသည်။ ရုတ်တရက်ဆိုသလို သတင်းဌာနအားလုံးက အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သည့် ၉ ဒသမ ၃ ပြင်းအားရှိ မြေငလျင်၏ ကြောက်မက်ဖွယ်ရာပုံရိပ်များကို တစ်ပြိုင်နက်တည်း ထုတ်လွှင့် ပြသကြတော့သည်။ မြေငလျင်ကြောင့် အိန္ဒိယသမုဒ္ဒရာတွင် ပေ ၈၀ အမြင့်လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာခဲ့ပြီး အန္တာတိကနှင့် ဂျပန်နိုင်ငံအထိပါ ရိုက်ခတ်ခဲ့သည်။

သမိုင်းတွင် အဆိုးရွားဆုံး ဆူနာမီဒဏ် အဓိကခံစားရသောနိုင်ငံများမှာ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ မြန်မာ။ တရားဝင် ကိန်းဂဏန်းများအရ သေဆုံးသည့်လူဦးရေ စုစုပေါင်းမှာ ၂၇၆,၈၅၆ ဦး၊ အချို့ကလည်း ထိုထက်ပိုများသည်ဟု ခန့်မှန်းကြသည်။ လူပေါင်းနှစ်သန်းမှာ အိုးပစ်အိမ်ပစ်ရွှေ့ ပြောင်းနေထိုင်ကြရသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခဲ့မှုသည် ကန်ဒေါ်လာ ၇ ဘီလီယံကျော်ခဲ့သည်။

## 3 စီချွမ်ငလျင်နှင့် ဟေတီငလျင်

၂၀၀၈ ခုနှစ် တရုတ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၉ ရစ်ချ်တာစကေးရှိ စီချွမ်ပြည်နယ်ငလျင်ကြောင့် လူပေါင်း ၆၉,၀၀၀ နီးပါးသေဆုံးခဲ့ပြီး ၁၈,၀၀၀ ပျောက်ဆုံးကာ ၃၇၀,၀၀၀ ဒဏ်ရာရရှိခဲ့သည်။ ငလျင်ကြောင့် လူဦးရေ ၄ ဒသမ ၈ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်ရန် သုံးနှစ်အတွင်း ယွမ်ငွေတစ်ထရီလီယံ (ကန် ဒေါ်လာ ၁၄၆ ဘီလီယံ) အသုံးပြုသွားမည်ဟု အစိုးရက ကတိပြုထားသည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ ဟေတီနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းအား ၇ ရစ်ချ်တာစကေးရှိ မြေငလျင်ကြောင့်လည်း လူပေါင်းသုံးသိန်းကျော်သေဆုံးပြီး သုံးသိန်းကျော်ဒဏ်ရာရရှိခဲ့သည်။ လူပေါင်းတစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

## 4 အင်တာနက်သတင်းဖြန့်ချိရေးလှုပ်ရှားမှုကွန်ရက်များ တွင်ကျယ်လာမှု

ယခုဆယ်စုနှစ်အတွင်းမှာပင် ကောလိပ်ကျောင်းသားများ အဆောင်တွင် ခပ်ပျင်းပျင်းနှင့် ၎င်းတို့တီထွင်ခဲ့သော မော်ပညာများလွှမ်းမိုးလာသည်ကိုတွေ့မြင်ရသည်။ ၁၉၉၈ ခုနှစ် မတိုင်မီက Google ဟုပြောလိုက်လျှင် တိရစ္ဆာန်တစ်ကောင်၏ အမည်လား၊ ရေခဲသုပ်တစ်မျိုးအမည်လား မကွဲပြားခဲ့သော်လည်း နောင် ၁၂ နှစ် ကြာမြင့်ပြီးနောက်တွင် Google ဆိုသည်မှာ အင်တာနက်မှ လိုရာရှာဖွေပေးနိုင်သော ကမ္ဘာ့အကောင်းဆုံးကုမ္ပဏီတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပေပြီ။

Facebook ၊ Twitter ၊ My Space ၊ Xanga စသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များမှာလည်း ၂၀၀၀ ပြည့်လွန်နှစ်များကို ပုံသွင်းနေသည့် ခေတ်သစ်ပုံဆောင်မှုများဖြစ်လာခဲ့ပြီဖြစ်သည်။

## 5 အိုဘားမား အမေရိကန်နိုင်ငံ၏ပထမဦးဆုံးလူမည်း သမ္မတဖြစ်လာခြင်း

၁၈၆၃ ခုနှစ်အထိ ကျွန်စနစ်ကိုမဖျက်သိမ်းသေးသည့် အမေရိကန်နိုင်ငံတွင် လူမျိုးရေးခွဲခြားမှုများ ၁၉၀၀ ပြည့်လွန်နှစ်များအထိဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ထောင်စုနှစ်သစ် တွင်မူ လူမျိုးရေး ခွဲခြားဆက်ဆံမှုများအပြုသဘောဆောင်လာခြင်းနှင့်အတူ ဟာဝိုင်အီကျွန်းစုတွင် မွေးဖွားခဲ့ပြီး ကိုလံဘီယာနှင့် ဟားဗတ်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သော အီလီနွိုက်ပြည်နယ်၊ လူမည်းလွှတ်တော်အမတ် ဘားရက်အိုဘားမားသည် ဒီမိုကရက်တစ်ပါတီအား ကိုယ်စားပြု၍ အမေရိကန်နိုင်ငံ၏သမ္မတဖြစ်လာခြင်းမှာ ကမ္ဘာကြီး ကို ဖမ်းစားခဲ့သည့်အဖြစ်အပျက်ဖြစ်သည်။

## 6 ကမ္ဘာ့စူပါ ပါဝါအဖြစ် တရုတ် နိုင်ငံပေါ်ထွက်လာခြင်း

ထောင်စုနှစ်လွန်နှစ်များကို မှတ်မှတ်ရရရှိနေမည်ဆိုပါက တရုတ်နဂါးကြီး အိပ်ပျော်နေရာမှ လူးလွန့်နိုးထလာခဲ့ပြီး ကမ္ဘာ့စီးပွားရေးအခင်းအကျင်းကို မမှတ်မိနိုင်လောက်အောင် ပြောင်းလဲစေခဲ့သည်ဟူသော အချက်လည်း ပါဝင်ရမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍတွင် ဘီလူးကြီးဖြစ်လာပြီး တရားဝင်ကမ္ဘာ့ဒုတိယအကြီးမားဆုံးစီးပွားရေးနိုင်ငံဖြစ်လာခဲ့ပြီဖြစ်ရာ စူပါပါဝါနေရာတစ်နေရာပင် တောင်းဆိုနိုင်သည့် အနေအထားရရှိလာပြီဖြစ်သည်။

## 7 iPod မှ စတင်ခဲ့သည့် နည်း ပညာပစ္စည်းများ

ယနေ့တွေ့မြင်နေရသော iPod များသည်Apple အမှုဆောင်အရာရှိချုပ်က ၂၀၀၁ခုနှစ် အောက်တိုဘာ ၂၃ရက်နေ့တွင်စတင်မိတ်ဆက်ခဲ့သည့်မူရင်းမှအတန်ငယ်ကွာခြားလာပေပြီ။ နည်းပညာပစ္စည်းများ၏ အနာဂတ်မှာ မှန်းဆကြည့်ရန်ပင် ခက်ခဲပြီး လက်တွေ့ဘဝများကို ထင်ဟပ်နိုင်မည်လားဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်နေသည်။ ယခု ဆယ်စုနှစ်အတွင်းမှာပင် နည်းပညာလောက၏ မော်ဆရာ စတိဗ်ဂျော့ဘ်ကွယ်လွန်ခဲ့ခြင်းမှာလည်း လွမ်းမောစရာကောင်းလှသည်။

## 8 အာရပ်နွေဦး(သို့မဟုတ်) အာရပ်ကမ္ဘာနိုးထမှု

တူနီးရှားဘွဲ့ရအလုပ်လက်မဲ့လူငယ်တစ်ဦးက မိမိကိုယ်ကိုမီးရှို့၍ ဆန္ဒပြရာမှစတင်ခဲ့သောအာရပ်နွေဦးမှာ တောမီးပမာအရှိန်အဟုန်ပြင်းပြင်းနှင့် အာရပ်ကမ္ဘာတွင် ပျံ့နှံ့ခဲ့ပြီး မိမိကိုယ်ပိုင်ငွေဖြင့် အာဏာရှင်လုပ်သူ ကဒါဖီ မရှုမလှသေဆုံးစေခဲ့သလို အမေရိကန်ထောက်ပံ့မှုဖြင့် ရပ်တည်သူ ဟိုစနီမူဘာရက်ကို လည်းချမ်းသာ မပေးခဲ့ပေ။ ခေတ်သစ်ဆိုရှယ်မီဒီယာများမှတစ်ဆင့် အရှိန်မြင့်လာခဲ့သော လှုပ်ရှားမှုအထွတ်အထိပ်တွင် နိုင်ငံပေါင်း ၁၆ နိုင်ငံအထိ လူထုအုံကြွမှုများ ဖြစ်ပေါ်စေခဲ့ပြီး အစိုးရအများ အပြားကို ပြုပြင်ပြောင်းလဲမှုများလုပ်ရန် စေ့စော်ခဲ့သည်။ ယနေ့အထိ အချို့နိုင်ငံများတွင် မကျေမချမ်း ဆန္ဒပြသူများရှိနေသေးသောလှုပ်ရှားမှုကိုဖြစ်ပေါ်စေခဲ့သော မိုဟာမက်ဘိုအာဇီဇီမှာလည်း အာရပ်ကမ္ဘာ၏ သူရဲကောင်းဖြစ်လာခဲ့သည်။

## 9 ဂျပန်နိုင်ငံ၏ သုံးထပ်ကွမ်း ဘေးအန္တရာယ်

မတ်လ ၁၁ ရက် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော ရစ်ချ်တာစကေး ၉ ပြင်းအားရှိ ငလျင်မှာ သမိုင်းတွင် အင်အားအကြီးမားဆုံးငလျင်မဟုတ်သော်လည်း ပျက်စီးဆုံးရှုံးမှုတွင် စံချိန်တင်ခဲ့သည်။ ခေတ်သစ်သမိုင်းတွင် အဆုံးဝါးဆုံး သဘာဝဘေးအန္တရာယ် ငလျင်မှာ ပြင်းထန်လွန်းအားကြီး၍ ကမ္ဘာကြီးအား သူ၏ဝင်ရိုးပေါ်၌တစ်ပေမျှပိုမိုတိမ်းစောင်းသွားစေခဲ့သည်။ ငလျင်နောက်တွင် ဆူနာမီလှိုင်းများက ဝမ်း-တူး လက်သီးတွဲလုံးများသဖွယ်လိုက်လာခဲ့ရာ လူပေါင်း ၁၆,၀၀၀ ခန့် သေဆုံးခဲ့ပြီး အပျက်အစီးတန်ဖိုးမှာ ကန်ဒေါ်လာ ဘီလီယံပေါင်းရာနှင့်ချီသွားခဲ့သည်။ ဤမျှမကသေး ငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံမှ ဓာတ်ငွေ့ယိုစိမ့်မှုများဖြစ်ပေါ်ပြီး အထိန်းအကွပ်မဲ့ ပေါက်ကွဲမှုများဖြစ်ပေါ်ရန် ခြိမ်းခြောက်နေခဲ့ရာ ဂျပန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်းအကြီးမားဆုံး စိမ်ခေါ်မှုနှင့်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

## 10 အာဏာရှင်များ ဇာတ်သိမ်းခြင်း

ယခုဆယ်စုနှစ်အတွင်း မိမိတို့နိုင်ငံအသီးသီးကို ထင်သလိုချယ်လှယ်အုပ်ချုပ်ခဲ့သည့် အာဏာရှင်များ မတူညီသောကံကြမ္မာများဖြင့် ဇာတ်သိမ်းသွားခြင်းမှာလည်း ပုံရိပ်များထင်ကျန်နေစေခဲ့သည်။ အီရတ်မှ ဆက်ဒမ်ဟူစိန်ကတော့ ရန်သူများ၏ ဖမ်းဆီးစစ်ဆေးခြင်းခံရပြီး ကြိုးစင်တင်ခံခဲ့ရ သည်။ နှစ်ပေါင်း ၄၀ လစ်ဗျားကို အုပ်ချုပ်ခဲ့သူ မွမ်မာကဒါဖီမှာလည်း ၎င်း၏ ဆန့်ကျင်ဘက်အင်အားစုများကြောင့် အသက်ပျောက်ခဲ့ရသည်။ အရှေ့အာရှမှ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်မှာမူ မိမိ၏သားအား အာဏာလွှဲပြောင်းပေးရန် ပြင်ဆင်နေစဉ်မှာပင် ကံကြမ္မာ၏စေစားရာနောက် လိုက်ခဲ့ရသည်။

*—Ref: Internet/Wikipedia*